# အသေတတ်နည်း
## နိဿရည်း



- လူသည်သေမျိုးဖြစ်၏။
- လူတိုင်းတနေ့သေရမည်။
- လူတိုင်းသေတတ်ဖို့လို၏။

● ထို့ကြောင့်—ဤစာအုပ်သည် လူတိုင်းအတွက် အသေတတ်စေရန် ဖြစ်သည်။ ။


မင်္ဂလာ-ဦးသိန်းမောင်

အငြိမ်းစားစက်ရှင်တရားသူကြီး
ပြုစုသည်

မင်္ဂလာ ဦးသိန်းမောင်

# အသေတတ်နည်းနိဿရည်း

ဖြန့်ချိရေး

ရုပ်ပြောင် စာပေ

၃၂/၅၆၈- စွပ်ကျယ်စက်လမ်း (၆)မိုင်
ပြည်လမ်း- လှိုင်မြို့နယ်၊ ရန်ကုန်
ဖုန်း-၃၀၀၂၁

**ပုံနှိပ်ခြင်း**

ပထမအကြိမ်။ ၁၉၇၀၊ စက်တင်ဘာလ။ အုပ်ရေ ၁၅၀၀။

*

**မျက်နှာဖုံးပန်းချီ**

ဦးဖေသိန်း(ကာတွန်း)

**မျက်နှာဖုံးရိုက်**

အောင်သာ

**တန်ဖိုး**

၁၅ ကျပ်

ဘာသာရေးဆိုင်ရာစာမူ ကြိုတင်ခွင့်ပြုချက်အမှတ် (၁၀၁၀)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၁)

ဦးချစ်အောင်(၀၂၀၇-မြ)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဦးဖေသိန်း (၀၇၁၄-မြ)၊ ရုပ်ပြောင်စာပေ၊ ၃၂/၅၆၇၊ စွပ်ကျယ်စက်လမ်း၊ ၆ မိုင်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

လူတိုင်း အမှန် သေကြရမှာ မလွဲပါ။

# ဒါကြောင့် မသေမီ

သိသင့် သိထိုက်သော
ဆောင်ရွက်သင့် ဆောင်ရွက် ထိုက်သော
ကျင့်သင့် ကျင့်ထိုက်သော
အားထုတ်သင့် အားထုတ် ထိုက်သော

# မရဏာ နုဿတိ

ပွားများရာလည်း ရောက်သော
အချက်အလက်များပါသည့် ဤစာအုပ်ကို
ကြိုးစား၍ဖတ်ရှုတော်မူကြပါကုန်။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက်စာတမ်း | |
| | မိတ်ဆက်လွှာ | |
| | ထင်မြင်ချက် | |
| | နိဒါန်း | |
| | **အခန်း ၁** | |
| ၁။ | မရဏသဘော | ၃၇ |
| ၂။ | သေခြင်းတရား | ၄၀ |
| ၃။ | ဇီဝိန်သက်လျှာ ပျက်လွယ်စွာ | ၄၁ |
| ၄။ | မရဏစက်ကွင်း ရှင်သေမင်း | ၄၁ |
| ၅။ | ထွဋ်သနင်းသော်မှ မလွှတ်ကင်းပေရာ | ၄၂ |
| ၆။ | သေရမည်မှာ မှန်သေချာ | ၄၃ |
| ၇။ | သေချိန်တန်လျှင် ပျက်စမြဲ | ၄၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ကေန်မချွတ် သေရအံ့ | ၄၃ |
| ၉။ | အချိန်အပိုင်းအခြားမရှိ သေနိုင်၏ | ၄၃ |
| ၁၀။ | မသေသူ မရှိ | ၄၄ |
| ၁၁။ | မလွတ်ကင်းရှာ သေမင်းရွာ | ၄၅ |
| ၁၂။ | ဘုရားသော်မှ တားမရ | ၄၅ |
| ၁၃။ | ခြေလှမ်းတိုင်း သေခြင်းသို့ နီးကပ်လာ | ၄၆ |
| ၁၄။ | တနေ့ကျ သေရမည်သာ | ၄၇ |
| ၁၅။ | သေမင်း၏ကျော့ကွင်း | ၄၇ |
| ၁၆။ | သေခြင်းလျှင် လဲလျောင်းရာ | ၄၇ |
| ၁၇။ | မုချ သေရမည်သာ | ၄၈ |
| ၁၈။ | သေချင်းတရားလျှင် လဲလျောင်းရာ | ၄၈ |
| ၁၉။ | သက်ရှင်ခြင်းကား သေချင်းနောက်ဆုံး | ၄၈ |
| ၂၀။ | ကွဲဖို့ နှင့် မွဲဖို့ | ၄၉ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | သေခြင်းတရားကို မလွန်ဆန်နိုင် | ၅၀ |
| ၂၂။ | ကြိုတင်သိကြောင်း အမှတ်လက္ခဏာမရှိသော တရားငါးပါး | ၅၁ |
| ၂၃။ | ဖြစ်တာမှန်သမျှ ပျက်ရမည် | ၅၂ |
| ၂၄။ | သက်ကြီးရွယ်ရင့် သေချိန်သင့်၊ နေခွင့်မရပြီ | ၅၂ |
| ၂၅။ | တခါရောက်က တခေါက်မပြန် | ၅၂ |
| ၂၆။ | ဟင်-ကြောက်မက်ဖွယ် သေမင်းပါတကား | ၅၃ |
| ၂၇။ | သေမင်းဂေဟာ ပျော်စံရာ | ၅၅ |
| ၂၈။ | သေရမည်မှာ မလွဲသာတည်း | ၅၇ |
| ၂၉။ | သေမင်းသည်သာ လဲလျောင်းရာ | ၅၈ |
| ၃၀။ | သေမင်း၏ ဝါးမျိုကိုက်စားရာ | ၅၉ |
| ၃၁။ | သေခြင်းသာလျှင် မြဲ၏ | ၆၀ |
| ၃၂။ | သေမင်းနိုင်ငံ မလွန်ဆန်နိုင် | ၆၀ |
| ၃၃။ | တလောကလုံး သေခြင်းမကင်း | ၆၁ |
| ၃၄။ | ဘုရားကိုပါ မညှာတာတဲ့ သေမင်း | ၆၁ |
| ၃၅။ | သူသာန်သို့ ပို့ဆောင်နေပုံ | ၆၂ |
| ၃၆။ | ရှင်သေမင်း၏တပ်တွေ ဝိုင်းလို့နေ | ၆၃ |
| ၃၇။ | သတ္တဝါများမှာ သေခြင်းသာလျှင် အဆုံးရှိ၏ | ၆၄ |
| ၃၈။ | ဇီဝိန်တင်းလင်း သက်ရှည်ခြင်း၊ သေခြင်းနောက်ဆုံးသာ | ၆၅ |
| ၃၉။ | သေခြင်း | ၆၆ |
| ၄၀။ | သံဝေဂယူရန် လေးချိုး | ၆၈ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | သေခြင်းတရား(က) | ၆၉ |
| ၄၂။ | သေခြင်းတရား( ခ ) | ၇၁ |
| ၄၃။ | သေခြင်းတရား( ဂ ) | ၇၆ |
| ၄၄။ | သေခြင်းတရား၏ ဆိုးရွားပုံ | ၈၁ |
| ၄၅။ | အသေစိတ်ချရသူ နှင့် အသေစိတ်မချရသူ | ၈၂ |
| ၄၆။ | သေခါနီး ဘယ်လို ရှိမလဲ | ၈၄ |
| ၄၇။ | ဇာတိပစ္စယာ ဇရာမရဏံ | ၈၅ |
| ၄၈။ | အို၊နာ၊သေ သတိပေးခေတးထပ် | ၈၆ |
| ၄၉။ | ရှစ်ဆယ်ပေါ်တေးထပ် | ၈၇ |
| ၅၀။ | မဃဒေဝလာ သေခြင်းအဖြာဖြာ | ၈၉ |
| ၅၁။ | ဝိသုဒ္ဓိမဂ်လာ သေရာ တရားများ | ၁၀၄ |


## အခန်း ၂

### အို၊ နာ၊ သေ


| | | |
|---|---|---|
| ၁။ | အပျက်နယ်တရိုးက အသေမျိုးတရား | ၁၁၃ |
| ၂။ | အို၊ နာ၊ သေ ကြုံရမလေ | ၁၁၅ |
| ၃။ | အို၊ နာ၊ သေရေး ဒုက္ခဘေး | ၁၁၅ |
| ၄။ | ရှောင်လို့ဖြင့် မရပါ | ၁၁၆ |
| ၅။ | အများတတွေ ကြုံကြရမှာက အို၊နာ၊သေပါ | ၁၁၆ |
| ၆။ | အို—တေးထပ် | ၁၁၈ |
| ၇။ | နာ—တေးထပ် | ၁၁၉ |
| ၈။ | သေ—တေးထပ် | ၁၂၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | မုချတွေ့ရမည့် အို၊နာ၊သေ | ၁၂၁ |
| ၁၀။ | တာဝန် ခံနိုင်သူ မရှိ | ၁၂၁ |
| ၁၁။ | တွေ့ကိုတွေ့ရ အို၊နာ၊သေရေး ဒုက္ခဘေး | ၁၂၂ |
| ၁၂။ | ဘုရားသော်မှ အို၊နာ၊သေရ | ၁၂၂ |
| ၁၃။ | ထိတ်လန့်စရာ အို၊ နာ၊ သေပါ | ၁၂၃ |
| ၁၄။ | အို-နာ-သေရေး ဉာဏ်ဖြင့်တွေး | ၁၂၃ |
| ၁၅။ | အိုခြင်း၊ နာ ခြင်း၊ သေခြင်း | ၁၂၄ |
| ၁၆။ | အို နာ သေ သတိသံဝေဂ ရပါလေ | ၁၂၅ |
| ၁၇။ | သေမင်း၏ အာသီသ | ၁၂၆ |
| ၁၈။ | အို နာ သေ အမြဲ ဆင်ခြင်လေ | ၁၂၆ |
| ၁၉။ | အို နာ သေဘေး လွတ်ရေးမမြင် | ၁၂၇ |
| ၂၀။ | အို နာ သေဘေး ရှောင်ကွင်း၍ မလွတ်သေး | ၁၂၈ |
| ၂၁။ | တရား မမေ့နှင့် | ၁၂၈ |
| ၂၂။ | သံဝေဂ ဓမ္မလက်ဆောင် | ၁၂၉ |
| ၂၃။ | အို နာ သေရေး သတိပေး | ၁၃၀ |
| ၂၄။ | တောင်းတ၍ မရသော အရာ ငါးမျိုး | ၁၃၁ |
| ၂၅။ | ကြိုတင် ပြုကြ မြတ်ပုည | ၁၃၃ |
| ၂၆။ | သတိပြုကြပါ | ၁၃၄ |
| ၂၇။ | အို နာ သေဘေး တော်လှန်ရေး | ၁၃၄ |
| ၂၈။ | မအို မနာ မသေသူ မရှိ | ၁၃၇ |
| ၂၉။ | မအို မနာ မသေရန် တောင်းတ၍ မရ | ၁၃၈ |
| ၃၀။ | အို နာ သေဘေး မလွတ်ရေး | ၁၄၀ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၁။ | ရန်သူကြီး သုံးဦး | ၁၄၁ |
| ၃၂။ | အမှာစကား | ၁၄၄ |


### အခန်း ၃

### သေခြင်းအမျိုးမျိုး


| | | |
| --- | --- | --- |
| ၁။ | သေဘေးမှ လွတ်သူမည်သည့် မရှိ | ၁၄၆ |
| ၂။ | ဗုဒ္ဓ သေနည်းလက်ဆောင် | ၁၄၈ |
| ၃။ | သေခြင်းသုံးမျိုး (က) | ၁၄၉ |
| ၄။ | သေခြင်းသုံးမျိုး (ခ) | ၁၅၃ |
| ၅။ | သေခြင်းသုံးမျိုး (ဂ) | ၁၅၄ |
| ၆။ | သေ့ခြင်းလေးမျိုး | ၁၅၅ |
| ၇။ | သေခြင်းအကြောင်း လေးပါး | ၁၅၅ |
| ၈။ | သေနေ့မစေ့ပဲ သေခြင်းရှစ်ပါး | ၁၅၉ |


### အခန်း ၄

### အသေတတ်နည်း


| | | |
| --- | --- | --- |
| ၁။ | အသေတတ်နည်း နိဿရည်း (၁) | ၁၆၅ |
| ၂။ | — ၎င်း — (၂) | ၁၆၈ |
| ၃။ | — ၎င်း — (၃) | ၁၇၂ |
| ၄။ | — ၎င်း — (၄) | ၁၇၇ |
| ၅။ | — ၎င်း — (၅) | ၁၈၄ |
| ၆။ | — ၎င်း — (၆) | ၁၈၈ |
| ၇။ | — ၎င်း — (၇) | ၁၉၅ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | မျက်စာနှာ |
| --- | --- | --- |
| | **အခန်း ၅** | |
| | **မသေခင် ကြိုတင် ပြုစရာများ** | |
| ၁။ | ဦးအောင် ငါက ပြုပါမှ | ၂၀၃ |
| ၂။ | ကိုယ့်နောက်ပါအောင် | ၂၀၃ |
| ၃။ | ဝိပဿနာ ကြိုးစားပါလော့ | ၂၀၅ |
| ၄။ | အရွယ်မရွေး အားထုတ်ပေး | ၂၀၆ |
| ၅။ | ကောင်းမှုကံ ကြိုးစားအားထုတ်ကြ | ၂၀၆ |
| ၆။ | မသေမီ အမြတ်ထုတ် | ၂၀၇ |
| ၇။ | အို၊နာ၊သေ မရောက်ခင် | ၂၀၇ |
| ၈။ | အားကိုးရာများ ချိန်မီရှာထား | ၂၀၈ |
| ၉။ | အသေကောင်းရေး | ၂၀၈ |
| ၁၀။ | မသေမီ ပါရမီဖြည့်လေ | ၂၀၈ |
| ၁၁။ | မြတ်ဓမ္မကို နေ့ညမပြတ် ရှုကာမှတ် | ၂၀၉ |
| ၁၂။ | လက္ခဏာသုံး ရှုအုံးပါလေ | ၂၁၀ |
| ၁၃။ | ယနေ့ပင်လျှင် အားထုတ်ချေချင် | ၂၁၁ |
| ၁၄။ | သာသနာ့ဘဏ်တွင် မြုပ်နှံကြ | ၂၁၂ |
| ၁၅။ | သိဘူးသော၊ မြင်ဘူးသောသူ၏သေခြင်းကို ဆင်ခြင်အောက်မေ့ | ၂၁၃ |
| ၁၆။ | ကုသလ ပြုမှုတော်မည် | ၂၁၄ |
| ၁၇။ | သုတ်သုတ်လျှင်စွာ ပြုမြဲသာ | ၂၁၄ |
| ၁၈။ | ငြိမ်းချမ်းမှု သိအောင်ကြိုးစား | ၂၁၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | ဒမြသေမင်း သူ့တပ်နှင်းကာ | ၂၁၆ |
| ၂၀။ | ခုကတည်းက ရိက္ခာစု | ၂၁၇ |
| ၂၁။ | ပုန်းအောင်းမှီခိုရာ | ၂၁၈ |
| ၂၂။ | ကိုယ့်ကိုယ်ကို ကိုယ်ချစ်ရမည် | ၂၁၉ |
| ၂၃။ | သင့်ကိုယ်သင် ချစ်ပါ (လေးဆစ်) | ၂၂၀ |
| ၂၄။ | တင်ကြိုကောင်းမှု ကြိုးစားပြုလော့ | ၂၂၀ |
| ၂၅။ | သေသူ၏ ကိုယ်ပိုင်ဥစ္စာ | ၂၂၁ |
| ၂၆။ | သေမင်းခေါ်ရာ ပြုံးရွှင်စွာ လိုက်နိုင်ကြဖို့ | ၂၂၂ |
| ၂၇။ | သေခြင်းတရားကို သတိပြု | ၂၂၅ |
| ၂၈။ | သေခြင်းတရားကို ဆင်ခြင်ချိန် | ၂၂၇ |
| ၂၉။ | မသေခင် ကြိုတင်ပြင်ဆင် | ၂၃၂ |
| ၃၀။ | သေခြင်းတရား ဆင်ခြင်ထားကြပါစို့ | ၂၃၇ |
| ၃၁။ | မသေစေနိုင်သောဆေးကို အရယူကြပါစို့ | ၂၄၂ |
| ၃၂။ | သေခြင်းကို အောက်မေ့ရပုံ (၈)မျိုး | ၂၄၇ |
| | (၁) ဝဓကပစ္စုပဋ္ဌာန | ၂၄၈ |
| | (၂) သမ္ပတ္တိ ဝိပတ္တိ | ၂၄၉ |
| | (၃) ဥပသံဟရဏ | ၂၅၀ |
| | (၄) ကာယဗဟုသာဓာရဏ | ၂၅၄ |
| | (၅) အာယုဒုဗ္ဗလ | ၂၅၅ |
| | (၆) အနိမိတ္တ | ၂၅၇ |
| | (၇) အဒ္ဓါနပရိစ္ဆေဒ | ၂၅၇ |
| | (၈) ခဏပရိတ္တ | ၂၅၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | မသေခင် ကာကွယ်ရေး | ၂၅၆ |
| ၃၄။ | လူမှန်လျှင် သေကြမှာချည်းပါပဲ | ၂၆၄ |
| ၃၅။ | အနေကောင်း၍ အသေကောင်း | ၂၆၆ |
| ၃၆။ | ဘဝကူး ကောင်းရေး | ၂၇၀ |
| ၃၇။ | အသေ မဦးခင် ကြိုတင် ပြင်ဆင်ထားကြရမည်မှာ | ၂၇၆ |
| ၃၈။ | သေရေးအတွက် အပေါင်း အသင်း | ၂၇၈ |
| ၃၉။ | အမရပူရမြို့၊ မဂ်လာတိုက်မှ ဆရာတော် ဦးဝိမလ ဟောသော တရားတော် | ၂၈၀ |
| ၄၀။ | မတတ်နိုင်သော ဘေးသုံးမျိုး | ၂၈၇ |
| ၄၁။ | မကယ်နိုင်သော ဘေးသုံးပါး | ၂၈၇ |
| ၄၂။ | မကယ်နိုင်ကြ ဘေးသုံးဝ | ၂၈၈ |
| ၄၃။ | အနိစ္စခန္ဓာ ကြောက်စရာ | ၂၈၈ |
| ၄၄။ | အနိစ္စ, ဒုက္ခ, အနတ္တ | ၂၈၉ |
| ၄၅။ | သေမင်းကို လွတ်အောင် မရှုန်းနိုင် | ၂၈၉ |
| ၄၆။ | ဘယ်သူ့မှ အားမကိုးနှင့် | ၂၉၀ |
| ၄၇။ | ရှစ်လုံးဘွဲ့ကဗျာ | ၂၉၁ |
| ၄၈။ | တာဝန်ခံနိုင်သူ မရှိ | ၂၉၁ |


## အခန်း ၆


| | | |
|---|---|---|
| ၁။ | မြန်လှပါလား သေခြင်းတရား | ၂၉၃ |
| ၂။ | ဘယ်သွားကြမလဲ | ၂၉၈ |

# မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း ၇

### သေခြင်းတရား ပွားများနည်း


၁။ သေခြင်းတရား ၃၁၄
၂။ မရဏာနုဿတိ ၃၂၀
၃။ သူ့အလှည့်ကျတော့ ကိုယ်က အလိုက်သိရတာ၊ ကိုယ့်အလှည့်ကျတော့ သူက မသိတော့ပါ ၃၂၅
၄။ အသက်ကို ဖွဲ့ယှက်သော တရား ၃၂၆
၅။ သေခြင်းသည် မြဲ၏ ၃၂၆
၆။ သေခြင်းတရား နေ့စဉ်ပွား ၃၂၇
၇။ မသေချင်ယင် ၃၂၈
၈။ သေခြင်းကို အဖန်တလဲလဲ ဤသို့ အောက်မေ့အပ်၏ ၃၂၈
၉။ သေမင်းကို အောက်မေ့ရကျိုး (၁၁)ပါး ၃၂၉
၁၀။ မရဏာ နုဿတိ ပွားများရကျိုး ၃၃၁
၁၁။ သံဝေဂ လင်္ကာ ၃၃၂
၁၂။ မရဏာနုဿတိ၏ တန်ခိုး ၃၃၃
၁၃။ နေ့ရောညဥ့်ပါ ဆင်ခြင်စရာ ၃၃၈
၁၄။ မရဏာနုဿတိ ကမ္မဋ္ဌာန်း ပွားနည်းကို ပြသော မဟာပရိနိဗ္ဗာန် ပြုခန်း ၃၄၁
၁၅။ သဟံပတိ ဗြဟ္မာကြီး၏ သံဝေဂ ဥဒါန်း ၃၄၆
၁၆။ သူငါလုံးစုံ သေရကုန်လတ္တံ့ ၃၇၀
၁၇။ မရဏသတိ ထိထိရောက်ရောက် အားထုတ်ကြ ၃၇၂

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း ၈** | |
| | **သေခါနီး အရေးကြီးပုံ** | |
| ၁။ | သေရာညောင်စောင်း လည်းလျှောင်းချိန် | ၃၈၀ |
| ၂။ | မြတ်တရား ကြိုးစား | ၃၈၁ |
| ၃။ | သေခါနီး အရေးကြီးသည် | ၃၈၂ |
| ၄။ | ဒုဋ္ဌဂါမဏိမင်းကြီးအား အဘယထေရ် သတိပေးချက် | ၃၈၄ |
| ၅။ | ဥတ္တိယမထေရ် ဥဒါန်းကျူးသည့် ဂါထာ | ၃၈၅ |
| ၆။ | မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပေးတရား | ၃၈၇ |
| ၇။ | အသေတတ်ဖို့ အရေးကြီး၏ | ၃၈၉ |
| ၈။ | အနေတတ် အသေတတ် | ၃၉၀ |
| ၉။ | အသေတတ်ဘိ ပညာရှိ | ၃၉၁ |
| ၁၀။ | သေခါနီး အကျိုး ကြီးအောင် | ၃၉၁ |
| ၁၁။ | စုတေခါနီး စိတ်ထားတတ်ဖို့ | ၃၉၃ |
| ၁၂။ | သတိ ထားစရာ တရပ် | ၃၉၃ |
| ၁၃။ | ဂတိမှားလို့ ဒုဂ္ဂတိဘဝ မရောက်နိုင်ရန် | ၃၉၈ |
| ၁၄။ | မိတ်ကောင်း ဆွေကောင်း လိုသည် | ၄၀၂ |
| ၁၅။ | နေဝင်ခါနီး- ခရီးသည်တွေ | ၄၀၃ |
| ၁၆။ | နေရစ်တော့ ဒီခန္ဓာ | ၄၀၆ |
| ၁၇။ | မုချ ချမ်းသာ သေသောခါ | ၄၀၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | သေခါနီး ချမ်းသာ ရရန် | ၄၀၈ |
| ၁၉။ | သေခါနီး မိတ်ဆွေကောင်း လိုသည် | ၄၀၉ |
| ၂၀။ | သေခါနီး ပြုလုပ်ကြရမည့် တာဝန် | ၄၁၂ |
| ၂၁။ | သေခါနီး နေ့ခက်ဆံ မတင်းပါစေနှင့် | ၄၁၄ |
| ၂၂။ | သေခါနီး တရားထူးရရန် ဆင်ခြင် နှလုံးသွင်းနည်း | ၄၂၀ |
| ၂၃။ | သေခါနီး ကုသိုလ် | ၄၂၇ |
| ၂၄။ | မုဆိုး နတ်ပြည်ရောက်သွားပုံ | ၄၂၈ |


## အခန်း ၉

## သေမင်းနိုင်သူ


| | | |
|---|---|---|
| ၁။ | သေမင်းကို စစ်ခင်းချေမှုန်းသူ | ၄၃၁ |
| ၂။ | ဘက်မလိုက်သူ | ၄၃၂ |
| ၃။ | သေမင်းနိုင်သူ ဖြစ်ရာ၏ | ၄၃၄ |
| ၄။ | သေမင်းရှာမတွေ့သူ | ၄၃၅ |
| ၅။ | သေမင်းမပိုင် | ၄၃၈ |
| ၆။ | မသေဆေး | ၄၃၈ |
| ၇။ | မသေသူနှင့် သေသူ | ၄၃၉ |
| ၈။ | သေသူ ပမာ | ၄၃၉ |
| ၉။ | ကောင်းသော သေခြင်း | ၄၄၀ |
| ၁၀။ | သေသောအခါ ချမ်းသာရာ | ၄၄၀ |
| ၁၁။ | သေရမှာ ကြောက်သူ (၄)ဦး | ၄၄၁ |
| ၁၂။ | သေရမှာ မကြောက်သူ (၄)ဦး | ၄၄၁ |

၁၃။ သေရမည့်ဘေးကို မကြောက်သူ (၅)ဦး ၄၅၁
၁၄။ သေမင်းမမြင်ရာ တူတူပုန်း ဂါထာတော်ကြီး ၄၅၂
၁၅။ သေမင်းကို တော်လှန်ကြလော့ ၄၅၂

## အခန်း ၁၀

### ဆောင်းပါး အထွေထွေ

၁။ နေ့တိုင်း အိုနေသော ဇရာ ၄၅၆
၂။ သေမင်းခေါ်ရာ စိုက်စိုက်ပါ ၄၅၉
၃။ သင်္ခါရပင် သံဝေတင် နေ့မြင်ညမှာပျောက် ၄၆၁
၄။ သင်သေလျှင် ဘယ်သွားမလဲ ၄၆၃
၅။ သေ၍ ငိုခြင်းဖြင့် အကျိုး မဖြစ်ထွန်း ၄၆၆
၆။ ဂိတ်ကြေး ပါရှိလား ၄၇၀
၇။ တောင်ပုလု ထူးတွင်းဆရာတော် ဩဝါဒများ ၄၇၂
၈။ သတိပေး ဆုံးမစာများ ၄၈၀
၉။ အသေ–သေ–မသေ ၄၈၃
၁၀။ မတွေ့မဝေ သေရခြင်း ၄၈၈
၁၁။ အသုဘ ပို့နည်း ၄၉၃
၁၂။ အတူယှဉ်ဖွယ်ရာ တောကျေးရွာ အသုဘရှုတခု ၄၉၇
၁၃။ ငယ်ကမသေ အသက်ရှေ ၅၀၂
၁၄။ စဉ်းစဉ်းစားစားနှင့် ဖတ်ကြစမ်းပါ ၅၁၀
၁၅။ ထာဝတွန်း ၅၁၂
၁၆။ နိဂုံး ၅၁၃
၁၇။ ကန်တော့ပန်း ၅၁၈
၁၈။ ဆုတောင်း ၅၁၉

# မိတ်ဆက်စာတမ်း

## အသေတတ်နည်း နိဿရည်း

ဤစာအုပ်သည် သေတတ်ဖို့ရန်(အသေတတ်စေရန်)အတွက် နည်းညွှန်ထားလေသည်။မသေရှင် ဆိုသကဲ့သို့ စာအုပ်နာမည်က ထူးဆန်းနေလေသည်။ အမှန်အားဖြင့် သေခြင်းတရားကို ဟုတ်တိုင်းမှန်စွာ မသိ၍ ယထာဘူတ ဉာဏ်အမြင် မရှိသူများအတွက် သေခြင်းတရားသည် ရန်သူအသွင်ကို ဆောင်တော်သော်လည်း သေခြင်းတရားကို ဟုတ်တိုင်းမှန်စွာသိ၍ ယထာဘူတ ဉာဏ်အမြင် ရှိသူများအတွက် သေခြင်းတရားသည် မိတ်ဆွေအသွင်ကို ဆောင်တတ်သည်။ သို့ဖြစ်၍ မလွဲမရှောင်သာ ဆက်ဆံရမည့် သေခြင်းတရားအပေါ် ရန်သူလို သဘောမထားပဲ မိတ်ဆွေလို သဘောထားတတ်လေအောင် သေခြင်းတရားနှင့် လူသားကို ဤစာအုပ်က မိတ်ဖွဲ့ပေးခြင်း ဖြစ်ပါ

သည်။ ရှောင်လွဲ မရနိုင်သည့်အတူတူ ရန်သူလို သဘောထား လျှင် ကိုယ်ပင် ရှုံး ၍ မိတ်ဆွေလို သဘောထားတတ်မှ ကိုယ်က မြတ် ပေမည်။

ဤစာအုပ် ပြုစုသော ပုဂ္ဂိုလ်မှာ အငြိမ်းစား စက်ရှင် တရားသူကြီး ဦးသိန်းမောင် ဖြစ်သည်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ ပေါင်းချုပ် (ပ-ဒု) နှစ်တွဲနှင့် စကားပုံ နီတိ စသော ကျမ်းစာအုပ်များကိုလည်း ပြုစုသူ ဖြစ်သည်။

ငယ်ရွယ်စဉ်အခါက ဦးသိန်းမောင်သည် စာနယ်ဇင်း အစောင်စောင်တို့၌ တိုင်းပြည် အကျိုးပြု ဆောင်းပါး၊ ကဗျာ တို့ကို အကြိမ်ကြိမ် ရေးသားခဲ့ဘူးသည့် စာပေ ပညာရှင် တဦး ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ စာဖတ်ပရိသတ်နှင့် ရင်းနှီးပြီးဖြစ်သော ကျမ်းပြု ကဗျာဆရာ ခေတ်ပညာတတ် စာပေပညာရှင်တဦးကို ကျွန်ုပ်က စာဖတ်ပရိသတ်နှင့် နောက်ထပ် လောကွတ်ပျူငှာ မိတ်ဆက် ပေးနေဖို့ရန် လိုအပ်မည်ဟု မယူဆတော့ပါ။

ဦးသိန်းမောင်သည်—

'အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ရှုယင်း ပျက်သို့' ဆိုသော ဆောင်ပုဒ်အတိုင်း သူ့ခန္ဓာကိုယ်အား ရှုမှတ် ယင်း တခဲနက် တိမ်လိပ်တို့ တရိပ်ရိပ်တက်လာသည့်နှယ် ခန္ဓာ ကိုယ်၏ ပျက်တတ်, စီးတတ်, ပျက်စီးတတ်သော သဘောကို သူ့အရွယ်ကပင် သူ့အား ပြောနေပေပြီဟု ထင်မိပါသည်။

## မိတ်ဆက်စာတမ်း

သွားကြေဆံပွင့် တရွေရွေ ရင့်လာသော၊ ငယ်ရည်ငယ်သွေး ငယ်ရုပ်တွေ ဝေးလာသော အရွယ်သို့ ရောက်ကြမိလျှင် **သေမင်း ငင်တော့မည်မှာ** ကေန် ရှောင်လွှဲမဖြစ်သည့် သေမင်းနှင့် ရင်ဆိုင်ပွဲကြီး အစစ် ဖြစ်သည်။

သေမင်းနှင့် ရင်ဆိုင်ရသောအခါ ထားရှိရမည့် သဘော ထား အမြင်တို့နှင့် စပ်လျဉ်း၍ ဘုရားဟောဒေသနာတော်များ အရ ပညာရှင် အသီးသီးတို့၏ အာဘော်များဟု ဆိုအပ်သော **အသေတတ်နည်း နိဿရည်း** တို့ကို တဝကြီး ရှုမှတ် ပွားများ နိုင်ရေးအတွက် စာအုပ်အသွင်ဖြင့် ပြည့်စုံစွာ စုစည်းဖော်ပြရန် အားထုတ်ခြင်းသည် ဦးသိန်းမောင်၏ ကိုယ်ချင်းစာ ဘဝ အသိကို မြစ်ဖျားခံသည်ဟု အကဲခတ်မိသည်။

စင်စစ်အားဖြင့် လူတို့ ကြုံတွေ့နေကြသည့် သားသမီး အရေး၊ မိဘအရေး၊ မီးဘေး၊ ရေဘေး စသော ဆယ်ရေး တရေး ကိုးရေးတရာများကို လူသားအချင်းချင်း ကယ်တင် နိုင်ကြသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟု ဆိုအပ်သော ဤ ဘေးကြီး သုံးပါးတို့ကို လူသား အချင်းချင်းသော်လည်း ကောင်း၊ သားသမီး၊ အမိ၊အဘ၊ ဆွေမျိုး အချင်းချင်းသော် လည်းကောင်း မျက်စိအောက်တွင် ရင်ခွင် ပိုက်ပွေ့လျက် ကယ်ဘင်နိုင်ရန် ကြိုးစားကြပါသော်လည်း ကယ်တင်မနိုင် လက်မှိုင်ချ၍သာ နေကြရရှာသည်။

ဖိနပ်နှင့် ထီးမပါ နွေခါမှသိ၊ ဒါနနှင့်သီလမပါ သေခါမှသိ ဆိုသော စကားကဲ့သို့ ဒါနနှင့်သီလ မပါသူများ သေမည့်အခါ

သိရှိကြရမည်ကို စဉ်းစားပြီးလျှင် သေမင်းဖြုတ်ဖြုတ် မငင်မီ၊ သေမင်းငုပ်ငုပ်မဝင်မီ မအို၊ မနာ၊ မသေမီ အချိန်တွင်း၌ ပြုရမည့် ဒါနမှု၊သီလမှု၊ဘာဝနာမှုတို့ကို အချိန်မနှောင်းမီ ကြိုးပမ်းပြုမိစေရန် ရည်သန်၍ ဤစာအုပ်တွင် နည်းနိဿရည်းတို့ကို တတ်နိုင်သမျှ ပြည့်စုံစွာ ညွှန်ပြထားကြောင်း စာဖတ်ပရိသတ် အပေါင်းတို့ကိုယ်တိုင် တွေ့ရမည် ဖြစ်ပါသည်။

အမှန်ဆိုရလျှင် သေခါနီးကြီးဟု မိမိတို့အား အဆိုခံရပါမူ နာလိုခံခက် ဒေါသ ထွက်တတ်ကြ၏။ သို့ရာတွင် တနေ့ထက် တနေ့ သေခါနီးနေကြောင်းကို—

လောကသုံးသွယ်၊ သေမင်းနယ်တွင်၊ ကြီးငယ်မဆို၊
ရွယ်ပျိုအိုတို့၊ ထိုထိုများမှ၊ ရှိသမျှကား၊ မရဏမင်း၊
ခံတွင်းအာဝ၊အနီးစ၌၊ ဖြစ်ရသည်ချည်း၊အမှန်တည်း။

ဟူ၍ မဃဒေဝ၌ ဖော်ပြထားလေသည်။

သတ္တဝါမှန်လျှင် သေမျိုးချည်းဖြစ်ရကား အသေတတ်စေရန် ရည်သန်ချက်ဖြင့် ဤစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း မနေရသဖြင့် သေကြရမည့်အခါ သေခြင်းနှင့် မိတ်ဖွဲ့ပေးထားသည့် **အသေတတ်နည်း နိဿရည်း**တို့ကို လက်တွေ့ကျင့်သုံးလျက် သေအံ့မူးမူး အနာထပိဏ်၏ ကြေးကြော်ခြင်းမျိုးကို အောက်ပါအတိုင်း ကြေးကြော်နိုင်အောင် မိမိနောက်သို့ အရိပ်ပမာ အစဉ်ပါနိုင်သည့် ဒါန၊ သီလ၊ ဘာဝနာ စသော ပုညကြိယာ တရားများကို အချိန်ရခိုက် လုံ့လစိုက် ဖြစ်ကြစေရန် ဤ မိတ်ဆက်စာတမ်းဖြင့် တိုက်တွန်းအပ်ပါသည်။

## မိတ်ဆက်စာတမ်း

အရှင်အာနန္ဒာ၊ တပည့်တော် မကြောက်ပါဘူး။ သေခြင်းကို တပည့်တော် ဘာကြောင့် ကြောက်ရမည်နည်း။ တပည့်တော်သည် ရတနာသုံးပါး၌ ယုံကြည်သူ၊ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါ၏။ သီလနှင့်ပြည့်စုံသူ ဖြစ်ပါ၏။ ဤတရား(၄)ပါး နှင့် ပြည့်စုံသော တပည့်တော်အား သေခြင်းကို ကြောက်ခြင်းမည်သည် မဖြစ်နိုင်ပါ။

(မဟာဝဂ္ဂသံယုတ္တပါဠိ၊ ဒုတိယအနာထပိဏ္ဍိက သုတ္တ။
စာမျက်နှာ-၃၃၈)

ဦးကြည်ညွန့်
ညွှန်ကြားရေးမှူးချုပ်
သာသနာရေး ဦးစီးဌာန။

၁၉၇၈ ခု၊ နိုဝင်ဘာ(၂၇)ရက်၊ တနင်္လာနေ့။

# မိတ်ဆက်လွှာ

ဤကျမ်းကိုပြုစုသူဦးသိန်းမောင်သည် စက်ရှင်တရားသူကြီး ဘဝတွင် တွေ့ကြုံခဲ့သည့် သိမှတ်ဖွယ်ရာများကို ဟံသာဝတီ သတင်းစာတွင် ရေးသားခဲ့ရာ အားရုံဝင်စားကြသဖြင့် တရားသူကြီး ဦးသိန်းမောင်ဟူ၍လည်းကောင်း၊ ၃၈ ဖြာ မင်္ဂလာ ပေါင်းချုပ်ကျမ်းကို ပြုစုခဲ့သဖြင့် မင်္ဂလာ ဦးသိန်းမောင်ဟူ၍ လည်းကောင်း ထင်ရှားသော ပုဂ္ဂိုလ်တဦး ဖြစ်ပါသည်။

ကျွန်ုပ်တို့နှင့်ငယ်ရွယ်ကြစဉ်ကပင် သိကျွမ်းရင်းနှီးချစ်ခင်စွာ ပေါင်းသင်းခဲ့သူ ရိုးရင့်မိတ်ဆွေကြီးဖြစ်ပါသည်။ သူ၏ဘဝကို မင်္ဂလာကရား ၃၈ ပါးဘောင်အတွင်း ထူထောင်တည်ဆောက်ခဲ့ရာ လောကီရေး၊ လောကုတ္တရာရေးတို့တွင် အဆင့်ဆင့် အောင်မြင်၍ ကြီးပွားတိုးတက်မှု၊တည်ငြိမ်မှု၊ ဘဝလုံမှုဆိုကြီး ရရှိသူ ဖြစ်ပါသည်။

# မိတ်ဆက်လွှာ

ယခု ဤ'အသေတတ်နည်းနိဿရည်း'ကျမ်းကို ပြုစုခြင်းမှာ 'အနေတတ်နည်း နိဿရည်း'ဖြစ်သော ၃၈ ဖြာမင်္ဂလာတရားနှင့် ရှေ့နောက်ဘဝညီစေရန် စေတနာဟုဖြစ်ဟန် အကဲဖြတ်မိပါသည်။ 'အနေတတ်မှ အသေတတ်ရာ' ရောက်မည့်သဘောဖြစ်ပေ၏။

ဤသို့'အသေတတ်နည်း နိဿရည်း'ကျမ်းကို လေ့လာဖတ်ရှုစေလိုရာ၌ မရဏာနုဿတိ=သေခြင်းတရားကို အဖန်ဖန်စီးဖြန်းခြင်းဖြင့် လူသားတို့၏ဘဝတွင် ရေသောက်မြစ် သုံးသွယ် ဖြစ်သည့်တဏှာ၊မာန၊ဒိဋ္ဌိ လွန်ကဲမှု၊ရေလျှံမှုမဖြစ်စေရန် ထိန်းသိမ်းမိကြရန် အကြောင်း ဖြစ်ပေမည်။

ရေသောက်မြစ်သုံးသွယ် ဆိုသည်မှာ တရား ကိုယ်အားဖြင့် လောဘ၊ဒေါသ၊ မောဟ သုံးပါးပင် ဖြစ်၏။

ဤ'အသေတတ်နည်း နိဿရည်း'ကို ပြုစုရေးသား ထုတ်ဝေရာ၌ ဦးသိန်းမောင်သည် အများသူငါတို့အား ရေသောက်မြစ် သုံးသွယ်ဖြစ်သည့် လောဘလွန်ကဲမှု၊ ဒေါသလွန်ကဲမှု၊ မောဟလွန်ကဲမှု ဝိသမအမှားများ မဖြစ်မိကြစေရန်နှင့် အနေတတ်ရန် နှိုးဆော်သတိပေးလိုရင်း ဖြစ်ပေမည်။

ဗုဒ္ဓ ဘုရားရှင်သည် တလောကလုံး၏ ကောင်းကျိုးစီးပွားအလို့ငှာ ပွင့်ထွန်းလာခဲ့သည်။

* ဓမ္မတရားတော်သည် အသိဉာဏ်ပညာ ပွား စီး ရန်ပေါ်ထွန်းလာခဲ့သည်။

## မိတ်ဆက်လွှာ

* သံဃာတော်များသည် လူများအပေါင်း ချမ်းသာစေခြင်းငှာ ပေါ်ထွန်းလာခဲ့သည်။

ဗုဒ္ဓဘုရားရှင်၏ သွန်သင်ချက်ကား—စရထဘိက္ခဝေ လောကဟိတာယ ဗဟုဇနသုခါယ—

'**လောက၏ ကောင်းကျိုးနှင့် လူများအပေါင်း ချမ်းသာကြောင်း**—ခြေခြောင်းဒုက္ခ—ပြုကုန်ကြ' ဟု မိန့်မြွက်ချက်ရှိသည်။

ဤအရှိတရားများအရ ဦးသိန်းမောင်သည် အနေတတ်ရေး အတ္တသမ္မာပဏိဓိ မင်္ဂလာ- မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရေးများအတွက် အကြောင်းအကြံပြု၍ ဤစာပြုစု အားထုတ်လုပ်ဆောင်မှုကို ကောင်းချီးပြုပါသတည်း။

ဒဂုန် ဦးလှဘော

၂၀-၁၂-၇၀

# ထင်မြင်ချက်

တနေ့တွင် မဂ်လာ ဦးသိန်းမောင်သည် ဖိုင်တွဲကြီး တခုကို ကိုင်၍ ရောက်လာပြီး ဖတ်ရှုကြည့်ပါဟု စာရေးသူလက်သို့ အပ်လာပါလေသည်။ အငြိမ်းစား စက်ရှင် တရားသူကြီး ဦးသိန်းမောင်ကား တရားစာပေ ဝါသနာပါသူပီပီ ဗုဒ္ဓတရားတော်မှ ပါဠိဂါထာနှင့် ကဗျာ လင်္ကာ တိုတိုစစများကို ရတိုင်းရေးမှတ်လျက် ကျမ်းကိုး ကျမ်းကား ရှာဖွေလေ့ရှိသည်။ စာရေးသူထံတွင် စာအုပ်စာတမ်း အတော်အသင့် ပြည့်ပြည့်စုံစုံရှိသဖြင့်လည်း သူ၏မှတ်စု ဂါထာ ကဗျာ လင်္ကာတို့ကိုကျမ်းကိုးရှာပေးရန် အကူအညီ တောင်းလေ့ရှိသည်။ စာရေးသူကလည်း တတ်နိုင်သလောက် အကူအညီပေးလေ့ရှိသည်။ သို့နှင့် ဘယ်မှာနေနေ အဆက်အသွယ် မပြတ်ခဲ့ပေ။

# ထင်မြင်ချက်

စာရေးသူလက်ဝယ်ရောက်လာသော ဦးသိန်းမောင်၏ ယခု စာမူကြီးကား 'အသေတတ်နည်း နိသျည်း' ခေါ် စာမူကြီး ဖြစ်သည်။ ယင်းကို ဖတ်လည်း ဖတ်၊ တည်းလည်း တည်း၊ ကျမ်းကိုးလည်း ရှာပေးရမည်ဟု ဆိုလာပါသည်။ စာရေးသူကား ဖတ်ခြင်း၊ တည်းခြင်းမပြုမီကပင် ကျမ်းစာ၏နာမည်ကို စိတ်ဝင်စားသွားမိပါသည်။ တရားဓမ္မဆန်ဆန် 'အသေတတ်နည်း' ဟူသော အမည်ကိုလည်း စိတ်ဝင်စားသည်။ 'နိသျည်း' ဟူသော ဝေါဟာရနှင့် ရေးထုံးကိုလည်း စိတ်ဝင်စားသည်။

စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှုတို့သည် လူတိုင်းနှင့် သက်ဆိုင်သဖြင့် လူတိုင်း စားတတ်၊ သောက်တတ်၊ နေတတ်၊ ထိုင်တတ်ရန် အရေးကြီးကြောင်းကို မည်သူမျှ မငြင်းနိုင်။ ထို့အတူပင် သေမှုမှာလည်း လူတိုင်းနှင့် သက်ဆိုင်သည်။ ထို့ကြောင့် သေတတ်ဖို့လိုပေသည်။ အစားမတော်၊ အသောက်မတတ်၊ အနေအထိုင်မတတ်သည်က တဘဝတွက်တာမို့ အရေးမကြီး။ အသေမတတ်လျှင်ကား သံသရာတလျှောက်လုံး ဒုက္ခတွေ့နိုင်ပေတော့သည်။ ထို့ကြောင့် အသေတတ်ဖို့မှာ ပို၍လိုပါသည်။ ဤစာမူတွင် 'သေနည်း' ဟူ၍ ဖော်ပြမထားသည့်တိုင်အောင် "သေခြင်းတရား၊ ဤတပါးကား၊ များပြားလူ့ဘောင်၊ အကျိုးဆောင်သည်၊ အိုအောင် အောက်မေ့၊ စီးဖြန်းကြ" ဟူသည့်အတိုင်း သေမှုကို အဖန်တလဲလဲ နှလုံးသွင်း နေနိုင်ခြင်းသည်ပင် အသေတတ်အောင် ပြင်ဆင်နေခြင်းပင် ဖြစ်သဖြင့် ဤနာမည်ကို တပ်ထားသည့်အတွက် ဆီလျော်လှပေသည်။

# ထင်မြင်ချက်

‘နိသျည်း’။ ယင်းကိုကား ဝေါဟာရ ရေးထုံးရှုထောင့်မှ နေ၍ စိတ်ဝင်စားသွားမိပြန်၏။ ‘နိသျည်း’ သည် ‘နိဿယ’ မှ လာလေသတတ်။ ‘ပစ္စယ’ မှ ‘ပစ္စည်း’။ ‘သိဥ္စယ’ မှ ‘သိဥ္စည်း’ ဖြစ်လာသလို လာရလျှင် ‘နိဿယ’ မှ ‘နိသျည်း’ ဟု ဖြစ်လာရာ၏။ အဘယ့်ကြောင့် ‘နိသျည်း’ ဖြစ်ရသနည်း။ အမှန်ကား ‘နိဿရည်း’ တည်း။ ယင်းကိုရှင်းရလျှင် မြန်မာစာပေသမိုင်း အစကို လိုက်ရမည်သို့ ရှိပေသည်။ သို့သော် အချက်မျှကိုရလျှင် မြန်မာစာပေနယ်သို့ ပါဠိမဝင်မီ သက္ကတက စော၍ ဝင်သောသည်။ သကြန်, ကြေး, ဂြိုဟ်, သင်္ဂြိုဟ်, ကြင်း, ကမ္ဘာ, ပြဿနာ, ပြဿဒ်, ပြဒါး၊ မုဒြ, သမုဒြာ, စသော ဝေါဟာရများမှာ သက္ကတမှ ဆင်းသက်လာသော ဝေါဟာရများဖြစ်၏။ ထို့အတူ ‘နိဿရည်း’ ကား ‘နိဿယ’ ဟူသော ပါဠိဘာသာမှ မဟုတ်ပဲ နိဂြယ (နိဿရယ) ဟူသော သက္ကတမှ ဆင်းသက်လာသဖြင့် ‘နိဿရည်း’ ဟူ၍ ဖြစ်လာခဲ့၏။ သို့သော် မြန်မာများက အရစ်သံ(လျှာလိပ်သံ)မဆိုပဲ အပင့်သံဖြင့်ဆိုသဖြင့် ‘နိဿယည်း’ ဟု အသံထွက်ခဲ့သည်။ ယင်းကို အတိုရေးသောအခါ ‘နိသျည်း’ ဟူ၍ ဖြစ်လာလေသည်။ ထို့ကြောင့် နိဿယ ပျက် နိသျည်းဟု မဖြစ်ပဲ နိဿရယ ပျက် ‘နိဿရည်း၊ နိဿယည်း၊ နိသျည်း’ ဟူ၍ ဖြစ်လာရပေသည်။ ဦးသိန်းမောင်ကား လူထုကြိုက် အတိုနည်းကို လိုက်၍ ယင်းသို့ပင် အရေးပြုထားပေသည်။

ဤသို့ ကျမ်းကိုရော နာမည်ကိုပါ စိတ်ဝင်စားသည့်အတိုင်းပင် အစအဆုံး ဖတ်ပါသည်။ ပြင်စရာရှိသည်ကိုလည်း ပြင်၊ ကျမ်းကိုးစရာတွေ့လျှင်လည်း ရှာဖွေ ကိုးကားပေးပါသည်။

# ထင်မြင်ချက်

သို့သော် အပြည့်အစုံ ရှာဖွေပေးရန်ကား အချိန်မရသဖြင့် အချို့နေရာတို့၌မကိုးကားနိုင်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် စာမူကို တပတ်ကျော်မျှ အပ်နှံထားခဲ့သော်လည်း တရက် သာသာမျှသာ ကြည့်ချိန်ရလိုက်သောကြောင့်ပင် ဖြစ်ပါ၏။

မည်သို့ပင်ဆိုစေ ဤဦးသိန်းမောင်၏ 'အသေတတ်နည်း နိဿျည်း' သည်ကား တဦးကောင်း တပညာ စာပေမျိုး မဟုတ်ပဲ ပညာရှိပေါင်း များစွာတို့၏ စိတ်ကူးအဖြာဖြာ၊ ပညာအထွေထွေတို့မှ အရည်ညှစ်ထုတ်၍ထားသော စာမူဖြစ်သဖြင့် အကောင်းချည်းစုနေသည်ကိုကား ငြင်းစရာမလိုပါချေ။ ကျမ်းအထွေထွေ၊ စာပေအစားစား၊ အရေးအသား အမျိုးမျိုးမှ သေနည်းတမျိုးကိုသာ ကြိုးကြိုးစားစား စုဆောင်းထားနိုင်သော ဦးသိန်းမောင်၏ စေတနာ၊ လုံ့လတို့ကို အားရ စဖွယ် တွေ့မြင်ရသောကြောင့် ဤစာမူကို ဖတ်ရှုနေရသော တချိန်လုံးမှာပင် ပီတိခြုံလွှမ်း၍ ကြက်သီးတဖျန်းဖျန်း ထမိပါ ကြောင်း ရေးသားလိုက်ရပါသတည်း။ ။

ရဝေထွန်း

၉-၂-၇၉

မှတ်ချက်။ ။မူလစာမူတွင် 'အသေတတ်နည်း နိဿျည်း' ဟု ခေါင်း စဉ် တပ်ထားသော်လည်း နောက်ပိုင်းတွင် 'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း' အရ 'အသေ တတ်နည်း နိဿရည်း' ဟု ပြင်လိုက်ပါကြောင်း။

ကျမ်းပြုပုဂ္ဂိုလ်

## အသေတတ်နည်း နိဿရည်း

# နိဒါန်း

သေခြင်းတရားနှင့် ပတ်သက်၍ လူတိုင်း တနေ့ကျ သေရမည်ဆိုတာ အသိပင် ဖြစ်ပါတော့သည်။ ထိုကဲ့သို့ မလွဲမရှောင်သာ သေရမည့် အခြင်းအရာနှင့် ရင်ဆိုင်ကြရသော လူသားအပေါင်းတို့ အသေတတ်စေလိုသော အာသီသ ပြင်းထန်စွာရှိလှ၍ သတိပေးသော အနေဖြင့် ကျမ်းတစောင် ပြုစုဖို့ရန် ကြံစည်စိတ်ကူးလာသည်မှာ အတန်ကြာခဲ့ပေပြီ။

ဤနေရာတွင် ကိုမင်းနွယ်၏ ရေးသားချက် ကလေးကို အလျဉ်းသင့်သည်အားလျော်စွာ ဖော်ပြလိုက်ပါဦးအံ့။

# နိဒါန်း

## မရေးသားနိုင်သောအပြစ်

မိကြေးတင်၍ မမှုပါ၊ ဖကြေး တင် ၍ မမှုပါ၊
အိမ်ကြီးရှင်မ ဆင်စရာ ဘယ်ဒွါဒယာ ကင်း၍လည်း
စိတ်မဆင်းရဲပါ၊ ရေးသင့် ရေးရာ ခြင်း ရာ စာ ပေ၊
အထွေထွေ ငမ်းတွင်းမှာ ပြည့်နေပါလျက်၊ လက်က
မကူ၊ လူကနှမ်းလျ၊ သက်ကရင့်ညောင်း၊ ဇရာထောင်း
မှုကြောင့်၊ မရေးနိုင် မသားနိုင်သော အပြစ်ကား
ဆင်းရဲလှပါဘိတောင်း။

ဤစာကလေးအတိုင်း အကြောင်းအမျိုးမျိုးကြောင့် စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ရသည်မှာ အ တန် ကြာခဲ့ပါပြီ။ ဤအတောအတွင်း ရေးသင့်ရေးစရာ အဖြာဖြာကို စုဆောင်းလျက်သာ ရှိနေရပါတော့သည်။

ကျမ်းတစောင် ပြုစုဖို့ရန် မလွယ်ကူပုံ အဗ္ဘုတ ဒီပနီတွင် ပဍ္ဍိစ္စသမုပ္ပါဒ် အဖွင့်ရေးခါနီး ပညာဗဟုသုတ ပေါက်ရောက်တော်မူသော အဋ္ဌကထာ ကျမ်းပြုပုဂ္ဂိုလ် အရှင်သူမြတ်ကြီးပင် သမုဒ္ဒရာကြီး အတွင်း သက်ဆင်းရသည့် ယုန် သူငယ် အသွင် ထောက်ရာတည်ရာ မရနိုင်လောက်အောင်ဖြစ်ကြောင်း အောက်ပါ ဂါထာ အတိုင်း ညည်းညူ ဝန် ခံ ထား တော် မူရကား ကျွန်တော်များအဖို့ ဆိုဖွယ်ရာမရှိတော့ပါ။

## နိဒါန်း

### အဋ္ဌကထာ ကျမ်းပြုဆရာ ညည်းညူသော နိဒါန်းဂါထာ

ဝတ္တုကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရ ဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှောဝ သာဂရံ။

အဟံ=ငါသည်။ အဇ္ဇ=ယခု။ ပစ္စယာကာရဝဏ္ဏနံ= ပဋိစ္စသမုပ္ပါဒ် အဖွင့် ဝဏ္ဏနာ အဋ္ဌကထာကို။ ဝတ္တုကာမော= ဖွင့်ဆိုလိုပါလျက်။ သာဂရံ= ရှစ်သောင်း လေးထောင်၊ နက်စမ်းဆောင်သည့်၊ တောင်ခွဲပတ် ချုပ်၊ ရေသမုဒ်ကို။ အဇ္ဈောဂါဠှောဝ= ကူးဆင်း သက်ဝင်၊ ယွန်ငယ်သွင်သို့။ ပတိဋ္ဌံ= ထောက်တည်မှီရာ သံဝဏ္ဏနာနည်းကို။ နာဓိဂစ္ဆာမိ= မရနိုင်ပါတကား။

သို့စဉ်လျက် နက်နဲသော သမုဒ္ဒရာကို မဟာဇနက္ကမင်းသား သက်ပစ်ကူးသောအလား ကျွန်တော်များလည်း ကြိုးစားကာ ကျမ်းတဖြာ ဖြစ်လာအောင် ဖွေရှာစုဆောင်းပြီး သူတော်စင် အပေါင်းတို့အား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

'သေတာ အဆန်း မဟုတ်ပါပဲ အရေးလုပ်ကာ ကျမ်းစာ ဘစောင် ဖြစ်လာအောင်ရေးဖို့ လိုသေးသလား' ဟု စောဒနာ ဘက်ခဲ့သော် ရှင်တော် ဘုရား ကိုယ်တော်မြတ်ကြီး ပင် လျှင် သေခြင်းတရားတည်းဟူသော 'မရဏာနုဿတိ'ကို အကြိမ်ကြိမ် အခါခါ၊ အဖန်ဖန် တလဲလဲ အားခဲပြီး ပွားများကြရန် မိန့်မှာ တော် မူခဲ့သည့်အတိုင်း ဤသေခြင်းတရားနှင့် ပတ်သက်သော ရေးသားချက်များကို ဆက်ကာဆက်ကာ၊ ထပ်ကာ ထပ်ကာ မရဏာနုဿတိ ပွားသည့်အလား၊ များများကြီး ဖတ်စေချင်

သည့် မေတ္တာ စေတနာဖြင့် ဤကျမ်းမြတ်ကို အပတ်တကုတ် ကြိုးစားအားထုတ်ကာ ပညာရှိ သူတော်ကောင်းတို့၏ ရေးသားချက် အဖြာဖြာကို စုဆောင်းပြီး တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

'ငါသည် အမှန်သေရမည် ဟု ပွားများနေလျှင်ကော မပြီးဘူးလား' ဟု မေးဖွယ်ရာရှိနိုင်ပါသည်။ ထိုမေးမည့် ပုဂ္ဂိုလ်သည် အနှိ ကဲ့သို့ 'ငါသည် အမှန်သေရမည်'ဟု တဆက်တည်း ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ ပွားများနိုင်မည်မသိပေ။ ဤတမျိုးတည်း ထပ်ကာ ထပ်ကာ တနာရီကြာအောင် ပွားများနိုင်မည် မထင်ပါ။ ယခု ကျွန်တော်များ တင်ပြချက်များမှာ သေခြင်းနှင့် ပတ်သက်၍ တမျိုးတဖုံတည်း မဟုတ်။ ပညာရှင်အပေါင်းတို့ ရေးလုပ်ထားသော ကဗျာ၊လင်္ကာ အမျိုးမျိုး၊ ကျမ်းကိုးကျမ်းကား အဖုံဖုံ၊ ဗဟုသုတစုံနေအောင် ပါရှိရကား တနာရီဖတ်၍လည်း ငြီးငွေ့ဖွယ်ရာရှိမည် မထင်ပါ။ ဖတ်လေ ဖတ်လေ မရဏာနုဿတိ ပွားလေသည့် အဖြစ်သို့ သက်ရောက် သွားပေလိမ့်မည်။

ဤကျမ်းတွင် သေခြင်းတရား ပွားရာရောက်ရုံမက သေခါနီး အာသန္နကံ ကောင်းဖို့ရန်၊ အာစိဏ္ဏကံ အတန်တန်အားထုတ်ရန် သေခါနီး အရေးကြီးသည့် အလျောက် အသေတတ်ဖို့၊ တရားနည်းထုံးနှလုံးသွင်းမှန်ဖို့၊ သေပြီးသည့်နောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာအထိ ရောက်သွားနိုင်သည့် ဝိပဿနာအလုပ်များ ကြိုးစားပြီး အားထုတ်တော်မူကြရန် တိုက်တွန်းချက်များလည်း ပါရှိပါသည်။

# နိဒါန်း

ထို့ပြင် ဤကျမ်းစာအုပ်မှာ ကျွန်တော်များ တဦးတည်း၊ တယောက်တည်း၏ တဦးနှောက်၊ တပညာ မဟုတ်ပဲ ဘုရားဟောကျမ်းလာ ဒေသနာများအပြင် ပညာရှင် အသီးသီးတို့၏ ကြီးမားသော အသိဉာဏ်၊ ဗဟုသုတအဖုံဖုံတို့ဖြင့် စုံစုံလင်လင် ရေးသား တင်ပြချက်များ ဖြစ်ပါသည်။ ဟင်းလျာ မျိုးများစုပေါင်းကာ ပြင်ထားသော စားပွဲကြီး တထိုင်တည်း နှင့် ကိုယ်ကြိုက်ရာ ရွေးချယ်ပြီး စားရဘိသကဲ့သို့ မြိန်မြိန်ရှက်ရှက်ကြီး ထပ်တလဲလဲ ဖတ်ရှုတော်မူကြရန် တိုက်တွန်း အပ်ပါသတည်း။

**မှတ်ချက်။** ။ဤကျမ်းစာအုပ်မှာ တခေါက်တခါတည်း ဖတ်ရမည့် စာအုပ်မျိုးမဟုတ်ပါ။ အခါပေါင်း၊ အခေါက်ပေါင်း များများဖတ်နိုင်လေလေ အကျိုးကြီးလေလေ စာအုပ်မျိုး ဖြစ်ပါသည်။

ထို့ပြင် မိမိဘဦးတည်း ဖတ်ရုံနှင့် မပြီးပဲ သားစဉ်မြေးဆက် ဖတ်ရှုနိုင်သည့် အမျိုးအစားလည်း ဖြစ်ပါကြောင်း။

ဤနေရာတွင် ဆရာဦးသုခ၏ မှတ်ချက်ကလေးကို ဖြည့်စွက်လိုက်ပါဦးအံ့။

## စာအုပ်ဖတ်နည်း

(၁) ကျမ်းတခုခုကို ဖတ်လျှင် စာထဲမှာ ပါသမျှသာ ဖတ်ရတာမဟုတ်ဘူးတဲ့။အဲသည်စာရဲ့ အနှစ်အရသာ၊ ယုတ္တိ

ယူတ္တာတို့ကို မိမိ ကိုယ်ပိုင်ဉာဏ်နဲ့ ယှဉ်ရမယ်၊ စူးစမ်းရမယ်၊ ညှိနှိုင်းရမယ်၊ မေးမြန်း ဧပ်စုရမယ်၊ လေ့ကျင့်ရမယ်၊မှတ်စုထုတ်ရမယ်၊အာဂုံဆောင်ရမယ် စသည်ဖြင့် ပညာရှိကြီးတွေ ဆုံးမခဲ့ကြတယ်။

(ဦးသုခ)

(၂) အချိုစာအုပ်များကို အပျော်ဖတ် ဖတ်သင့်သည်။
အချို့ကို ပြည့်ပြည့်စုံစုံ ဖတ်သင့်သည်။
အချို့ကိုကား လေးလေး နက်နက် သဘောထား၍ အခါခါ ဖတ်သင့်သည်။

(ဆရာ တက်တိုး)

(၃) အချိုစာအုပ်များ မြည်းရုံသာ မြည်းအပ်၏။
အချို့ကို အတော်အတန် ဖတ်အပ်၏။
အချို့ကိုမူကား ကျေညက်အောင် ဖတ်ရှု လေ့လာအပ်ပေသည်။

(ဗြိတိသျှစာရေးဆရာပညာရှိကြီး ဖရန်ဆစ်–ဗေးကွန်း)

အမှာ။ ။ဤစာအုပ်တွင် ပါရှိသော ကိုးကားချက်များနှင့် ရေးသားချက်များမှာ အထပ်ထပ်အခါခါ ကူးယူရေးသားရခြင်းဖြစ်ပါ၍ အမှားအယွင်းများ တွေ့ရှိက ကျွန်တော်၏ အမှားဟု ရှုမှတ်ကာ မေတ္တာရှေ့ထား၍ ခွင့်လွှတ်တော်မူကြစေလိုပါကြောင်း။

# အခန်း ၁

ဤအခန်းတွင် 'သေခြင်း' နှင့် ပတ်သက်၍ 'အမှည့် တဝင်းဝင်း၊ အကင်း တဖြုတ်ဖြုတ်' ဆိုသည့်အတိုင်း ငယ်သူလည်း သေရ၊ ကြီးသူလည်း မနေရ၊ လူမိုက်လည်း မသက်သာ၊ လူလိမ္မာလည်း သေရ၊ သူတောင်းစားလည်း မအေး၊ သဌေးသူကြွယ်လည်း သေရ၊ ဆင်းရဲသားလည်း မသက်သာ၊ မင်းစိုးရာဇာလည်း သေရမြဲ၊ လူမွဲလည်း ပင်ပန်း၊ လူချမ်းသာလည်း သေရ၊ လူနုလဘိန်းတုံးလည်း မသက်သာ၊ လူပညာရှိလည်း သေရ၊ အရုပ်ဆိုးသူလည်း မနေရ၊ လှသောသူလည်း သေ၊ မိန်းမ မခြွင်း–

ယောကျ်ားလည်း သော၊ လူမျိုးတွေ၊ ဘာသာတွေ၊ ဇာတ်နိမ့် ဇာတ်မြင့်တွေ မရွေး သောရသည့်အပြင်၊ ရှင်ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် မြတ်ဗုဒ္ဓါပင် ပရိနိဗ္ဗာန် စံဝင်တော်မူရသေးကြောင်း လူပညာရှိ၊ရဟန်းပညာရှိအပေါင်းတို့ ရေးသားချက်မကျန်၊ ကျမ်းဂန် အကိုးအကားစုံစုံလင်လင် တင်ပြထားရာ သေသေ ချာချာဖတ်၊ ကျကျနန မှတ်၊ တတ်နိုင်က အရ ကျက်တန် ကျက်နိုင်တော် မူကြပါစေဟု တင်ပြအပ်ပါသည်။

ဤစာအုပ်မှာ ဝတ္ထု ဇာတ်လမ်း များလို တခေါက်တခါဖတ်ရသည့် စာအုပ်မျိုး မဟုတ်၊ အကြိမ်ကြိမ် အထပ်ထပ် ဖတ်နိုင်လေ၊ မှတ်နိုင်လေ၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်လေ၊ ကျေးဇူးများလေ ဖြစ်ကြောင်း သတိပြုစေလိုပါသတည်း။

*

## မရဏသဘော

မရဏဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊
အဟောဝတ မယံ န မရဏဓမ္မာ အဿာမ၊ နစ
ဝတ နော မရဏံ အာဂစ္ဆေယျာတိ။

မြန်မာပြန်။ ။အို ချစ်သားတို့၊ အလုံးစုံ ရှိရှိသမျှသော သတ္တဝါတို့သည် သေရမည့်သဘောကို မလွန်နိုင်ကြကုန်၊ သေမျိုးတို့သာ ဖြစ်ကြ၏။ သေမင်းနိုင်ငံသို့ လိုက်ပါကြရလတ္တံ့သောသူတို့သာတည်း။ သေရမည့် မရဏ တရားသည် ကိုယ်နှင့် ထက်ကြပ် ကပ်၍ ပါလာပြီးသားပင် ဖြစ်၏။ သတ္တဝါတိုင်းတို့၏သဘောသည် ဘယ်အခါမှ သေချင်ကြမည် မဟုတ်။ ငါတို့သည် မသေရပဲ အမြဲ နေရပါမူကား ကောင်းလေစွ၊ သေရမှု မရဏတရားသည် ငါတို့ထံသို့ မလာ မရောက်ပါမူကား ကောင်းမြတ်လေစွ ဟူ၍သာလျှင် အာသာဆန္ဒ ရှိကြ၏။

## ရနိုင်သော အရာမဟုတ်

သို့ပင် လိုလားတောင်းတကြသော်လည်း ရနိုင်သော အရာမျိုးမဟုတ်၊ မိမိတို့ အလိုမရှိသော သေမှု သေဒဏ်တို့နှင့်သာလျှင် တွေ့ကြုံ၍ နေကြရကုန်၏။ တန်ခိုးအဘိညာဉ် ကြီးမြတ်ဘော်မူလှသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်မြတ်

ကြီးပင် သေမှုကို မလွန်မြောက်နိုင်ကုန်။ ပရိနိဗ္ဗာန် စံလွန်တော်မူလေပြီးသော မြတ်စွာဘုရားတို့သည် အသင်္ချေယျ အနန္တပင် ရှိတော်မူကြလေပြီ။ ဂင်္ဂါဝါဠု သဲစုမက ရှိတော်မူကြလေကုန်ပြီ။

မြတ်စွာဘုရားတို့မှ တပါးသော ပုဂ္ဂိုလ်သတ္တဝါတို့မှာမူကား ဆိုစရာမရှိနိုင်တော့ပြီ။ အဘယ်ကြောင့် သေမှုတရားကို သတ္တဝါအများတို့ မလွန်မြောက်နိုင်ကြသနည်း။ မသေရအောင် တောင်းတ၍ မရနိုင်ကြကုန်။ တနည်းဆိုလျှင် သတ္တဝါတို့သည် သေတတ်သောတရားများကို စု၍ ကိုယ်ကာယ အတ္တဘောကြီး ပြုလုပ်ကြ၏။ သေမျိုး သေဒဏ် တရားမျိုးကို သိမ်းပိုက်၍ အတွင်းပြုကာ ထားကြကုန်၏။

## သေတတ်သော တရားစု

သေတတ်သော တရားစု ဆိုသည်ကား ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ပင် ဖြစ်လေသည်။ ထို သင်္ခါရတရားစုသည် ပြုပြင်၍ ဖြစ်သောကြောင့် မြဲသော တရားတို့ မဟုတ်ကုန်၊ သေတတ်၊ ပျက်စီးတတ်သော အနိစ္စဓမ္မတို့သာ ဖြစ်ကုန်၏။ ထို တရားတို့ကိုပင် အကောင်အထည် ကြီးပြုလုပ်၍ နေကြကုန်သော သတ္တဝါ ဟူသမျှတို့သည်လည်း မိမိတို့ မူလတရားသဘောအတိုင်း အနိစ္စ တရားတို့သာ ဖြစ်ကြကုန်၏။ အနိစ္စဆိုလျှင် သေဆုံး ပျက်စီး ရမည်မှာ မှန်၏။

ထို့ကြောင့် သေရမည့် သဘောကို လွန်မြောက်ခြင်းငှာ မည်သူတဦးတယောက်မျှ မတတ်နိုင်ကြချေ။ သတ္တဝါတိုင်းတို့၏ ကိုယ်ခန္ဓာတွင်ရှိသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် ခဏငယ် အစဉ်အားဖြင့် ပျက်စီးနေသော ဘင် ခဏကိုမူကား ထင်မြင်ကြ ရန် လွန်စွာခဲယဉ်းလှ၏။ သမ္မုတိမရဏအားဖြင့် ဘဝဆုံးသော သေခြင်းကိုသာလျှင် သတ္တဝါတို့ ကြောက်လန့်ကြကုန်၏။

ထို သမ္မုတိမရဏကို ကြောက်လန့်ရုံမျှနှင့် ဘယဉာဏ် မဆို ရသေးချေ။ ခဏအစဉ် ဘင်အနေအားဖြင့် ချုပ်ဆုံးမှုတို့ကို မြင်၍ သတ္တလောကကြီး၌ ကြောက်လန့်မှုကိုသာလျှင် 'ဘယ ဉာဏ်' ဟု ဆိုနိုင်ပေသည်။

## နိဗ္ဗာန်ကိုရောက်လိုလျှင်

ထိုဘယဉာဏ်စသည်မှ အစဉ်တစိုက်တက်ပြီးလျှင် ဝိပဿနာ ဉာဏ်အဆင့်ဆင့်ဖြင့် ကြိုးစားအားထုတ်ပါမှ သေခြင်းကင်းရာ ဖြစ်သော အမတဓာတ် နိဗ္ဗာန်မြတ်ကြီးကို ရနိုင်ကြပေလိမ့်မည်။ သေခြင်းကိုကြောက်၍ မသေရာဖြစ်သော နိဗ္ဗာန်ကို ရောက်လို ပါလျှင် မိမိတို့ခန္ဓာကိုယ်တွင်းမှာရှိသော ရုပ်နာမ် တရားတို့၏ ခဏခဏ ချုပ်ဆုံးမှုဟု ဆိုအပ်သော အနိစ္စ ဓမ္မကို လှလှကြီး မြင်အောင် အားထုတ် ကြိုးစားကြပါရန် တိုက်တွန်းအပ်ပါ သတည်း။

(ဦးခေမာလင်္ကာရ၊ စစ်တွေ)

# သေခြင်းတရား

လူတိုင်း လူတိုင်း သေကြရမည်မှာ မုချ မလွဲပေ။ ဤကဲ့သို့ သေရမည့်အကြောင်း ကောင်းကောင်းကြီးသတိရစိမ့်သောငှာ၊ (ဝါ) အဖန်တလဲလဲ အောက်မေ့စိမ့်သောငှာ၊ ဘဂဝါ ဘုရားကိုယ်တော်မြတ်ကြီးက "မရဏာနုဿတိ" ကို မပြတ်မလပ် အထပ်ထပ် အခါခါ ပွားကြပါဟု မှာတော်မူခဲ့သည့်အတိုင်း၊ ပညာရှင် အသီးသီးတို့ကလည်း အနည်းနည်း အဖုံဖုံ ရေးစပ် သီကုံးခြင်း ပြုလုပ်ထားချက်များကို ဗဟုသုတလည်း ရ၊ မရဏသေခြင်း သဘော တရားကိုလည်း ပွားများရာ ရောက်စိမ့်သော ငှာ အောက်ပါ စာကောင်း၊ ပေကောင်းများ ကို အကြောင်းအားလျော်စွာ တင်ပြလိုက်ရ ပါကြောင်း။

* * *

## ဇီဝိန်သက်လျှာ-ပျက်လွယ်စွာ

သင်္ခါရဓမ္မ၊ မမြဲစွတည်း၊ များလှသချော်၊ ရေမြေကမ္ဘာ၊ လုံးစုံစွာနှင့်၊ ယူဇနာပေါင်း၊ ရှစ်သောင်းလေးထောင်၊နှစ်ပြန်ဆောင်သည့်၊တောင်တော်သေဌ်နင်း၊ မေရုခင်းလည်း၊ ခြောက်စင်းဥဏှာဂူ၊ ထွက်ပေါ်ပြူက၊ပူရှိန်ပြင်းလှ၊ ပြာဆိုက်ရသား၊ အလျှားတလံ၊ အနံ့တထွာ၊လူခန္ဓာမှာ၊လွန်စွာသေးငယ်၊နှိုင်းဖွယ်တုရာ၊ မပြုသာကို၊သင်္ခါရစက်၊သူတိုက်ဖျက်က၊ ဇီဝိန်သက်လျှာ၊ ပျက်လွယ်စွာသည်၊ သုံးဖြာလက္ခဏာ ထင်ဖွယ်ကို။

အနိစ္စ-ဒုက္ခ-အနတ္တာ။

## မရဏစက်ကွင်း ရှင်သေမင်း

မရဏဘေး၊ စေ့စေ့တွေးက၊ ကြောက်ရေးသံဝေ၊ ထူသပ်ပေသား၊ ငါးထွေနာမ်ရုပ်၊လောင်စာထုပ်အား၊ပြုလုပ်ဖြစ်လာ၊ ထိုသည့်ခါမှ၊ မကြာခဏ၊ ပျက်စီးရ၍၊ တစသုသာန်၊ သူ့နိုင်ငံသို့၊ လိုက်ရန်ဆင်သင့်၊ ခြေကုန်ဖွင့်၍၊ အသင့်နာခံ၊ ဖိမဆန်အား၊ သူ့ထံပါးဝယ်၊ ခစားမငြင်း၊ မန္တာတ်မင်းလည်း၊ ဖယ်ကွင်းမရ၊ နတ်ရွာကြွ၏။ ကပ္ပအာယု၊ သက်နေမှုခင်း၊ ပြဟ္မာမင်းလည်း၊ တည်ရင်းရှစ်သောင်း၊ လေးထောင်ဆောင်း

မှာ၊ နာမ်ဟောင်းကိုခွာ၊ စုတိပါခဲ့၊ မြတ်စွာလူ့ဘ၊ သမ္ဗုဒ္ဓ လည်း၊ ခေမနိဗ္ဗာန်၊ ကြွင်စံရှင့်၊ သုသာန်တစ၊ သချိုင်း ဝသို့၊ ဓမ္မနာမ်ရုပ်၊ မြေမြှုပ်နှံခင်း၊ ပုံစံသွင်း၍၊ စာရင်းဝင်ပါ၊ ဤခန္ဓာသည်၊ ရာဇာသေမင်း၊ သုခံတွင်းသို့၊ သက်ဆင်းဧကန်၊ ဖြစ်ကြောင်းမှန်၍၊ တဆံခြည်မျှ၊ ရှောင်မရသည့်၊ မရဏ စက်ကွင်း၊ ရှင်သေမင်းသည်၊ ထန်ပြင်းဒုက္ခ ကြောက်ဖွယ်တည်း။

(တက္ကသိုလ် နွယ်သဇင်)

## ထွင့်သနင်းသော်မှ မလွတ်ကင်းပေရာ

ငါးခန္ဓာ ရုပ်နာမ်စလျှင်ဖြင့်၊ သုသာန်ဝ မြေမှာ၊ မြှုပ်နှံ့ ရသေချာ၊ ပြေမရဏာ နယ်တွင်း။ အနိစ္စကြောင့် စိတ်မချ လေတယ်၊ ဘိဇ္ဇန ဓမ္မ မုချပျက်ယွင်း။ အစိုးမရတဲ့ အနတ္တာ သည်၊ သတ္တဝါ ခပင်း။ မြတ်ဘဂဝါ ထွင့်သနင်းသော်မှ၊ မလွတ်ကင်း လေရှာ။ ။တဦးကိုတဦး ကြင်နာကြသော်လည်း၊ သင်္ခါရ ခွဲမည်မှန်စွာ။ ။ကွေ့ကွင်းကြလို့ သေမင်းရွာတွင်၊ မြေတွင်းမှာ အိပ်ရှာရမှာမို့၊ ထိတ်စရာဘဝ လူတို့ဘုံ- ကွဲကြဖို့ ဆုံ။ ။ငါသူပဲလို့ ခေါ်ရရုံငယ်၊ ပျော်စရာဘုံ ဟုတ်ဘူးကွဲ့ လေး။ ။

## သေရမည်မှာ မှန်သေချာ

မိုးပျံမြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခို၊ မသေလို၍၊ ဤကိုယ်မှုချ၊ မနေရဘူး။

လင်နှင့်မယား၊ သားနှင့်သမီး၊ (မြေး) မြည်းနှင့် ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာမကွေ၊ မသေရပဲ၊ အတူမြဲ၍၊ မကွဲတစီး ဘယ်မှာရှိလိမ့်။

(တောင်ပုလုဆရာတော်ဘုရားကြီး)

## သေချိန်တန်လျှင် ပျက်စမြဲ

ကောသလရယ်လို့၊လောကတွင်သရေလျှမ်းပေသည့်၊ရွှေနန်းစံ ရာနရိန်တို့သေဘ်မှ၊ ခါချိန်တန် ပျက်စမြဲသာပ-စွဲမိသံဝေ။

(ဦးပုည)

## ကေန်မချွတ် သေရအုံ

အခါးပင်မျိုးစေ့မှ ပေါက်ဖွားသော သစ်ပင်ငယ်သည် အချိုမဖြစ်နိုင်ပဲ အမြဲမုချ ခါးရလေဘိသကဲ့သို့၊သေတတ်သော အမိကြီးမှ မွေးဖွားသော သားသည် အမြဲမနေနိုင်ပဲ ကေန်မချွတ် သေရလတ္တံ့။

(သေကျွတောင် ဦးဝိ သာက)

## အချိန်အပိုင်းအခြားမရှိ သေနိုင်၏

လူနှင့် သက်ရှိကောင် ဟူသမျှသည် မမြဲခြင်း အနိစ္စကောင်များဖြစ်သဖြင့်၊ ရက်·လ·နာရီ စသည့် အချိန် အပိုင်းအခြား မရှိပဲ ဘဝပြောင်းလဲမှု ဖြစ်နိုင်၏။

(ပင်လောင်း–ဦးသုပညာ)

# မသေသူ မရှိ

ခန္ဓာကိုယ် ဘဝဇာတ်မှာဖြင့်၊
အစသတ် ကေန်။
မရဏာခေတ် သေဒဏ်ကို၊
သေမလှန် နိုင်ခြင်း။ ။
ရှိသမျှ သတ္တဝါ၊
နတ်ပြဟ္မာ မျှားလှခပင်း။ ။
မလွတ်ရိုး ယင်းအမှန်၊
ကြွင်းမကျန် နှောင်သွင်း။ ။
အတင်းကန် ရောင်မငြင်းကြနဲ့၊
ပြောင်သလင်းစင်အောင်။ ။
ဘုံလောကီ အခြေယွင်းစေဖို့၊
သေစာရင်း မီးဆက်လို့လောင်။ ။
သဗ္ဗညု ထွဋ်ခေါင်တောင်၊
မလွတ်ပေါင် စရိုက်လမ်းမို့၊
အမြိုက်နန်း ပြည်နိဗ္ဗူ၊
မြန်ကြွတော်မူ။ ။
နာမ်နှင့်ရုပ် အခြေထူလျှင်၊
မသေသူ ရှိဘူးကွဲ့လေး။ ။

(လယ်တီပဏ္ဍိတ ဦးမောင်ကြီး)

## မလွတ်ကျင်းရှာ သေမင်းရွာ

အင်အားကြီးခြင်း၊ ရှင်သေမင်းနှင့်၊ ရှောင်ကွင်းမရ၊ ဝေနေယျတို့၊ ဤလဤရက်၊ဤမနက်မှာ၊ သေပျက်စေကြောင်း၊ ရက်ချိန်းတောင်းမှု၊ ပြုရိုးဓမ္မတာ၊ မည်သည့်ကမ္ဘာ၊ မရှိပါတကား။

သေမင်းလွတ်အောင်၊ လက်ဆောင်တံစိုး၊ လာဘ်ပေးမျိုးလည်း၊ ရနိုးမှန်စွာ၊ မည်သည့်ကမ္ဘာ၊ မရှိပါတကား။

ရန်သူသေမင်း၊ အောင်ပွဲနှင်း၍၊အောင်ခြင်းမဟာ၊ဘဂဝါလည်း၊ မှန်စွာမသွေ၊ ခန္ဓာကြွေ၍၊ သေမင်းလက်မှာ၊ရောက်ရပါတကား။

ဩော်–မျိုးဇာတ်သိမ်းခြုံ၊ လုံးစုံသတ္တဝါ၊တို့သည်ပါလည်း၊ တနည်းနည်းသာ၊ မှန်စွာမသွေ၊ ခန္ဓာကြွေ၍၊ သေမင်းလက်တွင်း၊ သက်ဆင်းရမည်ပါတကား။

(မဟာနန်–ဘိက္ခုအရိယဓမ္မ [မန်း] )

## ဘုရားသော်မှ တားမရ

အများလူရှင်၊ ဉာဏ်ဝယ်ထင်လော့၊နေ့စဉ်ကြုံရေး၊ အိုမည့်ဘေးကို၊ အတွေးနယ်ကျယ်၊ တို့ကြောက်ဖွယ်တည်း၊ ကိုယ်ဝယ်ကပ်ငြိ၊ ရောဂါဖိ၍၊ ဗျာဓိတရား၊ ဆိုက်ရောက်ငြားသော်၊ ဆေးဝါးခတ်စာ၊ စားသုံးပါက၊ ထိုဗျာဓိဘေး၊ ငြိမ်းနိုင်သေး၏။ အိုဘေးကိုမူ၊ တို့ရန်သူဟု၊ တို့လူဗိုလ်ထု၊ သန်းချီ

ငှ၍၊ အဏ္ဏမြှုပ်း၊ ဘယ်လိုသုံးသော်၊ အရှုံးသာတိုင်၊ တို့မနိုင်တည်း။ သူပိုင်ဟုခေါ်၊ အိုရုပ်ပေါ်အောင်၊ ရင့်ရော်စေထ၊ ဇိဂဏှာဟု၊ လောင်တငြိုးငြိုး၊ တေဇောမီးဖြင့်၊ မြှိုက်ပြီးပြန်၍၊ နေ့နေ့ညည၊ ခဏမစဲ၊ လောင်ဆဲတင်းလင်း၊ သည်အိုခြင်းမူ၊ စားရင်းလဲအို၊ အိပ်ယင်းအိုလျက်၊ လူကိုလွှမ်းမိုး၊ ကမ္ဘာစိုးသည့်၊ တန်ခိုးကြီးစွာ၊ ဗြဟ္မာသိကြား၊ မဆိုထားဘိ၊ ဘုရားသော်မှ၊ တားမရခဲ့၊ ခန္ဓာ့ဝန်ထုပ်၊ မငြိမ်းချုပ်၍၊ နာမ်-ရုပ်ရှိလျှင်၊ အိုမြဲပင်တည်း၊ အိုလျှင်နာမြဲ၊ သေမစဲနှင့်၊ တဝဲလည်လည်၊ ခန္ဓာစည်၍၊ အောက်ပြည်လေးရွာ၊ အိမ်ပမာသို့၊သူငါဝင်ထွက်၊ ဆင်းရဲဆက်လည်း၊ ရှေးဆက်ရှည်လျား၊ ဝဋ်မီးပွားသည်၊ အများငါတို့ ကြောက်ဖွယ်သောဝ်။

(မလှိုင်မြို့၊ ကံကြီးဆရာတော် ဦးစန္ဒဇောတိ)

## ခြေလှမ်းတိုင်း သေခြင်းသို့ နီးကပ်လာ

အိုရဟန်းတို့၊ သေခြင်း သဘောတရားသည် အလွန်လျင်မြန်လှ၏။ နွားသတ်ရာဌာန နွားသတ်ကုန်းသို့ ခေါ်ဆောင်သွားခြင်းခံရသော နွားသည် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း သေခြင်းသို့ နီးကပ်လာရဘိသကဲ့သို့ လူတို့သည်လည်း နေ့ကုန်တိုင်း၊ နေ့ကုန်တိုင်း သေခြင်းအချိန်သို့ တနေ့ထက်တနေ့ နီးကပ်ကာ၊ နီးကပ်ကာ လာရချေပြီဟူ၍ ဟောတော်မူလေသည်။

(အင်္ဂုတ္တိုရ်၊ သတ္တကနိပါတ်၊ မဟာဝဂ်)

## တနေ့ကျ သေရမည်သာ

အနှစ်တရာ သို့မဟုတ် အနှစ်တရာထက် လွန်၍ အသက်ရှည်သူ ရှိချင်ရှိပေလိမ့်မည်။ သို့ရာတွင် တနေ့ကျလျှင် သူသည်ချစ်ခင်ကြင်နာသူများ၏ ကြားထဲမှ ခွဲခွာ သွားရမည်သာ ဖြစ်သည်။

(သုတ္တနိပါတ၊ သလ္လသုတ္တ)

## သေမင်း၏ ကျော့ကွင်း

နိုးနိုးကြားကြား နေထိုင်လော့။ မြဲမြံခိုင်ခံ့သော ဆုံးဖြတ်ချက်များဖြင့် ငြိမ်းချမ်းမှုရအောင် အလေ့အကျင့်ပြုလုပ်လော့။ သင် နမော်နမဲ့ နေသည်ကို တွေ့ရလျှင် သေမင်းသည် သူ၏ မောဟကျော့ကွင်းဖြင့် ဖမ်းယူလိမ့်မည်။

(သုတ္တနိပါတ၊ ဥဋ္ဌာနသုတ္တ)

## သေခြင်းလျှင် လဲလျောင်းရာ

ငယ်သည် ဖြစ်စေ၊ ကြီးသည် ဖြစ်စေ၊ မိုက်သည် ဖြစ်စေ၊ လိမ္မာသည်ဖြစ်စေ၊ အားလုံး သေမင်း၏ လွှမ်းမိုးခြင်းကိုခံရ၏။ ဤ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် သေခြင်းလျှင် လဲလျောင်းရာ ရှိကြကုန်၏။

(သုတ္တနိပါတ၊ သလ္လသုတ္တ)

## မုချသေရမည်သာ

မသေနိုင်သည့် နည်းလမ်းဥပါယ်ဟူ၍ မရှိ၊ မွေးဖွားပေါ် ပေါက်လာသူမှန်သမျှ မုချသေရမည်သာ ဖြစ်၏။ သေခြင်းသည် သတ္တဝါတို့၏ သဘာဝတရားသာလျှင် ဖြစ်၏။

ဤ ကမ္ဘာလောက တခုလုံးသည် သေခြင်းနှင့် အိုခြင်း၏ ဝါးမျိုခြင်းကို ခံရ၏။

(သုတ္တနိပါတ၊ သလ္လသုတ်)

## သေခြင်းတရားလျှင် လဲလျောင်းရာ

ဟယ်– ဇရာယုတ်၊ သင်သည် စက်ဆုပ်ဖွယ် ကောင်းလေစွ။ သင်သည် အဆင်းပျက်အောင် ပြုလုပ်၏။ နှစ်သက် ဖွယ် ကောင်းသော ခန္ဓာကိုယ်ကို ဇရာတရားက ဖျက်ဆီးပစ်လေပြီ။ နှစ်ပေါင်းတရာ အသက်ရှည်သော သူလည်း သေခြင်းတရား လျှင် လဲလျောင်းရာ ရှိ၏။ သေခြင်းတရားသည် မည်သူ့ကိုမျှ မရှောင်၊ သတ္တဝါ ဟူသမျှကိုပင် နှိပ်စက် ဖျက်ဆီး၏။

(မဟာဝဂ္ဂသံယုတ်၊ ဇရာဝဂ်၊ ဇရာဓမ္မသုတ်)

## သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး

(၁) အရွယ်အဆင်း၊ ပြည့်စုံခြင်းကား၊ အိုခြင်းနောက် ဆုံး ရှိချေသည်။

(၂) ရုပ်ရည်အဆင်း၊ လှပခြင်းကား၊ ပျက်ခြင်းနောက် ဆုံးရှိချေသည်။

(၃) ရောဂါကင်းရှင်း၊ ကျန်းမာခြင်းကား၊ နာခြင်း နောက်ဆုံး ရှိချေသည်။

(၄) ဝိညာဉ် တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံး ရှိချေသည်။

သံဝေယူရန်၊ ဤလေးတန်၊ သင့်ထံ မြင်အောင် ရှုရမည်။
မြင်အောင်ရှုမှ၊ နောက်ဘဝ ရောက်ရ နိဗ္ဗာန်ပြည်။

(အရှင်နန္ဒာစာရ၊ ဝက်လက်)

## ကွဲဖို့နှင့် မွဲဖို့

ခြေရုံလင်မယား၊ သမီးသားနှင့်၊ စီးပွားအာရုံ၊ ကာမဂုဏ် တို့ကား၊ ကွဲဖို့နှင့် မွဲဖို့ အစစ်တရားတည်း။

ဒါန သီလ၊ တပ ကင်းကွာ၊ ဘာဝနာ တို့ကား အစဉ် ကောင်းဖို့နှင့် ပေါင်းဖို့သာတည်း။

တနေ့ဝင်လျက်၊ တနေ့ထွက်၊ သေဘက်နီးလာပြီ။
ပုခက်နှင့် ဝေးလေလေ – သင်္ချိုင်းနှင့် နီးလေလေ။

(မိုးညှင်းဆရာတော်ကြီး)

## သေခြင်းတရားကို မလွန်နိုင်

**ကောသလမင်းကြီး။** ။"အရှင်ဘုရား တပည့်တော် ချစ်မြတ်နိုးသော အဘွားၡ၏ အသက်ကို မသေပါစေနဲ့။တပည့်တော် အဘွား၏ အသက်ကို တိုင်းပြည် တဝက်ကို ပေး၍ လဲလှယ်လို့ ရနိုင်ပါလျှင် တပည့်တော်၏ အဘွား အသက်ကို တိုင်းပြည် တဝက်ပေး၍ လဲလှယ်ယူပါမည် ဘုရား"ဟု လျှောက်ထားရာ။

ဗုဒ္ဓ။ ။"ဒါယကာ မင်းကြီး၊ အားလုံးသော သတ္တဝါတို့သည် သေခြင်းလျှင် အဆုံးရှိကုန်၏။ သေခြင်း တရားကို မလွန်ဆန်နိုင်"ဟု ဟောတော် မူသော အခါ၊ မင်းကြီး က ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးလေသည်။

ဆက်လက်၍ ဟောကြားတော် မူသည်မှာ - "သတ္တဝါ အားလုံးတို့သည် သေကုန်လတ္တံ့။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိကုန်၏။

"သတ္တဝါအားလုံးတို့သည်ကောင်းကျိုး၊မကောင်းကျိုးကို ရ၍၊ထို ကံအားလျော်စွာ လားရကုန်လတ္တံ့။ မကောင်းမှုကို ပြုသောသူသည် ငရဲသို့ လားရ၏။ ကောင်းမှုကို ပြုသော သူသည် သုဂတိသို့ လားရ၏။ ထို့ကြောင့် တမလွန်ကို ဆည်းပူးသောသူသည် ကောင်းမှုကို ပြုရ၏" ဟု ဟောတော်မူ၏။

(သဂါထာဝဂ္ဂပါဠိတော်၊ အယျိကာသုတ်)

## ကြိုတင် သိကြောင်း အမှတ်လက္ခဏာ မရှိသော တရား(၅)ပါး

(၁) အသက်ရှင်ရမည့် ကာလအပိုင်းအခြား၊

(၂) ဖျားနာခြင်း၊

(၃) သေခြင်း၊

(၄) ခန္ဓာကိုစွန့်ပစ်ခြင်း၊

(၅) လားရာဂတိ၊

သေခြင်း။ ။သေခြင်းတရားသည် နောက်လမှ သေမည်၊ နောက်နှစ်မှသေမည်–ဟု အကြောင်းမရှိပေ။ နံနက် အခါ၌လည်း သေနိုင်သည်၊ မွန်းတည့် အချိန်၌လည်း သေနိုင်သည်။ညနေ အခါ၌သည်း သေနိုင်သည်။ ထို ထိုအပ်ခဲ့ပြီးသော အချိန်တို့သည် သေနိုင်သော အချိန်တို့ချည်းသာ ဖြစ်ကြသည်။

မည်သည့် အချိန် အခါမဆို သေချင်သည့် အခါ၌ ကောက်ကာ ငင်ကာ သေလေ့ ရှိကြသည်။

(သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ)

## ဖြစ်တာ မှန်သမျှ ပျက်ရမည်

လောကကြီးမှာ ပဋိသန္ဓေနေရခြင်း ဆိုတဲ့ ဇာတိရှိပြီ ဆိုမှ ဖြင့် သေရခြင်းဆိုတဲ့ မရဏ သဘောတရားဟာ ဘယ်လိုမှ ရှောင်လို့ လွတ်နိုင်တာမျိုး မဟုတ်ဘူး။ မွေးလျှင် သေရမှာပဲ။ ဖြစ်လျှင် ပျက်ရမှာပဲ။ ဘာမဆို ဖြစ်တာမှန်သမျှ ပျက်ရမှာ ချည်းပဲ ဆိုတာ သေချာစွာ မှတ်လိုက်ပါ ချစ်သမီး။ ။

(ပဋာစာရီဝတ္ထု)

## သက်ကြီးရွယ်ရင့် သေချိန်သင့် နေခွင့်မရပြီ

ဥပါသကာ-သင်သည်ယခုအခါ အရွယ်လွန်ချေပြီ။ သေမင်း၏ အထံသို့ သွားချိန်ရောက်ခဲ့ပြီ။ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ၊ သင့်အား ဘဝတပါးသို့ သွားရန် ကောင်းမှု ရိက္ခာလည်း မရှိ။

(ဓမ္မပဒ၊ ဂေါဃာတကပုတ္တ ဝတ္ထု)

## တခါရောက်က တခေါက်မပြန်

ဘုတ္တော ဘုတ္တောပိ ယံကာ ယော၊
ဘုစိ ရောဂါ သယိသယိ။

အယံကာယော—ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးသည်၊ ဘုတ္တော ဘုတ္တောပိ—နေ့စဉ် နေ့စဉ် စားပွဲပြင်ဝယ် ချိုချဉ်

သိမ့်အေး ရသော့ပေး၍ ကျေးမွေးသုတ်သင် ဘယ်လောက်ပင် စားကြွေးပါသော်လည်း၊ ရောဂါသယီ-ကျင်နာညစ်ကိုး ရောဂါမျိုးတို့ အုပ်စိုးတည်ရာ အနာဂုံကြီး အစစ်ဒကန်ဖြစ်၍၊ ဘုဝိ-တခါရောက်ကတခေါက်ပြန် သုသာန်သင်္ချိုင်းမြေလုပ်တိုင်း၌၊ သယီ-ဥစ္စာစည်းစိမ်ဂုဏ်ဘသိန်နှင့် ထိန်ထိန်ဝတ်ကား၊ မော်ကြွားငင့်ဝါ မောက်မာခဲ့သမျှ ပိုင်းပိုင်းကျ၍ ပွဲပျမတန် ညှိန်သိုးပုပ် စက်ဆုပ်ရွံရှာ ညံ့တကာအားလုံး ရှုမှန်းမသတီ တလွှတ်တွှနှင့် ပြည့်ရှာကိုခွင်း ခြောက်ပေတွင်းဝယ် စင်းစင်းကြီး နေရခလေတော့၏။

## ဟင်-ကြောက်မက်ဖွယ် သေမင်းပါတကား

ဟာ-သံယောဂါ၊ ဝိယောဂန္တာ
ဟာ-အနိစ္စာ၊ သဗ္ဗသင်္ခါဘာ
ဟာ-ဥပန္နာစဘင်္ဂန္တာ
ဟာ-ဟာသင်္ခတဓမ္မတာ ။

သာဓေါ—ဓမ္မသံဝေ အရပွေရန်၊ တည်နေကြကြောင်း ကို သူတော်ကောင်းတို့။

သံယောဂါ—ဆက်ဆံပေါင်းသင်း တွေ့ဆုံခြင်း မှန်မှန်သမျှ တို့သည်။ သံယောဂါ— သားနှင့် အဖ၊ သားနှင့် အမိ၊ သားသမီးတို့နှင့် အဖ အမိ၊ တပည့်တို့နှင့် ဆရာ၊ ဆရာတို့နှင့်တကာ၊ ဆွေညာတိတို့နှင့် မိတ်သင်္ဂဟာ၊ ညီအစ်ကို မောင်နှမ၊ ဇနီးမောင်နှံ၊

ဤသို့ စသည့် ဆက်ဆံပေါင်းသင်း တွေ့ဆုံခြင်း မှန်မှန်သမျှ တို့သည်။ ဟာဝိယောဂန္တာ-သေကွဲ ရှင်ကွဲ ဤနှစ်ကွဲဖြင့် ရှောင်လွဲ၍မရ၊ ခစားသော်လည်း ခွင့်မသာ၊ ဥစ္စာတံစိုး လက်ဆောင်ထိုးသော်လည်း ယုံနိုးခွင့် သိပ်မထင်၊ ဉာဏ်နက်နက် တွေးဆင်ခြင်က၊ ဟင်....ကွေကွင်းခြင်းလျှင် အဆုံးရှိပေစွ။ သဗ္ဗသင်္ခတာ– အလုံးစုံသော သင်္ခါရမှန်သမျှတို့သည်။ သဗ္ဗသင်္ခတာ–ကံ၊ စိတ်၊ ဥ၊ ဟာ အစဖြာသား၊ တရားသောင်းပြောင်း၊ အကြောင်းကြောင်းတို့ ပေါင်း၍ပြုမှ၊ အနိုင်နိုင် ဖြစ်ပေါ်ကြသည့် သဇီဝနိဇ္ဇီဝ သက်ရှိ သက်မဲ့၊ ပြဲ့ပြဲ့ကုန်စင်၊ မြင်မြင်သမျှ၊ သင်္ခါရတရား အစုတို့သည်၊ ဟာ–အနိစ္စာ– ဟင် အမြဲမရှိကုန်၊ ဟာအနိစ္စာ–ဥပါဒ်ဌီတင်၊ ဌီသို့ဝင်၍၊ ဘင်္ဂကွဏ၊ မရဏဖြင့်၊ ရွရွလှုပ်လှုပ်၊ တချုပ်တည်း ချုပ်၍ နေကြသော နာမ်ရုပ်တို့ ဖြစ်အင်။ ဉာဏ်နက်နက်တွေးထင်က၊ ဟင် မမြဲကုန်စွ။ ဥပန္နာစ–ဥပါဒ်ထင်ရှား၊ ဖြစ်ပွားသမျှ၊ သင်္ခါရတရားတို့သည်လည်း၊ ဟာ–ဘင်္ဂန္တာ– ဟင် ပျက်စီးဆုံးရှုံးခြင်းလျှင် အဆုံးရှိကုန်စွ၊ ဟာ–ဘင်္ဂန္တာ– ဥပါဒ်တွင်သာ တည်စေချင်၊ ဌီထွင်၌ကား ရပ်ပါလား၊ ဘင်ခဏသို့ မသွားနိုင့်လို့၊ ဘယ်နတ် ဘယ်ဗြဟ္မာ၊ ဘယ်ရာဇာ၊ ဘယ်လူတားတား၊ လားလားမှ မရအင်၊ ဉာဏ်နက်နက် တွေးဆင်ခြင်က၊ ဟင် ပျက်စီးခြင်းလျှင် အဆုံးရှိကုန်စွ။ သင်္ခါရဓမ္မတာ–တွေ့ဆုံလျှင်ကွဲ၊ ဘယ်တော့မှ မမြဲသည့် ဖေါက်လွဲတတ်စွ ရုပ်နာမ်နှစ်ဝ၊ သင်္ခတတို့၏ ဓမ္မတာတည်း။ ဟာ–ဟာ– ကြောက်လန့်ဖွယ်တွေ၊ ဟင် ဟင်–ထိတ်လန့်ဖွယ်တွေ၊ ဟာ–ဟာ– တို့ သူငါများ မဆိုထားဘိ၊

ဘုရားသော်မှ မငြင်းသာ၊ ရဟန္တာသော်မှ မတည်အပ်၊ သာသနာပြု ထိပ်ခေါင်တင်၊ သီလရှင် ဆရာကြီးကိုမှ မချန်ထား၊ ဘုရားတန်ဆောင်း၊ ဂူကျောင်းပြာသာဒ် အရပ်ရပ်စေတီတို့ကို မွမ်းမံ၊ သာသနာ့အခြေခံ စာသင်တိုက်ကြီးတွေကို တည်ထောင်၊ သာသနာ့ယဉ်ကျေးမှု အရပ်ရပ်တို့ကို ဖန်ဆင်း၊ သာသနာရောင် တောက်ပြောင်ထိန်လင်းအောင် ဆောင်ရွက်၊ ထက်အာကာခွင်၊ သာသနာ့ ကောင်းကင်ဝယ်၊ သော်တာယုန်နန်း၊ လပြည့်စန်းကဲ့သို့ လျှမ်းလျှမ်းတောက်ပနေသော ဂုဏ်ကိုလည်း မထောက်စာ၊ မခိုင်မာ မတည်အပ်၊ နာမ်ရုပ်နှစ်ရပ်တို့၏ ဖြစ်ပုံအလားသည် တရားလက်ရှိသက်ဝင်၊ ဉာဏ်နက်နက်တွေး ဆင်ခြင်က၊ ဟင် ဟင်– ကြောက်လန့်ဖွယ်တွေပါတကား။ ဟင်–ထိတ်လန့်ဖွယ်တွေပါတကား၊ ဟင် ဟင်– ကြောက်လန့်ဖွယ်၊ ထိတ်လန့်ဖွယ်တွေပါတကား။ ။

(သီလရှင် ဆရာကြီး ဒေါ်ဉာဏစာရီ၏ သံဝေဂဂါထာ)

## သေမင်းဂေဟာ-ပျော်ဝံ့ရာ

မစ္စုနာ သင်္ဂရော နတ္ထိ၊
လဥ္ဇဂ္ဂါဟော နဝိဇ္ဇတိ၊
ယုဒ္ဓါ နတ္ထိ၊ ဇယောနတ္ထိ၊
သဗ္ဗေ မစ္စု ပရာယနာ။

မစ္စုနာ–(သေမင်းနှင့်)ဝါ– ဇာတိနှင့်ဇရာ ဤ နှစ်ဖြာတို့ကို၊ မသတိစရာ၊ မရဏခေါ်ဆိုရသည့် တဘဝ တဘဝ၏-

အဆုံးမမှု။ သူကသာ-အနိုင်ရသဖြင့်၊ ပြိုင်ယှဉ်သူ ကင်းပ၍၊ မရဏာဟု အမည်ရသည့် သေမင်းအမှုနှင့်၊သက်ရော၊ ဘယ်နှစ်-ဘယ်လ-ဘယ်ကာလမှ လာပါရစေ၊ တောင်းဆုချွေ၍ သေချာအောင်ပြု(ချိန်းချက်မှုသည်)၊နတ္ထိ—စင်စစ် ကေန်၊ မရှိနိုင်ရိုးမှန်သည်သာလျှင်တည်း။ ။လဉ္ဇဂ္ဂါဟော– ရွှေ၊ ငွေ၊ရတနာ၊ ဝတ်တန်ဆာနှင့်၊ အဖြာဖြာအဝဝ၊ ပေးကမ်းဖွယ်ရာ·ဟူသမျှကို၊ တောင်းပန်ခယ၊လက်ဆောင် သသော်လည်း၊ မုချအငို၊ ယူလိုသည့်သဘောသည်၊ နဝိဇ္ဇတိ— ကေန်တိတိ မရှိနိုင်ရိုးမှန် သည် သာ လျှင်တည်း။ ။ယုဒ္ဓါ—လက် နက် စွဲကိုင်၊အားချင်းပြိုင်၍၊ သူနိုင်ကိုယ်နိုင်၊ ငိုင်ငိုင်လွှမ်းမိုး၊ စစ်ထိုးနိုင်ခွင့်သည်၊ နတ္ထိ-ကေန်တိတိ၊ ဘယ်တော့ဘယ်ခါ၊ ဘယ်ကမ္ဘာမှ မရှိ မရရှိနိုင်သည်သာလျှင်တည်း။ ဇယောပိ–ခား ၊လုံလွှမ်းမိုး၊ စစ်ပြိုင်ထိုး၍၊ နိုင်ရိုးထုံးစံသည်လည်း။ နတ္ထိ—မုချအမှန်၊ တရံတဆစ်မျှ၊ မဖြစ်နိုင် သည် သာ လျှင် တည်း။ သဗ္ဗ–ကြွင်းမဲ့ဥဿုံ၊ အလုံးစုံအဝဝ–သတ္တဝါမှန်သမျှတို့သည်၊ ဝါ-ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဗြဟ္မာနတ်လူ ခပ်သိမ်းသောသူတို့သည်။မစ္စု ပရာယနာ—သေမင်းပိုင်စံ၊ ၃၁-နိုင်ငံ၌သာလျှင်၊ လဲလျောင်းရာဌာန ဖြစ်ရှိကြကုန်လေတော့သတည်း။ ။

([illegible]ဒိသ နိပါတ်၊ တေသကုဏ ဇာတကဝဏ္ဏနာ။)

## သေရမည်မှာမလွဲသာတည်း

နဟိသော ပက္ကမောအတ္ထိ၊
ယေန ဇာတာ နမိယျရေ၊
ဇရမ္ပိ ပတွာမရဏံ၊
ဧဝံဓမ္မာ ဟိပါဏိနော။

ယေနဥပက္ကမေန–အကြင်သိပ္ပ၊ လောကမန္တရား၊ ဘေးတား ရန်ခု၊ လုံ့လမှုဖြင့်၊ ဇာတာ–ဖြစ်လာပေါက်ဖွား၊ သတ္တဝါ များတို့သည်၊ နမိယျရေ–ကမ္ဘာရေမြေ၊ ဆုံးပျက်ကြေလည်း၊ မသေ မပျောက်နိုင်ကြကုန်၊ သောဥပက္ကမော- သုံးဆဲ့တပြေ၊ ရှာနှောက်မွှေလည်း၊ ထို မသေကြောင်း လုံးလကောင်းသည်၊ နဟိအတ္ထိ=မရှိသည်သာလျှင်တည်း။ ဇရံ–ဆံဖြူ သွားကျိုး၊ သားရေညှိုး၍၊ ရုပ်ဆိုးယိုယွင်း၊ အိုးမင်းခြင်းသို့။ ပတွာပိ– ရောက်၍ သော်လည်းကောင်း၊ အပတွာပိ–မရောက်မီသော် လည်းကောင်း။ မရဏံ–ကဒေါ်ကရိုက် မြောကာ ရှိုက်၍၊ မောဟိုက်ပုပြင်း သေရခြင်းသည်။ ဟောတိ–ဓမ္မတာမချွတ်၊ သံသရာငြိမ်မို့ မလွတ်နိုင်ပေ၊ ဖြစ်ရချေ၏။ ဟိသစ္စံ–ငါဘုရား၏၊ တရားသာမုက္ကံ၊ စင်ငင်မှန်၏။ ပါဏိနော–သံသရာဝဋ် မကွာ ကျွတ်၍၊ မလွတ်သမျှ၊ ဘုံဘဝဌ၊ ကြုံရများစွာ သတ္တဝါတို့ သည်၊ ဧဝံဓမ္မာဟိ–ဤသို့မလွဲ၊ မြောက်သည့်ခဲကဲ့သို့ သေရမြဲ သဘောရှိကြကုန်သည်သာလျှင်တည်း။

(သလ္လသုတ် ပါဠိတော်)

## သေမင်းသည်သာ လဲလျောင်းရာ

ဒဟရာစ မဟန္တာစ၊
ယေဗာလာ ယေစပဏ္ဍိတာ၊
သဗ္ဗေမစ္စု ဝသံယန္တိ၊
သဗ္ဗေ မစ္စု ပရာယနာ။

ဒဟရာ—သန္ဓေနေစ၊ ကလလမှ၊စ၍နုနယ်၊ ငယ်သောအရွယ် ရှိကြကုန်သော။ ယေစသတ္တာ—အကြင် လူ့ရွာ လူ့ဘုံ၊ ရေးကံ ဟုန်ဖြင့် ဖြစ်ကြုံရောက်လာ၊ သတ္တဝါတို့သည်လည်းကောင်း၊ မဟန္တာ—ဆံဖြူသွားကျိုး ဇရာမိုး၍ နွမ်းညှိုးကုန်းကွ၊ အိုမင်း ကြကုန်သော။ ယေစသတ္တာ—အကြင် လူ့ရွာ လူ့ဘုံ၊ ရေးကံ ဟုန်ဖြင့် ဖြစ်ကြုံရောက်လာ၊ သတ္တဝါတို့သည်လည်းကောင်း၊ ဗာလာ—မသိကြောင်းကျိုး ဂတိညှိုး၍၊ညစ်ဆိုးယုတ်စွာ မလိမ္မာကုန်သော။ ယေစသတ္တာ—အကြင် လူ့ရွာလူ့ဘုံ၊ရေးကံဟုန် ဖြင့် ဖြစ်ကြုံရောက်လာ၊ သတ္တဝါတို့သည် လည်းကောင်း၊ ပဏ္ဍိတာ—သင့်မသင့်နိုး၊ အရောင်မျိုးနှင့်၊ ကြောင်းကျိုးမြော်သိ ပညာရှိကုန်သော၊ ယေစသတ္တာ—အကြင် လူ့ရွာလူ့ဘုံ၊ ရေးကံ ဟုန်ဖြင့် ဖြစ်ကြုံရောက်လာ သတ္တဝါတို့သည် လည်းကောင်း၊ သဗ္ဗေ= လိမ္မာမဟူ၊ မိုက်သူမထား၊ မွေးဖွားနုကင်း၊ အိုမင်း ကုန်းကွ၊ ရှိသမျှအကုန်၊ အလုံးစုံကုန်သော သတ္တဝါတို့သည်၊ မစ္စုဝသံ—မညှာမထောက်၊ တခါရောက်က၊တခေါက် မပြန်

သေမင်းနိုင်ငံသို့။ ယန္တိ–အမြန်တစော အကြုံကော၍ ကဒေါ ကရိုက်၊ သေဇောဆိုက်လျက်၊ စိုက်စိုက်နေ‌ကြကာ၊ လိုက်ကြရ ကုန်၏။ သဗ္ဗေ–ပုပုမြင့်မြင့် နုအရင့်နှင့်၊ ကျင့်မကျင့်ဟူ၊ ကိုက်ညူ ကဝိ၊ မရှိနှမ်းပါး၊ ပေါများဆူကြုံ အလုံးစုံသော သတ္တဝါ တို့သည်။ မစ္စုပရာယနာ–ကရုဏာကင်း အားအားပြင်းသည့် သေမင်းသလျှင် လဲလျောင်းရာ ရှိကုန်၏။ ။

## သေမင်း၏ ဝါးမျိုကိုက်စားရာ

ဇရာယ ပရိမဒ္ဒိတံ တော၊
မိလာတ ထဝိ စမ္မ နိဿိတံ၊
မရဏေန ဘိဇ္ဇတိ တော၊
မစ္စုဿ ဃသ မာမိသံ၊

တော–ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ ဇရာယ–သွားကျိုး ဆံဖြူ ငယ်မူယိုယွင်း၊ အိုမင်း ရင့်ရော်ခြင်း ဇရာသည်။ ပရိမဒ္ဒိတံ–အစဉ်မပြတ် နှိပ်စက်အပ်၏။ တော–ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ မိလာတထဝိစမ္မနိဿိတံ–ဇရာက တရှေ့ရှေ့ ညှဉ်းပန်းသဖြင့် ညှိုးနွမ်းသောအရေကို မှီနေ၏။ တော–ဤခန္ဓာ ကိုယ်ရုပ် အကောင်ပုပ်သည်။ မရဏေန –ဇရာ ညှဉ်းသဖြင့် သေဆုံးရခြင်းကြောင့်။ ဘိဇ္ဇတိ – ဖရိုဖရဲ ပြိုကွဲ ပျက်စီးရ၏။ မစ္စုဿ–သုံးဆဲ့တဘုံ အကုန်ခွင်းသည့် သေမင်း၏။ ဃသမာ မိသံ–ဝါးမျို ကိုက်စားရာ အာမိသပေတည်း။

(သုတ္တနိပါတ အဋ္ဌကထာ)

## သေခြင်းသာလျှင် မြဲ၏

ပြိုကွဲတတ်သော သဘောသည် ပြိုကွဲတတ်၏။ ပျက်စီးတတ်သော သဘောတရားသည် ပျက်စီးတတ်၏။ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် အနိစ္စ အမြဲမရှိကုန်။ ဤသို့ သေခြင်းသဘောသည်သာလျှင် နိစ္စ မြဲ၏။

(အဘိဓာန်သုတ် ပါဠိတော်)

## သေမင်းနိုင်ငံ မလွန်ဆန်နိုင်

အနိစ္စာဝတသင်္ခါရာ ဟူသော ပါဠိတော်မြတ် အတိုင်း အကြောင်းပြုပြင် စီရင်၍ ဖြစ်ပေါ်ရသမျှသော သင်္ခါရတရား ဟူသမျှ ပျက်စီးခြင်း မရဏဓမ္မသို့သာ ခေါင်းဆိုက်၍ အဆုံးသတ်ရ၏။

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး သူမတူတန်နိုင်းစံမရသော ပါရမီသမ္ဘာရတို့ကို ဖြည့်ကျင့်၍ အန္တိမဘဝိက အခါ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာဖြင့် ပြည့်စုံ၊ ဝသဝတ္တိဘုံ၌ ထန်ပြင်းသော တန်ခိုးရှိသော မာန်မင်းနှင့် တကွ မာန်ငါးပါးကို အောင်မြင်ပြီးကာ သစ္စာ လေးတန်ကို အမှန်သိမြင်သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသော လောကထွဋ်ထား ဘုရားကိုယ်တော်မြတ်ကြီး စဉ်လျက် ပျက်စီးရခြင်းတည်းဟူသော မရဏနိုင်ငံမှ မလွတ်နိုင်ချေ။

(မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီ–၇၈)

## တလောကလုံး သေခြင်းမကင်း

ဤကမ္ဘာလောက တခုလုံးသည် သေခြင်းနှင့် အိုခြင်း၏ ဝါးမျိုခြင်းကို ခံရ၏။ ဤကား လောကတံထွာ မွေတာပင်။ ဤသို့ စဉ်းစားဆင်ခြင်မိသော ပညာရှိတို့သည် ပူဆွေးသောက မဖြစ်ကြကုန်။

ပူဆွေးသောကဖြစ်နေခြင်းဖြင့် သေဆုံးသွားသည့် သတ္တဝါ အတွက် ဘာအကျိုးကျေးဇူးမှ မရှိပေ။

(သုတ္တနိပါတ၊ သလ္လသုတ္တ)

## ဘုရားကိုပါ မညှာတာတဲ့ သေမင်း

အာဝုသော သဒေဝကေလောကေ အပ္ပဋိပုဂ္ဂလဿ သတ္ထုနော အယံ မစ္စုရာဇာ နလဇ္ဇတိ၊ ကိမင်္ဂ ပန လောကိယ မဟာဇနဿ လဇ္ဇိဿတိ။

ငါ့ရှင်တို့၊ နတ်နှင့် တကွသော လောက၌ အတုမရှိသော မြတ်စွာဘုရားကိုသော်ပင် ဤသေမင်းသည် အရှက်မရှိတုံသေး။ လောကီသား လူများအပေါင်းကိုမူကား ဘယ်မှာ ရှက်ပါ တော့အံ့နည်း။

(သုတ်မဟာဝါ အဋ္ဌကထာ)

## သုသာန်သို့ ပို့ဆောင်နေပုံ

ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါစေတိ ဂေါစရံ၊
ဧဝံ ဇရာစ မစ္စုစ၊
အာယုံ ပါစေန္တိ ပါဏိနံ။

ဂေါပါလော—သနွားမဖက် တရားပျက်၍ ရိုက်နှက် ပုတ်မောင်း နွားကျောင်းသားသည်။ ဒဏ္ဍေန—သစ်သား ကြိမ်နွယ် သွယ်သွယ်များဖြင် ဒုတ်နှင်တံဖြင့်။ ဝါ—နွားကို ရိုက်ရန် တမင်ဖန်သည့် နကန်ခေါ် ငြေား တပြာအားဖြင့်။ ဂါဝေါ—သူပြုသမျှ နုကြရသည့် သနွားစရာ နွားဆိုတဲ့သတ္တဝါတွေကို။ ဂေါစရံ – နွားစားကျက်သို့။ ပါစေတိ – ရိုက်ကာ ပုတ်ကာ ညှဥ်းပန်းကာဖြင့်၊ မှန်စွာမသွေ ပို့ဆောင်လေသကဲ့သို့။ ဧဝံ တထာ=ပမာနှိုင်းယူ ထို့အတူသာလျှင်။ ဇရာစ—ဆံဖြူ သွားကြွေ သားရေ ယိုယွင်း အိုခြင်းဆိုတဲ့ ဇရာ တရားသည်လည်းကောင်း။ မစ္စုစ—ခန္ဓာပျက်ကြွေ သေခြင်းဆိုတဲ့ မရဏတရားသည်လည်းကောင်း။ ပါဏိနံ—ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် ခပ်သိမ်းဥဿုံ လုံးစုံများစွာ သတ္တဝါတို့၏။ အာယုံ—ရုပ် နာမ်နှစ်ထွေ အသက်ဆိုတဲ့ ဇီဝိတိန္ဒြေကို။ ပါစေန္တိ—သုသာန်တစ သင်္ချိုင်းဝသို့ မကျကျအောင်ပို့ဆောင်၍ နေလေသည်တကား။

(ဂါထာတထောင်-၂၆)(ဓမ္မပဒပါဠိတော်၊ဒဏ္ဍဝဂ်ဂါထာ-၁၃၅)

## ရှင်သေမင်း၏ တပ်တွေဝိုင်းလို့နေ

အာကိဏ္ဏာ မစ္စုသေနာနံ၊
အဇ္ဇသွေဝ ဝိနာသိနံ၊
အဒ္ဓါ ပဟာယ ဂါမိနံ၊
ကံ ပမာဒ ဝိဟာရိနာ။

ဘာသန္တော—နေ့တိုင်း နေ့တိုင်း အမေ့လိုင်းကြောင့် မေ့မိုင်းဝင်ကာ မေ့ဆေးရှာ၍ မေ့စရာမျှော် မေ့ဆေးဖော်စား အိုလူများတို့။ တုမေ့—အမေ့ထိပ်သီး မေ့ဆေးကြီးကို အပြီးဖော်ကာ စားသုံးကာနှင့် သံသာနောင်ရေး မတွေးမမြင် မေ့ဆေးဝင်၍ တွင်တွင်မေ့မူး မေ့ရူး ရူးနေကြကုန်သော သင်တို့သည်။ ဒါနိုင္ကဒါနိ—တရားဓမ္မ ဒုလ္လဘကို ကြားရချိန်ခါ ယခုလို သမယ၌။ ပဿထ=ကိုယ်၏ဖြစ်အင် အကြောင်းစဉ်ကို ဆင်ခြင်စဉ်းစား သတိထား၍ ကြည့်များ ကြည့်လိုက်ကြစမ်း ပါဦးလော့။ အာကိဏ္ဏာမစ္စုသေနာနံ— အင်အားကြီးလျှင်း ရှင်သေမင်းက ချက်ချင်းသတ်မည် ဝိုင်းဝိုင်းလည်၍ မာန်ဖီသုန်သုန် အဝိုင်းခံရပုံကို လည်းကောင်း။ အဇ္ဇသွေဝဝိနာသိနံ— ယနေ့လေလား နက်ဖြန်လားဟု ထင်ရှားပိုင်ပိုင် မသိနိုင်ပဲ စိုးပိုင်မရ ရင်ကိုမ၍ သေရမည့်ရေး တတွေးတွေးနှင့် မအေးလေရ စိတ်မချသည့် ကိုယ့်ဘဝကို လည်းကောင်း။ **အဒ္ဓါ ပဟာယဂါမိနံ**—ဘယ်လိုပြု၍ ကောင်းမှုစီရင် **ကောင်းအောင်**

ပြင်လည်း ကောင်းချင်သည့်တာ မဖြစ်ပါပဲ မှန်စွာ ပျက်ကြွေ သေပွဲဝင်ရမည် ဖြစ်ပေထသော။ မေ=မမ– ငါ့အား။ ပမာဒဝိဟာရိနာ– မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန်နေသည့်ဟန်ဖြင့်။ ကိံ –အကျိုးမပြီးအချည်းနှီးသာပါတကား။ ဝါ–သံသရာတခွင်မှာ အဖန်ဖန်အခါခါ။ အဟံ ငါ မေ့ကြောဆွဲခဲ့မိသမို့ အမတံမှာ ဓလေ့သဘောတွေနှင့် ဝေးခဲ့ပေပေါ့။ ဩော်— စေ့စေ့တွေးမှ ရေးရေးပေါ်၍ လာပေတော့သည်တကား။

(ဂါထာတထောင်–၂၇)

## သတ္တဝါများမှာ သေခြင်းသာလျှင် အဆုံးရှိ၏

ဒဟာရစာပိ ယေဝုဍ္ဍာ၊
ယေဗာလာ ယေစပဏ္ဍိတာ၊
အဍ္ဍါစေဝ ဒလိဒ္ဒါစ၊
သဗ္ဗေ မစ္စုပရာယနာ။

ဒဟာရ–အသက်အရွယ် သေးငယ်ကုန်သော။ ယေပိသတ္တာစ–အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဝုဍ္ဍာ–အသက်အရွယ်ကြီးကျယ် အိုမင်းကုန်သော။ ယေပိသတ္တာစ–အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဗာလာ–မသိချတ်လွဲ လွန်မိုက်မဲကုန်သော။ ယေပိသတ္တာစ–အကြင်သတ္တဝါတို့သည်လည်းကောင်း။ ပဏ္ဍိတာ–လောကုတ် လောကီ နှစ်လီတတ်သိ။ ပညာရှိကုန်သော။ ယေပိသတ္တာစ–အကြင်သတ္တဝါတို့သည်လည်းကောင်း။

အဒ္ဓါ— ဥစ္စာဓနု။ ကြွယ်ဝကုံလုံ။ လွန်ပြည့်စုံကုန်သော။ ယေဟိသတ္တာစ — အကြင် သတ္တဝါတို့သည် လည်းကောင်း။ ဒလိဒ္ဒါ—ပစ္စည်းဆင်းရဲ အလွန်မွဲကုန်သော။ ယေပိသတ္တာစ— အကြင်သတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ—ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော သတ္တဝါတို့သည်။ မစ္စုပရာယနာ—သေခြင်း လျှင် အဆုံး ရှိကြကုန်၏။

(ဇာတက၊ ၁။ ၂၃၇)

## ဇီဝိန်တင်းလင်း သက်ရှည်ခြင်း သေခြင်းနောက်ဆုံးသာ

ယတ္တာပိ ကုမ္ဘကာရဿ၊
ကတံ မတ္တိက ဘာဇနံ၊
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊
ယံ ပက္ကံ ယဉ္စ အာမကံ။

ကုမ္ဘကာရဿ— အိုးထိန်းသည်သည်။ ကတံ— ပြုအပ်သော။ ခုဒ္ဒကဉ္စ— ငယ်သည်မှုလည်းဖြစ်သော။ မဟန္တဉ္စ— ကြီးသည် မှုလည်းဖြစ်သော။ ယဉ္စပက္ကံ — အကြင်ကျက်ပြီးသား မှုသည်း ဖြစ်သော။ ယဉ္စအာမကံ—အကြင် အစိမ်းသက်သက်လည်း ဖြစ် သော။ ဘာဇနံ—အိုးခွက်မှန်သမျှသည်။ ဘေဒနပရိယန္တံ—တနေ့ ကျလျှင် ကွဲရမြဲ ဓမ္မတာသာ ဖြစ်သကဲ့သို့။ ဇီဝိတံပိ—ဇီဝိန်တင်း လင်း သက်ရှင်ခြင်းသည်လည်း။ ဘေဒနပရိယန္တံ—ပြိုကွဲ ပျက်စီး ခြင်းသာလျှင် ဓမ္မတာ သဘာဝ ရှိတော့သည်တကား။

(နန္ဒက—၁)

## သေခြင်း

သေခြင်းသဘောတရားကို မည်သူမျှ မလွန်ဆန်နိုင်ကြချေ။ အားလုံးသော သတ္တဝါတွေကို မဆိုထားနှင့် ဘုရား သခင် သော်မှ မရဏာမင်း သူ့လက်တွင်း သက်ဆင်းကာ ပရိနိဗ္ဗာန် စံဝင်တော်မူရချေသေးသည်။ ‘အဇ္ဇေဝ သုဝေဝ’ ဟူသည်နှင့် အညီ ယနေ့ နက်ဖြန် အချိန်မရွေး ဆိုင်းငံ့ နေလင့်ပါဦးဟု တားရ၍မရပေ။ ထိုသဘောကို **‘တနေကွယ်၊ သေနယ်သို့တခါကူး။ မေ့လျော့ကာ သေဘူး ထင်ပါနဲ့၊ နေကွယ်တာ အချိန် များ လျှင်ဖြင့်၊ သေရွာတကြိမ်သွားပါလိမ့်၊ တားမရဘူး’** ဟု ဒွါရ ဝါဒီမဟာနိကာယ စတုတ္ထ သာသနာပိုင် ဖြစ် တော် မူ သော ဟသ်ာတမြို့ လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့ ပေသည်။

နေ့ညမဟူ သေကြရမည်ကို သိကြသော်လည်း မကြောက် ကြချေ။ ပါးစပ်က သေဘေးမှ လွတ်ရပါလို၏ဟု ဆုတောင်း သော်လည်း ထို သေဘေးမှ လွတ်ရာ လွတ်ကြောင်းကိုကား ရှာကြသည် မဟုတ်ပေ။ ဤ၌ သေဘေးမှ လွတ်ရာ ဟူသည် နောက်ဘဝတွင် ဆက်လက်၍ ပဋိသန္ဓေ မနေရခြင်းပင် ဖြစ်၏။ ပဋိသန္ဓေ နေခြင်းနှင့် သေခြင်းကို အာကာကိုလွှာပုံပြုပြီး သေး

ငယ်လှသော စုတ်တံဖြင့် မုံညင်းစေ့ခန့် စာလုံးကို မွေး၊ သေ စသည်ဖြင့် ရေးငြားအံ့၊ စာရွက်သာပြည့်ခည်၊ အစနှင့် အဆုံးကို ရှာမရဟု ဆိုသည်။ ထိုသဘောကို စိစစ်သော် မွေးလို့ သေရသည်၊ သေလို့ မွေးရသည်ဟု အဓိပ္ပာယ်ရ၏။ သံသရာ အစ၊ အဆုံး ရှာမရဟု ဆိုလိုသည်။

ယခု သေကြေကြခြင်းသည် 'သေနယ်ရှာ တကြိမ်သွားပါလိမ့်' ဟူသော အထက်ပါ ဒွေးချိုးစကားကဲ့သို့ တကြိမ် သွားရခြင်းသာ၊ ဆက် လက် ရဦး မည်၊ မွေးဦးမည်ဟု ဆိုသည်။ အာကာစာရွက်ထဲမှ မွေး၊ သေ တို့တွင် ဘယ် မွေးနှင့် မွေး၍ ဘယ်သေမှာ ဆုံးမည်နည်း။ တခုသောသေ၌ဆုံးပြီး ဆက်မမွေးနိုင်အောင် (ဝါ) ကျွတ်တမ်းဝင်နိုင်အောင် တရားအားထုတ်ဖို့ လိုပေပြီ။ ယခုတော့ မေ့လျော့ကာ တနှစ်ကုန်၍ ကဆုန်သို့ပင် ရောက်ခဲ့ပြီ။ ထို ကဆုန်တွင် ပျော်မှု အဖုံဖုံ ပြည့်သော အချိန် ဖြုန်းမနေကြပဲ သေဘေးမှ လွတ်ရာ လွတ်ကြောင်း တရားများကို ပွားများ အားထုတ်ကြပါကုန်လော့။

စည်းစိမ်စည်းစိမ်၊ တင်းမတိမ်နှင့်၊ မြိန်လေမြိန်လေ၊
ရှိန်မသေ၊ ဂိမ္မန္တေလ၊ ရေငတ်ဘုန်းမှ၊ ချွေးလုံးကျသို့၊
ဆန္ဒအာသာ၊ လိုဏ္ဍစ္ဆာဖြင့်၊ တဏှာလောင်မီး၊ ထိန်ထိန်
ညီး၍၊ ကြီးပွားလေလေ၊ ရှာဖွေကြံရေး၊ မှုရှုပ်ထွေး၏၊
အေးခွင့်မရှင်း၊ နောက်ဆံတင်းသည်၊ ထန်ပြင်းဒုက္ခ
ဝဋ်ပါတကား။

## သံဝေဂယူရန်လေးချိုး

ရှေ မဝေးပြီဟု
သေဘေးရယ်တဲ့ နီးခဲ့ပြီ။

ကိလေသာ ညှော်အငွေ့တွေနဲ့
မော်ရှိသာ နေမိမှားလျှင်ဖြင့်
လားလိမ့် အောက်ဆီ။

သခါရေ ရုပ်နာမ်စုကိုတဲ့
ထင်တာတွေ ဟုတ်မှန်ဘူးရယ်လို့
တင်ရှုလို့ တရားမှီ
သာကီတို့ကျင့်မြဲ။

တိမ်းမစောင်းပါမှ
ကိန်းအောင်းရာ တကိုယ်မှန်တဲ့
ပြည်နိဗ္ဗာန် အောင်ရွှေနန်းကို
မြန်းရမလဲ။

မြတ်ကိုရင်
မဟာပညာဗိမာန်စာသင်တိုက်၊
ရွှေကျောင်မြို့။

## သေခြင်းတရား (က)

(၁) သတ္တဝါတဦးတယောက်သည် ရှေးဦးစွာ ပဋိသန္ဓေနေခဲ့သည်ရှိသော် စုတေရန်အတွက် ရှေသို့သာဆက်လက်သွားနေ၏။ မည်သည့်အခါမှဆုတ်နစ်ရပ်တန့်၍ မနေပေ။

(ဇာတကပါဠိ ပထမ−၃၅၃)

(၂) တိုင်းပြည်၏သခင် ရှင်ဘုရင်သည် ဆင်၊ မြင်း၊ ရထား ခြေ သည် အား ဖြင့် အင်္ဂါ လေး ပါး ရှိသော အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသည့်စစ်တပ်ကို အောင်နိုင်သော်လည်း သေမင်းကိုမူ အောင်နိုင်ခြင်းငှာ မစွမ်းနိုင်ချေ။

(ဇာတကပါဠိ ပထမ−၁၅၄)

(၃) ခြင်္သေ့၊ ကျားသစ်တို့သည် ထိတ်လန့် ကြောက်ရွံ့ တုန်လှုပ်လျက်ရှိသော သတ္တဝါတို့ကို လွှမ်းမိုး နှိပ်စက် သတ်ဖြတ်လျက် စားသောက် နိုင်ကြ ကုန်သော်လည်း သေမင်းကိုမူ နှိပ်စက်သတ်ဖြတ် စားသောက်ခြင်းငှာ မစွမ်းနိုင်ချေ။ သေမင်းကသာလျှင် သတ္တဝါအားလုံးတို့ကို မညှာမတာ အပြင်းနှိပ်စက်သတ်ဖြတ်လျက် စားသောက်တတ်ကုန်၏။

(ဇာတကပါဠိ ပထမ−၃၅၆)

(၄) အလုံးစုံသော သတ္တဝါတို့သည် သေမင်းနှင့်မိတ်ဖွဲ့၍ သေခြင်းမှ လွတ်ကင်းအောင် ကြိုးစား ကြသော်လည်း မလွတ်နိုင်ချေ။ တံစိုးလက်ဆောင် များမြောင်စွာပေး၍ သေခြင်းမှ လွတ်ကင်းအောင် ရှန်းသော်လည်း မလွတ်နိုင်ချေ။ သေမင်းနှင့် စစ်ခင်း၍ မိမိတို့က အောင်နိုင်ခြင်း ဟူသည်လည်း ဘယ်အခါမှ မရှိ။ နောက်ဆုံး ၌ သေခြင်း တရားသာလျှင် လဲလျောင်းရာရှိကုန်၏။

(ဇာတ်အဋ္ဌကထာ ပဥ္စမ--၁၁၄)

(၆) ယနေ့ကပင်လျှင် ပြုလုပ်သင့်သော ကိစ္စမှန်သမျှကို ကြိုးစား အားထုတ် ပြုလုပ် ကြရာ၏။ မနက်ဖြန်မှ သေလိမ့်မည်ဟု အဘယ်မည်သော ပုဂ္ဂိုလ်သည် သိအံ့နည်း။ ရေ,မီး,အဆိပ်,ဓားလက်နက်,အနာရောဂါ စသော များသော စစ်သည်ရှိသော သေမင်းနှင့် အချိန်းအချက်ကား မရှိသည် သာတည်း။

(ဥပရိပဏ္ဏာသ--၂၂၆)

(၇) ကိလေသာရန်သူကို မအောင်မြင်သေးသမျှ ကာလ ပတ်လုံး သေမင်းရန်သူကိုလည်း မအောင်မြင်နိုင်ချေ။

(မဟာဝံသ--၃၂)

---

**မှတ်ချက်။** ။နံပါတ်(၅)နှင့် အဓိပ္ပာယ်တူ ရှေ့တွင်ပါပြီးဖြစ်၍ ဤ ဆောင်းပါးမှ နုတ်ပယ်ထားလိုက်ခြင်း ဖြစ်ပါသည်။

(ဂ) ဘဝသစ်၌ ဖြစ်ရခြင်း မည်သည် ဆင်းရဲလှ၏။ ခန္ဓာကိုယ် ပျက်ယွင်း၍ သေမင်း နိုင်ငံသို့ သက်ဆင်းရခြင်းသည်လည်း ဆင်းရဲလှချေ၏။

(ဗုဒ္ဓဝံသ–၃၁၄)

(ဃ) ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည် ယုတ်မာ လှသည့် အပြင် မလှမ်းမိုး အပ်နိုင်သော မမြဲမှု အနိစ္စ၏ သဘောတရားကို ဆင်ခြင်စဉ်းစား သတိတရား လက်ကိုင်ထား ပြီး ဉာဏ်ဖြင့်ရှုကာ သိ၍ အရှည်အစွဲ အမြဲတည်ခန့ မသေရာ ဖြစ်သည့် အသခ်တဓာတ် မြတ်လှသည့် နိဗ္ဗာန်သို့ ရောက် အောင် လုံ့လကြိုးကုတ် အားထုတ်ရာ၏။

(ပါရာဇိကဏ် အဋ္ဌကထာ ပ–၂၉)
(အရှင်ဝိစိတ္တသာ–ကမာနိ)

## သေခြင်းတရား (၁)

မရဏံ မေ ဓုဝံ ဇီဝိတံ အဓုဝံ။ ။ငါ့အား သေခြင်းတရား သည် မလွဲကေန်ဖြစ်လတ္တံ့ ဟူသော ဒေသနာတော်အရ၊ သေခြင်းတရားသည်ကား မလွဲသာ မရှောင်သာပဲ တနေ့တွင် အမှန်ရင်ဆိုင်ရမည် ဖြစ်သော တရားပေတည်း။ သတ္တဝါတို့သည်ကား မိမိတို့၏ အနားတွင်

ကပ်လျက်ရှိသော သေခြင်းတရားကို သတိမထားကြပဲ၊ မေ့မေ့လျော့လျော့နှင့် နင်လား၊ ငါလား၊ မာန ထောင်လွှားကာ နေကြပေသည်။ ထိုမာနဖြင့်ပင်လျှင် လောဘ၊ ဒေါသ၊မောဟ နောက်သို့ လိုက်နေတုန်းဆဲဆဲတွင် ဘုံးဘုံးလဲ၍ သေပွဲဝင်ကြရလေတော့သည်။

## သေခြင်းသုံးသပ်ကြည့်လျှင်

သေခြင်းတရားသည် မလွဲသာ မရှောင်သာပဲ တနေ့တွင် တွေ့ကြုံရမည့် တရား ဖြစ်ပေရာ၊ သတိထား၍ ဆင်ခြင်သုံးသပ်ကြည့်ပါလျှင် သတ္တဝါများသည် ထိုသေခြင်းတရားကို နေ့စဉ်နှင့် အမျှ စောင့်မျှော်နေကြသည်နှင့် တူလှပေ၏။

လူတို့သည် လူသေကောင်ကို အလောင်းကောင်ဟု ခေါ်ကြ၏။ အမှန်မှာ လူသေ ကောင်သည် အလောင်းကောင် မဟုတ်တော့ပြီ။ အသုဘ ကမ္ဘဋ္ဌာန်းကောင်သာ ဖြစ်တော့၏။ ယခု မသေသေးပဲ (သေရမည်မလွဲ ဖြစ်နေသော) အသက်ရှင်နေသည့် လူများသာ တနေ့တွင် သေရမည် မလွဲ ဖြစ် သဖြင့် အလောင်းကောင် စစ်စစ်များ ဖြစ်ကြတော့၏။ မိမိကိုယ်ကို အလောင်းကောင် ဖြစ်နေမှန်း မသိကြသဖြင့် မေ့လျော့ ပျော်ပါးနေကြပေသည်။ အလောင်းကောင် ဖြစ်မှန်း သိပြီးဖြစ်သော အရိယာသခင် အရှင်သူမြတ်များမှာကား ပျော်ပါးမှုကို မပြုကြတော့ပေ။

## တကယ်သိလျှင် တကယ်ကြောက်၏

တခါက အိန္ဒိယပြည်တွင် အသောက မင်းတရားကြီး၏ ညီတော် အိမ်ရှေ့မင်းသား တိဿသည် သေခြင်း တရားကို ကြားဘူးကာမျှပင် မရှိသောကြောင့် မေ့လျော့ပျော်ပါးကာ နေ့ရက် ကုန်ဆုံးခဲ့လေသည်။

ဤအကြောင်းကို မင်းတရားကြီးသိ၍ ညီတော်အား သေခြင်းတရားနှင့် စပ်လျဉ်း၍ သတိသံဝေဂ ဖြစ်စေမှ သင့်မည်ဟု ကြံစည်တော်မူပြီးလျှင် ညီတော်ကို ဖမ်းစေလျက် ယနေ့မှစ၍ ၇ ရက်မြောက်လျှင် သတ်စေ။ ထို ၇ ရက်အတွင်း ညီတော် အလိုရှိသလို မင်းစည်းစိမ်ကို ခံစားစေ ဟူသော ပရိယာယ် အမိန့်ကို ထုတ်ဆင့်လိုက်၏။

ထိုအမိန့်ကို ထုတ်ဆင့်ခြင်းခံရသော ညီတော် တိဿသည် မစားနိုင်၊ မအိပ်နိုင် ဖြစ်ကာ ရအပ်သော ထီးနန်းစည်းစိမ်ကို လည်း မခံစားနိုင် ဖြစ်၍နေတော့၏။ ဤညီတော် တိဿမင်းသား ကဲ့သို့ သေခြင်း တရားကို တကယ် သိလျှင် တကယ် ကြောက်၍ သေခြင်းမှ လွတ်မြောက်ရန်ကို ရှာဖွေကြမည်မှာ မလွဲပေ။

ဓမ္မအဆော်တော် သုခမိန်၊ ကျွန်ုပ်တို့သည် သေရမည်ကို အမှန်သိနေပါလျှင် မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန် မနေကြပဲ မြတ်စွာဘုရား၏ အောက်ပါ ဩဝါဒကို လိုက်နာ သင့်ပါသည်။

အဇ္ဈေဝ ကိစ္စံ အာတပ္ပံ၊
ကောဇညာ မရဏံ သုဝေ၊
နဟိနော သင်္ဂရံတေန၊
မဟာသေနေန မစ္စုနာ။

(ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်)

များသော စစ်သည်ဗိုလ်ပါ အခြံအရံ ရှိသော သေမင်းနှင့် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်အခါ တွေ့ဆုံပါမည်ဟု ချိန်းဆိုချက်မရှိပါ။ သေမင်းခေါ်သည့်အချိန်အခါတွင် နာရီ၊ မိနစ် မဆိုင်းပဲ လိုက်ပါကြရမည် အမှန်ဖြစ်တော့၏။ နက်ဖြန် သေအံ့သည်ကို၊ မည်သူမျှ မသိ။သေမင်းမခေါ်မီ ကိလေသာကို ပြတ်စေတတ်သည့် အကျင့်မြတ်ကို ကြိုးစား အားထုတ်ကြမှ တော်ချေမည်။

## အာတပ ဟူသည်မှာ

ဤ ဒေသနာတော်အရ ကိလေသာကို ပြတ်စေတတ်သည့် အကျင့်မြတ် ဟူသည်မှာ တဏှာ၊ ဥပါဒါန် ကင်းစင်သော မြင်မှု၊ကြားမှု၊နံမှု၊စားမှုတို့ ဖြစ်သည်။ ယင်းအမှုတို့ကို တွေ့မြင် ကြားသိနေသမျှ ကာလပတ်လုံး ဝိပဿနာ တွေ့၊ မြင်၊ ကြား၊ သိမှု မဖြစ်နိုင်သေးပါ။ ထိုသို့ မဖြစ်သေးပါက အဿာသ၊ ပဿာသ ကမ္မဋ္ဌာန်းဖြင့် သမာဓိကို ထူထောင်ပါ။ ထို ရလာ

သော သမာဓိစိတ်ဖြင့် မိမိ၏ တလံမျှလောက်သော ကိုယ်ခန္ဓာထဲတွင် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို ကြည့်ပါ။ ကြာရှည်စွာ ကြည့်သွားပါက ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို သေချာစွာ သဘောပေါက်လာပါလိမ့်မည်။

ထိုကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို တွေ့မြင်လာပါလျှင် တွေ့၊ မြင်၊ ကြား၊ သိမှုများသည် ခင်မင်တွယ်တာဖွယ် မရှိသော ဝိပဿနာ တွေ့၊ မြင်၊ ကြား၊ သိမှုများ ဖြစ်ပေတော့မည်။

ယင်းကဲ့သို့ တွေ့၊ မြင်၊ ကြား၊ သိမှု ရှိ၍ ဝိပဿနာဉာဏ် အထွတ်အထိပ်သို့ ရောက်ရှိပါလျှင် တွေ့၊ မြင်၊ ကြား၊ သိမှုဟူသမျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့သာ ဖြစ်ကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက ဤသို့ မိန့်တော်မူပြီ။

ယထာ ပုပ္ဖုဠကံ ပဿေ၊
ယထာ ပဿေ မရီစိကံ။
ဧဝံလောက မဝေက္ခန္တံ၊
မစ္စုရာဇာ နပဿတိ။

(ဓမ္မပဒပါဠိတော်)

ရေပွက်ကို မြင်သကဲ့သို့လည်းကောင်း၊ တံလျှပ်ကို မြင်သကဲ့သို့လည်းကောင်း လောက သုံးပါး၌ ဖြစ်ပြီးလျှင် ပျက်တတ်သော မမြဲသော တရားဟူ၍ ဝိပဿနာ အမြင်ရှိသူကို သေမင်းသည် မမြင်တော့ပြီတကား။

တင်ပြသူ ဦးပန်း
အောင်လံမြို့။

## သေခြင်းတရား (၈)

"အာယုက္ခယ၊ ဥစ္ဆေဒနှင့်၊ ဇနကကံရှိန်၊ ဇီဝိန်ပြတ်ကင်း၊ သေရခြင်းဟု၊ ထင်လင်းသေချာ၊ မရဏာမှ၊ ဓမ္မတာဝဋ်၊ ဘယ်မလွတ်တည့်၊မချွတ်မသွေ၊ဖြစ်ရချေ၏၊ ငါးထွေဇောထိုက်၊ မောဟိုက်လောင်ပြင်း၊ သေရခြင်းမှ၊ လွတ်ကင်းစိမ့်မည်၊ စိတ်သန့်ရည်၍၊ လောကီအရေး၊ မန္တန်ဆေးနှင့်၊ ထောက်တွေးစီမံ၊ လွတ်ကြောင်းဖန်လည်း၊ ဖောက်ပြန်ယွင်းမှောက်၊မလွတ်မြောက်တည့်။ ဣတိ-ဤသို့၊ မချိသဘော၊စိတ်မှာစောလျက်၊ နေ့ရောညဉ့်ပါ၊ ဘယ်ခါမပြတ်၊ အထပ်ထပ်လျှင်၊ ဆင်ခြင်သုံးသပ်၊ အောက်မေ့အပ်၏"

ဟူ၍ အဘိဓာန်သုတ်လက်ာ၌ လာသည်တရပ်။

(၁) ငါနှင့် ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူ သေကြများလှပြီ။

(၂) ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက် နီးခဲ့ပြီ။

(၃) မသေရမီ၊ ပါရမီ၊ ငါသည် ပြုမှ သင့်တော်မည်။

ဟူ၍ ခုဒ္ဒကသိက္ခာ ဘာသာဋီကာ၊ စတုရာရက္ခနိဒ္ဒေသ အခန်း၊ အချုပ်လက်ာ၌ လာသည်တရပ်။

"မိုးပုံမြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခို၊ မသေလို၍၊ ဤကိုယ်မှုချ၊ မနေရရှင့်၊ လင်နှင့် မယား၊ သားနှင့် သမီး၊

မြေးနှင့်ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာမကွေ၊ မသေရပဲ၊ အတူ မြဲ၍၊ ကွဲတစိ၊ ဘယ်မှာရှိတုံ၊ လူဖြစ်ကြုံလတ်၊ လူ့ဘုံရပ်၌၊ ထူးမြတ်သည်ဆို၊ ထိုကုသိုလ်ကို၊ ဟိုလ ဟိုနေ့၊ ချိန်မရွေ့ပဲ၊ ယနေ့ပင်သာ၊ အားထုတ်ရာ၏၊သေချာကေန်၊နက်ဖြန်သဘက်၊ သေမည့်ရက်ကို၊ ချိန်းချက်မရှိ၊ ဘယ်သူသိလိမ့်”

ဟူ၍ တောင်ပုလု တောရ ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော သံဝေဂကထာ ဆုံးမစာ၌ ပါသည်က တရပ်။

## ဤဆုံးမစာကိုမှီး၍ ရေးသားအပ်သော — တေးထပ်

မိုးပျံကာ မြေလျှိုးလို့၊ အမျိုးမျိုး ပုန်းခို၊
ဤကိုယ်က မသေလို၊ နေရလို ရှိပဲ။ ။
သား မယား မြေး ဥစ္စာ၊ ခွဲရမှာ မုချမလွဲ။ ။
သေမကွဲ တည်မြဲတာကို၊ လောကီမှာ ရှာလဲ။
တူမကွာ အတည်တွဲလို့၊ ဘယ်မလဲ ရှိမည်။ ။
စိတ်ကူးတွင် မြဲသမျှ၊ ကွဲသပ ဆုံးတိုင်တော့သည်။ ။
ကြုံကြိုက်သည့် လူ့ဌာနီမှာ၊ ခုခါမှီ ချိန်မရွေ့ပြီဘူ့၊
ထူးမြတ်ပွဲ ကောင်းကုသိုလ်၊အားထုတ်ဖို့လို။ ။
နက်ဖြန် သဘက် သေမည့်ရက်ကို၊
ချိန်းချက်ဆို ရှိဘူးကွဲ့လေး။ ။

ဤသို့အားဖြင့် သေခြင်းတရားကို သံဝေဂ ယူစေရန် ဘုရားရှင်၏ အဆုံးအမကို ဦးတည်လျက် ပညာရှင် အပေါင်းတို့က ဟောဖော် ညွှန်ကြား ရေးသား ထားကြသည်မှာလည်း ကျမ်းအစောင်စောင်တို့၌ များစွာလာရှိလေသည်။

သေခြင်းတရား၌ သံဝေဂယူပြီးသော ပုဂ္ဂိုလ်ဖြစ်လျှင်လည်း ဤ မလွဲသာ မရှောင်သာသော သေခြင်းတရားကို ပုထုဇဉ်ပင်ဖြစ်လင့်ကစား များစွာ တုန်လှုပ်ခြင်း မရှိပဲ ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် ငြိမ်လင့်၍ နေမည်သာတည်း။

အို သူတော်ကောင်း၊ သင်ကား—

၁။ မမျှော်လင့်ပဲ ဖြုံးကနဲ၊ အိုလဲ အိုနိုင်၏။

၂။ မမျှော်လင့်ပဲ ဖြုံးကနဲ၊ နာလဲ နာနိုင်၏။

၃။ မမျှော်လင့်ပဲ ဖြုံးကနဲ၊ ဖောက်လွဲ သေနိုင်၏။

သို့ရဖြစ်ကား—

က။ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင် ကောင်းမှု ကြိုးစားပြုလော့။

ခ။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင် ကောင်းမှု ကြိုးစားပြုလော့။

ဂ။ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင် ကောင်းမှု ကြိုးစားပြုလော့။

ဟူသော ဓမ္မသံဝေဂ လက်ာကို လေးစားစွာ နှလုံးသွင်း လျက်သာ သေခြင်းတရားကို မျှော်ငံ့လင့်၍ နေရပေလိမ့် မည်။ ယောနိသောမနသိကာရ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းကာ စောင့်မျှော်ရမည် ဆိုရာ မည်သို့ နှလုံးသွင်းရ မည်နည်း၊ မည်သို့ အသင့်ရှိရမည်နည်း။ အသင့် ရှိနေပြီလား။ အသင့်ရှိအောင် မည်သို့ ကျင့်ကြံ အားထုတ်ထားနှင့်ပြီး ဖြစ်ရ မည်နည်း စသော မေးခွန်းပေါင်း များစွာ ပေါ်ထွက်လာ ချေမည်။

သေသည်ကား ပဓာန မဟုတ်။ သေသည်၏ အခြားမဲ့၌ ဘဝကူး ကောင်းဖို့သာ ပဓာနဟု ပြောဆိုလေ့ ရှိကြသည်။ ဘဝသစ်သို့ ပြောင်းသွားသူ၏အကျိုးငှာ သပိတ်သွတ်အလှူဒါန ပြုကာ အမျှအတမ်း ဝေကြသည်။ သာဓု ခေါ်နိုင်လျှင်ကား ကောင်းပါ၏။ သို့သော် သေချာသော ကိစ္စကား မဟုတ်။ မိမိသေမှ သူတပါး ပြုလုပ်ပေးသည့် ကုသိုလ်ကား ရေရာသော အလုပ်မဟုတ်။ ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ကိုယ့်ဘဝကူး ကောင်း အောင် ကိုယ့်ဟာကိုယ် အားကိုးဟူ၍လည်း သတိပေးကြသည်။

တောင်ပုလု ဆရာတော်ဘုရားကြီးက ဘဝ၏ အပြစ်ကို သိ စေတော်မူလို၍ မကြာမကြာ ဆုံးမဟောကြားတော်မူသည်မှာ-

"မွေးလာလို့ ဒီဘဝရလို့ ဒီ ခန္ဓာငါးပါးတည်း ဟူသော ဒုက္ခ သစ္စာကြီးကို ကြောင်တောင်မမြင်နိုင်ကြလို့ ဒုက္ခတွေ့နေကြတာ၊ မွေးနေ့ကိုပဲ အမွှမ်းတင်ပြီး ပွဲကြီးလမ်းကြီးတွေ လုပ်နေကြတာ ငါမနှစ်မြို့လိုက်တာဟယ်"

ဟု မိန့်ဆိုတော်မူလေ့ရှိသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း "ငါသေယင် သပိတ်မသွတ်ကြနဲ့ဟေ့- လို့ မှာရဲ့ကြရဲ့လား။ မှာရဲ့အောင် ကျင့်ကြံအားထုတ်ထားကြ။ သပိတ်သွတ်တယ် ဆိုတာ မတော်တဲ့နေရာရောက်နေလို့ သာမုခေါ် နိုင်ပြီး ကောင်းရာသုဂတိ ရောက်အောင်လို့ ကျန်သူက သေသူအတွက် လုပ်ကြတာဟဲ့။ အဲဒါ အရှက်ခွဲတာ။ အရှက် မကွဲချင်ကြယင် အားထုတ်ကြ"

ဟု သတိပေး ဆုံးမတော်မူလေ့ရှိသည်။

ဝိပဿနာအားထုတ်ယင်း ဇီဝိန်ချုပ်ခဲ့သော် —

"ညည်းညူမရှိ၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊မရှိပဲနှင့်၊ သေလဲ တောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း"

ဟူသော လင်္ကာကို ပညာရှိ သူတော်ကောင်းတို့ စပ်ဆိုခဲ့သည့်အတိုင်း ယုံယုံကြည်ကြည်နှင့် အားထုတ်ကြရမည် ဖြစ်ပေကြောင်း ရေးသားလိုက်ရပေသတည်း။

အရှင်ကုဏ္ဍလ

ရွှေကျင်ကျောင်း

ကျောက်မဲမြို့။

## သေခြင်းတရား၏ ဆိုးရွားပုံ

ရုပ် နာမ်သည် ငါ မဟုတ်ချေ။ သံသရာ၌ မရှိသော ငါကို အရှိလုပ်ခဲ့သဖြင့် ဒုက္ခရောက်ခဲ့ရခြင်း ဖြစ်ပေသည်။ ရုပ် နာမ်ကို ငါထင်နေသဖြင့် ထိုရုပ် နာမ်အပေါ် သမုဒယ ငြိတွယ်ရခြင်း ဖြစ်သည်။ ရုပ် နာမ် ရရှိခဲ့ရခြင်းသည်ပင်လျှင် အတိတ်ဘဝ, ဘဝများက အယောနိသော မနသိကာရ ခေါ် နှလုံးသွင်း မှားခြင်း၏ ဒဏ်ချက်ဖြင့် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် များကို ခံစားလျက် ရုပ် နာမ် ဒုက္ခရနေကြခြင်း ဖြစ်ပေသည်။

ကိလေသာ မကုန်ခန်းသေးသော ရုပ်နာမ်တခုသည် ကိလေသာ ခံစား, စံစား လိုသော ဝဋ် ရှိနေသည်။ ထိုဝဋ်ကို ခံရန် သူသည် အသက် ရှင်နေရခြင်း ဖြစ်သည်။ ဤဝဋ်ကို ခံရခြင်း ကြောင့် သူသည် အနာဂတ်ကာလတွင် ဖြစ်ပေါ် လတ္တံ့သော ဒုက္ခဆင့်ပွားမျိုးစုံ၊ အကုသိုလ်မျိုးစုံ၊ ပင်ပန်း ဆင်းရဲမှု မျိုးစုံ တို့ကို ထပ်မံခံစားရပြန်သည်။ ဤနည်းဖြင့် သူသည် ဝဋ်ဒုက္ခ နယ်ပယ်မှ မလွတ်မြောက်နိုင်တော့၊ ထိုဝဋ်များနှင့် ယှဉ်တွဲနေ သော ရုပ် နာမ်သည် အနိစ္စခန္ဓာ၊ အပျက်ခန္ဓာဖြစ်ရာ အချိန် ကျရောက်လာသောအခါ မရှောင်မလွဲသာပဲ သေပွဲသို့ သဲကမ်း ရေတွေ့ တွေ့ရတော့သည်။

ထိုအခါ ခန္ဓာကိုယ် ဓာတ်လေးပါး အစု အဝေး ကြီး၏ ဖောက်ပြန်မှု၊ နှိပ်စက်မှုဒဏ်ကို အလူးအလဲ ခံရသည်။ ဤသို့ ရက်စက်ပြင်းထန်လှသော ဝေဒနာ၏ဒဏ်ကို မခံမရပ်နိုင်သဖြင့် ဒေါသဖြစ်ရသောအခါ ဒေါသဖြင့် ဘဝကူးရခြင်း၊ ဝေဒနာ

ပြင်းထန်လွန်းသဖြင့် ခံနိုင်ရည်မရှိကာ သတိ မေ့မြောလျက် အဝိဇ္ဇာမောဟ ဖုံးလွှမ်းခံရလျှင် မောဟဖြင့် ဘဝ ကူးရခြင်း စသော အကုသိုလ် စရိုက်များနှင့် ယှဉ်၍ ခန္ဓာ စွန့်ရသော် ဘောင်းရာ မွန်ရာ ဘဝတို့ကို မည်ကဲ့သို့သောနည်းနှင့်မျှ ရောက် စရာ အကြောင်း မရှိချေ။ ထို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ကုသိုလ်များ လိမ်းကျံလျက်နှင့် ရုပ် နာမ် ခန္ဓာ စွန့်ရသော ခြင်းတရားကို မသေခင်က ကြိုတင်မြော်မြင်ကာ ပယ်သတ် ဖြတ်စရာရှိသော အမှုကိစ္စတို့ကို မဖင့်လေး မနှေးကွေးစေပဲ ဆောတလျင် လုပ်ဆောင်အပ်သည်သာ ဖြစ်သည်။

(အရှင် နန္ဒဝံသ M.A)

## အသေ စိတ်ချရသူနှင့် အသေ စိတ်မချရသူ

ဤလောက၌ အသေ စိတ်ချရသူနှင့် အသေ စိတ်မချရသူ နှစ်မျိုး နှစ်စား ရှိသည်။ အသေ စိတ်မချရ သူသည် မိမိတို့ အတွင်း အဇ္ဈတ္တသန္တာန်၌ ကိန်းအောင်း နေသော အကုသိုလ် အညစ်အကြေးများကြောင့် သေခြင်းတရားကို ရဲရဲ ဝံ့ဝံ့ ရင် မဆိုင်နိုင်။ အဝိဇ္ဇာ တဏှာ ထူပြောသူ ဖြစ်၍ သေရ မည်ကို (သို့မဟုတ်) အမှန်တကယ် ရင်ဆိုင်ရမည် ဖြစ်သော သေခြင်း တရားကို လွန်စွာမှ ကြောက်လန့်လျက် သစ္စာတရား မတည်ရှိ ခဲ့မှု၏ အကျိုးအာနိသင်အဖြစ်ဖြင့် တစုံတခုဖြစ်မှာကို ပူလောင် လှသော စိုးစိမ်သောက ဗျာပါဒမီး တောက် လောင် နှိပ်စက် လာသည်ကို ခံစားရသည်။ ၎င်းတို့သည် အသက် ထင်ရှား

ရှိစဉ်က ပစ္စုပ္ပန်ဘဝချမ်းသာရုံလေးမျှကိုသာငဲ့လျက် အကုသိုလ် ဒုစရိုက်များကို တက်သည်ထက် တက်စေရန် လုပ်ဆောင်ခဲ့ကြသည်။

အတွင်းအဇ္ဈတ္တ သန္တာန်၌လည်း အဝိဇ္ဇာ တဏှာ အညစ်အကြေးများ ကိန်းအောင်းမှု ဒဏ်ချက်ကြောင့် ဟုတ်တိုင်းမှန်စွာ ဘာမှမသိ။ ထို မသိခြင်း၏ ဒဏ်ဆာဒဏ်ချက်များသည် သေခါနီးလျှင် ပို၍ ဆိုးသည်။ ထိုအခါ ပြင်ဆင် ရန်လည်း အချိန်မရတော့။ လွန်စွာမှ နောက်ကျ သွားလျက် ဘာမှ မတတ်သာတော့သော အခြေအနေကို ရင်ဆိုင်ရသည်။

အသေစိတ်ချရသူတို့မှာ အဝိဇ္ဇာနှင့် တဏှာထု ကုန်ကာ လုပ်စရာကိစ္စများသည်း အပြီးအပြတ် လုပ်ဆောင်ပြီးပြီဖြစ်၍ သေပျော်လျက်ရှိသည်။ အခြားတဘက်မှလည်း ဒုက္ခများ ပြီးပြတ်အောင်ရှုသတ်ပြီးဖြစ်၍ ဒုက္ခ ချုပ်ငြိမ်းခြင်း သဘော၏ အနှစ်သာရကို မြင်တွေ့ရပြီး အရာရာကို ရင်ဆိုင်ရဲလျက် ရှိသည်။ အညစ်အကြေး ကုန်ခန်းပြီး ဖြစ်သော ခန္ဓာဝန်ကို စွန့်ရန် ဝန်မလေးတော့ပဲ သေခြင်းတရားနှင့် ပတ်သက်၍ လုံးဝကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိတော့ပေ။

အိုတတ်, နာတတ်, သေတတ်သော ရုပ်နာမ် ဒုက္ခကို နှစ်သက် တွယ်တာ ကပ်ငြိနေသူတို့မှာမူကား အညစ် အကြေးကို အညစ်အကြေးမှန်းမသိပဲ အထပ်ထပ် အညစ်အကြေး ထုထည်ကြီးမားစေသဖြင့် အညစ်အကြေး ကင်းစင်ရာ၊ ဒုက္ခ ရုပ်နာမ် ချုပ်ရာ၊ အေးငြိမ်းချမ်းသာသော သဘော၏ တန်ဖိုးကိုသိမြင်ဖို့ရန် ဝေးကွာသွားပေတော့သည်။

အဆိုပါ အမျိုးအစားနှစ်ခု၏ ကွဲပြားခြားနားပုံကို တိကျသေချာစွာ နားလည် လိုသော ပုဂ္ဂိုလ်တို့သည် "မိမိတို့၏အဇ္ဈတ္တ၌ ကိန်းအောင်းနေသော အညစ်အကြေး တဏှာသမုဒယများကို လက္ခဏာရေးသုံးပါးဖြင့် ပညာသား ပါပါကုန်စင်သည်အထိ ရှုသတ်ပိုင်းခြားနိုင်ရမည်။ ထို့နောက် ငြိမ်းချမ်း အေးမြရာသို့ မျက်မှောက် ပြုခြင်းဖြင့် အစစ်ဆေးခံနိုင်သော တရားတော်မြတ်၏ ကြီးမားလှသော ဂုဏ်တော်များကို ကိုယ်တိုင်ခံစားနိုင်ကြသည်သာ ဖြစ်သည်။

တနည်းအားဖြင့် အဝိဇ္ဇာ တဏှာ အညစ်အကြေး ရှိသမျှရှေ့ဆက် ဒုက္ခ ခံရဦးမည်ကို ကြိုတင်သိလျက် အညစ်အကြေးကုန်စင်၍ အသေစိတ်ချရသူတို့ အငြိမ်းဓာတ်၊ ချမ်းသာဓာတ်တို့ကို ဆင်ခြင်ကာ မိမိတို့အတွက်လည်း လိုအပ်သလို ပြင်ဆင်ထားသင့်သည်သာ ဖြစ်ပါကြောင်း။

(ရှင်နန္ဒဝံသ၏ ဉာဏ်ပန်းမွှေးလှိုင်ကြူ)

## သေခါနီး ဘယ်လိုရှိမလဲ

သေခါနီး ဟိုတုန်းက အချိန်ရှိခိုက် လုံ့လ မစိုက်ခဲ့တဲ့ အတွက်ကြောင့် ဒီမှာ အကုသိုလ်ထုထည်တွေ သိပ်သည်း ကျစ်လျစ်စွာ ရင်ဝမှာဆို့နစ်ပြီးတော့ ငါ့သားတွေ၊ ငါ့မယားတွေ၊ ငါ့ပစ္စည်းတွေ၊ ငါ့ဥစ္စာတွေ၊ ငါ့စည်းစိမ်းတွေ၊ ငါ့ဆွေမျိုးတွေ၊ ငါ့အားကာာတွေ၊ ငါ့တန်ခိုးတွေ၊ ငါတတ်တွေ၊ ငါမြတ်

တွေနဲ့ ရောလျက်ရှိတဲ့ ဒိဂျပ်နာမ်ကို ဖွဲ့ကျက်ရှိတဲ့ ဘဝင်ဟာ နောက်ဆုံးချုပ်ငြိမ်းခါနီးမှာ ဘယ်ကိုရှိမလဲ။ အင်မတန် တုန်လှုပ်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ စိုးလန့်ဖွယ်တွေနဲ့ အို၊ နာ၊ သေဘေး၊ သေခြင်းဘေး အန္တရာယ်တွေနဲ့ ရင်ဆိုင် ရတတ်တယ်။

(ရှ... [illegible] ...က်ခတ္တကျော်စဉ်)

## ဇာတိပစ္စယာ ဇရာမရဏံ

သန္ဓေဇာတိ၊ တဖန်ငြိ၍၊ ဘြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊အရပ်ရပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်အဆုံး၊ ရှိမြဲသုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီငည်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲ ကျော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊အကြီးအငယ်၊အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနှင်၏၊ လေးအင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှိုးနွှယ်ရိုးစည်း၊ တလုံးတည်းလျှင်၊ ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊ ဇရာ မရဏ စွမ်းရည်တည်း။ ။

(မုံရွာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး)

## အို့နာ့သေ သတိပေးတေးထပ်

ဘုံသုံးခွင် ဖြစ်လာက၊
အိုဘေးပ သေချာ၊
နာရေးက နောက်ထပ်လာ၊
သေမှာပင် မလွဲ။

ရုပ်နာမ်နှင့် မကင်းပါလျှင်၊
မယွင်းသာ မုချတွေ့မြဲ။

ဂဠုန်လက်တွင်း နဂါးပမာ၊
ပိုက်ကွန်မှာ ငါးမိတနဲ့။
စရိုက်လွန်ကာ ကျောက်ကွင်းထဲက၊
တောဝက်မဲသဏ္ဍာန်။

ဖားခမြာ မြွေခံတွင်း၊
လျှောင်ချိုင့်သွင်း တောကြက်ဖြစ်ဟန်၊

ကြောင်ခံတွင်း ကြွက်မိပြန်၊
အလမ္ပာယ်ထံ မြွေရောက်သို့၊
စွန်လက်အောက် စာသူငယ်၊
ညှိနှစ် ဆင်နှယ်။

မိုးလောင်တွင်းကံ လူမမယ်လို၊
ပူစဖွယ် လွန်ကောင်းလှလေး။
ဝင်္ဂအတွင်းက လွတ်ကင်းလိုလျှင်၊
မချွတ်မယွင်းပင် ကျင့်ကြကွယ့်လေး။
ရုပ်,နာမ်နှစ်ပါး ပြတ်သွားလိုလျှင်၊
မြတ်တရားကို အားထုတ်ကွယ့်လေး။ ။

(ချောင်းဦး-သိန်းမောင်)

## ရှစ်ဆယ်ပေါ်တေးထပ်

ဇာတိပြီးလျှင် မီးဝင်စွဲပေါ့
မကြီးချင်လဲ မနေသာ
ထီးဘုရင်တနဲ့ ရွှေဇရာငယ်
နေမှာ သေချာ သေရွာထိ။

တရိပ်ရိပ်နှင့် အိုရင့်လာပြီ
ထိုမင့်ဇရာ တပ်စွဲနေတော့၏။

နုဆိုသမျှ တစမချန်ပင်
အလှမှန်လျှင် ချွေခွာဘိ၊
မရဏာ့သန်ရှင် စေရာရှိသမျှ
သေချာတိတိ ထမ်းရွက်ပေ။

ဆံဖြူမျက်မှုန် နွားတွေထိုင်း
ခါးခွေကိုင်း၍ သွားကျိုး ရေတွန့်စေ။

အားအင်ပျက်လို့ စားဆုတ်လေအောင်
'ဇရာ'လုပ်ချေ စွမ်းကုန်ညှဉ်း၍
ကြမ်းဟုန်ပြင်းသည့် 'ဗျာဓိ'ထံအပ်ပြီ
နာမည့် ရန်တပ်ချီ။

မလှုပ်မကြွ နာခြင်းညီလျှင်
'မရဏာ'မင်းဆီ ဆောင်သွားလေလိမ့်လေး။

'ဇရာ' 'ဗျာဓိ' စစ် နှစ်ပွဲဆင်လျှင်
ဖြစ်မြဲအစဉ် သေတွင်းဝင်လိမ့်လေး။ ။

(ရဝေထွန်း)
(ရတနာမွန် စာစောင်မှ)

## မဃဒေဝလာ့ သေခြင်း အဖြာဖြာ

လူသားတို့အတွက် ရှင်သေမင်းသည် မညှာမတာ ရက်စက်စွာပြုမူပုံကို မန်လည်ဆရာတော်ဘုရားကြီးက မှတ်သားဖွယ်ရာ ကဗျာလင်္ကာများ ရေးသား စီကုံးသွားရာ စာရှုသူ အများသိစိမ့်သောငှာ ကျွန်တော်များ တွေ့ဘူးသမျှ တင်ပြလိုက်ပါကြောင်း။

* * *

### မုချ မနေရဘူး

မိုးပုံ့ျမြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးသူငို၊ မသေလို၍၊ ညှိကိုယ်မုချ၊ မနေရဘူး။

( )

## လွှတ်ရိုးမမြင် သေမင်းငင်က

လူ့နတ်ပြဟ္မာ၊ သတ္တဝါတို့၊ သူငါမကြွင်း၊ ရှင်သေမင်းကို၊ ဆင်မြင်းရထား၊ စစ်သည်များနှင့်၊ လေး ခါး လုံ့ ကိုင်၊ မတိုက်နိုင်၍၊ ဂနိုင်သေလာ၊ ဟောမဝါနှင့်၊ သမုဒ္ဒရာ ကောင်းကင်၊ မြေထဲဝင်၍၊ ဥမင်လိုဏ်ကွယ်၊ ပုန်းမလွယ်ခဲ့၊ လက်ဝယ်ပစ္စည်း၊ မိုးပါးနီးမျှ၊ တောင်ကြီးပမာ၊ စုပုံကာလျှင်၊ ဥစ္စာ တံစိုး၊ လက်ဆောင် ထိုးလည်း၊ လွှတ်ရိုးမမြင်၊သေမင်းငင်က၊ အိမ်ရှင်မယား၊ သမီး သားနှင့်၊ လင် သား မိဘ၊ ကယ်နိုင်ကြဘူး၊ လောကတခွင်၊ မြတ်နိုးကြင်သည်၊ ချစ်ခင်အပ်စွာ၊ သတ္တဝါနှင့်၊ သင်္ခါရဝတ္ထု၊ အစုငုတို့၊ တခုသော်မျှ၊ မပါကြပဲ၊ ဇီဝပြတ်ကြွေ၊သေမင်းပြေသို့၊ သွားလေသူနောက်၊ သက်မပျောက်ခင်၊ မျက်မှောက်မျှော်ကိုး၊ နောက်အကျိုးနှင့်၊ ကောင်းဆိုးနှစ်တန်၊ ပြုစီမံသည်၊ သူ့ကံသည်သာ၊ ရိပ်ဆာယာသို့၊ လားရာဂတိ လိုက်မြဲတည်း။

( )

## သေဘေးဝဋ်မှ မလွှတ်ရာ

ဘုတ်ခါတ်အလို၊ ပေါင်းသင်္ဂြိုဟ်၍၊ ကိုယ်ဟုပွားပြီး၊ဖြစ်တပြီးကား၊ ပျက်စီးဖို့ရာ၊ အမြဲသာတည့်၊ ဇရာ မရဏ၊ ဒုက္ခဝဋ်တွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနစ်ခွေ၊ ရေခုနစ်ထပ်၊ လေး ရပ် ကျွန်း ခွင်၊ ကောင်းကင်သမုဒ္ဒြာ၊ စကြဝဠာမြေထဲ၊ ပုန်း ခို လွှဲ လည်း၊

အမြဲမချွတ်၊ သေဘေး၀င်မှု၊ မလွတ်တို့သာ၊ မလွဲရာတည်း၊ ဓမ္မတာအညီ၊ လမ်းရိုးမှီ၏။

(၁၀၄)

## သေခြင်း ဆိုး၏

သုံးဆဲ့တရွာ၊ သတ္တဝါတို့၊ ခန္ဓာဟူဆို၊ ရှိတိုင်းကိုယ်လည်း၊ အိုတရွေရွေ၊ နောက်ဆုံးနေ၌၊ စုတေမမြဲ၊ ပြိုကွဲအားလုံး၊ သေခြင်းဆိုး၏၊ ဘိုလိုးဘိုလေ့၊ မရွေ့စသာ၊ မချွတ်စွာတည့်၊ ဖွားခါထိုမှ၊ နေ့ကငျ၊ နှစ်လရက်ရေ၊ ကြာလေလေတိုင်း၊ သွားကြေဆံပင့်၊ တရင့်ရင့်ဖြင့်၊ အိုခြင်းဓမ္မတာ၊ ဤခန္ဓာကား၊ ယုတ်မာဆိုးရွား၊ ဧပြစ်များခဲ့၊ နည်းပါးပညာ၊ အကြွင်ငါလည်း၊ သေခါရောက်မူ၊ သေလုမူးမူး၊ သေယူးယူးတည့်၊ ကျူးခဲ့အခါ၊ သို့စဉ်ကြာ၏၊ ခေါင်းမှာဖြူမွဲ၊ ဆံကျိုးကျဲနှင့်၊ ခြေကျဲလက်မြောက်၊ သေချိန်ရောက်အောင်၊ ဂယောက်ဂယက်၊ လွန်နေ့ရက်ဖြင့်၊ မရှက်တတ်အား၊ သူရူးလားသို့၊ အများလူဗိုလ်၊ အရွယ်ပျိုနှင့်၊ မလိုတမာ၊ အဖက်ရှာ၍၊ လူ့ရွာပွဲလယ်၊ ပျော်စံပယ်သည်၊ အကယ်တင့်သေး ပါစံလော။

(၁၀၆)

## မကြာဆောလျှင် သေမင်းငင်အံ့

အကြွင်လူ့ရွာ၊ လူ့တကာတို့၊ ပညာသတိ၊ ကင်းလွတ်ဘိလျက်၊ မိမိတကျာ၊ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး၏၊ အရိုးသာ

ရှင့်၊ ညာဏ်မပွင့်ဘူး၊ သေမင့်စစ်အင်၊ ကိုယ်တွင်းဝင်၍၊ ခုပင် အပြင်း၊ ရောက်လာလျှင်းပြီ၊ ဆင် မြင်း ရထား၊ ဗိုလ်ပါ အားဖြင့်၊ ပြားရှုပြိုင်ထိုး၊ တံစိုးငွေကြေး၊ တောင်ရှိပေးလည်း၊ အရေးမသာ၊ အောင်ရာမရှိ၊ ဇာတိ မစစ်၊ သေမင်းညစ်နှင့်၊ မိတ်ချစ်ဖွဲ့ငှာ၊ မတတ်ရာခဲ့၊ အာဏာတန်ခိုး၊ အမျိုးကျော် ဆင်၊ ဘယ်ဘုရင်နှင့်၊ ရှင်ကလူက၊ မနေရတည်း၊ လက်စ ဘင်းလင်း၊ တပိုင်းကြွင်းဖြင့်၊ မငြင်းနိုင်စွာ၊ အပြင်းပါလိမ့်၊ မကြာဆောလျင်၊ သေမင်းငင်အံ့၊ အပြင်အလျှာ၊ ငယ်ရုပ် ဝါနှင့်၊ ပဇာတူရေး၊ ရှိသေးသနည်း၊ အချည်းသက်သက်၊ ကြာနေဖျက်သို့။ ပျက်ခဲ့ဤကိုယ်၊ ဟောင်းရွတ်ယို၏။ မီးလို ရှင်ရှင်၊ တောက်မမြင်လည်း၊ အသွင်အဆင်း၊ ဖော့က်ယွင်း ညှိုးသွေ့၊ တမွေ့မွေ့လျှင်၊ အငွေ့မငြိမ်း၊ ရှိန်းရှိန်းပြိုက်ပြိုက်၊ နေ့တိုင်းမြိုက်၏၊ ခေါင်းဦးဦ၊ ဤဆံဖြူဖြင့်၊ ခုမူမကြာ၊ သင့်ခန္ဓာကို၊ သေစာချွင်း၊ သေစာရင်းနှင့်၊ သေမင်း မှတ် လာပြီတကား။

(၁၀၉)

## မန္တတ်မင်းလည်း သေရသေး၏

လူ့ဘောင်တဝိုက်၊ စက်နှယ်တိုက်ကို၊ သိမ်းပိုက်လုံးစုံ၊ ဘုန်း တော်ခြုံပြီး၊ ချက်ကုံမကြွင်း၊ ရွှေစက်နင်း၍၊ နတ်မင်းလေးဖော်၊ စံပျော်သာယာ၊ ယုဂန်ချာထက်၊ စကြာကွန့်လှစ်၊ မဟာရာဇ်နှင့်၊ ကာသစ်ပွင့်ရာ၊ ဝတိ သာကိုင်၊ ဂူန္ဒာသုံးကျိပ်၊ ခြောက်ယောက်

ထိပ်ကို၊ နှင်းနှိပ်စိုးကျယ်၊ တန်ခိုးကြွယ်၍၊ မိုးကြွယ်တစ်၊ ခြွေရံ ဗိုလ်စု၊ မြေအထုနှင့်၊ သိန္ဓုနှိုင်းဆွယ်၊ လွန်ကျောက်ဖွယ်ဖြင့်၊ နှတ်နှယ်ရှိရှိ၊ ဘုန်းတော်ရှိသား၊ သီရိ စက္ကဝတ်၊ မန္ဓတ်မင်း ကျော်၊ဘေးလောင်းတော်တို့၊ အဧဟော်ဝတ၊ တလောကထက်၊ တေဇအာယု၊ပြိုင်တုမထင်၊သို့လောက်စဉ်လျက်၊ ဗမြင်ခုအောင်၊ သေမင်းဆောင်၏။

(၁၁၁)

## လွတ်ကြောင်း သေဘေး မထင်ဝေး

မညွတ်နိုင်ဝေး၊ သည်အရေးတည့်၊ လေး ပါး သေ နှင့်၊ စတုရင်ဖြင့်၊ မြင်း ဆင် ရထား၊ခြေသည်များနှင့်၊ ပြား၍ပြိုင် ခင်း၊ စစ်အင်ကျင်း၍၊ နှင်းသော်လည်းကောင်း၊ အသောင်း အသိန်း၊ ကိန်း အကုဋေ၊ မရေတွက်အား၊ ရွှေ ငွေ များနှင့်၊ ပတ္တမြားကျောက်စိန်၊ တောက်ထိန်ဝိုးဝင်း၊ မြေပြည့်လင်း အောင်၊ ဆင် မြင်း သားကြီး၊ နန်းနှင့်ထီးက၊ သမီးကညာ၊ ရတနာဖြင့်၊ ပဏ္ဏာဆက်နှင်း၊ တံစိုးသွင်း၍၊ ငြင်းသော် လည်းကောင်း၊ ရှစ်သောင်းတပသီ၊ ဇော်ဂီတက္ကသိုလ်၊ ဝိဇ္ဇာ ဓိုရ်တို့၊ ထိုထိုများစွာ၊ ပညာဆေးဝါး၊ အပါးပါးတိ၊ ပြဒါး မီးနေ၊ သံသေဓာတ်ပြာ၊ ရသာယန၊ ဩသဓစု၊ အာယုဝဍ္ဎီ၊ ဝသီကရဏ၊ စသည်လိမ်းသပ်၊ စားမျိုအပ်နှင့်၊ အာတဗ္ဗဏာ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိမ်သို့၊ မဟိဒ္ဓိမျိုး၊ တန်ခိုးနတ်ရှိ၊ သိဒ္ဓိလိုရာ၊ ပြီးနိုင်စွာသား၊ မဟာဂန္ဓာရီ၊ လောကီဉာဏ်ပေါင်း၊ အင်း ကောင်းတတ်ပွန်၊ မန္တန်မွန်ဖြင့်၊ ပြုဟန်ပယောဂ၊ မကျန်

ရအောင်၊ အဋ္ဌသာခါ၊ ယတြာက၊ ဂါထာမန်းမှုတ်၊ အစုတ်အနို့၊ ကာယံကိုယ်တွင်း၊ ဖောက်ကာထွင်း၍၊ သွင်းသော်လည်းကောင်း၊ လွတ်ကြောင်းသေဘေး၊ မထင်ဝေးခဲ့၊ ပြေး၍ဆုန်းဆုန်း၊ ဘယ်တွင်ပုန်းအံ့၊ ကျင်းကုန်းကောင်းကင်၊ ပင်လယ်ပြင်နှင့်၊ ဥမင်လိုဏ်ခေါင်း၊ အောင်းလည်းမလွတ်၊ မချွတ်မှန်ဘိ၊ လွဲမရှိဘူး၊ သိဒ္ဓိပြီးငြား၊ ဓာတ်ဆေးဝါးနှင့်၊ ပြဒါးသံပြာ၊ စားကာမျိုပြု၊ လုပ်ရပ်မှုဖြင့်၊ အာယုသမား၊ ဆရာများတို့၊ ထင်ရှားခုထိ၊ ဘယ်မရှိခဲ့၊ အာဒိကပ္ပ၊ ကမ္ဘာစက၊ ဿာလခုတောင်၊ ပြည်ကျိုးဆောင်သည်၊ ဘုန်းခေါင်မဟာ၊ ကြီးတေဇာနှင့်၊ စကြာစိုးရ၊ မင်းထိုမျှက၊ ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟု၊ ခီဏာသဝ၊ ဝိသုဒ္ဓဖျား၊ အရှင်များလည်း၊ တပါးမျှတိ၊ မြဲမရှိဘူး၊ မျက်စိ နား နှာ၊ ကိုယ်အင်္ဂါကား၊ အို နာ သေမျိုး၊ နိမိတ်ဆိုးတည့်၊ ရိုးရှလှုပ်လက်၊ အုတ်ကြွက်ညံဆူ၊ ဇေနဘိမူလည်း၊ ရန်သူ သေမင်း၊ ချောင်းနေလျှင်းခဲ့၊ ငြင်း၍မရ၊ ခ၍ မသာ၊ ဤခန္ဓာအား၊ ကြင်နာမဲ့ငြား၊ သေမင်းဖျားလျှင်၊ သနားကင်းလစ်၊ သူမချစ်ဘူး၊ ပစ္စရက္ခ၊ ဝဓကသို့၊ မှုချဆတ်ဆတ်၊ တွေ့ရာသတ်လိမ့်၊ မှတ်လေ့စင်းလျှင်း၊ သေမယွင်းသည် ကွင်း၍ မလွတ် နိုင်ရေးတည်း။

(၁၃၃)

## သေမင်းခံတွင်း မလွတ်ကင်း

သတ္တဝါဟူစေ၊ တည်သန္ဓေလျှင်၊ မနေရခြင်း၊ သေစေ့ခြင်းကား၊ သေမင်းဓမ္မတာ့၊ မှန်လှစွာကြောင့်၊ လူ့ရွာပုရွ၊

မြင်သမျှတို့၊ မချမချွတ်၊ မြေလက်ခတ်သို့၊ မလွတ်စိမ့်ဟူ၊ ရှိတိုင်းယူလိမ့်၊ မည်သူကား-ချင်း၊ မည်သူ-မင်းဟု၊ ရှောင်ခြင်းသဘော မရှိသောရှင့်။

(၁၃၄)

## ကြီးငယ်မဟူ သေမင်းယူ၏

ထိုသို့ခယွင်း၊ လူခပင်းကို၊ အလျဉ်းမလွှတ်၊ တွေ့တိုင်း သတ်သား၊ နတ်နှင့်တကွ၊ လောကသုံးသွယ်၊ သေမင်းနယ်တွင်၊ ကြီးငယ်မဆို၊ ရွယ်ပျို အိုတို့၊ ထိုထို များလှ၊ ရှိသမျှကား၊ မရဏမင်း၊ ခံတွင်း အာဝ၊ အနီးစ၌၊ ဖြစ်ရသည် ချည်း၊ အမှန်တည်း။

(၁၃၅)

## အိုသေခြင်းမှ ရှောင်ကွင်းမလွှတ်

ဤသင်္ခါရ၊ ဟူသမျှလည်း၊ နိစ္စဓုဝ၊ သဿတဖြင့်၊ ထာဝရ မြဲရာ၊ မရှိရှာဘူး၊ ဝိဇ္ဇာဇော်ဂျီ၊ လောကီ ဣဒ္ဓိပါဒ်၊ လွန်ကြီး မြတ်သည့်၊ မိုးနတ်ပြဟ္မာ၊ ဖြစ်စေကာလည်း၊ ပညာဆေးဝါး၊ မန္တရားဖြင့်၊ ကိုးစားအရိုး၊ တန်ခိုးဖန်ဆင်း၊ အို-သေခြင်းမှ ရှောင်ကွင်းဘယ်မှာ၊ လွတ်နိုင်ရာလိမ့်။

(၁၄၁)

## လေးပါးမျိုးလ သေစမြဲ

လေးပါးနွယ်ရိုး၊ ယုတ်မြတ်မျိုးတို့၊ တန်ခိုးတေဇာ၊ ဘုန်းပညာနှင့်၊ ချမ်းသာရှိရှိ၊ မရှိရှိပင်၊ မျက်စိကြောင်ကြောင်၊ နှာရောင်ကောက်စင်း၊ ခံတွင်းဟောင်းလောင်း၊ ဥကျွောင်းလုံးလျား၊ နားကားကားနှင့်၊ သွားတိကျဲကျဲ၊ ထိပ်ပြဲပြဲလျှင်၊ ဖြစ်မြဲမပျက်၊ ခြေလက်ဖြာဖြာ၊ အင်္ဂါဟူထ၊ ထင်သမျှကား၊ ဥပသဂ္ဂ၊ ဆိုးလှအနေ၊ လှမသေသွား၊ ကိန်းနေ လက္ခဏာ၊ အိုနာခမ္မ၊ မရဏ၏၊ ပုဗ္ဗနိမိတ်၊ သေအရိပ်တည့်၊ အနိဋ္ဌဖိုလ်၊ ပါပဂိုဟ်သို့၊ ဤကိုယ်တရား၊ နှိပ်စက်စား၏၊ မိုးဖျားထိန်းကျောက်တိုပြီးသား၊ တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊ ချေကြိတ်ညက်စွာ၊ လေးမျက်နှာက၊ လွတ်ရာမရှိ၊ လာတုံဘိသို့၊ ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဓမ္မလေးပါး၊ ဤတရားတို့၊ ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊ မြဲနေနိစ္စ၊ နှိပ်စက်စွတည့်၊ ဘဝပျက်ပြို၊ လူထိုကိုယ်ကား၊ ရှယ်ပျိုရှယ်လတ်၊ ကျန်မလွတ်သည်၊ မချွတ်သေအံ့ အပြီးတည်း။

(၁၄၃)

## သေဘေးမကင်း ပျက်ရလျှင်းလိမ့်

ဇာတိမြစ်စိုက်၊ သန္ဓေလိုက်ဖြင့်၊ အကိုက်ကြီးပွား၊ ဘတ်လေးပါးတို့၊ ထင်ရှားပေါက်ကျင်၊ ဤကိုယ်ပင်ကား၊ အမြင်ရွှေရွှေ၊ ရင့်အိုရှိလျှင်၊ နေ့ကိုရက်စား၊ ရက်အားလမျိုး၊ လကို

နှစ်ဖြုန်း၊ လွှနှင့်ဆုန်းဖို၊ ပြုန်းခဲ့ခန္ဓာ၊ မခိုင်မာဘူး၊ ဇရာမီး ငွေ၊ တမွှေမွှေတိ၊ တနေ့တခြား၊ နှစ်ရှည်များက၊ ပတ္တမြား နန်းအိမ်၊ စံမြန်းငြိမ်လျက်၊ မွှေသိမ်ဩဇာ၊ နတ်သုဒ္ဓါနှင့်၊ သီတာရေမျိုး၊ သုံးဆောင်ချိုးလည်း၊ အကျိုးမထင်၊ နာကျင် နာခြင်း၊ အိုမကင်းခဲ့၊ ဘောက်ယှင်းသိမ်မွှေ၊ တရွှေရွှေလျှင်၊ ကိုယ် လေ့ မှန် လှ၊ သင်္ခါရကြောင့်၊ ဘယ်မျှ ချမ်းသာ၊ ဟူစ ပါလည်း၊ ကြာကဇေးဇေး၊ ကရွတ်ဆွေးသို့၊ အိုရေး နာရေး၊ မြွှေမြွှေဆွေး၍၊ သေဘေးမကင်း၊ ပျက်ရလျှင်းလိမ့်၊ သေမင်း မရဏ၊ ခံတွင်းဝသို့၊ ဆင်းရမည်ဝတ်၊ မှန်မချွတ်တည့်၊ မလွှတ် နိုင်စွာ၊ သေရစာဖြင့်၊ ရတနာစီခြား၊ ပတ္တမြားမကိုဋ်၊ ဆောင်း ဆင်စိုက်လျက်၊ ကိုယ်နှိုက်အလှန်၊ အမွန်ဆုံးဖြစ်၊ ရွှေသင်းကျစ်နှင့်၊ ဦးရစ်ရွှေဗောင်း၊ ပန်းစုံလျှောင်းသား၊ ဥက္ကောင်းရတနာ၊ မြွှာတ်အင်္ဂါ၌၊ ကေသာမြသား၊ အဖြူကျား၍၊ ထင်ရှား ပေါ်မူ၊ ယခု ကဘည်၊ ဖြစ်လတ်သည့်ကြောင့်၊ ငယ်ရည် ငယ် သွေး၊ ငယ်ရုပ်ဝေးလျက်၊ မင်းမွေးပျောက်ငုတ်၊ ဘောက်ခဲ့ ချုပ်သည်၊ ။သေရုပ် သေပုံ သေမွေးတည်း။

(၃၄၄)

## မရဏသို့ ရောက်ရမချွတ်

မည်သည့်နေ့၌၊ မရွှေသင်သည်၊ သေလိမ့်မည်ဟူ၊ အတည် မမှတ်၊ ဆုံးဖြတ်တိဘိ၊ နတ်မျက်စိဖြင့်၊ မြင်သိအလို၊ နတ် ပြောဆိုက၊ ထိုနတ်စကား၊ ထိုနတ်ကြားတိုင်း၊ မမှားကောန်၊

သေခြင်းမှုန်သို့၊ လူ့ဌာန်၌တွင်၊ အကြင်သသူ၊ ဆံတည်းဖြူသော်၊ ထိုလူမုချ၊ မရဏ်သို့၊ ရောက်ရမချွတ်၊ လွဲမလွတ်တည့်။

(၃၄၆)

## မုချသေချိန် တိုင်တော့၏

သေမင်းရွာက၊ မကွာနိုင်ကြ၊ ကျင်လည်ရသည့်၊ ကာမသတ္တဝါ၊ တို့သူငါကား၊ ခါခါမစဲ၊ သေဇမြဲနှင့်၊ သေပွဲခံလျက်၊ ငါးနှယ်တက်၏၊ သက်သက်မချစ်၊ သေမင်းညစ်က၊ သတ်ညှစ်တော့မည်၊ ရန်စစ်သည်နှင့်၊ ဝန်းလည်တင်းကြမ်း၊ သို့ပန်းဖမ်းသို့၊ အကြမ်းသရမ်း၊ မွှေ့ရမ်းဆွဲဆောင်၊ မလွတ်အောင်လျှင်၊ ချည်နှောင်ဖွဲ့ရစ်၊ ငြင်းမဖြစ်ပဲ၊ လည်ဆစ်ကြိုးသွင်း၊ ငင်အပြင်းဖြင့်၊ သေမင်းတဖန်၊ အမှန်ခေါ်ငြား၊ မိုးနတ်ကြွားလျက်၊ တရားသဘာဝ၊ ဗြဟ္မာပြသည်၊ မုချသေချိန် တိုင်တော့၏။

(၃၄၇)

## ရာဇာမင်းလည်း သေမင်းမနိုင်

လောကီလူနှိုက်၊ လူ့နယ်တိုက်တွင်၊ မကိုဋ်တဆူ၊ မင်းခိုးမူ၍၊ နေ့တူအာဏာ၊ လွန်ကဲစွာသား၊ ရာဇာရာဇ၊ စကြဝတေး၊ ထိုတဝေးတို့၊ ရှိသေးဘယ်မှာ၊ လူတို့ရွာဝယ်၊ ရှာပါမထင်၊

တွေ့မမြင်ခဲ့၊ ဘယ်တွင်တစိ၊ တည်မရှိဘူး၊ မြေကြီးသြဇာ၊ ပွားစေပါလျက်၊ ယူဇနာ ဆင့်ဆင့်၊ ကပ်တိုင်း မြင့်အောင်၊ သေမင်းအစာ၊ ဖြစ်ရှိလာလျှင်၊ သတ္တဝါခပင်း၊ ကုန်မကြွင်းသည်၊ သေတွင်းငုပ်ငုပ် ဝင်တကား။

(၃၅၁)

## အချိန်ရောက်က သေမိန့်ရ

လက်ညှိုး တချောင်း၊ ထောက်ရုံပြောင်းသည့်၊ ကျော်သောင်းကြေငြာ၊ မင်းရာဇာနှင့်၊ မဟာဗာဟု၊ ဝါသုဒေဝ၊ ဗလဒေဝ၊ စောလှုနရိန်၊ ဘိမသိန်သို့၊ အချိန်ရောက်က၊ ထိတ်ကြောက်မညာ၊ သေမိန့်စာနှင့်၊ အာဏာထန်ပြင်း၊ ဆောင်အဘင်းသည်၊ သေမင်းဖြုတ်ဖြုတ် ငင်တကား။

(၃၅၃)

## ရှင်သေမင်းအား အလျှဉ်းစစ်ပြိုင် မအောင်နိုင်

ထို ဤ မျှားလှ၊ ထိုမျှခေါ်ဘဏိ၊ အင်အညီဖြင့်၊ ရှစ်လီဆယ်လီ၊ ဆဲ့ရှစ်လီနှင့်၊ နောင်ညီဒသ၊ ပဥ္စာလတို့၊ မာနဟုံးစုံး၊ ဘက်မဲ့ကြုံး၍၊ လက်ရုံးဆန့်မိုး၊ ပြည်တရိုးကို၊ စစ်ထိုးဘောင်ဘောင်၊ ပွဲတိုင်းအောင်လည်း၊ ဘုန်းခေါင်သနင်း၊ ရှင်သေမင်းအား၊ အလျှဉ်းစစ်ပြိုင်၊ မအောင်နိုင်ကြောင့်၊ ခုတိုင်မျက်မြင်၊ လူတို့ခွင်ဝယ်၊ မထင်ပြက်ပြက်၊ သေမင်းစက်နှင့်၊

ပျက်ပျက်ယွင်းယွင်း၊ ကြေမွလျင်း၍၊ သေတွင်းဝင်ကြ လေကုန်စွ။

(၃၅၄)

## သေမင်းအာဏာ မကျောနိုင်

မရဏညစ်၊ သေမင်းစစ်ကို၊ မပစ်နိုင်စွာ၊ မကာနိုင်ကြ၊ ထိုကိစ္စကြောင့်၊ တကွမနှေး၊ ဗိုလ်အလေးနှင့်၊ လေးပါမင်းပါ၊ သေမင်းရွာသို့၊လိုက်ရှာကုန်လျှင်း၊ ထိုတသင်းသည်။ ။မကြွင်းစင်ကြ လေကုန်စွ။

(၃၅၅)

## တန်ခိုးရှင်လည်း သေမင်းငင်ရ

ထိုမျှခပင်း၊ တေဇာပြင်းသား၊ နတ်မင်းတို့လျက်၊ တန်ခိုးစက်နှင့်၊ လက်နက်မျိုးစုံ၊ စီးရတုံလည်း၊ သုံးဘုံအရှင်၊ သေမင်းသျှင်ကို၊ ဘယ်တွင်ဖက်ပြိုင်၊ မဆိုင်ဝံ့ကြ၊ ထိုမှကျော်ဟိုး၊ အမျိုးမျိုးတည့်၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊ ကမ္မဇိဒ်တဖြာ၊ ဝိဇ္ဇာမယိဒ်၊ ဣဒ္ဓိဝိပြောင့်၊ ဂုဏ်ဟိတ်ထင်ရှား၊ လွန်ကြီးမားသား၊ နဂါပန်၊ သုပဏ်ဣန္ဒ၊ ဝသနိမ္မိတ်၊ ဟာရိတ်ဟော မိုးပြဟ္မာက၊ သမ္မာသမ္ဗုဒ္ဓ၊ အဆုံးကျအောင်၊ သေကြမကြွင်း၊ သေစာရင်းနှင့်။ ။သေမင်းငင်ကြ လေကုန်စွ။

(၃၅၆)

## သေမင်းလိုရာ မရပါငဲ့

ငါမင်းဖျားကား၊ လုံခွားသေနစ်၊ အဆစ်ဆစ်ဖြင့်၊ ပတ်ရစ်တွင်းပြင်၊ ရုံးချင်းတင်လျက်၊ ဝန်းကျင်ထိုမျှ၊ နေ့ညစင်းလျှင်း၊ ရွှေရုံသင်းတို့၊ ရွှေဝင်းနောက်ဝင်း၊ ဝဲယာဝင်းနှင့်၊ အဘွင်းခြောက်စို့၊ ပြင်ခြောက်စို့ပါ၊ ဆီးဆို့ပတ်ခြံ၊ ထပ်ထပ်ရံ၍၊ နန်းယံဘုံဘွင်း၊ စံတုံလျှင်းသည်း၊ သေမင်းလိုသာ၊ မရသာခဲ့၊ အင်္ဂါသေးပါး၊ ရထား မြင်း ဆင်၊ အဘင်တင်ဖြင့်၊ မြေပြင်ညီးလင်း၊မဟာကျင်းပြီး၊ ဗိုလ်သင်းစီမံ၊တင်းခုခံလျက်၊ လေး လုံ အဲမောင်း၊ စိန်ပြောင်းမီးပေါက်၊ အခြောက်ဘူ၊ ပြောထူလက်နက်၊ ဝန်းရုက်ခံလသ်၊ လွှန်အားသစ်၍၊ ထိုးပစ်ပါလျှင်း၊ ထိုသေမင်းကို၊ အောင်ခြင်းဘယ်ခါ၊ မရဆာခဲ့။

(၃၁၇)

## အနိစ္စသာ ဓမ္မတာအစဝ်

လမှာယုန်ရုပ်၊ နေဒေါင်းရုပ်တည့်၊ နေရုပ်လရုပ်၊ ကမ္ဘာရုပ်လည်း၊ ဖြစ်ချုပ်လက္ခဏာ၊ မမြဲစွာဘူး၊ သဝိညာဏ၊ သက်ဇီဝနှင့်၊ ထိုမျှသတ္တဝါ၊ တို့သူငါမူ၊ ဘယ်မှာဆိုရေး၊ ရှိဘတ်သေးလိမ့်၊ ပြေးမလွတ်ကြ၊ ဘာဝတိုင်း၊ အနိစ္စသာ၊ ဓမ္မတာအစစ်၊ ဖြစ်ခဲ့ခယွင်း၊ မှန်စင်းလျှင်းဘည့်။

(၃၁၈)

## အိုသေဓမ္မ မလွတ်ကြ

လောကီခန္ဓာ၊ ဝဋ်မီးစာတည့်၊ ဥပါဒါန်၊ သက္ကာယဟု၊ ကိုးဘဝတွင်း၊ မလွန်လျှင်း၍၊ စာရင်းဝင်တွေ၊ တည်သန္ဓေကြောင့်၊အိုသေ ဓမ္မ၊ မလွတ်ကြဘူး၊ ယသဗလ၊ထာမတေဇာ၊ ပညာဣဒ္ဓိ၊ မေယျိလုံးခွန်း၊ ကိလေမွန်းလျက်၊ ဖြစ်ဆန်းမည်ကာ၊ လူတို့ရွာတွင်၊ သူငါကဲစ၊ ပိုးလောက်မျှတည့်၊ ပုညမွဲမျိုး၊ ဘုန်းမဖိုးသား၊ တန်ခိုးသိမ်ဖျင်း၊ လူပြိန်းပျင်းကို။ ။သေမင်း မငင် နေပိမ့်နည်း။

(၃၅၇)

## အများတကာ သေရမှာ

သတ္တဝါရုပ်ခေတ်၊ စိတ္တုပ္ပါဒ်လည်း၊ ထိုခေတ်မလွဲ၊ ဖောက်ပြန်မြဲကြောင့်၊ ခေတ်လဲခေတ်ကြောင်း၊ ဆိုးကောင်းရသာ၊ ဩဇာဝတ္ထု၊ စာရေစုနှင့်၊ ဥတုပူအေး၊ လွန်ဘေးယုတ်နာ၊ ဝေဒနာဖြင့်၊ ခေတ်နာ ကပ်နာ၊ မပြတ်စွာအောင်၊ ရောဂါ ဥပဒ်၊ နာနတ်ထွေပြား၊ တွေ့ခံစားလျက်၊ အများတကာ၊ ဤလူ့ရွာတွင်၊ သူငါတသင်း၊ လူခပင်းသည်၊ သေတွင်း မဝင် နေချိမ့်နည်း။

(၃၅၈)

## အရှင်သေမင်း မကြားခွင်းလိမ့်

တရားရေးပုံ၊ ယူတုံမှတ်ဘိ၊ ရသတိဖြင့်၊ မိမိခေါင်းတွင်၊ ဆံဖြူမြင်သော်၊ ငါလျှင်အပြီး၊ သေချိန်နီးခဲ့၊ သမီးနှင့်သား၊

မယားနှင့်လင်၊ သက်နှယ်ကြင်လည်း၊ အရှင်သေမင်း၊ မကြာခွင်းလိမ့်၊ သေခြင်းနိုးစွာ၊ ရောက်သောငါကား၊ အိမ်မှာပျော်ကျူး၊ ဘယ်ရှိနိုးအံ့၊ နေ့ကြိုးနေ့ကြား၊ ကျင့်ပြောက်ကျားနှင့်၊ လေးပါးပါယ်ထဲ၊ မီးငှရဲမှ၊ လွတ်မြဲမဟူ၊ သတိမူလော့၊ ငယ်သူတကာ၊ နုသေးစွာကဲ၊ ခိန္တာဒသကာ၊ မန္ဒာစသား၊ ပတ်လျစိုးရှင်၊ လုလင်သမဲ၊ လုံမိညဲနှင့်၊ ဉာဏ်မွဲတုံးပေ၊ မိုက်မူးဝေသည့်၊ လူလေလူဝါး၊ လူပြိန်းများသို့၊ ပျော်ပါးစိတ်ကြိုက်၊ ဝသီလိုက်၍၊ စရိုက်ယုတ်မာ၊ ဝါသနာဆိုးဝါး၊ တမားမားဖြင့်၊ တရားလက်စွဲ၊ မရှိပဲလျှင်၊ မကွဲစုဝေး၊ အိမ်သားမြေးနှင့်၊ သေခရေးမလှ မလုံတည်း။

(၅၃၇)

## သေရေး မလုံ

သေရေး မလုံ၊ မလှတုံပဲ၊ အာရုံတမ်းကာ၊ ဥစ္စာခမ်းနား၊ လယ်ယာများနှင့်၊ မယားကိုစွဲ၊ သားကိုစွဲကြောင့်၊ငရဲနစ်လေ၊ ကြွက် မြွေ ကျေးသား၊ ခွေး နွား ဖုတ် ပြိတ်၊ အဟိတ်ယုတ်မာ၊ ဖြစ်ကြစွာငဲ့။

(၅၃၉)

## ဆရာတော်ကြီး၏ အာသိသ

ဆရာတော်ဘုရားကြီးသည် ဤမျှထိုမျှ သေမင်းအကြောင်းကို အကြိမ်ကြိမ် အထပ်ထပ် ရေးသားထားသည်ကို ထောက်ရှု

ခြင်းအားဖြင့် 'သေခြင်းတရား'ကို အဖန်ဖန် အခါခါ သတိရစေချင်သည့် ဆန္ဒ အာသီသကို ထောက်ထားကာ စာဖတ်သူများ မရဏာနုဿတိကို ကြိုးကြိုးစားစား ပွားများနိုင်ကြပါစေဟု ပတ္ထနာ ပြုလိုက်ပါ၏။

## ဝိသုဒ္ဓိမဂ်လာ သေရာတရားများ

### (က)မသိနိုင်ရာ ကြောင်းငါးဖြာ

ဇီဝိတံ ဗျာဓိ ကာလောစ၊
ဒေဟ နိက္ခေပနံ ဂတိ၊
ပဉ္စတေ ဇီဝ လောကသ္မိံ၊
အနိမိတ္တာ န နာယရေ။

(၁)ဇီဝိတံ–အသက် အပိုင်းအခြားအား လည်းကောင်း။ (၂)ဗျာဓိ–မည်သည့် ရောဂါဖြင့် သေမည်ကို လည်းကောင်း။ (၃)ကာလောစ–မည်သည့်ဥတု၊ မည်သည့် ကာလ၊ မည်သည့် အချိန်၌ သေမည်ဟု ကာလ အပိုင်းအခြားကို လည်းကောင်း။ (၄)ဒေဟ နိက္ခေပနံ- မည်သည့် ဌာန၌ သေရ မည် ကို လည်းကောင်း၊ (၅)ဂတိ- သေပြီးနောက် မည်သည့်ဂတိသို့ ရောက်

ရမည်ကို လည်းကောင်း။ ဇီဝလောကသ္မိံ—အသက်ရှိကြ သတ္တလောက၌။ ဧတေပဥ္စ— ဤငါးပါးတို့ကို။ အနိမိတ္တ— ကြိုတင်၍ နိမိတ် မတပ်နိုင်ကြကုန်။ န နာယရေ—မသိနိုင်ကြကုန်။

(ဝိသုဒ္ဓိမဂ်(ပထမ) ၂၂၇)

## (ခ)ရှက် ကြောက် မဲ့ကင်း ရှင်သေမင်း

နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊
သဗ္ဗ သတ္တာဘိမဒ္ဒနံ၊
တယိဒံ မာဒိသံ သတ္တံ၊
ကထံ နာဘိ ဘဝိဿတိ။

နိလ္လဇ္ဇံ— အရှက်ကင်းသော။ ဝီတသာရဇ္ဇံ— သံယောဇဉ် မဖက် ငဲ့ကွက်ခြင်း ကင်းသော။ သဗ္ဗသတ္တာ ဘိမဒ္ဒနံ—ကြွင်းမဲ့ ဥဿုံ လုံးစုံ များစွာ သတ္တဝါတို့ကို မညှာမတာ အခါခါ ကြိတ်လျက် နှိပ်စက်တတ်သော။တယိဒံ တံဣဒံမရဏံ—ရက်စက် ဘိလျင်း ထိုသေမင်းသည်။ မာဒိသံ သတ္တံ—ငါလို လူစားသာမညအားကို။ ကထံနာဘိ ဘဝိဿတိ—အဘယ် အားကိုး မလွှမ်းမိုး မနှိပ်စက် ငဲ့ကွက်၍ နေပါလေ မည်နည်း။

## (ဂ) သေမင်း ခံတွင်းမှ မလွတ်ကင်းနိုင်

၁။ သေဋ္ဌိနော သုဒ္ဒါဝါသာ စ၊ ရာဇာနော စက္ကဝတ္တိကာ။
သဗ္ဗေ မစ္စုဝသံယန္တိ၊ နမုစ္စန္တိ မစ္စုမုခါ။

သေဋ္ဌိနော— ဇောတိက၊ ဇတိလ၊ မေဏ္ဍက စသော သဌေး ကြီးတို့သည် လည်းကောင်း။ သုဒ္ဒါဝါသာစ— အလွန်တရာ ဆင်းရဲကုန်သော သူဆင်းရဲတို့သည် လည်းကောင်း၊ ကုန်သည် တို့သည် လည်းကောင်း။ ရာဇာနော စ— ပဒေသရာဇ် ကေ်ရာဇ် တို့သည် လည်းကောင်း။ စက္ကဝတ္တိကာ စ— လေးကျွန်းသနင်း စကြဝတေး မင်းကြီးတို့သည် လည်းကောင်း။ သဗ္ဗေ— ခပ် သိမ်းကုန်သော သူတို့သည်။ မစ္စုဝသံ— သေမင်း နိုင်ငံသို့။ ယန္တိ— လိုက်ပါကြရကုန်၏။ မစ္စုမုခါ— သေမင်း ခံတွင်းမှ နမုစ္စန္တိ— မလွတ်နိုင်ကြကုန်။

၂။ နိရိယာ စ ပေတာဒိကာ၊ ဒေဝါနော ဘုမ္မရုက္ခာ စ။
သဗ္ဗေ မစ္စုဝသံယန္တိ၊ နမုစ္စန္တိ မစ္စုမုခါ။

နိရိယာ စ—ငရဲကြီး ငရဲငယ် အသွယ်သွယ်တို့၌ တစီစီ တညံ ညံ ဒုက္ခခံနေရသော ငရဲသူ သတ္တဝါတို့သည် လည်းကောင်း၊ ပေတာဒိကာ စ— ပြိတ္တာ စသော သူတို့သည် လည်းကောင်း။ ဒေဝါနော စ— နတ်ပြည် ခြောက်ထပ်နှင့် တကွ၊ နတ်ဗြဟ္မာတို့ သည်လည်းကောင်း။ ဘုမ္မရုက္ခာ စ— ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်

အာကာသစိုးနတ်တို့သည် လည်းကောင်း။ သဗ္ဗေ— ခပ်သိမ်းကုန်သော နတ်ဗြဟ္မာ တို့သည် လည်းကောင်း။ မစ္ဆုဝသံ— သေမင်းနိုင်ငံသို့။ ယန္တိ— လိုက်ကြရကုန်၏။ မစ္စုမုခါ—သေမင်းခံတွင်းမှ။ နမုစ္စန္တိ— မလွတ်နိုင်ကြကုန်။

၄။ ဗုဒ္ဓါ ပစ္စေကာ ဗုဒ္ဓါစ၊ အရဟန္တာ အဂ္ဂသာဝကာ။
သဗ္ဗေမစ္စုဝသံယန္တိ၊ နမုစ္စန္တိ မစ္စုမုခါ။

ဗုဒ္ဓါစ — ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားတို့သည်လည်းကောင်း။ ပစ္စေကာဗုဒ္ဓါစ—အသီးအသီး ပွင့်တော်မူကြကုန်သော ပစ္စေကာ ဗုဒ္ဓါတို့သည်လည်းကောင်း။ အရဟန္တာစ—ပကတိ သာဝက၊ မဟာ သာဝက ဖြစ်တော်မူကြကုန်သော ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝကာစ– လက်ယာရံ၊လက်ဝဲရံ ဖြစ်တော်မူကြကုန်သော ရှင်သာရိပုတ္တရာ၊ရှင်မဟာမောဂ္ဂလာန်၊အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီးတို့သည်လည်းကောင်း။ သဗ္ဗေ—ဘုရား ပစ္စေကာဗုဒ္ဓါ အရိယာအရှင်မြတ်တို့သော်လည်း ။မစ္စုဝသံ—သေမင်းနိုင်ငံသို့။ ယန္တိ — လိုက် ကြ ရ ကုန်၏။ မစ္စုမုခါ — သေမင်း ခံတွင်းမှ။ နမုစ္စန္တိ—မ လွတ် ကြ ကုန်။ မယာပန — ဘုန်းနည်း၊ ကံနည်း လောဘ၊ ဒေါသ၊ မောဟတွေ အပြည့်ကြီး ရှိကြကုန်သော ငါတို့ တစုမှာမူကား။ ကဲထံမှတ္တာ—ဘယ်မှာလျှင် သေမင်းနိုင်ငံက လွတ်နိုင်ကြကုန်အံ့နည်း။

## သေခြင်းကို အဖန်တလဲလဲ ဤသို့ အောက်မေ့အပ်၏

(၁) မဟာသမ္မတမင်း၊ စကြာမင်းတို့သည်လည်း သေရကုန်သေး၏။

(၂) ဇောတိက၊ ဇဋိလ စသော သဌေးကြီးများလည်း သေကြရကုန်ပြီ။

(၃) ဝါသုဒေဝ၊ ဗလဒေဝ စသော စစ်သူကြီး၊ လက်ရွေးသည်ကြီး လူစွမ်းကောင်းတို့ သော်မှလည်း သေခြင်းသို့ ရောက်ကြရကုန်သေး၏။

(၄) သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်ကို ခြေမဖြင့် လှုပ်နိုင်လောက်အောင် တန်ခိုး ကြီးသော အရှင်မဟာမောဂ္ဂလာန်၊ ပထမ အဂ္ဂသာဝက ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်တို့သည်လည်း သေမင်း၏ အလိုသို့ ရောက်ရသေး၏။

(၅) ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သော်မှ သေခြင်းမှ လွတ်တော်မမူကြကုန်။

(၆) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကြီးသော်မှလည်း ပရိနိဗ္ဗာန် စံတော်မူရလေသည်။

ဤသို့သော သူနုပ်တို့သည်ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

## ကမ္ဘဌာန်းကို အားထုတ်သော်

အမတံတေပရိဘုဥ္ဇန္တိ၊ ယေကာယဂတာသတိံ ပရိဘုဥ္ဇန္တိ။

အကြင် ပုဂ္ဂိုလ်တို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့သည် မသေဆေးကို သုံးဆောင်ကြသည် မည်ကုန်၏။

(ဝိဘာဒ္ဓိမဂ်)

## ရှောင်လွှဲခြင်း မည်သည် မရှိ

လူတို့၏ အသက်သည် နည်းလှ၏၊ တိုတောင်းလှ၏။ ထို အသက်ကို သူတော်ကောင်းသည် ရှုတ်ချကဲ့ရဲ့ရာ၏၊ ဦးခေါင်းကို မီးလောင်သော သူကဲ့သို့ တဆယ့်တသီး မီး၏ ငြိမ်းရာ နိဗ္ဗူတာသို့ ရောက်ရာ ရောက်ကြောင်း ကောင်းသော အကျင့်ကို အသက်ရှင်ခိုက် ကျင့်လိုက်ရာ၏။ သေခြင်းတရား မလာရောက်ပဲ ရှောင်လွှဲခြင်းမည်သည် မရှိပေ။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမြန်မာပြန်း ပထမတွဲ ၄၇၁)

## သေခြင်းကို အောက်မေ့ရပုံ (၈) မျိုး

(၁) သူသတ်ယောကျ်ား ရှေးရှု တည်လာသောအားဖြင့် လည်းကောင်း၊

(၂) ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့်လည်းကောင်း၊

(၃) ကပ်၍ဆောင်သောအားဖြင့် လည်းကောင်း၊

(၄) ကိုယ်၏ များစွာသော သေကြောင်းတို့နှင့် ဆက်ဆံသော အားဖြင့် လည်းကောင်း၊

(၅) အသက်၏ အားနည်းသောအားဖြင့်လည်းကောင်း၊

(၆) သေခြင်း၏ မှတ်သားအပ်သော အပိုင်းအခြား မရှိခြင်းအားဖြင့်လည်းကောင်း၊

(၇) ကာလ၏ ပိုင်းခြားအပ်သည်၏ အဖြစ် အား ဖြင့် လည်းကောင်း၊

(၈) အသက်ရှင်သော ခဏ၏ အလွန်တိုသောအားဖြင့် လည်းကောင်း၊

ဤ ၈ ပါးသောအခြင်းအရာတို့ဖြင့် သေခြင်းကိုအောက်မေ့ အပ်၏။

# အခန်း ၂

## အို–နာ–သေ

ဤအခန်းတွင်‘သေခြင်း’ တွင်မက‘အိုခြင်း’ ‘နာခြင်း’ တည်းဟူသော ဘေး နှစ် ပါး အကြောင်းလည်း ပညာရှိ သူတော်ကောင်း အပေါင်းတို့ ရေးသား ထားကြသော စာပေ အရပ်ရပ်နှင့် ဘုရားဟော ကျမ်းလာ ဒေသနာ တော် ကောက်နုတ်ချက်များကို တင် ပြ ထား ပါသည်။

လူတိုင်းလူတိုင်း အိုကြရမည်။ အိုကြရသည် ဖြစ်ပါလျက် သတိမပြုတတ်ကြပေ။ အမှန် အားဖြင့် မွေးသည့်နေ့က သေသည့်နေ့တိုင်

ဆက်တိုက် အိုလျက် ရှိကြပေ၏။ 'ငါသည် အိုရမည်' ဟု ရုပ် နာမ် နှစ်ပါးကို အမြဲရှုပွားရ၍ နေကြပါရန် ဤစာအသီးသီးဖြင့် သတိပေးအပ်ပါသည်။

အိုရုံနှင့် ပြီးပါသလား။ မပြီး သေးပါ။ ဤ ရုပ် နာမ် နှစ်ပါး ရှိနေသမျှကာလပတ်လုံး တမျိုးမဟုတ် တမျိုး၊ တကြိမ်မဟုတ် တကြိမ် စသည်ဖြင့် နာရပေဦးမည်။ ထို နာရေးကို တခါတရံ ဒုက္ခဝေဒနာကိုခံစားရခါမှ နာခြင်း တရားကို သတိရတတ်ကြပေသည်။

ထို အိုဘေး၊ နာဘေးများ၏နောက် သေဘေးကြီးက နိဂုံးကမ္ပတ် အဆုံးသတ်လိုက် ပေတော့၏။

ဤ အိုဘေး၊ နာဘေး၊ သေဘေး တည်းဟူသော လက္ခဏာရေး သုံးပါးကို အမြဲ ပွားများနေကြရန် ရှင်တော်ဘုရား မိန့်ကြားထားခဲ့သည့်အတိုင်း နေ့မဆိုင်း ညမဆိုင်း အမြဲ နှလုံးသွင်း ပွားများနိုင်ကြပါစေဟု တိုက်တွန်းသမှု ပြုလိုက်ပါကြောင်း။

* * *

## အပျက်နယ်တရိုးက အသေမျိုးတရား

လူလို့ သမုတ်ရတဲ့ ရုပ်ခတ် နာမ်ခတ်တွေဟာ အိုတတ်တဲ့ အမျိုးအစား ခန္ဓာစုတွေပဲ။ အိုတာဟာ ဘယ်သူက ခိုင်းလို့ ဘယ်သူ့အလိုအရ အိုနေရတာလဲဆိုတော့၊ ဘယ်သူကခိုင်းလို့ ဘယ်သူ့အလိုအရမို့ အိုပေးနေရတာ မဟုတ်ပါဘူး။ အိုမျိုးတွေမို့လို့ အိုတဲ့သဘောတွေက အိုနေတာပါပဲတဲ့။ ဒါကြောင့် 'အိုမျိုးခန္ဓာ၊အနှစ်မပါ၊အိုတာသူ့သဘောအတိုင်းပါတကား' လို့ ဆင်ခြင် ရှုပွားစရာပဲပေါ့။

ထိုနည်းတူပဲ–

လူလို့ သမုတ်ရတဲ့ ရုပ်ခတ် နာမ်ခတ်တွေဟာ နာတတ်တဲ့ အမျိုးအစား ခန္ဓာစုတွေပဲ။ နာတတ်တာဟာ ဘယ်သူက ခိုင်းလို့၊ ဘယ်သူ့အလိုအရ နာနေရတာလဲလို့ဆိုတော့၊ ဘယ်သူကခိုင်းလို့ ဘယ်သူ့အလိုအရမို့ နာပေးနေရတာ မဟုတ်ပါဘူး။ နာမျိုးတွေမို့လို့ နာတဲ့သဘောတွေက နာနေတာပါပဲတဲ့။

ဒါကြောင့်–

'နာမျိုးခန္ဓာ၊ အနှစ်မပါ၊ နာတာ သူ့သဘောအတိုင်းပါတကား' လို့ ဆင်ခြင် ရှုပွားစရာပဲပေါ့။

အိုမှု၊ နာမှုတွေနဲ့မခြား သေမှုသဘောမှာလဲ—

လူလို သမုတ်ရတဲ့ ရုပ်ခတ် နာမ်ခတ်တွေဟာ သေတတ်တဲ့ အမျိုးအစား ခန္ဓာစုတွေပဲ။ သေတာဟာ ဘယ်သူကခိုင်းလို့၊ ဘယ်သူ့အလိုအရ သေနေရတာလဲလို့ဆိုတော့၊ ဘယ်သူကခိုင်းလို့ ဘယ်သူ့အလိုအရမို့ သေပေး နေရတာ မဟုတ်ပါဘူး။ သေမျိုးတွေမို့လို့ သေတဲ့သဘောတွေက သေနေတာပါပဲတဲ့၊ ဒါကြောင့်၊

'သေမျိုးခန္ဓာ၊ အနှစ်မပါ၊ သေတာသူ့သဘောအတိုင်းပါတကား' လို့ ဆင်ခြင် ရှုပွားစရာပဲပေါ့။

အဲဒါလို အိုမျိုး၊ နာမျိုး၊ သေမျိုးတွေဖြစ်လို့ တအိုထဲအို၊ တနာထဲနာ၊ တသေထဲ သေနေတဲ့ ခန္ဓာခတ်တွေကို ဉာဏ်အချက်နဲ့ ပတ်ပတ်နပ်နပ်မြွေကာ လက္ခဏာယာဉ် တင်ပြီး ရှုပွားရမှာက ဒီလိုတဲ့—

ခန္ဓာ နိစ္စာ ခယဋ္ဌေန၊ ဘယဋ္ဌေန စ ဒုက္ခာတေ၊
အနတ္တာ အသာရကဋ္ဌေန၊ ဣတိပဿေ ပုနပ္ပုနံ။

ခန္ဓာ—ခန္ဓာငါးပါး ရုပ် နာမ် တရားတို့သည်။ ခယဋ္ဌေန—အချိန်ကျလျှင်၊ တိမ်ဝအာကာ၊ လေလွင့်ရာသို့၊ မကြာမတင်၊ အစဉ်မပြတ်၊ ကုန်တတ် ပျက်တတ်သော အနက် သဘောကြောင့်။ အနိစ္စာ—ဘယ်သူကမှ တားမရသည့် အနိစ္စတရားတို့သာတည်း။ တေ—ထိုခန္ဓာငါးပါး ရုပ် နာမ် တရားတို့သည်။ ဘယဋ္ဌေန— ပျက်ချိန်တန်လျှင်၊ အမှန်မုချ ပျက်စီးရ သဖြင့်၊

ခဏမအေး၊ ပူဆွေးစရာ၊ ကြောက်ဖွယ်ရာ ကောင်းခြင်း ဟူသော အနက်သဘောကြောင့်။ ဒုက္ခာ–ခိုပုန်း၍ မရနိုင်သည့် ဒုက္ခတရားတို့သာတည်း။ အသာရကဋ္ဌေန– မ ပျက် နိုင် ရန်၊ အမာခံအသားအနှစ်၊ စင်စစ်တစိုးတစိ၊ လုံးဝမရှိခြင်း ဟူသော အနက်သဘော သတ္တိကြောင့်။ အနတ္တာ– ဘုရား ရဟန္တာ၊ ပြဟ္မာ သိကြား၊ အာဏာထားလည်း၊ အသားမဝင်၊ အစဉ်ဆိတ်သုဉ်း၊ အကာဖုံး၍၊ အသုံးမကျသော အနတ္တတရားတို့သာတည်း။ ဣတိ– ဤသို့ ဖော်ပြသည့် အတိုင်းသာလျှင်။ ပုနပ္ပုနံ– အဖန်ဖန် အထပ်ထပ်၊ မပြတ်ရအောင်။ ပဿေ– ဝိပဿနာ ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်ရာသတည်း။

(ပရဟိတ သာသနာပြု ဓမ္မကထိက ချောင်းဦးဆရာတော်
သျှင်ဓမ္မရက္ခိတ)

## အို–နာ–သေ ကြုံရမလေ

သတ္တဝါတို့မည်သည် ပဋိသန္ဓေ တည်နေပြီးသည့်ကအစ မရဏတွင် ဆုံးကြရမည်မှာ မြေကြီးလက်ခတ် မလွဲပေ။ လူတိုင်း လူတိုင်း ဤကဲ့သို့ တွေ့ကြုံကြရမည့်ဖြစ်ရပ် သတိချပ်မိစိမ့် သောငှာ–

## အို–နာ–သေရေး ဒုက္ခဘေး

ရုပ် နာမ် နှစ်ပါး ရှိနေသမျှသော သတ္တဝါတို့ မလွဲမသွေ ရင်ဆိုင်ရမည့် တရားသည် ကေန် ရှိခဲ့လေသည်။ သို့သော်

ထိုတရားများကို သတ္တဝါတိုင်းပင် မကြားလိုကြ၊ ရင်မဆိုင်လိုကြ၊ မမြင်မတွေ့လိုကြ၊ ဤသို့ဖြင့် မကြားလို၊ ရင်မဆိုင်လို၊ မမြင် မတွေ့လိုယင်းနှင့်ပင် ပြေးပုန်းရှောင်လွှဲ၍ မရပဲ တွေ့ဆုံကြရပြန်တော့သည်။ ထိုတရားကား "အိုခြင်း၊ နာခြင်း၊ သေခြင်း" တရားဖြစ်သတည်း။

(မဟာဗောဓိမြေမှ)

## ရှောင်လို့ဖြင့် မရပါ

အို-နာ-သေ-ကွဲ
ရှောင်မလွှဲ
ကံပဲ သင့်ကို စီမံမည်။

(စေတနာရှင် ယောဂီ)

## အများတတွေ့ ကြုံကြရမှာ အို-နာ-သေပါ

(၁) အိုသူမေးလို့ အိုသွားပါလာ၊
အိုမှာမလွဲ အိုဆဲခန္ဓာ၊
အိုသူသေသွား အများတံထွာ၊
တို့မှာလဲ ထိုနဲ့ ဤခန္ဓာ။ ။

(၂) နာ သူမွေးလို့ နာ သွေးပါလာ၊
နာ မှာမလွဲ နာ ဆဲခန္ဓာ၊
နာ သူသေသွား အများတံထွာ၊
တို့မှာလဲ ထိုနှဲ ဤခန္ဓာ။ ။

(၃) သေ သူမွေးလို့ သေ သွေးပါလာ၊
သေ မှာမလွဲ သေ ဆဲခန္ဓာ၊
သေ သူသေသွား အများတံထွာ၊
တို့မှာလဲ ထိုနှဲ ဤခန္ဓာ။ ။

သီလရှင်များ
ဒိပဿနာတိုက်၊ ပဲခူးမြို့

# “အို” တေးထပ်

အို နာဆို အိုရှာငဲ့၊
အို ဇရာနဲ့ ကြုံသော်၊
အို မှာကဲ့ ယုံနော်၊
အို စည်ဆော် လာငြား။ ။

အို ပြီးယင်း အိုမည်မှာ၊
အို သည်သာ ဗုဒ္ဓမိန့်ကြား။ ။

အို ခြင်းမှ လွတ်ကင်းလိုလျှင်၊
အို မြင်အောင် ရှုစား။

အို ပေါ်လာ ထင်ရှားတော့၊
အို တရား တွေ့မည်။ ။

အို လွတ်ရာ နိဗ္ဗာန်နန်း၊
အို စခန်း ကင်းလေတော့သည်။ ။

အို သဘောမှ ကင်းဝေးရည်၊
အို မည်ကို ကြောက်သွားပို့၊
အို တရား များများရှုပါ၊
အို မှု ကင်းကွာ။ ။

အို နေမှု မချဉ်းလာအောင်၊
အို ကင်းရာ ဆုတောင်းကွယ့်လေး။ ။

# "နွာ" တေးထပ်

နွာ ဆိုတာ မကောင်းလှ၊
နွာ ကာမှ သိပေ၊
နွာ စရှိ နွာပလေ၊
နွာ လေလေ စိတ်ဆိုး။ ။

နွာ မျိုးမို့ နွာပေတာ၊
နွာ့ သောခါ ဒုက္ခဆူပြိုး။ ။
နွာ ပြီးတော့ နွာပေမှာ၊
နွာ သေဟာ လာရိုး။

နွာ ရှေတာ သူမတိုးရအောင်၊
နွာ မျိုးကို သိလေ။ ။
နွာ မှုတွေ မလာရအောင်၊
နွာ နွာပ တရားကျင့်စေ။ ။

နွာ စကား ရင့်မသွေ၊
နွာ လေလေ ကျိုးရှိသမို့၊
နွာ မိအောင် နွာပါလေ-
နွာ တရားတွေ။ ။

နွာ ဖျားသေမှု သိမှတ်ခါ၊
နွာ ဝိပဿနာ ရှုစမ်းကွယ့်လေး ။ ။

# “သေ” တေးထပ်

သေ ဆိုတာ မဆန်းလှ၊
သေ ကြမည့် သူတွေ၊
သေ မင်းက သူမနေ၊
သေ အောင်လေ မှတ်ထား။ ။

သေ ဖို့နေ့ ကြုံလာလျှင်၊
သေ ရမည် မုချမမှား။ ။

သေ ရမှာ ကြောက်ပါလို့၊
သေ ပေါက်သာ ရှောင်ရှား။
သေ မင်းကား သူမနေ၊
သေ ပါစေ ဆိုပိမ့်။ ။

သေ ဘေးက မရှောင်သာ၊
သေ အောင်သာ ထူးပ သူငြိမ့်။ ။

သေ ဖို့ရာ ကံနိမ့်တော့၊
သေ မိန့် သူနာခံလို့၊
သေ ရွာသို့ စံရပေမည်၊
သေ ရတော့သည်။ ။

သေ ရေးပ မသတ်ပါချင်၊
သေ နှံ့သတိသာ ပွားကြတော့လေး။ ။

(ချောင်းဦး-သိန်းမောင်)

## မုချ တွေ့ရမည့် အို၊နာ၊သေ

မအိုပါလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊ အိုကြရ၊ အနတ္တ ခန္ဓာကိုယ်။

မနာပါလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊ နာကြရ၊ အနတ္တ ခန္ဓာကိုယ်။

မသေပါလို၊ တောင်းဆုဆိုလည်း၊ ဤကိုယ်မရ၊ သေကြရ၊ အနတ္တ ခန္ဓာကိုယ်။

(စစ်ကိုင်း အရှင်ဗြဟ္မဝံသ)

## တာဝန်ခံနိုင်သူ မရှိ

အိုခြင်းသဘောကို မအိုစေရ၊
နာခြင်းသဘောကို မနာစေရ၊
သေခြင်းသဘောကို မသေစေရ

ဟု တာဝန်ခံနိုင်သည့် တစုံတယောက်သော ရဟန်း သော်လည်းကောင်း၊ ပုဏ္ဏားသော်လည်းကောင်း၊ နတ်သော်လည်းကောင်း၊ မာရ် နတ် သော်လည်းကောင်း၊ ဗြဟ္မာသော်လည်းကောင်း လောက၌ မရှိ။

(စတုက္က အင်္ဂုတ္တိုရ်၊ စတုက္က ပဏ္ဏာသက၊
၂ ပဋိပဒါဝဂ်၊ ၄ ပထမ ခမသုတ်)

## တွေ့ကိုတွေ့ရ အို့,နာ,သေရေး ဒုက္ခဘေး

(၁) အို,နာ,သေရေး၊ ဒုက္ခဘေး၊ ရှောင်ပြေး မလွတ်ပါ၊
(၂) မအိုပါလို့၊ တောင်းဆုဆို၊ အိုကို အိုရမှာ၊
(၃) မနာပါလို့၊ တောင်းဆုဆို၊ နာကို နာရမှာ၊
(၄) မသေပါလို့၊ တောင်းဆုဆို၊ သေကို သေရမှာ၊
(၅) ထို့ကြောင့်ပင်လျှင်၊ မအိုခင်၊ ကြိုတင် ကောင်းမှု ပြုရမည်။
(၆) ထို့ကြောင့်ပင်လျှင်၊ မနာခင်၊ ကြိုတင်ကောင်းမှု ပြုရမည်။
(၇) ထို့ကြောင့်ပင်လျှင်၊ မသေခင်၊ ကြိုတင်ကောင်းမှု ပြုရမည်။
(၈) ကောင်းမှုပြုမှ၊ ငရဲဒုက္ခ၊ မုချကင်းလွတ်မည်။

(ဦးဓောဇ – ပုသိမ်)

## ဘုရားသော်မှ အို-နာ-သေရ

ကိလေသာကုန်ခန်း၊ နိဗ္ဗူတာစခန်းဝင်၊ဘုရားရှင်တို့သော်မှ အို နာ သေဘေးကို ပစ္စုပ္ပန် မျက်မှောက်လောကတွင် ခံစားရသောကြောင့် အခြား အခြားသော ပုဂ္ဂိုလ်သတ္တဝါများ၌ကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ထို့ကြောင့် အို နာ သေဘေး တော်လှန်ရေးအတွက် ကမ္ဘာ့လူသားတိုင်းသည် နိဗ္ဗူတာစခန်းမရောက်မီ မိမိသန္တာန်၌ 'ကိုယ်ကျင့်သီလ၊ ယုံကြည်မှု သဒ္ဓါတရား၊ အပြားအားဖြင့် ဆင်ခြင်သိတတ်သော ပညာ၊ အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတတ်သော ကုသိုလ်ကောင်းမှုတို့ကို တည်ရှိနေအောင် ကြိုးစားအားထုတ်ကြပါက ကောင်းမြတ်လှပေသတည်း။

(မောက်သရက်–အရှင်ကောဝိဒ)

## ထိတ်လန့်စရာ အို–နာ–သေပါ

အိုနာ,သေဘေးကို ကြောက်လန့်ကြကုန်သော သတ္တဝါတို့သည် နည်း၏။ စင်စစ် မထိတ်လန့်သော သတ္တဝါတို့သည် များ၏။

(အင်္ဂုတ္တိုရ်၊ ကေခမ္ဗပါဠိ–၄၆)

## အို–နာ–သေရေး ဉာဏ်ဖြင့်တွေး

(၁) အိုနေသောသူ၊ တွေ့မြင်မှု၊ ထို့တူ ငါလဲ အိုရမည်။

(၂) နာနေသောသူ၊ တွေ့မြင်မှု၊ ထို့တူ ငါလဲ့ နာရမည်။

(၃) သေနေသောသူ၊ တွေ့မြင်မှု၊ ထို့တူ ငါလဲ သေရမည်။

(၄) အို့,နာ, သေရေး၊ ဥာဏ်ဖြင့်တွေး၊ မနှေးရှုရမည်။
(၅) ဤသို့ရှုကာ၊ ဘာဝနာ၊ ပွားကာနေရမည်။
(၆) ဘာဝနာပွား၊ ကုသိုလ်များ၊ ကြိုးစားပြုရမည်။
(၇) ကုသိုလ်ပြုမှ၊ ဝဋ်ဒုက္ခ၊ မုချကင်းလွတ်မည်။
(မဏ္ဍိုင် အရှင်သိရိန္ဒ)

## အိုခြင်း နာခြင်း သေခြင်း

**ရှင်တော်ဘုရား။** ။မင်းကြီး၊ **သင့်အား** အိုခြင်း၊ နာခြင်း၊ သေခြင်း တရားသည် စင်စစ် လွှမ်းမိုး လျက်သာလျှင်တည်း။

မင်းကြီး၊ သင့်အား အိုခြင်း၊ နာခြင်း၊သေခြင်းတရားသည် လွှမ်းမိုးသည်ရှိသော် အဘယ်သို့ ပြုမည်နည်း။

**ပသေနဒီ ကောသလမင်းကြီး။** ။အရှင်ဘုရား တပည့်တော် အား အိုခြင်း၊ နာခြင်း၊ သေခြင်းသည် လွှမ်းမိုးသည်ရှိသော်ကား၊ တရားကျင့်ခြင်း၊ အညီအမျှကျင့်ခြင်း၊ ကုသိုလ်ပြုခြင်း၊ ကောင်းမှုပြုခြင်းမှတပါး အခြားပြုဖွယ် လုပ်ဖွယ် မရှိပါဘုရား။ မင်းစည်းစိမ် ဆိုသည်မှာ အိုဘေး နာဘေး သေဘေးနှင့် ကြုံသော် အမှီပွာယ်မရှိ၊ အချည်းနှီးသာ ဖြစ်ပါသည်ဘုရား။

(သံယုတ်ပါဠိတော်၊ ပဗ္ဗတူပမသုတ်)

အိုဘေး၊ နာဘေး၊ သေဘေးဆိုးကြီးတို့သည် အစဉ်သဖြင့် လွှမ်းမိုး၍ နေပါသည်။ ကိုတင် ပြင်ဆင်မှုအနေဖြင့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာဝနာတို့ကို အခါခါ ကြိုးစား ကြကုန်ရာသတည်း။

(အောင်သဲ ဦးပန်း)

## အို၊ နာ၊ သေ သတိသံဝေ ရပါလေ

အိုသူကိုမြင်၊ ငါလျှင်အိုရ၊ သဘာဝမို့၊ အိုဖို့ချိန်ကို၊ စောင့် ခနေသည်။

နာသူကိုမြင်၊ ငါလျှင်နာရ၊ သဘာဝမို့၊ နာဖို့ချိန်ကို၊စောင့် ခနေသည်။

သေသူကိုမြင်၊ ငါလျှင် သေရ၊ သဘာဝမို့၊ သေဖို့ချိန်ကို ခစောင့်နေသည်။

ထိုသို့မတွေး၊စိတ်မလေးပဲ၊ ပျော်ရေးပျော်ကာ၊သောက်စား ဘာလျှင်၊ ပူပင်ကင်းစွာ နေခဲ့၏။

ဩော် – ကိုယ်တိုင် အို၊နာ၊ ကြုံတွေ့လာမှ၊ တရားမခင်း ကုသိုလ်လျှင်ဝေး၊ နောင်ရေးမလွယ်၊ အသိကွယ်ကာ၊ သေရွာ ခရောက်က၊ တွေးဆမရဲ၊ ချိန်ရှိဆဲမှာ၊ ရရာ ကောင်းမှု၊ အချိန် သူ၍ ပြုဦးမှ။

(မာရ်အောင် မိုးတင့်နိုင် စစ်ကိုင်း)

## သေမင်း၏ အာမိသ

ဇရာယ ပရိမဒ္ဒိတံ ဧတံ၊ မိလာတ ထဝိ စမ္မနိဿိတံ။
မရဏေန ဘိဇ္ဇတိ ဧတံ၊ မစ္စုဿ-ဃသာ မာမိသံ။

ဧတံ-ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ ဇရာယ-သွားကျိုးဆံဖြူ ယယ်မူယိုယွင်း အိုမင်းရင့်ရော်ခြင်းဇရာသည်။ ပရိမဒ္ဒိတံ-အစဉ်မပြတ် နှိပ်စက်အပ်၏။ ဧတံ-ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။မိလာတ စမ္မနိဿိတံ-ဇရာက တင္ဝေ့ဝေ့ ညှဉ်းပန်းသဖြင့် ညှိုးနွမ်းခါ နာရေးကိုမှီနေ၏။ ဧတံ-ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ မရဏေန-ဇရာ ညှဉ်းသဖြင့် သေဆုံးရခြင်းကြောင့်။ ဘိဇ္ဇတိ-ဖရိုဖရဲ ပြိုကွဲပျက်စီးရ၏။ မစ္စုဿ-သုံးဆဲ့တဘုံ အကုန်ခွင်းသည့် သေမင်း၏။ ဃသာမာမိသံ-ဝါးမျို ကိုက်စားစရာ အာမိသ ပေတည်း။

(သုတ္တနိပါတ၊ အဋ္ဌကထာ)

## အို၊နာ၊သေ အမြဲ ဆင်ခြင်လေ

ငါသည် အိုခြင်းသဘော ရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ ဟူ၍ မပြတ် ဆင်ခြင်အပ်၏။
ငါသည် နာခြင်းသဘော ရှိ၏။ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ ဟူ၍ မပြတ် ဆင်ခြင်အပ်၏။
ငါသည် သေခြင်းသဘော ရှိ၏။သေခြင်းသဘောကို မလွန်ဆန်နိုင်ချေ ဟူ၍ မပြတ် ဆင်ခြင်အပ်၏။

ငါ၏ ချစ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းသည် ဖြစ်ချေမည် ဟူ၍ မပြတ် ဆင်ခြင်အပ်၏။

ငါသည် ကံသာလျှင် မိမိဥစ္စာ ရှိ၏၊ ကံ၏ အခြေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင်ကိုးကွယ်မှီခိုရာရှိ၏၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ငါပြုမိသောကံ၏ အမွေခံသာ ဖြစ်ရပေမည်။

(အဘိဏှသုတ်)

## အို၊ နာ၊ သေဘေး လွတ်ရေးမမြင်

ရွှေ ငွေ ဥစ္စာ၊ ရတနာဖြင့်၊ တန်ဆာဆင်ထား၊ မင်းရထားလည်း၊ နှစ်များရှည်ကြာ၊ ရှိလာပါမူ၊ မှန်စွာယိုယွင်း၊ ပျက်စီးခြင်းဖြင့်၊ မြေဆင်းခရှာ၊ ဆွေးမြေ့ရာ၏။

ပမာထို့တူ၊ သံဝေယူလော့၊ ငါးဆူခန္ဓာ၊ ရရှိလာက၊ အို၊ နာ၊ သေရေး၊ ဤသည့်ဘေးမှ၊ လွတ်ရေးမမြင်၊ များလူရှင်မှာ၊ မှန်ပင်မြေတွင်း၊ သက်ကံဆင်း၍၊ ပျက်ခြင်းမုချ၊ ဆွေးမြေ့ရ၏။

ဗုဒ္ဓမိန့်မှာ၊ တရားသာလျှင်၊ ကမ္ဘာများစွာ၊ ရှည်မြင့်ကြာလည်း၊ ဘယ်ခါမဆွေး၊ ဒုက္ခဘေးမှ၊ လွတ်အေးနိဗ္ဗာန်၊ ရောက်ကြောင်းမှန်မို့၊ ကေန်ကောင်းလှ၊ မြတ်ဓမ္မကို၊ နေ့ညမကွာ၊ တို့သူငါသည်၊ လှန်စွာပွားသင့် ပေတကား။

(သံပါဇရာ မရဏသုတ် ၆၉)
(ရမ္မာဝတီ အရှင်ကုမာရ–သံဘွဲ့)

## အို၊ နာ၊ သေဘေး ရှောင်ကွင်း၍ မလွတ်သေး

အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ကြည့်ယင်းပျက်သို့၊ မျက်စိအောက်တွင်၊ ပျောက်လွင့်စင်၏၊ သင်္ခါရစက်၊ သူ့ပိုင်နက်၌၊ သွက်သွက်လည်ကာ၊ ပါရရှာသည်၊ ခန္ဓာ အနိစ္စပါတကား။

(ဓာပိဋကရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ)

### တရားမမေ့နှင့်

၁–အိုသူမြင်ငြား တရားသိစေ၊
ငါသည်လဲပဲ မလွဲမသွေ၊
တနေ့ချိန်ကျ အိုရမည်လေ၊
ဤတရား ရှုပွားသင့်လှပေ။

၂–နာသူတွေ့ငြား တရားသိစေ၊
ငါသည်လဲပဲ မလွဲမသွေ၊
တနေ့ချိန်ကျ နာရမည်လေ၊
ဤတရား ရှုပွားသင့်လှပေ။

၃–သေသူတွေ့ငြား တရားသိစေ၊
ငါသည်လဲပဲ မလွဲမသွေ၊
တနေ့ချိန်ကျ သေရမည်လေ၊
ဤတရား ရှုပွားသင့်လှပေ။

၄—အို–နာ-သေမှု သုံးခု သုံးထွေ၊
မမေ့ မလျော့ မပေါ့သင့်ပေ၊
လက္ခဏာသုံး ရှုအုံးပါလေ၊
ဤသုံးပါး ဘုရားမိန့်သံချေ။ ။

(အရှင်ဇနက၊ ကွမ်းခြံကုန်း)

## သံဝေဂ ဓမ္မလက်ဆောင်

၁။ မအိုသေးခင်၊ ကုသိုလ်ဝင်၊ တွင်တွင် ပြုရမည်။
၂။ မနာသေးခင်၊ ကုသိုလ်ဝင်၊ တွင်တွင် ပြုရမည်။
၃။ မသေသေးခင်၊ ကုသိုလ်ဝင်၊ တွင်တွင်ပြုရမည်။
၄။ ကုသိုလ် ပြုမှ၊ နောင်ဘဝ၊ ထိပ်က နေရမည်။
၅။ ကုသိုလ် ပြုမှ၊ ဝဋ်ဒုက္ခ၊ မုချ လွတ်ရမည်။
၆။ ဒါန မပါ၊ သံသရာ၊ ဥစ္စာ ခြွေရံ နဲ။
၇။ ဒါန ပါမှ၊ ခြွေရံရ၊ ကြွယ်ဝ ချမ်းသာမြဲ။
၈။ သီလ မပါ၊ သံသရာ၊ ရောဂါအနာ စွဲ။
၉။ သီလ ပါမှ၊ ဘေးမခ၊ အေးမြ သက်ရှည်မြဲ။
၁၀။ ဘာဝနာ မပါ၊ သံသရာ၊ ရှည်ကြာ ဝဋ်ဆင်းရဲ။
၁၁။ ဘာဝနာ ပါမှ၊ ဝဋ်ဒုက္ခ၊ လွတ်ရ လျင်မြန်မြဲ။
၁၂။ ဒါန သီလာ၊ ဘာဝနာ၊ သုံးဖြာ ကြံ့ကြံ့ခဲ။
၁၃။ ဝိပဿနာ၊ ဘာဝနာ၊ သေချာ ဝဋ်ကျွတ်ပွဲ။

## အို နာ သေရေး သတိပေး

အို-သံပွေ့ရှိသအပေါင်း သူတော်ကောင်းတို့၊ သင်ကား....

(၁) မမျှော်လင့်ပဲ၊ သူ၏နည်း(နဲ)၊ အိုလဲ အိုနိုင်သည်။
(၂) မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ နာလဲ နာနိုင်သည်။
(၃) မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ ဖောက်လွဲ သေနိုင်သည်။

သို့ဖြစ်ရကဲ့ား—

ယခုကပင်၊မအိုခင်က၊ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ယခုကပင်၊ မနာခင်က၊ ကြိုတင် ကောင်းမှု၊ ကြိုးစားပြု လော့။

ယခုကပင်၊ မသေခင်က၊ ကြိုတင် ကောင်းမှု၊ ကြိုးစားပြု လော့။

ခုကပင်လျှင် ရခဲလှစွာသော ဘုရားပွင့်ရာ နဝမက္ခဏအခိုက်တွင် လူအဖြစ်နှင့် ရပြီး၊ ရတဲ့ အခိုက်ကလေးမှာ ဝိပဿနာဘာဝနာ အလုပ်ကို ကြိုးစား အားထုတ်ကြပါ ကုန်လော့၊ နောင် အချိန်လွန်၍ သေရာ ညောင်စောင်းထက်၌ အိပ်စက်လျောင်းရသည့် အခါကျမှ 'ငါသည် ဒါနကို မပြုရသေးပါတကား၊ သီလကို မဆောက်တည်ရသေးပါတကား၊ ဘာဝနာကို မပွားရသေးပါတကား' ဟု သင်တို့ သန္တာန်၌ နောင်တတဖန် ပူပန်ကြောင့်ကြ စိုးရိမ် သောကမီးတို့သည် မတောက်

လောင်ကြပါစေကုန်လင့်။ ဤ သတိပေး ဆုံးမ စကားသည် ဂင်္ဂါဝါဠု သဲစုမက ပွင့်သွားတော် မူကြကုန်ပြီးသော မဟာ ကရုဏာရှင် ဘုရားသခင်တို့သည် အဖန်ဖန် အထပ်ထပ် နေ့စဉ် မပြတ် ဆုံးမအပ်သော အဆုံးအမ တော်ကြီး ပါတည်း။ ထို့ ကြောင့် သင်သူတော်ကောင်း အပေါင်းတို့သည် မမေ့မလျော့ မပေါ့ဆပဲ သတိသမ္ပဇဉ် အမြဲယှဉ်၍ နေကြပါကုန်လော့။

(မဟာရင်၊ ကဒိုးမြို့)

## တောင့်တ၍ မရသော အရာ ငါးမျိုး

ပဉ္စိမာနိ ဘိက္ခဝေ အလဗ္ဘနေယျဋ္ဌာနာနိ၊ သမဏေန ဝါ
ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ
ကေနစိ ဝါ လောကသ္မိံ တိ။

ကတမာနိ ပဉ္စ။

ဇရာဓမ္မံ မာဇရန္တိ အလဗ္ဘနေယျဋ္ဌာနံ၊
ဗျာဓိဓမ္မံ မာဗျာဓိန္တိ အလဗ္ဘနေယျဋ္ဌာနံ၊
မရဏဓမ္မံ မာမရန္တိ အလဗ္ဘနေယျဋ္ဌာနံ၊
နဿနဓမ္မံ မာနဿန္တိ အလဗ္ဘနေယျဋ္ဌာနံ၊
ခယဓမ္မံ မာခယန္တိ အလဗ္ဘနေယျဋ္ဌာနံ၊
ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ အလဗ္ဘနေယျဋ္ဌာနာနီတိ။

ဘိက္ခဝေ-သံသရာဘေးကို ရှုလျက်ရှိသော သူတော်ကောင်း အပေါင်းတို့။ ပဉ္စ-ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ-ဤ အကြောင်းတရားတို့ကို။ သမဏေန ဝါ- ရဟန်းသည် ၂လည်း ကောင်း။ ဗြာဟ္မဏေန ဝါ-ပုဏ္ဏားသည်လည်းကောင်း။ ဒေဝေန ဝါ-နတ်သည်လည်းကောင်း။ မာရေန ဝါ- မာရ်သည် လည်း ကောင်း။ ဗြဟ္မုနာ ဝါ-ဗြဟ္မာသည်လည်းကောင်း၊ လောကသ္မိံ- လောက၌။ ကေနစိ ဝါ-တစုံတယောက်သောသူသည်။ အလဗ္ဘ နေယျဋ္ဌာနာနိနာမ- တောင့်တ၍ မရအပ်သော အရာတို့မည် ကုန်၏ ဟူ၍။ ဝေဒိတဗ္ဗာနိ-သိအပ်ကုန်၏။

ကတမာနိပဉ္စ-အဘယ်ငါးပါးတို့နည်း ဟူမူကား။ ဇရာဓမ္မံ- အိုခြင်းသဘောတရားကို။ မာဇီရန္တိ- မအိုပါစေလင့် ဟူ၍။ အလဗ္ဘနေယျဋ္ဌာနံ- တောင့်တ၍ မရအပ်သော အရာမည်၏။ ဗျာဓိဓမ္မံ-နာခြင်းသဘောတရားကို။ မာဗျာဓိန္တိ- မနာပါစေ လင့် ဟူ၍။ အလဗ္ဘနေယျဋ္ဌာနံ- တောင့်တ၍ မရအပ်သော အရာမည်၏။ မရဏဓမ္မံ-သေခြင်းသဘောတရားကို။ မာမရန္တိ- မသေပါစေလင့်ဟူ၍။ အလဗ္ဘနေယျဋ္ဌာနံ- တောင့်တ၍ မရ အပ်သော အရာမည်၏။ နဿနဓမ္မံ-ပျက်စီးတတ်သောသဘော ကို။ မာနဿန္တိ-မပျက်စီးပါစေလင့်ဟူ၍။ အလဗ္ဘနေယျဋ္ဌာနံ- တောင့်တ၍ မရအပ်သော အရာ မည်၏။ ခယဓမ္မံ- ကုန်ဆုံး တတ်သော သဘောတရားကို။ မာခယန္တိ-မကုန်ဆုံးပါစေလင့် ဟူ၍။ အလဗ္ဘနေယျဋ္ဌာနံ- တောင့်တ၍ မရအပ်သော အရာ မည်၏။

ဘိက္ခုဝေ-ရဟန်းတို့။ ခေါ-စင်စစ်။ အလဗ္ဘနေယျဋ္ဌာနာနိ-တောင့်တ၍ မရအပ်သော အကြောင်း တရား တို့ကို။ ဣတိ ဤမာနိပဉ္စ-ဤငါးပါးတို့ဟူ၍။ ဝေဒိတဗ္ဗာနိ- သိအပ်ကုန်၏။

(ပဉ္စင်္ဂုတ္တရပါဠိတော်၊ မုဏ္ဍရာဇဝဂ်၊ နာရဒသုတ်)

## ကိုတင်ပြုကြ မြတ်ပုညာ

ပြုယင်း ပြင်ယင်း၊ စောင့်ရှောက်ယင်းက၊ မငြင်းဆန်သာ အိုရမှာ၊ ဘယ်ခါ မမေ့သင့်။

ပြုယင်း ပြင်ယင်း၊ စောင့်ရှောက်ယင်းက၊ မယွင်းမှန်စွာ၊ နာရမှာ၊ ဘယ်ခါ မမေ့သင့်။

ပြုယင်း ပြင်ယင်း၊ စောင့်ရှောက်ယင်းက၊ ခပင်းသတ္တဝါ၊ သေရမှာ၊ ဘယ်ခါ မမေ့သင့်။

အိုဘေးကိုမြင်၊ သံဝေယှဉ်လျက်၊ ကိုတင် ဒါန၊ ပြုပါက၊ လားရ နိဗ္ဗာန်ပြည်။

နာဘေးကိုမြင်၊ သံဝေယှဉ်လျက်၊ ကိုတင်သီလ၊ ဆောက်တည်က၊ လားရ နိဗ္ဗာန်ပြည်။

သေဘေးကိုမြင်၊ သံဝေယှဉ်လျက်၊ ရုပ်မြင်နာမ်ပ၊ ရှုမှတ်က၊ ရောက်ရ နိဗ္ဗာန်ပြည်။

(မင်းသန္တာ-ပခုက္ကူ)

## သတိပြုကြပါ

အထက်ပါ လမ်းညွှန် ဖော်ပြ သြဝါဒ အသီးသီး၊ နည်း အဖြာဖြာတို့ကို အခါခါ ဖတ်ရှုပြီးနောက်၊ ငါသည် အမှန် အိုရမည်၊ နာရမည်၊ သေရမည်ဟု အထပ်ထပ် နှလုံးသွင်း ဆင်ခြင်ပါ။

ဤကဲ့သို့ ဆင်ခြင်ပြီးနောက်၊ ထိုအိုဘေး၊ နာဘေး၊ သေဘေး တင်းဝေးရအောင်၊ဒါန၊သီလ၊ဘာဝနာစသော ကုသိုလ် ကောင်းမှုများ အဖန်ဖန် ပြုပြီးသကာလ၊ နောက်ဆုံး နိဗ္ဗာန် သို့ အမှန်ရောက်စေနိုင်သော ဝိပဿနာ အလုပ်ကို ကြိုးစား အားထုတ်ကြပါရန် သတိပေးလိုက်ပါကြောင်း။

# အို၊ နာ၊ သေဘေး တော်လှန်ရေး

## အရှင်အာနန္ဒာ လျှောက်ထားချက်

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်း၌ သီတင်း သုံးနေတော်မူစဉ် တနေ့သော နံက်ခင်း အချိန်တွင် နေပူစာ၌ထိုင်လျက် နေစာလှုံနေလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဘုရားရှင်၏ ကျောက်ကုန်းကို လက်ဖြင့် ပွတ်သပ် ဆုတ်နယ်ကာ ''မြတ်စွာ

ဘုရား၊ အံ့ဩစရာကောင်းလေစွ၊ မဖြစ်စဖူး ဖြစ်လေစွ၊ ယခု မြတ်စွာဘုရား၏ အသားအရေသည် ရှေးကကဲ့သို့ စင်ကြယ်ခြင်း မရှိတော့ပါ။ အရေများလည်း မသိမသာ တွန့်လာပါသည်။ ခန္ဓာကိုယ်လည်း အနည်းငယ် ကိုင်းလာပါသည်။ မျက်စိ၊ နား၊ နှာ စသည်တို့မှာလည်း ရှေးကလောက် မကြည်လင် သကဲ့သို့ ထင်ရပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

## မြတ်စွာဘုရား မိန့်တော်မူချက်

မြတ်စွာဘုရားက "အာနန္ဒာ၊ သည်အတိုင်း အမှန်ပင် ဖြစ်၏။ ပျိုရွယ်ခြင်း သဘော ရှိလျှင် အိုခြင်း သဘောသည် ဖြစ်၏။ ကျန်းမာခြင်းသဘောရှိလျှင် နာဖျားခြင်းသဘောသည် ဖြစ်၏။ အသက်ရှည်ခြင်းသဘောရှိလျှင် သေခြင်းသဘောသည် ဖြစ်၏။ အသားအရေသည် ရှေးကကဲ့သို့ မကြည်လင်။ အရေများလည်း မသိမသာ တွန့်လာသည်။ ခန္ဓာကိုယ်လည်း အနည်းငယ် ကိုင်းလာပြီ။ မျက်စိ, နား, နှာ စသည်တို့လည်း ရှေးကလောက် မကြည်လင်" ဟု မိန့်တော်မူကာ အောက်ပါစကားကို မြွက်တော်မူ၏။

"ဟယ်-ဇရာယုတ်၊ သင်သည် စက်ဆုပ်ဖွယ် ကောင်းလေစွ၊ သင်သည် အဆင်း ပျက် အောင် ပြုလုပ်၏။ နှစ်သက် ဖွယ် ကောင်းသော ခန္ဓာကိုယ်ကို ဇရာတရားက ဖျက်ဆီးပစ်လေပြီ။ နှစ်ပေါင်းတရာအသက်ရှည်သောသူလည်း သေခြင်းတရားလျှင် လဲလျောင်းရာ ရှိ၏။ သေခြင်းတရားသည် မည်သူ့ကိုမျှ မရှောင်။

သတ္တဝါ ဟူသမျှကိုပင် နှိပ်စက် ဖျက်ဆီး၏” ဟု မဟာဝဂ္ဂ သံယုတ်၊ ဇရာဝဂ်၊ ဇရာဓမ္မသုတ်တွင် ဟောအပ်သည်နှင့် အညီ ကိလေသာ ကုန်ခန်း နိဗ္ဗူတာ စခန်းဝင် ဘုရားရှင်တို့သော်မှ အို့နာ့သေဘေးကို ပစ္စုပ္ပန် မျက်မှောက်လောကတွင် ခံစားရသောကြောင့် အခြား အခြားသော ပုဂ္ဂိုလ် သတ္တဝါများ၌ ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

သို့ကြောင့် အို့နာ့သေဘေး တော်လှန်ရေးအတွက် ကမ္ဘာ လူသားတိုင်းသည် နိဗ္ဗူတာ စခန်း မရောက်မီ မိမိသန္တာန်၌ “ကိုယ်ကျင့် သီလ၊ ယုံကြည်မှု သဒ္ဓါတရား၊ အပြားအား ဖြင့် ဆင်ခြင်သိတတ်သော ပညာ၊ အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတတ်သော ကုသိုလ်ကောင်းမှု” တို့ကို တည်ရှိနေအောင် ကြိုးစား အားထုတ်ကြပါက ကောင်းမြတ်လှပေသည်။

## မဟာဝဂ် ဘယသုတ်၌ လာသော ဥပမာ

ဘုရားရှင်သည် ကမ္ဘာ လူသားတို့အား အို့နာ့သေဘေး တော်လှန်ရေးကို အထူး လုပ်သင့်ကြောင်း အင်္ဂုတ္တရ နိကာယ်၊ မဟာဝဂ်၊ ဘယသုတ်တွင် ဥပမာဖြင့် ဤသို့ ထင်ရှား သိစေ ခဲ့သည်။

“ရဟန်းတို့၊ အကယ် စင်စစ်အားဖြင့် သားနှင့်အမိ အချင်း ချင်း မတာကွယ်နိုင်၊ မကာယ်နိုင်သည့် ဘေးတို့ကား အိုခြင်း ဇရာဘေး၊ နာခြင်း ဗျာဓိဘေး၊ သေခြင်း မရဏဘေး ဟူသော ဘေးသုံးမျိုးတို့ ဖြစ်၏။ ရဟန်းတို့၊ အမိသည် သား၏ အို့

နာ,သေဘေးဖြစ်သည်ကို "ငါအိုမည်၊ နာဖျားမည်၊သေမည်။ ငါ့သား မအိုစေရ၊ မနာစေရ၊ မသေစေရ"ဟု လည်းကောင်း၊ တဖန် သားသည် အမိ၏ အို,နာ,သေဘေး အဖြစ်ကို "ငါ အိုမည်၊ နာဖျားမည်၊ သေမည်။ ငါ့အမေ မအိုစေရ၊ မနာစေရ၊ မသေစေရ" ဟု မကာကွယ်နိုင်။

## အို,နာ,သေဘေး လွတ်မြောက်ရေး

အို,နာ,သေဘေး လွတ်မြောက် ဖယ်ရှားရန် လမ်းစဉ်အကျင့်သည် ရှိ၏။မှန်စွာ သိမြင်ခြင်း၊မှန်စွာ ကြံခြင်း၊ မှန်စွာ ပြောဆိုခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊မှန်စွာ အသက်မွေးခြင်း၊မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာ တည်ကြည်ခြင်းတို့ပေတည်း။

ထို့ကြောင့် အထက်ဖော်ပြပါ အရိယာမဂ်တရား ရှစ်ပါးကို အို,နာ,သေဘေး တော်လှန်ရေး၊ လွတ်မြောက် ဖယ်ရှားရေး၊ ချုပ်ငြိမ်းရေးကို ရှေးရှုလျက် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြပါဟု တိုက်တွန်းလိုက်ရပါကြောင်း။

(အရှင်ကောဝိဒ မော်ကျွန်းသရက်)

## မအို,မနာ, မသေသူ မရှိ

ဒုက္ခသစ္စာ တွေ့ ထုတ်ပြထားတယ်။ဖြစ် ဆိုတဲ့ ဇာတိပဋိသန္ဓေနေရတာလဲ ဒုက္ခ၊ ဒါတွေ ဘယ်သူတုံး ဆိုတော့ ရုပ်,နာမ်

တွေပဲ၊ ဖြစ်နေတာ၊ အိုနေတာ ဘယ်သူတုံးတဲ့၊ ရုပ်နာမ်တွေတဲ့၊ သေနေတာ ဘယ်သူတုံးတဲ့၊ ရုပ်နာမ်ပဲ၊ ဗြဲ-အို နာ လို့ မဆုံးနိုင်ဘူး။

မြတ်စွာဘုရားက "ချစ်သားတို့၊ သင်တို့တတွေ အိုဘေး အပြည့်အစုံနဲ့ လာခဲ့ကြတယ်၊ သေဘေး အပြည့်အစုံနဲ့ လာခဲ့ကြတယ်၊တနေ့ကျ အိုကြရ,နာကြရ,သေကြရန်၊မအို့,မနာ,မသေတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး၊ လူ ပဲ ဖြစ် ဖြစ်၊ နတ် ပဲ ဖြစ် ဖြစ်၊ ဇာတိ ပဋိသန္ဓေနေကတည်းက အိုဘေး,နာဘေး,သေဘေးတွေနဲ့ တွဲပြီး လာခဲ့ရတာပဲ၊ ခေါင်းနဲ့ ရွက်ပြီး လာခဲ့ရတာပဲ"

ဒါဖြင့် ဘုရားဟော ဒီ အိုတာ၊ နာ တာ တွေ ဖြစ်နေတဲ့ ဒီ ခန္ဓာငါးပါးကို ဘယ်သူက ဖန်ဆင်းလိုက်တာတုံးဘုရား လို့ ဆိုတော့၊ ဗြဲ-သာယာနှစ်သက်တဲ့ သမုဒယက လာတာတဲ့၊ လောဘက လာတာတဲ့၊ အဲဒီ လော ဘ က လေး တ လုံး ထဲ ကို သမုဒယသစ္စာ လို့ ခေါ်တယ်၊ လောကကြီးကို ထူထောင်ထားတာ သမုဒယပေါ့၊ လူဖြစ်အောင် လုပ်ထားတာ သူပဲ။

(ခေတ်မီ ဝိပဿနာ ၂-)

## မအို-မနာ-မသေရန် တောင်းတ၍ မရ

၁။ ဇရာမမှ၊ ကြောက်ကြ သူတွေ၊
မအိုနဲ့ ဟု၊ တောင်ဆုကို ချွေ၊
ဘယ်လို ခစား၊ ညွတ်တွား နေစေ၊
တ,မရ အိုရ-မြဲပုံသေ။ ။

၂။ ဗျာဓိမှေ့၊ ကြောက်ကြ သူတွေ၊
မနာ နဲ့ ဟု၊ တောင်းဆုကို ချွေ၊
ဘယ်လို ခစား၊ ညွှတ်တွား နေစေ၊
တ,မရ နာရ-မြဲပုံသေ။ ။

၃။ မရဏမှေ့၊ ကြောက်ကြ သူတွေ၊
မသေ နဲ့ ဟု၊ တောင်းဆုကို ချွေ၊
ဘယ်လို ခစား၊ ညွှတ်တွား နေစေ၊
တ,မရ သေရ-မြဲပုံသေ။ ။

၄။ ကုန်မည့် အရေး၊ တွေးကြောက် သူတွေ၊
မကုန် နဲ့ ဟု၊ တောင်းဆု ကိုချွေ၊
ဘယ်လို ခစား၊ ညွှတ်တွား နေစေ၊
တ,မရ၊ ကုန်ရ-မြဲပုံသေ။ ။

၅။ ပျက်မည့် အရေး၊ တွေးကြောက် သူတွေ၊
မပျက် နဲ့ ဟု၊ တောင်းဆုကို ချွေ၊
ဘယ်လို ခစား၊ ညွှတ်တွား နေစေ၊
တ,မရ ပျက်ရ-မြဲပုံသေ။ ။

(မြတ်ဆုပန်)

## အို–နာ–သေဘေး မလွှတ်ရေး

ရဟန်းတို့–သမဏဖြစ်စေ၊ ဗြာဟ္မဏ ဖြစ်စေ၊ နတ် ဖြစ်စေ၊ မာရ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ၊ လောက၌ မည်သည့် ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ ဤတရား လေးမျိုးကို တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။ အဘယ် လေးမျိုးတို့နည်းဟူမူ–

(၁) သမဏ ဖြစ်စေ၊ ဗြာဟ္မဏ ဖြစ်စေ၊ နတ် ဖြစ်စေ၊ မာရ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ လောက၌ မည်သည့် ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ အိုခြင်း သဘောကို မအိုအံ့ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။

(၂) သမဏ ဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ် ဖြစ်စေ ၊ဗြဟ္မာ ဖြစ်စေ၊ လောက၌ မည်သည့် ပုဂ္ဂိုလ်ပင် ဖြစ်စေ နာခြင်းသဘောကို မနာအံ့ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။

(၃) သမဏ ဖြစ်စေ၊ ဗြာဟ္မဏ ဖြစ်စေ၊ နတ် ဖြစ်စေ၊ မာရ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ၊ လောက၌ မည်သည့် ပုဂ္ဂိုလ်ပင် ဖြစ်စေ သေခြင်း သဘောကို မသေအံ့ ဟု တာဝန်ခံနိုင်သူ တစုံ တယောက်မျှ မရှိပေ။

(၄) သမဏ ဖြစ်စေ၊ဗြာဟ္မဏ ဖြစ်စေ၊ နတ် ဖြစ်စေ၊ မာရ် ဖြစ်စေ၊ဗြဟ္မာ ဖြစ်စေ၊ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင် ဖြစ်စေ၊

**ကိလေသာ**၏ အာရုံဖြစ်ကုန်သော၊ တဖန် ဘဝသစ်ကို ဖြစ်စေ တတ်ကုန်သော၊ ပူပန်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော၊ နောင်အခါ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဖြစ်စေတတ်ကုန်သော၊ ရှေးက မိမိသည် ပြုအပ်ပြီးကုန်သော၊ ယုတ်ညံ့ကုန်သော ကံတို့၏ အကျိုးကို မဖြစ်စေအံ့ ဟု တာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေ။

ရဟန်းတို့—သမဏ ဖြစ်စေ၊ ဗြာဟ္မဏ ဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ၊ လောက၌ မည်သည့် ပုဂ္ဂိုလ်ပင် ဖြစ်စေ၊ ဤတရားလေးမျိုးတို့ကိုတာဝန်ခံနိုင်သူ တစုံတယောက်မျှ မရှိပေဟု ဟောတော်မူ၏။

(အင်္ဂုတ္တရနိကာယ်၊ ဗြာဟ္မဏဝဂ်၊ ပါဠိတော်ဂသုတ်)

## ရန်သူကြီး သုံးမျိုး

အဲ-ပကိဏ္ဏက ဒေသနာ အဋ္ဌကထာ ကျတော့ ဒီ ဇာတိ၊ ဇရာ၊ မရဏတို့ကို ရန်သူ သုံးယောက်နဲ့ ဥပမာ ပေးထားတယ်။ (သမ္မောဟဝိနောဒနီ အဘိဓမ္မာ အဋ္ဌကထာမှာ) ရန်သူ သုံးယောက်တဲ့၊ သူတို့ရန်သူ လူတယောက်နဲ့ ပတ်သက်ပြီးတော့ ဒီလို တိုင်ပင်ကြသတဲ့။

(ပထမရန်သူက) "မပူကြပါနဲ့ကွာ ဒီအကောင် ဆွေတွေ မျိုးတွေနဲ့ ကွဲပြီး တယောက်ထဲ တောအုပ်သို့ ရောက်လာအောင် ထုတ်ခဲ့ဖို့ကတော့ ငါ့တာဝန်ထား" လို့ အာမခံသတဲ့။

(ဒုတိယ ရန်သူက) "မင်းကသာ တောအုပ်ထဲ ရောက်အောင် ထုတ်လာလျှင် ဒီအကောင် မလှုပ်နိုင်အောင် ရိုက်ပုတ်ညှဥ်းဆဲ နှိပ်စက်ဖို့ကတော့ ငါ့ တာဝန်ထား"လို့ ပြောသတဲ့။

တဖန်(တတိယရန်သူက)"အေး မင်းက ပြန်ပြီး မနှိပ်စက်နိုင်အောင် ရိုက်ပုတ်ညှဥ်းဆဲ နှိပ်စက်လို့ ဒီအကောင် ပင်ပန်းနေပြီဆိုလျှင် တချက်ထဲ၌ အသက်ပျောက်အောင် နှိပ်စက်ဖို့ ငါ့ တာဝန်ထား"လို့ အဲဒီလို ရန်သူ သုံးဦးတို့ တိုင်ပင်ကြပြီး မြို့ထဲရွာထဲ ဆွေနှင့် မျိုးနှင့် တင့်တင့် တယ်တယ် နေတဲ့(သူတို့ သုံးယောက်ရဲ့ရန်သူ) ဒီပုဂ္ဂိုလ်ကို ပထမရန်သူက သူဝန်ခံတဲ့ အတိုင်း တောအုပ်ထဲ မလိမ့်တပတ်ခေါ်လာတယ်။ ဒုတိယရန်သူက ဘာမှပြန်မလုပ်နိုင်အောင် ရိုက်နှက်ပုတ်ခတ်တယ်။ တတိယရန်သူကျတော့ ထိုသူ့ကို အသက်ဆုံး စီရင်လိုက်တယ်။

အဲဒီ ရန်သူ သုံးဦး တို့လိုပဲ၊ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ (ဖြစ်၊ တည်၊ ပျက်)ဒီတရား သုံးပါးတို့လဲပဲ ယခုဘဝ မိနဲ့၊ ဖနဲ့၊ သားနဲ့၊ သမီးနဲ့၊ မြေးနဲ့၊ မြစ်နဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ ဘဝအသိုက်အအုံ အင်မတန် တင့်တယ် နေတုန်း ဇာတိက လာပြီးတော့ ပြန်းကနဲဆို ဆွဲခေါ် သွားတယ်။ ဟာ-ဘဝတခုမှာ တခါထဲပါသွားပြီ။ ဘဝ တောအုပ်ကြီးထဲ ရောက်သွားပြီ။ ဆွေတွေ မျိုးတွေနဲ့ ကင်းကွာခဲ့ပြီ။

ဒီသတ္တဝါ အဲဒီ ဘဝတောအုပ်ထဲ ရောက်တဲ့ အချိန်ကစပြီး တော့ မသိမသာ ပထမပိုင်းမှာ ဇရာက နှိပ်စက် လာတယ်။ သူ့ရဲ့ နှိပ်စက်တဲ့ဒဏ်တွေ ဘယ်တော့မှ ကောင်းကောင်း ပေါ်လွင် ထင်ရှားလာသလဲလို့ ဆိုတော့ အသက် လေးဆယ်ကျော် ငါးဆယ်ကျော်တော့ ပေါ်လွင်လာပြီး ဆံတွေဖြူတယ်၊ သွားတွေကြွေတယ်၊ အရေတွန့်တယ် ဆိုတာဇရာ ရန်သူရဲ့ ပြန်ပြီး မလှန်နိုင်အောင် နှိပ်စက်တဲ့ ဒဏ်ချက်ပဲဖြစ်ပါတယ်။ အဲဒီလို နှိပ်စက်လို့ ဟိုဘက်လဲ ရောက်ရော၊ မရဏ ဆိုတဲ့ တတိယ ရန်သူက အသက်ဆုံး စီရင်လိုက်တယ်။ ဘာတတ်နိုင်သေးတုံး၊ အဲဒီတဘဝ တဘဝမှာ ဒိဋ္ဌိ၊ ဇရာ၊ မရဏ ဆိုတဲ့ တရားသုံးမျိုး (ဖြစ်၊ တည်၊ ချုပ်) တို့ ဟာ သတ္တဝါတွေရဲ့ ရန်သူကြီး သုံးဦးလို့ ဝိဘင်းအဋ္ဌကထာမှာ ဖွင့်ပြ ထားပါတယ်။

(ပထမ ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏
ခေတ် ၆ ပါး သိမ်းဆည်းပုံကျမ်း)

# အမှာစကား

## ဤစာအုပ်ကို—

( ၁ ) အေးအေးချိုချို ဖတ်ပါ။

( ၂ ) ကျကျနန မှတ်ပါ။

( ၃ ) အတိအကျ လိုက်နာပါ။

ဤသို့ ဖတ်ခြင်း၊ မှတ်ခြင်း၊ လိုက်နာခြင်းဖြင့် ရှင်တော်ဘုရား အလိုရှိသော **မရဏာနုဿတိကမ္မဋ္ဌာန်း** ပွားများရရောက်ပါသည်။

# အခန်း ၃

## သေခြင်းအမျိုးမျိုး

ဤအခန်းတွင် သေခြင်းအမျိုးမျိုး ခွဲခြား၍ ပြထားခြင်း ဖြစ်ပါသည်။

## သေဘေးမှ လွတ်သူမည်သည် မရှိ

လောကတွင် ရှိသမျှ သတ္တဝါအနန္တတို့သည် သေမျိုးချည်းသာဖြစ်ကြသည်။ သေမင်းသည် အားလုံးသော သတ္တဝါတို့အား ဘယ်သူ့ကိုမှ မျက်နှာမလိုက်၊ သူ့နောက်သို့ အပါခေါ်မည်မှာ မလွဲပေ။ "မုတ္တသတ္တာနုဝိဇ္ဇန္တိ" သေဘေးမှ လွတ်သောသူမည်သည် မရှိကြ၊ အမှန်သေကြရမည့် သူတွေသာ ဖြစ်ကြသည်။

## မရဏ နှစ်ပါး

သမ္မုတိ သစ္စာဘက်၌ ပုဂ္ဂိုလ်သတ္တဝါတို့၏တသက်တွင် တခါသေမြဲ ဓမ္မတာဟူ၍ ဆိုကြသော မရဏတရားသည် "သမ္မုတိမရဏ" မည်၏။

ရုပ်ခေတ်— နာမ်ခေတ်တို့၏ တနေ့တရက် အတွင်းမှာ အခါခါ အကြိမ်ကြိမ်ပေါင်း အရာထောင်သောင်းမက ချုပ်ပျက်သေဆုံးခြင်းသည် "ပရမတ္ထ မရဏ" မည်၏။

## သေခြင်း (၂) မျိုး

သေခြင်းမှာ အကျဉ်းအားဖြင့် (၁) သေချိန်တန်၍ သေခြင်း **ကာလမရဏ**။ (၂) သေချိန် မရောက်ပဲနှင့် သေရခြင်း **အကာလ မရဏ** ဟူ၍ နှစ်မျိုးရှိ၏။

ကာလမရဏာ ဆိုသည်မှာ ထိုကျန်၍ သေခြင်း၊ အသက်ကုန်၍သေခြင်း၊ အသက် ကံနှစ်ပါးကုန်၍ သေခြင်းကို ဆိုလိုသည်။

အကာလ မရဏာ ဆိုသည်မှာ တုတ်၊ ဝါး၊ လက်နက် စသည်ဖြင့် ခုတ်ဖြတ်၍ သေခြင်းများကို ဆိုလိုသည်။ ထို့ကြောင့် ယခု အသက် ရှင်လျှက်နေသော သတ္တဝါ အားလုံး ကိုသည် ဂုဏ်သေခြင်းနှစ်မျိုးတို့တွင်တမျိုးမျိုးနှင့်ကားသေကြရပေမည်။

## တည်တံ့ ရပ်နားနေသည် မရှိ

လူတို့၏ အသက်သည် တည်တံ့ ရပ်နားနေသည် ဟူ၍ မရှိ။ အချိန်ကာလတို့သည် ရပ်နားခြင်း မရှိပဲ တရွေ့ရွေ့နှင့် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်သို့ ကူးပြောင်း ပြေးသွားနေသည်နှင့်အမျှ၊ လူတို့၏ အသက်အရွယ် သည်လည်း တဖြည်းဖြည်း ကြီးမြင့် ရင့်ရော်၍ လာကြရသည်။ သက်တမ်း (၇၅) နှစ်အထိ နေရမည်ဟု ဆိုလျှင် ယခု အသက် (၅၀) ရှိသူသည် နောင် (၂၅) နှစ်သာ နေရပေတော့မည်။

တနှစ်ဆိုသည်မှာ ဘာမျှအကြာကြီး ကြာသည် မဟုတ်။ ဤကဲ့သို့ တဖြည်းဖြည်း မနေမနား အချိန်ကစားသဖြင့် သေမင်းဝတွင်း သို့ဝင်ရန်အတွက် ခြေလှမ်းမပျက်ပဲ သေမည့်ဘက်သို့ နီး၍နီး၍ သွားချေပြီ။

ယက်ကန်းရက်ရာတွင် နေ့စဉ်နှင့်အမျှလွန်းထိုး၍ မနေမနား ရက်ပါများသော် ချည်လိပ်တွင် ချည်မျှင်များ နည်း၍နည်း၍ ကုန်ဆုံး ရလေသည်။ ထို့အတူ လူတို့ အသက်မှာလည်း တနှစ်

ထက် တနှစ် ယုတ်လျော့ပြီး နောက်ဆုံး သေခြင်းဖြင့် လူ့ဘဝ နိဂုံး ချုပ်ရလေတော့သည်။

## အချည်းနှီး မဖြစ်စေသင့်

ထို့ကြောင့် ကြာရှည်စွာ မနေရသော လူ့ဘဝတွင် လူဖြစ်ကြသူများသည် ရှိသမျှ အချိန်ကို အချည်းနှီး မဖြစ်ကြစေပဲ ကောင်းမှု ကုသိုလ်ကို စုဆောင်းထုပ်ပိုးထားသင့်ကြပေသည်။ သို့မှသာ ဘဝပြောင်းလျှင် ကောင်းရာသုဂတိသို့ လားရောက်နိုင်ကြပေမည်။

## ဗုဒ္ဓ သေနည်းလက်ဆောင်

ဦးဖေသောင်း၏ ဗုဒ္ဓသေနည်းလက်ဆောင်စာအုပ်တွင် ပါရှိသော သေနည်း သုံးမျိုးအနက်၊ တတိယမြောက် အမှတ်-၃ သေနည်းမှာ အလွန်တရာ မှတ်သားဖွယ် ကောင်းလှပါပေသည်။ ၎င်းနည်းနှင့်အညီ မသေမီကလေး နှလုံးသွင်းနိုင်ပါက အပါယ်လေးပါးမှ လွတ်မြောက်ပြီး ကောင်းရာသုဂတိသို့ ရောက်ရမည်မှာ သေချာလှပါတော့သည်။

သို့ပါ၍ ၎င်းသေနည်းကို အလေးတမူ အရေးယူကာ သေသေချာချာဖတ်ပြီး ကျကျနန မှတ်သားဖို့ရန် ထက်သန်သော စေတနာဖြင့် တိုက်တွန်းလိုက်ပါသတည်း။

## သေနည်း သုံးမျိုး (က)

ဗုဒ္ဓရှင်တော်မြတ်ဟောကြားမိန့်မြွက်တော်မူသော သေနည်း သုံးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

အမှတ် (၁) ဖြစ်သော သေနည်းမှာ—

သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးအနေဖြင့် ဝေဒနာနှင့် ငါ မရောသည့် တရားမျိုးကို ဟောကြားမိန့်မြွက်တော်မူပြီး၍ ကြားနာရပြီး ဝေဒနာနှင့် ငါ မရောပဲ မိမိခန္ဓာ၏အရှိဖြစ်ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိ တည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင်၊ ဖြစ်ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်း။

အမှတ် (၂) ဖြစ်သော သေနည်းမှာ—

သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သာဝက ဖြစ်သော ဆရာကောင်း သမားကောင်းအနေဖြင့်၊ဝေဒနာနှင့် ငါ မရောသည့် တရားမျိုးကို ဟောပြော၍ ကြားနာရပြီး ဝေဒနာနှင့်ငါ မရောပဲ မိမိခန္ဓာ၏အရှိ ဖြစ် ပျက် ဒုက္ခသစ္စာ တရားကို မိမိ၏ ဉာဏ်အသိဘည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ်ပျက်ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်နိုင်ကြောင်း။

အမှတ် (၃) ဖြစ်သော သေနည်းမှာ–

သေခါနီးအချိန်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့်လည်း မတွေ့ကြုံ၊ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သာဝကဖြစ်သော ဆရာကောင်း သမားကောင်းနှင့်လည်း မတွေ့ကြုံငြားသော်လည်း ဝေဒနာနှင့် ငါ မရောသည့်တရားမျိုးကို သေခါနီး အချိန်၌ မဟုတ်ပဲ သေခြင်းတရားက မဦးမီ အချိန်ရှိခိုက် လုံ့လစိုက်၍ ဗုဒ္ဓရှင်တော်မြတ်ကြီးထံ၌ ဖြစ်စေ၊ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့် သာဝကဖြစ်သော ဆရာကောင်း သမားကောင်းထံ၌ ဖြစ်စေ မိမိကိုယ်တိုင် ကြားနာထားပြီး သေခါနီးအချိန်၌ မိမိကိုယ်တိုင် ကြားနာထားခဲ့ရသောတရားအတိုင်း ဝေဒနာနှင့် ငါ မရောပဲ မိမိခန္ဓာ၏အရှိ ဖြစ်ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နေပါလျှင် ဖြစ် ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်ကြောင်း တို့ကို ဟောကြားမိန့်မြွက်တော်မူခြင်းပင် ဖြစ်သည်။

ထို့ကြောင့် စာရှုသူတို့အနေဖြင့် အထက်ပါ ဗုဒ္ဓရှင်တော်မြတ်ကြီး ဟောကြားမိန့်မြွက်တော်မူခဲ့သော သေနည်းသုံးမျိုး အရ ဆိုပါလျှင်မူ အမှတ်(၁)ဖြစ်သည့် သေနည်းသည် ဗုဒ္ဓရှင်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်သဖြင့် မရနိုင်၊ မဖြစ်နိုင်တော့ပြီဟု မှတ်ယူရပေမည်။

အမှတ်(၂)ဖြစ်သည့် သေနည်းသည်လည်း ဝေဒနာနှင့်ငါ မရောသည့် တရားမျိုးကို ဟောပြောပြသတတ်သော ဆရာ

ကောင်း သမားကောင်းအား သေခါနီး အချိန်ကျခါမှ မိမိအနီး၌ ပင့်ခေါ်ထားရန်ကလည်း သေခါနီးအချိန်ကို အတိအကျ မသိရသဖြင့် မရနိုင် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ယခုအချိန်၌ အကောင်းဆုံး စိတ်အချရဆုံး ဖြစ်သော သေနည်းမှာ အမှတ်(၃)ဖြစ်သည့် သေနည်းပင် ဖြစ်၏။

၎င်းအမှတ်(၃)ဖြစ်သည့် သေနည်းအတိုင်း မိမိဉာဏ်ကို မိမိအားကိုးပြီး သေခြင်းတရားက မဦးမီ အချိန်ရှိခိုက်လို့လစိုက်၍ ဝေဒနာနှင့်ငါ မရောသည့် တရားမျိုးကို ဟောပြောပြသတတ်သော ဆရာကောင်း သမားကောင်းတို့၏ထံ၌ နည်းနိဿရည်းများကို ခံယူမှတ်သား နာကြားပြီး မိမိခန္ဓာ၏အရှိ ဖြစ် ပျက် သစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ်ကြရမည် ဖြစ်ပေသည်။

သို့မှသာအမှတ်(၃)ဖြစ်သည့်သေနည်းကိုရနိုင်ပြီး သေခါနီးအချိန်၌ မိမိကိုယ်တိုင် ကြားနာထားခဲ့ရသော တရားအတိုင်း ဝေဒနာနှင့်ငါ မရောပဲ မိမိခန္ဓာ၏အရှိ ဖြစ်ပျက်ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် ရှုပွားအားထုတ်နိုင်ကာ ဖြစ်ပျက် ဒုက္ခသစ္စာတရား ချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန်ပုဂ္ဂိုလ်မှအစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်ကြပေလိမ့်မည်။

မည်သည့်ပုဂ္ဂိုလ် သတ္တဝါမဆို ခန္ဓာရလျှင် သေရမည် ဖြစ်သည်။ သတ္တဝါတို့မည်သည် သေခါနီး အချိန်ကျခါမှ

အားကိုးရာတရားကို ရှာတတ်ကြသည်။တနည်းအားဖြင့် မသေရာ တရားကို ရှာတတ်ကြပေသည်။ သေခါနီး အချိန်ကျကာမှ အားကိုးရာတရား ရှာ၍၊ တနည်းအားဖြင့် မသေရာ တရားကို ရှာ၍ ရနိုင်မည် မဟုတ်ပေ။

ဥပမာပြရမည်ဆိုလျှင် ပြင်းထန်စွာ မီးတောက်လောင်နေမှ မီးငြိမ်းသတ်ရန် ရေကိုလိုက်ရှာနေပါလျှင် ရေကို ရတ်တရက် မရပဲ မီးအလောင်ခံရကာ ပျက်စီးဆုံး ရှုံးရဘိသကဲ့သို့ပင် ဖြစ်ပေမည်။ ထို့ကြောင့် သေခြင်းတရားက မဦးမီ အချိန်ရှိခိုက် လုံ့လစိုက်၍ မသေရာ ရမည့်အလုပ်တရားမျိုးကို ကြိုတင်ပြီး ရှုပွားအားထုတ်ထားကြပါမှသာ မသေရာတရားကို ရကြမည် ဖြစ်သည်ဟု နားလည် သဘောပေါက်ကြရန် အလွန်လိုအပ်လှပေသည်။

မသေရာရမည့် အလုပ်တရားဆိုသည်မှာ ဝေဒနာနှင့် ငါ မရောပဲ မိမိခန္ဓာ၏ အရှိ ဖြစ် ပျက် ဒုက္ခသစ္စာတရားကို မိမိ၏ ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ်နေခြင်း အလုပ်ပင် ဖြစ်ပေသည်။

အကြောင်းကိုဆိုရသော် ဝေဒနာနှင့်ငါ မရောပဲ မိမိခန္ဓာ၏ အရှိ ဖြစ်ပျက်ဒုက္ခသစ္စာတရားကို မိမိ၏ဉာဏ်အသိတည်းဟူသော မဂ္ဂသစ္စာတရားနှင့် သိမြင်အောင် ရှုပွားအားထုတ်နေသော ပုဂ္ဂိုလ်သည် ယခုရှုပွားအားထုတ်နေဆဲ အချိန်၌မှာပင် ဖြစ်ပျက် ဒုက္ခသစ္စာတရားချုပ်ဆုံးရာကို သိမြင်ပြီး သောတာပန် ပုဂ္ဂိုလ်မှ အစ ရဟန္တာပုဂ္ဂိုလ်အထိဖြစ်နိုင်သောကြောင့်၊တနည်းအားဖြင့်

မသေရာ အမှန်ဖြစ်သည့် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရနိုင်သောကြောင့်ပင် ဖြစ်ပေတော့သည်။

(ဦးဖေသောင်း၏ ဗုဒ္ဓ၏ သေနည်းလက်ဆောင်)

## သေခြင်း သုံးမျိုး (၁)

၁။ တိဿော မတော၊ ဖုဿော မတောတိ
ဣဒံ သမ္မုတိ မရဏံ နာမ။

တိဿော – တိဿသည်။ မတော – သေ၏။ ဖုဿော – ဖုဿသည်။ မတော – သေ၏။ ဣတိဣဒံ – ဤသို့ သေခြင်းသည်။ သမ္မုတိမရဏံနာမ – သမ္မုတိမရဏ မည်၏။

၂။ ခဏိကံ မရဏံနာမ ပဝတ္တေ ရူပါရူပဓမ္မာနံ ဘေဒေါ။

ပဝတ္တေ – ပဝတ္တိအခါ၌။ ရူပါရူပဓမ္မာနံ – ရုပ်တရား၊ နာမ်တရားတို့၏။ ဘေဒေါ – ပျက်စီးခြင်းသည်။ ခဏိကံ မရဏံ နာမ – ခဏိကာ သေခြင်းတည်း။

၃။ ခီဏာသဝါ အပဋိသန္ဓိကာ ကာလကရိယာ သမုစ္ဆေဒ မရဏံနာမ။

ခီဏာသဝါ–ကိလေသာ အာသဝေါတရားကုန်ခန်းပြီးသော ဘုရား ရဟန္တာတို့သည်။ အပဋိသန္ဓိကာ—ပဋိသန္ဓေ နေခြင်း မရှိသော။ ကာလကရိယာ—သေခြင်းသည်။ သမုစ္ဆေဒ မရဏံ နာမ—သမုစ္ဆေဒ မရဏ မည်၏။

သေခြင်းသုံးမျိုး (၈)

(၁) အမြတ်၊
(၂) အလွန်မြတ်၊
(၃) အလွန့်အလွန်မြတ်။

(၁) ကုသိုလ်ရှိသော ပုထုဇဉ်တို့သေ၍ လူ၊ နတ်၊ ဗြဟ္မာ ဖြစ်ခြင်းသည် မြတ်သော သေခြင်း၊

(၂) အောက်မဂ်သုံးခု၊ အောက်ဖိုလ်သုံးခုကို ရပြီးသော အရိယာတို့သေ၍ လူ၊ နတ်၊ ဗြဟ္မာ ဖြစ်ခြင်းသည် အလွန် မြတ်သော သေခြင်း။

(၃) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရ၍ ပရိနိဗ္ဗာန် စံဝင်ခြင်းသည် အလွန့်အလွန် မြတ်သောသေခြင်း။

(ဝိပဿနာ ကိုယ်တွေ့ အလုပ်တရား)

## သေခြင်းလေးမျိုး

(၁) အာယုက္ခယ မရဏ = သက်တမ်းကုန်၍ သေခြင်း၊
(၂) ကမ္မက္ခယ မရဏ = ကံကုန်၍ သေခြင်း၊
(၃) ဥဘယက္ခယ မရဏ = သက်တမ်းလည်းကုန်၊ ကံလည်းကုန်၍ သေခြင်း။
(၄) ဥပစ္ဆေဒက မရဏ = သက်တမ်း၊ကောင်းမှုကံ မကုန်သေးပဲ ပယောဂ တမျိုးမျိုးကြောင့် သေရခြင်း။

## သေခြင်းအကြောင်း ၄ ပါး

ဝိပ္ပတ္တိ ခေတ်အခါဆိုလျှင် လူသတ္တဝါတို့မှာ စိတ်ကောင်း စိတ်ဆိုး အမျိုးမျိုး ဖြစ်နေကြယင်းပင် ဥစ္စာ စီးပွား ချမ်းသာမျှားကို ချန်ထားကာ သေခင်းငင်သဖြင့် မသေချင်ပဲလည်း သေကြရလေသည်။ အသေဆိုး အမျိုးမျိုးနှင့် တွေ့ကြုံရသည်။ အသက်တမ်း တိုကြရသည်။ သတိထားဖို့ အရေးကြီးလှ၏၊

၁။ အသက်တမ်းကုန်ခြင်း၊

၂။ ကံအစွမ်းကုန်ခြင်း၊

၃။ အသက်တမ်း၊ ကံအစွမ်း နှစ်မျိုးစလုံးကုန်ခြင်း၊

၄။ ဥပစ္ဆေဒကကံက သတ်ဖြတ်ခြင်း။

ဤသို့ သတ္တဝါတို့ သေရခြင်း အကြောင်း ၄ မျိုး ရှိလေသည်။

ဥပမာ–ဆီမီးငြိမ်းရာ၌၊

၁။ ဆီ ကုန်ခန်းခြင်း၊

၂။ မီးစာ ကုန်ခြင်း၊

၃။ ဆီနှင့် မီးစာ နှစ်မျိုးလုံး ကုန်ခန်းခြင်း၊

၄။ ဆီနှင့် မီးစာ နှစ်မျိုးလုံး ရှိသေး ပါသော် လည်း လေပြင်း တိုက် ခတ် ခြင်း၊ သို့မဟုတ် တမင် ငြိမ်း သတ်ခြင်း။

ဟု အကြောင်း ၄ မျိုး ရှိသကဲ့သို့ပင်တည်း။

၁။ ထိုသို့ဘဝ၌ သတ်မှတ်ထားအပ်သော အသက်တမ်း ရှိ၏။ ဤလူ့ဘုံ၌ တက်ကပ်အခါဝယ် တဖြည်းဖြည်း တက်၍ အသင်္ချေတိုင်အောင် အသက်တမ်းရှိ၏။ ဆုတ်ကပ်အခါ၌ကား တဖြည်းဖြည်းဆုတ်ကာ (၁၀) နှစ်တမ်း တိုင်အောင် အသက် တမ်း ရှိ၏။ ဘုရားရှင်လက်ထက်တော်၌ အသက်တရာတမ်းဟု ဆို၏။ ယခု ၇၅ နှစ်တမ်းဟု ခန့်မှန်းကြသည်။ သင့်တော်ရုံ ကံပါလာကြသူတို့သည် သတ်မှတ်ထားအပ်သော အသက်တမ်း ကို မလွန်နိုင်ကြ။ အလွန်ပင် ကံထူးသူ၊ 'ရသာယန' စသော ဆေးကောင်း ရှိသူတို့၌သာ အသက်တမ်းကို လွန်နိုင်ကြသည်။

ဘုရားရှင် လက်ထက်တော်၌ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ ကျောင်းအမကြီးဝိသာခါတို့လည်း အသက် ၁၂၀ ရှည်ကြ၏။ အရှင်ဗာကုလသည် အသက် ၁၆၀ ရှည်၏။ ထိုပုဂ္ဂိုလ်များကား အလွန် ကံထူးသူများတည်း။ ထိုကဲ့သို ကံထူးမပါ၊ သာမန်လောက် ကံကလည်း အသက်တမ်းကို လွန်အောင်မဆောင်တော့ပဲ ၇၅ နှစ်တမ်း၌ ၇၅ နှစ်ပြည့်၍ သေရခြင်းကို "အသက်တမ်းကုန်၍ သေရခြင်း" ဟု ခေါ်၏။ မီးစာရှိသော်လည်း ဆီကုန်၍ မီးငြိမ်းရခြင်းနှင့် တူ၏။

၂။ ဘဝတခုကို စီမံလိုက်သော ကံသည် ပဋိသန္ဓေ တည်နေသည့်အချိန်မှစ၍ မိမိ၏ သတ္တိမကုန်သမျှ ဘဝမပြတ်အောင် (မသေအောင်) အစဉ်တစိုက် အမြဲ ဖန်တီးလျက်ရှိ၏။ ထိုမူလ စီမံလိုက်သော ကံ၏အစွမ်းကို အားပေးကူညီသော အခြားကံများလည်း ရှိနေသေး၏။ ထိုမူလစီမံလိုက်သောကံနှင့် အားပေးကူညီသော ကံတို့၏ အစွမ်းသတ္တိကုန်လျှင် အသက်တမ်းကမကုန်သေးသော်လည်း ကေန် သေရတော့သည်။ ၇၅ နှစ်တမ်း၌ ကံအစွမ်းက အသက် ၅၀ လောက်သာ ရှိလျှင် ၅၀ အရွယ်မှာပင် သေကြရသည်ဟု ဆိုလိုပါသည်။

၃။ အချို့သတ္တဝါတို့မှာ အသက်တမ်းလည်းကုန်၊ ကံစွမ်းလည်း ကုန်ခြင်းကြောင့် သေကြရသည်။ ဆီလည်းကုန်၊ မီးစာလည်း ကုန်ခြင်းကြောင့် မီးငြိမ်းရခြင်းနှင့် တူ၏။ ထို့ကြောင့် ၇၅ နှစ်တမ်း၌ ၇၅ နှစ်လောက်သာ နေဖို့ ကံပါသူ၏ ၇၅ နှစ်

ပြည့်၍ သေရမှုကို "အသက်တမ်း၊ ကံအစွမ်းနှစ်မျိုးစုံ ကုန်ခြင်းကြောင့် သေရခြင်း" ဟု ခေါ်သည်။ ဤပြဆိုခဲ့သော အကြောင်း ၃ ပါးတို့တွင် တပါးပါကြောင့် သေခြင်းကို "ကာလမရဏ-သေချိန်ကျ၍သေရခြင်း" ဟုလည်း ခေါ်သည်။

အချို့သတ္တဝါတို့ကား အသက်တမ်းလည်း မကုန်သေး၊ ကံစွမ်းလည်း မကုန်သေး၊ တစုံတရာ အနှောင့်အယှက်မရှိလျှင် အတော်ကြာအောင် နေနိုင်သေး၏။ သို့သော် ရှေးရှေးဘဝက ဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ ပြုမိသော အကုသိုလ်ကံက အခွင့်ရသဖြင့် တနည်းနည်းနှင့် သေရတော့၏။ မီးစာ၊ ဆီ နှစ်မျိုးလုံး မကုန်သေးပဲ လေပြင်းတိုက်ခတ်မှု၊ တမင်ငြိမ်းသတ်မှုတို့ကြောင့် မီးငြိမ်းခြင်းမျိုးတည်း။ ထိုကဲ့သို့ သေရခြင်းကို "ဥပစ္ဆေဒက ကံ၏ သတ်ဖြတ်မှုကြောင့် သေရခြင်း" ဟု ခေါ်သည်။

"လူမုန်းမှာကို မကြောက်နှင့်၊ ကံမုန်းမှာကို ကြောက်' ဟု စကားရှိသည့်အတိုင်း မကောင်းမှုအကုသိုလ်ကံများကို ဝေးစွာ ရှောင်ရှားသင့်ကြပေသည်။ အကုသိုလ်ကံ ရှိနေလျှင် ၎င်းကံက လူကို ဒုက္ခပေးမည် ဧကန်ဖြစ်သောကြောင့် အကုသိုလ်ကံကို မုန်းသော ကံဟု ဆိုရသည်။ ဝိပ္ပတ္တိခေတ်အခါမျိုးတွင် အသက်တမ်း ရှည်စွာ ကျန်းမာလျက် တည်နေရအောင် ကောင်းမှုကုသိုလ်များကို အထူး ကြိုးစားသင့်ကြောင်း တင်ပြအပ်ပါသတည်း။

ဗုဒ္ဓ–ဓမ္မ–လောက အတွဲ (၂၄) အမှတ် (၅)

## သေနေ့မစေ့ပဲ သေခြင်း (၈)ပါး

(ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်၊)

ဦးစာ။ ။ဦးပါရေ အခုခေတ်ဟာ၊ အသေ အပျောက် တယ်များပါ ကလားဗျ၊ လက်နက်ကြောင့် သေရ တာတွေ၊ မော်တော်ကား တိုက်လို့ သေရတာတွေ၊ လေယာဉ်ပျံ ပျက်လို့ သေရတာတွေ၊ အချင်းချင်း သတ်ဖြတ်လို့ သေရ တာတွေ၊ အဲဒီလို သတ္တန္တရ ကပ်ဆိုက်လို့ သေရ တာတွေ ကလဲ အနန္တပဲ ဦးပါရဲ့။ နို့ပြီးတော့ ရောဂန္တရကပ် အမျိုးမျိုးတွေ နှိပ်စက်လို့ သေရတဲ့ လူတွေလဲ အနန္တပဲ ဦးပါရဲ့။ ဟော အခု မိုးကျစ အချိန်ကလေးမှာ တုပ်ကွေးဆိုတဲ့ ရောဂါတမျိုး ဝင်ရောက် နှိပ်စက်နေပြန်ပြီ မဟုတ်လား။ ဒီရောဂါကို ကောင်းကောင်း ကာကွယ်ပေးနိုင်မှ တော်မယ်။ မကာကွယ်နိုင်ယင်တော့ အခက်ပဲ မဟုတ်လား။ ကြောက်ဖို့ကောင်းတဲ့ ခေတ်ကြီးပဲဗျို။ "ဥစ္စာကို ကံစောင့်၊ အသက်ကိုဉာဏ်စောင့်" လို့ဆိုတဲ့အတိုင်း ကိုယ့်အ သက်ႋ မသေအောင် ဉာဏ်နဲ့ စောင့်ရှောက်ပေးကြပေါ့ဗျာ။

ဦးပါ။ ။ဉာဏ်နဲ့ ဘယ်လောက်ပဲ စောင့်စောင့် သေနေ့ စေ့ရင် သေကြရမှာ ပါပဲဗျာ၊ သေနေ့ စေ့ရင်တော့ ဘာနဲ့မှ ကာကွယ်လို့ မရပါဘူး။

ဦးစာ။ ။ နေစမ်းပါအုံး ဦးပါရဲ့။ ဘယ်လိုပဲသေသေ သေနေ့စေ့လို့ သေကြတာချည်းပဲလို့ ဆိုလိုပါသလားဗျ။

ဦးပါ။ ။ ဟုတ်တာပေါ့ဗျာ သေနေ့စေ့လို့ သေကြတာချည်းပါပဲ။ လက်နက်နဲ့ သေရမယ့်လူဟာရေနစ်ပြီးမသေပါဘူး။ ရေနစ်ပြီး သေရမယ့် လူဟာ လက်နက်နဲ့ မသေပါဘူး။ သူ့ကံနဲ့သူ စီမံဖန်တီးလာတာပါ။ လက်နက်နဲ့ သေရမယ့်ကံ ပါလာယင် လက်နက်နဲ့ သေရမှာပဲ။ အနာရောဂါနဲ့ သေရမယ့်ကံပါလာယင် အနာရောဂါနဲ့ သေရမှာပဲ၊ ဒါကြောင့် ဘယ်လိုပဲသေသေ၊ သေနေ့စေ့လို့ သေတယ်ဆိုတာ ထင်ရှားနေတာပဲ ဦးစာရဲ့။

## (က) သေနေ့မစေ့ပဲ သေခြင်း

ဦးစာ။ ။ သေနေ့သေချိန် မကျသေးပဲနဲ့ သေရတာလဲ ရှိသေးတယ်ဆိုတဲ့ စကားကို ဦးပါ မကြားဖူး ဘူးလားဗျ။

ဦးပါ။ ။ သတိမထားမိပါဘူးဗျာ၊ ဘယ်လိုလဲဗျ။ သေနေ့သေချိန် မကျပဲနဲ့ သေတယ် ဆိုတာကလေးကို အမိန့်ရှိစမ်းပါအုံး။

ဦးစာ။ ။ မိလိန္ဒပဉှာ ကျမ်းကြီးမှာ အရှင်နာဂသိန် မထေရ် မိန့်ဆိုချက် ဟောပြတော်မူချက် ကလေးကို ကျွန်တော် တင်ပြပါ့မယ်။

၁။ လေပျက်လို့သေခြင်း၊

၂။ သည်းခြေပျက်လို့ သေခြင်း၊

၃။ သလိပ်ပျက်လို့ သေခြင်း၊

၄။ သန္နိပါတ် ကျရောက်လို့ သေခြင်း၊

၅။ အအေးမိလို့ သေခြင်း၊

၆။ အပူရောက်လို့ သေခြင်း၊

၇။ မညီမညွတ် ချွတ်ချော် တိမ်းမှောက်လို့ သေခြင်း၊

၈။ သူတပါး သတ်ဖြတ်လို့ သေခြင်း၊

ဤကဲ့သို့ သေခြင်းများသည် သေနေ့မစေ့၊ သေချိန်မရောက်သေးပဲ သေတဲ့အတွက် (အကာလမရဏ) သေချိန်မရောက်ပဲ သေခြင်းမျိုးလို့ မိန့်တော်မူပါတယ်။

## (ခ) သေကံမရောက် သက်မပျောက်

ဦးပါ။ ။ ဒီလိုဆိုယင်ဗျာ။ "သေကံမရောက် သက်မပျောက်လို့" ဆိုတဲ့ စကားဟာ အမှားစကားလို့ ဆိုရတော့မပေါ့။

ဦးစာ။ ။ ဒီလိုဗျာ၊ ဒီစကားဟာ မှားတယ်လို့ မဆိုသာပါဘူး၊ ဘာပြုလို့လဲဆိုတော့—

၁။ အသက်တမ်း ကုန်လို့ သေခြင်း—အာယုက္ခယ မရဏ။

၂။ မူလကံစွမ်း ကုန်လို့ သေခြင်း- ကမ္မက္ခယ မရဏ။

၃။ အသက်တမ်း၊ မူလကံစွမ်း (၂) ပါးကုန်လို့ သေခြင်း- ဥဘယက္ခယ မရဏ။

၄။ အသက်တမ်း၊ မူလကံစွမ်း (၂)ပါးလုံး မကုန်သေးပဲ ကြားဖြတ်ကံကြောင့်သေခြင်း—ဥပစ္ဆေဒက မရဏဆိုတဲ့ မူလအခြေခံ သေခြင်း(၄)မျိုးရှိကြောင်း သင်္ဂြိုဟ်ကျမ်းစသည်များ၌ ဆိုထားပါတယ်၊ အဲဒီ သေခြင်း(၄)မျိုးထဲမှ အာယုက္ခယမရဏကို နုတ်လိုက်ယင် ကျန်(၃)မျိုးဟာ ကံကြောင့်သေရတာဖြစ်လို့ အဲဒီ သေခြင်း(၃)မျိုး ကိုရည်ရွယ်ပြီး "သေကံမရောက် သက်မပျောက်" ဆိုတဲ့ စကား ဖြစ်ပေါ်လာဟန် ရှိပါတယ်။ အဲဒါကြောင့် ဒီစကားဟာ သူ့နေရာနှင့်သူ ယူလိုက်ယင် မမှားဘူးလို့ ဆိုရပါတယ်။

ဦးပါ။ ။ နေစမ်းပါအုံး ဦးစာရဲ၊ မိလိန္ဒပဥှာကျမ်းမှာပါတဲ့ သေခြင်း(၈)မျိုးနဲ့ သင်္ဂြိုဟ်ကျမ်းမှာ ပါတဲ့ သေခြင်း(၄)မျိုးဟာ တခုနဲ့တခု မဆက်မစပ် သပ်သပ်စီ ဖြစ်မနေဘူးလားဗျ။

ဦးစာ။ ။ ဒါကဒီလိုဗျ။ သင်္ဂြိုဟ်ကျမ်းလာ သေခြင်း(၄)မျိုးထဲက ပထမ၊ ဒုတိယ၊ တတိယ သေခြင်းများကိုတော့ သေနေ့သေချိန်ကျလို့ သေခြင်းမျိုးလို့ ဆိုရပါတယ်၊ ကျန်သော စတုတ္ထသေခြင်းဖြစ်တဲ့ ဥပစ္ဆေဒက မရဏကိုတော့၊ မိလိန္ဒပဥှာကျမ်းမှာဆိုတဲ့ အကာလမရဏသေခြင်း (၈)မျိုးတွင် တမျိုးအဖြစ် ပါဝင်လျက်ရှိပါတယ်။ ပေါင်းလိုက်တော့ သေခြင်း (၁၂) ပါး ဖြစ်သွားပါတယ်။ အဲဒီလို ကျမ်းလာ စကားတွေထောက်ထားပြီးတော့၊ သေနေ့သေချိန် မကျသေးပဲနဲ့လဲ သေကြရတယ်။ ကံကြောင့်မဟုတ်၊ ကံမပါပဲ လေ၊ သည်းခြေ၊

သလိပ်၊ အအေး၊ အပူ စသည် များကြောင့်လဲ သေရတယ် ဆိုတဲ့ သဘာဝကျကျ ကျမ်းဂန်များ၌ ပြဆိုတဲ့အတိုင်း မှတ်သားဖို့ ကောင်းတာပေါ့ဗျာ၊ ဘယ့်နှယ်လဲ-ဦးပါ သဘောကျပါရဲ့လား။

ဦးပါ။ ။ ကျွန်တော်တို့ မှတ်သား လာခဲ့တာကတော့ ကံကြောင့်သာ သေရမယ်၊ ကံကုန်ပဲ မသေရဘူး။ သေနေ့စေ့မှ သေရမယ်၊ သေနေ့မစေ့သေးယင် မသေရသေးဘူး ဆိုပြီး တထစ်ချ မှတ်လာခဲ့တာပဲ၊ ဦးစာ အမိန့်ရှိမှပဲ ကံမကုန်ပဲနဲ့လဲ သေရကြောင်း။ သေနေ့မစေ့ သေးပဲနဲ့လဲ သေရကြောင်းများကို ကြားရတော့ ကျမ်းဂန် များကလဲပြ၊ သဘာဝ ကလဲ ကျနေပြန်တော့ သဘောကျတယ်ဗျာ။

(မင်းကဝိန်)

# အခန်း ၄

## အသေတတ်နည်း

ဤအခန်းမှာ ယခုစာအုပ် မရေးသားမီက ရှေးပြေး အဖြစ် ဗုဒ္ဓ-ဓမ္မ-လောက စာဖတ် ပရိသတ်များသို့ တင်ပြခဲ့သော ဆောင်းပါး များကို ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။

ဆောင်းပါးရေးရန် နေရာများများ မရ သည့်အတွက် သေခြင်းနှင့် ပတ်သက်သော အချက်အလက် အနည်းငယ်ကိုသာ ဖော်ပြခွင့် ရပါသည်။

ထိုအခြင်းအရာများနှင့် အခြားအခန်းများ တွင် ပါရှိသည်တို့ကို ပေါင်းစပ်ပြီး အထပ်ထပ် ဖတ်ရှုခြင်း၊ ပွားများခြင်း၊ အားထုတ်ခြင်း များဖြင့် အသေတတ်ဖို့ နည်းလမ်းများ ရရှိနိုင် ပါကြောင်း။

*　　　*　　　*

## အသေတတ်နည်း၊ နိဿရည်း [၁]

ရှင်သာရိပုတ္တရာအလောင်း(ဥပတိဿ) နှင့် ရှင်မောဂ္ဂလာန်အလောင်း (ကောလိတ) တို့ ပွဲကြည့်ယင်း "ဒီပွဲကြည့်ပရိသတ်တွေဟာ နှောင်အနှစ်တရာအတွင်း အကုန်သေကြမှာပဲ" ဟု တွေးတောသည့်အတိုင်း ဤစာရှုသူနှင့် တကွ ခေနေယျသတ္တဝါအပေါင်းတို့ဟာ တနေ့နေ့ သေကြရမည်ကား မလွဲပေတည်း။

### တရားသေမင်း

မေး= သတ္တဝါများ၊ လွှမ်းမိုးငြား၊ တရားအဘယ်နည်း။
ဖြေ = သတ္တဝါများ၊ လွှမ်းမိုးငြား၊ တရားသေမင်းတည်း။

(ဦးပဏ္ဍိစ္စ၊ ပျဉ်ချောင်း)

### အသေတတ်မှ သက်သာမည်

ဤကဲ့သို့ သူသူ ငါငါ ပုပု ရှရှ မြင်မြင်သမျှ သတ္တဝါတွေ သေရမည်မလွဲ ဖြစ်ရကား အသေတတ်ဖို့ အရေးကြီးလှပေ

တော့၏။ အကယ်၍ အသေမတတ်ပါက အပါယ်လေးရပ် ထက်ကြပ်မကွာ ကျရောက်မှာ သေချာမလွဲ ရှိပေမည်။
ဒါ့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက အသေတတ် နည်း နိဿရည်းကို အောက်ပါအတိုင်း ဟောကြားထားတော် မခဲ့ပေ၏။

## သေနည်းနှစ်မျိုး

ဘုရားရှင်က သေခါနီးယင် ဘယ်လိုသေရမယ် ဆိုတဲ့ သေ နည်း သင်ပြခဲ့တယ်။ သေတာများ သင်နေရသေးသလားလို့ မအောက်မေ့လိုက်ကြနဲ့။ တို့တကာတွေ ခုထက်ထိ အနေလဲ မတတ်၊ အသေလဲ မတတ်ကြသေးဘူး။ ဘုရားရှင်က သေနည်း နှစ်မျိုး ဟောပြခဲ့တယ်။

၁။ တရားတော်နာကြားယင်း သေတဲ့နည်း၊
၂။ မိမိကိုယ်တိုင် တရားနှလုံးသွင်း၍ သေတဲ့နည်း။

တရားနာယင်း သေယင် အောက်သံယောဇဉ် ငါးပါးကို ပယ်နိုင်တယ်တဲ့။ နာတဲ့တရားကလဲ ခန္ဓာကို စက်ဆုပ်အောင် ဟောတဲ့တရား ဖြစ်ရမယ်။ ဒုက္ခသစ္စာ ပိုင်းခြားပြီးသိတဲ့ သစ္စာ ဆိုက်မည့် တရားမျိုးသာ ဆိုလိုတယ်။
ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေနည်းက သေခါနီးယင် ဒုက္ခဝေဒနာ ဒုက္ခဒဏ်ချက် တခုခုပေါ်လာမယ်။ အဲဒီပေါ်လာ တဲ့ ဒုက္ခဝေဒနာကို ဖြစ်ပျက် ရှုပေးပြီး "ဩော်–နိုပ်စက်တဲ့

တရားပါလား၊ နှိပ်စက်တာ ကေန်ဖြစ်လို့ ဒုက္ခတရား, ဒုက္ခသစ္စာ ကြီးပဲ၊ ဒီဒုက္ခတရား, ဒုက္ခသစ္စာဟာလဲ မမြဲပါဘူး၊ ဖြစ်ပြီး ပျက်သွားတာပဲ၊ ဝေဒနာလဲ ဖြစ်ပြီး ပျက်၊ ဒီဝေဒနာရဲ့ ဆင်းရဲသဘောဟာလဲ ဖြစ်ပြီး ပျက်တာပါပဲ။

အားလုံး ဖြစ်ပေါ်လာသမျှတွေဟာ ပျက်ကြရတာချည်းပဲ၊ ဘာပဲလာလာ ပျက်မှာချည်းပဲ၊ အဖြစ်နဲ့ အပျက်ကလွဲယင် ဘာမှ မရှိပါကလား၊ "ဖြစ်ပျက် ဖြစ်ပျက်" လို့ ရှုနေရမယ်။ ဖြစ်ပြီး ပျက်သွားတဲ့ ဖြစ်ပျက်အစဉ်မှာ ဉာဏ်ရောက်နေရမယ်၊ ဒီလိုဉာဏ်နဲ့နေတော့ ဝေဒနာချုပ်သွားတယ်၊ ဝေဒနာချုပ်တာ ဒုက္ခချုပ်တာပဲ။ "ဝေဒနာနိရောဓာ တဏှာနိရောဓော" ဝေဒနာချုပ်တဲ့နောက် တဏှာ အလိုလိုသေတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒီတွင်ပဲပြတ်၊ ပြတ်တော့ "ဒုက္ခနိရောဓော နိဗ္ဗာနံ" လာတာပဲ။

ဒုက္ခဝေဒနာလာသမျှ ဖြစ်ပျက် ရှု၊ ဖြစ် ပျက် အနိစ္စ နောက်က မဂ္ဂဉာဏ် လိုက်ရမယ်။ ဒီလို ဖြစ် ပျက်နဲ့ မဂ် မပြတ် အောင် ဉာဏ်လိုက်သွားနိုင်ယင် မသေခင်ကလေးမှာ သုံးမဂ် ကျအောင် ရနိုင်တယ်။ အား မကိုးထိုက်ကြဘူးလား။

ကိုယ့်ကိုယ်ကို ဆင်ခြင်ပြီး သေတာ အကောင်းဆုံးပဲမှတ်။ ဒါကြောင့် သေတဲ့အခါ ကိုယ့်သစ္စာ ကိုယ်ရှုပြီး သေကြပါလို့ ပြောလိုက်ပါတယ်။

ဖဂ္ဂုဏဝတ္ထု

သေခါနီးတွင် ရှင်တော်ဘုရား၏ တရားတော်ကို နာလိုက်ရပြီး တရားနှလုံးသွင်း မှန်သွားသောကြောင့် အောက်မင်္ဂလာ သုံးဖိုလ်ရကာ သေ၍သွားရှာသော ဖဂ္ဂုဏရဟန်း၏ ဝတ္ထုကို သုတ္တနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်ကို ဖတ်တော်မူကြရန် ထက်သန်သော စေတနာဖြင့် တိုက်တွန်းစကား ရေးသားလိုက်ရပေသတည်း။

(မင်္ဂလာ ဦးသိန်းမောင်)

ဗုဒ္ဓ–ဓမ္မ–လောက အတွဲ (၁၉) အမှတ် (၁၁)

အသေတတ်နည်း နိဿရည်း [၂]

"သေတနေ့-မွေးတနေ့" ဆိုသည့်စကားအတိုင်း လူ တဦး တယောက် မွေးဖွားလာခဲ့လျှင် တရက် သေရမှာ မုချမလွဲပေ။

မလွတ်မကင်းသော သေခြင်းတရားနှင့် တွေ့ဆုံရသည့်အခါ အသေတတ်ဖို့ အလွန်လိုပါသည်။ အသေမတတ်ခဲ့သော် အပါယ်လေးပါးသို့ ကျရောက်တတ်ပါသည်။ ကျသွားပါက ပြန်လည်တက်ရောက်ရန် မလွယ်လှပါ။ မကျဖို့ ကြိုးစားနိုင်မှ တော်ရုံရှိပေမည်။

သေပေါက် သေဝ ရောက်သည့်အခါ "အာသန္နကံ" ကောင်းဖို့ အရေးကြီးပါသည်။ ထို အာသန္နကံ ကောင်းဖို့

အတွက်လည်း "အာစိဏ္ဏကံ" အဖန်ဖန် အလီလီ ကောင်းခဲ့မှု၊ ကောင်းအောင် ကြိုးစားခဲ့မှု ဖြစ်နိုင်ပါသည်။

### လူတိုင်း လူတိုင်း ဆင်ခြင်ရမည့် တရား

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ
ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာဝါ ပုရိသေနဝါ
ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ဘိက္ခဝေ—သံသရာဘေးကို ကြောက်လန့်သောချစ်သားတို့။ ပဉ္စ—ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ —ဤ အကြောင်းတရားတို့ကို။ ဣတ္ထိယာဝါ—မိန်းမသည် လည်းကောင်း။ ပုရိသေနဝါ—ယောကျ်ားသည်လည်းကောင်း။ ဂဟဋ္ဌေနဝါ—လူသည်လည်းကောင်း။ ပ ဗ္ဗ ဇိ တေန ဝါ — ရဟန်းသည် လည်းကောင်း။ အဘိဏှံ— နေ့ညမပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ—နှုတ်ဖြင့်လည်းကောင်း၊စိတ်ဖြင့်လည်းကောင်း အောက်မေ့ ဆင်ခြင်အပ်ကုန်၏။

ကတမာနိပဉ္စ- အဘယ်တရားငါးပါးတို့နည်းဟူမူကား—

(၁) ဇရာဓမ္မော-အိုခြင်းတရားသည် ရှိ၏။ ထို အိုခြင်းသဘောကို ငါ မလွန်ဆန်နိုင်ပါတကား။

(၂) ဗျာဓိဓမ္မော-နာတတ်သောသဘောတရားသည်ရှိ၏။ ထို နာခြင်းသဘောကို ငါ မလွန်ဆန်နိုင်ပါတကား။

(၃) မရဏာဓမ္မော – သေခြင်း သဘောတရားသည် ရှိ၏။ ထို သေခြင်းသဘောတရားကို ငါ မလွန်ဆန်နိုင်ပါတကား။

(၄) ပိယေဟိ-ချစ်ခင် နှစ်သက်ကုန်သော သူတို့နှင့် ရှင်ကွဲ ကွဲရခြင်း၊ သို့မဟုတ် သေကွဲ ကွဲရခြင်းကို ငါ မလွန်ဆန်နိုင် ပါတကား။

(၅) ကမ္မဿကော-ကံသာလျှင် မိမိတို့ကိုယ်ပိုင်ဥစ္စာ ရှိပေတော့၏။ ယံကမ္မံ–အကြင် ကုသိုလ်ကံ အကုသိုလ်ကံကို။ ကရိဿာမိ–ပြုလုပ်အံ့။ တဿကမ္မဿ–ထိုကုသိုလ်ကံ အကုသိုလ်ကံ၏။ ဒါယာဒေါ–အမွေခံ အဖြစ်သည်။ ဘဝိဿတိ–ဖြစ်ပေတော့အံ့။ ငါ ပြုလုပ်သော ကံသာလျှင် ငါ့အား စီမံ ခန့်ခွဲတော့အံ့။

ထို့ပြင် ဝိပဿနာလုပ်ငန်းကို ကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်နှင့် ပေါင်းသင်းရမည်။

တမဂ်တဖိုလ်ကို ရကြောင်းဖြစ်သော တရားကို နာကြားရမည်။

တမဂ်တဖိုလ်သို့ ရောက်စေတတ်သော တရားစုကိုလည်း လိုက်နာလေ့ကျင့်ရမည်။

မိမိကိုယ်တိုင် ဝိပဿနာအလုပ်ကို အားထုတ်နိုင်ပါမူကား အထူး ပြောစရာမရှိ။ အကောင်းဆုံး အလေ့ အကျင့်ကြီးပေတကား။

ဤသို့ နှလုံးသွင်းခြင်း၊ အားထုတ်ခြင်းများ ပြုပါမှ အာဝဇ္ဇနိကံ ကောင်းပြီး သေခါနီးတဲ့အခါ အာသန္နကံကောင်းကာ ကောင်းရာသုဂတိသို့ ရောက်မည်ဖြစ်ပေသတည်း။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ ပဉ္စကနိပါတ်၊ နီဝရဏဝဂ်၊ အဘိဏှသုတ်)

သေရေးမကြည့် နေရေးကြည့် လောကီ လူမိုက်ကြီး

ဤ အရပ်၌ မိုးအခါပတ်လုံး ငါ နေမည်။ ဤ အရပ်၌ ဆောင်းအခါ၊ နွေအခါတို့ပတ်လုံး ငါနေမည်ဟု လူမိုက်သည် အထူးထူး အထွေထွေ ကြံစည်၏။ ဘယ်အခါ ဘယ်အရပ်မှာ ငါသေမည်ဟု မိမိ၏ အသက်အန္တရာယ်ကို မှုကား မသိရှာလေ။

(ဓမ္မပဒ–မဟာဝနဝါဏိဇ ဝတ္ထု)

ဓမ္မလင်္ကာ

ကောင်းမှုရှိန်စော်၊ အာနုဘော်ကြောင့်၊ ခွင့်တော်ကြိုက်ကြုံ၊ လူတို့ဘုံနှင့်၊ နတ်ဘုံတလျှောက်၊ ဘဂေါ်ပေါက်အောင်၊ မြင့်မောက်ဖြူဟွာ၊ ဖြစ်ကြပါလည်း၊ အရိယာနယ်မြေ၊ မရောက်ချေက၊ လေးထွေပါယ်တွင်း၊ မလွတ်ကင်းဘူး၊ ထွန်းလင်းသာသနာ၊ ဤအခါငယ်၊ လသာဗိုင်းငင့်၊ ပမာချင့်လျက်၊ အခွင့်သာခိုက်၊ နင်မမိုက်နှင့်၊ ရထိုက်သမျှ၊ တရားရဖို့၊ နှစ်လရက်နေ့၊ ချိန်မရွေ့ပဲ၊ ယနေ့မြန်စွာ၊ အားထုတ်ရာဟု၊ မြတ်စွာရှင်ချစ်၊ ဟောဖော်လစ်သည်၊ လူဖြစ်ကျိုးနပ် စေဖို့တည်း။

(ဦးဓမ္မစရဏာသိဒ္ဓိ)

## အသေတတ်နည်းနိသျရည်း [၃]

'သေသည်' ဆိုခြင်းမှာ အဆန်းမဟုတ်ပါ၊ လူသားတိုင်း သိသော စကားနှစ်လုံးပါ။ သိပင် သိလင့်ကစား၊ အမှတ်တမဲ့ နေတတ်ကြပါသည်။ သို့သော် ရှင်တော်ဘုရားက 'မရဏာ-နုဿတိ' သေခြင်း သဘောတရားကို အမြဲ ပွားများနေကြရမည်ဟု မိန့်မှာတော် မူခဲ့ပေ၏။ ထိုကဲ့သို့ ပွားများနေမှ အသေကောင်းမည်ဖြစ်၍ မှာကြားတော်မူခြင်း ဖြစ်ပါသည်။

ထို သေခြင်းနှင့် ပတ်သက်၍ လူ့ညာရှိနှင့် ရဟန်းပညာရှိတို့က အကြောင်းအားလျော်စွာ အမျိုးမျိုး အဖုံဖုံ ရေးသားစီကုံးထားသည်ကို တွေ့ရပေ၏။ ၎င်းစာပေများ၊ ကဗျာများနှင့် လင်္ကာ အမျိုးမျိုးကို ဖတ်ရှုခြင်းပင်လျှင်'မရဏာနုဿတိ' ပွားသည့်သဘော သက်ရောက်သည့်အားလျော်စွာ အောက်ပါ စာပေ ရေးသား စီကုံးချက်များ တင်ပြလိုက်ပါကြောင်း။

### သေမင်းလက်မှ ပြေးမရ

သေမင်းလက်တွင်း — လွတ်ကင်းဖို့ဟာ၊
ကောင်းကင်ပျံဝဲ — ရေထဲ သမုဒ္ဒရာ၊
မဲ့မှောင်တောင်ခေါင်း — ခိုအောင်းပုန်းပါ၊
ဘယ်လိုပြေး — လွတ်ရေး မရရှာ။

(ဆရာတော် ဦးဝဏ္ဏိတ)

## အမာတာပုတ္တိက ဘော

စင်စစ်ဆိုသော်၊ ဝါရှက်ရော်သို၊ ရင့်ရော်ကြွေလု၊ အိုမင်းမှု နှင့်၊ နာမှုသေရေး၊ ဤသုံးဘေးသာ၊ ဖြစ်ပေါ်လာသော်၊ မာတာမိခင်၊ သားရွှေစင်ကို၊ ကယ်တင်မရ၊ ချစ်သားလှ လည်း၊ မိဘကိုဖင်၊ မကယ်တင်နိုင်၊ သေးကောင်း၍၊ သည်းဆိုင် ပြတ်မျှ၊ ဆင်းရဲရဟု၊ ဗုဒ္ဓမြတ်စွာ မိန့်သတည်း။

## ဘေးကြီးများမှ လွတ်ကြောင်းအကျင်

မီးဘေး၊ရေဘေး၊ သူပုန်ဘေးနှင့်၊ အိုဘေး နာသေ၊ လွတ် လိုလေလျှင်၊ မြတ်ကျင့်စဉ်းကား၊ မဂ္ဂင်ရှစ်ပါး၊ အသဉ်ပွားဟု၊ ဘုရားမြတ်စွာ မိန့်သတည်း။

(အရှင်ဇနကာဘိဝံသ သာသနာ့နိဒါန်း)

## မသေလိုလည်း မနေရ

(၁) မိုးပံ့မြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခို၊ မသေ လို၍၊ ဤကိုယ်မှုချ၊ မနေရဘူး။

(၂) လင်နှင့်မယား၊ သားနှင့်သမီး၊မြေးနှင့်ဥစ္စာ၊ဆွေမျိုး ညာနှင့်၊ မကွာမကွေ၊ မသေရပဲ၊ အတူမြဲ၍၊ မကွဲတစ်၊ဘယ်မှာ ရှိလိမ့်။

(တောင်ပုလု ဆရာတော်ဘုရားကြီး)

## သတိပေး သံပေါက်

၁။ ကိုယ်ထက်ကြီးသူ၊ ကိုယ့်အောက်လူ၊ သေသူများလျှပြီ။
၂။ ခဏမစဲ၊ အိုရမြဲ၊ ကိုယ်လဲ သေဘက် နီးလှပြီ။
၃။ မငှသရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ တော်တော့မည်။

(သဲကူနီး ဆရာတော်)

## မမေ့မလျော့ ကြကုန်လင့်

ဤသည်တို့ကို ပညာဖြင့် သိအောင် လုပ်အပ်၏။ မြတ်သော အကျင့်ကို ကျင့်အပ်၏။ ဆိတ်ငြိမ်ရာသို့ဖြစ်စေ၊ ဓမ္မရိပ်သာသို့ဖြစ်စေ ချဉ်းကပ်၍ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို တစိမ့်စိမ့် ရှုအပ်၏။ မမေ့မလျော့ကြကုန်လင့်။

(အင်္ဂုတ္တိုရ် သတ္တနိပါတ်
မဟာဝဂ် အရဏသုတ် ၆၂၅-)

## သေသူနောက်သို့

သေလေသောသူကို တစုံတခုသော ဥစ္စာသည် အစဉ်မလိုက်၊ သားသမီးတို့သည် လည်းကောင်း၊ သားမယားတို့သည်လည်း ကောင်း၊ ဥစ္စာသည်လည်းကောင်း၊ တိုင်းသူပြည်သားတို့သည် လည်းကောင်း အစဉ်မလိုက်၊ အသက်ကို ရှည်စေသောအောင် ဥစ္စာ ပေးသောအားဖြင့်မရ။ စည်းစိမ်ကို ပေးသောအားဖြင့် အိုခြင်း ကို ဆောင်လည်း မဆောင်နိုင်ကြကုန်။

(အရှင် ရဋ္ဌပါလ မထေရ်)

## သူသူငါငါ ပြေးမလွတ်ရာ

ဘဝသြဿာ၊ စကြာရဟတ်၊ သုံးပါဝဋ္ဋတွင်၊ လူနတ်ဗြဟ္မာ၊ သတ္တဝါကား၊ ကြမ္မာအလျောက်၊ အခါရောက်က၊ မြေအောက်ပုန်းလျှိုး၊ ခွန်အားကိုးလည်း၊ လွတ်ရိုးမထင်၊ရေကူးစုတ်စုတ်၊ နက်ရှုငုပ်သည်း၊ လွတ်ရပ်မမြင်၊ကောင်းကင်ပျံတက်၊ ငှက်နှယ်ပတ်လည်း၊ မလွတ်နိုင်နိုင်၊ သေမင်းငင်၍၊ အရှင်စတော၊ မနေရရာ၊ မမှတ်ပါဖြင့်။ ခန္ဓာပြိုကွဲ၊ ထွင်းဖောက်လွဲသည့်၊ ကြဉ်ဖဲမရှောင် စသာတည်း။

(ပုညကာရီ–မောမြို့)

## သေရာမပါ လက်ချည်းသာ

လူ့ရွာနိုက်ပေ၊ သက်မသေခင်၊ အခမွယာယယ်၊ ခြကြေးဆယ်နှင့်၊ ရွှောင်းဝယ်ရင်းနှီး၊ လွန်ပွားစီးအောင်၊ ရှာမှီးသမူ၊ လုံ့လပြု၍၊ ရစုဆောင်သယ်၊ ခြသဖွယ်သို၊ တိုက်စယ်ကျိကျ၊ ပုတ်ကာဘ်စသား၊ ထိုမျှခပင်း၊ သိမ်းဆည်းခြင်းဖြင့်၊ မြေတွင်းမြှုပ်တွေ့၊ တခဲတွေ့လျက်၊ ကုဋေကုဋာ၊ ရဘနာလျှင်၊ ဥစ္စာအတိ၊ များစွာ ရှိသည်း၊ ရှိလှည့်ခကာ၊ ကြမ္မာ ဟနား၊ ကံဆိုထား၍၊ လက်ဝါးဖွေးဖွေး၊ အမွေးမကပ်၊ မစပ်ကိုယ်မှာ၊ ရွှေးသပြာနှင့်၊ ခပ်ပြာသပ်ပြာ၊ စဖိုပြာမျှ၊ သေခါမပါ၊ လက်ချည်းသာတည်း၊ သံသရာခရီး၊ ကိုယ်ထီးထီးဖြင့်၊ ခါးဆီး ကိုယ်ဝတ်၊ ချွတ်၍ယူကာ၊ ထည့်တုံပါလည်း၊ မပါသွားရ၊

အပါယ်ကျ၍၊ ဘဝယုတ်မာ၊ ဆင်းရဲစွာလိမ့်၊ လူဒါသီလ၊ ကိုယ်နှင့်မျှအောင်၊ လုံ့လမယုတ်၊ အားသွန်ထုတ်ရာ၊ အဟုတ်နောင်လာ၊ ခန္ဓာကိုယ်ဟောင်း၊ ဘဝပြောင်းသော်၊ သောင်းသောင်း ဝန်းအုံ၊ လူနတ်ဘုံဝယ်၊ အားရုံငါးဖြာ၊ များပဏ္ဏာနှင့်၊ ခံကာဆီးကြို၊ ရှေးကဆိုသို့၊ ကုသိုလ်အမျိုး၊ ဆွေမျိုးကောင်းမည်၊ စွဲမှတ်တည်ဟု၊ သာကြည်ရွှေနုတ်၊ သွင်းမှုတ်နားပါး၊ လောင်းမင်းဖျားလျှင်၊ တရားဓမ္မ၊ နေ့ည အစဉ်၊ ဟောပြယှဉ်၍၊ ပိုက်ယှဉ်နယ၊ ဩဝါဒဖြင့်၊ ဆုံးမ မပျင်း၊ ဆင်ရိုင်း သွင်းသို့၊ ရိုင်းပင်း ဆော်ညွှန်း၊ တိုက်တွန်းမိန့်ဆို၊ မကြည်ညိုလည်း၊ ကြည်ညိုစေမှု၊ မပြုလိုအား၊ ပြုစေခြားလျက်၊ ခံ့ညားလိုက်နာ၊ လိုသော်ပါအောင်၊အာဏာ ဓမ္မစက်၊နှစ်ပါးဖက်ပြီး၊ ရွှေလက်တော်ငင်၊ ဆွဲကာတင်သို့၊ အရှင်ဘဝ၊ မိဘ တဖြာ၊ဆရာ တမျိုး၊ပြည်သူ့ကျိုးကို၊အားကြိုးကြည်ဖြူ၊ ဆောင်တော်မူ၍၊ ဇမ္ဗူပတ်လုံး၊ သောင်းရပ်ဆုံးထိ၊ ကျွန်းလုံးမကြွင်း၊ အာဏာချင်းလျက်၊ ရာစင်းဦးကိုင်၊ထွတ်ဖူးတိုင်သည်၊ မဏ္ဍိုင် ဥက္ကဋ္ဌ စိုးမိုင်းတည်း။

(မဟာသုတကာရီ မဃဒေဝလင်္ကာသစ်–၅၀၀)

## မရဏ စွမ်းရည်

ကြီးကြီးငယ်ငယ်၊ အရွယ်မကောက်၊ အချိန်ရောက်လာ၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊ ဇရာမရဏစွမ်းရည်တည်း။

(လယ်တီဆရာတော်ဘုရားကြီး)

တစေ့တစေ့ နှလုံးသွင်း

အသက်မသေ နေရမည်မဟုတ်၊ တယောက်ကို တယောက် စွန့်ပစ်၍ သွားကြရမြဲ ဓမ္မတာ ဖြစ်သည်ကို တစေ့ တစေ့ နှလုံးသွင်းလေ့ ရှိစေ။

(စတုဂိရိ ဆရာတော်)

## အသေတတ်နည်း နိဿရည်း [၄]

သေခြင်းတရား သတိထား

"သေသည်" ဆိုလျှင် လူတိုင်းသိနေသော စကားနှစ်လုံး ဖြစ်ပေသည်။ "သေမည်"ကိုကား သိကား သိ၏။ သို့သော် အမှုမဲ့ အမှတ်မဲ့ သတိမထားပဲ ရှိနေတတ်ကြပေသည်။ ဤကို ရည်၍ ရှင်တော်ဘုရားက "သေခြင်းတရား" ကို အမြဲမပြတ် ပွားများနေကြ ဟု အနုဿတိ ဆယ်ပါးတွင် တပါးအနေနှင့် မိန့်ချေခဲ့ခြင်း ဖြစ်ပေ၏။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး မိန့်မှာတော်မူခဲ့သည့် အတိုင်း ပညာရှင်အပေါင်းတို့က ထပ်ခါလောင်းကာ သတ္တဝါ အပေါင်း သေကြရမည့် အကြောင်း စာကောင်း ပေကောင်း များ ရေးသားထားခဲ့ကြသည်မှာ—

## သေခြင်းလျှင် အဆုံးရှိ၏

မာခြင်းသည် နာခြင်း အဆုံးရှိ၏၊
ပျိုခြင်းသည် အိုခြင်း အဆုံးရှိ၏၊
ရှင်နေခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏၊
ကြီးလဲ ကြီးပြီ၊ နီးလဲ နီးပြီ၊
မသေလိုလျှင် သုသာန်သွား၊
မရဏာနုဿတိ နာနာပွား။

(ထူးတွင်းဆရာတော်)

## မရဏာဘေးမှ သေချာမလွတ်

အာယုက္ခယ၊ ဥစ္ဆေဒနှင့်၊ ဇနကရှိန်၊ ဇီဝိန် ပြတ်ကင်း၊ သေရခြင်းဟု၊ ထင်လင်း သေချာ၊မရဏာမှ၊ဓမ္မတာဝဋ်၊ဘယ်မလွတ်တည်း၊ မချွတ်မသွေ၊ ဖြစ်ရချေ၏။

(အဘိဏှသုတ်)

## မွေးလျှင် သေရမှာပဲ

လောကကြီးမှာ ပဋိသန္ဓေ နေရခြင်း ဆိုတဲ့ ဇာတိ ရှိပြီဆိုမှဖြင့် သေရခြင်းဆိုတဲ့ မရဏသဘောဟာ ဘယ်လိုမှရှောင်လို့လွှတ်နိုင်တာမျိုး မဟုတ်ဘူး။ မွေးလျှင် သေရမှာပဲ၊ ဖြစ်လျှင်ပျက်ရမှာပဲ၊ ဘာမဆို ဖြစ်တာမှန်သမျှ ပျက်ရမှာချည်းပဲ ဆိုတာသေချာ မှတ်လိုက်ပါ ချစ်သသွီး။

(ပဋ္ဌာနစာရီဝတ္ထု)

## တနေ့လျှင် သေကြရမည်

ဤလူ့ဘဝသည် အဘယ်မျှလောက်တာတိုလှသနည်း၊ အနှစ်တရာ မပြည့်ခင်ပင် ဤလူ့ဘဝသည် ကုန်ဆုံးသွားတော့သည်။ အနှစ်တရာထက်ပို၍ အသက်ရှင်သူမှာလည်း တနေ့တွင် အိုမင်းရင့်ရော်၍ သေကြေ ပျက်စီးရမည်သာတည်း။

(သုတ္တနိပါတ်၊ ဇရာသုတ္တ)

## ဒိဋ္ဌမသွေ့ သေရမည်ပေ

(၁) အို လူအများ တရားယူလေ၊
သေမည်စိတ်ချ ဒိဋ္ဌ မသွေ့၊
တနေ့ကျတော့ တွေ့ရရှာပေ၊
'အနိစ္စ' ဒိဋ္ဌ သည်သက်သေ။

(၂) အို လူအများ တရားယူလေ၊
သေမည်စိတ်ချ ဒိဋ္ဌ မသွေ့၊
တနေ့ကျတော့ တွေ့ရမှာပေ၊
ပိုထုတ်ပြ 'ဒုက္ခ' သည်သက်သေ။

(၃) အို လူအများ တရား ယူလေ၊
သေမည်စိတ်ချ ဒိဋ္ဌ မသွေ့၊
တနေ့ကျတော့ တွေ့ရမှာပေ၊
'အနတ္တ' မှတ်ကြ သည်သက်သေ။

## သေရက် မသိ

ယနေ့အလုပ် ယနေ့ လုပ်ပါ၊
နက်ဖြန်သဘက် သေရက် မသိပါ၊
စစ်သည် ခပင်း သေမင်းနှင့်သာ၊
သေနေ့ရက် ချိန်းချက် မရှိပါ။

## ကိစ္စတန်းလန်းနှင့် မရဏာ မြန်းရကြောင်း

နိဋ္ဌာပေတုံ နသက္ကောန္တိ၊
ပိယမာသံ ခနေသနံ၊
အနိဋ္ဌိတာဝ ဇဟန္တိ၊
သာယံ လောကဿ ဓမ္မတာ။ ။

သတ္တာ-ဒုက္ခိတသတ္တဝါ၊ သံသရာ ခရီးသည်တို့သည်။ ပိယံ- ချစ်ခင်စုံမက်ခြင်းကိုလည်းကောင်း။ အာသံ- ရည်ရွယ်မျှော်ကိုး၊ တောင့်တချက်အမျိုးမျိုးကိုလည်းကောင်း။ ခနေသနံ- သဌေး ဖြစ်အောင်၊ ကြံဆောင်သမှု၊ ပစ္စည်း စုခြင်းကို လည်းကောင်း။ နိဋ္ဌာပေတုံ-လက်စသတ်၍ ပြီးပြတ်လုံးလုံး၊ ကိစ္စတုံးစိမ့်သော ငှာ၊ ဝါ-ပြီးစေခြင်းငှာ၊ နသက္ကောန္တိ-မတတ်နိုင်ကြလေကုန်။ အနိဋ္ဌိတာဝ-မပြီးမပြတ်၊ လမ်းခွတ်လတ်ဝယ်၊ မသတ်သော လက်စ ရှိကြကုန်သည် ဖြစ်၍၊ ဝါ—လက်စ မသတ်နိုင်ကြကုန်

သည်ဖြစ်၍၊ ဇဟန္တိ—တန်းလန်းထားကာ စွန့်သွား ရှာကြလေကုန်၏။သာယံ-ထိုသို့ လက်စ မသတ်နိုင်ခြင်း အမှုသည်ကား။လောကဿ-ဤသံသရာ လောကကြီး၏။ ဓမ္မတာ—ရှေးရိုးစဉ်လာ မလွဲသာသည့် ဓမ္မတာ လမ်းဟောင်းကြီးပေတည်း။ ။

## ချောင်းပြောင်းနေသော သေမင်း

ကိုယ်ရေးကိုတာ အစစ်အမှန် မဟုတ်သော ကိစ္စအထွေထွေနှင့် အချိန်ကုန်ခံ၍ နေနိုင်ခြင်းသည် သင်၏ နောက်ကွယ်တွင် စောင့်လျက် ချောင်းမြောင်းနေသော သေမင်းကို သင်ကိုယ်တိုင် မမြင်ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

## မရဏာသန္န သချင်း

သေလည်းသေရ၊ သေကြလှပြီ၊ ဘဝဤလူ့၊ ပြည်အမှုမှာ၊ ယခုလည်းသေဆဲ၊ ဆယ့်တမီးကုန်၊ နန်းရွှေဘုံကို၊ မကြုံသမျှ၊ သေရချည်သေးဟုသာ တွေးပါရော့၊ ရွှေးချည် သူ့မျက်နှာ၊ စာချည်ဘု ကိုယ်ချင်း၊ မင်းတဲ့စိုးတဲ့၊သဟာတဲ့လို၊ ယိမ်းနွဲ့လက်ဆောင်၊ ဒေါင်းဘောင် အုပ်ခုက်၊ တင်းဘုတ်တက်နှင့်၊ စုံမက်အောင် တယ်စမ်းတော့၊ လည်၍ဆန်မွှေ၊ သူကြည့်ချေဘူးတဲ့၊ လာလေလိုက်ခဲ့၊ ချစ်ဖော်ခင်ဖော်၊ ကြင်ဖော်ကွေကွင်း၊ လွတ်စေလျှင်း၊ သေမင်းတဲ့ဟု၊ ငြီးနွံ၍ မလွတ်သာဘူးလူ့ရွာ။

(ကန္ဒီစီရင်စု၊ ရေပုတ်ရွာဇာတိ၊ ပညာရှိ စာဆိုတော် ဦးခွေးပု)

# ဗုဒ္ဓကျမ်း စာစဉ် အမှတ်(၄)

## သင် ဘာလုပ်နေသလဲ သတိပြုမိရဲ့လား

ခေတ်နှင့် လျော်ညီသော စကားလုံးနှင့် ပြောရလျှင် "သုသာန်သို့" ဝင်ရန် မိမိအလှည့် မရောက်သေး၍ တန်းစီစောင့်နေပါသည်။

ဆိုလိုချက်မှာ တနှစ်ထက် တနှစ်၊ တလထက် တလ၊ တနေ့ထက် တနေ့၊ တနာရီထက် တနာရီ၊ တမိနစ်ထက် တမိနစ်၊ တစက္ကန့်ထက် တစက္ကန့်၊ တခဏထက် တခဏ အသိ ဖြစ်ပေါ်လာပြီး နောက်ထပ် တသိ မဖြစ်ပေါ်မီ စပ်ကြားတွင် သေခြင်း တရားနှင့် ရင်ဆိုင်ရန် နီးကပ်သည်ထက် နီးကပ်လာပြီဖြစ်ခြင်းကို သတိ ပြုမိပါရဲ့လားဟု မေးခြင်းဖြစ်ပါသည်။

ဤဖော်ပြချက်မှာ လူတိုင်း လူတိုင်း သိပြီးဖြစ်၍ မထူးဆန်းလှသော်လည်း သတိမပြုမိသူများ အတွက်မှာမူ သေခြင်းတရားမှာ ဤမျှ နီးကပ်နေပြီ ဖြစ်ကြောင်း မထင်ရှားလှပါ။ သတိပြုလျက် နေသူများအတွက်သာ ထင်ရှားလှပါသည်။

ဤကဲ့သို့ မိမိအပါအဝင် သတ္တဝါဟူသမျှတို့သည် အချိန်ရှိသရွေ့တပျက်တည်း ပျက်စီးလျက် ရှိနေကြပါကလားဟူသော

အသိတရားဖြင့် မပြတ်မလပ်သတိထားကာ ဆင်ခြင်နှလုံးသွင်းနေမည်ဆိုပါလျှင် ငါဟူသော မာန်မာနတရားနှင့် စွဲလမ်းမှုအမျိုးမျိုးတို့မှ တဖြည်းဖြည်း လွတ်မြောက်သွား၍ မအို-မနာ-မသေသော ထာဝစဉ် ငြိမ်းအေးချမ်းသာမှုကိုပင် ရရှိနိုင်မည်ဖြစ်ပါသည်။ သာဓု—သာဓု—သာဓု။

(ဒေဟနာရှင် ယောဂီ)

သေမင်းကျောနားပှာ

သေခြင်းတရား ကျောနား ကပ်သည်၊
နေ့လော ညလော မပြောတတ်သည်၊
ထို သေမင်းက မချဉ်းကပ်မီ၊
မြတ်တရား ကြိုးစား မှတ်သင့်သည်း။

သို့ဖြစ်ရကား သေခြင်းတရား မရဏာနုဿတိ ကြပ်ကြပ်ပွားပြီး ဝိပဿနာတရားများ နေ့မအား ညမအား ကြိုးစားကြပါဟု တိုက်တွန်းသမှု ပြုလိုက်ရပေသတည်း။

မင်္ဂလာ ဦးသိန်းမောင်
အငြိမ်းစား၊ စက်ရှင်မင်းကြီး
(၁၁) လက်ပံလမ်း၊ စမ်းချောင်းရပ်။

# အသေတတ်နည်း နိဿရည်း [ ၅ ]

လူတိုင်းလူတိုင်းသေကြရမည်ကား မလွဲသောလမ်းကြောင်း ကြီးပေတည်း။ မြေထဲ နေနေ၊ ရေထဲ ငုပ်ငုပ်၊ တောအုပ်ထဲ ဝင်ဝင်၊ ကောင်းကင်သို့သွားသွား၊ တောင်ကြား၌ ပုန်းပုန်း၊ အဆုံးတနေ့ကျ သူငါကမကြွင်း၊ သေမင်းလက်တွင်းသို့ သက် ဆင်းကြရမည်မှာ မလွဲသာပေ။

သေကြရမည့်အတိုင်း သေခါနီးရောက်သည့်အခါ လွန်စွာ ကြောက်စရာ ကောင်းကြောင်း၊ မည်ကဲ့သို့ နှလုံး သွင်းရမည့် အကြောင်း၊ တင်တင် ကိုကို မည်ကဲ့သို့ ပြု လုပ် ကြ ရ မည့် အကြောင်း ဦးပဂိုဇို၏ အာဘော်ကို တင်ပြလိုက်ပါအံ့။

## ကြောက်စရာ့ သေခါနီး

အများအားဖြင့် လူတို့ သေခါနီးတွင် သားသမီးအတွက် ပူပန်၏။ သားသမီးကို စိတ်စော၏။ ဥစ္စာ စီးပွားအတွက် စိတ်စောကြ၏။မိဘ၊ ညီအစ်ကိုမောင်နှမအတွက် စိတ်စော၏။ ထိုမှတပါး သေခါနီးတွင် မှာခဲ့ချင်၏။ လျှာ လေးလာ၏။ စကား မပြောနိုင်။ လက် ခြေနှင့် ပြရန်လည်း လက် ခြေကို သယ်၍မရ။ ထိုအခါ သေသူသည် ဘာစိတ် ဖြစ်ပေါ်မည် နည်း။ အကုသိုလ် စိတ်သာ ဖြစ်ဖွယ်ရာ ရှိတော့၏။

## ဘာဝနာ နှစ်ပါးသာ အားကိုးရာ

သေခါနီး စိတ်ကိုပြောင်းနိုင်ရန် သေခါနီးမှ ကျင့်၍မရ။ အချိန်လည်း မရှိတော့ချေ။ ထိုစိတ်မျိုး ပေါ်လာကျောင် အခြား ကုသိုလ်စိတ်သို့ ပြောင်းလွှဲနိုင်ရန် ယခု ကျန်းမာစဉ် အခါက သမထလုပ်ငန်း၊ ဝိပဿနာ လုပ်ငန်းများကို ကျင့်ထားပါမှ ထိုသေခါနီးအချိန်တွင် မိမိစိတ်ကို ပိုမိုနိုင်၍ အကုသိုလ်စိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်မှ ကုသိုလ် စိတ် သို့ ပြောင်းရွှေ့ ယူငင် ထားမှုနိုင်လေသည်။

သမထဘာဝနာ၊ ဝိပဿနာဘာဝနာကို အာသေဝနပစ္စည်း ရအောင် ကြိမ်ဖန်များစွာ တုံထားသူ၊ လေ့ကျင့်ထားသူသည် ယခုချက်ချင်းပင်လျှင် မိမိ စိတ်ကို လိုရာ အာရုံသို့ ရွှေ့ယူနိုင် လေသည်။

ထိုကဲ့သို့ မိမိစိတ်ကို နိုင်နင်းနေသူဖြစ်ထားမှ သေခါနီးတွင် ကောင်းစိမ့်သောငှာ အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ လွယ် ကူစွာ ရွှေ့ပြောင်းထားနိုင်ပေမည်။

ထို့ကြောင့် သေခါနီးတွင် အလွန် အရေးကြီးရ ကား လားရာဂတိ ကောင်းစိမ့်သောငှာ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာများကို ယခုကစ၍ လေ့ကျင့်ထားရပေမည်။

သမထ ဘာဝနာ ဖြစ်စေ၊ ဝိပဿနာ ဘာ ဝ နာ ဖြစ်စေ လေ့ကျင့်နိုင်နင်းထားသူသည် သေခါနီး၌သာ အသုံးဝင်သည် မဟုတ်၊ ယခုလောလောဆယ်လည်း အကုသိုလ်စိတ်ကူးနေစဉ်

သတိရလျှင် ချက်ချင်း ကုသိုလ်စိတ်ကို ပြောင်းနိုင်သဖြင့် မသေမီလည်း များစွာ အကျိုးရှိလေသည်။

အထက်ပါ အကြောင်းခြင်းရာတို့ကို ထောက်သော် လူတို့သည် သေခါနီးတွင် စိတ်ထား မထားတတ်နိုင် ရကား သေသည်၏ အခြားမဲ့၌ သစ်ပင်မှ သစ်ရွက်ငယ်သည် လေတိုက်သောအခါ လေတွင် ပါရှိသွားပြီးလျှင် ကျချင်သည့် နေရာ လေထားရာ၌ ကျရာဘိသကဲ့သို့ မဖြစ်စေရန် မိမိ လားရာဂတိကို ကောင်းစွာ အလိုရှိသောသူသည် သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာမှတပါး အခြားကိုးကွယ်ရာ မရှိတော့ချေ။

ဝိပဿနာ အခြေခံနှင့် အမြေမှန်–(၁၃၄)

အရှင် ဇနကာဘိဝံသကလည်း တနည်းတဖုံ အောက်ပါအတိုင်း သတိပေးထားသေးသည်ကို တင်ပြလိုက်ပါဦးအံ့။

## သေခါနီး အရေးကြီး၏

သေနည်း လေးပါးတွင် တပါးပါးကြောင့် လူတယောက် စုတေဖို့ရာ နီးကပ်လာလျှင် မစုတေမီ နာရီဝက်ခန့်လောက်က စ၍ စိတ်ကောင်း၊ဇောကောင်း ရဖို့ အရေးကြီးလှ၏။ စုတေသည့်တိုင်အောင် ကုသိုလ် ဇောများ စောနေလျှင် ကောန် မုချ သုဂတိဘဝသို့ ရောက်ရမည်။

စုတေခါနီး၌ အကုသိုလ်ဇောများ စောနေ[illegible]ျင် ကောင်း အပါယ်ဘုံသို့ ရောက်ရတော့မည်။

သို့ဖြစ်၍ မြင်းအပြေး ပြိုင်ရာတွင် ပန်းဝင်ခါနီး၌ အရေးကြီးသကဲ့သို့ နောက်တဖန် ဘဝကောင်း ရ[illegible]ရန်အလို့ငှာ စုတေခါနီး၌ အရေးကြီးလှပေသည်။

ထိုစုတေခါနီး၌ စိတ်ကောင်း၊မကောင်းမှာလည်း [illegible]လာသော အာရုံများနှင့် သက်ဆိုင်ပြန်လေသည်။

([illegible])

## ဘဝကောင်း ရရှိရန်

ဘဝကောင်း ရရှိရန် ကုသိုလ်ရေးက အဓိကရ ဖြစ်သည်။ ကုသိုလ်လုပ်ရန် အချိန်ကို ရွေးချယ်နေ၍ မဖြစ်။ [illegible]အသင့်တွေ့ ဝင်လာသည့် နေ့ရက်မှစ၍ ပြုပ်ဆောင်ရန် အရေးကြီးပေသည်။

([illegible])

## မသေမီကာလ ပြုလုပ်ပါကြ

သေခြင်းတရား၏ လျင်မြန်ခြင်းကို ညာဏ်ဖြင့်မယှဉ် မဆင်ခြင်ပဲ၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့သွား၊ ပေါ့ပေါ့စားပါက သေသောအခါ သံသရာ ဝဲဇလုတ်မှာ နစ်မြုပ်ရန်သာ ရှိလေသည်။ သို့ဖြစ်၍ မသေမီကာလက ဒါန၊ သီလ၊ ဘာဝနာ၊ ပုညကြိယာ အဖြာဖြာကို တတ်စွမ်းသမျှ ဆည်းပူးအပ်လှပေသည်။

(ဦးစိန်ဝင်း၊ ပင်စင်[illegible]ကားမြ[illegible])

# အသေတတ်နည်း နိဿရည်း [၆]

ရှင်တော်ဘုရားက "မရဏာနုဿတိ" ကို ကြိမ်ဖန်များစွာ ပွားကြလေ-ဟု မှာကြားတော်မူခဲ့သည့်အတိုင်း သေခြင်းတရားနှင့် ပတ်သက်သော စာတိုပေစများ အခါခါ တင်ပြ၍ အားမရသည့် အားလျော်စွာ ဆက်လက် ဖတ်ရှုပွားများတော်မူကြရန် ထပ်မံတင်ပြလိုက်ပါကြောင်း။

## အနိစ္စ မမြဲပေ

ရူပံဘိက္ခဝေ အနိစ္စံ၊ ယောပိဟေတု ယောပိပစ္စယော၊
ရူပဿ ဥပ္ပါဒါယ သောပိ အနိစ္စော။

အနိစ္စသမ္ဘူတံ ရူပံ ဘိက္ခဝေ ကုတော နိစ္စံ ဘဝိဿတိ၊
နဘဝိဿတိ ဧဝ။

ဘိက္ခဝေ—ချစ်သားတို့။ ရူပံ—ရုပ်တရားသည်။ အနိစ္စံ—မမြဲ။ ရူပဿ-ရုပ်တရား၏။ ဥပ္ပါဒါယ-ဖြစ်ကြောင်း တရားဖြစ်သော။ ယောပိ ဟေတု—အကြင် အတိတ်အကြောင်း တရားတည်းဟူသော အဝိဇ္ဇာတဏှာကံတရားတို့သည်လည်းကောင်း။ ယောပိ ပစ္စယော—အကြင် ပစ္စုပ္ပန် အကြောင်းတရားတည်းဟူသော

အဟာရသည် လည်းကောင်း။ အတ္ထိ–ရှိ၏။ သော ပိ–ထို အကြောင်းတရားများသည်ပင်လျှင်။ အနိစ္စော–မမြဲသော တရားတည်း။

အနိစ္စ သမ္ဘူတံ–မမြဲခြင်း အကြောင်းရင်းဖြင့် ဖြစ်ရှိလာသော။ ရူပံ–ရုပ်တရားသည်။ ဘိက္ခဝေ–ချင်သားတို့။ ကုတော–အဘယ်မှာ။ နိစ္စံ–မြဲခြင်းသည်။ ဘဝိဿတိ–ဖြစ်အံ့နည်း။ န ဘဝိဿတိ ဝေ=မဖြစ်သည်သာလျှင်တည်း။

(သံယုတ်ပါဠိတော်)

## သေမင်းရန် တွန်းလှန်မရနိုင်

မစ္စုနာဗ္ဘာဟတော လောကော၊
ဇရာယ ပရိဝါရိတော၊
တဏှာ သလ္လေန ဩတိဏ္ဏော၊
ဣစ္ဆာ ဓူပါယိတော သဒါ။
အာဂစ္ဆန္တိဂ္ဂိဇ္ဈန္တာဝ၊
မစ္စုဗျာဓိဇရာတယော၊
မစ္စုဂ္ဂန္တိဗလံနတ္ထိ၊
ဇဝေါ နတ္ထိ ပလာယိတုံ။ ။

လောကော—သုံးဆယ့်တဘုံ ကျုံးခြုံလွှမ်းပ ဤလောကကြီးသည်၊ မစ္ဆုနော—အင်အားကြီးခြင်း ရှင်သေမင်းက။ အဗ္ဘာဟာတော—တအားကြိတ်၍ ဖိနှိပ်ကာသော လွှမ်းမိုးနှိပ်စက်နေပါပေ၏၊ ဇရာယ—တမြေ့မြေ့ ချွတ်ယွင်း အိုမင်းခြင်းဆိုတဲ့ ဇရာတရားဖြင့်။ ပရိဝါရိတော—ဝန်းကျင် လှည့်ပတ် ဝိုင်းရံသွားအပ်ပေ၏။ တဏှာ သလ္လေန—ပြောင့်တသင်းအလား တဏှာတည်းဟူသော စင်းလုံးမြားဖြင့်၊ သြဘိဏ္ဏော—နက်ရှိုင်းကာပင် စူးဝင်၍နေပါပေ၏။ သဒါ—ချိန်ခါမလပ် တဖျပ်ဖျပ်သာလျှင်။ ဣစ္ဆာဓူပါယိတော—ရလေ လိုလေ အိုတစ္ဆေဟု လွန်လေကဲသော မဟိစ္ဆာမိုးဖြင့် မီးခိုးလုံးကြီး ပမာနည်းသို့ ထန်သည်းကဲမောက် မှိုင်းထိရောက်၍ နေသည်သာတည်း။ မစ္စုဗျာဓိဇရာတယော—အို၊ နာ၊ သေမှု ဤသုံးခုသော တရားတို့သည်၊ အဂ္ဂိက္ခန္ဓာဝ—နွေခါခေါင်ခေါင် တောက်လောင်ထိန်ညီး တောလောင်မီးကဲ့သို့။ အာဂစ္ဆန္တိ—လေပြင်းအဟုတ် သေမင်းယုတ်သည် ခုန်ပေါက်လျှင်မြန်စွာ ရောက်လာကြကုန်၏။ ပစ္စုဂ္ဂန္တုံ—ဆီးကြိုရှေ့ရှားဟန့်တားခြင်းငှာ။ သတ္တာနံ—ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါကမှမကျန်ခပ်သိမ်းဉဿုံ အလုံးစုံသောသတ္တဝါတို့အား။ ဗလံ—စွမ်းအားသည်။ နတ္ထိ—တစိုးတစိ တိတိကလေးမျှမရှိပါပေ။ ပလာယိတုံ—လွှတ်အောင် ရှောင်ရှားပြေးသွားခြင်းငှာ။ ဇဝေါ—အရှိန်အဟုန်သည်။ နတ္ထိ—တစိုးတစိ ဘယ်သတ္တဝါမှ မရှိရိုးအမှန် ဖြစ်ပါပေသတည်း။

(သီရိမင်္ဂလာထေရုပ္ပဒါန်)

## သေကွဲ ရှင်ကွဲ ထိုနှစ်ကွဲ မလွဲကြုံရမည်

ဟာယောဂါ ဝိပ္ပယော ဂန္တွာ၊
ဟာနိစ္စံ သဗ္ဗသင်္ခတံ။ ။

ဘောဂန္တွာ–စည်းစေးရောက်လာ များစွာသောင်းသောင်း နှတ်လှူအပေါင်းတို့။ ယောဂါ-ဆက်ဆံပေါင်းသင်းအချင်းချင်း တို့ မှီတင်းနေကြ သဘာဝသည်။ ဝိပ္ပယောဂန္တွာ–သေကွဲ ရှင်ကွဲ နှစ်ကွဲနှစ်ဖုံ ခွဲရခြင်းသာလျှင် အဆုံးရှိကုန်သည်တကား။ ဟာ-ရင်တဒိတ်ဒိတ် တထိတ်ထိတ်ခုန် နှလုံးတုန်စရာ ကောင်းလှပေသည်တကား။ သဗ္ဗသင်္ခတံ-ပြုပြင်သမျှ ဖြစ်လာရသည့် သင်္ခါရ တရားမှန်သမျှသည်။ ဟာအနိစ္စံ–ရင်တထိတ်ထိတ်တဒိတ်ဒိတ်ခုန်နှလုံးတုန်စရာ ကောင်းလှပါပေသည်တကား။ ။

(မဟာပဇာပတိဂေါတမီ ထေရုပ္ပါဒါန်)

## သရမည်မှာ သေအချာ တေးထပ်

ငါးခန္ဓာ ရုပ်နာမ် စလျှင်လ၊
သုသာန်ဝ မြေမှာ၊
မြုပ်နှံကြလေရှာသည်၊
ပြေမရဏာနယ်တွင်း။ ။

အနိစ္စမို့ စိတ်မချရလေသည်၊
ဘိဇ္ဇနဓမ္မေ မုချပျက်ယွင်း။ ။

အစိုးမရတဲ့ အနတ္တာသည်၊
သတ္တဝါ ခပင်း။
မြတ်ဘဂဝါ ထွင်ရှသနင်းသော်မှ၊
မလွတ်ကင်း လေပါ။ ။

တဦးနှင့်တဦး ကြင်နာကြသော်လဲ၊
သင်္ခါရက ခွဲမည်မှန်စွာ။ ။
ကွေကွင်းကြလို့ သေမင်းရွာတွင်၊
မြေတွင်းမှာ အိပ်ရှာရမှာမို့၊
ထိတ်စရာပ လူတို့ဘုံ၊
ကွဲကြဖို့ဆုံ။ ။

သူငါပဲလို့ ခေါ်ကြရုံငယ်၊
ပျော်စရာ့ဘုံ ဟုတ်ဘူးကွယ့် လေး။ ။

(ခမ္မကထိက ဦးစောအောင်)

## မသေသည့်နည်းလမ်း မရှိ

မသေနိုင်သည့် နည်းလမ်း ဥပါယ်ဟူ၍ မရှိ။ မွေးဖွားပေါ်ပေါက်လာသူမှန်သမျှ မုချသေရမည်သာ ဖြစ်၏။ သေခြင်းသည် သတ္တဝါတို့၏ သဘာဝတရားသာလျှင် ဖြစ်၏။ ။

## သေခြင်းလျှင် လဲလျောင်းရာ

ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ မိုက်သည်ဖြစ်စေ၊လိမ္မာသည်ဖြစ်စေ၊ အားလုံး သေမင်း၏ လွှမ်းမိုးခြင်းကို ခံရ၏။ ဤခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းလျှင် လဲလျောင်းရာ ရှိကြကုန်၏။

အနှစ်တရာ၊ သို့မဟုတ် အနှစ်တရာထက်လွန်၍ အသက်ရှည်သူ ရှိချင်ရှိလိမ့်မည်။ သို့ရာတွင် တနေ့ကျလျှင် သူသည် ချစ်ခင် ကြင်နာသူများ၏ ကြားထဲမှ ခွဲခွာ သွားရမည်သာ ဖြစ်ပေတော့သတည်း။

(သုတ္တနိပါတ၊ သလ္လသုတ္တ)

## သေသူ၏ မှီခိုရာ

အိုခြင်း၊ နာခြင်း၊ သေခြင်းသည်၊ သတ္တလောကကို အဆင့်ဆင့် ပို့ဆောင်အပ်သောကြောင့် ဤ မျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ဝိညာဉ်ရှင်နေစဉ် ကုသိုလ်ကောင်းမှုပြုခြင်းသည်လည်းကောင်း၊ တမလွန် ဘဝသို့ ပြောင်းသွားသူ၏ မှီခိုရာ ဖြစ်၏။

(အင်္ဂုတ္တိုရ်၊ ဗြာဟ္မဏဝဂ်၊ ပထမဒွေဗြာဟ္မဏသုတ်)

## အရိပ်ပမာ လိုက်သည်သာ

သေမင်း နှိပ်စက်၍ လူ့ဘဝကိုစွန့်သွားရသော သူ့အတွက် သူ့ကိုယ်ပိုင် ဥစ္စာကား မသေခင်က သူပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုပင်တည်း။

ထိုကောင်းမှု၊ မကောင်းမှုကို ယူဆောင်၍ သွားရ၏။ သူပြုခဲ့သည့် ကောင်းမှု၊ မကောင်းမှုသည် သူသွားရာသို့ အရိပ်ပမာ လိုက်ပါသွားလေ၏။

(ကောသလ သံယုတ်)

## တမလွန်ဘဝ ပြောင်းသွားသောအခါ

ဤမျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ရှင်နေစဉ် ကောင်းမှုကိုပြုခြင်းသည်လည်းကောင်း တမလွန်ဘဝသို့ ပြောင်းသွားသောအခါ ချမ်းသာရန်ဖြစ်၏။

အင်္ဂုတ္တရနိကာယ၊ ဗြာဟ္မဏဝဂ်၊ ဒွေဗြာဟ္မဏသုတ်)

## အသေတတ်နည်း နိဿရည်း (၇)

ယော ဟိ မရဏ မုခံ အပတွာ ကာတုံ
သမတ္ထကာလေ ယောဝ ကုသလံ ကရောတိ၊
သော ပဏ္ဍိတောနာမ၊ တာဒိသော ဘဝ
မာ အန္ဓဗာလော။ ။

ဟိ—အသေတတ်နည်း နိဿရည်းကိုဆိုအံ့။ ယော—အကြင်သူသည်။ မရဏမုခံ— သေမင်း၏ ခံတွင်းဝသို့။ အပတွာ—မရောက်မီ။ ကာတုံ—ပြုခြင်းမှာ။ သမတ္ထကာလေယောဝ— စွမ်းနိုင်သောကာလ၌သာလျှင်။ ကုသလံ— ကုသိုလ်ကို။ ကရောတိ—ပြု၏။ သော သော—ဤသူသည်။ ပဏ္ဍိတောနာမ— ပညာရှိမည်၏။ တာဒိသော—ထိုသို့ သဘောရှိသည်။ ဘဝ—ဖြစ်လော့။ အန္ဓဗာလော—အသွန်မိုက်သည်။ မာဘဝ—မဖြစ်လင့်။ ။

(ဓမ္မပဒ အဋ္ဌကထာ)

ဤကဲ့သို့ ဓမ္မပဒကသာ ဆုံးမ ဩဝါဒ ပေး ထား သည် မဟုတ်၊ အခြားပညာရှင် အသီးသီး တို့ကလည်း သူ့နည်း သူ့ဟန်နှင့် အကြံဉာဏ်များ ပေးထားသည်ကို တင်ပြလိုက် ပါဦးအံ့။

## သွားလမ်းစဉ် ဆိုတာ သိပါလေ

(၁) ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာ အုပ်စိုးသည်။
(၂) တဏှာစေရာ၊ မနေသာ၊ ဖွေရှာ ဆက်ရသည်။
(၃) ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာ သွားရမည်။
(၄) တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေး ဘယ် သား မကယ်ပြီ။
(၅) ငါနှင့်ရှယ်တူ၊ ငါ့အဘက်လူ၊ ကြီး သူ သေ ကြ များလှပြီ။
(၆) ခဏမနဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဘက် နီးနေပြီ။
(၇) ဇရာမီးတောင်၊ ကိုယ်လည်းလောင်၊ သေအောင် မြိုက်တော့သည်။
(၈) မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင် ပြင်သင့်ပြီ။
(၉) ဒါန သီလာ ဘာဝနာ၊ လမ်းသာ ထွက်လိမ့်မည်။
(၁၀) မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ ခရီး ထွက်တော့မည်။

(အရှင်ဇနကာဘိဝံသ)

## သံသရာရိက္ခာ စုဆောင်းကြပါ

အို—မနုဿလူသား အပေါင်းတို့—

လူ့ဘုံလာ၍ လူဖြစ်ခွင့် ကြုံကြိုက်ရအခိုက်မှာ ကောင်းကျိုးတခုခုအတွက် အမြတ်ရအောင် ယူတတ်ဖို့သာ အရေးကြီးပါသည်။ အရှုံးဖြင့် ဘဝကို မဆုံး စေသင့်ပါ။

သေရမည့် နေ့ရက်ကို ထမင်းစားပြီး စောင့်နေရခိုက် ဖြစ်သော အချိန် တိုတိုကလေးတွင် ဘာမျှအရေးမကြီးသော စားရေး သောက်ရေး သံယောဇဉ်အရေး စသည့် အသေးအဖွဲ့ကလေးကြောင့် စိတ်သောက ဗျာပါရကြီးနေရန် မဟုတ်ပါ။

မြတ်သော လူ့ဘဝသို့ တခါတခေါက် လာရောက်ခွင့်ရခြင်းအတွက် သံသရာရိက္ခာတော့ကို ရနိုင်သမျှ များများကြီး စုဆောင်းသွားကြပါရန်သာ ကြိုးစားကြပါလော့။

(အသျှင်ဥတ္တမသာရ)

## နာဘေး သေဘေး ကင်းဝေးလိုလျှင်

အိုဘေးဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုး ဒုက္ခအပေါင်း ခံစားမှုများ မဖြစ်ပေါ်လိုလျှင် ဇာတိ မဖြစ် ပေါ်အောင် ပြုလုပ်ကြရမည်။

သို့ပါ၍ ဘဝသစ် မဖြစ်ပေါ်ရန် ဆေးနည်းကား မဂ္ဂင် (၈)ပါး ပေတည်း။ ထိုမဂ္ဂင်(၈)ပါးသာလျှင် အကျိုး နှင့် အကြောင်းကိုပါ ဖျက်ဆီးနိုင်သည်။

အကျိုးနှင့်အကြောင်း ချုပ်ငြိမ်းမှ သာလျှင် "နိဗ္ဗာန်" ဝင်နိုင်မည်။ မဂ္ဂင်(၈)ပါး အကျင့်များသည် မဂ်၊ဖိုလ်၊နိဗ္ဗာန် ရစေသည်။

(ဗုဒ္ဓ သာသနာ့ အလင်း အတွဲ (၇)

## သေခါနီး အရေးကြီးသည်

သေခါနီး၌ ဝိပဿနာဉာဏ်ကို ရတ်တရက် ရှောင်တခင် သတိရစေ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပွားများနိုင်ပါက သိန်းထီ ပထမဆုကြီးကို အကြိမ်တရာ ပေါက်သည်ထက် ကောင်းလှပေတော့၏။

ထို့ကြောင့် သေခါနီးတွင် သမာဓိ ရရှိရေးအတွက် သေမည့် ဆဲဆဲတွင် အခြား စိတ်များ ဝင်မလာနိုင်ရန် (ဝါ) မကောင်းသော အာသန္နကံ ဝင်ရောက် မလာရန် ယခုမှစ၍ ဝိပဿနာ ဉာဏ်စခန်းကို အာသေဝန ပစ္စည်း ရထားအောင် အထူးကြိုးစားထားရမည်။ သို့မှသာလျှင် ကိန်းအောင်းကာ သေရလိမ့်မည်။

ဤသို့ ကုသိုလ်စိတ်ဖြင့် သေသူတို့သာလျှင် တမဂ်၊ တဖိုလ် မရသေးသော်လည်း အပါယ်လေးပါး တံခါး ပိတ်နိုင်လေသည်။ သာမန် လူတို့မှာကား သေခါနီး၌ သားစိတ်၊ မယားစိတ်၊ လင်စိတ်၊ ဥစ္စာပစ္စည်းစိတ် စသည့် အကုသိုလ်စိတ်

တို့နှင့် သေသည်သာ များကြ၏။ ယင်းသို့ အကုသိုလ် ဇော နှင့် သေလျှင် အပါယ်လေးပါးသို့သာ လားရာဂတိ ရှိ၏။

ဤသေခါနီး စိတ်ထားကို အများအားဖြင့် သတိမပြုကြ။ ထို့ကြောင့် အရေးကြီးလှသည့် သေခါနီးစိတ်ထားကို လေးနက်စွာ သတိ ပြုကြပါကုန်။

(ဝိပဿနာ အခြေခံနှင့် အဖြေမှန်--၂၇၃)

·မသေခင်အရေး သတိပေးဂါထာများ

(၁) နေဝင်ခါနီး ခရီးသည်တွေ၊
ဘယ်ဆီဌာန သွားကြမလေ၊
အချိန်ရှိခိုက် သွားလိုက်ပါလေ၊
နေဝင်က ဒုက္ခ ပင်လယ်ဝေ။

(၂) သေမှာမုချ ဖြစ်ကြလေပြီ၊
မသေခင်လေး သင်တွေးချိန်မီ၊
သေမည့်ဆဲဆဲ မလွဲကိုယ်စီ၊
မြတ်တရား သင်ပွား ချိန်တန်ပြီ။

(၃) ကုသိုလ်ပြုလုပ် အုပ်ချုပ် ဉာဏ်နော်၊
ပေါ့ပေါ့ဆဆ ပြုကြ မတော်၊
လည်ရှုမဆုံး ကြည့်အုံး ဉာဏ်မျှော်၊
ပေါ့ဆရေး မတွေး အပြစ်ပေါ်။

(၄) ကုသိုလ်ပြုက ပေါ့ဆတာဟာ၊
ဟိုသံသာက လက်စ ပါလာ၊
အဲသည်လက်စ ဖြတ်မှ တော်မှာ၊
ဉာဏ်အုပ်ချုပ် ပြုလုပ်ကြစမ်းပါ။

(၅) သာသနာလဲ ကြုံခဲ ပြန်တယ်၊
ကြုံပြန်သော်လဲ သိခဲ ပြန်တယ်၊
သိပြန်သော်ကား ကျင့်သွားဖို့ရယ်၊
မလွယ်ဘူး အထူး ကြိုးစားကွယ်။

(၆) ယီးတီး ယားတား သေသွားယင်လေ၊
အထုပ် ငယ်သေး ပူဆွေး ထွေထွေ၊
သွားရာစခန်း ငင်ပန်းမည်လေ၊
ယခုက ပြုကြ ကုသိုလ်တွေ။ ။

(ဦးကဝိသာရ)

## သေပြီး သေသော်

လူသေပြီးလျှင် လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်သူကား လက်သည်းပေါ် တင်သည့် မြေမှုန့်ကဲ့သို့ အလွန်နည်း၏။ အပါယ် လေးဘုံ၌ ဖြစ်သူတို့ကား မြေကြီးပေါ်က မြေမှုန့်ကဲ့သို့ အလွန်များပေ၏။

(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ဩပမ္မဝဂ်၊ နာခသီခသုတ်)

## မုချ ချမ်းသာ

ဆင်းရဲဒုက္ခ၊ ပယ်နိုင်က၊ မုချ ချမ်းသာ၏။
ရရသမျှ၊ ရောင့်ရဲက၊ မုချ ချမ်းသာ၏။
အမှုကိစ္စ၊ မဖြစ်က၊ မုချ ချမ်းသာ၏။
သေခါနီးက၊ မြတ်ပုည၊ မုချ ချမ်းသာ၏။

(ဓမ္မပဒ ၃၃၁)

## သေသည်၏ အခြားမဲ့၌

အကြင်သူသည် ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်သော အားဖြင့် သုစရိုက်မှုကိုလည်း ပြု၏။ ထမင်း၊ အဖျော် အစရှိသော ဒါနဝတ္ထုများကိုလည်း ပေးကမ်းလှူဒါန်း၏။ ထိုသူသည် သေသည်၏ အခြားမဲ့၌ နှစ်ပါးသော ကုသိုလ်ကံများကြောင့် လူဘဝ၊ နတ်ဘဝတို့၌ ဖြစ်ရ၍ စားဖွယ် သောက်ဖွယ်နှင့်တကွ ကာမဂုဏ် ချမ်းသာများကိုလည်း ပြည့်စုံလေသည်။

(အင်္ဂုတ္တိုရ်၊ ဒသကနိပါတ်၊ စတုတ္ထပဏ္ဏာသက ယမကဝဂ်)

# အခန်း ၅

## မသေခင် ကြိုတင် ပြုစရာများ

ဤအခန်းတွင် မသေခင်ပြုကြရမည့် အချက်အလက်များကို ပညာရှင် အသီးသီးတို့ ကြီးမားသော စေတနာနှင့် ဝေဝေဖြာဖြာ၊ သေသေချာချာ၊ ကျကျနန နည်းပေးလမ်းပြ ရေးသားထားကြသော စာပေ အရပ်ရပ်နှင့် ကျမ်းဂန်လာ သင့်လျော်စွာ စာပေများ ဖော်ပြသွားပါမည်။ အကြိမ်ကြိမ် အခါခါ ဖတ်ရှုကာ မှတ်သား နာယူ၊ လိုက်စား ကျင့်ကြံ၊ လုပ်ကိုင်သွားနိုင်ကြပါစေသတည်း။

## ဦးအောင်ငါက ပြုပါမှ

ငါမသေခင်၊ တရှင်ရှင်နှင့်၊ အလျင်တင်ကူး၊ ကုသိုလ်ထူးကို၊ ဦးအောင်ပြုမှ၊ နေရာကျလိမ့်၊ ဘဝနေဝင်ခါ၊ သံသရာဝယ်၊ ဝိုင်းကာစောင်မ၊ ပြုစုကြ၍၊ သုခချမ်းသာ၊ လမ်းမကွာသည်၊ နန်းအမတာပ၊ မှန်းတာရလို့၊ စန်းပမာသွေး၊ ပူမာဆွေးပဲ၊ အေးမြကြည်နူး၊ အတည်မြူးသည်၊ ဦးအောင် ငါက ပြုပါမှ။
မသေရချေ၊ နေရပေလည်း၊ သုံးထွေ ရတနာ၊ လွတ်ကင်းကွာ၍၊ ဒါန အလျှင်း၊ သီလ ကင်းလျက်၊ လစ်ဟင်း ဘာဝနာ၊ မရှိပါမူ၊ သေရွာသူနှင့် တူသတည်း။

(ဒ:ယင်အောင်)

## ကိုယ့်နောက်ပါအောင်

ဤလူ့ရွာတွင်၊ လာခဲ့စဉ်က၊ ကိုယ်တွင်ဘာမျှ၊ မပါကြ။
ဤလူ့ခန္ဓာ၊ စွန့်ပစ်ခွာသော်၊ ဗလာကိုယ်ထည်း၊ ဘာပစ္စည်းမျှ၊ ယူလည်း မရ၊ စွန့် သွားရလိမ့်။
လူသည်သေမျိုး၊ ပန်းကြွေမျိုးတည်း၊ မျိုးရိုးစဉ်လာ၊ များသူငါလျှင်၊ ရှောင်ခွာ၍မရ၊ အချိန်ကျသော်၊ သူကခေါ်လာ၊ လိုက်ရမှာတည်း။

သူကခေါ်လာ၊ မလိုက်ပါခင်၊ ယခုပင်ကဲ၊ နေ့စဉ် ဖိစီး၊ လောဘမီးနှင့်၊ ထန်သီး ဒေါသ၊ မိုက်မောဟကို၊ အတ္တမှခွာ၊ ဖြိုဖျက်ရာ၏။

လူ့ရွာ ခေတ္တ၊ ရောက်လာကြခိုက်၊ လုံ့လ စိုက်၍၊ နှစ်ခြိုက် စရာ၊ ဒါနသီလဘာကို၊ ကိုယ်မှာ ဆင်မြန်း၊ ပန်ဆင်ဇမ်းလော့။

မနေရ၍၊ သေကြသောခါ၊ ကိုယ့်နောက်မှာကား၊ ကိုယ်သာ ကောင်းမှု၊ ကိုယ်တိုင်ပြုသည့်၊ ကောင်းမှုသည်သာ၊ ကိုယ့်နောက် ပါမည်၊ ကိုယ်သာ ပဓာန၊ ပြုပါကြ။

(စစ်ကိုင်း၊ အရှင်ဥက္ကဋ္ဌာစာရ)

ဤ အရှင်က အထက်ပါ လင်္ကာများဖြင့် ပန်း ပွင့် သည် တနေ့ကျ ကြွေရမည့်ဓမ္မတာအတိုင်း လူသားသည်လည်း တနေ့ သောအခါ သေရမည်မှာ ရှောင်ကာ မလွတ်ရကား မသေမီ ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ် ကောင်းမှုများ ပြု ထားကြပါမှ သေသွားသည့်အခါ မိမိ ပြု လုပ် ထား သည့် ကုသိုလ်၊ အကုသိုလ်များသာ အရိပ်ပမာ မိမိနောက်သို့ ပါမည် မှာမို့ သတိပြုကာ အားထုတ်ကြပါ ဟု အမှာစကား တိုက် တွန်း ရေးသားထားခြင်း ဖြစ်ရာ လွန်စွာမှ လိုက်နာသင့်ပါ ပေ၏။

ဝိပဿနာ ကြိုးစားပါလော့

မရဏာခေါ် ရှင်သေမင်း၊
ကွေကွင်း၍ မရပါ၊
နေ့ခင်းက အသက်ပါ၊
ညအခါ ပျောက်၏။ ။
အခဇ္ဇဝ သုဝေဝါ၊
ရှုတွေးကာ ထားကြသတိ။ ။
ငှက်များလည်း ပျံယင်းသော၊
ခြေခြင်းလေ မရှိ။
ကြံယင်းလေ သေ၏လို့၊
မသွေဘိ မှတ်ပါ။ ။
လိုဏ်ဂူတွင် ပုန်းအောင်းလည်း၊
လွတ်ကြောင်းဖြင့် မရှိလေရာ။ ။
ကောင်းကင်လည်း မလွတ်သာ၊
သမုဒ္ဒရာတွင် ငုပ်လျှိုးလည်း၊
လွတ်ရိုးတော့ မသေချာ၊
မုချ သေမှာ။ ။
ဒုက္ခနှင့် မသေပါအောင်၊
ဝိပဿနာ ကြိုးစားကြွယ့်လေး။ ။

(ချောင်းဦး သိန်းခမောင်)

၁၃၃၇-ခု၊ နတ္တော်လဆုတ်(၆)ရက်။

## အရွယ်မရွေး အားထုတ်ပေး

အရွယ်သုံးပါးတွင် တတိယ အရွယ်ကျမှ တရားဘာဝနာများ ပွားမယ်လို့ မှတ်စု မထားအပ်ပါ။ သေမင်း ဆိုသည်က ဘက်လိုက်သည် မရှိ။ ကြီးသည် ငယ်သည် မဟူ၊ လှသည် အရုပ်ဆိုးသည် မရွေး၊ ချမ်းသာ ဆင်းရဲ မလိုက်၊ အလိမ္မာ အမိုက်ရယ် မခွဲခြား။ သူခေါ်ချင်သည့် အချိန်မှာ ခေါ်လေတော့။ 'သီးမှည့်ဘဝင်းဝင်း၊ အကင်းတဖုတ်ဖုတ်' ဆိုတာလို ငယ်ငယ်ရွယ်ရွယ် သန်တုန်း မြန်တုန်း၊ လှတုန်း ပတုန်း မှာလဲ သေနိုင်လေတော့ အရွယ် မရွေးပဲ တရားရှာအပ်၊ ကျင့်အပ်ရှုအပ်ပါ၏။

(မမကြည်)

## ကောင်းမှုကံ ကြိုးစားအားထုတ်ကြ

အကြီးအငယ် အရွယ်အစား၊ သေဆုံးသွားသူများက ရေခဲတိုက်မှနေ၍ သင်တို့လဲ ငါတို့ကဲ့သို့ သေကြရဦးမည်။ မသေခင် အခါက ဒါန၊သီလ၊ဘာဝနာ သေရိက္ခာကို ကောင်းစွာစုဆောင်းထားကြပါ။ မသေခင်က ရှာမှီးစုဆောင်းထားသမျှ အိုးအိမ် စည်းစိမ် ဥစ္စာတို့မှာ ဘာတခုမှ သေရာသို့ မပါနိုင်။ အိမ်မှာသာ ကျန်ရစ်ခဲ့သည်။ ကိုယ်နှင့် အတူ ယူသွားနိုင်သည်မှာ ကောင်းမှုကံ၊ မကောင်းမှုကံ၊ ကံနှစ်မျိုးသာ ဖြစ်ပါသည်။ ကံတရားသည်သာ အရိပ်ပမာ နောက်ကလိုက်ပါနိုင်ပေသည်။

သို့ကြောင့် အားကိုးရာ အစစ်ဖြစ်သော ကောင်းမှုကံကို ကြိုးစားအားထုတ်ကြပါဟု တရားပြ မှာထားသကဲ့သို့ ရှိပေသည်။

(ဗုဒ္ဓ–ဓမ္မ–လောက)

## မသေမီ အမြတ်ထုတ်

ဆန့်သောလက်လေး၊ မကွေးသေးမီ၊ ဤကိုယ်ကာယ၊ သခ်ါရမို့၊ ပြောင်းကြွ ခန္ဓာ၊ ပျက်တတ်စွာဟု။
ကွေးသောလက်လေး၊ မဆန့်သေးမီ၊ ဤကိုယ်ကာယ၊ သခ်ါရမို့၊ ပြောင်းကြွ ခန္ဓာ၊ ပျက်တတ်စွာဟု။
တထာဂတ၊ ဓမ္မ စကား၊ နှလုံးထားလျက်၊ တရားဘာဝေ၊ ကြံတွေးတောပြီး၊ ဆန့်သောလက်လေး၊ မကွေးသေးမီ၊ ကွေးသောလက်လေး၊ မဆန့်သေးမီ၊ မသေမီလျှင်၊ ဤတဒင်္ဂ၊ ကုသိုလ်ရအောင်၊ ဘဝဆက်ဆက်၊ အမြတ် ထွက် အောင်၊ တို့ရှက်ဆောင်စို့–ကြိုးပမ်းစို့။

(လောင်းရှည်–စိုးညွန့်)

## အို-နာ-သေ မရောက်ခင်

အို-နာ-သေပျောက် မရောက်မီခါ၊
ကုသိုလ်ရွှေအိုး ထုပ်ပိုးသူမှာ၊
သံသရာလမ်း ငြိမ်းချမ်းသာယာ၊
ဘေးမခ အေးမြ နိဗ္ဗူတာ။

## အားကိုးရာမျှား ချိန်မိရှာထား

သေရာညှောင်စောင်း သင်လျှောင်းချိန်ခါ၊
အားကိုးရာမျှား ရှာထားခုခါ၊
အားကိုးရာမဲ့ နေခဲ့ပြန်ရာ၊
သေခါနီး၊ ခက်ကြီး ကြုံမည်သာ။

(ဦးကေသရ)

## အသေ ကောင်းရေး

ကိစ္စ မများ စကားနည်းစေ၊
အိပ်နေမှု နည်း ကိုယ်ထည်းပေါ့လေ၊
ရောဂါ မပြု ချွမ္မူရှောင်လေ၊
အသေကောင်း အကြောင်း ဂုဏ်ခြောက်ထွေ။

(မဟာစည်ဆရာတော်ကြီး)

## မသေရမိ ပါရမိဖြည့်လေ

၁။ ကိုယ့်ထက်ကြီးသူ၊ ကိုယ့်အောက်လူ၊
ရှယ်တူသေတာ များလှပြီ။
၂။ ခဏမစဲ၊ အိုရမြဲ၊
ကိုယ်လဲသေဘက် နီးခဲ့ပြီ။
၃။ မသေရမီ၊ ပါရမီ၊
ငါသည် ဖြည့်မှ သင့်တော့မည်။

(သဲကုန်း ဆရာတော်)

## မြတ်ဓမ္မကို နေ့ညမပြတ် ရှုကာမှတ်

မှတ်ကြပါလေ၊ မှာလိုက်ပေအံ့၊ လွန်လေရှေးခါ၊ သံသရာက၊ မေတ္တာမပျက်၊ ချရေစက်ကြောင့်၊ တူဖက်ယှဉ်တွဲ၊ လောကထဲ၌၊ ပျော်ပွဲဆင်ယင်၊ ပြုံးရွှင်ရွှင်နှင့်၊ ခင်မင်စိတ်ထား၊ ဆက်ဆံပြောလဲ၊ နောင်ကားမကြာ၊ ခွဲရပါ၏၊ သဘာဝတုံ၊ စဉ်းစားခြုံ၍၊ အာရုံထင်ထင်၊ ရှုဆင်ခြင်သော်၊ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းဖို့ရာ၊ ဓမ္မတာတည်း။ ဘယ်မှာအမြဲ၊ ရှိနိုင်ပဲမို့၊ ရုပ်စဲ နာမ်ဆို၊ ခန္ဓာကိုယ်လည်း၊ ပျိုရာမှအို၊ အိုရာမှနာ၊ နာရာမှသေ၊ အိုလေ၊ နာလေ၊ သေသာသေ၍၊ အခြေတကျ၊ ဘယ်ဘဝမှ၊ မရှိကြဘူး၊ ဝါနတဏှာ၊ ကင်းလွတ်ရာမှန်၊ ပြည်နိဗ္ဗာန်မှ၊ ကောန်အေးမည်၊ သို့ဖြစ်သည်ကြောင့်၊ အတည်တကျ၊ မြတ် ဒါနနှင့်၊ သီလဘာဝနာ၊ အပ္ပမာဒ၊ မြတ်ဓမ္မကို၊ နေ့ညမပြတ်၊ ရှုခါမှတ်လျက်၊ ဝဋ်ဇာတ်ဘုံဗွက်၊ ခုန်ကာထွက်၍၊ အထက် မဂ်နန်း၊ အရောက်မြန်းဖို့၊ တိုက်တွန်း နှိုးဆော်၊ ဟောမြွက်ဖော်သည်၊ မှတ်နော်ကြပ်ကြပ် အမြဲတည်း။

(ရှင်ဥတ္တမကျော်)

## လက္ခဏာသုံး ရှုအုံးပါလေ

၁။ အိုသူ မြင်ကြား၊ တရား သိစေ၊
ငါသည်လဲပဲ၊ မလွဲ မသွေ၊
တနေ့ချိန်ကျ၊ အိုရမည်လေ၊
ဤတရား၊ ရှုပွားသင့်လှပေ။

၂။ နာသူတွေ့ကြား၊ တရား သိစေ၊
ငါသည်လဲပဲ၊ မလွဲမသွေ၊
တနေ့ချိန်ကျ၊ နာရမည်လေ၊
ဤတရား၊ ရှုပွားသင့်လှပေ။

၃။ သေသူတွေ့ကြား၊ တရား သိစေ၊
ငါသည်လဲပဲ၊ မလွဲမသွေ၊
တနေ့ချိန်ကျ၊ သေရမည်လေ၊
ဤတရား၊ ရှုပွားသင့်လှပေ။

၄။ အို-နာ-သေမှု၊ သုံးခု သုံးထွေ၊
မမေ့ မလျော့၊ မပေါ့သင့်ပေ၊
လက္ခဏာသုံး၊ ရှုအုံးပါလေ၊
ဤသုံးပါး၊ ဘုရား မိန့်သံချေ။

(အရှင်ဇနက၊ ကွမ်းခြံကုန်း)

## ယနေ့ပင်လျှင် အားထုတ်စေချင်

မိုးပျံ့ မြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုး နေခို၊ မသေလို၍၊ ဤကိုယ် မုချ၊ မနေရဘူး၊ လင်နှင့်မယား၊ သားနှင့်သမီး၊ (မြီး)မြေးနှင့်ဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာ မကွေ၊ မသေရပဲ၊ အတူမြဲ၍၊ မကွဲတစိ၊ ဘယ်မှာ ရှိလိမ့်၊ လူဖြစ်ကြုံလတ်၊ လူ့ဘုံရပ်၌၊ ထူးမြတ်သည်ဆို၊ ထိုကုသိုလ်ကို၊ ဟိုလ ဟိုနေ့၊ ချိန် မရွှေ့ပဲ၊ ယနေ့ပင်သာ၊ အားထုတ်ရာ၏၊ သေချာ ဧကန်၊ နက်ဖြန် သဘက်၊ သေမည့်ရက်ကို၊ ချိန်းချက် မရှိ၊ ဘယ်သူ သိလိမ့်။

### ရင်း တေးတပ်

မိုးပျံ့ကာ မြေလျှိုးလို့၊
အမျိုးမျိုး ပုန်းခို၊
ဤကိုယ်က မသေလို၊
နေရလို ရှိပဲ။ ။
သား မယား မျိုးဆွေညာ၊
ခွဲရမှာ မုချမလွဲ။ ။
သေမကွဲ တည်မြဲတာကို၊
လောကီမှာ ရှာလဲ။
တူမကွာ အတည်တွဲလို့၊
ဘယ်မလဲ ရှိမည်။ ။

စိတ်ကူးတွင် မြဲသမျှ၊
ကွဲသပ ဆိုးတိုင်တော့သည်။ ။
ကြုံကြိုက်သည့် လူ့ဌာနီမှာ၊
ခုအခါ ချိန်မရွေ့ပြီဘူး၊
ပြကတေ့ မြတ်ကုသိုလ်၊
အားတုတ်ဖို့လို။
နက်ဖြန် သဘက် သေမည့်ရက်ကို၊
ချိန်းချက် ထိုထို ရှိဘူးကွဲ့လေး။ ။

ဦးကုဏ္ဍလ၊
ရွှေကျင်ကျောင်း၊ ကျောက်မဲမြို့။

## သာသနာ့ဘဏ်တွင် မြှုပ်နှံကြ

သတ္တဝါမှန်သမျှ သေခြင်းတရားကို ရှောင်ကွင်း၍ မရ။ သေခြင်းတရားသည်သာ ပျော်မြူးနေ၏။ လူကို အလှည့် တကျ ဖမ်းစားနိုင်ပေသည်။

ထို့ကြောင့် တိုတောင်းလှသော ကာလအတွင်း လူ့အဖြစ်ကို ကောင်းစွာ အသုံးချတတ်ဖို့ လိုပေသည်၊ လူ့အဖြစ်၌ မြတ်သော သာသနာ့ဘဏ်တွင် ကောင်းမှု ကုသိုလ်၊ လုပ်သော စာရိတ္တ အထုပ်တို့ကို စုဆောင်း ရင်း နှီး မြှုပ်နှံဖို့ လိုအပ်ပေသတည်း။

(ဦးပရမ၊ အစိုးရမမ္မာစရိယ၊ သရက်တောတိုက်)

## သိဘူးသော မြင်ဘူးသော သူ၏ သေခြင်းကို ဆင်ခြင်အောက်မေ့

ငါသည် အမြဲ သေရချေသေး၏။ ငါသည် ကေန်မုချ သေရ သတ္တံ့၊ ငါ၏ အသက်သည် ပြတ်စဲလတ္တံ့၊ ငါသည် သေခြင်း သဘောရှိ၏။ ငါသည် သေခြင်း သဘောကို မလွန်မြောက် နိုင်ချေ။ ငါကဲ့သို့ အလုံးစုံသော သတ္တဝါတို့သည်လည်း မိမိတို့ ပစ္စည်း ဥစ္စာများကို စွန့်ပစ်၍ သေကြကုန်လတ္တံ့။

ငါ၏ ခန္ဓာငါးပါး ရုပ်နမ်တရားတို့သည် အမြဲ မရှိကုန်၊ အမြဲမရှိခြင်းကြောင့် သေရကုန်လတ္တံ့။ သေခြင်း၏ အဆုံးသို့ ရောက်သောကာလ၌ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို တစ ပြင်သို့ ပစ်ချကြကုန်လတ္တံ့။

ဤ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည် အပါယ်သို့လည်း မလား၊ နတ်ရွာသို့လည်း မသွား၊ ပထဝီ မြေကြီးကိုသာ ပွား စေတတ်သည်ဟု နှလုံးသွင်း။

(သံဝေဂဘရား မှတ်စု-၂၂ က)

## ကုသလ ပြုမှုတော်မည်

မည်သည့် အရွယ်၊ သေရမယ်၊ တကယ် မသိနိုင်။
ဘယ် ရောဂါဖြင့်၊ သေမှာရှင့်၊ ထောက်ချင့် မသိနိုင်။
ဘယ်ချိန် ဘယ်ခါ၊ သေရမှာ၊ မှန်စွာ မသိနိုင်။
မည်သည့် သုသာန်၊ မြှုပ်နှံရန်၊ ဟုတ်မှန် မသိနိုင်။
မည်သည့် ဘဝ၊ လားရောက်ရ၊ ထောက်ဆ မသိနိုင်။

အကြောင်း ငါးအင်၊ ထိုအစဉ်ကို၊ ကြိုတင်ပိုင်ပိုင်၊ မသိနိုင်ကြောင့်၊ တွေ့မြင်ကာလေ၊ မရှိစေပဲ၊ မသေမီက၊ ကုသလကို၊ ပြုမှုတော်မည်၊ စိတ်က ရည်လျက်၊ ယုံကြည် မြတ်နိုး၊ ကုသိုလ်မျိုးကို၊ စိုက်ပျိုးကြရန် သင့်သတည်း။

(သံ-၁-၄-၄၉)

(အရှင် ပါမောက္ခ၊ ဝါဆိုကျောင်း၊ ငါးထပ်ကြီးတိုက်၊ ရန်ကုန်)

## သုတ်သုတ် လျင်စွာ ပြုငြားသာ

စေ့စေ့ တွေးရန်၊အကြောင်း ပြန်အံ့၊ညာဏ်နှင့် အောက်ထက်၊ စာနာ တွက်လျှင်၊ နှင့်သက် နှင့်အိမ်၊ နှင့် စည်းစိမ်ကား၊ မိုးတိမ် လျှပ်နယ်၊ ပုံသော ကြယ်နှင့်၊ ကြာနှယ် ရေစခြောက်၊ သေမီး တောက်သို့၊ပျောက်ပျက်လွယ်စွာ၊နှင့် ခန္ဓာကြောင့်၊ နှင့်ဟာ နှင့်အိမ်၊နှင့် စည်းစိမ်နှင့်၊ နှင့်စိန် နှင့်ရွှေ၊နှင့် လယ်မြေတို့၊အခြေပြန်

ကျယ်၊ နှင့်ဝယ်ကျွန္တွား၊ နှင့်စပါးနှင့်၊ နှင့်သား နှင့်သမီး၊ အထင်ကြီးလျက်၊ ပျက်စီးမည့်ရန်၊ နှင် မကြံပဲ၊ မြဲမြံခိုင်ခံ့၊ မသေအံ့သို့၊ မဆံ့ ကျီကျ၊ ပေါများ လှလည်း၊ မရ အားပါ၊ ဥစ္စာ ပွားအောင်၊များလေ လိုလေ၊နှင့် စိတ်နေကား၊သေသည် ခြားမဲ့၊ ပစ်ခဲ့ရကာ၊ ပြိတ္တာဘုံခွင်၊ နှင့်ကို ငင်လိမ့်။

ရှင်သည့် ကာလ၊ ဤဘဝလည်း၊ ဒုက္ခရန်ဘေး၊ များအောင် မွေးသို့၊ မပေးစွန့်ရက်၊ ညောင်ပင်ထက်ဝယ်၊ ငှက်မယှတူ၊မှဆွေ ဟူသည်၊ အောက်မူ ငရဲ၊ နှင့်ကို ဆွဲလိမ့်၊

စွန့်ကြဲ နိုင်မူ၊ ချမ်းသာသူကား၊ နတ်လူ နိဗ္ဗာန်၊ကေန် မလွဲ၊ နှင် ရမြဲဟု၊ဆင်းရဲ-ငြိမ်းချမ်း၊ ဤ နှစ်လမ်းကို၊ခွဲခြမ်းအဟုတ်၊ နှင့် ဉာဏ်ထုတ်၍၊ သုတ်သုတ် လျင်စွာ-ပြုမြဲသော်။

(မြဝတီ ဆရာတော်ဘုရားကြီး)

## ငြိမ်းချမ်းမှု သိအောင် ကြိုးစား

သေမင်း နှိပ်စက်ချိန် ရောက်မလာခင် ငြိမ်းချမ်းမှုကို သိအောင် ကြိုးစားလော့။ သေမင်းဟာ ဒီကမ္ဘာလောကမှာ ဘယ်လို အခြေအနေ ရှိတဲ့လူကို ဖြစ်ဖြစ် လူမှန်သမျှ၊ သတ္တဝါ မှန်သမျှကို သတ်ဖြတ် ဖျက်ဆီး ပစ်တတ်တယ်။

(ညီတော် မင်းနန်ဝတ္ထု)

## ဒမြသေမင်း သူ့တပ်နင်းက

ဆိုပိမ့် မညာ၊စေ့စေ့ နာလော့၊ဂင်္ဂါ သဲမျှ၊ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌာ၊နင် ကြုံကြိုက် လည်း၊ အမိုက် မခွေ၊ အလိုက်နေ၍၊ အခြေ မကြီး၊ အချည်း နှီးလျှင်၊ ယီးတီး ယောင်တောင်၊ ခုတိုင်အောင်တည်း၊ သန်း ခေါင် လကွယ်၊ တောအုပ် လယ်၌၊ ရှစ်နယ် ပတ်လုံး၊အပြည့် ဖုံး သည်၊ မိုးလုံး တိမ်တိုက်၊ လျှပ် မကြိုက်သား၊ အမိုက် အပြား၊ အင် လေးပါးထက်၊ နင်ကား ရာထောင်၊ မက မှောင်၏။လူ့ ဘောင် လူ့ရွာ၊သာသနာ၌၊ ကြုမ္မာတော်၍၊ ယခု တွေ့လည်း၊ အမေ့ မလွှဲ၊ အများနဲ့လျှင်၊မိုက်မြဲ နှင်နှင်၊မိုက်စ ရှင်၏။မျက်မြင် လောက၊ ဉာဏဝကား၊ ဒုက္ခ စင်းစင်း၊ ချမ်းသာ ကင်း၏။ သေမင်း အစာ၊နင့် ခန္ဓာကို၊တဏှာ ဘီလူး၊အမှောင့်ပူး၍၊အရူး ပြင်ပြင်၊ နင့်ကိုထင်၏။ နင်နှင့် မဆိုင်၊ နင်ပိုင် မဟုတ်၊ နင့် ရုပ် နင့်နာမ်၊ နင့် သန္တာန်ကို၊ နင့်ဉာဏ် မစူး၊ အပေါ် မြူး၏၊ မူးမူး မေ့မေ့၊အများလေ့ဖြင့်၊ နေ့ရက် အပုံ၊လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊နင် အားကျလည်း၊ဒမြ သေမင်း၊ သူ့တပ် နင်းက၊ မငြင်းဆန်သာ၊ နင့် ခန္ဓာသည်၊ ပြာပုံ အပြီး၊ ဖြစ်လု နီးပြီ၊ ယီးတီး ယားတား၊ သေ၍ သွားသော်၊ တရား မကြွယ်၊ အထုပ် ငယ်လျက်၊အပါယ် စခန်း၊ သွားမြဲ လမ်း၌၊တပန်း ဟိုက်

ဟိုက်၊တရှိုက် ငင်ငင်၊တငြင် ငြိုငြို၊ဆင်းရဲ ပိုလျက်၊ထိုထို ဘဝ၊ အနန္တလျင်၊ အစမဆုံး၊ အများ ထုံးတည့်၊ အနှုန်း မပျက်၊ အောက်နရက်ဝယ်၊ တသက် နွယ်နွယ်၊ အမြစ်တွယ်၍၊ အပါယ် ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက်-သွားလမ်းတည်း။

(လယ်တီ ဆရာတော်ဘုရားကြီး)

## ခုကတည်းက ရိက္ခာစု

မိဝမ်းတွင် ကျွတ်ကာဖွား၊
သတ္တဝါများ မှန်စွာ၊
ပုခက်နဲ့ ဝေးခဲ့ပါ၊
သင်္ချိုင်းသာ ခြေလှမ်း။ ။

တနေ့နေ့ သေဘေးမှာ၊
နီးကပ်လာ ရောက်လုခမန်း။ ။

ရက်၊ လ၊ နှစ် ရွေ့ရှားမြန်၊
မေ့ထားပြန် မကျွမ်း။ ။
ဒါ၊ သိ၊ ဘာ သုံးခန်းတော့၊
ဝေးလွန်းပေါ့ ကွင်းရှောင်။ ။

မိုးရွာစဉ် ရေမရ၊
မိုးလွန်မှ ထွန်ချမည့် မောင်။ ။

ခလုတ်ထိ မိကိုယောင်တယ်၊
လောကီဘောင် ရှင်ချောင်ခဲ့ယင်တော့၊
သေခါကွယ့် ကျပ်တည်းမည်၊
လားလိမ့် အောက်ပြည်။ ။

ခုထဲက ရိက္ခာတည်အောင်၊
စိုက်သင့်ပြီ မျိုးကောင်းမှု လေး။ ။

(မင်းကံသာ ရေးမြို့)

## ပုန်းအောင် မှီခိုရာ

ဤသတ္တလောက၌ အကြင်သူသည် ကိုယ် နှုတ် နှလုံးကို စောင့်စည်း၏။ ယင်းသို့စောင့်စည်းခြင်းသည် ထိုသူအတွက် သေလွန်သောအခါ ခိုကိုးရာ၊ ပုန်းအောင်း မှီခိုရာ၊ ကိုးကွယ်အားထားရာ ဖြစ်၏။

ကိုယ် နှုတ် နှလုံး စောင့်စည်းခြင်းနှင့် အသက်ရှိစဉ်အခါ ကုသိုလ်ကောင်းမှုကို ပြုခြင်းသည် သေလွန်သွားသောအခါ ထိုသူ အတွက် ချမ်းသာဖို့ရန် ဖြစ်၏။

(တိကအင်္ဂုတ္တိုရ်၊ ဒုတိယပဏ္ဏာသက၊
၁၊ ဗြဟ္မဏဝဂ်၊ ၂-ဒုတိယသုတ်)

## ကိုယ့်ကိုယ်ကို ကိုယ်ချစ်ရမည်

အကြင် သူတို့သည် ကိုယ်ဖြင့် ကောင်းသောအမှုကို ပြု၏။ စိတ်ဖြင့်ကောင်းသော အမှုကို ပြု၏။ နှုတ်ဖြင့် ကောင်းသော အမှုကို ပြု၏။

ထိုသူတို့သည် မိမိကိုယ်ကို ချစ်သောသူတို့ ဖြစ်ကြ၏။

ထိုသူတို့က 'ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို မချစ်ပါ' ဟု ဆိုစေကာမူ အမှန်ကား ထိုသူတို့သည်မိမိတို့ကိုယ်ကို ချစ်သောသူတို့သာ ဖြစ်ကြ၏။

အဘယ်ကြောင့်ဆိုသော် ချစ်သောသူသည် မိမိချစ်သောသူအတွက် ပြုလုပ်ရမည့် အမှုမျိုးကို ထိုသူတို့သည် မိမိတို့ အတွက် ကိုယ်တိုင် ပြုလုပ်နေသောကြောင့် ဖြစ်၏။

မိမိကိုယ်ကို ချစ်အပ်၏ ဟု နားလည်လျှင် မိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ။ မကောင်းမှုကို ပြုလေ့ရှိသောသူသည် ချမ်းသာ သုခကို ရဖို့ရန် ခဲယဉ်း၏။

(သဂါထာဝဂ္ဂသံယုတ်၊ ၃-ကောသလသံယုတ်၊
ပထမဝဂ်၊ ၃-ပိယသုတ်)

## သင့်ကိုယ် သင်ချစ်ပါ လေးဆစ်

ကိုယ့်ဝန်ကို ကိုယ်ထမ်း လို့၊
ကိုယ့်လမ်းတဲ့ ကိုယ်သွားစဉ်။
ကိုယ့်ဖို့သာနှင်။
ကိုယ့်ရေးနှင့် ကိုယ့်တာပင်၊
ကိုယ်သာလျှင် သတိထား။
ကိုယ့်ဖို့ရာ ကိုယ်မပါလျှင်ဖြင့်
ကိုယ်သာပင် ကိုယ်သာ ညှိုးမယ်
ကိုး ပေါ့တရား။ ။

(အရှင်ဝိမလ၊ ရဲစုကျောင်း၊ ကျောက်ဆည်)

## တင်ကြိုကောင်းမှု ကြိုးစားပြုလော့

ရုပ် နာမ် ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်က ဥပုံ၊ ဖြစ်လိုတုံလည်း၊ တဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲဘတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍—

ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ရတုချိန်ထောက်၊ ဤခါရောက်မှ၊ချုပ်ပျောက်ခန္ဓာ၊သေပိမ့်ငှာဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ချိန်းအချက်လျှင်၊ တငက်ကမျှ၊ မရှိကြဘူး၊ အပ္ပမာဒေန သိက္ခဝေသမ္ပာဒေထ၊ ဘုရား စကား၊ လိုက်နာ ပွားသံည်၊ တရားလက်မလွှတ်စေနှင့်။

(ဦးဝိစိတ္တသာရာဘိဝံသ)

## သေသူ၏ ကိုယ်ပိုင်ဥစ္စာ

သေမင်း နှိပ်စက်၍ လူ့ဘဝကို စွန့်သွားရသူအတွက် သူ့ကိုယ်ပိုင် ဥစ္စာကား အဘယ်နည်း။ အဘယ်ဥစ္စာကို ယူဆောင်သွားရသနည်း။ အဘယ်အရာသည် သူသွားရာသို့ အရိပ်ပမာ ပါသွားသနည်း။

သေမင်းနှိပ်စက်၍ လူ့ဘဝကို စွန့်သွားရသောသူအတွက် သူ့ကိုယ်ပိုင်ဥစ္စာကား မသေခင်က သူ ပြုခဲ့သည့် ကောင်းမှု မကောင်းမှု ပင်တည်း။

ထိုကောင်းမှု၊ မကောင်းမှုကို ယူဆောင်သွားရ၏။ သူပြုခဲ့သည့် ကောင်းမှု၊ မကောင်းမှုသည် သူသွားရာသို့ အရိပ်ပမာ ပါသွား၏။

(သဂါထာဝဂ္ဂ သံယုတ် ၃-ကောသလသံယုတ် ပထမဝဂ်၊ ၃-ပိယသုတ်)

## သေမင်းခေါ်ရာ ပြုံးရွှင်စွာ လိုက်နိုင်ကြဖို့

လောကဓံတရားတွေဟာ ကျွန်တော်တို့တတွေ သံသရာထဲမှာ ကျင်လည်နေကြရသမျှ ကာလပတ်လုံး အနဲနဲအများ ဆိုသလို တွေ့ကြုံနေကြရမှာပါပဲ။ ကျွန်တော်တို့ကလဲ လောကဓံတရား တွေနဲ့ တွေ့ကြုံနေရတာကိုပဲ နှစ်သက်နေသေးတဲ့အချိန်အခါမှာ ရှိနေပါသေးတယ်။

## အမြတ်ထုတ်နိုင်ဖို့ လိုတယ်

ယခုတင်ပြလိုတာကတော့ ချမ်းသာသုခနဲ့ ပြည့်စုံနေလို့လဲ မိမိရဲ့ဘဝကို မေ့လျော့ပြီး အရမ်း ပျော်မနေကြပါနဲ့။ ဆင်းရဲ ဒုက္ခရောက်နေရလို့လဲ မိမိရဲ့ဘဝကိုငြီးငွေ့ပြီး တုံ့မှိုင်မှိုင်တွေတွေ ဖြစ်မနေကြပါနဲ့။ လူ့ဘဝဆိုတာ နေရသမျှ အချိန်ကလေးကို အမြတ်ထုတ်နိုင်ဖို့ လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့၊ ဝိပဿနာခေတ် ဆုတ်ကပ်ထဲမှာ လူဖြစ် လာရတဲ့ ကျွန်တော်တို့တတွေဟာ ကိုယ်လှည့်၊ ခေါင်းလှည့် နဲ့ပဲ သံဖြူ၊ သွားကျိုး ဆိုတဲ့ ဇရာပိုင်းကို ရောက်လာကြရပါ တယ်။ မကြာခင်မှာပဲ မရဏဆိုတဲ့ သေမင်းကလာခေါ်တဲ့အခါ ကိုယ့်မှာကလဲ ဘာပစ္စည်းမှ စုဆောင်းပြီးသား မရှိသေးတော့ အရှုံးမီးဝိုင်းသလို မလုပ်တတ်၊ မကိုင်တတ် ဖြစ်တတ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ဟာ သေမင်းက လာခေါ်တဲ့အခါ အဆင်သင့် ဖြစ်အောင် သေရာပါနိုင်တဲ့ ပစ္စည်းဥစ္စာတွေကိုစုဆောင်းဖို့ လိုပါတယ်။ ဒီပစ္စည်းဥစ္စာတွေကတော့ တခြားဟာတွေ မဟုတ်ပါဘူး။ နိဗ္ဗာန်အထိ ယူသွားနိုင်တဲ့ ပစ္စည်းဥစ္စာစု ဖြစ်ပါတယ်။

## မဂ္ဂင်ရထားကြီး မထွက်ခင်

ကျွန်တော်တို့ တသံသရာလုံးက မျှော်မှန်း တမ်းတလာခဲ့ကြရတဲ့ နိဗ္ဗာန်ရွှေမြို့တော်ကြီးကို သွားမယ့် မဂ္ဂင်ရထားကြီးကလဲ အဆင်သင့် ဆိုက်ရောက်နေပါပြီ။ စီးနိုင်၊ လိုက်ပါနိုင်ရန် နေရာတွေလဲ အများကြီး ကျန်ရှိနေပါသေးတယ်။ ဒါပေမယ့် အဲဒီ မဂ္ဂင်ရထားကြီးကို စီးနင်း လိုက်ပါနိုင်ဖို့ရာ စရိတ်စကအတွက် ရတနာဥစ္စာတွေပါမှ ဖြစ်နိုင်ပါတယ်။ ဒီရတနာဥစ္စာတွေကလဲ ခုလိုအချိန်အခါမျိုးမှာမှ ရှာလို့ ရနိုင်ပါတယ်။ အဲဒီတော့ ရထားကြီးမထွက်ခင် နေစဉ် ထိုင်စရာတွေကလဲ ရှိနေတုန်း ခရီးစရိတ် ပေးနိုင်ဖို့ရာ လိုအပ်တဲ့ ရတနာ ဥစ္စာတွေကို ရှာဖွေ စုဆောင်းကြပါစို့။

## သူတော်ကောင်းဥစ္စာ ရတနာ (၇)ပါး

ကဲကဲ….အဲဒီရတနာဥစ္စာတွေရဲ့ စာရင်းကို ကျွန်တော် တင်ပြပါမယ်။

(၁) သဒ္ဓါ — ယုံကြည်ခြင်း။
(၂) သီလ — အကျင့်ကောင်းခြင်း။
(၃) သုတ — အကြား အမြင်များခြင်း။
(၄) စာဂ — ပေးကမ်းစွန့်ကြဲခြင်း။
(၅) ပညာ — အသိဉာဏ် ရှိခြင်း။
(၆) ဟိရီ — ရှက်တတ်ခြင်း။
(၇) ဩတ္တပ္ပ — ကြောက်တတ်ခြင်း ဆိုတဲ့ သူတော်ကောင်း ဥစ္စာ ရတနာများ ဖြစ်ကြပါတယ်။

ဒီသူတော်ကောင်းဥစ္စာ ရတနာ (၇)ပါးရဲ့ ပိုင်ရှင်ဖြင်လာတဲ့ တနေ့မှာ ခင်ဗျားတို့ ကျွန်တော်တို့ဟာ လိုရာခရီးကို သွားနိုင်ကြပြီဖြစ်လို့ ဘယ်သေမင်းကပဲ လာခေါ်ခေါ် အရှုံးမိုးဝိုင်း မဖြစ်တော့ပါဘူး။ ပြုံးပြုံးရွှင်ရွှင်နဲ့ လိုက်နိုင်ကြပါပြီ။

(ဖြူး—စိန်အောင်)

# သေခြင်းတရားကို သတိပြု

## အချိန်ရှိခိုက် လုံ့လစိုက်

လူတို့သည် ဤလူ့ဘဝမှ စုတေလျှင် ဘယ်ဘဝ ရောက်မည်ကို အမှန်မသိကြပါ။ ငရဲရောက်မည်ဟု ကေန် သိကြလျှင်လည်း ကောင်းမှုကို ပြုကျင့်ဖို့ မလို။ နတ်ပြည်ရောက်မည်ဟု အမှန်သိလျှင်လည်း ကုသိုလ်ကို ပြုတော့မည်မဟုတ်။ ထိုသို့ မသိကြရသည့်အတွက် ကောင်းမှုကို ပြုကျင့်လျှင် ကောင်းရာဘဝ ရောက်မည် ဟူသော ဘုရား တရားတော်အတိုင်း သုဂတိဘဝ လားလိုကြသူများသည် ကောင်းသောအပြုအကျင့်ကို အချိန်ရှိခိုက် လုံ့လစိုက်၍ ပြုထိုက်လှပေသည်။

ကောင်းမှုကိုပြုကျင့်ရာ၌ အချိန်ကာလကို မစောင့်ဆိုင်းရာ။ အထူးသဖြင့် သမထ၊ ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်သူများသည် အချိန်ကို မရွေးချယ်ရာ။

ထို့ကြောင့် — အမှု ပြုဆဲ၊ ပြုပြီးလဲ၊ ခဲ၍ တရား အားထုတ်လေ။

ခရီး သွားဆဲ၊ သွားပြီးလဲ၊ ခဲ၍တရား အားထုတ်လေ။

မကျန်းမာဆဲ၊ ကျန်းမာလဲ၊ ခဲ၍ တရား အားထုတ်လေ။

အစာစားဆဲ၊ စားပြီး လဲ၊ ခဲ၍ တရား အားထုတ်လေ ဟု ဆိုသတည်း။

## ဆင်ခြင် စဉ်းစားရန်

လူအများမှာ တည်နေရမည့် အသက် အပိုင်းအခြား ဟူ၍ မရှိ။ နေ့ သေမည်၊ ည သေမည်၊ ဘယ်အခါ သေမည် မသိကြပါ။ အချို့လူများ သက်တမ်းစေ့အောင်ပင် နေချင်မှ နေရပေမည်။ ထို့ကြောင့် အသက်သည် အမြဲ မရှိ။ သေဖို့ကား မြဲ၏ ဟု မိမိတို့ကိုယ်ကို မိမိတို့ ဆင်ခြင် စဉ်းစားကြစေရန် —

အဒ္ဓုဝံမေဇီဝိတံ၊ မေမရဏံအဝဂမိယံ၊ မယာ မရိတဗ္ဗမေဝ၊ မရဏ ပရိယောသာနံ မေဇီဝိတံ၊ ဇီဝိတ မေဝအနိယတံ၊ မရဏံ နိယတန္တိ၊ ဧဝံမရဏာနုဿတိ ဘာဝေထ။

မြန်မာပြန်။ ။ငါ၏အသက်သည် မမြဲ။ ငါ၏သေခြင်းသည် မြဲ၏။ ငါသည် မချွတ် သေအံ့သည်သာလျှင်တည်း။ ငါ၏အသက်သည် သေခြင်းသာလျှင် အဆုံး ရှိ၏။ အသက်သည် မမြဲ။သေခြင်းသည် မြဲ၏။ ဤသို့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေကြကုန်လော့။

အကြင်သူတို့သည် သေခြင်းကို မပွား။ထိုသူတို့သည် နောင်ကာလ၌ မြွေဟောက်ကိုမြင်၍ လက်၌လည်း တုတ်မရှိ၊ ထိတ်လန့် ကြောက်ရွံ့၍ ပြင်းစွာ ငိုမြည်းတမ်းလျက်ပင် စုတိခြင်းသို့ ရောက်သည်။

အကြင်သူတို့သည် သေခြင်းကို ပွားအပ်၏။ ထိုသူတို့သည် အဝေးကပင် မြွေဟောက်ကိုမြင်၍ လက်၌ ပါသော တုတ်ဖြင့်

ဖမ်းယူ စွန့်လွှတ်ပြီး တည်ရှိသော ယောကျ်ားကဲ့သို့ နေခွင့်ကာလ၌လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းမဖြစ်ကုန်။ ထို့ကြောင့် မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများစေအပ်၏။

(ဓမ္မပဒ၊ လောကဝဂ်၊ ပေသကာရဓိတာ ဝတ္ထု)

အားလုံးသော သေမင်းခံတွင်းမှ မလွတ်ကင်းသူ လူအပေါင်းတို့သည် သေခြင်းကို သတိပြုသင့်ကြရာသတည်း။

(အရှင်အာဂ္ဂဝံသ ရွာသာကုန်းကျောင်း၊ နတ္တလင်း)

## သေခြင်းတရားကို ဆင်ခြင်ချိန်

တခါတုန်းက ဗုဒ္ဓမြတ်စွာဘုရားသည် နာတိကရွာ အုတ်တိုက်ပြာသာဒ်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် သေခြင်းတရားကို ဆင်ခြင်ပွားများဖို့ တိုက်တွန်းနှိုးဆော်တော်မူသည်။

သေခြင်း တရားကို ပွားများနေလျှင် အကျိုး ကြီးသည်၊ အာနိသင် ကြီးမားသည်။ အမြိုက် နိဗ္ဗာန်သို့ သက်ဝင်သည်။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်။ သို့အတွက် သေခြင်းတရားကို ဆင်ခြင်ပွားများကြ ဟု ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူသည်။

## သေခြင်းတရားပွားများပုံတွေ

သေခြင်း တရားကို ဆင်ခြင် ပွားများဖို့ မရဏာ နုဿတိ ကမ္မဋ္ဌာန်းကို ညွှန်ကြားတော်မူသောအခါ ရဟန်း တပါးက ဤသို့ လျှောက်ထားလေသည်။

"တပည့်တော်သည် သေခြင်းတရားကို ပွားများ ဆင်ခြင်ပါသည်"

"သင်သည် သေခြင်းတရားကို ဘယ်သို့ ဘယ်ပုံ ဆင်ခြင်တာလဲ၊ ဆင်ခြင်ပုံ ပြောပြစမ်းပါ"

"အရှင်ဘုရား၊ တပည့်တော်သည် ဤကဲ့သို့ အကြံအစည် ဖြစ်ပါ၏။ ငါသည် တနေ့ တညဉ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါအား စင်စစ် ရဟန်းကိစ္စ များစွာ ပြုအပ်သည် ဖြစ်ရာ၏။ ဤကဲ့သို့ အကြံအစည် ဖြစ်ပါသည်"

နောက်တပါး အကြံအစည်။ ။ငါသည် တနေ့မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါအား စင်စစ် ရဟန်း ကိစ္စများကို များစွာ ပြုအပ်သည် ဖြစ်ရာ၏။

နောက်တပါး အကြံအစည်။ ။ငါသည် ဆွမ်းတထပ်စားချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါအား စင်စစ် ရဟန်းကိစ္စများကို များစွာ ပြုအပ်သည် ဖြစ်ရာ၏။

နောက်တပါး။ ။ငါသည် လေးလုတ်၊ ငါးလုတ်သော ဆွမ်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါ့အား စင်စစ် ရဟန်းကိစ္စများကို များစွာ ပြုအပ်သည် ဖြစ်ရာ၏။

နောက်တပါး။ ။ငါသည် ဆွမ်းတလုတ်ကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါ့အား စင်စစ် ရဟန်းကိစ္စကို များစွာ ပြုအပ်သည် ဖြစ်ရာ၏။

နောက်တပါး။ ။ငါသည် ဝင်သက် ရှူ၍ ထွက်သက် ထုတ်ချိန်၊ ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏။ ငါ့အား စင်စစ် ရဟန်းကိစ္စကို များစွာ ပြုအပ်သည် ဖြစ်ရာ၏။

## ဗုဒ္ဓမြတ်စွာ မိန့်ကြားချက်

ချစ်သားတို့—"ငါသည် တနေ့ တညဉ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓ မြတ်စွာ၏ အဆုံး အမတော် ကို နှလုံးသွင်းရာ၏၊ ငါ့အားစင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည် ဖြစ်ရာ၏" ဟု သေခြင်းတရားကို ပွားများ အောက်မေ့သော ရဟန်း။ "ငါသည် တနေ့ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓ မြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား

စင်စစ် ရဟန်းကိစ္စများကို များစွာ ပြုအပ်သည် ဖြစ်ရာ၏" ဟု သေခြင်းတရားကို ပွားများ အောက်မေ့သော ရဟန်း။ "ငါသည် ဆွမ်းတထပ် စားချိန်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါအားစင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည် ဖြစ်ရာ၏"ဟု မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများ အောက်မေ့သော ရဟန်း။ "ဝါးမျို နေချိန် အတွင်း အသက် ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နှလုံးသွင်း ရလေရာ၏၊ ငါအားစင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည် ဖြစ်ရာ၏" ဟု မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများသော ရဟန်း။

ဤရဟန်းတို့ကို မေ့လျော့စွာ နေကြသော ရဟန်းတို့ဟူ၍လည်းကောင်း၊ အာသဝေါတရား ကုန်ခန်းရန် နှေးနှေးစွာ သေခြင်းတရားကို ပွားများ အောက်မေ့သော ရဟန်းတို့ဟူ၍လည်းကောင်း ဆိုအပ်ကုန်၏။

## ဗုဒ္ဓမြတ်စွာ လိုလားသောရဟန်း

ချစ်သားတို့— "ငါသည် ဆွမ်းတလုတ်တည်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ပါမူကောင်းလေစွ၊ ဗုဒ္ဓမြတ်စွာ၏အဆုံးအမတော်ကို နှလုံးသွင်းရ လေရာ၏၊ ငါ့အား စင်စစ် ရဟန်းကိစ္စများကို များစွာပြုအပ်သည် ဖြစ်ရာ၏" ဟု သေခြင်းကို အောက်မေ့ပွားများသော ရဟန်း။

"ငါသည်၊ ဝင်သက်ရှု၍ ထွက်သက်ထွက်ချိန်၊ ထွက်သက်ထုတ်၍ ဝင်သက်ရှုချိန်အတွင်းအသက်ရှင်ပါမူ ကောင်းလေစွ၊ ဗုဒ္ဓ မြတ်စွာ၏ အဆုံး အမတော်ကို နှလုံးသွင်းရ လေရာ၏။ ငါ့အားစင်စစ် ရဟန်းကိစ္စကို များစွာ ပြုအပ်သည် ဖြစ်ရာ၏" ဟု သေခြင်းကို အောက်မေ့ပွားများသော ရဟန်း။

ဤရဟန်းတို့ကို မမေ့မလျော့နေကုန်သော ရဟန်းတို့ဟူ၍လည်းကောင်း၊ အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ သေခြင်း တရားကို ပွားများ အောက်မေ့သော ရဟန်းတို့ဟူ၍လည်းကောင်း ဆိုအပ်ကုန်၏။

ချစ်သားတို့– သို့အတွက် "မမေ့မလျော့ နေကုန်အံ့၊ အာသဝေါတရားတို့ ကုန်ခန်းရန် ထက်သန်စွာ မရဏာနုဿတိ ကမ္မဋ္ဌာန်းတို့ကို ပွားကုန်အံ့" ဟု ကျင့်သင့် ကျင့်ထိုက်သည်။ (အံပါ။ ၂။ ၂၆၀။ ၉။ ၂၇၁)

## သေခြင်းတရား ဆိုတာ

သေခြင်း တရားဆိုတာ၊ သတ္တဝါတိုင်း ရှောင်လွှဲမရသော သဘောတရား ဖြစ်သည်။ ပဋိသန္ဓေ တည်ပြီးသော သတ္တဝါတိုင်း သေကြေ ပျက်စီးကြရသည်။ အသေ လွတ်ကင်းသော သတ္တဝါဟူသည် မရှိချေ။ သို့ပါလျက် သေခြင်း သဘောကို ကြောက်လန့်သူတွေ များပြားလျက်ရှိသည်။ မကြောက်သူကား အနည်း အကျဉ်းသာ ရှိသည်၊ရုပ်တရားနှင့် နာမ်တရား တဘဝ တခါ လမ်းခွဲ သွားကြသည်။ ထိုကဲ့သို့ ရုပ်နှင့်နာမ် ခွဲခြား

သွားခြင်းကို သေသည်ဟု ဆိုရသည်။ တက်ကပ်ခေတ်မှာ သေမှုဝေးသည့်အတွက် မဆင်ခြင်နိုင်စေကာမူ၊ ယခုလို သေလွယ်ပျောက်လွယ် ခေတ်၌ကား သေခြင်းတရားကို ဆင်ခြင်ဖို့ အလွန် သင့်လျော်ကြသည်။ သဘောလည်း ပေါက်လွယ် တတ်သည်။ ခဏခဏ မသာပို့နေကြရခြင်းက ထိတ်လန့် သံဝေဂ ရဖို့၊ ဆင်ခြင်သုံးသပ်ဖို့ သတိပေးနေသလို ဖြစ်နေသည်။ ပစ္စက္ခမှာလည်း အကျိုးဖြစ်ထွန်း၍ သံသရာတခွင်မှာလည်း၊ ကောင်းကျိုးကိုပေးပြီး နိဗ္ဗာန်မျက်မှောက် ပြုနိုင်သည်အထိ အကျိုးသက်ရောက်သော သေခြင်းတရားကို အမြဲတမ်း ဆင်ခြင်ပွားများသင့်ကြသည်။

[ပခုက္ကူ အရှင်ကေသရ]

## မသေခင် ကြိုတင်ပြင်ဆင်

သေခြင်းတရားကို ဆင်ခြင်ရာ၌ ရဟန်းရှင်လူ မည်သူမဆို ငယ်သည်ဖြစ်စေ၊ ကြီးသည့်ဖြစ်စေ၊ ကေန်သေရမည်ကို သိရှိထားပြီးဖြစ်၍ ကြိုတင်ဆင်ခြင် သင့်ကြသည်၊ "ငါသည် တနေ့နေ့ ကေန်သေရမှာ ဖြစ်သည်" ဟု အမြဲတမ်း ဆင်ခြင် ရရှိထားသင့်ကြသည်။ သို့မှသာ မိမိနှင့် မိမိပတ်ဝန်းကျင် သေွးနီးသားချင်း သေမှုကိစ္စ ကြုံလာသောအခါ သေဆုံးရမှုနှင့် ပတ်သက်ပြီး စိုးရိမ် ပူဆွေးရခြင်း စသောဒုက္ခများ သက်သာခွင့် ရတတ်ကြသည်။ သတိလစ်၍ မေ့မြောသွားခြင်း စသည်တို့က မသေခင် ကြိုတင် ဆင်ခြင်ခြင်း မရှိကြသောကြောင့်သာ ဖြစ်ကြရသည်။

## သေခြင်းတရား ပွားများဆင်ခြင်

ဗုဒ္ဓမြတ်စွာသည် တချိန်တုန်းက နာဠိကရွာ အုတ်ကျောင်းမှာ သီတင်းသုံးတော်မူသည်။ ထိုသို့ သီတင်း သုံးတော်မူစဉ် သေခြင်းတရားကို ဆင်ခြင် ပွားများနိုင်လျှင် အကျိုးကြီးသည်၊ အာနိသင် ကြီးသည်၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည်၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်။ ဤသို့သည်း အကျိုး အာနိသင်ကို ဖော်ထုတ်သည်။

## ဘယ်လို ပွားများ ဆင်ခြင်ရမှာလဲ

ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူ အပေါင်းသည်၊ နေ့ကိုလွန်မြောက် ညဉ့်သို့ရောက်လျှင်ဤသို့ဆင်ခြင်၏။ "ငါ့အားသေခြင်း အကြောင်းတို့သည် များလှကုန်၏။ မြွေလဲကိုက်နိုင်၏၊ ကင်းမြီးကောက်လဲ ကိုက်နိုင်၏။ ကင်းခြေ များလဲ ကိုက်နိုင်၏၊ ထို့ကြောင့် ငါသေဆုံးလေရာ၏။ ထိုမြွေစသည်ကိုက်ခြင်းသည် ငါ့အား အန္တရာယ် ဖြစ်၏။ ချော်လဲမှုသည်း လဲရာ၏၊ ငါစားသောအစာမကျေညက်ပဲလည်းဖောက်ပြန်ရာ၏။သည်းခြေသော်လည်း ပျက်ရာ၏။သလိပ်သော်လည်း ပျက်ရာ၏။ လေသင်မုန်းသော်လည်း ဖြတ်ရာ၏။ ထို လေသင်မုန်းကြောင့် သေဆုံးလေရာ၏၊ ထိုလေသင်မုန်း ဖြတ်ခြင်းသည် အန္တရာယ် ဖြစ်ရာ၏" ဤသို့လည်း ဆင်ခြင်ရသည်။

## ရှေ့သို့ ဆက်ဆင်ခြင်ဖို့

"ညဥ့်အခါ၌ သေသောငါ့အား အန္တရာယ်ပြုမည့် မပယ်အပ်သေးသည့် အကုသိုလ်တရားတို့ ရှိများရှိနေသလား၊အကယ်၍ ယုတ်ညံ့သော အကုသိုလ်တရားတို့ ရှိလျှင် ထိုအကုသိုလ်တရားယုတ်တို့ကို ပယ်ရန် လွန်ကဲသော အလိုဆန္ဒ၊ လုံ့လ၊ အားထုတ်ခြင်း၊အတိုင်းထက်အလွန် အားထုတ်ခြင်း၊ မဆုတ်နစ်ခြင်း၊ အောက်မေ့ခြင်း၊ ဆင်ခြင်ဉာဏ်ကို ပြုကြရသည်။

## ဥပမာနှင့် ကပ်၍

မိမိပုဆိုးကို မီးလောင်သူသည် လည်းကောင်း၊ ဦးခေါင်းကို မီးလောင်သူသည် လည်းကောင်း ထိုမီးငြိမ်းစေရန် လွန်ကဲသောအားထုတ်မှုစသည်ကို ဧကန်မလွဲ ပြုရသကဲ့သို့ တို့အတူ မိမိသန္တာန်မှာ ဖြစ်ပေါ်နေသော အကုသိုလ်တရားယုတ်တို့ကို ပယ်ထုတ်ရန် အလွန်အမင်း အားထုတ်မှု စသည်တို့ကို ပြုကြရသည်။ မိမိသန္တာန်မှာ ယုတ်ညံ့သော အကုသိုလ် တရားများ မရှိသည်ကို ဧကန် တိတိကျကျ သိကြပါလျှင်၊ကုသိုလ်တရားတို့၌ ညဥ့်နေ့တိုင်လုံး အဖန်ဖန် ကျင့်သည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်မှု စိတ်ဖြင့်သာလျှင် နေထိုင်ကြရသည်။

## နေ့အခါ၌ ဘယ်လို ဆင်ခြင်မှာလဲ

ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူ အပေါင်းသည် နေရောင်ထွန်းလင်းရာ နေ့အချိန်အခါ၌ ဤသို့ ဆင်ခြင်ရာ၏။ "ငါ့မှာ သေခြင်းအကြောင်းတွေ များလှပါပေတယ်။ မြွေကိုက်လဲ သေနိုင်ပါတယ်။ ကင်းခြေကောက် ကိုက်လဲ သေနိုင်ပါတယ်။ ကင်းခြေများကိုက်လဲ သေနိုင်ပါတယ်။ ထိုကိုက်ခြင်းကြောင့် သေမှုဟာ အန္တရာယ် ဖြစ်နိုင်ပါတယ်။ သည်းခြေလဲ ပျက်နိုင်ပါတယ်၊ လေသင်ဓုန်းဖြတ်မှုအကွက် သေနိုင်ပါတယ်။ အန္တရာယ် ဖြစ်နိုင်ပါတယ်။" အန္တရာယ်ဆိုတာ အသက် အန္တရာယ်၊ တရား အားထုတ်မှု၏ အန္တရာယ်၊ ပုဂ္ဂိုလ်အဖြစ် ဆောင်နိုင်နတ်ရွာ၏ အန္တရာယ်၊ မဂ်ရမှု၏ အန္တရာယ်များ ဖြစ်ကြောင်းကို (အံ။၄။၉၉)မှာ ဖွင့်ထားသည်။

နေ့အခါ၌ သေသော ငါ့အား အန္တရာယ်ဖြစ်မည် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ ရှိသေးသလား၊ တကယ်လို့ အကုသိုလ်တရားယုတ်တို့ ရှိနေပါလျှင်လဲ၊ ထို အကုသိုလ် တရားယုတ်တို့ကို ပယ်ရန် လွန်ကဲသော ဆန္ဒ၊ လုံ့လ၊ အားထုတ်ခြင်း၊ မဆုတ်နစ်ခြင်း၊ အောက်မေ့ခြင်း၊ ဆင်ခြင်ဉာဏ်ကို မပြတ် မနေ ပြုကြရသည်။

### ဥပမာနှင့် ယှဉ်တွဲပြ

မိမိပုဆိုး၌ မီးလောင်သောသူနှင့် မိမိဦးခေါင်း၌ မီးလောင်သောသူများမှာ ထိုမီး ငြိမ်းသတ်ရန်အတွက် အလျှင်အမြန်

အချိန်မဆိုင်း၊ နာရီမဆိုင်း ချက်ချင်း အရေးတကြီး အားထုတ်ရသကဲ့သို့ ဤအတူ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်သတ်ရန် လွန်ကဲသော အားထုတ်မှု စသည်ကို ပြုရသည်။

ဤသို့ ဆင်ခြင်သော် နေ့အခါ၌ သေသော ငါ့အား အန္တရာယ်ကိုပြုမည့် မပယ်အပ်သေးသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ငါ့မှာ မရှိကုန်ဟု တကယ်တမ်းသိပါမူ၊ ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူ အပေါင်းတို့သည် ကုသိုလ်တရားတို့၌ နေ့ရောညဥ့်ပါ အဖန်ဖန် ကျင့်သည်ဖြစ်၍ ထိုနှစ်သက်ဝမ်းမြောက်မှုဖြင့်ပင်လျှင် နေထိုင်သင့်ကြသည်။ ဤသို့ သေခြင်းတရားကို ပွားများဆင်ခြင်ခဲ့သော် အကျိုးကြီးများ၏ အာနိသင် များပြား၏။ အမြိုက် နိဗ္ဗာန်သို့ သက်ဝင်နိုင်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဤသို့ နိဂုံးချုပ် အမိန့်ရှိသည်။ (အံ၊ ပါ၊ ၂၊ ၂၇၀၊ ၂၇၂)။

သေခြင်းတရားကို ဆင်ခြင်ပွားများခြင်းသည် ပစ္စက္ခမှာ ထိုကိစ္စနှင့် တွေ့ကြုံသောအခါ၊ သက်သာခွင့်ရနိုင်သည်။ တရားသဘော ထင်မြင်လွယ်သည်၊ သဘောပေါက်ကာ သည်းခံနိုင်စွမ်းရှိသည်၊ သံသရာမှာလည်း ကောင်းကျိုး အမျိုးမျိုးကို ပေးနိုင်သည်၊ ဗုဒ္ဓမြတ်စွာနှင့် တွေ့ကြုံရလျှင် အလွယ်တကူ ကျွတ်တမ်းဝင်နိုင်သည်၊ သေခြင်းတရားကို အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင် ပွားများနိုင်ကြပါစေ။ ။

(ပဒုက္ကူ အရှင်ကေသရ)

## သေခြင်းတရား ဆင်ခြင်ထားကြပါစို့

### ဗုဒ္ဓနီတိ

'ဒီနေ့ လုပ်စရာရှိသည်ကို လုပ်ထားလိုက်ပါ၊ နက်ဖြန်သေ၊ မသေကို ဘယ်သူ သိနိုင်အံ့နည်း။ မှန်၏။ ငါတို့အား များသော စစ်သည်ဗိုလ်ပါ (ရောဂါအမျိုးမျိုး)ရှိသော ထိုသေမင်းဆိုးနှင့် (မသေစေရပါဘူးလို့) ,အချိန်းအချက် အာမခံစာချုပ်သည် မရှိသည်သာတည်း' တဲ့။

အဲဒီ တရားဟာ၊ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ဟောသော တရား ဖြစ်ပါတယ်၊ သိတော်မူ မြင်တော်မူလှသော မြတ်စွာ ဘုရားပါ တကား။

ထို တရားတော်အတိုင်း ရုတ်တရက် ဖြုန်းဒိုင်း သေဆုံး သွားခဲ့ကြရပုံများကို ထိတ်လန့် သံဝေဂ ယူနိုင်ကြရန် သက်သေအဖြစ်နဲ့ တင်ပြလိုက်ပါတယ်။

### ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ

ဗမာပြည် ရဟန်းတော် စာသင်သားများ အတွက်ရော၊ လူများအတွက်ရော၊ သာသနာတော်နဲ့ တိုင်းပြည်အတွက်ပါ

စာအုပ်ပေါင်း ၆၀ ကျော် ရေးသား ပြုစုတော်မူခဲ့သော ဗုဒ္ဓခေတ် (ဇေတဝန်၊ ဝေဠုဝန်တို့၌ကဲ့သို့) နေထိုင်စားသောက်နည်း စသည်တို့ကို ဆုံးမ သင်ပြတော်မူခဲ့သော တတိယ ရွှေကျင် သာသနာပိုင်လဲ ဖြစ်တော်မူခဲ့သော အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသဟာ—

## ပြန်လွန်တော် မူသွားရပါပြီ

၁၃၃၉ ခု၊ နတ်တော်လဆုတ် (၂)ရက် (၂၇–၁၂–၇၇) နေ့က နေ့လယ်(၁)နာရီ အချိန်တွင် စာပေ ပို့ချနေပါသေးလျက် ညနေ(၄)နာရီခွဲမှာ ပျံလွန်တော် မူသွားခဲ့ရပါတယ်။ နေမင်း၊ လမင်းတို့ ကွယ်သည့်ပမာ မဟာ ပထဝီမြေကြီး တုန်ဟီးဖွယ်ပါတကား။

ဘုရား ပစ္စေကဗုဒ္ဓါ သာဝကနဲ့ စကြာမန္ဒတ် မြတ်သော ယုတ်သောသဘော နိုင်းစာ မတိုင်းထွာပဲ ညာတာကင်းချေမငဲ့လေပဲ အသေသတ်ခွင်း အရှက်ကင်းလှတဲ့ သေမင်းဆိုး သေမင်းယုတ်ကြီးပါတကား။

## စာရေးဆရာကြီး ဦးသိန်းဖေမြင့်

ထိုနည်းတူပါပဲ၊ တိုင်းပြည်အတွက် စာအုပ်ပေါင်းများစွာ၊ ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့တဲ့ နိုင်ငံကျော် စာရေးဆရာကြီး ဦးသိန်းဖေမြင့် ဟာလဲ မကြာခင်ကပဲ မန္တလေး

သွားပြီး အမရပူရ မဟာ ဂန္ဓာရုံ ဆရာတော်ဘုရားကြီးကို ဖူးမြင် ဆွေးနွေးခဲ့ပါသတဲ့။

ရန်ကုန်ပြန်ရောက်တော့ ချက်ချင်းလိုပဲ ဆရာတော် အရှင်ဇနကာဘိဝံသ ပြန်လွန်တော်မူပြီ ဖြစ်ကြောင်း လေလှိုင်းသံမှ ကြားရလို့ ဝမ်းနည်းပြီး နံနက်(၇)နာရီမှာ ဆရာတော်ကြီး အကြောင်း ရေးသားနေစဉ် မူးဝေလာကာ ကုတင်ပေါ်က လိမ့်ကျခဲ့ပါသတဲ့။

လိမ့်ကျပြီး သတိမေ့နေလို့ ဆေးရုံကြီး တင်ပို့ထားရာ(၁၅-၁-၇၇)နေ့က ဆုံးသွားရှာပါပြီတဲ့။

## လယ်တီ ဆရာတော် ဦးဝိလာသ

ထိုအတောအတွင်းမှာပဲ မုံရွာမြို့က နိုင်ငံကျော် ဓမ္မကထိကကြီး ဖြစ်တဲ့ သတ္တမမြောက် လယ်တီဆရာတော်ကြီး ဦးဝိလာသဟာလဲ ပြန်လွန်တော် မူသွားခဲ့ရပါသတဲ့။

အဲဒီလို နိုင်ငံကျော် တိုင်းသိပြည်သိ ပုဂ္ဂိုလ်ကြီးတွေ ပျံလွန်တော်မူကြရ၊ သေဆုံးခဲ့ရတာတွေဟာ တိုင်းပြည်ရဲ့ ဆုံးရှုံးမှုကြီးတွေပဲ မဟုတ်ပါလား။

ဝမ်းနည်းရုံ အားလျော့ရုံမှ တပါး ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာမှ ဘယ်လိုနည်းနဲ့မှ မတတ်နိုင်တဲ့၊ မတားဆီးနိုင်တဲ့ မရဏတရား အနိစ္စတရားကြီးပါတကား။

အဲဒီတော့ "တဗိုလ်ကျ တဗိုလ်တက်"ဆိုတဲ့ စကားအတိုင်း ဗုဒ္ဓသာသနာတော် အတွက်ရော၊ တိုင်းပြည် အတွက်ပါ စွမ်းစွမ်းတမံ ရှက်ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ ထွန်းကား ပေါ်ပေါက်ပါစေလို့သာ ဆုတောင်း လိုက်ရပါတော့တယ်။

## မရဏာနုဿတိ ပွားထားရန်

ပြီးတော့လဲ ငါ သေရအုံးမှာပါကလားလို့ ဆင်ခြင် စဉ်းစားကြပြီး အကုသိုလ် အလုပ်တွေကို တနပ်စာမျိုး တပွဲတိုး ညဏ် တဘဝစာ အကြံနဲ့ မလုပ်ကြပဲ ရှောင်လွဲလို့ ကုသိုလ် တရားတွေကိုသာ ကြိုးစားသင့်ကြပါတယ်။

လူတိုင်း လူတိုင်းဟာ နေ့စဉ် နေ့စဉ် အိပ်ရာဝင်မှာ အိပ်ရာထဲ ပက်လက်ကလေးနေ လက်နှစ်ဘက် အလျားလိုက်ချထားပြီး သေ သေ ကြည့်သင့်ကြပါတယ်။

## ရဟန်းတော် ရှစ်ပါး

ဗုဒ္ဓလက်ထက်တော်တုန်းက ရဟန်းတော်(၈)ပါး မရဏာ-နုဿတိ ပွားများကြပုံကို တင်ပြချင်ပါသေးတယ်၊ အတုယူကြရန်ပေါ့။

ပထမ ရဟန်းတော်က တရက်အတွင်း သေရပါလိမ့်မယ်လို့ ဆင်ခြင်တယ်။

ဒုတိယ ရဟန်းတော်က တနေ့အတွင်း သေရပါလိမ့်မယ်လို့ ဆင်ခြင်တယ်။

တတိယ ရဟန်းတော်က နေ့တဝက်အတွင်း သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။

စတုတ္ထ ရဟန်းတော်က ဆွမ်း တကြိမ်စား အတွင်း မှာ သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။

ပဉ္စမ ရဟန်းတော်က ဆွမ်း (၄-၅) လုတ်စာ အတွင်းမှာ သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။

ဆဋ္ဌမ ရဟန်းတော်က ဆွမ်းတလုတ်စာ အတွင်းမှာ သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။

သတ္တမရဟန်းတော်က ဆွမ်းတလုတ် ထက်ဝက်စာ အတွင်းမှာ သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။

အဋ္ဌမ ရဟန်းတော်က ထွက်လေ ဝင်လေ အတွင်း သေရလိမ့်မယ်လို့ ဆင်ခြင်သတဲ့။

## ဘုရားချီးကျူးတဲ့ ပုဂ္ဂိုလ်

အဲဒီအကြောင်း မြတ်စွာဘုရားထံ လျှောက်ထား ကြတော့ ပထမကစလို့ သတ္တမအထိ ရဟန်းများဟာ မေ့လျော့ပေါ့တန်တဲ့ ရဟန်းများလို့ ကဲ့ရဲ့တော်မူပြီး၊ ထွက်လေဝင်လေအတွင်း သေရပါလိမ့်မယ်လို့ ဆင်ခြင်တဲ့ အဋ္ဌမ ရဟန်းကိုသာ မမေ့မလျော့ဘူးလို့ ချီးကျူးတော်မူပါသတဲ့။

## နိဗ္ဗာန်ရောက်မှ အေးမည်ပ

"နောက်ဆုံး ရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ထား၍၊ သွားရအပြီး၊လူမနီးသည့်၊ တောကြီးမြိုင်ယံ၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြုပ်နှံဘိခြင်း၊ ခြောက်ပေတွင်း ဝယ်၊ စင်းစင်းအိပ်ခါ၊ မလွဲသာပဲ၊ နေရန်ကို၊ စွဲမြဲမှတ်ခါ၊ ဆင်ခြင်ပါတော့၊ သခ်ါရ ခြုံ၊ လောကမြုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊ လောကဓံ လွတ်ကြောင်း၊ဆုပန်တောင်း၍၊ လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ အေးမည်ကြောင့်—။ ။

(ကာလေး အရှင်ပဒုမ)

## မသေစေနိုင်သော ဆေးကို အရယူကြပါစို့

[စည်သူ ဦးစံသိမ်း၏ ဈာပနတွင်
ဦးထွန်းလှအောင်က စမ္မဒါနပြုသည်]

ဤအချိန်တွင် ကျွန်ုပ်တို့သည် သေခြင်း သဘောတရားကို မျက်မြင် ဖြစ်နေကြပြီ။ ကျွန်ုပ်တို့သည် စည်သူ ဦးစံသိမ်းဟု အမည်ခံခဲ့သော ရုပ်ကလာပ်ကို မြေကြီးသြဇာအဖြစ်သို့ ရောက်အောင် ပို့ဆောင်နေကြ၏။ ဤအချိန် အခါ၌ ကျွန်ုပ်တို့သည် နေရေးနှင့် သေရေးအကြောင်း တရားကို သုံးသပ်ဆင်ခြင်ရန် သင့်လှ၏။ ထို တရားသည်ကား ခွဲ၍မရအောင်ပင် ဒွန်တွဲ၍

နေကြကုန်၏။ သေခြင်း သဘောတရားသည် ယာဉ် စုဝေးလျက်ရှိသည့် ရှင်နေကြသော ကျွန်ုပ်တို့ အားလုံးကို စောင့်မျှော်နေ၏။ ဦးစံသိမ်းသည် ရှင်ခြင်း တည်းဟူသော နေရောင်ခြည်တွင် သုခ၊ ဒုက္ခတို့ကို ဘွေ့ကြုံ ခံစားပြီး ရှင်လူအများကို လောက၊ ဓမ္မဘက်တို့၌ ကျေပွန်လှစွာ ကူညီခဲ့၏။ ယာဉ် မှ ကားကွယ်လွန် သွားရှာလေပြီ။

ယာဉ် ၌ခနရာတွင် စုဝေးနေကြသော ကျွန်ုပ်တို့သည်လည်း အဘယ်စခန်းသို့ ရောက်မည်နည်း။ နှစ်ပေါင်း တရာအတွင်း တယောက်မှပင် ကျန်နေကြမည် မဟုတ်၊ ဘယ်ဘုံ ဘယ်ဘဝ များမှာပင်ဖြစ်စေ၊ အခြားသူတို့သည် ကျွန်ုပ်တို့ နေရာတွင် အစားယူကာ ရောက်နေကြမည်။ သို့သော် သေခြင်း၏ သဘောသည် ရှေးနည်းတူ ဆက်၍ပင် နေပေလိမ့်မည်။

ကျွန်ုပ်တို့သည် ယာဉ်သေမင်း၏ မှတ်တိုင် တခု ဖြစ်သော တာမွေသုသာန်တွင် စုဝေးနေကြသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့ကဲ့သို့ပင် လောက မြေပြင်ကြီး၏ လေကို ခေတ္တမျှ ရှူပြီး ကွယ်လွန် သွားကြသော လူပေါင်း ထောင်သောင်းတို့၏ မြူမှုန်သည် ဝိုင်းရံ၍ နေ၏။ ကမ္ဘာမြေပြင်ကြီး၏ သုသာန်များတို့သည် ဤကဲ့သို့ပင် ဖြစ်၏။ ဤသို့သော မြူမှုန်တောကြီးသို့ ကျွန်ုပ်တို့သည်း မကြာပင် ပြောင်းသွားကြရမည်။

နေရေး၊ သေရေး (ဖြစ်ခြင်း၊ ပျက်ခြင်း) ၏ ရေစီးကို ခေတ္တမျှ ရပ်ဆိုင်းစေခြင်းငှာ မစွမ်းနိုင်၊ လတ်ဆတ်သောပန်း

သည် ညှိုးရပေမည်။ မြေအိုးသည် ကွဲရပေမည်။ မြူသည် နေမင်း၏ကြည်စယ်ခြင်းဖြင့် ပျောက်ကွယ်သွားမည်။ ယခု နှလုံးသွေး ခုန်နေကြသော သတ္တဝါ ဟူသမျှတို့၏ သက်တမ်းသည် ပိုင်းခြားထားခြင်း ရှိ၏။ အသက် သေရန်ကား စီရင်ချက်ချပြီး ဖြစ်၏။

ဆင်းရဲခြင်းကို ကျော်လွန်နိုင်သော ချမ်းသာခြင်းဟူသည် လောက၌ မရှိ။ ကျန်းမာခြင်းသည် ရောဂါဖြင့် အဆုံးသတ်၏။ အရွယ် ကောင်းခြင်း ဟူသမျှသည် အိုခြင်းဖြင့် အဆုံးသတ်၏။ အားအင် ဟူသမျှသည် ဆုတ်ယုတ်ခြင်းဖြင့် အဆုံးသတ်၏။ လှပခြင်းဟူသမျှသည် ညှိုးနွမ်းခြင်း၌ အဆုံးသတ်၏။ အသက်ရှင်ခြင်း ဟူသမျှသည် သေခြင်း၌ အဆုံးသတ်၏။ စည်းစိမ်ဥစ္စာ၊ ဂုဏ်ဟူသမျှသည် သေခြင်းနှင့် ရင်ဆိုင်သော အခါ နောက်ဆုတ်သွားရမြဲ ဖြစ်၏။

ကျွန်ုပ်တို့သည် လောက၏ အကြောင်းမျိုးစုံကို နားလည်ကြ၏။ သို့သော် မြတ်နိုးလှသော ကျွန်ုပ်တို့၏ ရှင်ရေးကိုကား သက်တမ်းကို လည်းကောင်း၊ သေရမည့် ရောဂါအကြောင်းကိုလည်းကောင်း၊ သေရမည့် အချိန်အခါကို လည်းကောင်း၊ ရုပ် နာမ်ကို မြှုပ်နှံရမည့်နေရာကို လည်းကောင်း၊ လားရ၊ ရောက်ရမည့် ဘဝကိုလည်းကောင်း နားလည်ခြင်း မရှိကြပေ။

ဤကဲ့သို့ တွေးဆသူ တယောက် အဖို့ သေခြင်း သဘောတရားကို အောင်မြင်စွာတိုက်ယူလိုသော အင်အားသည် ပြည့်ဝလေတော့၏။ ထိုအခါ လောက၏ အနှစ်မရှိသော သဘောမှု

ခံစားခြင်းတို့ကို စွန့်လွှတ်ရန်သည် မခက်ခဲတော့ပေ။ အသက်ရှင်ခိုက် ခံစားရသော သာယာမှု ဟူသမျှသည် အိပ်မက်ကဲ့သို့ပင် ဖြစ်တော့သည်။

လူဟူသည် မိမိ စိုက်ပျိုးထားသော အရာကို မိမိပင်ရိတ်ရ၏။ ဤစိုက်ပျိုးခြင်းသည် ကမ္မ (အလုပ်)၊ ၎င်း၏အကြောင်းသည် ထိုထို ဤဤ သာယာဖွယ်ဟု ထင်သမျှ တဏှာပင် ဖြစ်တော့၏။ ဤသို့ပင် ရှင်ခြင်း သေခြင်းတည်းဟူသော မြစ်ရေအလျဉ်သည် အစဉ်မပြတ် စီးတော့၏။

ဤမြစ်ရေ ပေါ်လာရခြင်း အကြောင်းသည် တပ်မက်မှု (လောဘ)၊ စီးရခြင်းအကြောင်းသည် ပြစ်မှားမှု (ဒေါသ) ဖြစ်ပြီးလျှင်၊ အကြောင်းနှစ်ကြောင်း၏ မိခင်သည် မသိခြင်း (မောဟ) ပင်တည်း။ ဟုတ်တိုင်း မှန်ရာ (ယထာဘူတ) ကို သိသူသည် စိတ်ဆို့နေသော နုံညွှန့် ဖြစ်သော မသိမှု (အဝိဇ္ဇာ) ရေစီးမှ လွတ်မြောက်နိုင်၏။ ဘဝဟူသည် ရုပ်နာမ်ကို သန္တတိ ရေစီးပင်ဟု သိပြီးလျှင်၊ ဝိညာဏ်တည်မြဲခြင်းသည် ရုပ်နာမ်နှင့် ရောနှောနေခြင်း မဟုတ်ကြောင်းကို သိမြင်၏။

ရှင်တော်မြတ်ဘုရားကြီးက "လောကကြီးသည် ဘာမျှမရှိ၊ အသင်သည် သန္တတိဖြစ်သော ရုပ်နာမ် တရားပင် အစိုင်အခဲ တည်မြဲခြင်း ရှိသည်ကို ငါတို့နှင့် ထုတ်နုတ်ပစ်ကြလော့၊ ဤကဲ့သို့ပင် သေခြင်းတရားကို နိုင်စေသည်" ဟု ဟောကြားထားသော်မူ၏။

တမှုဟုတ်ခြင်း သေဆုံးပျက်စီးနိုင်သည်ကို သိသော် ထို တရားတော်ကို သင်မြင်လာလိမ့်မည်။ သေပုံကို မျက်မြင်တွေ့ရ ခြင်းသည် အလဟဿ ဖြစ်မည် မဟုတ်ပေ။ ဦးစံသိမ်းသည် ကျွန်ုပ်တို့အား နောက်ဆုံး ဓမ္မဒါန ပြုသွားခြင်းပင်တည်း။

ဤသေဆုံး ပျက်စီးခြင်းတရားကို တွေ့မြင်ရသော် သေခြင်း ကင်းရာသို့ ရောက်၍၊ သေရခြင်း မရှိနိုင်တော့ပေ။

ထိုနေ့ထူးသို့ အသင်တို့နှင့် ကျွန်ုပ် (ဦးစံသိမ်းပါ မတွေ့ရ သေးသော) ကျွန်ုပ်တို့အားလုံး ရောက်ကြပြီးလျှင်၊ မသေစေ နိုင်သော တရားကို အရယူနိုင်ကြပါစေသော်။

* * *

သေခြင်းကို အောက်မေ့ရပုံ (၈)မျိုး

(၁) သူသတ်ယောက်ျား ရှေးရှုတည်လာသောအားဖြင့်လည်းကောင်း၊

(၂) ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့်လည်းကောင်း၊

(၃) ကပ်၍ ဆောင်သောအားဖြင့်လည်းကောင်း၊

(၄) ကိုယ်၏ များစွာသော သေကြောင်းတို့နှင့် ဆက်ဆံသောအားဖြင့်လည်းကောင်း၊

(၅) အသက်၏ အားနည်းသောအားဖြင့်လည်းကောင်း၊

(၆) သေခြင်း၏ မှတ်သားအပ်သောအပိုင်းအခြား မရှိခြင်းအားဖြင့်လည်းကောင်း၊

(၇) ကာလ၏ ပိုင်းခြားအပ်သည်၏ အဖြစ်အားဖြင့်လည်းကောင်း၊

(၈) အသက်ရှင်သော ခဏ၏ အလွန် တိုသောအားဖြင့်လည်းကောင်း၊

ဤ (၈)ပါးသော အခြင်းအရာတို့ဖြင့် သေခြင်းကို အောက်မေ့အပ်၏။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာပြန်၊ ပထမတွဲ-၄၅၃)

## (၁) ဝဓကောပစ္စုပဋ္ဌာန

သူသတ်ယောကျ်ားသည် မိမိအနီးရှေ့၌ မားမားမတ်မတ် သတ်တော့မည့်ဟန် ရပ်နေသလို၊ ဤသူ၏ဦးခေါင်းကို ဖြတ်အံ့ဟူ၍ သန်လျက်ကို ကိုင်ပြီးလျှင် လည်ပင်းကို ခုတ်အံ့သောငှာ ရစ်ဝဲခြင်းပြုလုပ်သော သူသတ်ယောကျ်ား ရှေ့နားမှာ ကပ်၍ ရပ်နေသလို သေခြင်းသည် ရှေးရှုကပ်၍ ငါ၏အနီး၌ တည်၏- ဟု အဖန်တလဲလဲ အောက်မေ့အပ်၏။

ဥပမာ။ ။တက်လာသောနေသည် ဝင်ခြင်းသို့ရှေးရှုသွား၏။ ရောက်ရာ ရောက်ရာ အရပ်မှ အနည်းငယ်မျှ နောက်သို့ မဆုတ်သကဲ့သို့လည်းကောင်း၊

တောင်ပေါ်မှ စီးဆင်းသော တောင်ကျချောင်းရေသည် လျင်သော အဟုန်ဖြင့် မြက်၊ သစ်ခက်၊ သစ်ရွက်တို့ကို ယူဆောင်၍ တဟုန်တည်း စီးဆင်း၏။ အနည်းငယ်မျှ ဆုတ်နစ်တန့်သွားခြင်း မရှိသကဲ့သို့လည်းကောင်း။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာပြန်၊ ပထမတွဲ ၄၅၃-၄)

### သေခြင်းသည် နီး၏

သေခြင်းသို့ ရှေးရှုသွားသော သတ္တဝါသည် တန်ခူး၊ ကဆုန် နေဟုန်ပြင်းပြသော နွေကာလ အခါမှာ မြစ်ငယ်၊ ချောင်းငယ်တွေ ခန်းခြောက်သကဲ့သို့လည်းကောင်း၊

နံ့က်စောစောအခါ အညာရင်းသို့ လျှောသော အာပေါ ရေဓာတ်ကြောင့် စိုစွတ်ရင့်ရော်သော သစ်သီးတို့၏ ကြွေကျခြင်း ကဲ့သို့လည်းကောင်း၊

ဆောက်ပုတ်ဖြင့် ရိုက်ခတ် အပ်ကုန်သော မြေအိုး၊ မြေခွက်တွေ့ ကွဲခြင်း ကဲ့သို့လည်းကောင်း၊

နေရောင်ခြည် ကြောက်သဖြင့် ဆီးနှင်းပေါက်တွေ့ ကြွေပျောက်သကဲ့သို့လည်းကောင်း— သေခြင်းသည် နီး၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်၊ ပထမတွဲ–၄၅၅)

## (၂) သမ္ပတ္တိ ဝိပတ္တိ

(၁) ချမ်းသာလှစွာသော စိုးရိမ်ခြင်း ကင်းသောကြောင့် "အသောက" ဟူသော တံဆိပ် နာမံတော်ကို ခံသော မင်းကြေးရာဇ်သည် ဇမ္ဗူဒိပ်ကျွန်းခွင် မြေပြင် အလုံးကို လွှမ်းမိုးစိုးအုပ်၍ ကုဋေပေါင်း တရာမျှသော ဥစ္စာတို့ကို ပေးလှူ၍ အဆုံး၌ သျှစ်သျှားသီးတခြမ်းမျှကိုသာ အစိုးရသောအဖြစ်သို့ ရောက်ရှာရလေ၏။

(၂) "အသောက" အမည်တော်ရှိသော ထို ဘုရင်မင်းမြတ်ကြီးသည် ထိုကိုယ်ခန္ဓာဖြင့်ပင်လျှင် ကောင်းမှုကုန်ခြင်းသို့ ရောက်သည် ရှိသော် သေခြင်းသို့ ရှေးရှုသည် ဖြစ်၍ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်လေပြီ။

## သေခြင်းလျှင် အဆုံးရှိ၏

အလုံးစုံ အနာကင်းသည်၏ အဖြစ်သည် ဖျားနာခြင်းလျှင် အဆုံးရှိ၏။ အလုံးစုံ ပျိုမျစ် နုနယ် အရွယ် ကောင်းသည်၏ အဖြစ်သည် အိုခြင်းလျှင် အဆုံးရှိ၏။ အလုံးစုံသော အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

အလုံးစုံသာလျှင်ဖြစ်သော သတ္တလောကကြီးကို ဇာတိသည် ရန်သူကဲ့သို့ အစဉ်လိုက်၏။ ဇရာသည် ကပ်သော အဆိပ်ကဲ့သို့ အစဉ်ဝင်၏။ ဗျာဓိသည် အမှန်ယစ်သော ဆင်ကြီးကဲ့သို့ ဖိစီးနှိပ်စက်၏။ သေခြင်းမရဏသည် ဘီလူးတစ္ဆေတို့ကဲ့သို့ ပြင်းစွာ ပုတ်ခတ်အပ်လေ၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ မြန်မာပြန် ပထမတွဲ ၄၅၇-၈)

## (၃) ဥပသမ်ာနုဿတိ

## (က) ယသ မဟတ္တ

သေကြကုန်သော သူတပါးတို့နှင့် တကွ မဟာ သမ္မတ၊ မန္ဓာတု စသော မင်းတို့သည်လျက်လည်း သေရကုန်သေး၏။ "ငါကဲ့သို့သောသူနှုပ်တို့သည်ကား သေရကုန်မည်စင်စစ်တည်း၊ မသေရရာ အဘယ် အကြောင်းတစုံတရာ ရှိအံ့နည်း၊ မရှိသာချေ" ဟူ၍ မိမိ၏ သခြင်းကို ဆောင်သောအားဖြင့် မရဏကို အောက်မေ့အပ်၏။

## (၁) ပုည မဟတ္တ

ဇောတိကသဌေးကြီး၊ ဇဋိလသဌေးကြီး၊ ဥဂ္ဂသဌေးကြီး၊ မေဏ္ဍကသဌေးကြီး၊ ပုဏ္ဏသဌေးကြီး၊တို့ပြင် လောက၌ ဘုန်းတန်ခိုးကြီးသော သူ ဟူ၍ ထင် ရှား ကျော် သော သူ တို့ သည်လည်း ရှိကြကုန်၏။ အ လုံး စုံ သော ထို ဘုန်း ကြီး သူတို့သည် သေမင်း၏ နိုင်ငံသို့ ရောက်ကြရကုန်ပြီ။ ငါကဲ့သို့သော သူနုပ်၌ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

## (၈) ထာမ မဟတ္တ

ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ ဘိမသေနမင်း၊ ယုဓိဋ္ဌိလမင်း၊ ဓာနုရ မည်သော လက်ဝှေ့သည်ကြီး၊ဤသူတို့သည်လည်း သေမင်းယုတ်၏ အလိုနိုင်ငံသို့ လိုက်ပါကြရကုန်၏။

ဤသို့လျှင် အားစွမ်း သတ္တိနှင့် ပြည့်စုံကြကုန်သည်ဟု လောက၌ ကျော်စောထင်ရှားကုန်သော ထိုလူစွမ်းကောင်းတို့ သော်မှလည်း သေ ခြင်းသို့ ရောက်ကြရကုန်သေး၏။ ငါကဲ့သို့ သော သူနုပ်၌ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

## (ဃ) ဣဒ္ဓိ မဟတ္တ

တန်ခိုးအရာ ဧတဒဂ်ရ အရှင်မောဂ္ဂလာန် မထေရ်ကြီးသော်မှလည်း သားသမင်သည် ခြင်္သေ့ခံတွင်းသို့ ဝင်ရလေသို

သကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်နှင့်တကွ ကြမ်းကြုတ်လှစွာသော သေမင်း၏ ခံတွင်းသို့ သက်ဆင်းရလေပြီ။ ငါကဲ့သို့သော သူနှုပ်ဦကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း ဟု ဤသို့လျှင် တန်ခိုးကြီးခြင်း ဣဒ္ဓိမဟတ္တအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (င) ပညာ မဟတ္တ

ပညာကြီးတော်မူသည့် ပထမ အဂ္ဂသာဝက ဖြစ်သော အရှင်သာရိပုတြာ မထေရ်သည်လည်း သေမင်း၏ အလိုသို့ ရောက်ရသေး၏။ ငါကဲ့သို့သောသူနုပ်ဦကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း-ဟု ဤသို့လျှင် ပညာကြီးခြင်း ပညာမဟတ္တ အားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (စ) ပစ္စေကဗုဒ္ဓါ

မိမိ၏ ဉာဏ်အား၊ ဝီရိယအားဖြင့် အလုံးစုံသော ကိလေသာ ရန်သူကို နှိမ်နင်းပြီးလျှင် ပစ္စေက ဗောဓိဉာဏ်သို့ ရောက်၍ တယောက်တည်းသာနေခြင်း သဘောရှိသဖြင့် တချောင်း တည်းသာ ပေါက်သော ကြံ့ချိုနှင့် တူကုန်သော အရဟတ္တဖိုလ် တရားကို ကိုယ်တိုင်ထိုးထွင်းသိမြင်တော်မူကြကုန်သော ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့ သော်မှလည်း သေခြင်းမှ လွတ်တော်မမူကြ ကုန်။ ငါသည်ကား အဘယ်မှာ လွတ်နိုင်ပါအံ့နည်း။

## (ဆ) သမ္မာသမ္ဗုဒ္ဓ

ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်ယင်အပ်သော၊ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် အဆန်းတကြယ် အလွန်သပ္ပါယ်တော်မူသော ရုပ်ရည်ရူပကာယကိုယ်တော်၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သော သီလက္ခန္ဓ စသည့်ဂုဏ်ထူးရတနာတို့နှင့် ပြည့်စုံသော ဓမ္မကာယကိုယ်တော်၊ ယသမဟတ္တ၊ ပုညမဟတ္တ၊ ထာမမဟတ္တ၊ ဣဒ္ဓိမဟတ္တ၊ ပညာမဟတ္တဂုဏ်ရှင်တို့၏ အဆုံး အထွတ်အထိပ်သို့ ရောက်တော်မူသော၊တူမျှသောသူ မရှိ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မဖောက်မပြန်သယမ္ဘူဉာဏ်ဖြင့် အလုံးစုံသော တရားကို သိတော်မူသော မြတ်စွာဘုရားသည် ရှိတော်မူ၏။ ထိုသို့သဘောရှိသော မြတ်စွာဘုရားကြီးသော်မှလည်း အလျဉ်ဖြိုးဖြိုး ရွာသွန်းသော မိုးကြောင့် ကြီးစွာသော မီးပုံကြီး ငြိမ်းရသကဲ့သို့ သေခြင်းတည်းဟူသော မိုး ရွာဖြိုးသွန်းချသည် ဖြစ်၍ တခဏခြင်းပင်လျှင် ပရိနိဗ္ဗာန်ပြုသောအားဖြင့် ငြိမ်းစဲတော်မူရလေသည်။ ငါကဲ့သို့သော သူနုပ်ဥကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ဤသို့ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## (၄) ကာယဗဟုသာရေဂ

ဤကိုယ်သည် များစွာသော သကြောင်းတို့နှင့် ဆက်ဆံ၏။ ပိုးမျိုး ရှစ်ဆယ်တို့နှင့် ဆက်ဆံ၏။

ဤကိုယ်ကောင်ကြီးသည် ပိုးမျိုး ရှစ်ဆယ်တို့၏ မီးနေအိမ်လည်း ဟုတ်၏။ သူနာရပ်လည်း ဟုတ်၏။ သုသာန် သင်းချိုင်းလည်း ဟုတ်၏။ ကျင်ကြီးကျင်ငယ် စွန့်ရာကျင်းလည်း ဟုတ်၏။

ထိုကိုယ်ကောင်သည် ထိုပိုးမျိုးတို့၏ ပျက်စီးခြင်းကြောင့် သေခြင်းသို့ ရောက်ရ၏။ ပိုးမျိုး ရှစ်ဆယ်တို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ ဤအတူ သေခြင်း၏အကြောင်း ဖြစ်ကုန်သော ကိုယ်တွင်း၌သာ ဖြစ်ကုန်သော အရာမက များလှစွာသော ရောဂါတို့နှင့်လည်းကောင်း၊ ကိုယ်၏အပ၌ ဖြစ်ကုန်သော မြွေကင်း စသည်တို့နှင့်လည်းကောင်း ဆက်ဆံ၏။

ထိုကိုယ်သည် ထိုဘေးဥပဒ် ကျရောက်ကုန်သောကြောင့် သေခြင်းသို့ ရောက်ရလေ၏။

ဤသို့လျှင် ကိုယ်၏များစွာသော သေကြောင်းတရားတို့နှင့် ဆက်ဆံသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

# (၅) အာယုဒုဗ္ဗလ

ဤအသက်မည်သည်ကား အားမရှိ၊ အားနည်း၏။

သဟ္တဝါတို့၏ အသက်သည် ထွက်သက် ဝင်သက်နှင့်လည်း စပ်၏။ ဣရိယာပုထ်နှင့်လည်းစပ်၏။ အချမ်းအပူနှင့်လည်းစပ်၏။ မဟာဘုတ် ဓာတ်ကြီးလေးပါးနှင့်လည်း စပ်၏။ အာဟာရနှင့်လည်း စပ်၏။

ထိုအသက်သည် ထွက်သက်ဝင်သက် လေတို့၏ အညီအမျှ ဖြစ်သည်ကို ရသည်သော်သာလျှင် တည်၏။ အပသို့ထွက်သော နှာခေါင်းလေ အတွင်းသို့ မဝင်မိသော်လည်းကောင်း၊ အတွင်းသို့ ဝင်သော နှာခေါင်းလေ မထွက်မိသော်လည်းကောင်း သေခြင်းမည်သည် ဖြစ်၏၊ ဣရိယာပုထ် လေးပါးတို့၏ မျှတ ညီညွတ်သောအဖြစ်ကို ရသော်သာလျှင် တည်၏။ တပါးပါးသော ဣရိယာပုထ် လွန်ကဲသောကြောင့်မူကား အသက်အာယု သင်္ခါရတို့သည် ပြတ်လေကုန်၏။ အချမ်းအပူ ဥတုတို့၏ မျှတ ညီညွတ်ခြင်းကို ရသော်သာလျှင် တည်၏။ အလွန် အေးလွန်းခြင်းဖြင့် လည်းကောင်း၊ အလွန် ပူခြင်းဖြင့် လည်းကောင်း နှိပ်စက်သောသူအား ပျောက်ပြန်ပျက်စီး၏။ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့၏ ညီညွတ်မျှတသောအဖြစ်ကို ရသော်

သာလျှင် တည်၏။ ပထဝီဓာတ်၏ လည်းကောင်း၊ အာပေါဓာတ် အစရှိသည်တို့၏ လည်းကောင်း တပါးပါး ဖောက်ပြန်ခြင်းကြောင့် အားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သော်လည်း ခက်မာတောင့်တင်းသော ကိုယ်ရှိသည်လည်းကောင်း၊ ဝမ်းသွန်သော အနာ အစရှိသည်တို့၏ အစွမ်းဖြင့် ပျော့သော၊ ပုပ်သော ကိုယ်ရှိသည်လည်းကောင်း၊ ပြင်းပြသော အပူဓာတ် နှိပ်စက်ခြင်းကြောင့် ပျက်စီးသော အစပ်အဖွဲ့ရှိသည် လည်းကောင်း ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏။

မျှိုအပ်သော အစာအဟာရကိုလည်း သင့်လျော်သော အခါကာလ၌ ရသော်သာလျှင် အသက်သည် တည်နေနိုင်၏။ အစာအဟာရကို မရသည်ရှိသော် အသက်ကုန်ခြင်းသို့ရောက်၏။ ဤသို့လျှင် အသက်အားနည်းသောအားဖြင့် သေခြင်းကို အဖန်ဘလဲလဲ အောက်မေ့အပ်၏။

## (၆) အနိမိတ္တ

ဘယ်သောကာလ သေရမည်မသိ

(၁) သတ္တဝါတို့၏အသက် မည်မျှ ရှည်မည် မသိ၊
(၂) မည်သည့် ဝေဒနာနှင့် သေရမည် မသိ၊
(၃) မည်သည့် အချိန်ကာလတွင် သေရမည် မသိ၊
(၄) မည်သည့် အရပ်တွင် သေရမည် မသိ၊
(၅) သေပြီးသောအခါ လားရာဂတိလည်း မသိ၊

မည်သည့် အပိုင်း အခြားဖြင့် ဓံသေရမည် မသိသည်ကို အောက်မေ့အပ်၏။

## (၇) အဒ္ဓါန ပရိစ္ဆေဒ

ဤသို့လျှင် ဆွမ်းလေးငါးလုတ် ဝါးမျိုသော အခါကာလ မျှလောက်လည်း သေခြင်းနှင့် အကျွမ်းမဝင် ကောင်းရကား၊ အသက်၏ အမွန့်ကာလသည် တိုတောင်းလှ၏။ ဤသို့ ကာလ အပိုင်းအခြားအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ အပ်၏။

# (၈) ခဏပရိတ္တ

သတ္တဝါတို့၏ ပရမတ္ထအားဖြင့် အသက်ရှင်သော ခဏသည် အလွန်တို၏။ တခုသော စိတ်ဖြစ်ခြင်းမျှ အတိုင်းအရှည်ရှိ၏။

အချိန်ကာလ တိုသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

## မရဏာနုဿတိ ကမ္မဋ္ဌာန်း၏ အကျိုးထူး

ဤမရဏာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သော ရဟန်းသည် မပြတ် မမေ့ မလျော့သည် ဖြစ်၏။

အလုံးစုံသော ဘဝ ဂတိတို့၌ မမွေ့လျော်ခြင်း အမှတ်သညာကို ရ၏။

အသက်၌ ကပ်ငြိ တွယ်တာခြင်း နိကန္တိကတဏှာကို ပယ်စွန့်၏။

မကောင်းမှုကို စက်ဆုပ်၏။ သိုမှီး သိမ်းဆည်းခြင်း မများ၊ ပစ္စည်းပရိက္ခရာတို့၌ ဝန်တိုခြင်း ကင်း၏။

ထိုမရဏာနုဿတိ ပွားသောပုဂ္ဂိုလ်အား အနိစ္စသညာသည် လေ့လာခြင်းသို့ ရောက်၏။ ထိုအနိစ္စ သညာကို လေ့လာခြင်းကြောင့် ဒုက္ခသညာ၊ အနတ္တသညာ တို့သည်လည်း ထင်ကုန်၏။

မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုမပွားသောသူတို့သည် အဆောတလျင် သားရဲ၊ ဘီလူး၊ ရက္ခိုသ်၊ မြွေ၊ သူသတ်၊ ခိုးသူတို့

သည် နိုပ်စက်သကဲ့သို့ သေခါနီးကာလ၌ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တွေဝေခြင်းသို့ ရောက်ကုန်၏။

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားသောသူ၌ကား ဤကဲ့သို့ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တွေဝေခြင်း မရှိပဲ သေရ၏။

အကယ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ အမြိုက်နိဗ္ဗာန်ကို မရသည်ရှိသော် ကိုယ်ခန္ဓာပျက်၍ အသက်သေသည်မှ နောက်၌ သုဂတိဘဝလျှင် လဲလျောင်းရာရှိသည်ဖြစ်၏။

ထို့ကြောင့် ပညာရှိတို့သည် ဤသို့ တန်ခိုး အာဏာတော်ကြီးလှသော မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အခါခပ်သိမ်း မမေ့မလျော့ ကြိုးပမ်းအားထုတ်ရာ၏။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာပြန် ပထမတွဲ–၄၆၆–၄၇၆)

## ပသေခင် ကာကွယ်ရေး

မြန်မာလူမျိုးတို့သည် လူတဦးတယောက် သေတော့မည့် ဆဲဆဲတွင် အနားက ဝိုင်းအုံ၍ မည်သူ မည်ဝါ ရှိပါတယ်၊ အားမငယ်ပါနဲ့ ဟု လူကြီးမိဘ၊ သားသမီးတို့၏ အမည်ကို ဖော်ပြ၍ အားပေးစကား ပြောကြားတတ်ကြ၏။ ထိုသို့ အားပေးပါသော်လည်း တမလွန်ဘဝသို့ ပြောင်းသွားသောသူ၏ မှီခို အားထားရာကား မဖြစ်ပေ။

မည်သို့ပင် အနားမှာ အမြဲရှိပါသည်ဟု ပြောဆိုငြားလည်း ထိုသူ၌ ရှိသော သံယောဇဉ် ကိလေသာကို ဆွပေးသည်နှင့် တူ၏။ သံသရာရှည်အောင် ပြုပေးသည်နှင့် တူ၏။ စိတ်ဆင်းရဲအောင်၊ ကျန်ရစ်သူတို့ကို အမှတ်ရအောင် ပြုကြ၏။

## သေခါနီး ပြုလုပ်မည့် တာဝန်

သေခါနီးပြုလုပ်ရမည့်တာဝန်မှာ ဘုရားကိုအာရုံပြုအောင်၊ တရားကို အာရုံပြုအောင်၊ သံဃာကို အာရုံပြုအောင်သာ ပြုလုပ်သင့်၏။ အမှန်အားဖြင့် လူတဦးတယောက်၏ အနီးအနားမှာ အမြဲ မနေနိုင် အားပေ။ သေကွဲ မကွဲ ရှင်ကွဲ ကွဲရ၏။ ရှင်ကွဲ မကွဲ သေကွဲ ကွဲကွာရ၏။ ထိုသူကား တမလွန်ဘဝသို့ သေကွဲခွဲခွာ၍ အမှန်သွားရမည့်သူ ဖြစ်သည်။ မိမိတို့လည်း ထိုသူ၏နောက်သို့ အမြဲမကွာ လိုက်ပါဖို့ရန် အလှန် နီးကပ်နေကြပေပြီ။

ဤသို့သောနည်းဖြင့် မိမိတို့သည် ထိုသူ၏ အနီး၌ အစဉ်အမြဲ ရှိတတ်၏။ ယင်းကြောင့် တမလွန်ဘဝသို့ ပြောင်းသွားသော သူ၏ မှိုခိုအားထားရာ အစစ်အမှန် ဖြစ်အောင် မအို၊ မနာ၊ မသေခင်စပ်ကြား၊ ဒါန၊ သီလ၊ ဘာဝနာကို ကြိုးစားအားထုတ် ပြုလုပ်သင့်ကြပေသည်။

## ဘယ်သူ့ကိုမှ အားကိုးစရာ အားထားစရာမရှိ

ဖိနပ်နဲ့ ထီး မပါလျှင် နေ့ခါမှ သိရသကဲ့သို့၊ ဒါနနဲ့ သီလ မပါလျှင် သေခါမှ သိရမည်သာ။ မိမိတို့ကိုယ်ကို သေခါနီး ကြီးဟု ပြောဆိုကြလျှင် နာလိုခံခက် ဒေါသထွက်ကြ၏။ အမှန် ကတော့ သေခါနီးကြီးပါပေ။ ဘယ်နေ့ ဘယ်အချိန် ဘယ် ကာလ၌ သေရမည်သာ မသိနိုင်။ သေရမည်ကား မုချဖြစ်၏။

ဒါန ပြုသင့်သော အချိန်မှာ ဒါန ပြုကြလျက်၊ သီလ ဆောက်တည်သင့်သော အချိန်မှာ သီလကို အမြဲစောင့်ထိန်း ကြလျက်၊ ဘာဝနာ ကုသိုလ်ကို ပွားများ အားထုတ်ရမည့် အချိန်မှာ ကုသိုလ်ဘာဝနာကို ကြိုးစား ပြုလုပ်ပါမှသာ မိမိ သေခါနီးကြီး၏ မှီခိုအားထားရာ ရမည်ဖြစ်၏။ ဘယ်သူ့ကိုမှ အားကိုးစရာ၊ အားထားစရာ မရှိပေ။ မိမိ ကိုယ်ကိုသာ မှီခို အားထားရာ အစစ်အမှန်ဖြစ်၏။

များစွာသောသူတို့သည် မိမိတို့မသေခင် သရဏဂုံသုံးပါး ငါးပါးသီလကို ခံယူသဖြင့် ဘဝမခြားပဲ ကောင်းရာ သုဂတိ ကို ရောက်နိုင်၏။ ထိုသို့မဟုတ်ပဲ ပစ္စည်းဥစ္စာကို စွဲလမ်းလျှင် ပြိတ္တာဘဝ ရောက်နိုင်၏။ သားသမီး၊ မယား၊ လင်သားတို့ အပေါ် တဏှာဖြင့် စွဲလမ်းလျှင် တိရစ္ဆာန်ဘုံသို့ ရောက်နိုင်၏။ သူ့အသက် သတ်ခြင်း စသော မကောင်းမှု အလုပ် ပြုလုပ်ခဲ့ ပါလျှင် ငရဲ လားရဦးမည် ဖြစ်၏။ မည်သို့ပင် နှစ်ပေါင်းများ စွာက အကုသိုလ်အထုပ်ကြီး ဖိစီးစေကာမူ သေခါနီးကာလ သရဏဂုံယူသဖြင့် ချမ်းသာကို ရနိုင်၏။

## သရဏဂုံ အကျိုး

မဓုရင်္ဂဏ မည်သောရွာ၌ ကျီတံခါးစောင့်သော ယောကျ်ား သည် နံနက်စောစော၌ သံမျှားချိတ်ကို ယူ၍ မြစ်ကမ်းသို့ သွားပြီးလျှင် ငါးတို့ကို သတ်၍ သုံးစု ပြုပြီးသော် တစုကို ဆန်နှင့် လဲလှယ်၏။ တစုကို နို့ဓမ်းနှင့် လဲ လှယ် ၏၊ တ စု ကို ချက်ပြုတ် စားသောက်၏။ ဤသို့သောနည်းဖြင့် နှစ်ပေါင်းငါး ဆယ်ကာလပတ်လုံး ပါဏာတိပါတ ကံကို ပြုလုပ် အသက် မွေးလေ၏။

သေခါနီးသို့ ရောက်သော ကာလ ဂိရိဝိဟာရ၌ နေသော စူဠပိဏ္ဍပါတိကတိဿ မထေရ်က ဤဒါယကာသည် ငါမြင် လျက် သိလျက်နှင့် မပျက်စီးကောင်း ပေဟု နှလုံးသွင်းလျက် အိမ်တံခါးသို့ သွား၍ရပ်၏။ မယားကမြင်၍ အရှင်ရဟန်း ကြွလာကြောင်းကို လင်အားပြောကြား၏။ ထိုလင်ယောကျ်ား သည် ငါကား အနှစ်ငါးဆယ် ကာလပတ်လုံး ဤ အရှင်ကို တခါမျှ မမြင်မသိပါပဲ အဘယ်ကျေးဇူးရှိ၍ ရပ်လာသနည်း။ "ကန်တော့ပါ၏ ဆိုချေ" ဟုမယားကိုစေ၍ ကန်တော့လေလျှင်၊ "ဒါယိကာမ– ဒါယကာ အဘယ်သို့ ရှိသနည်း" ဟု မေးရာ၊ "မရဏာသန္န သေခါနီး အားကြီးစွာ ဖြစ်၏" ဟု လျှောက် ထားလေသည်။

မထေရ်သည် ဒါယကာ၏ အနီးအပါးသို့ ဝင်တော်မူပြီးမှ သတိတရားကို ရစေ၍ ''ဒါယကာ— သီလကို ခံယူပါ'' ဟု တိုက်တွန်းရာ၊ ဒါယကာက ''ကယ်မ သနားတော်မူပါ'' ဟု လျှောက်ထား၏။ မထေရ်က သရဏဂုံ သုံးပါးကို သင်ချ၍ ငါးပါးသီလကို ခံယူစေ၏။ ပီပြင်စွာ မဆိုနိုင်သည့် အတွက် သရဏဂုံ သုံးပါးနှင့်ပင် သင့်အားချမ်းသာကို ရလိမ့်မည်ဟု မိန့်တော်မူ၍ ကြွသွားလေ၏။ ထို ဒါယကာလည်း မကြာမီ စုတိကျ၍ သရဏဂုံယူသော အကျိုး ကျေးဇူးကြောင့် စတုမဟာရာဇ် နတ်ပြည်တွင် နတ်သား ဖြစ်လေ၏။

ဤကား သူတော်ကောင်းကို အမှီရခြင်း၊ သူတော်ကောင်း တရားကို ကြားနာရခြင်း ဟူသော အကျိုး ကျေးဇူးကြောင့် သုဂတိ ချမ်းသာကို ရ၏။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓ— ဓမ္မ— သံဃာကို ယုံကြည် ကိုးစား အားထားပါလျှင် တမလွန်ဘဝသို့ မရောက်ခင် သေခါနီး အချိန်တွင် သရဏဂုံသုံးပါး၊ ငါးပါး သီလများကို ခံယူ ဆောက်တည်သင့်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပါသတည်း။

(ကျောက်ပန်းတောင်း— အရှင်ပဏ္ဍိစ္စ)

## လူမှန်လျှင် သေရမှာချည်းပဲ၊ ဒါပေမယ့် ဘယ်လို သေမလဲ

### သောက အေးရာ အဖြေရှာ

သတ္တဝါတို့သည် ဇာတိကအစဖြစ်ပေါ်လာရ၍ ထိုဇာတိ၏ မုချ အကျိုးဆက် ဖြစ်သော မရဏဆိုသည့် သေခြင်းသဘော တရားကို လွန်ဆန် ရှောင်လွှဲခြင်းငှာ မည်သူမျှ မတတ်နိုင်ကြချေ။ ထိုသေဘေး မရဏကို ကြောက်ကြသော်လည်း တနေ့မှာ ကောန်တွေ့ရမှာပဲဟု ထိတ်လန့်ကြသည်၊ စိုးရိမ်ကြသည်၊ တချို့က စိုးရိမ်မှု၊ ထိတ်လန့်မှုတွေကို သောကအေးရာ အဖြေရှာလိုက်ပုံက (ဘုရား ရဟန္တာတို့တောင်မှ သေကြသေးတာပဲ) တဲ့။

### အဖြေရှာပုံ မခိုင်လုံ

ဒီလိုအဖြေပြုပြီး အေးမှုကိုရှာ အားတင်းကာ နေကြပုံမှာ လုံပြီမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့ သေနေကြပုံနှင့် ဘုရားရဟန္တာတို့ သေလွန်ကြပုံမှာ သာမည အားဖြင့် သေကြတာခြင်း တူသော်လည်း သေနည်းသေပုံမှာ အများကြီး ကွာခြားလှသည်။

## အမြတ်ဆုံးသော သေနည်းဖြင့် သေကြရအောင်

ထိုသေခြင်းအမျိုးအစား(၃)ပါးတွင် သမုစ္ဆေဒ မရဏ- ဝဋ်မြစ်ကို ဖြတ်ပြီး သေတဲ့ ဘုရားရဟန္တာတို့ရဲ့ သေခြင်းသည်သာ သေခြင်းတကာတို့ထက် အမြတ်ဆုံး ဖြစ်လေသည်။

ထိုသို့ ဘုရား ရဟန္တာတို့ရဲ့ ဝဋ်မြစ်ပြတ်၍ မြတ်သောသေနည်းဖြင့် သေကြရလေအောင် ဘုရား ရဟန္တာတို့ရဲ့ အလုပ်ဖြစ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ဤသံသရာချဲ့ရာ ပပဥ္စတရား (၃)ပါးကို၊ အရဟတ္တမဂ် စက်လက်နက်ဖြင့် ပယ်ရှားခုတ်ဖျက်နိုင်ရန် ကောင်းမြတ်သော ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးစား ပွားများ အားထုတ်ဖို့ လိုအပ်ပေသတည်း။

(မန္တလေး၊ အရှင်တိက္ခဉာဏ)

မှတ်ချက်။ ဤဆောင်းပါး မူရင်းတွင် "**သတ္တဝါတွေ အကုန်သေ**" နှင့် "**သေခြင်းအမျိုးအစား (၃) ပါး**" ခေါင်းစဉ်ဖြင့် ပါရှိသော အကြောင်းအရာများ အခြားတနေရာမှာ ပါပြီးဖြစ်၍ ချန်လှပ်ခဲ့ပါကြောင်း။ ။

## အနေကောင်း၍ အသေကောင်း

ဆရာကြီးထံ တရားအားထုတ်သူများ ရောဂါအမျိုးမျိုး ပျောက်ကင်းမှုနှင့်စပ်၍ ရေးမှတ်မကုန်အောင် များပြားလှသကဲ့သို့၊ ထို့အတူ သေခါနီးကာလတွင် (သုဂတိနိမိတ်များထင်၍) စကားဆန်း ပြောသွားသော ယောဂီများလည်း များပြားလှပေသည်။ သေရမည့် နေ့ရက် အချိန်အခါကို ကြိုတင်ပြောသော ယောဂီများလည်း မနည်းချေ။

ဆရာကြီး၏ နှမ ဒေါ်ဖွားရင်၏ ခင်ပွန်း ဦးဖိုးရှင် မသေမီ တရက်ကပင် ရေချိုးခြင်း အဝတ်အစားသစ်၊ နေရာထိုင်ခင်းအသစ် ပြင်ဆင်လဲလှယ်ခိုင်းပြီး မိတ်ဆွေ သား မယားများကိုခေါ်၍ ကာယကံ ဝစီကံ မနောကံ အပြစ်များရှိလျှင် ခွင့်လွှတ်ကြရန်၊ သည်းခံကြရန် တောင်းပန် ပြောဆိုလေသည်။ သမီးမချစ်ဆိုင်ကိုလည်း လိမ်လိမ်မာမာ နေရစ်ရန် ဆုံးမစကားပြောကြားပြီးနောက် 'မနက်ဖြန်နေ့ထွက်လျှင် သမီးတို့နှင့်စကားပြောရမှာမဟုတ်ဘူး။ ငါ့အတွက် ငွေကုန် လူပန်းခံပြီးလဲ ဘာမှမလုပ်ရစ်ကြနဲ့ ကဲ—ကဲ ခုအချိန်ကဇပြီး ဘာမှမပြောဆိုမမေးမြန်းကြနဲ့တော့ကွယ်။ ငါ့တရားနှင့်ငါ နေပါရစေ။ ခြင်ထောင်ချပေး' ဟု နောက်ဆုံးစကား ပြောကြား၏။

ဦးဖိုးရှင်သည် တညနေနှင့် တည တရားနှလုံးသွင်းယင်းအေးဆေးစွာ နေတော့သည်။ နောက်တရက် နံက်(၅)နာရီခန့်ဆန်ပြုတ်တိုက်ကျွေးရန် ခြင်ထောင် ဖွင့်ကြည့်ရာ ကွယ်လွန်နေသည်ကို တွေ့ကြရ၏။

သေခါနီးကာလတွင် 'နတ်ရထား ဆိုက်လာနေပြီ'ဟု ပြောသော ယောဂီများလည်း မနည်းချေ။

ဆရာကြီး၏ဓမ္မာရုံကို ဦးစီးပြီး တိုးချဲ့ဆောက်လုပ်သွားသူ လက်သမားဆရာကြီး ဆရာအင်း ကွယ်လွန်သော အခါတွင်လည်း ဦးဖိုးရှင်ကဲ့သို့ပင် ဇနီးနှင့် သားသမီးများအား ပြောပြောဆို ဆုံးမပြီးမှ ကွယ်လွန်သွားသည်။

ထူးခြားသည်ကား ဆရာအင်းမှာ (၄၉) ရက်ကပင် ကြိုတင်၍ မိမိ သေမည့်ရက်ကို ပြောဆို ကွယ်လွန်သွားလေသည်။

အနေကောင်းမှ အသေကောင်းကြရ၏။ အသေကောင်းစေရန် ကြိုတင် အသေ ပြင်ထားသင့်ကြလေသည်။ ဘဝတသက်တာကား ရေပွက်ပမာ တခဏသာတည်း။

## အသေကောင်းကို ကြိုတင် ပြင်ဆင်နည်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အာနာပါနဿတိ အခန်း နိဂုံး၌— 'အာနာပါန ရှုပွားများ၍ ရဟန်းကိစ္စ ပြီးမြောက်သူတို့သည် မိမိတို့ သေရမည့် အချိန်ကာလကို အတိအကျ ကြိုတင်သိမြင်ကြကုန်၏။ အာနာပါနမှ တပါးသော ကမ္မဋ္ဌာန်းကို ရှုပွားသူတို့ကား သိသည်လည်း ရှိသည်၊ မသိသည်လည်း ရှိသည်'ဟု ဖော်ပြထား၏။ ထွက်လေ ဝင်လေကို ရှုမှတ်သော သတိ၏ စွမ်းအားသည် ထိုမျှလောက် ကြီးမားလှပေ၏၊

စင်စစ် ရဟန္တာ ပုဂ္ဂိုလ်များသာမဟုတ်၊သောတ္တ(ကျင့်ကြံဆဲ) အရိယာများနှင့် သမာဓိ အားကောင်းသော ယောဂီများပင် ကြိုတင် သိနိုင်ပုံမှာထင်ရှားလှပေသည်။ အဋ္ဌကထာ၌ရေမိုးချိုး ဝတ်စားပြင်ဆင်၍ ကိုယ့်ဘာသာ အလောင်း ပြင်ထားတတ်ပုံ များကို ဝတ္ထုသာဓကနှင့်တကွ ဆိုထားရာ လက်တွေ့တွင်လည်း ထိုအတိုင်းပင် တွေ့မြင်နေကြရသည်။

သေမင်းကို ရဲတင်း အေးဆေးစွာ ရင်ဆိုင်ရဲသည်မှာ ဤ တရား ရှုမှတ်မှုမှလွဲ၍ အခြားနည်းလမ်း မရှိပါလေ။

ဗုဒ္ဓဘာသာဝင်တို့သည် "ဒီတောင်ကတော့ မကျော်နိုင် တော့ဘူး" ဟု သိသည်နှင့် တပြိုင်နက် ဘာသာတရားဖြင့် သေမင်းကို ရင်ဆိုင်လေ့ရှိကြရာ ရင်ဆိုင်ပုံဆိုင်နည်းမှာ အမျိုး မျိုး ရှိကြလေသည်။

(၁) မိမိ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုများကို အောက်မေ့ခြင်း၊ လူနာစောင့်များက သတိပေး ခြင်း။

(၂) ရဟန်း သံဃာ၊တတ်သိနားလည်သူများအား တရား စာပေများ ရွတ်ဖတ်စေ၍ နာယူခြင်း၊အလှူအတမ်း ပြုပေးခြင်း။

(၃) တရားဘာဝနာ နှလုံးသွင်းခြင်း စသည်ဖြင့် မိမိတို့ နားလည်သလောက် ပြုလုပ်ပေးကြရ၏။ ဘဝ ကူးကောင်းစေရန် 'သေခါနီး မိတ်ဆွေကောင်း အရေးကြီးတယ်' ဟုပင် ပြောစမှတ် ပြုကြ၏။

ဒါန သီလ ထက်သန်လေ့လာသူများက (၁)(၂) နှင့် နည်းကို အသုံးပြုကြ၍၊ ကိုယ်ပိုင် ဝိပဿနာ ဘာဝနာတရား လေ့ကျက် ပွားများလေ့ရှိသူများကမူ နံပါတ်(၃)နည်းကိုသာ အသုံးပြုကြလေသည်။အားလုံး အကောင်းချည်းပင် ဖြစ်သော်လည်း၊ သူတပါးကို အားကိုးနေသောနည်းထက် 'ကိုယ့်အားကိုယ်ကိုးသော နည်းကိုသာ ဘုရား စသော သူတော်ကောင်းများက ကြိုက်နှစ်သက်တော်မူကြသည်။ ပို၍ လွယ်ကူချမ်းသာ အင်အား ပါသောကြောင့် ဖြစ်၏။

'တာဝန် ထမ်းဆောင်ယင်း သေသူကိုသာ သူ့ရဲကောင်း အာဇာနည်' အဖြစ် လောက၌ အသိ အမှတ် ပြုကြ၏။ လောကုတ္တရာ၌လည်း တရားအလုပ် လုပ်ယင်း သေနိုင်သူကိုသာ' အလုပ်ခွင်၌သေသူ၊ အလုပ်လုပ်ယင်း သေသူ၊ သေသည်အထိ အလုပ်လုပ်နိုင်သူ'ဟု (ဓုရသိုံယော ကာလကရောတိ။ သဂါထာသံယုတ် အစ္ဆရာသုတ်အဖွင့်၌)ချီးကျူး ဂုဏ်ပြုရလေသည်။

တစုံတရာ ရောဂါဝေဒနာ ပြင်းထန်လေ သတိ သမာဓိ တိုး ပေး ရ လေ လုပ်ကြရ၏။ ယင်းသို့ 'အ နေ ကောင်း မှ အလောင်းလှ' ကြရပေလိမ့်မည်။ ယခု ကဲ့သို့သော ခေတ်အခါ မျိုးကြီး၌ သူတပါးတို့က ဆွဲကူထူ မ၍ ရှိသော သုဂတိဘာဝ လေးကိုနှင့် အားရ ကျေနပ်လေးကိုသည် မဟုတ်ချေ။ တရံမလပ် သတိချပ်၍ ရှုပွားကြကုန်ရာ၏။

(ဦးဌေးလှိုင်ရေး အနာဂါမ် ဆရာသက်ကြီး)

# ဘဝကူး ကောင်းရေး

## သေမင်း တမန်များ

လူသား—ထလော့။

ပညာ တည်းဟူသော မျက်စိကို ဖွင့်လော၊ ကြည့်လော၊ တွေဝေမိန်းမော မေ့လျော့ခြင်းတည်း ဟူသော အိပ်စက်ခြင်းဖြင့် အချိန်ကုန်ခံမနေပါနှင့်၊ သေခြင်းတရားသည် တစက္ကန့်ထက် တစက္ကန့် သင့်ထံပါးသို့ နီးကပ်လာပါပြီ။

လူသား— နွေကာလက သစ်ပင်ထက်မှ ရော်ရွက်ဝါတို့ ကြွေကျ လာခြင်း၊ ရိုးတံ ကျဲတဲနှင့် သစ်ပင်ကို တွေ့ရခြင်း၊ သစ်ငုတ်တိုတို့ကို တွေ့မြင်ရခြင်းသည် သေခြင်းတရားကို မမေ့လျော့ရန် သေမင်းတမန်က ပြောပြနေခြင်း ဖြစ်သည်။

လူသား— သူတပါးတို့ အိုခြင်း, နာခြင်း, သေခြင်းကို မြင်ရခြင်း၊ ကြားရခြင်းသည် သေခြင်းတရားကို မမေ့လျော့ရန် သင့်အား သေမင်းတမန်က ပြောနေခြင်း ဖြစ်ပါသည်။

လူသား– သင့်ခန္ဓာ ကိုယ်၏ ရင့်ရော် လာခြင်း၊ အရေတွန့်လာခြင်း၊ သွားကျိုး ဆံဖြူ နားအူလာခြင်း၊ ခါးကိုင်း မျက်စိမှုန် အသားအရေတို့ ဆုတ်ယုတ်လာခြင်း၊ ရောဂါဖြစ်

လာခြင်း 'စသည်တို့သည် သေခြင်းတရားကို မမေ့လျော့ရန် သင့်အား သေမင်းတမန်က ပြောနေခြင်း ဖြစ်ပါသည်။

အို လူသား— ထလော့၊ ပညာတည်း ဟူသော မျက်စိကို ဖွင့်၍ကြည့်လော့၊ မေ့လျော့ခြင်းဖြင့် သင်သည်အဘယ်ကြောင့် အိပ်ပျော်စက် နေပါသနည်း။

လူသား— တမလွန်ဘဝသို့ သွားမည့်သင်သည် အဘယ်သို့သော ပေါင်းကူး တံတားကို ဆောက်ထားပါသနည်း။ မူလိကို တင်းကျပ် ထားပါသနည်း၊ တံတားကော ဆောက်ထားပါပြီလော၊ မူလိကိုကော တင်းကျပ် ထားပါပြီလော။

## ၁၀ ကူးခါနီးတွင်

လူသား— သင့်အား သေခါနီးတွင် အောက်ပါတရားတို့ ထင်လတ္တံ့။

၁။ သင် မွေးဖွားသည်မှ စ၍ သေခါနီးကာလ အထိ ပြုလုပ်ခဲ့သော ကုသိုလ်ကံ (ဝါ) ကာယကံ, ဝစီကံ, မနောကံ တို့သည်လည်းကောင်း၊ ထိုကံတို့ကို ပြုလုပ်ခဲ့စဉ်က ကံမြောက် အောင် ပါဝင်ခဲ့သော ဟုတ်, ခေး, လေး, မြား, သေနတ်။ ပန်း, ဘုရား, စေတီ, ဆွမ်း, သင်္ကန်း, စသော ကမ္မနိမိတ် တို့သည်လည်းကောင်း ထင်လတ္တံ့။

၂။ ထိုသို့ ကံ၊ကမ္မနိမိတ်ထင်ရာ၌ အကုသိုလ်ကံ၊ကမ္မနိတ်မိသည် များခဲ့လျှင် ညှိုးနွမ်းသော အကုသိုလ် စိတ်သည်သင့်အား ဖြစ်လတ္တံ့၊ ကုသိုလ်ကံ၊ ကမ္မနိမိတ် များ ခဲ့ လျှင် စင်ကြယ် (ကြည်လင်) သော ကုသိုလ်စိတ်သည် ဖြစ်လတ္တံ့။

၃။ ထိုသို့ ကံ၊ကမ္မနိမိတ် ထင်ပြီးလျှင် ကံအားလျော်စွာ သွားရမည့် ဂတိနိမိတ်တို့သည် ထင်လတ္တံ့၊အဘယ်သို့ ထင်လတ္တံ့နည်း၊ သင်အား ကုသိုလ်ကံများခဲ့လျှင် ကောင်းသော ဘုံသို့ သွားရန် အမိဝမ်းရေ,နတ်သမီး,ဗိမာန်,ပဒေသာပင် စသည်တို့သည်လည်းကောင်း၊အကုသိုလ်ကံ များခဲ့လျှင် မကောင်းသော ဘုံသို့ သွားရန်၊ ငရဲမီး, ငရဲအိုး, ငရဲထိန်း, ခွေးနက်ကြီး စသည်တို့သည်လည်းကောင်း ထင်လတ္တံ့။

၄။ ထိုသို့ လားရာဂတိ ထင်ပြီးသည့်နောက်၌ သစ်ပင်မှ ကြွေကျသော ရော်ရွက်ဝါသည် ကြွေသည်နှင့် တပြိုင်တည်း 'ငါဟာ လောကမှာ သစ်ရွက်ပဲဟေ့' ဟူသော ကြွေးကြော်သံသည် ကွယ်ပျောက်သကဲ့သို့ သင်သည် ကွယ်ပျောက်လတ္တံ့။

အို လူသား– သေခါနီးကာလ၌ ကောင်းသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်ရန် စင်ကြယ်သော ကုသိုလ်စိတ်ဖြစ်ရန် သင်သည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုထားပါသနည်း။

လူသား–သင့်ကိုသင် ပြန်လည် ဆန်းစစ် ကြည့်ပါလော့။

## ကောင်းမှုပြုခြင်း

လှူသား-ကောင်းမှုကို ပြန်လည်စစ်ဆေးပါလော့ဟု တိုက်တွန်းခြင်းဖြင့် ကောင်းမှု မရှိသေးသော (ဝါ) ကောင်းမှုနည်းသော သင့်အား ကောင်းမှုပြုရန် တိုက်တွန်းနေခြင်း မဟုတ်ပါ။

လှူသား— ကုသိုလ်ရချင်စိတ် မရှိ၊ ဂုဏ်ပကာသနကို လိုချင်တမ်းတ၍ ကောင်းမှုပြုခြင်း၊ စေတနာ သဒ္ဓါတရားမရှိပဲ ငွေအသိန်း အသန်းဇကုန်ခံ၍ ကောင်းမှုပြုခြင်းထက် ထက်သန်သန့်ရှင်းသော စေတနာ၊ ထက်သန်သော ယုံကြည်မှု သဒ္ဓါတရားဖြင့် ကောင်းမှု ကုသိုလ်(ဝါ) ဆွမ်းတဇွန်း လောင်းလှူလိုက်ရခြင်းသည် မွန်မြတ်ပေစွ။ ဘုရားစေတီအား ရေချမ်းတခွက်,ပန်းတခက်နှင့် ဆီမီးတတိုင် ကပ်လှူရခြင်းသည် မွန်မြတ်ပေစွ။

လှူသား— ပါရာသီမြို့စားသည် မိမိ ဘဏ္ဍာတိုက်အတွင်းရှိ ပစ္စည်းဥစ္စာအားလုံးကိုဥတ္တရ လုလင်အား ထုတ်ယူစေပြီး သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးတည်းဟူသော ပစ္စည်းလေးပါး၌ ဝေဖန်ကာ လှူဒါန်းစေ၏။ အလှူရှင်ကား ပါရာသီမြို့စား၊ ကိုယ်တိုင် ကိုယ်ကျ လုပ်ကျွေးပေးလှူသူကား ဥတ္တရလုလင်တည်း။

သူတို့နှစ်ဦး သေပြီး၍ နတ်ပြည်ရောက်သော်၊ ပါရာသီမြို့စားနတ်က တန်ခိုး စည်းစိမ်နည်းပါး၍၊ ဥတ္တရ နတ်သားကာ

တန်ခိုးစည်းစိမ် ကြီးမား၏။ထို့ကြောင့်ပင်လျှင် ပါရာသီမြို့စား ဖြစ်ဘူးသော နတ်သားသည် အလှူကို ထက်သန်သောစေတနာ၊ ယုံကြည်မှု သဒ္ဓါ ပြည့်စုံစွာဖြင့် ကိုယ်တိုင် ကိုယ်ကျ ရိုရိုသေသေ လုပ်ကျွေး ပေးလှူလေ့ဟု ကြွေးကြော် ဘူးပြီ။

လူသား– ဤသို့သော သာဓကကိုထောက်၍ သင်သည် စေတနာ သဒ္ဓါတရား မရှိ၊ကုသိုလ်ရချင်စိတ် မရှိ၊ ဂုဏ်ပကာနကို မျှော်မှန်းတမ်းတ၍ ငွေ အသိန်း အသန်းအကုန်ခံကာ အလှူ ပေးခြင်း (ဝါ) ကောင်းမှုပြုခြင်းထက်၊ စေတနာ သဒ္ဓါ သန့်သန့်ဖြင့် ကောင်းမှုပြုခြင်း (ဝါ) ဆွမ်း တဇွန်း ပေးလှူ လိုက်ရခြင်းသည် မှန်မြတ်ကြောင်း မှတ်ပါလော့။

လူသား–ကောင်းမှု ပြုသောသင်အား ထက်သန်သော စေတနာ၊ ယုံကြည်မှုသဒ္ဓါ ရှိခဲ့ပါသလော၊ ပြန်လည်ဆန်းစစ် ကြည့်ပါ။

## ကောင်းမှုကို ပွားများခြင်း

လူသား–ကောင်းမှုပြုသော သင်အား စေတနာ ထက်သန်၏။ ယုံကြည်မှုသဒ္ဓါ ပြည့်စုံ၏၊ မှန်မြတ်လှပေစွ။သို့သော် သင်သည် ပြုတုန်းခဏ၌သာ ထိုစေတနာ သဒ္ဓါတရားတို့သည် ဖြစ်ပွားခဲ့ လေသလော၊ ပြုလုပ်ပြီးနောက်၌ တဖန် စဉ်းစား၍ ဝမ်း မြောက်မှု အနုသာတိ ကမ္မဋ္ဌာန်းကို မပွားများတော့ပြီလော၊ ပြန်လည်စဉ်းစားပါ။

လူသား- ကုသိုလ်တို့မည်သည် မပြုလုပ်မီ ဝမ်းသာစွာနှင့် ကြိုဆိုရ၏၊ ပြုလုပ်စဉ် ဝမ်းသာစွာ ညွှတ်ခံရ၏။ ပြုလုပ်ပြီးနောက် ဝမ်းသာ ကြည်နူးစွာ ပြန်ပွားရန်၏။ ဤသို့လျှင် ကုသိုလ်ကို မပြုလုပ်မီ ဝမ်းသာရ၏။ ပြုလုပ်စဉ် မတွန့်တို မဆုတ်နစ်ရ၊ ပြုပြီးသော်ကား အသက်ထက်ဆုံး ပြန်လည်သုံးသပ် ပွားများ၍ ဝမ်းမြောက်မှု ပီတိအဟုန်ကို ရယူအပ်ခလေ၏။

လူသား-ပျားတို့သည် မိမိတို့၏ ပျားလပို့ကို ပန်းပေါင်းစုံ တို့၏ ရန့်ဝတ်ရည်ဖြင့် ထုံသင်းစေသကဲ့သို့ လူတို့သည် ပြုပြီး သော ကုသိုလ်ကို ပြန်လည်သုံးသပ်၍ ဝမ်းမြောက်မှု ပီတိ အဟုန်ကို ရယူအပ်လေ၏။

လူသား-ထိုသို့ ကုသိုလ်ကို တကြိမ်တခါမျှသာ ပြုရသေး သော်လည်း သင်သည် ပြုလုပ်ပြီးသော ကုသိုလ်ကို အသက် ထက်ဆုံး ပွားများခြင်းဖြင့် ဘဝကူးကောင်းလတ္တံ့။ ကုသိုလ် များများပြုပြီး ပို၍ ပွားများသောသူမှာမူကား အဘယ်မှာ ဘဝကူး မခကောင်းပဲ ရှိလတ္တံ့နည်း။

လူသား- သေခြင်းတရားသည် တစက္ကန့်ထက် တစက္ကန့် နီးကပ်လာပါပြီ၊ ဘဝကူးကောင်းရန်အတွက် ကုသိုလ်ကို တကြိမ် တခါ ပြုမိအောင်ပြု၍ အသက်ထက်ဆုံး အနုဿတိ ကမ္မဋ္ဌာန်းကို ပွားများပါလော့။ ထိုသို့ ပွားများခြင်းသည်ပင်လျှင် 'ဘဝကူး ကောင်းရေး' တရားပင် ဖြစ်ပေတော့သတည်း။

မိခင်သို့ အမှတ်တရ

နန္ဒနောင် (အင်းလေး)

## အသေမဦးခင် ကြိုတင် ပြင်ဆင် ထားကြရမည်မှာ

၁။ ပစ္စုပ္ပန်၌ မိမိ၏ခန္ဓာကိုယ်ကိုကြည့်လျက်၊ ကြည့်လျက် ရှုခြင်းအား ဖြင့် သစ္စာ-(၄)ပါး သိရှိ နားလည် သဘောပေါက်အောင် နည်းပြ ပြောဟောတတ် သော ပုဂ္ဂိုလ်များထံ တရား နာထားနှင့်ပါ။ (သို့မဟုတ်)

၂။ မိမိ သန္တာန်၌ မဂ္ဂင်ရှစ်ပါးအကျင့် ကိန်းအောင်း အောင် လေ့ကျင့် ထားနှင့်ပါ။

၃။ မိမိ၏ ခန္ဓာ (၅)ပါး ရုပ်နာမ် (၂)ပါ တို့ကို ပစ္စုပ္ပန်တည့်တည့်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ရေး (၃)ပါး ကြိုတင် ရှုထားနှင့်ပါ။ (သို့မပုတ်)

၄။ ဤ ခန္ဓာ (၅)ပါး ရုပ်နာမ် (၂)ပါးသည် ဓာတ် ကြီး (၄)ပါး အစုအဝေးမျှသာ ဖြစ်ကြောင်း၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည်မဟုတ် ကြောင်း၊ ဖြစ်ပြီးလျှင် ပျက်ကြတာပါကလားလို့ ဖြစ်ပျက်ကို ဝိပဿနာ ကြိုတင် ရှုထားနှင့်ပါ။ (သို့မဟုတ်)

၅။ မိမိ နှာသီးဖျား၌ ထွက်လေ၊ ဝင်လေ၊ ထွက်ဝင် တိုင်းသိ၊ ထိတိုင်း သိနေအောင် သတိ အမြဲရှိလျက် သင့်လျော်သော ဣရိယာပထဖြင့် နေ့စဉ် အချိန်မှန် မှန် တနာရီခန့် စိတ်ဝင်စားစွာဖြင့် ဝိပဿနာ ရှုနေ နိုင်ပါ။
(သို့မဟုတ်)

၆။ မိမိ ခန္ဓာကိုယ်၌ ဓာတ်(၄)ပါး၊ ဓာတ် (၆)ပါး၊ ဓာတ်(၁၈)ပါးတို့ကို သိအောင် ကြိုးစားထား နိုင်ပါ။
(သို့မဟုတ်)

၇။ (ဖဿ-၆ ပါး) ပစ္စုပ္ပန်တည့်တည့် မိမိ၏ ခန္ဓာ ကိုယ်မှာ ပေါ်လွင်ထင်ရှားအောင် ကြည့်သိထား နိုင်ပါ။

ဘောဓေးမှာပါပဲ၊အထက်ပါတို့အနက် တမျိုးမျိုး ကြိုတင် ပြင်ဆင်ထားကြပါလျှင် အပါယ်တံခါး ပိတ်ကြောင်းများကို ကြားနာရဘူးပါတယ်။

(ဦးဘိုးရှင်-မုံရွာမြို့)

၂၀-၈-၇၈

## သေရေးအတွက် အပေါင်းအသင်း

"ချစ်သား အာနန္ဒာ။ လောကဝယ် စိတ်ထား သဘောထား ဖြောင့်မှန်သော ကောင်းသော အပေါင်း အသင်း၊ သူတော်ကောင်း တရား၌ ညွတ်သော စိတ်ရှိသော ဤသူကို ပေါင်းအပ်၏။ ဤကောင်းမြတ်သော သူကို ရွေးချယ် ၍ ပေါင်းသင်းသောသူသည် မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်တရားစုကို ပွားများ နေသည်နှင့် တူ၏။ မှန်၏။ အကြောင်းမူကား ဤသာသနာတော်၌ ကောင်းသောအပေါင်း အဖော်ရှိသော သူသည် ဆိတ်ငြိမ်မှု ဝိဝေကကို ရရှိခဲ့သည်ရှိသော် ရာဂကင်းချုပ်ရာ နိဗ္ဗာန်ကို ရှေးရှုသောအမြင်မှန် သမ္မာဒိဋ္ဌိကို ပွားရာ၏။ ထို့အတူ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ ကိုပွားများရာ၏။

"ယင်းသို့ ကြိမ်ဖန်များစွာ ပွားများလတ်သည် ရှိသော် ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဟူသော ဘေးဆိုးတို့၏ ကင်းရာ ပြတ်ရာ၊ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ မချွတ် မျက်မှောက် ပြုရန်မှန်သောကြောင့် ဖြစ်လေသည်။ ဤသို့ ဘေးဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ရခြင်းကား ငါ ဘုရားတည်းဟူသော အဆွေခင်ပွန်းကောင်းကို ပေါင်းသင်း ရသောကြောင့် ဖြစ်ပေသည်" ဟု ဟောကြားတော် မူခဲ့လေသည်။

(သံယုတ်ပါဠိတော်၊ ကလျာဏမိတ္တသုတ်)

ဤအထက်ပါ ဒေသနာတော်အတိုင်း သေဘေးဆိုးကြီးမှ ကင်းဝေးရန် "ကလျာဏမိတ္တ" တည်းဟူသော မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းထားရန်လည်း လိုပါသည်။ အတူး သဖြင့် သေရာညောင်စောင်း လဲလျောင်းနေရသည့် အချိန်၊ တရားဓမ္မများ ဟောပြောပြသနိုင်သည့်၊ နှလုံးသွင်းမှန်အောင် သတိ ပေးနိုင်သည့်၊ သစ္စာ လေးပါး နားလည်အောင် ဟောပြော ပြသနိုင်သည့်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ကွဲကွဲ ပြားပြား ဟောကြားနိုင်သည့်၊ ခံစားနေရသော ဝေဒနာကို ဝိပဿနာ အခြေပါအောင် ရှင်းလင်းပြသနိုင်သည့် သူတော် ကောင်းပညာရှိ အသိမိတ်ဆွေ၊ ညာတကာ၊ အပေါင်းအသင်း၊ ရောင်းရင်းစစ်၊ ရောင်းရင်းမှန်ကို စောစောစီးစီး တင်တင်ကြို ကြို ပေါင်းသင်းထားဖို့ အထူးလိုပေသည်။ မိတ်ဆွေကောင်း သဖွယ် တရားစာအုပ်များ၊ အထူးသဖြင့်။ အသေတတ်ဖို့၊ နှလုံးသွင်းမှန်ဖို့ သတိပေး စကားများ ရေးသားထားသည့် စာအုပ်များ အထူးကြိုးစား ဖတ်ကြားထားကြရပေမည်။

အမရပူရမြို့— မင်္ဂလာတိုက်မှ
ကျေးဇူးရှင်- ဆရာတော် ဦးဝိမလ
၁၃၂၆—ခု၊ တန်ခူးလဆန်း (၁၂) ရက်
မိုးကုတ်မှာ ဟောသော တရားတော်

ဒဟာရာစ မဟန္တာစ၊
ယေဗာလာ ယေစပဏ္ဍိတာ၊
အဍ္ဍာစေဝ ဒလိဒ္ဒါစ၊
သဗ္ဗေ မစ္စု ပရာယနာ။

ဒဟာရာ— အသက်အရွယ် အားဖြင့် ငယ်ကြပေကုန်သော။ ယေသတ္တာစ— အကြင် သတ္တဝါတို့သည် လည်း ကောင်း။ မဟန္တာ— အသက် အရွယ် အားဖြင့် ကြီးကြ ပေကုန်သော။ ယေသတ္တာစ— အကြင် သတ္တဝါ တို့သည် လည်းကောင်း။ ဗာလာ— အကုသိုလ် ဒုစရိုက်မှုဆိုယင် ခင်မင်ကာ လိုက်စား၍။ လူမိုက်ဟု သမုတ်အပ်ကုန်သော။ ယေသတ္တာစ— အကြင်အမိုက် အဖျင်း သတ္တဝါ ခပင်းတို့သည် လည်းကောင်း။ ပဏ္ဍိတာ—

ပစ္စုပ္ပန် တမလွန်ဟု ဆိုအပ်သော ကျိုးနှစ်တန်ကို ကောင်းစွာ မြင်သည့် ပညာရှိဟု သမုတ်အပ်ကုန်သော၊ ယေသက္ကာစ— အကြင် သိမြင်ကြီးမား ပညာရှိအများတို့သည် လည်းကောင်း။ အစ္စာ— ဥစ္စာဓန ပေါကြွယ်ဝ၍ သဌေးသူကြွယ်ဟု သမုတ်ကြပေကုန်သော။ ယေသတ္တာစ— အကြင် စည်းစိမ် သခင် ဂုဏ်ကြီးရှင်တို့သည် လည်းကောင်း။ ဒလိဒ္ဒါ— ဥစ္စာဓန လျော့ကျ၍ မလှလူလုံး အညှန့်တုံး သောကြောင့် သူဆင်းရဲဟု သမုတ်ကြကုန်သော။ ယေသတ္တာစ— အကြင် ဆင်းရဲသား ဆင်းရဲသူဘသင်း သတ္တဝါခပင်း တို့သည် လည်းကောင်း။ သဗ္ဗေ— ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ တေသတ္တာ—ထိုဆိုခဲ့ သမျှ ဒဟရနှင့်၊ မဟန္တ၊ ဗာလာ၊ ပဏ္ဍိတာဟု တဖြာသူကြွယ်။ ဒလိဒ္ဒက—စသည်ထောင်သောင်း၊ သတ္တဝါအပေါင်းတို့သည်၊ မစ္စုပရာယနာ— သေမင်းလျှင် ပုန်းအောင်း လဲလျောင်းရာ ရှိကြလေကုန်သဘည်း။

လောကကြီးထဲမှာ— လူငယ်၊ လူကြီး၊ လူမိုက်၊ ပညာရှိ၊ လူချမ်းသာ၊ လူဆင်းရဲ အဆင့်အဘန်းအားဖြင့် လူခြောက်မျိုး ခြောက်စားရှိပါတယ်။ ဒီလူခြောက်မျိုးနှင့် ဝေဖန်လိုက်ပါက လောကကြီးထဲ ရှိသမျှ ပုဂ္ဂိုလ်တွေဟာ။ လူငယ် — လူကြီး စသော သတ္တဝါတွေ သေဘက်သို့ပဲ ရှေးရှုနေကြ တာပါပဲ၊ သေမင်းသာလျှင် ပုန်းအောင်း လည်းလျောင်းရာ ရှိကြတဲ့ သူတွေချည်းပဲလို့ မှတ်။

ဒီလူငယ်ကလေးဟာ ငယ်သေးတယ် မသေနိုင်သေးဘူးလို့ ဘယ်သူ တဦးတယောက်ကမှ မပြောနိုင်ပါဘူး၊ ဒီတော့ ငယ်ပါ

သေးတယ်။ လူပျို–အပျို ဖြစ်ပြီး လူ့စည်းစိမ်ကို အချိန်ကြာမြင့်စွာ ခံစား စံစား နေပါရစေအုံးလို့ သေခြင်းသဘောတရားက သနားငဲ့ညှာ စောင့်ဆိုင်းနေတာမျိုး မဟုတ်ပါဘူး၊ ရှေးကံရှိန်ရှိနေသမျှ တည်နေတာ ကံရှိန်ရုပ်သိမ်း၍ ချုပ်ငြိမ်းသည့်တနေ့မှာ မသေချင်ပဲနဲ့ သေရတာပါပဲ။ ဒါကြောင့် သေခြင်းသဘောတရားဆိုတာလူကြီး– လူငယ် မရွေးချယ်ပဲ၊ မျက်ခြည်မပြတ် နောက်ကကပ်၍ အမြဲတစေ လိုက်ပါနေသည် ဆိုဘာကို အမြဲ မှတ်ကြပါ။

လူမိုက်၊ လူပွေ၊ ဤလူတွေလည်း၊ ထွေထွေစားစား၊ အာရုံများကို လိုက်စား ရွှင်ပြုံး၊ မိုက်မှားကာ နေပါစေဦးဟု သေခြင်းသဘောတရားက စောင့်ဆိုင်းနေမှာ မဟုတ်ဘူး။ လူမိုက် ဟာလည်း လူမိုက်အလျောက် ရှေးကံရှိန် ခန်းခြောက်က သေမင်းနောက်သို့ လိုက်ကြရတာပါပဲ။

သိညာဏ် ကြီးမား ပညာရှိ အများတို့လည်း ရှည်ကြာ မနေ ဇီဝိန်ကြွေ၍ သိညာဏ် စွန့်ကာ သေမင်းရွာသို့ လိုက်ကြရတာပါပဲ။ ဥစ္စာဓန ပေါကြွယ်၍ သဌေး သူကြွယ် ဖြစ်ပါချေလည်း ဒီလူ သဌေး ဥစ္စာပေးက အရေးမယူ ဘေးမပြုရအောင်၊ ပေးကူ ဖြောင့်မတ် မသတ်ဖြတ်ရအောင် ငါ ရွှေဆောင်၍ ပေးမည်ဟု သဘောမထားပဲ ရွှေလူ အများကဲ့သို့ပင် ရှင်သေမင်းက အတင်းခေါ်၍ သွားတာပါပဲ။

ဥစ္စာလျော်ကျ၍ ဒုက္ခဖုံဖုံ တွေ့ကြုံများပြား ဆင်းရဲသားပင် ဖြစ်သော်လဲ ဒီဆင်းရဲသား ငါသနားမှ ချမ်းသာ

ရအံ့ဟု မေတ္တာတရားကင်းဝေး၍ အချိန်ကျက သူ့လက်တွင်းသို့ ဆင်းသွားရတာပါပဲ။

ဒီတော့ ယခု တရားနာနေကြတဲ့ တကာ-တကာမ အပေါင်းတို့မှာ ရှေးကံအရှိန် ရှိသေးလို့ တရားနာ လာနိုင်ကြသေးတယ်လို့ ဆိုတာ မှားနိုင်စရာ မရှိပါဘူး။ ဒါပေမယ့် ဒီကံတွေဟာ တဖြည်းဖြည်း နေ့တိုင်းပဲ ခန်းခြောက်တာကို ခန်းခြောက်မှန်း မသိပဲနဲ့ ပျော်မှု၊ ရွှင်မှု အာရုံစုတွေနှင့် မေ့လျော့ကာ ပျော်နိုင်ပါးနိုင်နေကြတယ်။ ဒီတော့ ကံခန်တာကို အကဲမခတ်ပဲ နေနိုင်ကြခြင်းဟာလဲ အကဲခတ်တတ်တဲ့ ဉာဏ်ပညာက အားနည်းကာ အကုသိုလ်တရားတွေ လွှမ်းမိုးနေခြင်းကြောင့် ဖြစ်ပါတယ်။

ဥပမာအားဖြင့် နွေအခါမှာ ရေတွေ တဖြည်းဖြည်း ခန်းလာတယ်။ ရေထဲက ငါးတွေကတော့ ရေခန်းပြီး သေရမှာကို မသိရှာကြဘူး။ အချင်းချင်း မြူးတူးပျော်ပါးကာသာ နေကြရှာတယ်။ ရေကုန်တဲ့ တနေ့ကျလျှင် ငါတို့ဟာ ကျီး၊ ငှက်၊ သိန်း၊ စွန် စသည်တို့၏ စားဖတ်၊ ဝါးဖတ် ဖြစ်မှာကို မျှော်တွေးပြီး မကြောက်ကြဘူး။ ဒီတော့ သူတို့မှာ ထိုကဲ့သို့ သိတတ်တဲ့ ဉာဏ်ပညာ မရှိလို့ဟု မှတ်ပါ။ ရေခန်းသည့်တနေ့မှာ သေကြရတယ် ဆိုတော့ ရေဟာ ငါးတွေ့ရဲ့အသက်နဲ့ တူတယ်၊ ဒီတော့ ရေဟာ ငါးတွေ့ရဲ့အသက်ကို စောင့်နေတယ်လို့ မှတ်ပါ။

ထို့အတူ တကာ-တကာမတွေလဲ ကံရေ မခန်းသေးလို့ တရားနာ လာကြတယ်၊ ဝိပဿနာတရားကို ကြိုးစားအားထုတ်

နိုင်ကြတယ်။ ဒီကံဟာလဲ အမြဲတမ်းရှိတာမျိုး မဟုတ်ပါဘူး။ ကံတွေဟာ တနေ့ထက် တနေ့ ခန်းခြောက်နေကြတယ်။ ကြည့်ပါလား၊ကံကြောင့်ဖြစ်တဲ့ မျက်စိ၊နား၊လျှာ၊နှာခေါင်း၊ကိုယ်၊ စိတ် တို့တွင် မျက်စိကလဲ တနေ့ထက်တနေ့ ကြည့်လို့မကောင်း မှုန်မွားမွား ပသာဒ အားနည်းလာတယ်။ နားလဲ တဖြည်းဖြည်း ထိုင်းလာတယ်၊ နှာခေါင်းကလဲ အနံ့ မရတချက်၊ ရတချက်နှင့် ဖောက်ပြန်လာတယ်။လျှာက ဆိုယင် အရသာရှိတဲ့ အာဟာရပင် ဖြစ်သော်လဲ စားလို့မကောင်းတော့ဘူး။ ခန္ဓာကိုယ်ကလဲ လမ်းသွားဘာတောင် ကိုယ်ကဖြောင့်အောင်မသွားနိုင်တော့ဘူး။ စိတ်ဟာလဲ မေ့လျော့လာပြီး မကောင်းတော့ဘူး။ ဒါဟာ တခြား မမှတ်နဲ့၊ ကံတွေ ခန်းခြောက်လာတာပါပဲ။ ရေခန်းခြောက်တဲ့ငါးတွေ သေကြေပျက်စီးရသလို၊ ကံခန်းခြောက်ယင် သေကြရမှာ အမှန်ပဲ။

ဒါကြောင့် မိမိတို့ ကံနှင့် ဉာဏ်ကို အကဲခတ်ကြစမ်းပါ။ ဉာဏ်နှင့် ကံ ခန်းတာကို အကဲမခတ်ပဲ နေကြပလား ဆိုမှဖြင့် ငါးတွေဟာ ရေခန်းတာကို အကဲမခတ်ပဲနှင့် စိတ်ချ လက်ချ ပျော်ရွှင်စွာ နေကြ၍ ရေခန်းခြောက်သွားတော့ သေပွဲ ဝင်ရတာလို၊ ထကာ-တကာမတွေမှာလဲ ကံခန်းခြောက်ပြီး သေပွဲဝင်ကြရမှာကတော့ သေချာပါတယ်။ ကံခန်းတာကို ဉာဏ်နှင့် အကဲခတ်မှ မြင်မယ်။ ဉာဏ်နှင့် အကဲမခတ်ယင် မမြင်ပါဘူး။ မမြင်တော့ ကြောက်ရမှန်း မသိပဲ ပျော်ရွှင်မှုနဲ့ပဲ အချိန်ကုန်ပြီး ကံခန်းခြောက်၍ သေပွဲဝင်ရမှာတော့ သေချာပါတယ်။

ပုဂ္ဂိုလ် အားလုံးတို့သည် သေမင်းဆီ၌ ဦးတိုက်ရသည်။ ဝိပဿနာ အလုပ် မလုပ်သရွေ့ သေမင်းထံ ဦးတိုက်ရမည်။ သေမင်းကို အခွန်ဆက်ရမည်။ သေလမ်း ဆိုသည်မှာ ခန္ဓာ အခွန် ဆက်လိုသောသူများ၏ လမ်းဖြစ်သည်။

လူကြီး,လူငယ် သေမင်းထံသို့ အပ်ရသည်။ သေရာရှိလျှင် မသေရာလဲ ရှိသည်။ မသေရာ ကြိုးစားပြီး လိုက်ကြပါ။ ခန္ဓာ လိုချင်သော ပုဂ္ဂိုလ်သည် သေမင်းကို ခန္ဓာအပ်ချင်၍ဖြစ်သည်။

သုခဝေဒနာသည် ကိုယ်ပေါ်၌ပေါ်သည်။ သောမနဿ ဝေဒနာသည် ဝမ်းထဲ၌ ပေါ်သည်။ ဘယ်ဝေဒနာပေါ်ပေါ်၊ ပေါ်သောဝေဒနာကို ဖြစ်-ပျက် ရှုပါ။ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဖြစ်-ပျက် မြင်လျှင် ဒိဋ္ဌိ သေသည်။ မြင်တဲ့ တရား လာသော ကြောင့် တဏှာကိုလဲ သတ်သည်။ ဖြစ် ပျက် ရှုသော ပုဂ္ဂိုလ် သည် တဏှာသေသည်။ ဒိဋ္ဌိသေသည် ဆိုလျှင်လဲ မလွဲပါဘူး။ ဖြစ်-ပျက်နှင့် မဂ် ကိုက်လျှင် ကိလေသာ မပေါ်။ မဂ်သည် ကိလေသာငရဲ၊ ကမ္မဝဋ်၊ ဝိပါကဝဋ်မှ လွတ်မြောက်သည်။ မဂ်သည် ဝဋ်မှ လွတ်မြောက်ပြီး ကိလေသာကိုလဲ ပယ်သတ် သည်။ မဂ်သည် သခ်ါရနယ်မှ လွတ်ပြေပြီ ဟုလည်း ဝမ်း မြောက်ခြင်းဖြစ်သည်။ အသက်ဆုံးသည့်တိုင်အောင် ခန္ဓာရှိလျှင် ဝေဒနာရှိသည်။ ဒီအတိုင်းသာ ရှု၍ သွားပါ တကာ-တကာမ တို့။ ဒါကြောင့် ကံကို ဉာဏ်နှင့် အကဲတော်ကြစမ်းပါ လို့ တိုက်တွန်းရပါတယ်။ ဉာဏ်နှင့် အကဲမခတ်ယင် တိရစ္ဆာန်သေ သေကြမယ်။

ဒါကြောင့် ဉာဏ်နှင့် ကံကို အကဲခတ်ပြီး ဝိပဿနာအလုပ် အားထုတ်မှ သာလျှင် ဘဝလွတ်မြောက်ခွင့် ရ၍ ကံ အကြွင်းမဲ့ ခန်းခြောက်သွားသောကြောင့် သေပွဲဝင်ရမှာကိုလဲ မကြောက် ရတော့ဘူး။ ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ဘယ် ဆိုရာ၌ 'စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' စေတနာဟာ အခြားမဟုတ်၊ ကံပဲလို့ မှတ်ပါ။ ၎င်းကံဟာ အတိတ်ကံ ဖြစ် ပါတယ်။ အတိတ်ကံကြောင့် ဇာတိ ပဋိသန္ဓေ ဝိညာဉ် ဖြစ် ပါတယ်။ အတိတ်ကံဟာ ချုပ်သွားပါပြီ၊ သတ္တိတော့ ရှိပါ သေးတယ်။ ယခု တရားနာ လာနိုင်တာ၊ အလုပ် လုပ်နိုင်တာ၊ အားထုတ်နိုင်တာဟာ ကမ္မသတ္တိက ကျေးဇူးပြုတာဟု မှတ်ပါ။ ကျေးဇူး မပြုတော့ဘူး ဆိုလျှင် သေပွဲဝင်ကြရမှာ အမှန်ပဲလို့ မှတ်။

## မတတ်နိုင်သော ဘေးသုံးမျိုး

တီဏိ မာနိ ဘိက္ခဝေ၊ အမာတာ ပုတ္တိက ဘယာနိ၊
ကတ မာနိ တီဏိ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ။

ဘိက္ခဝေ—ရဟန်းတို့။ အမာတာ ပုတ္တိက ဘယာနိ—မိခင် လည်း မတတ်နိုင်။ သားလည်း မတတ်နိုင်သော ဘေးတို့သည်။ ဣမာနိတီဏိ—ဤသုံးပါးတို့ပေတည်း။ ကတမာနိတီဏိ—အဘယ် သုံးပါးတို့နည်းဟူမူကား၊ ဇရာဘယံ-အိုဘေး လည်းကောင်း။ ဗျာဓိဘယံ-နာဘေး လည်းကောင်း။ မရဏဘယံ-သေဘေး လည်းကောင်း၊ ဤသုံးပါးတို့တည်း။

(တိကအင်္ဂုတ္တရ ပါဠိတော်)

## မကယ်နိုင်သော ဘေးသုံးပါး

လူ၌ကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေး လည်း၊ မီးဘေး ရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေး တရေး၊ ကယ်နိုင်သေး၏၊ အိုခြင်း, နာခြင်း၊ သေခြင်း ဘေးဟူ၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့် အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်ပင် ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။

(မဃဒေဝ)

## မကယ်နိုင်ကြ ဘေးသုံးဝ

အိုဘေး နာဘေး သေဘေးနှင့်ဆိုင်၊
သမီးနှင့်သား ကုစားမနိုင်၊
အမိ အဖ ရှိကြ လက်မှိုင်၊
မဂ္ဂင်ပွား တရား သူကယ်နိုင်။
(မဏ္ဍိုင် အရှင်သီရိ) (အံ–၁၀၀)

## အနိစ္စ ခန္ဓာ ကြောက်စရာ

အသက်ငယ်လဲ၊ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
အဆင်းလှလဲ၊ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ပစ္စည်းရှိလဲ၊ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ရာထူးရှိလဲ၊ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ဂုဏ်သရေရှိလဲ၊ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
အိုဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ သားသမီး မကယ်နိုင်၊
နာဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ သားသမီး မကယ်နိုင်၊
သေဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ သားသမီး မကယ်နိုင်၊
ကယ်နိုင်တာဟာ၊ တရားပါ၊ ပွားပါ နေ့စဉ်တိုင်။
(တိကနိပါတ်၊ အမာတာ ပုတ္တိက ဘယသုတ်)

## အနိစ္စ ဒုက္ခ အနတ္တ

ငါ့ကိုလည်း သူမပိုင်၊ သူ့ကိုလည်း ငါမပိုင်၊ ဘယ်သူ့ကိုမှ ဘယ်သူ မပိုင်။ ငါ့ကိုယ်သော်မှ ငါမပိုင်။ အချိန်တိုင်က သူဖြစ်ချင်သလို ဖြစ်၊ ငါ ဖြစ်ချင်သလို မဖြစ်။ ဥစ္စာကသော်လည်း လူ့ကိုပစ်။ လူကသော်လည်း ဥစ္စာကိုပစ်။ စင်စစ်မှုချ အမြဲမရှိ-အနိစ္စ၊ ကြောက်စရာ-ဒုက္ခ၊ အစိုးမရ-အနတ္တ ပါတကား။

(ငဲ့ရင်း၊ ဆရာတော်ဘုရားကြီး)

## သေမင်းကို လွတ်အောင် မပုန်းနိုင်

နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာဓိပန္နဿ၊ နတ္ထိဉာတီသုတာဏတာ၊
ဧတမတ္ထ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာန ဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။ ။

အန္တကေန–မညှာ မဆုတ်၊ သေမင်းယုတ်သည်။ အဓိပန္နဿ-ကိုးဆယ့်ခြောက်ပုံ၊ လက်နက်စုံဖြင့်၊ အကုန်ပစ်ခွင်း၊ ဖိကာနင်း၍၊ အတင်းတိုက်ခတ်၊ နှိပ်စက်အပ်သော သူအား။ တာဏာယ–သေမင်းဘေးမှ စောင့်ရှောက်ရန် အကျိုးငှာ။ ပုတ္တာ–သားသမီးတို့သည်။ နသန္တိ–နှမ်းစေ့မျှ မရှိကုန်။ ပိတာပိ–အရေးပိုင်နင်း၊ မိဘရင်းတို့သည် လည်းကောင်း။ ဗန္ဓဝါပိ–အဆွေခင်ပွန်းတို့သည် လည်းကောင်း။ ဉာတီသု–ဆွေမျိုးသား

ချင်း၊ သွေးရင်း သားရင်းတို့ဌ။ တာကာတာ—စောင့်ရှောက်မည့်သူသည်။ နတ္ထိ-မရှိချေ။

ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ၊ ပညာရှိသည်။ ဧတမတ္ထဝသံ-ထိုသို့ဆိုပြီး၊ သားသမီးနှင့်၊ မိကြီး သားချင်း၊ မိဘရင်းပြင်၊ ရောင်းရင်း မိတ်ဆွေတို့၊ သေမင်းနှင့်ဆိုင်၊ ကိုးကွယ်နိုင်ရာ မရှိသော အကြောင်းကို။ ဉတွာ-သိ၍။ သီလသံဝုတော-သီလကို စောင့်ရှောက်လျက်၊ နိဗ္ဗာနဂမနံ-နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ မဂ္ဂံ-အဋ္ဌင်္ဂိကမဂ်ကို။ ခိပ္ပမေဝ-မကြာစေရ၊ ခုဘဝဌ်သာလျှင်။ ဝိသောဓယေ-မပွေမရှုတ်၊ အခြေပြုတ်အောင်၊ ဖြေခုတ်နှိပ်ကာ၊ သုတ်သင် ရှင်းလင်းရာတော့သတည်း။ ။

(ပဋာစာရီ ဝတ္ထု)

## ဘယ်သူ့မှ အားမကိုးနှင့်

တနေ့ကျလျှင် သေရမည့် ရောဂါဘေးနှင့် ရင်ဆိုင်ရဦးမည်။ ထိုအခါ မိဘ၊ သား၊ သမီးနှင့် ဆွေမျိုးညာတိများမျက်မှောက်တွင် ရှိသော်လည်း သေဘေးမှ မလွတ်ထာင်းနိုင်။ ဘာမှ အားမကိုးရသည်ကိုသံဝေဂယူပြီး၊ ဘယ်သူ့မှအားမကိုးနှင့်၊ မိမိကိုယ်ကိုသာ အားကိုးကာ သီလ စောင့်ထိန်းလျက်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကိုသာ အားထုတ်ပါလေ။ ။

(ပဋာစာရီကို ဆုံးမသောစကား)

## ရှစ်လုံးဘွဲ့ ကဗျာ

မိဘ လင်သား များပြား ဆွေညာ၊
အားကိုးရလား စဉ်းစားကြည့်ပါ၊
သေမင်းရန်ကား မတားနိုင်ပါ၊
မြတ်တရား အားထား အစစ်ပါ။
(ခေတ်မီ ဝိပဿနာ-၂)

## တားဝန်ခံနိုင်သူ မရှိ

အိုခြင်းသဘောကို မအိုစေရ၊
နာခြင်းသဘောကို မနာစေရ၊
သေခြင်းသဘောကို မသေစေရ-

ဟု တာဝန်ခံနိုင်သည့် တစုံတယောက်သော ရဟန်းသော်လည်းကောင်း၊ ပုဏ္ဏားသော် လည်းကောင်း၊ နတ်သော်လည်းကောင်း၊ ဗြဟ္မာသော်လည်းကောင်း၊ လောက၌ မရှိ။

(စတုက အင်္ဂုတ္တိုရ်၊ စတုက္က ပဏ္ဏာသက၊
၂၊ ဥပဒါဝဂ်၊ ၄၊ ပထမ ခမသုတ်)

# အခန်း ၆

ပြီးခဲ့သော အခန်းများတွင် သေခြင်းတရား အကြောင်း၊ မသေသူ မရှိ၊ ဇာတိရလျှင် မရဏ ခွင် ဝင်ရမည့်အကြောင်းများ ရေးသားဖော်ပြ ခဲ့ပေပြီ။

ယခု အခန်းတွင်မူ သေခြင်း တရားသည် အလွန်ပင် မြန်လှကြောင်း အထူးတလည် တင် ပြလိုက်ခြင်း ဖြစ်ပါသည်။

ဥပစ္ဆေဒကကံ (ရုတ်ခြည်းမတော်တဆ ဘေး အန္တရာယ်) ကြောင့် သေရသူများမှာမူကား ပြောဖွယ်ရာမရှိ များလှဘိတောင်း၊ စာရှုသူ အပေါင်းတို့ သိကြပြီး ဖြစ်ပါသည်။ တချို့ တိုင်းပြည်များတွင် တကြိမ်တည်း၊တပြိုင်တည်း ထောင်နှင့် သောင်းနှင့်ချီ၍ သေကြရရှာပေ၏။

မည်သူမည်ဝါ ထိုသူသည် ရုတ်တရက် သေ မည်ဟု မသိနိုင်ပေ။ ထို့ကြောင့် ကုသိုလ် ကောင်းမှုများနှင့် တကွ ဝိပဿနာအလုပ်များ ဆောလျင်စွာ လုပ်နိုင်ကြပါစေဟု သတိပေး လိုက်ပါကြောင်း။

## ပြန်လာပါလား သေခြင်းတရား

"ကေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေနိုင်၏" ဆိုသည့် စကားအတိုင်း သေခြင်း တရားသည် အလွန်မြန်ကြောင်း စာရှုသူအပေါင်းကို သိထားကြပေ၏။ ယိုကဲ့သို့မြန်ကြောင်း ထပ်လောင်းသိစိမ့်သော သာဓက အနည်းငယ် တင်ပြလိုက်ပါဦးအံ့။ ဤသို့သော အခြင်းအရာ များကို ဖတ်ရှုသောအားဖြင့် "ငါကော မသေနိုင်ဘူးလား" ဟု မေးခွန်းထုတ်ကာ၊ သုံးပါးလက္ခဏာ ဘာဝနာတရားများ ကို ပွားနိုင်ကြပါစေကုန်သတည်း။

## သင်္ခါရ—သင်္ခါရ—သိလပေးနေတုန်း ပျံလွန်ခြင်း

## (ထားဝယ်မှ ကြေးနန်း)

ထားဝယ်မြို့ မြောက်ဘိုက်ကျောင်းမှ သက်တော် ၇၄-နှစ်၊ ဝါတော် ၅၄-ဝါ၊ ကျောင်းထိုင် ဆရာတော် ဦးပညာသာမိ သည်၊ (ဩဂုတ်လ ၂၀ ရက်) ဝါခေါင် လဆုတ်နေ့ နံနက်က ကျောင်း၌ ဥပုသ်သည်များအား သိလပေး၍ လက္ခဏာရေး သုံးပါးအကြောင်း ဟောနေစဉ်၊ ၇-နာရီ ၄၅-မိနစ် အချိန် တွင် ရုတ်တရက် သေဖြတ်ပြီး ဘေးသို့သဲကျသွား၏။ ဆရာ ဝန်ကြီးကို ကခန်းကဘန်းခေါ်ယူ စမ်းသပ်သည့်အခါ ဆရာ တော်မှာ ပျံလွန်တော်မူနေသည်ကို တွေ့ရကြောင်း။

တပည့်များနှင့် စကားပြောနေစဉ် ရုတ်တရက် လေဖြတ်၍ ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ပခုက္ကူခရိုင် ဂန့်ဂေါမြို့ ရွှေကျောင်းနိကာယ ကံဘောရကျောင်း၌ သီတင်းသုံးတော်မူသော ဝါတော် ၇၆–ဝါ၊ သက်တော် ၉၆– နှစ်ရှိ ဆရာတော်ဘုရားကြီး ဦးကေတု အရှင်သူမြတ်သည်၊ တန်ဆောင်မုန်းလဆန်း ၅-ရက်၊ (၂၃-၁၀-၆၀) ညနေ ၃-နာရီ အချိန်တွင် တပည့်သံဃာတော်များနှင့် အတူ စကားမြွက်ကြားတော် မူနေစဉ် ရုတ်တရက် လေဖြတ်သွားတော်မူသောကြောင့် ဆရာသမားများအား အမြန် ခေါ်ယူကုသသော်လည်း အသက်မမီတော့ပဲ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း။

မိုးကုတ် ဦးဝိမလ ဆရာတော်ဘုရားကြီး

ဆောလျင်စွာ ဝေဒနာ ကြာကြာမခံရပဲ ပျံလွန်တော်မူသည့် မိုးကုတ် ဦးဝိမလ ဆရာတော် ဘုရားကြီးသည် နေ့ခင်းတရားဟောပြီး ညအခါ ပျံလွန်တော်မူသွား၏။

အမရပူရ ဦးဇနကာဘိဝံသ ဆရာတော်ကြီး

အခြားသာဓကတခုမှာ အမရပူရ မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသ ဆရာတော် ဘုရားကြီးသည်၊ ၁၉၃၉-ခု၊ နတ်တော်လဆုတ် ၂-ရက်(၂၇-၁၂-၇၈)နေ့ နေ့လယ် ၁-နာရီ အချိန်တွင် စာပေပို့ချနေပါသေးလျက် ညနေ ၄-နာရီခွဲမှာ ပျံလွန်သွားရှာတော်မူပေ၏။

# ယူဘီအေ လေယာဉ်ပေါ် သေသူ

(ထိုင်နေယင်း နှလုံးရောဂါဖြင့် သေဆုံးရခြင်း)

(မင်္ဂလာဒုံ ၂၁၀ ထံမှ)

ရန်ကုန်မှ လွယ်ကော်သို့ ယူဘီအေ လေယာဉ်ပျံဖြင့် နိုဝင်ဘာလ (၇) ရက်နေ့ နံနက်၊ (၇) နာရီ (၅) မိနစ် အချိန်က ပျံသန်းထွက်ခွာ၍သွားသည့် ခရီးသည် ဒေါ်နန်းမြ ဆိုသူမှာ လေယာဉ်ပျံပေါ်၌ သေဆုံးသွား၏။

## မိန့်ခွန်းပြောနေတုန်း သေဆုံးသွားခြင်း

အောက်တိုဘာလ (၁) ရက်နေ့က မော်လမြိုင်ခရိုင်၊ မုဒုံမြို့တွင် ငါးသောင်းတန် သမဝါယမ အဆောက်အအုံ ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားသည့် အမှုဆောင်လူကြီး တဦးဖြစ်သူ ဦးဘရင်မှာ နိဂုံးချုပ်မိန့်ခွန်း ပြောကြားနေစဉ် လဲကျသွားပြီး အိမ်အရောက် သေဆုံးသွား၏။

## ဦးဘခင် ကွယ်လွန်ခြင်း (ရန်ကုန်၊ အောက်တိုဘာ-၂၆)

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ အလှည့်ကျ အမှုဆောင်လူကြီး၊ ဗဟန်းမြို့နယ်၊ ပြည်သူ့ကောင်စီဝင်၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်း ဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဒု ဥက္ကဋ္ဌ အသက်(၆၈)နှစ်ရှိ ဝဏ္ဏကျော်ထင်ဟံသာဝတီ ဦးဘခင်သည် ယနေ့နံနက် (၇) နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်အနီးတွင် လမ်းလျှောက်လာယင်း ရုတ်တရက်လဲကျပြီး ကွယ်လွန်သွား၏။

## အခြား ကွယ်လွန်သော ပုဂ္ဂိုလ်များ

ဦးဘသွားနှင့် ဒေါက်တာ ဦးဘသန်းတို့သည် ဂေါက်သီးရိုက်ယင်း ရုတ်ခြည်း သေဆုံးသွားကြောင်း၊ ဒေါက်တာ ဦးရွှေဇင်နှင့် အရေးပိုင်ဟောင်း ဦးဘငေ၊ ရွှေမန်းတင်မောင်စသော ပုဂ္ဂိုလ်များလည်း ရုတ်ခြည်း သေဆုံးသွားကြကြောင်း သိရပေ၏။

## အီဂျစ်သမ္မတ နာဆာ

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ သံဃာတော် အရှင်မြတ်များသာမဟုတ်၊ အခြားလူမျိုး၊ အခြား ဘာသာဝင်များလည်း ထိုနည်းတူစွာ သေကြရသည်မှာ အီဂျစ်သမ္မတ နာဆာသည် အိမ်နီးခြင်း ခေါင်းဆောင် နှစ်ဦးတို့အား ငြိမ်းချမ်းမှုပြောအပြီး ရုတ်တရက် ကွယ်လွန်သွားရ၏။

## အိန္ဒိယဝန်ကြီးချုပ် ဆတ်(စ) ထရီး

ဝန်ကြီးချုပ် နေရှူး၏ နေရာတွင် ဆက်ခံသော မစ္စတာ ဆတ်(စ)ထရီးသည်လည်း ရုတ်တရက် သေဆုံးသွားရကြောင်း ကြားသိရဘူးပေ၏။

## ဗရင်ဂျီသာသနာပိုင် ဂျွန်ပေါ(လ်)

၂၈-၉-၇၈ ခုနေ့ညတွင် ဗရင်ဂျီ သာသနာပိုင်သစ် ပထမမြောက် ဂျွန်ပေါ(လ်)သည် အိပ်ရာထက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပေ၏။

## ချောင်းဦးသူ သုံးယောက်

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့၊ ကတိုးကုန်းရပ်တွင် နေထိုင်ကြသော (၁) မစောကျင် ဆိုသူသည် ထမင်းအိုးတည်ယင်း ပက်လက်လန်လဲပြီး ချက်ချင်း သေဆုံးသွား၏။

(၂) ဒေါ်မှီသည် ရပ်ရှင်ရုံတွင် ဈေးရောင်းနေစဉ် အားလပ်ချိန်ပေး၍အပြီး အိမ်ပြန်ခဲ့ရာ လျှင်ဆောစွာပင် သေဆုံးသွား၏။

(၃) ဒေါ်ဦးသည် ည (၈)နာရီလောက် အိပ်စက်ရန် တိုက်ပေါ်တက်သွား၏။ နောက်များမကြာမီ လင်ဖြစ်သူက အိပ်ရန် တက်သွားသည့်အခါ သေနေတာ တွေ့ရတော့၏။

## သတိ သံဝေဂ ရကြဖို့ပင်

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကဲ့သို့၊ ရုတ်တရက် ရှောင်တခင် သေဆုံးသွားကြရသောသူများ ဒုနှံ့ဒေး ရှိသေးကြောင်း တွေ့ဘူး၊ မြင်ဘူး၊ ကြားဘူး ကြပေမည်။

ထိုကဲ့သို့သော သာဓကများ ထောက်ထားပြီး သကာလ 'ခြော် — ငါလဲ ဒီလိုမသေနိုင်ဘူးလား'ဟု သတိရကာ၊ ဒါန ပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ သမထ ဝိပဿနာ ဘာဝနာ ပွားခြင်း၊ အားထုတ်ခြင်းများ အချိန် ရွှေ့မနေပဲ၊ ဆင်ခြေ အမျိုးမျိုး ပေးမနေပဲ၊ အချိန်လုပြီး ပြုလုပ်နိုင်ကြပါစေဟု သပ်လောင်း၍ တိုက်တွန်း လိုက်ရပေသတည်း။

# ဘယ်သွားကြမလဲ

ဤမေးခွန်းနှင့်ပတ်သက်ပြီး၊ ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင်၊ သုမေ့ဓဝတီ ဦးပန်းမောင်က အသံလွှင့်ခဲ့ဘူးရာ၊ သေခြင်းတရားအကြောင်း လွန်စွာ မှတ်သား နာယူဖွယ်ကောင်းလှသဖြင့် ဤစာအုပ်မှာ ထည့်သွင်း ဖော်ပြလိုက်ရပါကြောင်း။

## ယက်ကန်းသည်မလေးအကြောင်း

[၁၉၆၀–ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့ အသံလွှင့်သည်]

ဒီနေ့ သောတရှင်တို့အား ‘ဆရာကြီးတို့ ဘယ်သွားကြမလဲ’ လို့ မေးလိုက်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ယခုလက်ရှိ စွဲပြုန် လောက၏ အဖြေကဲတော့ ဗုဒ္ဓဂါယာ ဘုရားဖူးသွားမယ်၊ မန္တလေး ဘုရားဖူးသွားမယ်၊ တောင်ပြုံးပွဲ သွားမယ်၊ မြို့လေညှင်းခံသွားမယ်၊ စစ်ကိုင်းချောင်၊ သမ္ဗုဒ္ဓေ၊ ဖိုးဝန်းတောင်၊ မကွေး မြသလွန်၊ မင်းဘူး စက်တော်ရာ၊ ပေါင်းတည် စွယ်တော်ပွဲ၊ ရန်ကုန် ရွှေတိဂုံစေတီ၊ ကမ္ဘာ့အေး ဆင္ဌလိုဏ်ဂူ သွားမယ် စသည်ဖြင့် အဖြေပေးနိုင်ပါသည်။

ဒီမေးခွန်းက ပစ္စုပ္ပန်လောက မေးခွန်းမဟုတ်ပါ။တမလွန်လောကအတွက် မေးခြင်း ဖြစ်ပါတယ်။ဒီဘဝကပြီးယင် နောင်ဘဝ ဘယ်ကို သွားမလဲလို့ မေးလိုယင်း ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဘုရား ရဟန္တာမှတပါး ဘယ်သူမှ အဖြေမပေးနိုင်ပါဘူး။ ကျွန်တော်လဲ မပေးနိုင်ပါဘူး။ နိုင်ငံခြားလောကဓာတ် ဆရာကြီးတွေလဲ အဖြေ ပေးနိုင်မယ် မဟုတ်ပါဘူး။

## မသိခြင်း ငါးပါး

ဒီမေးခွန်းနှင့်ပတ်သက်၍ မသိခြင်း ငါးပါး ရှိပါတယ်။
'ဇီဝိတံ ဗျာဓိကာလောစ ဒေဟနိက္ခေပနံဂတိ'

(၁) အသက် ဘယ်လောက် ရှည်ရှည်နေရမည်ဟု မသိပါ။

(၂) ဘာရောဂါနဲ့ သေမည်ဟု မသိပါ။

(၃) ဘယ်တော့ သေမည်ဟု မသိပါ။

(၄) ဘယ်နေရာမှာ သေမည်ဟု မသိပါ။

(၅) သေပြီးနောက် ဘယ်ဘုံ ဘယ်ဘဝသို့ သွားရ ရောက်ရမည်ဟု မသိပါ။

## မြတ်စွာဘုရားနှင့် ယက်ကန်းသည်မလေး

ဒီ မသိခြင်းနှင့်ပတ်သက်၍ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က အဖြစ်အပျက်ကို ပြောပြလိုပါတယ်။ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ အဖြစ်အပျက်ပါပဲ။ ယက်ကန်း သည်၏သမီး အမျိုးသမီးကလေး တယောက်၏ အဖြစ်အပျက် ပါပဲ။

တနေ့သ၌ မြတ်စွာဘုရားသခင်သည် ယူဇနာ ၃၀ ကွာ ဝေးသော ယက်ကန်းသည်မကလေး နေတဲ့ အာဠဝီပြည်သို့ ကြွချီတော်မူပါတယ်။ ထိုမြို့က ဘုရားသခင် ရောက်တော်မူတယ် ဆိုယင် တရားပွဲဍာနကြီး ပြုလုပ်ပြီး လူအပေါင်းတွေဟာလဲ ပန်းနံ့သာ လက်စွဲပြီး ဘုရားဖူး တရားနာ လာကြတယ်။ ပရိသတ် တွေ စုံသလောက် ရောက်ရှိနေပေမယ့် မြတ်စွာဘုရားက တရား မဟောသေးဘူး။ ယက်ကန်းသည်မကလေး အလာကို ငံ့လင့်ပြီး အပူဇော် အဖူးမြော် ခံနေတော်မူတယ်။

ယက်ကန်းသည်မကလေး လုပ်ငန်းကတော့ အိမ်တွင် နေ ရစ်ပြီး ထမင်းဟင်း ချက်ပြုတ်ကာ အဘ ယက်ကန်းဆရာကြီး ထမင်း စားချိန် ထခင်းနှင့် ယက်ဖောက်တောင်း ပို့ရမယ့် အလုပ် ဖြစ်တယ်။ သူသွားရမယ့်လမ်းက မြတ်စွာဘုရား တရားပွဲ ကျင်းပနေတဲ့ မဏ္ဍပ်မှတဆင့် ကျော်ပြီး သွားရမယ့်လမ်း ဖြစ် တယ်။ ယက်ကန်းသည်မကလေး ယက်ဖောက်တောင်း၊ ထမင်း ချိုင့်ဖြင့် ထွက်လာပြီး မြတ်စွာဘုရား တရားပွဲသို့ ရောက် လာတယ်။

## မြတ်စွာဘုရား၏ အသရေတော်

ကျက်သရေရှိသော မဏ္ဍပ်ကြီး အတွင်း ပလ္လင်တော်တွင် မြတ်စွာဘုရား၏ ရူပကာယ အဆင်း အသရေတော်ကြီးကလဲ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တဝင်းဝင်း တလက်လက် ပြိုးပြိုးပြက် ထွက်တော်မူနေသဖြင့် နှိုင်းစရာ ရှာမရအောင် ကြည်ညိုဖွယ် ဆောင်နေတယ်။

## မေးခွန်းတော် (၄)ခု

ဒီတွင် မြတ်စွာဘုရားသခင်သည် တရားပလ္လင်တော်မှ ယက်ကန်းသည်မကလေးကို ခေါ်တော်မူတယ်။ ခေါ်တော်မူပြီးသည့်နောက် ယက်ကန်းသည်မကလေးအား "သင် ဘယ်ကလာသလဲ" ဟု ပထမ မေးခွန်းတော်ကို မေးလိုက်တယ်။

ယက်ကန်းသည်မကလေးက "မသိပါဘုရား" ဟု ဖြေဆိုလိုက်တယ်။

တဖန် မြတ်စွာဘုရားက "သင် ဘယ်ကိုသွားမလဲ" ဟု ဒုတိယ မေးခွန်းတော် မေးတော်မူပြန်တယ်။

ယက်ကန်းသည်မကလေးက "ဘယ် သွားရမှန်း မသိပါဘုရား" ဟု ဖြေဆိုပြန်တယ်။

ဒါနဲ့ မြတ်စွာဘုရားက တတိယမေးခွန်းအနေနဲ့ "သင် မသိဘူးလား" ဟု မေးတော်မူပြန်တယ်။

ရက်ကန်းသည်မကလေးက "သိပါတယ်ဘုရား" ဟု ဖြေကြားတယ်။

ဒီနောက် မြတ်စွာဘုရားက စတုတ္ထမေးခွန်းဖြစ်တဲ့ "သင်သိရဲ့လား" ဟု မေးတော်မူပြန်တော့—

ရက်ကန်းသည်မကလေးက "မသိပါဘုရား" ဟု ဖြေပြန်တယ်။

ဒီအခါမှာ တရားနာ ပရိသတ်တွေ အုတ်အုတ်သဲသဲ လှုပ်လှုပ်ရှရှ တီးတိုးဖြင့် ကဲ့ရဲ့ ပြစ်တင်ကြတယ်။ ဖြစ်ပေမပေါ့၊ ဖြစ်လဲဖြစ်စရာပဲ၊ မေးခွန်းတော်လေးခုလုံးပင် ဖြေဆိုပုံ အဆင်မပြေ ဖြစ်နေတာကိုး။ ပရိသတ်တွေက သိတာက ယက်ကန်းသည်မကလေးသည် ဒီမြို့ အရှေ့နားမှာ နေတယ်။ သူ သွားရမှာက သူ့အဖေ ယက်ကန်းရုံ အနောက်ဘက်ကို သွားရမှာ။ ဒီအတိုင်း သိရှိထားတော့ ယက်ကန်းသည်မကလေး ဖြေတာနဲ့ ဆိုတော့ ဂလန့် ကျနေတာပေါ့။ အရှူးမကလေး တယောက် လာဖြေနေသလို ဖြစ်နေတာပေါ့။ ပရိသတ်အချို့ကလဲ "ဟဲ့-သူငယ်မ၊ မြတ်စွာဘုရား မေး တော် မူ နေ တာ ကို ဘယ့်နှယ် ကြောင့် မသိဘူး၊ သိတယ်နဲ့ မရိုမသေ လုပ်နေရတာလဲ။ ဒါ လောက သုံးပါးမှာ အတု မရှိ အဖက်မရ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး။ သတ္တဝါတွေကို သနားတော်မူလို့ ယူဇနာ(၃၀) အကွာက ကြွလာပြီး တရားဟောနေတာ။ ရိုရိုသေသေနဲ့ ကောင်းကောင်း ပြောမှပေါ့" စသည်ဖြင့် တိုးတိုးတိတ်တိတ် ပြောဆိုကြတယ်။

## မေးခွန်းတော်နှင့် အဖြေမှန်

ဒီတွင်မှ တရားနာပရိသတ်ကြီး၏ အံ့ကြွလှုပ်ရှားမှု ယုံမှားသင့်ဘ ပျောက်စေရန် မြတ်စွာဘုရားက "ဒါယိကာမကလေး၊ ငါဘုရား ပထမ မေးတော်မူစဉ်က ဘယ်ကလာသလဲလို့ မေးတဲ့အခါမှာ ဘယ်ကလာမှန်း မသိပါဘုရား ဟု လျှောက်တာဟာ ဘယ်လိုသဘောလဲ" ဟု မေးတော်မူတယ်။

ဒီအခါကျမှ ယက်ကန်းသည်မကလေးက "မြတ်စွာဘုရား၊ ဘုရားတပည့်တော်မ အိမ်မှလာကြောင်းကို မြတ်စွာဘုရား သိတော်မူပြီးဖြစ်ပါတယ်။ဘယ်ကလာသလဲလို့ မေးတော်မူတာက ဘယ်ဘဝက လာပြီး ဒီဘဝမှာ ဖြစ်သလဲလို့ မေးတော်မူခြင်းဖြစ်တဲ့အတွက် တပည့်တော်မသည် ယခုဘဝသို့ ရောက်နေတာဟာ ဘယ်ဘုံ ဘယ်ဘဝ ဘယ်အမျိုးဇာတ်က လာတယ်လို့ မသိခြင်းကြောင့် ဒါကိုရည်ရွယ်၍ မသိပါဘုရားလို့ လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား" ဟု ပြန်ကြား လျှောက်ထားသည့်အခါ စောစောက လှုပ်လှုပ်ရွရွ တရားနာ ပရိသတ်တွေ ငြိမ်ကျသွားတယ်။ မြတ်စွာဘုရားက "သာဓု" ခေါ်တော်မူတယ်။

ဒီနောက် မြတ်စွာဘုရားသခင်က ဒုတိယ မေးခွန်းနဲ့ ပတ်သက်လို့ ဒါယိကာမကလေး သင် ဘယ်ကိုသွားမလဲလို့ မေးတဲ့အခါ မသိပါဘုရား ဟု လျှောက်ချက်ကို ရှင်းပြရန် မိန့်တော်မူရာ၊ "မှန်လှပါဘုရား၊ ပရိသတ်များ သိနေကြတာကတော့

တပည့်တော်မရဲ့ဖခင်ယက်ကန်းရှိ သွားမှာဖြစ်လေတော့ မသိပါ ဘုရားဟု လျှောက်တာကို အပြစ် တင်ကောင်း တင်ကြပါမယ်။ တပည့်တော်မ မသိပါ ဘုရား ဟု လျှောက်ထားတာကတော့ ဒီဘဝက သေပြီး ဘယ်ဘဝမှာ ဖြစ်ရမှာကို မသိတာကို ရည်ရွယ်၍ မသိပါ ဘုရား ဟု လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား" ဟု ပြန်လျှောက်တယ်။ မြတ်စွာဘုရားက "သာဓု" ခေါ်တော်မူပြန်တယ်။

ဒီတွင် မြတ်စွာဘုရားသည် တတိယမေးခွန်းဖြစ်တဲ့ 'သင် မသိဘူးလား' ဆိုတဲ့ မေးခွန်းတော်၏ အဖြေကို မေးတော်မူ ပြန်တယ်။ ဒီအခါ ယက်ကန်းသည်မကဲလေးက "ဒီ တတိယ မေးခွန်း အဖြေကတော့ သင် မသိဘူးလား ဟု မေးတော်မူ တာက သေမှာကို မသိဘူးလားလို့ မေးတော်မူလိုရင်း ဖြစ်တဲ့ အတွက် တနေ့တွင် သေရမှာ အမှန် ဖြစ်၍ သိပါတယ်ဘုရား လို့ ဖြေဆိုခြင်း ဖြစ်ပါတယ် ဘုရား" ဟု လျှောက်ပြန်တယ်။ မြတ်စွာဘုရားက တတိယ အကြိမ် "သာဓု" ခေါ်တော်မူ ပြန်တယ်။

နောက်တဖန် မြတ်စွာဘုရားသခင်သည် အဆုံးစွန် ဖြစ်တဲ့ စတုတ္ထ မေးခွန်းတော်၏ အဖြေကို ထပ်မံမေးတော်မူပါတယ်။ "ဒီအဖြေကတော့ မြတ်စွာဘုရားက သင် သိရဲ့လား လို့ မေး တော်မူတာမှာ တပည့်တော်မသည် မည်သည့်အခါ သေမှာကို မသိနိုင်ခြင်းကြောင့် မသိပါ ဘုရား လို့ လျှောက်ထားခြင်း ဖြစ်ပါတယ် မြတ်စွာဘုရား" ဟု လျှောက်ထားတယ်။ မြတ်စွာ

ဘုရားက "သာဓု" ခေါ်တော်မူပြန်တယ်။ဒီတွင်မှ ယက်တန်းသည်မကလေးနဲ့ တရားနာပရိသတ်ကြီး တရပ်လုံးကို အရိယာစခန်းသို့ ပို့ပေးမည့်အနေဖြင့် —

ဒေသနာတော်

အန္ဓိဘူတော အယံလောကော၊ တနုကေတ္ထဝိပဿတိ၊
သကုဏော ဇာလမုတ္တောဝ၊ အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

"သန့်ရှင်း၊ သာယာ၊ နာပျော်၊မကွဲ၊ တခဲနက်၊ ပွဲတင်ဟီး၊ ဂမ္ဘီအတိ၊ ဉာဏ်အသိလွယ်" ဆိုတဲ့ မြတ်စွာဘုရားသခင်၏ အသံတော် ရှစ်ပါးနှင့်ပြည့်စုံတဲ့ ဒေသနာတော်ကို မိန့်မြွက်တော်မူလိုက်တယ်။ ဟိုတုန်းကတော့ ပါဠိကို နားလည်ကြလို့ ဂါထာ ရွတ်တော်မူပြီး သစ္စာပြလိုက်ထာနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအရိယာစခန်းသို့ရောက်ကြတယ်။

ဒေသနာတော်ရဲ့ အဓိပ္ပာယ်ကတော့ "တရားနာပရိသတ်တို့၊ ဒီတလောကလုံးဟာ အမိုက်အတိ အကန်းအတိ ဖြစ်နေတယ်။ ဒီအမိုက်ထဲ အကန်းထဲမှ ပိုးစုံးကြူး လက်သလို နဲနဲကလေး အလင်းရောင်ဖြစ်တဲ့ လူရှိသေးတယ်။ ဥပမာဆိုလျှင် မုဆိုး၏ ပိုက်ကွန်မှ လွတ်ထွက်နိုင်သော ငှက်သည် တကောင်တလေ တခါတလေ ရှိချင်ရှိနိုင်တာလို အနည်းငယ်သော သူတို့သည် အထက်နတ်ပြည်သို့ ရောက်နိုင်သေးတယ်" ဟု ဆိုလိုတယ်။

ထုံးစံ ဖြစ်တဲ့ မြတ်စွာဘုရား၏ ဟောရိုး ဟောစဉ်အရ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဆိုတဲ့ သစ္စာလေးချက်ကို ဆက်ငပ်၍ ပြတော်မူရာ ယက်ကန်းသည် မကလေးနှင့် လူ အပေါင်း တို့ အကျွတ်ဝေဆု အေးမှု နိဗ္ဗာန်ကို မြင်သွားကြတယ်။

## ယက်ကန်းသည်မကလေး ဘဝဇာတ်သိမ်း

ဤတွင် တရားပွဲကြီးအပြီးယက်ကန်းသည်မကလေးလဲ သူ၏ ဖခင်ထံ ထမင်းနှင့် ယက်ဖောက်တောင်းပို့ရန် ထွက်သွားတယ်။ အဖယက်ကန်းသည်လဲ ထမင်းဆာဆာမောမောနှင့် ယက်ကန်း စင်တွင် ယက်ဖောက်လွန်းကို ကိုင်လျက် အိပ်ပျော်နေတယ်။ အိပ်တယ်ဆိုပေမယ့် စိတ်ကယက်ကန်းရက်လျက်ပင် ရှိပေမယ်။ ဒါနဲ့သမီးယက်ကန်းသည်မကလေးက "အဖေ"လို့ ခေါ်လိုက် တော့ ယောင်ယမ်းပြီး လွန်းကြိုးကို ဆွဲလိုက်ရာ လွန်းအိမ် ကလေးက ယက်ကန်းသည်မကလေး၏ ဝမ်းဗိုက်ကို ထိုးမိပြီး တမုဟုတ်ချင်း ကွယ်လွန်သွားရတယ်။ သို့ပေမယ့် မြတ်စွာ ဘုရားရဲ့ အဆုံးအမ တရားအရသာ သောက်သုံးရပြီးဖြစ်၍ နတ် ပြည်၌ နတ်သမီးဖြစ်သွားတယ်။မြတ်စွာဘုရားသခင်၏ မဟာ ကရုဏာတော်ကြီးကား ကြီးမားလှပေစွ။ အံ့ဖွယ်ကောင်းပေစွ။ ဒီနေရာမှာ မြတ်စွာဘုရားသာ ယူဇနာ(၃၀)ခရီး ကြွလာတော် မမူလို့ တရားအရသာ မခံစားရပါမူ ယက်ကန်းသည်မကလေး စောစောက ဘယ်သွားရမှန်းမသိတဲ့ ဘဝကို ရောက်သွားမည်

ဖြစ်ပါတယ်။ ယခုတော့ မြတ်စွာဘုရား၏ ကျေးဇူးတော်ဖြင့် သက်သာရာ ရသွားပါတယ်။

## တမလွန်ဘဝ

ကျွန်တော်တို့ ဗုဒ္ဓဘာသာတို့ရဲ့ အယူမှာ ဘုရားတရားတော်အရ ယခုဘဝ၊ နောက်ဘဝ (တမလွန်ဘဝ) ရှိနေကြတယ်။ ရှိတယ်လို့လဲယုံကြည်ကြတယ်။ ဒီဘဝက သေလွန်ပြီးနောက် ဒုတိယဘဝ တမလွန်ဘဝသို့ သွားကြရပေဦးမယ်။ ဒါဟာ ဗုဒ္ဓဘာသာဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ဖြစ်တယ်။

## ကျွန်တော် ဖြစ်ပုံ

ဒါနဲ့စပ်လို့ ကျွန်တော်လွန်ခဲ့တဲ့ (၂)နှစ်လောက်က မကျန်းမမာဖြစ်ခဲ့တယ်။ စားမဝင်အိပ်မပျော်ဖြစ်ခဲ့တယ်။ အသက်ကလဲ (၇၀)တွင်းဖြစ်နေပြန်၊ ရောဂါကလဲတခါမှဒီလောက်ပြင်းပြင်းထန်ထန် မဖြစ်ဘူးတော့၊ 'အင်း ဒီတခါတော့ သေတော့မယ်' ဆိုတဲ့ အတွေး ပေါ်လာတယ်။ ပတ်ဝန်းကျင် မိတ်သင်္ဂဟတွေကလဲ အဘိုးကြီးဒီတခါ ချောတော့မယ် ဟု ထင်ကြတယ်။ ထင်ကြတဲ့အတိုင်းလဲ မကြာခဏ လာကြည့်နေကြတယ်။ သူတို့က ထုတ်မပြောပေမယ့် သူတို့ အလာထူးတာနဲ့ ကိုယ့်ကိုယ်ကိုလဲ သေမယ်ထင်ခဲ့တယ်။ ဒီအထဲ အသက်ကလဲ ချောချိန် နီးတော့ ကြောက်လာတယ်။ သေမှာမကြောက်တဲ့လူ ဘယ်သူမှမရှိဘူးလို့

မြတ်စွာဘုရား ဟောထားတော်မူခဲ့တယ်။ မှန်လဲ မှန်ပေတယ်။ ဒီလိုကြောက်ကြောက်နဲ့ပဲ ငါတော့သေချိန်ရောက်ပြီ၊ သေတာက ကိစ္စမရှိ (၁၀)မိနစ်၊ (၁၅)နစ် အတွင်း တမျိုးမျိုး တနည်းနည်းဖြင့် သေသွားမှာပဲ၊ ဒါပေမယ့် သေပြီး ဘယ်သွားမလဲဆိုတဲ့အတွေးပေါ်လာတယ်။ ဒီတော့မှ သာကြောင်းတာကိုး။ မိမိ၏ လူ့ဘဝမှာ ကိုးကွယ်ရာတွေရှာတော့လဲ လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးမစာလို(ယီးတီးယောင်တောင်နဲ့တိုင်အောင်ထိ)ဆိုတဲ့အတိုင်း ယီးတီး ယောင်တောင်နဲ့ပင် အသက် (၇၀)ကျော် ရောက်ခဲ့တယ်လို့ သိရတယ်။ သားကျွေးမှု၊မယားကျွေးမှုနဲ့ပင် ဒီအသက်အရွယ် ရောက်လာခဲ့တယ်။ ဒါကြောင့်လဲ ကြောက်တယ်လို့ ပြောခြင်းဖြစ်ပါတယ်။

## ကျွန်တော်တို့ သွားစရာဌာန

ကျွန်တော်တို့ တတွေ ဒီကသေပြီး သွားစရာ ဌာနက "(၃၁)ဌာန"ရှိပါတယ်။ ဤလူ့ဘုံ၊ နတ်ပြည် (၆) ထပ်၊ ဗြဟ္မာ(၂၀)၊ ငရဲ-တိရစ္ဆာန်- ပြိတ္တာ-အသူရကာယ် (အပါယ်လေးဘုံ) ပေါင်း (၃၁)ဖြစ်တယ်။ ခုနက ဒေသနာတော်အရ "အပ္ပော သဂ္ဂါယ ဂစ္ဆတိ" အထက်နတ်ပြည်သွား နဲပါးကြတယ်။ နဲပါးတာကလဲ အမှန်ကြီးမှန်ပါတယ်။ ယနေ့ တလောကလုံးကို ခြုံကြည့်ကြပါ။ အထက်နတ်ပြည် သွားစရာ အကျင့်တွေ တွေ့ရှိပါရဲ့လားလို့။ ဒီလောဘ၊ ဒေါသ၊ မောဟ၊ မာန၊

အဓမ္မတရားတွေ တက်မှာလုံး ကျင့်သုံးနေကြတယ်။ "တန္ကေတ္တဝိဗဿတိ" အရ ဒီအထဲက နဲ့နဲတော့ ရှိပါသေးတယ်လို့ အဖြေထွက်လာ၍ မြန်မာပြည် လူဦးရေ သန်း(၂၀) ထားပါတော့။ ဒီအထဲက သာသနာ့ရိပ်သာ၊ စွန်းလွန်း၊ မင်းကွန်း၊ မိုးညှင်း၊ ဟံသာဝတီ၊ ဉာဏစာရီ၊ လယ်တီမူ စသော အထက်လမ်းသွား ဌာနသို့ သွားရောက်ကျင့်ကြံကြတဲ့ ပုဂ္ဂိုလ်နဲ့ မသွားတဲ့ ပုဂ္ဂိုလ် ဘယ်သူကများတယ်ဆိုတာ နှိုင်းစာ၍ပင် မဖြစ်နိုင်ပါ။

## ဒီလိုသာ သေသွားလျှင်

ဒီတော့ ယနေ့လက်ရှိ ကျင့်သုံးနေတဲ့ အဓမ္မ တရားတွေနဲ့ သေသွားကြလျှင် အပါယ်လေးဘုံမှအပါး တခြားသွားစရာပင် မရှိတော့ပါ။ ဒါကြောင့် ဒီက "ဘယ်သွားကြမလဲ" ဆိုတဲ့ မေးခွန်းကို ကမ္ဘာ့တရပ်လုံးရှိ လူဆိုကြီးတရပ်လုံးကို မေးလိုက်ပါတယ်။ ကျွန်တော့်ကိုယ်ကိုလဲ မေးနေပါတယ်။ မေးသာ မေးရတယ် ဖြေတော့မဖြေနိုင်သေးဘူး။ ဒီမေးခွန်းကို ဘုရားရဟန္တာမှတပါး ဘယ်သူမှ အဖြေပေးနိုင်မှာ မဟုတ်ဘူးလို့ စောစောကပြောခဲ့တဲ့အတိုင်း ဘယ်သူမှ အဖြေပေးနိုင်မှာတော့ မဟုတ်ပါဘူး။

## တနေ့ တခါ

သို့ရာတွင် သောတရှင်များကို တခုတော့ ပြောချင်ပါတယ်။ အဖြေမပေးနိုင်ပေမယ့် "ကိုယ့်ကိုယ်ကို မေးတော့ မေးကြပါ"လို့ တိုက်တွန်းချင်ပါတယ်။တတ်နိုင်လျှင် နေ့တိုင်းနေ့တိုင်း အနည်းဆုံး တနေ့တခါ (နင် ဘယ်သွားမလဲ)လို့ မေးကြပါ။

ဒီလိုသာ နေ့တိုင်းနေ့တိုင်း တနေ့တခါ (ဒီဘဝကပြီးလျှင် ဘယ်သွားမလဲ)လို့ မှန်မှန်မေးနေလျှင် မည်သည့်ဘုံ၊ မည်သည့် ဘဝဟု နေရာဒေသ ဘဝကို အတိအကျ မပြောနိုင်ပေမယ့် အထက်ဘုံ၊ အောက်ဘုံဆိုတဲ့ အရပ်လောက်ကိုတော့ ခန့်မှန်း လာနိုင်ပါလိမ့်မယ်။ ကျွန်တော်က အသက်(၇၀)လောက်ရှိမှ ကိုယ့်ကိုယ်ကို ဒီဘဝကသေပြီး ဘယ်သွားမလဲလို့မေးတဲ့ အတွက် မဖြေနိုင်ခြင်း ဖြစ်ပါတယ်။ဒီမေးခွန်းကို ငယ်ငယ်ထဲကသာ ကိုယ့်ကိုယ်ကို နေ့စဉ်မပြတ် မေးလာမိလျှင် ဘယ်ဘုံ၊ဘယ်ဘဝ သွားရမည်လို့ အတိအကျ မဖြေနိုင်ပေမယ့် ငါသေလျှင် အပါယ် လေးဘုံ သွားမလား၊လူ့ ဘုံ,နတ်ဘုံ သွားမလားဆိုတာလောက် တော့ ခန့်မှန်း ဖြေဆိုနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ဘာကြောင့် လဲဆိုတော့ မကောင်းတာလုပ်လျှင် အပါယ် သွားရမယ်။

ကောင်းတာလုပ်မှ လူ့ဘုံ၊ နတ်ဘုံ သွားရမယ်ဆိုတာ သိပြီး သား ဖြစ်နေတော့ နေ့တိုင်း နေ့တိုင်းသာ ဒီမေးခွန်းကို မေးနေလျှင် အပါယ်ဘုံသွားရမှာ ကြောက်တာနဲ့ပဲ မကောင်းတာကို လုပ်မိမှာ မဟုတ်ဘူး။ ကောင်းတာကိုသာ လုပ်မိအောင် ကြိုးစားမှာ ဖြစ်ပါတယ်။ ကျွန်တော်တော့ ဘယ်သွားရမှန်း မသိသေးသမျှ ဒီဘဝက ဘယ်ကိုမှ မသွားသေး၊ သိမှ သွားမယ်ဟု ကြံစည်ထားပါတယ်။

## အားကိုးစရာ တရား

ဒါနဲ့စပ်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက မဟာနာမ်ဆိုတဲ့ သာကီဝင်အား ဟောကြားတဲ့စကား သယုတ်ပါဠိတော်မှာ ပါရှိပါတယ်။ လိုရင်းအချုပ်ကတော့ မြတ်စွာဘုရားကို မတုန်မလှုပ် သက်ဝင်ယုံကြည်မှုဖြင့် ကိုးကွယ်ခြင်း၊ တရားတော်ကို ကိုးကွယ် ဆည်းကပ်ခြင်း၊ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်ခြင်း၊ အရိယကန္တခေါ်တဲ့ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျားစေပဲ လုံခြုံခြင်း၊ ဒီအချက် ဒီကျင့်ဝတ်နဲ့ ပြည့်စုံလျှင် ငါ အပါယ်မကျတော့ဘူး။ အထက်သို့သာ သွားရာလမ်း ရှိတော့တယ်ဟု မိမိတို့ကိုယ်ကို မိမိတို့ သည်ပင် အတည့်အလင်း ပြောနိုင်ပြီဟု မိန့်ထားခဲ့ပါတယ်။

## ဓမ္မိက ဥပါသကာ

သို့ကြောင့် ဘယ်သွားကြမလဲ၊ ဒီဘဝကသေပြီး ဘယ်ဘဝ သွားကြမလဲဆိုတဲ့ ပြဿနာ၏ အဖြေမှာ ဒီ ဘုရား၊ တရား၊ သံဃာ ကိုးကွယ် ဆည်းကပ်မှုတွင် အထူးသဖြင့် ငါးပါးသီလ လုံခြုံကြလျှင် ဓမ္မိက ဥပါသကာ တို့လို ငါ ဘယ်ကိုသွားမည်ဟု အတည့်အလင်း ပြောနိုင်ကြောင်း ထုံးဟောင်းသာဓက တင်ပြ လိုက်ပါတယ်။ ငါ ဘယ်ကိုသွားမယ်ဆိုတဲ့ အဖြေသည် အဆုံး၌ ငါးပါးသီလ၌ အခြေလာတည်ကြောင်း ထပ်လောင်း သတိ ပေးလိုပါတယ်။

တကမ္ဘာလုံး ငါးပါးသီလ လုံပါစေသော်။

# အခန်း ၇

## သေခြင်းတရား ပွားများနည်း

ဤအခန်းမှာ မြတ်စွာဘုရား မိန့်ကြားထားသော အနုဿတိ(၁၀)ပါးတွင် တပါး အပါအဝင် ဖြစ်သော 'မရဏာနုဿတိ' နှင့်ပတ်သက်သည့် ခမ္မစက် အဖုံဖုံ၊ မှတ်သား၊လိုက်နာ၊ ကျင့်ကြံ လုပ်ကိုင်၊ ဆောင်ရွက်ရန် နိဿရည်း အစုံစုံကို တင်ပြထားခြင်း ဖြစ်ပါသည်။

ရှင်တော်ဘုရားက မရဏာနုဿတိကို အကြိမ်ကြိမ် အခါခါ အထပ်ထပ် မပြတ်မလပ် ပွားများရန် မှာကြားချက်နှင့်အညီ ဤအခန်းကို ရှုမှတ်ပွားများခြင်းဖြင့် အာစိဏ္ဏကံကောင်းပြီး သေရာညောင်စောင်း ရောက်သည့် အခါ အထောက် အပံ့ များစွာရရှိပြီး ကောင်းရာသုဂတိသို့ လားရမည် အမှန် ဧကန်မလွဲ ဖြစ်သောကြောင့် တခေါက်တခါတည်း မဟုတ်ပဲ ထပ်လဲလဲ ဖတ်ရှုရန် တိုက်တွန်း အပ်ပါကြောင်း။

## သေးခြင်းတရား

လူတိုင်း လူတိုင်း သေကြရမည်မှာ မငြင်းသာသော သဘော တရားကြီးပေတကား။ သေခြင်းတရားကို သတိရစေခြင်းငှာ 'မရဏာနုဿတိ'ကိုအကြိမ်ကြိမ်ပွားများကြဖို့ ရှင်တော်ဘုရားက မှာကြားတော် မူခဲ့ပေ၏။

'ငါသည် အမှန်သေရမည်'ဟု အခါပေါင်းများစွာ ပွား များနေရန် လွယ်ကူသလောက် မလုပ်ဖြစ်ကြပေ။ သေခြင်း တရားနှင့် ပတ်သက်သော ကဗျာ၊ လင်္ကာ၊ ဆောင်းပါး စသည်တို့ကို ဖတ်ရှုရသော် ပျင်းရိ ငြီးငွေ့ခြင်း မရှိပဲ ဖတ်ဖြစ် တတ်ကြပေမည်။ ထိုကဲ့သို့ ဖတ်ရှုခြင်းသည်ပင် 'မရဏာနုဿတိ' ပွားများခြင်းနှင့် တသဘောတည်း ဖြစ်ပေသည်။ ထို့ကြောင့် အထက်ပါ သေခြင်းတရားနှင့် ပတ်သက်သော ဘုရားဟော ဒေသနာနှင့် ကဗျာ၊ လင်္ကာ စသည်တို့ကို တင်ပြလိုက်ရပါ ကြောင်း။

## မရဏာခံတွင်း၀ မုချ ရောက်မည်သာ

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတမုပရုဇ္ဈတိ၊
အာယု ခိယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဥဒကံ။

ဘာသန္တော– သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။ အဟောရတ္တာ–နေ့ညဉ့်ချိန်ကာ အခါကာလ မှန်သမျှတို့သည်။ အစ္စယန္တိ–နေ့ည ပြောင်းရွှေ့ တရွေ့ရွေ့နှင့် တစေ့စေ့ မသွေ လွန်သွားကြလေပြီတကား။ ဇီဝိတံ–နာမ်ရုပ် နှစ်ရပ် ဖြစ်လတ်တည်ငြိမ် ဇီဝိန် အသက်သည်။ ဥပရုဇ္ဈတိ–တရွေ့ရွေ့ ဆွေးမြေ့ရော်ယွင်း အိုမင်း၍သာ လာရလေ၏။ မစ္စာနံ–ဝိညာဉ်ဘင်း လင်း ရှင်ခြင်းထင်ရှား သက်ရှိသတ္တဝါတို့၏။ အာယု–အသက်သည်။ ခိယတိ–တရွေ့ရွေ့မှန် တရွေ့ရွေ့ ကုန်ခန်း လာလေပြီတကား။ ကိမိဝ–ဥပမာပုံဆို ဘယ်လိုနည်းပေါ့မူကား။ ကုန္နဒီနံ–ရေအလျဉ် နည်းပါး မြစ်ငယ် ချောင်းငယ်များ၏။ ဥဒကံဝ –နွေရာသီတွင်း ဖြည်းဖြည်းခြင်းရောက် ရေ ခန်းခြောက်လာသကဲ့သို့ တရွေ့ရွေ့ မသွေ တမြေ့မြေ့ကြေလျက် လေးထွေ မရဏာ ခံတွင်း၀သို့ ခဏမကြာ ရောက်လာရတော့သည် တကား။

(သဂါထာဝဂ္ဂ သံယုတ်)

## ဃေမင်းနှင့်ပြိုင် နိုင်သူမရှိ

မစ္စုန္နာ သက်ရော နတ္ထိ၊
လဍ္ဍုဂ္ဂါဟော နဝိဇ္ဇတိ၊
ယုဒ္ဓါ နတ္ထိ ဇယောနတ္ထိ၊
သဗ္ဗေ မစ္စုပရာယနာ။

မစ္စုန္နာ—အင်အားကြီးခြင်း ရှင်သေမင်းနှင့်၊ သက်ရော—ဤနေ့ ဤရက် ဤမနက်မှ သေပျက်ပရစေဟု ချိန်းချက်၍ထားခြင်းသည်။ နတ္ထိ—မည်သည့်ကမ္ဘာ မည်သည့်သတ္တဝါမျှ မရှိရိုးဓမ္မတာ အမှန်ပါပေတည်း။ လဍ္ဍုဂ္ဂါဟော—လှတ်တဲ့လေအောင် အကျိုးဆောင်၍၊ တံစိုးလက်ဆောင်ပေး၍ ရခြင်းသည်လည်း။ နဝိဇ္ဇတိ—မရှိဧကန် လူတိုင်း မှန်လှပါပေ၏။ ဇယော—ရှင်သေမင်းကို ရန်တင်း ဘယ်မူ အောင်နိုင်သော သူသည်လည်း။ နတ္ထိ—အများ မဟာ ဘုရားဘဂဝါသော်မှ မလွတ်ကင်းပဲ ဇွတ်အတင်း ပါသွားရရှာသေးသမို့ ဘယ်သူမှ လွတ်ကင်းရိုး မရှိပါပေ။ သဗ္ဗေ—ရှိရှိသမျှ ပုပု ရှုရှု ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် မျိုးဇာတ်သိမ်းခြုံ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုပရာယနာ—သေမင်းထံရင်း ဝပ်ကာစင်း၍ သေမင်းနိုင်င်၌သာ လဲလျောင်း ခိုအောင်းကြရလေကုန်သည်တကား။

(စတ္တာလီသနိပါတ်၊ တေသကုဏဇာတ် ၁၁၄)

## ရှောင်ကွင်းဘယ်မှာ လွတ်နိုင်ရာလိမ့်

ဝိဇ္ဇာ ဇော်ဂျီ၊ တပသီနှင့်၊ လောကီ ဣဒ္ဓိပါဒ်၊ လွန် ကြီး မြတ်သည့်၊ မိုးနတ် ဗြဟ္မာ၊ ဖြစ်စေကာလည်း၊ ဂါထာဆေး ဝါး၊ မန္တရားဖြင့်၊ ကုစားအရိုး၊တန်ခိုးဖန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာ၊ လွတ်နိုင်ရာလိမ့်။

(မန်လည် ဆရာတော်)

## အလွန်လျင်မြန်သော သေခြင်း

အို ရဟန်းတို့၊ သေခြင်း သဘောတရားသည် အလွန်လျင် မြန်လှ၏။ နွားသတ်ရာဌာန နွားသတ်ကုန်းသို့ ခေါ်ဆောင် သွားခြင်းကို ခံရသော နွားသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းသို့ နီးကပ်ရဘိသကဲ့သို့ လူတို့သည်လည်း နေ့ကုန်တိုင်း နေ့ကုန်တိုင်း သေခြင်းအချိန်သို့ တနေ့ထက် တနေ့ နီးကပ် လာရ ချေပြီတကား။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ သတ္တကနိပါတ် မဟာစက်)

## ဗြဟ္မာသော်မှ တားမရ

အိုခြင်း သဘောတရားရှိသူ မအိုရအောင်၊ သေခြင်း သဘောတရားရှိသူ မသေရအောင်၊ ချုပ်ခြင်း သဘောတရား ရှိသူ မချုပ်ရအောင်၊ ပျက်စီးခြင်း သဘောတရား ရှိသူ မပျက် စီးရအောင် လူတို့သည်ကား ဝေးစွ၊ ဗြဟ္မာမင်းသော်မှ မစွမ်း နိုင်ပေ။

(သုတ္တနိပါတ်၊ သလ္လသုတ်)

## ကေန်မချွတ် သေရလတ္တံ့

အခါးပင် မျိုးစေ့မှ ပေါက်ပွားသော သစ်ပင်ငယ်သည် အချို မဖြစ်နိုင်ပဲ အမြဲမုချ ခါးရလေဘိသကဲ့သို့ သေတတ်သော အမိကြီးမှ မွေးဖွားသောသားသည်၊ အမြဲမနေနိုင်ပဲ ကေန် မချွတ် သေရလတ္တံ့။

## (၇) သဗ္ဗတ္ထ ကမ္မဋ္ဌာန်း

ဘုရားရှင် အမိန့်ရှိတော်မူခဲ့သော အဘိဓာသုတ်မှ လာသည့် သေခြင်းသဘောတရားတို့ကို အစဉ်ပွားသည်ရှိသော် လောက ကြီးတွင် အထူး သတိကောင်းသူ ဖြစ် ၍ လာလေသည်။ ထို့ကြောင့် သေခြင်းသဘောတရားကို အခါခါ ပွားများပါ၊ ဆင်ခြင်ပါ၊ တဦးတယောက် သေသည်ဟု ကြားရ မြင်ရသော် "အော်–ငါသည် ဤကဲ့သို့ သေရဦးမှာ သေချာလျက် ရှိလေ ၏" သတင်းစာတွင်တဦးတယောက်သေသည်ဟု ဖတ်ရှုရပါ လျှင် "အော်–ငါသည် ဤကဲ့သို့ သေရဦးမှာ ပါကလား၊ သူဌေးလဲသေရတာပဲ၊ ရှင်ဘုရင်လဲသေရတာပဲ၊ ဆင်းရဲသားလဲ သေရတာပဲ၊အသက်ကြီးကြီးလဲသေရတာပဲ၊ အသက်ငယ်ငယ်လဲ သေတတ်၏၊ ဒါဖြင့် ငါကောဘာမို့လဲ၊ ငါ့အသက်အရွယ်လဲ သေနိုင်တာပါကလား၊ ခုလိုခေတ်ဆိုးကြီးမှာ သာပြီးသေဖို့ အကြောင်းက ပိုမိုများပြားလာချေပြီတကား၊ငါ ခုနေသေယင် ဘယ်ဘုံရောက်မလဲ၊ အင်း ကုသိုလ် ကောင်းမှုတော့ လုပ်မှဖြစ်

မယ်၊ ကုသိုလ်ထဲမှာ အဘယ် ကုသိုလ်ဟာ အကောင်းဆုံးလဲ ဆိုတော့ ဝိပဿနာကုသိုလ်ကို ဘုရားရှင် အလိုအရှိဆုံး ပါက လား'' စသည်ဖြင့် သေခြင်းသဘောတရားကို အစဉ် ဆင်ခြင် ပေးရာ၏။

တစုံတယောက်သေသည်ဟု ကြားသိရသောအခါ ''ငါလဲ ဒီလိုသေရမှာပဲ။ ငါသာမဟုတ်၊ ငါ့မယား၊ ငါ့သား၊ငါ့သမီး၊ ငါ့အဖေ၊ ငါ့အမေ၊ ငါ့ဆွေမျိုး စသည်တို့ဟာလဲ ဒီလိုပဲသေကြ ရဦးမှာ သေချာလျက်ပဲ'' စသည်ဖြင့် ဆင်ခြင်ပေးရမည်။

ထိုမျှမက မိမိသည် ကိုယ်တွင်းရောဂါ ဝေဒနာကြောင့် လည်း ရှုတ်တရက် သေနိုင်ခြင်း၊ ပြင်ပမှ ဘေးအန္တရာယ်တို့ ကြောင့်လည်း ရှုတ်တရက်သေနိုင်ခြင်းများကိုလည်း ဆင်ခြင် ပေးရမည်။

ဦးပဏ္ဍိဂို၏

(ဝိပဿနာအခြေခံနှင့် အမြော်မြင်)

## (ဂ) ဘယ်စိတ်နှင့်သေ၊ ဘယ်ဘုံမြေ၊ မသေ့ ရောက်မည်နည်း

လောဘနှင့်သေ၊ ပြိတ္တာမြေ၊ မသေ့ရောက်မည်မှတ်၊
ဒေါသနှင့်သေ၊ ငရဲမြေ၊ မသေ့ရောက်မည်မှတ်၊
မောဟနှင့်သေ၊ တိရစ္ဆာန်မြေ၊ မသေ့ရောက်မည်မှတ်။

(အဌသာလိနီအဌကထာ)

## (၉) နေ့စဉ်ပွားကြ သံဝေဂ

(၁) တရက်ကုန်ပြန်၊ ငါ့ရုပ်-နာမ်၊ သေရန် တရက် နီးခဲ့ပြီ၊
(၂) တလကုန်ပြန်၊ ငါ့ရုပ်-နာမ်၊ သေရန် တလ နီးခဲ့ပြီ၊
(၃) တနှစ်ကုန်ပြန်၊ ငါ့ရုပ်-နာမ်၊ သေရန် တနှစ် နီးခဲ့ပြီ၊
(၄) နီးခဲ့သော်လဲ၊ ဘဝထဲ၊ ပျော်မြဲ ပျော်ကြသည်။
(၅) ပျော်ကြတဲ့သူ၊ များဗိုလ်လူ၊ သေမူအပါယ်ရောက်ကြမည်၊
(၆) မသေခင်က၊ သံဝေဂ၊ ပွားမှ သင့်တော့မည်၊
(၇) ပွားသည့်အခါ၊ ကိလေသာ၊ အမှန် နည်းပါးမည်၊
(၈) ကိလေသာနည်းလျှင်၊ ယောဂီရှင်၊ အစဉ်ငြိမ်းနေမည်။

(အိမ်တော်ရာ–မခင်ဌေး)

## မရဏာနုဿတိ

"သေခြင်းတရား" ကို အမြဲနှလုံးသွင်း ဆင်ခြင် နေကြရမည်ဟု ရှင်တော်ဘုရား မိန့်ကြားတော်မူချက်ကို ထောက်ခံသော အားဖြင့် ပညာရှင် အသီးသီးတို့၏ ရေး သား ချက် အဖြာဖြာကို တင်ပြလိုက်ပါဦးအံ့။

## လက်ညှိုး တချောင်း

ဗမာပြည်လွတ်လပ်ရေးရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း က ဗြိတိသျှအစိုးရအား တင်ပြသော အချက်များတွင် တညီတညွတ်တည်း သဘောတူညီကြောင်း ပြည်သူ့ကိုယ်စားလှယ်များက လက်ညှိုးထောင်၍ ဆန္ဒပြခဲ့ကြပါသည်။

ဗိုလ်ချုပ်ကလည်း တိုင်းပြည်လွတ်လပ်ရေး ရရှိရန် လက်ညှိုးထောင်တတ်ယင် တော်ပြီဟု ထိုအခါနိုက တစည်းတလုံးတည်း ညီညီညွတ်ညွတ်ရှိကြောင်းကို နယ်ချဲ့ အစိုးရအား ပြလိုသဖြင့် လက်ညှိုးထောင် ထောက်ခံရန် ပြောကြားခဲ့ဘူးပါသည်။

ကျောင်းစာသင်ခန်းများတွင်"စာရတဲ့သူလက်ညှိုးထောင်" ဟု ဆရာက ပြောသောခါ စာရသူများက သူ များ ထက်ဦးအောင် လက်ညှိုးထောင်လေ့ ရှိပါသည်။

သားသမီး ငယ်ငယ်ကလေးများကိုလည်း မိခင် ဖခင်တို့က "မင်းတို့ သတိထား"ဟု လက်ညှိုးတချောင်းထောင်ပြပြီး သတိပေး ဆုံးမနေသူကိုလည်း တွေ့ဘူးကြပေလိမ့်မည်။

လူကိုဖြစ်စေ၊ အရာဝတ္ထုကိုဖြစ်စေ၊ လမ်းကိုဖြစ်စေ၊ အိမ်အဆောက်အအုံကိုဖြစ်စေ သိလို၍မေးသောအခါ လက်ညှိုးထိုး၍ ညွှန်ပြလေ့ရှိပါသည်။

လက်ညှိုးတချောင်းကို အထက်ဖော်ပြပါ နေရာများတွင် အသုံးများသော်လည်း ဦးလူသေည် ၎င်း၏ ဓမ္မမိတ်ဆွေများနှင့် တွေ့တိုင်း လက်ညှိုးတချောင်းထောင်၍ နှုတ်ဆက်လေ့ရှိပါသည်။

ဘာကြောင့် လက်ညှိုးတချောင်း ထောင်၍ နှုတ်ဆက်ရကြောင်းကိုလည်း ရှင်းပြပါသည်။

ယခုဆိုလျှင် လက်ညှိုးတချောင်းထောင်၍ နှုတ်ဆက်သောအဖွဲ့ဝင် ဦးရေ တနေ့ထက်၊ တနေ့ တိုးတက် များပြားလာသည်ကို တွေ့ရပါသည်။

လက်ညှိုးတချောင်း၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ၎င်း၏ ဓမ္မမိတ်ဆွေများအား ရှင်းပြလေ့ရှိပါသည်။

"တရက်ပို၍ နီးလာပြီ။

တယောက်ထဲ သွားရမည်။

သတိရရဲ့လား"-ဟူ၍ပင် ဖြစ်ပါသည်။

သာဓု- သာဓု- သာဓု။

မှတ်ချက်။ ။မေးလာလျှင် သေမည်ဆိုတာ လူတိုင်း လိုလိုပင် သိပါသည်။ သို့ရာတွင် နေ့စဉ် သတိရလျက်ကား မရှိပါ။

ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ သေဆုံးနိုင်သည်မှာ မှန်သော်လည်း—

နေ့အားဖြင့် တွက်လျှင် တနေ့ထက် တနေ့၊

ရက်အားဖြင့် တွက်လျှင် တရက်ထက် တရက်၊

နာရီအားဖြင့် တွက်လျှင် တနာရီထက် တနာရီ၊

မိနစ်အားဖြင့် တွက်လျှင် တမိနစ်ထက် တမိနစ်၊

စက္ကန့်အားဖြင့် တွက်လျှင် တစက္ကန့်ထက် တစက္ကန့်၊

တသိအားဖြင့် တွက်လျှင် ပထမတသိ ပြီးဆုံးပြီး ဒုတိယတသိ မရောက်မီ သေချာ ပို၍ နီးကပ်နေပြီ ဖြစ်ကြောင်းကို လက်ညှိုးတချောင်းထောင်၍ တဦးနှင့်တဦး သတိပေး ပြောကြား နှုတ်ဆက်ခြင်းပင် ဖြစ်ပါသည်။

တနည်း ဆိုရသော် 'မရဏာနုဿတိ ကမ္မဋ္ဌာန်း'ကို ပွားများရန် သတိပေးခြင်း ဟုလည်း ဆိုနိုင်ပါသည်။

လက်ညှိုးတချောင်းထောင်၍ နှုတ်ဆက်သည့်အဖွဲ့ဝင်အဖြစ် အမြန် မှတ်ပုံတင်ရန် နှိုးဆော်ပါသည်။

ပထမဦးစွာ လက်ညှိုးထောင်သူအား ဒုတိယထောင်သူက "သာဓု၊ သာဓု၊ သာဓု" ဟု၍ လေးလေးပင်ပင် စိတ်ပါလက်ပါ သာဓု ခေါ်၍ ပြန်လည် နှုတ်ဆက်ရန် ဖြစ်ပါသည်။

လက်ညှိုးထောင်သည့် အဓိပ္ပာယ်အတိုင်းလည်း 'မရဏာနုဿတိ' ကမ္မဋ္ဌာန်းကို မပြတ် ပွားများသင့်ပါသည်။

(ဋ္ဌကျမ်း [illegible] ချုပ်နှင့် နောက်ဆက်တွဲ)

နံ့ရုံကပ် ဗုဒ္ဓကျမ်း စာစဉ်

အမှတ် ၄

# ‘တရက် ပို၍ နိုးလာပြီ တယောက်ထဲ သွားရမည် သတိ ရရဲ့လား’

(စေတနာရှင် ယောဂီ)

သူ့အလှည့်ကျတော့ ကိုယ်က အလိုက် သိလိုက်ရတာ
ကိုယ့်အလှည့်ကျတော့ သူက မသိတော့ပါ

သူ့အလှည့်ကျတော့ ကိုယ်က အလိုက်သိစွာနှင့် လိုက်ပို့ပြီး ပြီ။ ကိုယ့်အလှည့်ကျတော့ သူက မသိတော့ပါ။

ကိုယ်လဲ သူ့လိုပဲ ကိုယ့်အလှည့်ရောက်ယင် ကိုယ့်ကို ဘယ်သူ တွေက လိုက်ပို့တယ်ဆိုတာ သိနိုင်တော့မည် မဟုတ်ပါ။

ဤကဲ့သို့ ကိုယ့်အလှည့်ရောက်လာမည်ကို အစဉ်မပြတ် နှလုံးသွင်းနေသော သူသည် သေခြင်းတရားမှ လွတ်မြောက်၍ ထာဝစဉ် ငြိမ်းအေး ချမ်းသာမှုကို ရနိုင်မည် ဖြစ်ပါသည်။

ကိုယ့်အလှည့်ဆိုတာ ဘာကို ဆိုလိုပါသလဲ။

မိတ်ဆွေဘာသာ ဖြေကြည့်ပါလေ။

သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။သေခြင်းတရားကို အမြဲတမ်း ဆင်ခြင်နေသူ သည် ငါဟူသော မာန်မာန တရားများ ခေါင်းပါးလာရုံသာမက၊စွဲလမ်းမှု အမျိုးမျိုးမှလည်း တဖြည်းဖြည်း လွတ်မြောက်လာပြီဖြစ်၍ ထိုစွဲလမ်းမှုကြောင့် နောင် ဖြစ်ပေါ်လတ္တံ့သော ဆင်းရဲအမျိုးမျိုးမှလည်း လွတ်ကင်း သွားနိုင်ပါသည်။

ထို့ကြောင့် သေခြင်းတရားကို ဆင်ခြင်ခြင်းသည် မိမိ အတွက် ကောင်းကျိုးချမ်းသာကိုသာ ရရှိစေပါသည်။

(စေတနာရှင် ယောဂီ)

## အသက်ကို ဖွဲ့ယှက်သောတရား

ထွက်သက်လေ ဝင်သက်လေတို့ဖြင့် လည်းကောင်း၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့ဖြင့် လည်းကောင်း၊ အစာ အာဟာရတို့ဖြင့် လည်းကောင်း၊ အပူဓာတ်ငွေ့တို့ဖြင့် လည်းကောင်း၊ ဇီဝိတခေါ် အသက်ကို ဤမခိုင် မမြဲသော အရာတို့ဖြင့် ဖွဲ့ယှက်ထားရကား၊ အသက်သည် ခိုင်မြဲခြင်းမရှိ၊ အလွန် အားနည်းလှသည်ဟု 'မရဏာနုဿတိ'ကို ပွားများရာ၏။

(မဟာ နိဒ္ဒေသ (၉၁) ဇရာသုတ်)

## သေခြင်းသည် တည်မြဲ၏

၁။ အဒ္ဓုဝံ မေ ဇီဝိတံ၊

၂။ ဓုဝံ မေ မရဏံ၊

၃။ အဝဿံ မယာ မရိတဗ္ဗံ၊

၄။ မရဏ ပရိယောသာနံ မေ ဇီဝိတံ၊

၅။ ဇီဝိတ မေဝ အနိယတံ၊

၆။ မရဏံ နိယတံ၊

မေ—ငါ၏၊ ဇီဝိတံ—အသက်သည်၊ အဒ္ဓုဝံ—မမြဲ။

မေ—ငါ၏၊ မရဏံ—သေခြင်းသည်၊ ဓုဝံ—မြဲ၏။

မယာ-ငါသည်၊အဝဿံ-မချွတ်၊မရိတဗ္ဗံ-သေရလတ္တံ့။

မေ—ငါ၏၊ ဇီဝိတံ—အသက်သည်၊ မရဏပရိယောသာနံ-

သေခြင်းသည်သာလျှင် အဆုံးရှိ၏။

ဇီဝိတမေဝ—အသက်သည်သာလျှင်၊ အနိယတံ-မမြဲ။

မရဏံ-သေခြင်းသည်၊ နိယတံ—မြဲ၏။

မှတ်ချက်။ သေခြင်းတရားကို အာရုံပြု၍ ပုတီးစိပ်လိုသော ပုဂ္ဂိုလ်သည် ပြဆိုအပ်သည့် ခြောက်ပါးသော ပွားနည်းတို့ကို ပိုင်းခြားမှတ်သား၍ အသီးအသီး နှုတ်မြွက် ရွတ်ဖတ် နှလုံးသွင်း ပုတီးစိပ်ရမည်။

(ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ အဋ္ဌကထာ၊ လောကဝဂ်၊
ပေသကာရဓီတာ ဝတ္ထု။)

## သေခြင်းတရား နေ့စဉ်ပွား

တနေ့လဲကုန်၊ ခြေအစုံက၊ မြေသုသာန် လှမ်းခဲ့ပြန်ပေါ့။
တနေ့ကုန်ပျောက်၊ အချိန်ရောက်က၊ ဇရာထူပြော၊ ခန္ဓာ ဩဇာ၊ နစ်ကြဖန်ဖန်၊ မျောနေပြန်ပေါ့။

မိနစ် နာရီ၊ တမီဇနာ၊ အတွင်းမှာလဲ၊ ရုပ်လွှာစဉ်သည်၊ ဥပါဒ်၊ ဌီ၊ ဘင်၊ ဖြစ်-ပျက်ခွင်တွင်၊ အစဉ်ပြေးလျှောက်၊ ချုပ်ပျောက်ဆုံးပေါ့။

ကြော်—တနေ့တရက်၊ တနံနက်နှင့်၊ တစက္ကန့်ခြား၊ ချိန်များ အတွင်း၊ သေမင်းနိုင်ငံ၊ ဇရာထံမှောက်၊ ဒုးထောက်ခစား၊ နေတကားဟု၊ ပွားများရှုမှတ်၊ သတိချပ်၍၊ မပြတ်နေ့စဉ်၊ ညဏ်နှင့်ယှဉ်က၊ ဘဝနောင်ခါ၊ များမကြာခင်၊ သေရာကင်းမှန်၊ မြတ်နိဗ္ဗာန်သို့၊ ကေန်ရောက်ရန် လမ်းစဉ်တည်း။

(အရှင်ပဏ္ဍိတ–ပန်းစက္ကူ)

မသေချင်ယင်

မသေလိုလျှင် သုသာန်သွား၊ မရဏာနုဿတိ နှာနှာပွား။
(အဂ္ဂမဟာပဏ္ဍိတ -ဦးအရိယ)

သေခြင်းကို အဖန်တလဲလဲ ဤသို့အောက်မေ့အပ်၏

(၁) အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတပါး၊ ကွဲပြားတဖန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည–ဆင်ခြင်ကြ။

(အဘိဓာသုတ်)

(၂) သေခြင်းတရားကို ပွားများနေလျှင် အကျိုးကြီးသည်။ အာနိသင် ကြီးမားသည်။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည်။ သန္တိသုခနိဗ္ဗာန်လျှင် အဆုံးရှိသည်။ သို့အတွက် သေခြင်းတရားကို အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင် ပွားများကြ။

(ဗုဒ္ဓ)

သေခြင်းကို အောက်မေ့ရကျိုး

(၁၁) ပါး

(က) နိဗ္ဗာန်လိုလား၊ အမျိုးသား၊ မှတ်သား သိဖို့ရာ။
(ခ) သေခြင်းတရား၊ စိတ်မှာထား၊ ပွားများသူတို့မှာ။
(ဂ) တဆယ့်ဘပါး၊ အကျိုးများ၊ ထင်ရှားကျမ်း၌လာ။

(၁) ကုသိုလ်အမှု၊ မပြတ်ပြု၊ တခုအကျိုးငှာ။
(၂) ဖြစ်ပျက်တတ်ငြား၊ ဘုံသုံးပါး၊ လားလား မပျော်ပါ။
(၃) အသက်ခန္ဓာ၊ မငဲ့ညာ၊ ကောင်းစွာစွန့်နိုင်ပါ။
(၄) အကုသိုလ်စုတ်၊ တဆုးယုတ်၊ စက်ဆုပ်တတ် သည့်သာ။
(၅) ပစ္စည်းများပြား၊ မသိုထား၊ စွန့်စားရက်သည် သာ။
(၆) ဝန်တိုစေးနဲ၊ တရားမဲ့၊ ခွာရှဲ နိုင်သည်သာ။
(၇) ဆနိစ္စသညာ၊ တရားဟာ၊ စိတ်မှာ မပြတ်ပါ။

(၈) ဒုက္ခ၊ အနတ္တာ၊ ထိုနှစ်ဖြာ၊ ဉာဏ်မှာ လျှောက်၍လာ။

(၉) သေဘေးတရား၊ တွေ့ကြုံငြား၊ များများ မကြောက်ပါ။

(၁၀) အိပ်သောယောကျ်ား၊ နိုးသောလား၊ ပေါ့ပါး သေရမှာ။

(၁၁) လူ့ပြည် နတ်ရပ်၊ ဘဝမြတ်၊ ရောက်တတ်လေသည်သာ။

ဦးသူရိယဝံသ
ကံပေးကျောင်း၊ တောင်တွင်းကြီးမြို့။

## မရဏာနုဿတိ ပွားများရကျိုး

အကြင်သူတို့သည် မရဏာနုဿတိကို မပွားများကြကုန်။ ထိုသူတို့သည် သေခါနီးရာ နောင်အခါ၌ အဆိပ်ပြင်းသော မြွေကိုမြင်ရ၍ ကြောက်လန့်တကြား တုတ်မရှိသောယောကျ်ားကဲ့သို့ ကြောက်လန့်တကြား အော်မြည်လျက် ပူပန်ခြင်းနှင့်တကွ သေရ၏။

အကြင်သူတို့သည်ကား မရဏာနုဿတိကို ပွားများကြကုန်၏။ ထိုသူတို့သည် အဆိပ်ပြင်းသော မြွေကို အဝေးမှ မြင်ရ၍ တုတ်ဖြင့် ကောက်ပစ်ပြီးသော ယောကျ်ားကဲ့သို့ သေခါနီးရာ နောက်အခါ၌ ပူပန်ကင်းစွာ ချမ်းချမ်းသာသာ သေရ၏။

ထို့ကြောင့် မရဏာနုဿတိ ပွားများယာန်ကား—

ငါ၏ အသက်ရှင်နေခြင်းသည် သေခြင်းသာ နောက်ဆုံး ရှိချေ၏တကား။ အသက်ရှင်နေရခြင်းသည်ကား မမြဲ။ သေရခြင်းကား မြဲပေ၏။

ငါ၏ အသက်ရှင်နေရခြင်းသည် မမြဲ ။ ငါ့အား သေခြင်းသည်သာ မြဲပေ၏။ ထို့ကြောင့် ငါဟာ ကေန်မုချ သေရမည်သာတည်း–ဟု ပွားများရာ၏။

(ဓမ္မပဒ ၁၁၁–ဒုတိယအုပ်၊ ပေသကာရဓီတာ ဝတ္ထု)

(အရှင်တိလောကာသီရိ၊ တိုက်သစ်)

## သံဝေဂလင်္ကာ

မှတ်ခါ စွဲယူ၊ များဗိုလ်လူတို့၊ နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်၊ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း၊ သုံးစွဲဖို့ရာ၊ မြတ်ဥစ္စာကို၊ ကံကြမ္မာပေး၊ ရပြန်သေးက၊ ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏။ ချစ်လျှံဝေဝေ၊ ချစ်ဆွေတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည်း၊ ရှည်စွာအသက်၊ တည်ရှိချက်လည်း၊ ပခက်နှင့်ပေ၊ ဝေးလေလေ၍၊ နီးလေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်၊ အကြောင်းအားလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ဖြစ်ရပြန်ရ၊ အမှန်ချစ်သူ၊ မကပ်မူပဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏၊ နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ရှား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးမြိုင်ယံ၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြှုပ်နှံဘိခြင်း၊ ခြောက်ပေတွင်းဝယ်၊ စင်းစင်းအိပ်ခါ၊ မလှည့်သာပဲ၊ နေရနဲ့ကို၊ စွဲမြဲမှတ်ခါ၊ ဆင်ခြင်ပါလော့၊ သင်္ခါရခုံ၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊ လောကဓံလွတ်ကြောင်း၊ ဆုပန်တောင်း၍၊ လမ်းကောင်း မဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ အေးမည်တည်း။

(ဂတိဝိသုဒ္ဓိညွန့်ပေါင်းကျမ်း)

## မရဏာနုဿတိ၏ တန်ခိုး

မရဏာနုဿတိ၊ ပွားများဘိသော်၊
ညာတိ ဗျသန၊ ကြုံတွေ့ရလည်း၊
သောက ကင်းဝေး၊ စိတ်ကြည်အေး၏။

ရှေး လွန်လေပြီးသော အခါ ဗာရဏသီပြည်၌ ဘုရားလောင်းသည် ပုဏ္ဏားဖြစ်၍ လယ်လုပ်သောအမှုဖြင့် အသက်မွေးခြင်းကို ပြု၏။ ဘုရားလောင်းသည်.... (၁)မယား၊ (၂) သမီးပျို တယောက်၊ (၃) သား တယောက်၊ (၄) ချွေးမ တယောက်၊ (၅) ကျွန်မ တယောက်နှင့်အတူ နေ ထိုင် ကာ ရင်းတို့အားသေခြင်းတရား၌ အောက်မေ့သောသတိကို ပွားများကြရန် သင်ကြားဆုံးမထားလေရာ၊ အားလုံးပင် မရဏာနုဿတိကို ပွားများဆင်ခြင်ကြလေသည်။ တနေ့သောအခါ.... ဘုရားလောင်း၏ သားသည် မြွေကိုက်၍သေလေသည်။ မရဏာနုဿတိကို အမြဲမပြတ်ဆင်ခြင်လေ့ ရှိသော ဘုရားလောင်းနှင့်တကွ ကျန်အိမ်သားများသည် မိမိတို့၏ ဆွေမျိုးအရင်းအခြာဖြစ်သော အိမ်သားတယောက် သေဆုံး သွား သော် လည်း မည်သူမျှ ငိုကြွေးပူဆွေးခြင်းမရှိ၊ မရဏာနုဿတိကိုသာ အဖန်တလဲလဲ အောက်မေ့ ပွားများကာ ထိုက်သင့်သည့် ဖုတ်ကြည်း

သင်္ဂြိုဟ်မှုကိုသာ ပြုလုပ်ကြလေသည်။ ထိုသူတစုတို့၏ ထူးခြား အံ့ဩဖွယ်အဖြစ်ကို သိကြားမင်း သိလေရာ၊ ထိုအရပ်သို့သွား၍ "အဘယ်ကြောင့် မပူဆွေး မငိုကြွေးကြသနည်း"ဟု မေးလေ သည်။

ထိုအခါ ဘုရားလောင်းက....

ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သန္တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလင်္ကတေ သတိ။
ဍယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊ ဂတော သော တဿ ယာ ဂတိ။

ဥရဂေါ-မြွေသည်။ တစံ ဇိဏ္ဏံ-အရေဟောင်းကို၊ ဟိတွာ-စွန့်၍။ ဂစ္ဆတိဣဝ-သွားသကဲ့သို့။ ဧဝံတထာ-ထို့အတူ။ မေ-ငါ၏။ ပုတ္တော- သားသည်။ သန္တနုံ-ကိုယ်ကို။ ဟိတွာ-စွန့်၍။ ဂစ္ဆတိ-သွား၏။ သရီရေ- ကိုယ်သည်။ နိဗ္ဘောဂေ-ဇီဝိတိန္ဒြေ-ကြွင်းသည်၊ ပေတေ- တမလွန်သို့လားသည်။ ကာလင်္ကတေ-သေသည်။ သတိရှိသော်။ ရုဏ္ဏေနဝါ- မျက်ရည်ကျခြင်းဖြင့်လည်းကောင်း။ (ထည့်၍ပေး)ပရိဒေဝနဝါ- ငိုကြွေးခြင်းဖြင့်လည်းကောင်း။ ကောအတ္တော- အဘယ်အကျိုး ရှိအံ့နည်း။ တဿပုတ္တဿ- ထိုသား၏။ ယာဂတိ- အကြင် ဂတိသည်။ အတ္ထိ-ရှိ၏။ တံဂတိံ- ထိုဂတိသို့။ ဂတော- လားသော။ ဍယှမာနော- ဖုတ်ကြည်းအပ်သော။ သော- ထိုငါ၏သား

သည်။ ဉာတိနံ့- ဆွေမျိုးတို့၏။ ပရိဒေဝနံ-ငိုကြွေးခြင်းကို။ နဇာနာတိ-မသိ။ တသ္မာ- ထို့ကြောင့်။ ဖလံ-ဤသားကို။ အဟံ-ငါသည်။ နသောစာမိ- မစိုးရိမ်။ ဟူ၍ ဆို၏။

အမိ ပုဏ္ဏေးမသည်လည်း....

အနဝှိတော တတော အာဂါ၊ အနနုညာတော ဣတော-
ဂတော။

ယထာဂတော တထာဂတော၊ တတ္ထကာ ပရိဒေဝနာ။

စသည်ဖြင့် ဤမှရှေ့၌ တယောက်စီတယောက်စီ ဘုရားလောင်းကဲ့သို့ ပြောဆိုသည်။

မယာ-ငါသည်။ အနဝှိတော-လာခဲ့ဟု မခေါ်ပဲလျက်။ တတော-ထိုထိုအရပ်မှ အယံ-ဤငါ့သားသည်။ အာဂါ-ငါ့ထံသို့လာ၏။ အနနုညာတော-သွားတော့ဟု ခွင့်မပြုပဲလျက်။ ဣတော-ဤဘဝမှ။ ဂတော-ဘဝတခုသို့ ကူးသွားပြန်၏။ အာဂတော ယထာ- သူ့အလိုလို လာသကဲ့သို့။ တထာ-ထို့အတူ။ ဂတော-သူ့အလိုအလျောက်ပင် သွားပြန်၏။ တတ္ထ-ထို သူ့အလိုလိုလာခြင်း သွားခြင်းကို ပြုရာ၌။ ပရိဒေဝနာ-ငိုကြွေး၍ နေခြင်းသည်ကား။ ကာ-ဘာအကျိုး ရှိပါအံ့နည်း။ (လ)

တသ္မာ-ထို့ကြောင့်၊ နသောစာမိ-မစိုးရိမ်· ဟု ဆို၏။

နှမငယ်ကလည်း—

သစေ ရောဒေကိသာအဿ၊ တဿာမေ ကိံဖလံ သိယာ၊
ဉာတိ မိတ္တသုဟဇ္ဇာနံ၊ ဘိယျော နော အရတိ သိယာ။
(လ)

ဇေဋ္ဌဘာတရိ—မောင်ကြီးသည်။ မတေ—သေသည်ရှိသော်။ အဟံ—ငါသည်။ သစေရောဒေ—အကယ်၍ ငိုကြွေးအံ့။ ကိသာ—ကိုယ်ပိန်ချုံးရှုံသော။ အဿ—ဖြစ်ရာ၏။ ကိံဖလံ—ဘယ်အကျိုးသည်။ သိယာ—ဖြစ်ပါအံ့နည်း။ ဉာတိ မိတ္တသုဟဇ္ဇာနံ—ဆွေမျိုးမိတ်ဆွေ ချစ်ခင်သူတို့အား။ ဘိယျော— အလွန်အမင်း။ အရတိသိယာ—စိတ်ညစ်ဖွယ်သာ ဖြစ်ပါ၏။

(လ)တသ္မာ— ထို့ကြောင့်၊ နသောစာမိ— မစိုးရိမ်—ဟုဆို၏။

သေသူ၏ မယားသည်လည်း—

ယထာပိဒါရကောစန္ဒံ၊ ဂစ္ဆန္တမနုရောဒတိ၊

ဧဝံသမ္ပဒ မေဝေဒံ၊ ယော ပေတမနုသောစတိ။ (လ)

ဒါရကော— ကလေးငယ်သည်။ အာကာသေ— ကောင်းကင်း၌။ ဂစ္ဆန္တံ—သွားသော။ စန္ဒံ—လပြည့်ဝန်းကို။ ဒိသွာ—မြင်၍။ အမ္မ—အမိ၊ မေ၊ ငါ့အား၊ စန္ဒံ-လကို။ ဒေဟိ— ယူ၍ပေးပါလော့။ ဣတိ—ဤသို့။ အနုရောဒတိယထာ—တကျုံကျုံ ငိုနေသကဲ့သို့။ ဧဝံတထာ—ထိုတူ။ ယော— အကြင်သူသည်။ ပေတံ—သေသောသူကို။ အနုသောစတိ—အဖန်တလဲလဲ စိုးရိမ်၏။ တဿ—ထိုသူအား၊ ဣဒံသမ္ပဒမေဝ—ဤ ဥပမာ၏ ပြည့်စုံ

ခြင်းသည်လျှင် ဟောတိ–ဖြစ်၏။ (လ)

တဿာ—ထို့ကြောင့်။ နသောစာမိ–မစိုးရိမ်ဟု ဆို၏

ကျွန်မသည်လည်း—

ယထာစဉဒက ကုမ္ဘော၊ ဘိန္နော အပ္ပဋိ သန္ဓယော။

ဧဝံသမ္မဒ မေဝေတံ၊ ယော ပေဘာမနုသောစတိ(လ)။

ဘိန္နော— ကွဲလေပြီးသော။ ဥဒကကုမ္ဘော— ရေအိုးသည်။ အပဋိသန္ဓယောယထာ — ပြန်၍ စပ်မရသကဲ့သို့။ ဧဝံတထာ–ထို့အတူ။ ယော–အကြင်သူသည်၊ ဧဝံပေတံ—သေသောသူကို၊ အနုသောစတိ—အဖန်တလဲလဲ စိုးရိမ်၏။ တဿ—ထိုသူအား၊ သမ္မဒမေဝ— ဤဥပမာ၏ ပြည့်စုံခြင်းသည်သာလျှင်။ ဟောတိ–ဖြစ်၏။ (လ)

တဿာ-ထို့ကြောင့်။နသောစာမိ—မစိုးရိမ်ဟုဆိုလေသည်။

(ပဉ္စက နိပါတ်)

ကျွန်ုပ်တို့သည် ဤဝတ္ထုလာ ပုဂ္ဂိုလ် ငါးဦးတို့၏ ထုံးကို နှလုံးမူလျက် မရဏာနုဿတိကို ပွားများသင့်ကြ လှပေတော့သတည်း။

(ဦးပဏ္ဍိတ၊ ကံပေါ်ကျောင်း၊ တောင်တွင်းကြီးမြို့)

## နေ့ရောညဥ့်ပါ ဆင်ခြင်စရာ

ဗုဒ္ဓရှင်တော်ဘုရားသည် အဘိဓမ္မာဿုတ်လာ ကြောင်း ငါးဖြာကို နေ့ရောညဥ့်ပါ အခါမရွေး မိန်းမ၊ယောကျ်ား၊ရဟန်းရှင်လူ၊ မည်သူမဆို အောက်မေ့ ဆင်ခြင်ရမည် ဟု ဟောကြားမိန့်မြွက်ထားတော်မူခဲ့ရာ ဗုဒ္ဓဘာသာ မြန်မာ မျိုးသား လူအများတို့ ပွားများနိုင်ကြစေရန် မြန်မာစာ သက်သက်ဖြင့် အချက်ကြကျ ဖော်ပြအပ်ပါသတည်း။

(မင်္ဂလာ ဦးသိန်းမောင်၊ သထုံမြို့)

## ငါးဖြာ အချက်

(၁) ငါသည် အိုရမည်၊

(၂) ငါသည် နာရမည်၊

(၃) ငါသည် သေရမည်၊

(၄) ငါသည် ခပ်သိမ်းကုန်သော ချစ်ခင် နှစ်သက်သည့် အပေါင်းအသင်း၊ ဥစ္စာတကာဆွေမျိုးတို့နှင့် ရှင်ကွဲကွဲရမည်၊ သေကွဲ ကွဲရမည်။

(၅) ငါသည် ကံသာလျှင် မိမိဥစ္စာ ရှိပေ၏၊ ကံသာလျှင် အမွေခံ ရှိပေ၏၊ ကံသာလျှင် အကြောင်းရင်း ရှိ၏၊ ကံသာလျှင် အဆွေအမျိုး ရှိ၏။ ကံသာလျှင် ကိုးကွယ်ရာ မှီခိုရာ ရှိ၏။

ငါ ပြုခဲ့သော ကောင်းမှု၊ မကောင်းမှု ကံသည်သာလျှင် ငါ၏ ကောင်းမွေ၊ ဆိုးမွေများ ဖြစ်လေတော့သတည်း။

(ပဉ္စင်္ဂုတ္တရ ပါဠိတော်)

## သံပေါက်များ

(၁) အို,နာ,သေကွဲ၊ ကံနှစ်တွဲ၊ အမြဲနေ့တိုင်းရှု။

(၂) အကုသိုလ်ပြုက၊ အပါယ်ကျ၊ ကုသိုလ်ပြုမှ၊ ကောင်းရာရ၊ ကံသာမူလ ဖြစ်သမျှ။

(၃) ခပ်သိမ်းသတ္တဝါ၊ ကံကိုသာ၊ ဥစ္စာအစစ်မှတ်။

(၄) ခပ်သိမ်းသတ္တဝါ၊ မွေခံမှာ၊ ကံသာအစစ်မှတ်။

(၅) ခပ်သိမ်းသတ္တဝါ၊ ချမ်းသာရာ၊ ကံသာအစစ်မှတ်။

(၆) ခပ်သိမ်းသတ္တဝါ၊ ဆွေမျိုးဟာ၊ ကံသာအစစ်မှတ်။

(၇) ခပ်သိမ်းသတ္တဝါ၊ကိုးကွယ်ရာ၊ကံသာအစစ်မှတ်။

မှတ်ချက်။ ။ကံသာအမိ၊ကံသာအဖ၊ကံသာဆွေမျိုး၊ ကံသာ မိတ်ဆွေ၊ ကံသာ လဲလျောင်း၊ ပုန်းအောင်း မှီခိုရာအစစ် ဖြစ်၏။

ချမ်းသာကြောင်း အငြင်းပါ တကား ဟု အဘိဏှာ သုတ် တရားကို မိမိ ပြုံးပြုံး ကြည့်၍ ကုသိုလ်ကံ အထူးကို အား သည်း၍ ဆည်းပူးကြပါကုန်။

(မိုးညှင်းဆရာတော်ဘုရား)

## ကံသာမူလ မဝေန

(၁) ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောကြသည်မှာ၊ အရင်း သာတည်း။

(၂) ဥစ္စာဘောဂ၊ ဇီဝိဘာနှင့်၊ သုခ ပွားရန်၊ လူတို့ထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည်း။

(မန်လည်ဆရာတော်)

## မရဏဿတိ ကမ္မဋ္ဌာန်း ပွားနည်းကိုပြသော မဟာပရိနိဗ္ဗာန် ပြုခန်း

မရဏဿတိံ ဘိက္ခဝေ ဘာဝေထ၊ မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ၊ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ အမတောဂဓာ အမတပရိယောသာနာ၊ ဘာဝေထ နော တုမှေ ဘိက္ခဝေ မရဏဿတိ။

(အင်္ဂုတ္တရပါဠိ၊ ၃၊ ၂၆၈)

ဘိက္ခဝေ-အို နာ သေရေး၊ ဒုက္ခဘေးမှ လွတ်အေးလိုငြား။ အို-ချစ်သားတို့၊ တုမှေ-သင်တို့သည်။ မရဏဿတိံ-ဓမ္မဘာသဘာဝ၊ အချိန်ကျက၊ ဇီဝ မတည်၊ သေရမည်ဟု၊ ကြံစည် စဉ်းစား၊ အောက်မေ့ခြင်း သတိတရားကို၊ ဘာဝေထ-မနား ဖွံ့ရှာ၊ ပွားများကြပါကုန်လော့။ ဘိက္ခဝေ-သံသရာ ဝဋ်ဘေး၊ ကွာလွတ်ရေးကို၊ မြော်တွေးငဲ့စား အို-ချစ်သား တို့။ ဘာဝိတာ-စဉ်းစားမပြတ် ပွားများအပ်သော။ ဗဟုလီကတာ-ကြိမ်ကြိမ်ထပ်ဘပ်၊ လေ့လာအပ်သော။ မရဏဿတိ-သေချည့်သေချည်၊ မြဲမရှိဟု၊ စွဲသိမှတ်သား။ မရဏဿတိ-

တရားသည်။ မဟာမင်္ဂလာ-သမထကိန်း၊ ရာဂငြိမ်း၍၊ ခပ်သိမ်းပြီးစီး၊ အကျိုးကြီးသည်။ မဟာနိသံသာ-ပီတိသောမနဿ၊ ပါမောဇ္ဇနှင့်၊ ကာယသုခ၊ အာနိသံရှိသည်။ အမတောဂဓော-အိုသေနာရေး၊ ဒုက္ခဘေးကို ငြိမ်းအေးလွန်မြောက်၊ နိဗ္ဗာန်သို့ရောက်စေတတ်သည်။ အမတ ပရိယောသာနာ-ဒုက္ခငြိမ်းပျောက်၊ နိဗ္ဗာန်ရောက်မှ ပြီးမြောက်ကုန်လုံး၊ အကျိုးဆုံးသည်။ ဟောတိ-ဖြစ်ရချေ၏။

အဓိပ္ပာယ်မှာကား—ချစ်သား ရဟန်းများတို့ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း တည်းဟူသော သံသရာဘေးဝဋ်နှင့် မကင်းမလွတ် နိုင်ကြကုန်သေးသော သင်ချစ်သားတို့သည် ထိုသံသရာဘေးကြီး ကင်းပျောက်၍ နိဗ္ဗာန်သို့ ရောက်လိုကြပါမူကား အခြားကို အားမထုတ်ကုန်ကြလင့်။ ဤမရဏဿတိ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်း ပွားများကြကုန်။ ဤမရဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများပြီလို့ဆိုက အဆောတလျင် သံသရာရေအလျဉ်ကို ကျော်မြောက်၍ နိဗ္ဗာန်သို့ ရောက်စေနိုင်တယ်။ ဤမရဏဿတိ ကမ္မဋ္ဌာန်းသည်ကား အလွန်များသော အကျိုးအာနိသင် ရှိတယ်။ လောကီ၌ ရှိတဲ့ လူချမ်းသာ နတ်ချမ်းသာမျှကိုသာမက လောကုတ္တရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရစေနိုင်တယ်။ နိဗ္ဗာန် ရောက်မှသာလျှင် ဤမရဏဿတိ ကမ္မဋ္ဌာန်း၏ အကျိုးပြီးဆုံး ကုန်ဆုံးတယ်။ အဲ—ဤလို မြတ်စွာဘုရားက နိုးဆော်တိုက်တွန်းတော်မူတယ်။

သို့ကလောက် အကျိုးထူးများတဲ့ ဤမရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရမယ်လို့ ဆိုယင် ဘယ်လိုများ စီးဖြန်းရပါသလဲလို့ ဆိုတော့—ဤမရဏဿတိ ကဋ္ဌာန်းကို စီးဖြန်းလိုတဲ့သူမှာ ရှေးဦးစွာ ရာဇဝတ်မင်းဒဏ် သင့်တဲ့သူ၏ အနီးအပါးမှာ သူသတ်ယောကျ်ား မားမား မတ်မတ် သံလျက်ဓားနှင့် လည်ပင်းကို ဖြတ်တော့မယ်လို့ ချိန်ရွယ်ကာ ရပ်နေတာလို ဤသေခြင်းတရားလဲ ငါ၏အနီးအပါးတွင်သာ ကပ်နေတာပဲ၊ ငါသည်မှုကား မွေးဖွားလို့ ပြီးကတဲက တဖြည်းဖြည်း ကြီးကြီးလာပြီး သေဘက်သို့ နီးနီးသွားရတော့တာပဲ။ အဲ—ဤလိုလဲ သေခြင်းနှင့် နီးသည်ကို စဉ်းစားပြီး မရဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ဆင်ခြင်ရမယ်။ ထို့ကြောင့်—

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။

လို့ ဟောဘ်တော်မူတယ်။

(ဇာတ်၊ ပထ၊ ၃၅၃။ ဝိသုဒ္ဓိ၊ ပ၊ ၂၂၃)

မာဏဝေါ—ရှေးကံမြောက်၍ပေါ်ပေါက်ဖြစ်လာ သတ္တဝါသည်။ ယံဧကရတ္တိံ—အကြင် ခါချိန်အသင့် တခုသောနေ့ည၌။ ပဌမံ—ရှေးဦးစွာ။ ဂဗ္ဘေ—သန္ဓေတိုက်ခန်း အမိဝမ်း၌။ ဝသတိ—ကံပစ်ချ၍ ဌာနလှူပြည် နေရလေ၏။ သောမာဏဝေါ—ပဋိသန္ဓေ တည်နေဖြစ်လာ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ—သေမင်းဘက်သို့ တက်ကာတက်ကာ ရှေးရှုသာလျှင်။ ယာတိ—

သေချိန်သေပေါက်အမြန်ရောက်အောင် လျှောက်ကာ လျှောက်ကာ သွားရရှာ၏။ ဂစ္ဆံ ဂစ္ဆန္တော—အရှိန်ဒီးဒီး သေချိန်နီးဖို့ ခရီးဖြန့်ချွေ သွားရလေသော။ သောမာကာဝေါ—ထိုသေမင်း အာဏာ မလွန်သာသောသူသည်။ နနိဝတ္တတိ—ကြောက်တုန်စောင်းရှဲ့ နောက်ကိုလှည့်၍ ငဲ့ကာကြံမှိုင် မပြန်နိုင်။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလဲ ဂိမ္ဗန္တဥတု နွေရာသီဥတုကြီး အလယ်မှာ မြစ်ငယ်ခရကြောင်း အင်းအိုင်ချောင်းတို့သည် ထောင်းထောင်း ဝေ့ဝေ့ နေပူဟုန် အရှိန်တွေ့သဖြင့် အငွေ့တွေ ထွက်သန်းပြီး တရွေ့ရွေ့ ခန်းကြတာလို ငါ၏ အသက်ဆိုတာမှာလဲ နှစ်၊ လ၊ နေ့ အရွယ်ကြီးသဖြင့် တဖြည်းဖြည်းဇရာစီးပြီး သေဘက်သို့သာ နီးသွားရတော့ဘာပဲ။ ကြီးသည်မှ နောက်ကိုလည်ပြီး လူအိုကြီး ပြန်ငယ်သေးတယ်လို့ ဘယ်အခါမှ မရှိဘူး။ အဲ—ဤလိုလဲ ကြံဆ စဉ်းစားပြီး သေရခြင်းတရားကို ပွားများဆင်ခြင်ရမယ်။ ထို့ကြောင့်—

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိမစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။

လို့ ဟောတော်မူတယ်။

(သံယုတ္တ၊ ပ၊ ၁၁၀။ ဝိသုဒ္ဓိ၊ ပ၊ ၂၂၄)

အဟောရတ္တာ—နှစ် လ နေ့ညချိန်ကာလတို့သည်၊ အစ္စယန္တိ-ကျွမ်းကာကျွမ်းကာ လွန်ခဲ့ပါကုန်၏။ ဇီဝိတံ-ခန္ဓာထိန်းအုပ်

ဇီဝရုပ်သည်၊ ဥပရုဇ္ဈတိ–ဆုတ်ကာ ဆုတ်ကာ ချုပ်၍လာ၏။ ကုန္ဒိန်–အင်းအိုင် ကန်မြောင်း မြစ်ငယ်ချောင်းတို့၏။ ဥဒကံ–ဥတုဂိမ္မေ တည်သောရေသည်။ ခီယတိဣဝ–တရွှေ့ရွှေ့ပျောက် ခန်း၍ ခြောက်သကဲ့သို့။ သတ္တာနံ–လူ့ပြည် နတ်ရွာ သတ္တဝါတို့၏။ ဇီဝိတံ–ခန္ဓာထိန်းအုပ် ဇီဝရုပ်သည်။ ခီယတိ–တရွှေ့ရွှေ့ လျှပ် နောက်သို့ဆုတ်၍ ပျက်ချုပ်နှမ်းခွေ ခန်းခြောက်လေ၏။ အဲ–ဤလိုလဲ ဆင်ခြင်ရမယ်။

သည်သာမဟုတ်သေးပါဘူးတဲ့၊ အိုးထိန်းသည် ယောကျ်ား အိုးလုပ်သမားတို့၏ လုပ်ကိုင်စီရင်၍ထားကြတဲ့ များစွာ အသီးသီး ငယ်ငယ်ကြီးကြီး ဖုတ်ပြီးစိမ်းကျက် မြေအိုး မြေခွက် ဟူသမျှတို့သည် မကြာခဏ ရှည်မြင့်စွာ မတည်ကြပဲ ကျေမွ ကွဲပေါက်လို့ ပျက်စီးခြင်းကိုသာ ရောက်ကြကုန်သကဲ့သို့ ထိုအတူ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၌ တည်ကုန်သောသူတို့၏ အသက်မှာလဲ တဖြည်းဖြည်း ရင့်ကျက်လို့ ဇရာမီးနှိပ်စက်သည်နှင့် ချုပ်ပျက် ပြုန်းတီးခြင်းသို့သာ ရောက်ကြရတာပဲ။ အဲ–ဤလိုလဲ မြေအိုး မြေခွက်တို့ကို ပုံစံထားပြီး သေရမည်တရားကို စဉ်းစားဆင်ခြင် ရမယ်။ ထိုကြောင့်–

ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံပက္ကံ ယဉ္စအာမကံ။
သဗ္ဗံဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ။

လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ပ၊ ၂၂၄)

ကုမ္ဘကာရဿ-အိုးလုပ်မှုနှင့် အားပြု ကြိုးစား အိုးထိန်းသည် ယောကျ်ား၏၊ကတံ-စီမံကြိုးကုတ် အားထုတ် ပြုပြင်အပ်သော၊ ခုဒ္ဒကဉ္စ-ပြည်ဝင်စလယ်သေး နုနယ်၍ ငယ်သည်လည်းဖြစ်သော၊ မဟန္တဉ္စ-စရွယ် စိတ်နိုး အရွယ်မှီး၍ ကြီးသည်လည်းဖြစ်သော၊ ပက္ကဉ္စ-မီးတွင်ဖုတ်လျက် ဖော်ထုတ်ရက်၍ ကျက်ပြီးသည်လည်းဖြစ်သော၊ အာမကဉ္စ-လုပ်၍ပြီးစ မဖုတ်ရ၍ မလုရောင်သွေး မကျက်သေးသည်သည်း ဖြစ်သော၊ ယံမတ္တိကဘာဇနံ- အကြင်မြေခွက် မြေအိုး အမျိုးမျိုးသည်၊ အတ္ထိ-ရှိ၏။ သဗ္ဗံ- ရှိသမျှ အကုန် လုံးစုံ စုဆောင်း အိုး အပေါင်းသည်၊ ဘေဒန ပရိယန္တံ ယထာ- ကွဲအက်ပြုန်းတီး ပျက်စီးသာ အဆုံးရှိရသကဲ့သို့၊ ဧဝံတထာ- ပမာထားယူ အလားတူသာလျှင်၊ မစ္စာနံ- လူတယောက်ဟူ ပေါပေါက်လာ သတ္တဝါတို့၏၊ ဇီဝိတံ- ခန္ဓာထိန်းအုပ် ဇီဝရုပ်သည်၊ ဘေဒန ပရိယန္တံ ဝေ-ကောင်းမှုကံဟုန် အခံကုန်က သေပျက်ခြင်းအဆုံး ရှိရသည်သာလျှင်တည်း။ အဲ—ဤလိုလဲဆင်ခြင်ရမယ်။

ထိုမှတပါးလဲ ဤငါ၏အသက် သေပျက်ရဖို့ အကြောင်းကား....အလွန်ပင်များပြားတယ်၊ ဘယ်လို များပြားပါသလဲလို့ဆိုတော့ ဤငါ၏ကိုယ်တွင်းမှာရှိတဲ့ ကိုးဆယ့်ခြောက်ဖြာဆိုတဲ့ရောဂါဝေဒနာတွေဟာလဲအသက်သေစရာ အကြောင်း တခုပဲ၊ ထိုမှတပါးလဲပြင်ဘက်က ရှိကြတဲ့ ရေ၊ မီး၊ မင်း ခိုးသူ၊ မချစ်မနှစ်လိုသောသူဟု ဆိုအပ်သော ရန်သူမျိုးငါးပါး ဆိုတာလဲအသက်သေစရာ အကြောင်းတခုပဲ၊ ထိုမှတပါးလဲ၊သစ်၊ကျား၊

သားရဲ၊ နွား၊ ကျွဲ၊ မြွေ၊ ကင်းစသော အဆိပ်ပြင်းတဲ့ သတ္တဝါ တွေကလဲ အရေအတွက်မရှိအောင် ခင်ပုတ်ငှက် တကောင်ကို ကျီးတထောင် ဝိုင်းအုံဘိသကဲ့သို့ ဝန်းရံလျက် ရှိကြသေးတယ်။

အဲ-ကတိကပါး သိုကလောက်များပြားတဲ့ ဘေးရန်တွေ အကြားထဲမှာ- ရှောင်ရှားလို့မှ လွတ်နိုင်ဖို့ရာ မရှိ၊ တခုခုနှင့် တိုက်ဆိုထိခိုက်မိက မချိအောင်ဆင်းရဲပြီး သေပွဲနှင့် တွေ့ရမှာ ချည့်ပဲ၊ ထို ကိုယ်တွင်း ကိုယ်ပ ရှိသမျှ ဘေးရန်တွေ ဆိုတာလဲ သေမင်းစစ်သည် သေမင်းလက်နက်ချည့်ပဲ၊ ထိုစစ်သည် လက် နက်တွေကို လွှတ်-လွှတ်ပြီး ဘုံသုံးပါး၌နေကြတဲ့သတ္တဝါတွေကို တပစ်ထဲ-တခုတ်ထဲ သေမင်းက ပစ်တော်နေတာပဲ၊ အဲ- ထိုသို့ သေမင်း၏စစ်သည် လက်နက် ပစ်ခတ်ချက် များလှသဖြင့်လည်း ဤငါ၏အသက်သည် ကြာမြင့်စွာ ရှည်နိုင်ဖို့ရာ မရှိဘူး။ အဲ- ဤလိုလဲ ဆင်ခြင်စဉ်းစားပြီး သေရခြင်း တရားကို ပွားများ အောက်မေ့ရမယ်။ ထို့ကြောင့်—

မစ္စုသေနာဝုဓာ သဉ္ဇာ၊ ဗာဟိ ရဇ္ဈတ္တုပဒ္ဒဝါ။
တေဟာယု ပိဋ္ဌိတံ ဆဇ္ဇံ၊ မရိသာမဇ္ဇဝါသုဝေ။
ဗဟွာဝုဓေ ဝိသဇ္ဇေတိ၊ နိလ္လေဏံမစ္စုနိဒ္ဒယော။
ဝသန္တံ ဘဝသင်္ဂါမေ၊ နမုတ္တော ကောစိအာဝုဓာ။

လို့—ဟော တော်မူတယ်။

ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ- ကိုယ်ပ ကိုယ်တွင်း ခိုဝင် ချဉ်း၍ နှိပ်နင်းပုတ်ခတ် ဘေးဥပဒ် ဖြစ်ကုန်သော၊ မစ္စုသေနာ ဝုဓာ-

သေမင်းရဲ့မက် စစ်လက်နက်တို့သည်၊ အသင်္ချာ- မရေတွက်ရေ များလှချေကုန်၏၊ တေဟိ- ထိုသေမင်းရဲမက် စစ်လက်နက်တို့သည်၊ ပိဋ္ဌိတံ ခါခါပစ်ခတ် နှိပ်စက်အပ်သည်ဖြစ်၍၊ အာယု- ခန္ဓာငါးချက် ငါ့အသက်သည်၊ ဆင်္ဂံ-နေ့ရက်မကြာ ပြတ်ခဲ့ရာ၏၊ အဇ္ဇဝါ- အချိန်မရွေ့ ဤ ယနေ့ပင်လည်းကောင်း၊ သုဝေဝါ- ချိန်ခါပြောင်းရွှေ့ နက်ဖြန်နေ့၌ သော်လည်းကောင်း၊ မရိသ- ချုပ်ပျက်ယွင်းသေ့ သေရချေအံ့လည်း မသိ။

နိဒ္ဒယော- မထေ့က်မထား သူ့ဘပါး၌ ရှုစားမသွင်း သနားကင်းသော၊မစ္စု- ကွေကွင်းမဖြစ် သေမင်း ညစ်သည်၊ ဘဝသင်္ဂါမေ- သုံးရွာဘုံခွင် စစ်မြေပြင်၌၊ ဝသန္တံ-သံသရာဝင်၌ မကွာကျွတ်၍ မလွတ်သမျှနေကြရသော၊ နိလ္လေဏံ- ပုန်းရာကွယ်ရာ မမြင်ပါပဲ၊ လှင်မှာပျော်အောင်း သတ္တဝါ အပေါင်းသို့၊ ဗဟွာဝုဓေ-ကိုးဆယ့်ခြောက်ဖြာ ဝေဒနာနှင့် များစွာရဲ့မက် စစ်လက်နက်တို့ကို၊ ဝိသဇ္ဇေတိ-မပြတ်ခိုင်းစေ ပစ်လွှတ်လေ၏၊ ကောစိ- ကြီးကြီးငယ်ငယ် ရှောင်မဖယ်ပဲ၊ လူရယ်ဆိုလောက် ဘစုံတယောက်သည်၊ အာဝုဓာ- ရှိန်ဟုန်ပြင်းထက် သေမင်း လက်နက်မှ၊ နမုစ္စေ- ဥစ္စာတံစိုး လက်ဆောင်ထိုးလည်း ကပ်ကိုးမပိုင် မလွတ်နိုင်။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းစစ်မက်သေမင်းလက်နက်တို့ကို မတိုက်နိုင်မဖျက်နိုင်၍ အသက်ဆုံးပါး သေးမင်း၏ လက်အောက်မှာ သေပျောက်၍သွားကြကုန်သော မိမိအောက်ငယ်

သောသူ၊ ကြီးသောသူ မိမိနှင့်အရွယ်တူသောသူတို့ကို ကြည့်ရှုလို့ ခြော်- ဤသို့သူကား သေမင်းစစ်မက်ကို တိုက်ဖျက်၍မရနိုင်ကြခြင်းကြောင့် သေမင်း၏ လက်နက်ထိ၍ မချွတ်အောင် သေကြရတာပဲ၊ ငါသည်လည်း ဤသူ ဤသူများတို့လိုပင် သေမင်း၏ လက်နက်နှင့် ဆက်ဆက် တွေ့ရလိမ့်မှာပဲ၊ ယခုအခါ အသက်မသေ ဤမျှလောက် နေရဆိုတာလဲ သေမင်း၏ စစ်မက်မလာသေး၊ သေမင်းလက်နက် နာကျင်အောင် မထိမခိုက်သေးလို့သာ မသေပဲ နေရသေးတာပဲ။ အဲ-ဤလိုလဲ့ မိမိနှင့်အရွယ်တူ၊ မတူ၊ သေကြတဲ့သူတို့ကို စံယူပုံထားပြီး သေရခြင်းတရားကို စဉ်းစား ဆင်ခြင်ရမယ်။ ထို့ကြောင့်—

မယာ သမာ နဝါ ဝုဍ္ဎာ၊ တဒါ ငုမေဟိ တေမတာ။

တထာဟမ္ပိ မရိဿာမိ၊ လေဏ ံ ပုညံ ဝ မေ ကတံ။

လို့- ဟောတော်မူတယ်။

မယာ— ငါနှင့်၊ သမာ- နေ့၊ လ၊ ရက်၊ နှစ် သက္ကရာဇ်နှင့် တွက်စစ်စံယူ အရွယ်တူကြ ကုန်သော။ မယာ- ငါ့အောက်။ နဝါ- နှစ်၊ လ ရွေးချယ် အသက် ငယ်ကြကုန်သော။ မယာ- ငါ့သက်။ ဝုဍ္ဎာ- နှစ်၊ လ၊ ရက်စီး အသက်အရွယ် ကြီးကြကုန်သော။ တေမနုဿာ- ထို မျက်မြင် တွေ့ကြုံ အလုံးစုံသော သူတို့သည်။ တဒါ စုမေဟိ- ထိုသေမင်း ရဲမက် စစ်လက်နက်တို့ဖြင့်။ မတာ- နေလိုသမျှ၊ မနေရပဲ၊ ဘဝစဲ၍ ခွဲသွားစွန့်ချ၊ သေကြရကုန်လေပြီ။ တထာ— ထို သူတို့နှင့် အတူ မခြား။

အဟမ့်- ငါသည်လည်း။ မရိယာဗာမိ- အမြဲမနေသေရခြေအံ့။ မေမယာ- ငါသည်။ တတံ- မသေမီယခု ဆည်းပူး၍ပြုအပ်သော။ ပုညံဝ- ဒါနအစ ပြုသမျှ အကြောင်း ကုသိုလ်အပေါင်းသည် သာလျှင်။ လေဏံ- နောင်ရေးမချွတ် ထောင်ဘေးဝင့်မှ အေးကျွတ်လွယ်ကာ ကိုးကွယ်ရာသည်။ ဘဝိဿတိ- စင်စစ်မသွေ ဖြစ်ရချေလတ္တံ့။ အဲ- ဤလိုလဲ ဆင်ခြင်ရမယ်။

ထို မှတပါးလည်း တခုသော တောရိပ်နှင့်ရေဆိပ် အနီးကချောင်းမြောင်း ကြိုဆီးနေသော တောမုဆိုးသည် သားမျိုးသမင် တောတခွင်က ဝင်ကြ ရောက်ကြ ရေသောက်ကြအံ့ ဟုလာကြတဲ့ သတ္တဝါအပေါင်းတို့ကို အကြောင်းမငဲ့၊ မသောက်ရသေးတဲ့ သားသမင်ကိုလဲ သြော်- ဤ သားသမင်ငယ်သည်ကား ခင်မင်မက်မော သောက်ချင်တဲ့ စိတ်ဇောနှင့် ပန်းမောအောင် လာခဲ့ရရှာတယ် သောက်ချင်တဲ့ အာသာပြေအောင် ရေဆိပ်မှာဆင်း၍ ဖြည်းညင်းစွာ သောက်ပါစေအုံးတော့ ဟု မလျှော့မနိုင်း မငဲ့ဆိုင်းပဲ စိတ်လိုတိုင်း ပစ်သတ် လိုက်တာပဲ။ သောက်တုန်းသောက်ဆဲ ဖြစ်တဲ့ သားသမင်ကိုလဲ၊ သြော်-ဤ သားသမင်ငယ်ကား ရွှင်ရွှင်ပျပျ စိတ်လိုတိုင်း အားရအောင် ခဏ္ဍ သောက်ပါစေအုံးလို့၊ အဲ- ဤလိုလဲ နှလုံး မသွင်းပဲ အတင်းသာ ပစ်သတ်လိုက်တာပဲ။

အဲ-ထိုမုဆိုးပမာလို ဘုံသုံးပါး အတွင်းမှာ ရှိနေကြတဲ့ သတ္တဝါခပင်းကိုလဲ မုဆိုးနှင့်တူတဲ့ သေမင်းက လုပ်ခင်းကိုင်တာ လယ်ယာ ကျွန်သွား သားမယား စည်းစိမ် မရှိ သေး၍

တဖြည်းဖြည်း ရှာကြံစုဆောင်းလို့ နေကြတဲ့ လူအပေါင်းကိုလဲ ခြောက်-ဤသူ ဤသူများကား စည်းစိမ်ဥစ္စာ ရှားပါး၍စားရာမဲ့ သောက်ရာမဲ့ စီးပွားရေး မတွဲလိုက်ပဲ့ အားနွဲ့နွမ်းပါး ရှာကြံတုန်း ရှိကြပါသေး တကား။ ငွေခကြေးမနေ လုံခလောက်အောင် ရကြပါ စေအုံးတော့လို၊ အဲ- ဤလိုလဲ နှလုံးမထား မသနား မညှာ ပဲ များစွာသော စစ်သည် လက်နက်နှင့် တိုက်ဖျက် ပစ်ခတ် သေအောင်ပင် သတ်လိုက် တာပဲတဲ့။ သားမယား စည်းစိမ်နှင့် ဂုဏ်သိန်ဘောဂ ကြီးကျယ်လှသော သူတို့ကိုလဲ၊ ခြောက်-ဤ သူ ဤသူတို့ကား ကြီးပွားသော စည်းစိမ်ကို တင်းတိမ်အားရ ကုန်ခန်းအောင် သုံးဆောင် ကြပါစေအုံးလို့ သုံးလုံးကြီး မကြံပဲ ပြင်းထန်သော လက်နက်နှင့် တချက်ထဲပစ်ပြီး သေ အောင်သာ သတ်လိုက်တော့တာပဲ။ အဲ- ဤလို စည်းစိမ်ရှိမရှိ လူများကို မရွေးချယ် မစဥ်းစား အနည်းငယ်မျှ မသနားပဲ မထားမလှပ် သေခင်းသတ်သဖြင့် ပစ္စည်းရပ် သားမယားတို့ကို စွန့်ထား ကင်းကွာ၍ သေမင်းနောက် ပါကြရသော သူတို့ကို စံယူပုံထားပြီး သေခြင်းတရားကို စဥ်းစား ဆင်ခြင်ရမယ်တဲ့။ ထို့ကြောင့်—

ဘုဥ္ဇ ဘုဥ္ဇ ဇနံ ကာမေ၊ ကာလာ ကာလာ ဗုဓောန္တကော။
ကန္တေ ကန္တေတိ မံသာသော၊ ပိဝံ ပိဝံဝ ကံ မိဂံ။

လို့ ဟောတော်မူတယ်။

မံသာသော—သမင်သား၌ လိုလားတောင့်တ စားချင်လှ သော မုဆိုးသည်။ ကန္တေ— ချောင်းစအိုင်ကြီး ရေဆိပ်၌

အနိုး၌။ ကံဥဒကံ—ကြည်လင် မြသွေး သောက်ရေအေးကို။ ပိဝံ—အာသာမဆုံး သုံးဆောင်ကြတုန်း ။ည်းဖြစ်သော။ အပိဝံ—ကမ်းထက် မှိုင်ငေး မသောက်ရသေးသည်လည်း ဖြစ်သော။ မိဂံ—အာသာ ရှင်ရှင် တောသမင်ကို။ ကန္တေတိဗ္ဗဝ—ပုန်းအောင်း ခိုကပ် ချောင်း၍ သတ်သကဲ့သို့။ ကာလာကာလာ ဗုဓော္တကော—အခါ ဟုတ်သည် မဟုတ်သည်ကို မရေမစစ် သေမင်းညစ်သည်။ ကာမေ—ရွှေ,ငွေ,ဥစ္စာ ရတနာနှင့် ဖွေရှာ စုပုံ ကာမဂုဏ်တို့ကို။ ဘုဥ္ဇံ—အာသာမဆုံး ခံစားတုန်းလည်း ဖြစ်သော။ အဘုဥ္ဇံ—အာသာမအေး မခံစားရသေးသည်လည်း ဖြစ်သော။ ဇနံ—သုံးဘုံ ပျော်အောင်း သတ္တဝါအပေါင်းကို။ ကန္တေတိ—ချုံးကပ် ရှာဖွေ ခွင်းသတ်လေ၏။ အဲ.... ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းသည်ကား ဗိုလ်ပါဝန်းယှက် ရှိမက် လက်သား အခြံအရံ များကြကုန်သော မဟာသမ္မတမင်း၊ မန္ဓာတ်စကြာ မဟာသုဒဿနမင်း စသော သူတို့ကိုပင် မရှောင်ရှားပဲ မှတ်သား စာရင်း သေဘက်သို့သာ သွင်းပြီး အတင်း ဆောင်ယူနိုင်သေးတယ်။ ငါတို့လို အခြွေအရံ နည်းပါးလှသော သူတို့ကိုကား အဘယ်မှာ ရှောင်ကွင်း ချန်ထား ချေတော့အံ့နည်း။ မုချစင်းစင်း ဤသေမင်းသည် ဇပ်ချုံး ယူဆောင်ပါလိမ့်တကား ဟု၊ အဲ....ဤလို အခြံအရံများသော သူတို့ကို ပုံစံထားပြီး သေခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

မဟာ ယသာ ရာဇဝရာ၊ မဟာသမ္မတ အာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေဟု ကထာဝကာ။
လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ပ–၂၂၅)

မဟာယသာ—ရဲမက် ဗိုလ်ထု၊ ရတနာအံတုဖို၊ ပုံစု သိုထား၊ အခြွေအရံလည်း များကြကုန်သော။ မဟာသမ္မတအာဒယော–သမ္မတမန္ဓာတ် သုဒသ်စကြာ မဟာနေမိ စ ရှိဗိုလ်ပုံ အလုံးစုံကုန်သော။ တေပိရာဇဝံရာ— လေးရပ် ကျွန်းခွင်၊ ဂုဏ်စွန်းထင်၍၊လွှမ်းဝင်နှံ့စပ်၊ ထိုမင်းမြတ်တို့သည်လည်း။ မစ္စုဝသံ—မညှာမကွင်း အာဏာပြင်းသည့် ခပင်းပိုင်စံ သေမင်းနိုင်ငံသို့။ ပတ္တာ—ရဲမက်ဗိုလ်သား၊ ခွဲကာ ထား၍၊ ထံပါး ခြေရင်း တယောက်ချင်းသာ မငြင်းမခံ ဝင်ရောက်ကြရလေကုန်ပြီ။ မာဒိသေသု–ငါတို့လိုလူ အခြံအရံ နည်းပါးသော သူတို့၌။ ကာ ကထာဝ–ဘယ်မှာဒွိဟ မသေရဟု ဝေဆစ်ညှိ ဆိုဖို့ရာ ရှိချေတော့အံ့နည်း။ အဲ....ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလဲထိုသေမင်းသည် ဤမျှလောက်သာစွမ်းပကား သတ္တိ ရှိသေးတာ မဟုတ်သေးဘူးတဲ့၊ဘုန်းကံကြီးမား စည်းစိမ်များကြတဲ့ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလ္လိယ စသော သဋ္ဌေးကြီး၊ သူကြွယ်ကြီး အံ့ချီးလောက်ပင် စည်းစိမ်ရှင်တို့ကိုပင်သော်လဲ မခင်မညှာ မထောက်စာပဲ တွေ့ရာသိမ်းကျုံးလို့ အားလုံးပင် ဆောင်ယူနိုင်သေးတယ်။ ကြောင်းရင်း

သေးနဲ့ ကံမြေးကြုံ၍ ဥစ္စာဂုဏ် ပါးရှားလှတဲ့ ငါတို့လိုလူများ ကိုကား အဘယ်မှာ ထောက်ထားလေအုံးမယ်လို့ ဆိုဖွယ်ရာ ရှိချေတော့အံ့နည်းဟု။ အဲ—ဤလိုလဲ ဘုန်းကံကြီးမား စည်းစိမ် ဂုဏ်များသော သူတို့ကို ပံ့စံနှုန်းထားပြီး သေခြင်းတရားကို စဉ်းစားဆင်ခြင်ရအုံးမယ်။ ထို့ကြောင့်—

ဇောတိကော ဇဋိလော ဥဂ္ဂေါ၊
မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေ စညေ စယေ လောကေ၊
မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏ မာပန္နာ၊
မာဒိသေသု ကထာဝကာ။

လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ပ၊ ၂၂၅)

ဇောတိကောစ—ဇောတိကဟု ကြွယ်ဝအံ့ချီး သဌေးကြီး လည်းကောင်း၊ ဇဋိလောစ—ဇဋိလဟု ဘောဂလျှံညီး သဌေး ကြီး လည်းကောင်း။ ဥဂ္ဂေါစ—ဥဂ္ဂမည်သီး သဌေးကြီး လည်းကောင်း။ မေဏ္ဍကောစ—မေဏ္ဍကဟု နာမည်ကျော်ဟီး သဌေးကြီး လည်းကောင်း။ အထ—ထိုမှတပါး အမည်ခြား သော။ ပုဏ္ဏကောစ—ပုဏ္ဏတွင်ပြီး သဌေးကြီးလည်းကောင်း။ ဣတိ — ဤသို့။ ဧတေစ — ထိုသို့ဆိုပြီး သဌေးကြီးတို့သည်

လည်းကောင်း။ အညေ—ထိုမှဘပါး အမည်များကုန်သော။ လောကေ—မနုဿရပ် လောကဓာတ်၌။ မဟာပုညာတိ—ဌေးကုန်ကြွယ်ကုန် ဘုန်းရှိကုန်၏ဟူ၍။ ဝိဿုတာ—ဇမ္ဗူကျွန်းနှံ့ ကျွန်းမဆံ့ အောင်လွှမ်းပျံ့ကျော်စောကြကုန်သော။ ယေစဇနာ-အကြင်ဘုန်းရှင်, ကံရှင်, စည်းစိမ်ရှင်တို့သည်လည်း။ သန္တိ—များစွာဖုံဖုံ ရှိကြကုန်၏။ သဗ္ဗေ—ရှိသမျှစုပုံ အလုံးစုံကုန်သော။ တေပိဇနာ—ထိုစည်းစိမ်ဘောဂ ဂုဏ်ဓနနှင့် ပုညရင့်သီး သဌေးကြီးတို့သည်လည်း။ မရဏံ—ဓနဂုဏ်ကိုး လက်ဆောင်မျိုးနှင့် ဘံစိုးနှံ့သ ဟန်မ၍ လျှော့ကျယိုယွင်း သေရခြင်းသို့။ အာပန္နာ—မကြွင်းစုပုံ ရောက်ကြလေကုန်ပြီ။ မာဒိသေသု—ဥစ္စာဘောဂ ဓနနည်းပါး ငါတို့လိုလူများတို့၌။ ကာကထာဝ-မလာသေဘေး လွတ်တန်သေး၏ဟု ကြံတွေးဖို့ရာ အဘယ်မှာ ရှိချေပါတော့အံ့နည်း။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှဘပါးလည်း၊ ဤသေမင်းကား ဘုန်းရှင်,ကံရှင်,စည်းစိမ်ရှင်တို့ကိုသာ မခင်မထောက်ပဲ လွှင့်ဖျောက်ဖျက်ဆီးတာ မဟုတ်သေးပါဘူး။ ဆင်ပြောင်ကြီးတမျှ ကြီးခိုင်သော ခွန်အားဗလရှိတဲ့ ဝါသုဒေဝ၊ ဗလဒေဝ၊ ဗန္ဓုလ·စသော ·စစ်သူကြီးများကိုပင် မထားမထောက် မရှုံမကြောက်ပဲ အားစွမ်းကို တွန်းကာ လှဲပြီး ယူဆွဲချည်နှောင် ဆောင်မိအောင် ဆောင်သေးဘယ်။ ငါတို့လို ခွန်အားနှင့် စွမ်းပကားကင်းသောသူတို့ကို ဘယ်မှာမူ ဤသေမင်းသည် မယူပဲ ရှောင်ကွင်းချေတော့အံ့နည်း။ အဲ—ဤလိုလဲ ခွန်အားဗလ ကြီးကျယ်လှသော သူတို့ကို စံယူပုံထားပြီး သေရခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ဝါသုဒေဝေါ ဗလဒေဝေါ၊ ဘိမသေနော ယုဓိဋ္ဌိလော။
စာနုရော ယော မဟာမလ္လော၊ အန္တကဿ ဝသံဂတာ။
ဧဝံ ထာမ ဗလူပေတာ၊ ဉာတိ လောကမှိ ဝိဿုတာ။
ဧတေပိ မရဏံယာတာ၊ မာဒိသေသု ကထာဝကာ။

လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ပ၊ ၂၂၆)

ဝါသုဒေဝေါစ–ဝါသုဒေဝ၊ နာမတွင်ပြီး စစ်သူကြီးသည်လည်းကောင်း။ ဗလဒေဝေါစ–သည်လည်းကောင်း။ ဘိမသေနောစ–သည်လည်းကောင်း။ ယုဓိဋ္ဌိလောစ–လည်းကောင်း။ စာနုရောစ – သည်လည်းကောင်း။ မဟာမလ္လောစ – သည်လည်းကောင်း။ အန္တကဿ–အတင်းဆောင်ထုတ် သေမင်းယုတ်၏။ ဝသံ–ပျော်ခင်းပိုင်စံ၊ သူ့နိုင်ငံသို့။ ဂတာ–အားအံဗလ၊ မာန်ကိုချ၍၊ ဝင်ခညွှတ်ကျုံ ရောက်ကြရကုန်ပြီ။ ဧဝံ–သို့စဉ်ကလောက် ထင်ပေါ်မောက်အောင်။ ထာမဗလူပေတာ ဉာတိ–အားခွန်ဗလ ကြီးလွန်းလှကုန်၏ ဟူ၍။ လောကမှိ–လူ့ရွာဘုံရပ် လောကဓာတ်၌၊ ဝိဿုတာ–မဆံ့ကျွန်းဖျား နှံ့ကျော်ကြားရကုန်သော။ ဧတေပိ – ထိုဆင်ပြောင်နှီးနှီး ခွန်အားကြီးကြကုန်သော သူတို့သည်လည်း။ မရဏံ–အားအံကိုချ၊ မာန်မကြွနိုင်ပဲ ဝင်ခငပ်စင်း သေရခြင်းသို့။ ယာတာ-သေမင်းစက်ကွင်း မလွတ်ကင်းနိုင်ပဲ ကပ်ချဉ်း ဝင်ရောက်ကြရကုန်ပြီ။ မာဒိသေသု–အားအံနည်းပါး ငါတို့လိုလူတို့၌။

ကာကထာဝ—ကမ္ဘာရှည်ကြာ မသေပါဟု ဘယ်မှာတစ်ခါ ဆိုဖို့ရာ ရှိချေတော့အံ့နည်း။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းသည် ဆင်ပြောင်ကြီးတမျှ အားကြီးလှတဲ့ ဗန္ဓုလ စသော စစ်သူကြီးများလောက်ကိုသာ ဆောင်ယူနိုင်သေးတာ မဟုတ်ပါဘူး။ သည့်ထက်မက သိကြားမင်း ပျော်စံတဲ့ ဝေဇယန္တာ နန်းပြာသာဒ်ကိုပင် မခန့်မညား ခြေမတော်ဖျားဖြင့်ပင် တန့်နားစရာ မရအောင် လှုပ်ရှားစေတော်မူနိုင်သော တန်ခိုးတော်၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤ မဟာပထဝီ မြေကြီးကို ကြီးသည်ဟုမကျန် အထက်အောက် ပြန်ရအောင် မှောက်လှန် တွန်းဆုတ်ကာ အောက်ဆုံးက မြေဆီမြေလွှာကို နုတ်ခွာ၍ ပေးနိုင်သော တန်ခိုးတော်၊ နန္ဒောပနန္ဒ ရုန့်ရင်းလှတဲ့ ဒေါသဖုံးလွှမ်း နဂါးကြမ်းတို့ကို ဆံချည်တခြမ်းမျှ ပမာနမပြုပဲ ဒေါသမာန်တံခွန်လှဲပြီး အောင်ပွဲကြီးခံသော တန်ခိုးတော်၊ ဤသို့အစ များလှတဲ့ ဣဒ္ဓိ တန်ခိုးတော်ကြီးလှဘိ၍ တုမရှိ တေဒဂ်နှင့် လက်ဝဲရံအရာ တက်ရတဲ့ ကမ်းတဘက်ဝင် မောဂ္ဂလာန်ထေရ်သခင်မှသော်လဲ မယှဉ်နိုင် မတုနိုင် ငေးမှိုင်လက်ချ ခြသေ့၏ ခံတွင်းဝသို့ သားအပေါင်း ဝင်ကြရတာလို ရှိသမျှ ဣဒ္ဓိမျိုးတို့ကို ကွယ်လျှိုး လွှင့်ဖျောက်ပြီး သေမင်းထံ ရောက်ရသေးတယ်။ ငါတို့လောက် သေးနုပ်သူတို့ကို မယူမဆောင် ဤသေမင်း ရှောင်လေးအုံ့မည်ဟု ဘယ်မှာဆိုစရာရှိချေအံ့နည်း။ အဲ—ဤလိုလဲ တန်ခိုးကြီးသောသူတို့ကို ပုံစံထားပြီး သေရခြင်းတရားကို စဉ်းစား ဆင်ခြင်ရမယ်။ ထို့ကြောင့်—

ပါဒင်္ဂုဋ္ဌက မတွေနု၊ ဝေဇယန္တ မကမ္ပယိ။
ယောနာမိဒ္ဓိ မတံ သေဋ္ဌော၊ ဒုတိယောအဂ္ဂသာဝကော။
သောပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံဝိယ။
ပဝိဋ္ဌော သဟတ္ထဒ္ဓိဟိ၊ မာဒိသေသုကထာဝကာ။
လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ ၊ ပ၊ ၂၂၆)

ဣဒ္ဓိမတံ-ဣဒ္ဓိမန္တာနံ- မိုးပျံမြေလျှိုး အမျိုးမျိုးနှင့် တန်ခိုးကြီးကြ သာဝကတို့ထက်။ သေဋ္ဌော- အမြတ်ဆုံးဟု သုံးဘုံလုံးက ချီးမွမ်းရသော။ ယောနာမ ဒုတိယောအဂ္ဂသာဝကော- အကြင်လက်ဝဲရံခ ရာထူးရတဲ့။ သာဝကအဂ္ဂ-ရှင်မောဂ္ဂလာန်သည်။ ပါဒင်္ဂုဋ္ဌကမတွေန- သေးငယ်နုပျောင်း ခြေမတော်တချောင်းမျှဖြင့်။ ဝေဇယန္တံ-သိကြားမင်းစံ ပြောင်ဝင်းလျှံတဲ့ စိန်ဖန်ညီးညီး ပြာသာဒ်ကြီးကို။ အကမ္ပယိ— တအုံ့လုံးလှုပ်ဘုံဆုံးငြိမ့်အောင် သိမ့်သိမ့်ယိမ်းယိုင် လှုပ်စေနိုင်၏။ သောပိ-ထိုစည့် တန်ခိုး ဣဒ္ဓိမျိုးနှင့် ကျော်ဟိုးပေါ်ထင် ထိုအရှင်သည်လည်း။ မိဂေါ- ဟေမဝါမြိုင်ကြော ဂနိုင်တော၌ စိုင်ရောဆတ်အောင်း သားအပေါင်းသည်။ သီဟမုခံ— ကေသရာဇာဟု တေဇာထန်ပြင်း ခြင်္သေ့ခံတွင်းသို့။ ပဝိဋ္ဌော ဝိယ- ရှိကာထိတ်ကာ မနေသာပဲ ယှဉ်ခါချုဉ်းခ ဝင်ဆင်းရ သကဲ့သို့။ ဣဒ္ဓိဟိ—ဝေဇယန်လှုပ် နဂါးယုတ်၏ မာန်ငုတ်ကိုချိုး အမျိုးမျိုးဖြင့် ကျော်ဟိုးထင်ပေါ် တန်ခိုးတော်တို့နှင့်။ သဟ—

တကွ။ သေဝ္ဗရံ—အပြင်းဖမ်းဆုပ် မစင်းကုပ်ပဲ ယမ်းထုပ်မီးကျ ကြမ်းကြုံတ်လှသော။ မစ္စုမုခံ— ဗိုလ်ပါမထား မျိုကာဝါး သည့် နံလျှားကျယ်ဝင်း သေမင်းခံတွင်းသို့။ ပဝိဋ္ဌော—ကပ် ချဉ်းမနေ ဝင်ရခလေပြီ။ မာဒိသော—တန်ခိုးချိုင့် ဂုဏ်ကျိုး မဲ့နှင့် နုံ့နဲ့ချုချု ငါတို့လို လူတို့ဌ။ ကာကထာဝ— ဘာကို ကိုးစား ဘာကျိုးများ၍ ငါကား မသေ ဆိုရချေတော့ အံ့နည်း။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းသည် တန်ခိုးတေဇ ကြီးမြတ် လှတဲ့ လက်ဝဲရံသာဝကလောက်ကိုသာ ယူနိုင်တာ မဟုတ်သေး ပါဘူး။ ဇမ္ဗူဒိပ်ကျွန်းခွင် မြေအပြင်မှာ မြင်မြင်သမျှ လူ အပေါင်းတို့၏ ပညာကို ချိန်ခွင့်လျှာ တဘက်ကထားပြီး မိမိ ပညာက ချိန်ခွင်လျှာတဘက် အကယ်၍ ငက်လိုက်မယ်လို့ဆိုယင် သူ့ဘက်သို့သာ ချိန်ခွင်လျှာ သာရတဲ့ ပညာတော်၊ ဇမ္ဗူဒိပ် ကျွန်းအပြင်ကို တက်ဆင်းဝိုက်ဖုံးပြီး သုံးနှစ်လုံးရက်မစဲအောင် ရွာသည်းတဲ့ မိုးရေ မိုးပေါက်တို့ကို မပျောက်မပျက် ဂဏန်း ဆက်၍ ခြင့်တွက်ပိုင်းခြားနိုင်တဲ့ ပညာတော်၊ အဲ— ဤကဲ့သို့ ထင်ရှားလှသော ဘုရားတဆူကို ချန်ထားပြီး ဘုရားမှတပါး အခြားသော ပုဂ္ဂိုလ်ထေရ်တို့တွင် ပညာရည် အထူးထက်လှ သဖြင့် ဧတဒဂ် အရာခံ၍ လက်ယာရံ ဝန်းရံခရတဲ့ ရှင်သာရိ ပုတ္တရာ မထေရ်ကြီးတို့မှသော်လဲ မရှားမရှောင် ဤသေမင်း ဆောင်မိအောင် ဆောင်နိုင်သေးတယ်။ ငါတို့လို ပညာနည်း လှတဲ့ အချည်းနှီး ပုဂ္ဂိုလ်စုတို့ကိုကား မရှုမစား မထောက်

ထားပဲ သနားစိတ်ကင်း ဤသေမင်းသည် အဘယ်မှာ ရှောင်ကွင်းချေတော့အံ့နည်း။ အဲ—ဤလိုလဲ ပညာကြီးသော သူတို့ကို ပံ့ငံထားပြီး သေခြင်းတရားကို စဉ်းစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

လောကနာထံ ဌပေတွာန၊ ယေစညေ အတ္ထိပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။
ဧဝံ နာမ မဟာပညော၊ ပဌမော အဂ္ဂသာဝကော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝကာ။

လို့ ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ပ၊၂၂၆)

လောကနာထံ— လူ သုံးမျိုးတို့၏ ခိုကိုးကြည်ဖြူ ဘုရားတဆူကို။ ဌပေတွာန—မယူပယ်ရှား ခြွင်းချန်ထား၍၊ အညေ—ဘုရားမဝင် တပါးပြင်၌ များမြင်သိမ်းခြုံ အလုံးစုံကုန်သော။ ယေစပါဏိနော—အကြင်ပညာရှိတဆူ ကဝိဟူသည် ဇမ္ဗူမြေအောင်း လူအပေါင်း တို့သည်။ အတ္ထိသန္တိ— ဂဏန်းမသိကမ်းမရှိအောင် လျှမ်းပြည့်စုံ ရှိကြပေကုန်၏။ တေသံ—ထိုပညာရှိဟု ထင်သိကျော်ကြား လူအများတို့၏။ ပညာ—ချိန်လျှာတကွင်း နှိမ်ကာသွင်း၍ မကြွင်းထိလောင်း ပညာပေါင်းသည်။ သာရိပုတ္တဿ-သာရိပုတ္တာ ဘွဲ့နာမနှင့် သာဝကဉက္ကဋ္ဌ ထေရ်တော်မြတ်၏၊ သောဠသိံ— တဆယ့်ခြောက်လွှာ

အစိတ်အမွှာကို။ ကတ္တာ-ဝေကာခွဲစု အပုံပြု၍။ ကလံ—နုနယ် သေးလှ တစိတ်မျှကို။ နာဂဿတ္တိ—နှိုင်းဆချိန်ပြိုင် မမီနိုင်ကုန်။

ဇော် နာမ မဟာပညော-သို့စဉ်ကလောက် ထင်ပေါ်မောက်အောင် ထက်အောက်ကျော်ဟီး ပညာကြီးတော်မူသော။ ပဋ္ဌမော အဂ္ဂသာဝကော-ပထမ အဂ္ဂသာဝက လက်ယာခတဲ့ တေဇာဉာဏ်မီး မထေရ်ကြီးဖြစ်ပါလျက်။ မရဏာသဝ်သံ—ဂုဏ်နေသတင်း မရေသွင်းပဲ အတင်းနိုင်ထက် သေမင်းလက်သို့။ ပတ္တော- ပညာစိန်ကျောက် ရှိန်မတောက်နိုင်ပဲ မှိန်ခြောက်ညှိုးခွေ ရောက်ရလေပြီ။ မာဒိသော—ပညာဉာဏ်သွား ဂုဏ်သိန် ရှားသည့် ဆွံ့ပါးနုံချာ ငါတို့လို လူတို့၌။ ကာကထာဝ—သေမင်း ဝင့်ဘေး ငါလွတ် အေးပြီဟု ချင့်တွေး ရည်ရွယ်အဘယ်မှာ ဆိုဝံ့ဖွယ်ရှိချေတော့အံ့နည်း။ အဲ—ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းသည် ပညာတန်ခိုး မြေမိုးကျော်ကြားတဲ့ အဂ္ဂသာဝက မထေရ်များ လောက်ကိုသာ နှိပ်စက်ညှဉ်းဆဲနိုင်တာ မဟုတ်သေးပါဘူးတဲ့။ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း တွက်ကိန်းကျော်မြောက် ကမ္ဘာတွေခန်းခြောက်မှ အထွတ်အထိပ်သို့ ရောက်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ အရိယာနွယ်ဝင် ထေရ်သခင်တို့ကိုပင် ငြိုငြင်ပူပြင်း နှိပ်ဖိနင်း၍ အတင်းဖျက်ဆီးနိုင်သေးတယ်၊ ငါတို့လိုလူ သမ္ဘာရ သေးနုပ်သူတို့ကို အဘယ်မှာမူ ဤသေမင်းသည် မယူပဲ ရှောင်ကွင်းချေ

တော့အုံနည်း။ အဲ- ဤလိုလဲ ပစ္စေကဗုဒ္ဓါ အရိယာနွယ်ဝင် ထေရ်သခင်များကို ပုံပြုစံထားပြီး သေရခြင်း တရားကို စဉ်းစားဆင်ခြင်ရအုံးမယ်။ ထို့ကြောင့်—

တံတံနိမိတ္တမာဂမ္မ၊ ဝိမံသန္တာ မဟေသယော။
သယမ္ဘု ဉာဏတေဇေန။ ယေပတ္တာအာသဝက္ခယံ။
ကေစရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာမစ္စုံ၊ မာဒိသေသု ကထာဝကာ။

လို့- ဟောတော်မူတယ်။

(ဝိသုဒ္ဓိ၊ ပ၊ ၂၂၆)

မဟေသယော- မြင့်မြတ်အထူးဂုဏ်ကျေးဇူးကို ဆည်းပူး ရှာမှီးတော်မူကြကုန်သော၊ ယေဗုဒ္ဓါ-အကြင်ပစ္စေကဗုဒ္ဓါ နာမ မည်တွင် မြေအပြင်၌ ပေါ်ထင်ထွန်းကား အရှင်များတို့သည်၊ တံတံနိမိတ္တံ-ထိုထိုများလှ သင်္ခါရတို့၏ ဘိဇ္ဇနမျိုး ကျေညိုး၍ ပုပ်သိုးယိုဖိတ် အာရုံနိမိတ်ကို၊ အာဂမ္မ-လန့်ထိတ်မစဲ စိတ်ယူ စွဲ၍၊ ဝိမံသန္တာ- အဆင့်ဆင့်ပွား သင့်တရားနှင့် ချင့်စားရှုရှု စုံစမ်းကုန်လျက်၊ သယမ္ဘုဉာဏတေဇေန- တပါး မနှောက် တရားပေါက်အောင် ထားထောင်မာန်ချိုး သယမ္ဘူတန်ခိုးဖြင့်၊ အာသဝက္ခယံ- ရှည်ကြာစီးမျော တသောသောနှင့် ရွှေလျော စုန်ဆင်း အာသဝေါကုန်ခြင်းသို့၊ ပတ္တာ-နိဗ္ဗာန် နန်းပေါက် စခန်းထောက်ဖြင့် လှမ်းရောက်ခေါ်တော်မူကြလေကုန်ပြီ။

ကေစရိယ နိဝါသေန- အဖော်မမှီး တကိုယ်တည်းသာ တောကြီးမြိုင်ခြေ ကျင့်၍နေသဖြင့်၊ ခဂ္ဂသိင်္ဂသမူပမာ- တပင်တန့်တန့် အမြင်သန့်သည့် ကြံ့ချိုနှင့်အမျှ ဥပမာပြုကြကုန်သော၊ တောပိ-ထိုပစ္စေကဗုဒ္ဓါ အရိယာသခင် ထေရ်အရှင်တို့သည်လည်း၊ မစ္ဆို-မစင်းမခုတ် သေမင်းယုတ်ကို၊ နာတိဂတာ- ဈာန်တော်စမ်းပကား ခုန်ကျော်လွှား၍ ရှောင်ရှား လွန်မြောက်တော်မမူနိုင်ကြကုန်၊ မာဒိသော- ငါတို့လိုလူ သမ္မာန့်သော သူတို့၌၊ ကာကထာဝ- မလာသေဘေး လွှတ်ကွာအေးပြီဟု ကြံတွေးဖွေရှာ အဘယ်မှာ ဆိုဖွယ်ရာရှိချေတော့အံ့နည်း။ အဲ- ဤလိုလဲ ဆင်ခြင်ရမယ်။

ထိုမှတပါးလည်း ဤသေမင်းသည် ပစ္စေကဗုဒ္ဓါအရိယာဝင် ထေရ်သခင်များကိုသာ မလေးမစားမထောက်ထားပဲ ထိပါးနှိမ်နင်း၍ အတင်း ယူဆောင် နိုင်သေးတာ မဟုတ်ပါဘူး၊ အနုတ္တရ၊လောကာဓိပတိ မုနိပုင်္ဂဝ ဓမ္မိဿရ ဓမ္မသာမိ ဖြစ်တော်မူသော ရှင်တော်ဘုရားများကိုမှ ထောက်ဆ မမျှော် မိမိ၏နိုင်ငံသို့ ပိုင်ပိုင်ကြီးအပါခေါ်ပါသေးတယ်။ ဘယ်လိုခေါ်ပါသလဲလို့ဆိုတော့- ငါတို့၏ အတုလ သုံးလူ့ဘ မြတ်ပရမေသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ တွက်ကိန်းအလီလီ ဖြည့်ကျင့်သင့်တဲ့ ပါရမီတို့ကို ကြံစည်ကြိုးစား၍ ဘုရားဖြစ်တော် မူပြီးသည်နောက် ကျွတ်လောက်သောသတ္တဝါတို့ကို ဖွေရှာ သိမ်းဆည်းလျက် ရှေးဘုရားတို့၏စံထုံးနည်းဖြင့် ပြုသင့်သမျှဗုဒ္ဓတို့၏ကိစ္စ အပြီးတိုင် ကုပြီးသည်နောက် ဝေသာလီ ပြည်ကြီးသို့

ရောက်၍ စာပါလမည်သော သစ်ပင်ကြီးအောက်၌ တပါးထီး တည်း ကိန်းအောင်းတော်မူနေတယ်။ ထိုအခါခြောက်ဘုံလုံး ပိုင်နင်းတဲ့ ဝသဝတီ မာရ်နတ်မင်းသည် ရှေး ပထမ ရင်းအစ တောထွက်တော်မူစဉ်ကပင် သိဒ္ဓတ္ထမင်းသားသည် ဘုရား တ ကယ်ဖြစ်ချေက ငါ့ပြည်နိုင်ငံ၌ရှိသော သတ္တဝါ အများတို့သည် အကျွတ်တရားရကြသဖြင့်နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်။ ထိုအခါ ငါ့ပြည်သို့လာမည့်လူ ရှား၍ အခြွေအရံနည်းပါးပြီး စည်ကား ဖွယ်မရှိ ဖြစ်ချေမည်ဟု မကြံစည်သင့်သောအကြံကို ကြံမှား ပြီး မြို့တံခါးအထွက်တွင် ကန့်ကွက် ဖျက်ဆီးလာတယ်။

## ပစ္ဆိမ ဗုဒ္ဓဝစန

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။
အဲ-ဤလို ပစ္ဆိမ ဗုဒ္ဓဝစနဖြင့် မှာထားဆုံးမတော်မူခဲ့တယ်။

ဘိက္ခဝေ-ပဋိစ္စဝင် ဘေး မလွတ်သေး၍ မအေးရှည်လျား အိုချစ်သားတို့၊ ဟန္ဒ-ဂဏှ-ငါဘုရား၌ လေးစား ကြည်ဖြူ မှတ်နာယူကြကုန်လော၊ ဒါနိ- ယခုနိဗ္ဗာန် ဝင်စံလုနီး အခါ ကြီး၌၊ ဝေါ- မျက်မှောက်ခုရှိ တပည့်အများ သင်ချစ်သား တို့အား၊ အာမန္တယာမိ ဗောဓေမိ- သင်တို့သက်လုံး လက်ကိုင် သုံးဖို့ အဆုံးစကား ငါမှာကြားအံ့၊ သင်္ခါရာ· သက်ရှိသက်မဲ့ တွင်းပြင်လှဲ၍ ကြွင်းမဲ့ရှိငြား သင်္ခါရတရားတို့သည်၊ ဝယဓမ္မာ-

ဖြစ်ကမရပ်ကွက်မလပ်ပဲ၊ ပျက်တတ်သော သဘောပြုကြကုန်၏၊ အပ္ပမာဒေန- လုံ့လမလျော့ မပေါ့မဆ မမေ့သော သတိတရားနှင့်၊ သမ္မာဒေထ- စိတ်မှာသွင်းခြုံ ကိုယ်တွင်းလုံအောင် ပြည့်စုံကြစေကုန်လော့။

အဲ- ဤကဲ့သို့မြတ်စွာဘုရားသည် မိမိ၏သာဝက တပည့်သားတို့အား အဆုံးစကားဖြင့် မှာထားတော်မူပြီးမှ မင်းပွဲသဘင် ပရိသတ်ဗိုလ်ခြင်သို့ ဝင်စံ ကျင်းပလိုသောသူသည် ကြည်ဖြူနှစ်သက် စုံငက် မြတ်နိုး အပ်သော အနန္တများစွာ ရှုသမျှ တန်းဆာတို့ကို ကိုယ်မှာလွှမ်းတင် အငွေမင်းကုန် ဆင်သကဲ့သို့ နိဗ္ဗာန်ခွင် ဝင်ကိန်း၍ အာယုတော်ငြိမ်းခါနီးတွင် နှစ်သန်းလေးသိန်း တွက်ကိန်းများစွာ သမာပတ် ချာန်တန်ဆာတို့ကို ကိုယ်တော်မှာ သိုင်းတင်ပြီး တေတ္တစျာန်အထတွင် ဝေတော ငြိမ်းချုပ်၍ အနုတ္တရဝိမာန် နန်းနိဗ္ဗာန်ကို ဝင်စံ ကြချီတော်မူတယ်။

## သဟံပတိ ဗြဟ္မာကြီး၏
## သံဝေဂဥဒါန်း

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။
အဲ-ဤလို ဥဒါန်း ကျူးတယ်။

ဘောဒန္တော- သီဝအမတံ၊ နန်းနိဗ္ဗာန်သို့၊ ဝင်စံကြွသွားရှင်တော်ပါး၌၊ ခစားခိုညောင်း၊ အိုလူအပေါင်းတို့၊ ယတ္ထ ယသ္မိံ လောကေ-အကြင်ငါတို့ တည်ကြ သတ္တလောကကြီး၌၊ ဧတာဒိသော-ကြံစည်မရ၊ ခန္တီစဟူ၊ ဗလလုံခြုံ၊ တာဒိဂုဏ်နှင့် ပြည့်စုံပေထသော၊ သတ္ထာစ-ဗြဟ္မာ နတ်လူ၊ အများသူတို့၏၊ အားယူရာအစစ် ဆရာလည်း ဖြစ်တော်မူသသော၊ လောကေ-လူပါနတ်လုံး၊ ဗြဟ္မာဆုံးအောင် သိမ်းကျုံးနှိုးပ် လောကခွင်၌၊ အပ္ပဋိပုဂ္ဂလော-တုသူမပြိုင်၊ မရနိုင်အောင် ကြံခိုင်ကျေးဇူး၊ ဂုဏ်ကျွန့်ဖူးသည့် ပုဂ္ဂိုလ်ထူးလည်း ဖြစ်တော်မူထသော၊ တထာဂတော-ရှေးဘုရားတို့ကဲ့သို့၊ တရားမဲစောင်းလားခြင်းလည်း ကောင်းတော်မူထသော၊ ဗလပ္ပတ္တော-ကာယဗလ၊ ဉာဏ်ဆယ်ဝနှင့်၊ စေ့ငလုံလောက် အဆုံးသို့လည်း

ရောက်တော်မူထသော၊ သမ္ဗုဒ္ဓေါ—သယမ္ဘူဟု တဆူကျော်ကြား၊ ရှင်တော်ဘုရားမှသော်သည်း၊ ပရိနိဗ္ဗုတော— ခန္ဓာတိမ်းမှောက် ပျက်ကိန်းရောက်၍ ငြိမ်းပျောက်တော် မူရချေသေး၏၊ တတ္ထ တသ္မိံ လောကေ—ဆိုထိုလောကခေတ် ဘုံသုံးရပ်၌၊ သဗ္ဗေဝ—သူငါမဟူ၊ နတ်နှင့်လူပါ ရှိသူဗိုလ်ပုံ၊အလုံးစုံကုန်သော၊ ဘူတာ—ဖြစ်လာထင်ရှား၊ သတ္တဝါ အများတို့သည်။ သမုဿယံ—ငါးဖြာ ငါးရပ်၊ အဆပ်ထပ်ကို၊ စပ်၍စုချုပ်၊ ခန္ဓာရုပ်ကို၊ နိက္ခိပိဿန္တိ—မချွတ်မုချ၊ စွန့်ပစ်ကြရကုန်လတ္တံ့။ အဲ—ဤလို ဗြဟ္မာမင်းကြီးက သံဝေဂ ဥဒါန်းကျူးတယ်။

ထိုနောက် သိကြားမင်းလဲ ဥဒါန်း ကျူးလို့၍—

အနိစ္စာ ဝတ သင်္ခါရာ၊ဥပ္ပါဒါဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊တေသံ ဝူပသမော သုခေါ။

လို့ ဥဒါန်းကျူးတယ်။

ဘောန္တော—သိဝအမတံ၊ နန်းနိဗ္ဗာန်သို့၊ ဝင်စံကြွသွား၊ ရှင်တော်ပါး၌၊ ခစားခိုညောင်း၊ အိုလူအပေါင်းတို့၊သင်္ခါရာ–ရှိရှိသမျှ၊ သင်္ခါရစုပုံ၊ အလုံးစုံတို့သည်၊ အနိစ္စာဝတ— ကွဲပြိုပျက်စဲ၊ မှုန့်မှုန့်ကြဲ၍၊ အမြဲတည် ကုန်စွတကား၊ ဥပ္ပါဒါဝယဓမ္မိနော—ဖြစ်ရုံမရပ် ဌီဘင်စပ်၍၊ပျက်ဘတ်သောသဘော ရှိကြကုန်၏။ဥပ္ပဇ္ဇိတွာ—အကြောင်းဆုံစည်း ဖြစ်ကုန်ပြီး၍၊နိရုဇ္ဈန္တိ—

သိုးပုပ်ယှင်းကွက်၊ ညှိုးယုတ်ကျက်ရှဲ၊ အုတ်ကြွက်ဆူအုံ၊ ချုပ်ပျက်ကုန်၏။ တေသံ— ထိုဆုတ်တက်ငုပ်လျှိုး ချုပ်ပျက်ညှိုး၍ အုပ်စိုးမရ သင်္ခါရတို့၏၊ ဝူပသမော—သိမ်းကာစံကြွ ငြိမ်းရာကျသည့် သိဝဗိမာန် နန်းနိဗ္ဗာန်သည်သာလျှင်၊ သုခေါ-ကြည်သာအေးမြ၊ချမ်းမြေ့လှ၏။ အဲ- ဤလိုသိကြားမင်းကလဲ သံဝေဂဥဒါန်း ကျူးတယ်။

ထိုမှတပါးလည်းရှင်အနုရုဒ္ဓါ၊ ရှင်အနုရုဒ္ဓါစသောမထေရ်မြတ်တို့သည်လည်း အသီးသီးသံဝေဂဥဒါန်းဖြင့် မရဏာဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများတော်မူကြတယ်။ အဲ- ဤကဲ့သို့ သုံးလောကသခင် ဘုရားရှင်မှသော်လဲ ဘုံသုံးပါးတို့၏ ကိုးစားရာဖြစ်ပါလျက်နှင့် မင့်မကွက် ကြောက်ရှက်လွတ်ကင်း ဤသေမင်းသည် နှိမ်နင်းယူဆောင်နိုင်သေးတယ်။ ငါတို့ သူတကာ လူဗိုလ်ပါတို့ကိုကား အဘယ်မှာ ဆိုစရာရှိချေတော့အံ့နည်း၊ စင်စစ်အမြဲ မြေလက်ခတ်မလွဲ သေရမြဲ ဓမ္မတာကိုလွဲနိုင်ဖို့ရာ မရှိချေပြီဟု မနသိစွဲသွင်း၍ သေရခြင်း သဘောတရားကို ငြိုးစားဆင်ခြင်ရမယ်။ ထို့ကြောင့်—

ဧဝံ မဟာနုဘာဝဿ၊ ယံနာမေတံ မဟေသိနော၊
နဘယေန နလဇ္ဇာယ၊ မရဏံ ဝသမာဂတံ။
နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ၊
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

လို့- ဟောတော်မူတယ်။

ယံနာမ တေံမရဏံ- ဘုန်းကံတ္တဒ္ဓိ ရှိမရှိကို မသိအလင်း အကြင်သေမင်းသည်၊ ဝေံမဟာ နုဘာဝဿ- သို့စဉ်တန်ခိုးတော် မြေမိုးကျော်တော်မူသော၊ မဟေသိနော- မြတ်သမျှအပေါင်း တရားကောင်းတို့ စုဆောင်း ရှာမှီးတော်မူပြီးသော မြတ်စွာဘုရား၏၊ ဝသံ-မသေမအို ကမ္ဘာပြိုအောင် နေလို ခွင့်လျော် အလိုတော်ကို၊ ဘယေန- ဘုန်းတော်စက်ရိပ် ကြောက်ခါ ထိတ်သဖြင့်လည်း၊ နာဂတံ- အထိုက်အရာ မလိုက်နာ၊ လဇ္ဇာယ- မတုဘက်ဝံ့ ရှက်၍ရွံ့သဖြင့်လည်း၊ နာဂတံ- မစိုက်မညာ မလိုက်နာ။

နိုလ္လဇ္ဇံ- တုဘက်မသိအရှက်မရှိသော၊ ဝိသာရဇ္ဇံ- မညာ အတင်း ကြောက်ရွံ့ခြင်း ကင်းသော၊ သဗ္ဗသတ္တာဘိ မဒ္ဒနံ- သတ္တဝါဟု မှတ်ခါယူ၍ မြတ်သူမပြင်း နှိပ်စက် ညှဉ်းတတ်သော၊ တယိဒံ မရဏံ-အသေးအငယ် မရွေးချယ်ပဲ မတွယ် မကွင်း ထိုသေမင်းသည်၊ မာဒိသံသတ္တံ- ငါလို သေးနု လူတစုဟု မရှုစလောက် သတ္တဝါတယောက်ကို၊ ကထံနာဘိ ဘဝိဿတိ- ဘယ်မှာစိတ်ကွက် လန့်ထိတ်ရှက်၍ မနှိပ်စက်ပဲ ရှိပါချေတော့အံ့နည်း။

အဲ-ဤကဲ့သို့ ပြဆိုခဲ့ပြီးသောနည်းတို့ဖြင့် ဆင်ခြင်စဉ်းစား၍ မဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြရမယ်။ ထိုသို့ ပွားများကြရသောသူတို့မှာ ယခု ဘုရားရှင် သာသနာတော်တွင်း၌ပင်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုသော်လဲ ရနိုင်ပါတယ်။ အကယ်၍ ယခုဘဝ ယခုဘုရားရှင် သာသနာတော်မှာပင် မဂ်ဖိုလ်ကို

မရစေကာမူ သေသည်၏အခြားမဲ့၌ လူ့ပြည်နတ်ရပ် သုဂတိဘုံမြတ်တို့ကိုသာကပ်၍ နောက်နောင်ပွင့်လတ္တံ့သော ဘုရားရှင်တို့နှင့် ကြုံကြိုက်ခဲ့သည်ရှိသော် တပုဒ်တပါဒ တဂါထာမျှကိုပင်ကြားနာရက ယခုဘဝက ဖြည့်ကျင့်ခဲ့ကြတဲ့ ပါရမီသမ္ဘာရတို့ကြောင့် ခဏမျက်မှောက် အာသဝေါခန်းခြောက်လို့ နိဗ္ဗာန်တိုင် ရောက်နိုင်ပါတယ်။

ထို့ကြောင့် မရဏာသတိ ကမ္မဋ္ဌာန်းဆိုတာ စီးဖြန်းပွားများပလားလို့ဆိုယင် များသောအကျိုး များသော အာနိသင် ရှိတယ်။ နိဗ္ဗာန်သို့ရောက်စေနိုင်တယ်၊ နိဗ္ဗာန်သို့ ရောက်မှသာအကျိုးဆုံးတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ ယင်းသို့ဖြစ်၍လောကီချမ်းသာနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာချမ်းသာတို့ လိုလား တောင့်တကြကုန်သော အမျိုးသားတို့မှာ ယခင်အောက်က ပြဆိုခဲ့ပြီးသောနည်းအတိုင်း စဉ်းစား၍ မရဏာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြရမယ်။

### သူ-ငါလုံးဝုံ - သေရကုန်လတ္တံ့

သဗ္ဗေသတ္တာ မရိဿန္တိ၊
ကောဇညာ အဇ္ဇသွေဒိဝံ၊
ပါထေယျ သဒိသံ ပုညံ၊
ကရေ ပုဗ္ဗေဝ ဥတ္တမံ။

သဗ္ဗေ- ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ သတ္တာ— သူရောင်ပါ များစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ အဇ္ဇ- ချက်မှောက် ထင်စွာ ဆိုက်ရောက်လာသည် အခါမရွေ ဤ ယနေ့၌သော် လည်းကောင်း။ သွေ— နံနက် ပိုးသောက် အလင်းရောက်လာ နက်ဖြန်ခါ၌သော် လည်းကောင်း။ ဒိဝံ— နေမင်းထွက်လာ နေ့အခါ၌သော် လည်းကောင်း။ မရိဿန္တိ— သေရလတ္တံ့ ဟူ၍။ ကော— ကြီးကြီးငယ်ငယ် ရှယ်ရှယ်မဆို ဘယ်ပုဂ္ဂိုလ်သည်။ ဇညာ— ဉာဏ်ဘွင်ပိုင်းဖြတ် နှိုင်းချင့်လတ်၍ တတ်အပ်သောချာ သိနိုင်ပါအံ့နည်း။ မရိဿန္တိ— ဘုရားသော်မှ မလွတ်ရသဖြင့် လောကမ္မတာ ဖြစ်၍လာကာ သူငါ လုံးစုံ သေရကုန်လတ္တံ့။ တသ္မာ— ထိုသို့ တနေ့တရက် တချက်ချက်မှာတော့ ဆက်ဆက်မှန်စွာ သေကြရမှာကြောင့်။ ပုဗ္ဗေဝ- သေမင်းအရှင် မခေါ်ခင်က စိတ်ရှင်ကိုယ်လန်း ခန္ဓာစွမ်း၍ ကျန်းကျန်းမာမာ ရှိဦးစွာကသာလျှင်။ ဥတ္တမံ— မြတ်လှစွာသော။ ပါထေယျသဒိသံ— သေလွန်သောအခါ သံသရာမှာ ရိက္ခာထုပ်နှင့် မယုတ်ပမာ တူလှစွာသော။ ပုညံဝ— ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကုသိုလ်ကောင်းမှု အဖြာဖြာကို။ ကရေ ကရေယျ— ကောင်းမှုကြည်သာ ပြုလုပ်၍ နေကြရာသတည်း။

(ထူးကြီးဆရာတော်)

## မရဏဿတိ ထိထိရောက်ရောက် အားထုတ်ကြ

အစိန္တေယျ အပ္ပမေယျ ကျေးဇူးတော်အနန္တ သဗ္ဗညုတ ဉာဏ်တော်အရှင် မြတ်စွာဘုရား သခင် ဟောကြား ဆုံးမ ညွှန်ပြခဲ့သည့် မရဏဿတိမှ၊ နိဗ္ဗာန်အထိ တရား ကြိုးစား အားကုတ်ကြရန် ရေးသား တိုက်တွန်း ညွှန်ကြား လိုက်ပါ၏။

ရဟန်း။ ။မရဏ ဆိုတဲ့ သေခြင်း သဘောတရားကို ကြောက်သလား။

ဒါယကာ။ ။ကြောက်ပါသည် ဘုရား။

ရဟန်း။ ။အေး။ကြောက်ယင် မကြောက်ရတဲ့ မင်္ဂ ဖိုလ် နိဗ္ဗာန် တရားထူးရအောင် ကြိုးစား ပွားများအားထုတ်ကြရမယ်။

ဒါယကာ။ ။မှန်လှပါဘုရား။ မြတ်စွာဘုရား ဟောကြား တော်မူခဲ့သည့် တရားတော်ကို ညွှန်ပြပါ ဘုရား။ သို့သော် အချို့က မကြောက်ဘူး ဆိုတဲ့ လူမိုက်တွေ၊ လူဆိုးတွေ၊ ကိုယ့်ကိုယ် ကို သတ်တဲ့ လူတွေလဲ ရှိပါသေးတယ် ဘုရား။

ရဟန်း။ ။သေရမှာ မကြောက်ရတဲ့ တရား သေမင်း မမြင်ရာ နိဗ္ဗာန် ရောက်အောင် မြတ်စွာ ဘုရားက မရိစိ ကမ္မဋ္ဌာန်က ဘိက္ခုဝဂ္ဂ (ဓမ္မပဒ) (၄၆) တွင် ဟောကြားတော်မူပုံက—

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
မရိစိ ဓမ္မံ အဘိသမ္ဗုဓာနော၊
ဆေတွာနမာရဿစပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

ဤခန္ဓာကိုယ်သည် ရေမြှုပ်ပမာ ကာလမရှည်ကြာ ပျက်တတ်သည် ဟူ၍လည်းကောင်း၊ တံလျှပ်မျိုး အကျိုးမဖြစ် အနှစ်သာရ မရှိ အတုမျှသာ ဖြစ်၏ ဟူ၍ လည်းကောင်း၊ ကောင်းစွာ ထိုးထွင်း သိမြင်သော သူသည် မာရ်မင်း၏ ပန်းပွင့်နှင့် တူကုန်သော သံသရာ ဝဋ်ဆင်းရဲတို့ကို အရဟတ္တမဂ် ညဏ်ဟူသော သန်လျက်ဖြင့် ဖြတ်၍ သေမင်း၏ မမြင်ရာ နိဗ္ဗာန်သို့ရောက်၏—ဟု တိုက်ရိုက်ဆုံးမ ညွှန်ပြတော် မူပေ၏။ ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော် မူသည့် အတိုင်း ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပျက်အမှန် ရေမြှုပ်သဏ္ဌာန် အပျက်မြန်ပုံကို လည်းကောင်း၊ အနှစ်သာရ မရှိပုံကိုလည်းကောင်း၊ ခဏမစဲ ဆင်းရဲဒုက္ခ တွေ့နေရသည့် ရူပက္ခန္ဓာကြီးကို လည်းကောင်း၊ ဝေဒနက္ခန္ဓာ၏ ရေပွက်သဏ္ဌာန် အပျက် မြန်ပုံကို

လည်းကောင်း၊ သညာက္ခန္ဓာ၏ တံလျှပ်ပမာ အတုမျှသာဖြစ်ပုံကိုလည်းကောင်း၊ သင်္ခါရက္ခန္ဓာ၏ ငှက်ပျောတုံးကဲ့သို့ အနှစ်သာရ မရှိပုံကိုလည်းကောင်း၊ ဝိညာဏက္ခန္ဓာ၏ မျက်လှည့်ပမာ အနှစ်အသားမရှိ လှည့်စားထားခြင်း ဖြစ်ပုံကို လည်းကောင်း ပိုင်းခြားသိမြင်အောင် သမထ ဝိပဿနာ တရား အားထုတ်ခဲ့သော် မုချမလွဲ မဂ်ဖိုလ် နိဗ္ဗာန် ဝင်စံရပေမည် ဖြစ်ပေသတည်း။

ထပ်၍ ဆိုဦးအံ့....

မြတ်စွာဘုရားသခင်သည်၊ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဖေဏပိဏ္ဍူပမသုတ်ကို ဟောကြားခဲ့တော်မူ၏။

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုဗ္ဗုဠုပမာ၊
မရီစိကူပမာ သညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာ ဒိစ္စဗန္ဓုနာ၊

စသည်တည်း။

ရုပ်သည် ရေမြှုပ်ခဲပမာ တူ၏။ ဝေဒနာသည် ရေပွက်ပမာ တူ၏။ သညာသည် တံလျှပ်ပမာ တူ၏။ သင်္ခါရသည် ငှက်ပျောတုံးပမာ တူ၏။ ဝိညာဏ်သည် မျက်လှည့်ပမာ တူ၏။

ဤသို့ အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည် ဟောတော်မူအပ်ကုန်၏။

သေရမှာ မကြောက်တဲ့ လူဆိုး လူမိုက်တွေမှာ လောဘ၊ ဒေါသတွေ အားကြီးပြီး၊မောဟ မှောင်ကြီး ပိတ်ပင်ကာဆီး ထား၍ ဖြစ်ပေ၏။ အပါယ်လေးပါး သွားကြရမည့်သူတွေ ဖြစ်ကြ၏။ ဝိပါကဝဋ် မကင်းကြသူများကား တဏှာ၊ မာန၊ ဒိဋ္ဌိ၊ လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် မိမိကိုယ်ကို သတ်သေကြပေ၏။အပါယ်ငရဲ ဆင်းရဲတွင်းနက်၍ သံသရာ ရှည်ကြာကြပေမည်။

တကယ်သေရမှာမကြောက်တဲ့ ပုဂ္ဂိုလ်တွေကတော့ ရဟန္တာ အရှင်သူမြတ်များ ဖြစ်ကြပေ၏။ ခန္ဓာဝန်ကြီး ထမ်းဆောင် နေရာမှ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းသည့် သန္တိသုခ ချမ်းသာလှသည့် နိဗ္ဗာန် စံဝင်ကြလေကုန်ရာ ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူးခဲ့ကြပေသေး၏။ထေရီ ထေရ ဂါထာတွင် များစွာတွေ့နိုင်ပေ၏။ သမုစ္ဆေဒ မရဏ ဖြစ်သောကြောင့်လည်းကောင်း၊ ဇာတိ တဖန် ဖြစ်ခြင်းမရှိ ချုပ်ငြိမ်းသောကြောင့်လည်းကောင်း၊ သံသရာ စက်ရဟတ်မှ ဖြတ်ထွက်၍ လောကီသုံးဆယ့်တဘုံမှ လွတ်မြောက်ရေး ဖြစ်သောကြောင့် လည်းကောင်း ဝမ်းမြောက်ကြသည်မှာ ဥပမာအားဖြင့် သေမိန့်သေဒဏ် စက်တိုင်တက်နေရာမှ လွတ်စေအမိန့်ကြောင့် လွတ်မြောက်လာသောသူကဲ့သို့ပင်တည်း။

ထို့ကြောင့် မြတ်စွာဘုရားသခင်က ဓမ္မဿဝနတွေ့ရ ဝတ္ထု (ဓမ္မပဒ-၈၆)တွင် ဟောကြား ဆုံးမတော်မူခဲ့သည်မှာ—

ယေစ ခေါ သမ္မ ဒက္ခာတေ၊
ဓမ္မေ ဓမ္မာ နုဝတ္တိနော၊
တေဇနာ ပါရမေဿန္တိ၊
မစ္စုဓေယျံ သုဒုတ္တရံ။ ။

ကောင်းစွာ ဟောအပ်သောတရားတော်ကို ကြားနာကြ၍ တရားတော်နှင့်အညီ ကျင့်ကြံ အားထုတ်ကြကုန်သော သူတို့သည် ကူးမြောက်ခဲသော သေမင်း၏နေရာ သံသရာတည်းဟူသော သမုဒ္ဒရာကို ကူး၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ တက်ရောက်ကုန်လတ္တံ့။ ထို့ပြင်— ကိသာဂေါတမီ ဝတ္ထု (ဓမ္မပဒ—၁၁၄)တွင် ထပ်မံဆုံးမသည်ကို အသည်းထဲ စွဲမြဲနေအောင် ဆောင်ထားရပေမည်။

ယောစ ဝဿသတံ ဇီဝေ၊
အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော အမတံ ပဒံ၊

သေခြင်းကင်းရာ နိဗ္ဗာန်ကို မမြင်ပဲ အနှစ်တရာ နေရသည် ထက်၊ (၀၁)အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက်၊ သေခြင်းကင်းသော နိဗ္ဗာန်ကို သိမြင်သောသူ၏ တရက်မျှ အသက်ရှည်ခြင်းသည် သာ၍ပင် မြတ်လှသေး၏-ဟု မြတ်ဘုရား မိန့်ကြားတော်မူခဲ့ပေ၏။

ထိုကြောင့် "ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ပျက်နေသည့် သင်္ခါရ တရားသဘောကို မမေ့မလျော့ပဲ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံကြကုန်လော့။

ရေးသားတင်ပြသူ၊ ဘိ.ဘွဲ့-ရှင်သာသနဝိသုဒ္ဓိ။

အပ္ပမာဒေန သမ္ပာဒေထကျောင်း၊ ကျွန်းတောကျောင်းတိုက်။

# အခန်း ၈

## သေခါနီး အရေးကြီးပုံ

ဤအခန်းမှာ အထူးပင် အရေးကြီးပါသဖြင့် စေ့စေ့ စပ်စပ်၊ မှတ်မှတ် သားသား ဖတ်ကြားခြင်းများ ပြုလုပ်ထားပါမှ၊ မိမိသေခါနီး အချိန် ကျရောက်သည့် အခါ မျှားစွာပင် အထောက် အကူ ရနိုင်ပါသည်။

သေခါနီးတွင် ဆင်ခြင်တုံတရား အမှန်ရထားသော ပုဂ္ဂိုလ်များ အပါယ် လေး ပါး မကျရောက်ပဲ၊ ကောင်းရာ သုဂတိသို့လားသွားကြောင်း သာဓကပေါင်း မြောက် မြားစွာ ရှိပါသည်။

"အချိန်ရှိခိုက်- လုံ့လစိုက်"ဆိုသည့် ဆုံးမစကား အတိုင်း၊ ကျန်းကျန်း မာမာ ရှိစဉ်က

အာဝိဇ္ဇာကံအဖြစ်နှင့် ကောင်းသောအမှုပြုခြင်း၊ ကောင်းသော စကား ပြောကြား ခြင်း နှင့် ကောင်းသော စိတ်ထားရှိခြင်း စသည့် ကံသုံး ပါးနှင့်အညီ နေထိုင် သွားလာ လုပ်ကိုင်ခြင်း မပြုပါက၊ သေရာညောင်စောင်း ရောက်၍ အာသန္နကံ စောချိန်တွင် အလွဲလွဲ အမှားမှား ဖြစ်ပြီး အပါယ်လေးပါးသို့ လားရသည်မှာ သေချာပါသည်။

သို့ပါ၍ သေခါနီးတွင် ကောင်းသောနိမိတ်များ ထင်လာကာ ကောင်းရာသုဂတိသို့ လား ကြရန် ယခု အခန်းတွင် ပါရှိသော သတိပေး ချက်များ၊ သွန်သင် ဆုံးမချက်များ၊ တင်ပြ ထားသောနည်းနာနိဿယ အဖုံဖုံကို လေးလေး စားစား ဖတ်ကြား မှတ်သားကြပါရန် သတိ ပေးအပ်ပါကြောင်း။

* * *

## သေရာ ညောင်စောင်း လဲလျောင်းချိန်

လူရယ်လို့ဖြစ်လာယင် တနေ့သေရမှာ မုချပင်။ နောက်ဆုံး သေဖို့ရန် သေရာညောင်စောင်း လဲလျောင်းတဲ့အခါ၊ အသေ တတ်ဖို့ အလွန်အရေးကြီးပါသည်။ အသေမတတ်ပဲ စွဲမိစွဲရာ၊ တချို့စိုးရိမ်ကြီးစွာ၊ တချို့ သား၊ လင်၊ ခင်ပွန်း အတွက်နှင့် နောက်ဆံတင်းကာ၊ တချို့ ဝတ္ထုပစ္စည်း တစုံတရာ စွဲလမ်းကြီး စွာ၊ တချို့ ဒေါသဇောဝင်ကာ အမျိုးမျိုးအဖုံဖုံ သေသွားကြ လေသည်။ ထိုကဲ့သို့ မှားမှား ယွင်းယွင်းနှင့် သေသွားပါက ကောင်းရာသုဂတိသို့ မလားပဲ အပါယ်လေးပါးနှင့် ကြုံတွေ့ရ တတ်၏။

ဒါကြောင့်- သေလောက်သည့်ရောဂါဝေဒနာတခု ခံစားရ သည့်အခါ၊ထွေရာလေးပါး မစဉ်းစားပဲ "ငါတော့သေပေါက် သေဝ ရောက်နေပြီ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ တန်တန် နေလို့ဖြင့်မတန်ချေ၊ မမေ့မလျော့ပဲ ဘုရားအာရုံ၊ တရားအာရုံ၊ ဝိပဿနာထုံလျက် နေရမည့် အချိန်အခါကြီးပါဘကား" ဟု သတိ သံဝေဂ ရှိရပေမည်။

ယခုလိုမကျန်းမမာ သေလောက်သည့်ဝေဒနာနှင့် ရင်ဆိုင် နေရတဲ့အခါမှာ သတိတရား လက်မလွှတ်စေပဲ နှလုံးသွင်းမှန်ခဲ့ လျှင် မင်္ဂလာ-ဖိုလ်ညာဏ် ရောက်နိုင်တဲ့အကြောင်းပါပေ။

"ငါမှာမကျန်းမမာ ဝေဒနာတော့တွေ့နေရပြီ၊ သေယင်လဲ သေသွားနိုင်မယ်၊ မသေခင်အချိန်မှီ အားအင်ရှိပြီး သတိရှိ

နေခိုက်မှာ မြတ်စွာဘုရားအဆုံးအမတော်ဖြစ်သည့် မဂ္ဂင်ရှစ်ပါး တရားတော်နှင့်အညီ ဝိပဿနာအလုပ်များ ရနိုင်သမျှ ရအောင် အားထုတ်မှပဲ၊ ပေါ့ပေါ့ဆဆ နေလို့တော့ မဖြစ်တော့ဘူး”ဟု အမြင်မှန်ရကာ လက္ခဏာရေးသုံးပါး၊ ဖြစ်- ပျက်တရားများ ခန္ဓာဉာဏ်ရေးက ကြိုးစား အားထုတ်ရပေမည်။

ဆရာတော်ကြီးတပါး အမိန့်ရှိထားတာကတော့ “ဝိပဿနာ ဘာဝနာများ မပွားများတတ်ပါက၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တိုင်း “ဘုရား”ကို ယုံကြည်ကိုးစားရမှန်းသိပြီး၊ ယုံကြည်ကိုး စားတတ်ကြတဲ့အတိုင်း၊ ဝိညာဉ်မချုပ်မီ သတိရတိုင်း “ဘုရား၊ ဘုရား၊ ဘုရား”ဟု သာ နှလုံးသွင်းနေယင် ဘဝကူးကောင်း နိုင်ပါတယ်”ဟု အမိန့်ရှိဘူးပါသည်။

ဒါကြောင့် သေခါနီးအရေးကြီးတဲ့အတိုင်း သတိ ထားကာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး မမေ့သင့်ကြောင်း တင်ပြအပ်ပါသတည်း။

(သံတောက်ခင်)

## မြတ်တရား ကြိုးစား

သေခြင်းတရား- ကျောနားကပ်သည်၊
နေ့လား ညလား- မပြောတတ်သည်၊
ထိုသေမင်းက- မချဉ်းကပ်မီ၊
မြတ်တရား- ကြိုးစားမှတ်သင့်သည်။

## သေခါနီး ချမ်းသာရေး

(၁) အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စပေါ်ပေါက်လာသောအခါ ချမ်းသာရ၏။

(၂) ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။

(၃) ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏။

(၄) ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

(ဓမ္မပဒ မာရဝဂ္ဂ)

## သေခါနီး အရေးကြီးသည်

ကံ—သခ်ါရကြောင့် ဘဝသစ်ဝယ် ဝိညာဉ်ဖြစ်ရာ၌ ဘာကြောင့် စုတေခါနီးအာရုံထင်မှုတွေကိုပြနေပါလိမ့်မည်နည်းဟု စဉ်းစားကြပေလိမ့်မည်။

ရည်ရွယ်ချက်ကား—ယခုဘဝ၌ သေချိန်မကျမီ ရှေးကဖြစ်စေ၊ ရှေးရှေး ဘဝများကဖြစ်စေ၊ ပြုခဲ့သောကံ-သခ်ါရတို့သည် အကျိုးပေးဖို့ အခွင့်ရောက်လာသည့်အခါ သူတို့နှင့်စပ်သော အာရုံများသည် သေခါနီး၌ တနည်းနည်းဖြင့် ထင်

လာရကား၊ ယခုလောလောဆယ် ပြုရသောကံများနှင့် မခြား မနားပင် ဖြစ်သည်ဟု နားလည်စေလိုသောကြောင့် ဤသို့ သေခါနီး၌ အာရုံထင်လာပုံတွေကို ကြားဖြတ်၍ ပြရပေသည်။

ဤသေခါနီး ထင်လာသော အာရုံသည် ဘဝသစ်ဝယ် ဝိညာဉ်သစ် ဖြစ်ဖို့အရေး၌ အချက်ပေးသော အာရုံများဖြစ်ရ ကား စုတေခါနီး အာရုံကောင်းရဖို့ အရေးကြီးလှပေ၏။ သတိ မလစ်သူ ဖြစ်ပါလျှင် မိမိနေရာကို သန့်ရှင်းစင်ကြယ်စွာ ပြင် ဆင်၍၊ ကိုယ်တိုင်ပင် ကိုယ့်စိတ်ကို ပြုပြင်ကာ ဘုရား တရား အာရုံများကို စဉ်းစားနေသင့်၏။ သတိ လစ်တတ်ပါလျှင် အနီးအပါး မိတ်ဆွေကောင်းများက အာရုံကောင်း ထင်လာ အောင် ကြိုးစားပေးသင့်၏။ ပန်းများစွာ ပူဇော်ခြင်း၊ ပရိတ် ရွတ်ခြင်း၊ တရားစာရွတ်ခြင်း စသည်တို့ကို ပြုပေးသင့်၏။

ယခုကာလ၌ကား သေခါနီးကျခါမှ (ရေနစ်သူများလို) ဗျာပါသောကများ ကြုံသဖြင့် ထင်ချင်ရာထင်ကာ ဘဝသစ်၌ ဖြစ်ချင်သလို ဝိညာဉ်တွေ ဖြစ်ကြရလေတော့သည်။

ဤသို့ အပြုအပြင်မရှိပဲ စုတေကြရသူတို့မှာ ရှေးက ပြုခဲ့ သော ကံကိုသာ အားကိုးရပေတော့သည်။ ကံကောင်းသူများမှ အာရုံကောင်း ထင်နိုင်ပေမည်။ ကံဆိုးသူများ ဆိုလျှင်ကား အာရုံဆိုးပင် ထင်လွယ်သည်ဟူလို။

(အနာဂတ် သာသနာရေး–၂၄၅)

ဒုဋ္ဌဂါမဏိမင်းကြီးအား အဘယထေရ် သတိပေးချက်

မဟာရာဇာ၏ စကားကို အဘယထေရ်က ပြန်၍ မိန့်တော်မူသည်မှာ—

"အလုံးစုံသော ရုပ် နာမ် ခန္ဓာတို့သည် မမြဲနိုင်ကြပေ။ ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်ခန္ဓာတော်သော်မှ ခိုင်မြဲခြင်းသဘော မရှိ၍ ပျက်စီးခဲ့ရပေသည်။ ရုပ် နာမ် ခန္ဓာဟူသမျှ၏ မမြဲခြင်းသဘော (အနိစ္စ)၊ ဆင်းရဲခြင်းသဘော (ဒုက္ခ)၊ အနှစ်သာရ မရှိခြင်းသဘော (အနတ္တ)ချည်း ဖြစ်ကြောင်းကို နှလုံးသွင်းပါလော့။

"ဒကာတော် မင်းမြတ်သည် လွန်ခဲ့သောဘဝက နတ်ပြည်ရောက်ကြောင်း ကောင်းမှုရှိသူ (သာမဏေ)ဖြစ်ပါသော်လည်း နတ်စည်းစိမ်ကို မတောင်းတပဲ သာသနာပြုလိုရာ မင်း ကရာဇ် ဖြစ်လာရပေသည်။ အသင်မင်းမြတ်၏ ယနေ့တိုင်အောင် ပြုခဲ့သမျှ ကုသိုလ်တို့ကိုသာ အမှတ်ရနေပါလော့"ဟု မိန့်တော်မူသည်ကို ကြားရသော ဒုဋ္ဌဂါမဏိမင်းကြီးသည် ဝမ်းမြောက်တော်မူလှသဖြင့်—

"အရှင်မြတ်သည် ကျွန်ုပ်၏ သေမင်းနှင့် စစ်တိုက်ရာ၌လည်းအဖော်သဟဲ ဖြစ်ပါပေသည်"ဟု လျှောက်ထား၍ ပြုခဲ့ဘူးသော ကောင်းမှုစာရင်းကို ဖတ်စေလေသည်။

ထိုကောင်းမှုစာရင်း ဖတ်သည့်အခါ၌လည်း မဟာရာဇာ စိတ်၌ သာ၍ ထင်လာအောင် ရှေးကောင်းမှု အကြောင်းကို အကျယ် ပြောပြတော်မူ၏။ ဤသို့ ကောင်းမှုစာရင်းကို ကြားနာ ဖတ်စေပြီးလျှင် ကောင်းမှုဆိုင်ရာ မှာထားဖွယ်တို့ကို မှာထားပြီးမှ စုတိစိတ်ကျ၍ တုဿိတာနတ်ပြည်၌ ဖြစ်ရလေသည်။

(အနာဂတ် သာသနာရေး)

ဥတ္တိယ မထေရ် ဥဒါန်းကျူးသည့် ဂါထာ

အာဗာဓေ မေ သမုပ္ပန္နေ၊
သတိ မေ ဥဒပဇ္ဇထ၊
အာဗာဓော မေ သမုပ္ပန္နော၊
ကာလော မေ နပ္ပမဇ္ဇိတုံ။

မေ—ငါ့အား။ အာဗာဓေ—မကျန်းမာမှု ရောဂါစုသည်။ သမုပ္ပန္နေ— မလွဲမရှောင်သာ ဖြစ်ပေါ်၍ လာလတ်သော်။ သတိ—မမေ့မလျော့ မပေါ့လေးစား သတိတရားသည်။ မေ—ငါ့အား။ ဥဒပဇ္ဇထ—အမှန်မခြား ဖြစ်ပွားခဲ့လေပြီ။ ကိံ—ဘယ်လို ဖြစ်ပွားသနည်းဟူမူကား။ မေ—ငါဟုဖြစ်လာ ကိုယ်ခန္ဓာ၌။ အာဗာဓော—မကျန်းမမာ ရောဂါညစ်ကျု ဝေဒနာစုသည်။ သမုပ္ပန္နော—မ[illegible]မရှောင်သာ ဖြစ်ပေါ်၍ လာလေပြီ။

ဣမိနာ အာဗာဓေန– ဤ ရောဂါ ဝေဒနာဖြင့်ပင်။ မရဏံ ဝါပါပုဏေယျ– ခန္ဓာပျက်ယွင်း သေကြေခြင်းသို့ ရောက်မှုလည်း ရောက်နိုင်၏။ တသ္မာ–ထို့ကြောင့်။ ဣဒါနိ–ရောဂါ ရနေ ယခု အခြေအနေ၌။ မေ–ငါ့အား။ ပပ္ပဇ္ဇိတုံ–ရှုမှတ်မှု မရှိ သတိမေ့လျော့၍ နေခြင်းငှာ၊ နကာလော- အချိန်အခါ မဟုတ်ပေ။ အထခေါ- အမှန်စင်စစ် တကယ် ဖြစ်နေရမှာကား။ နပပ္ပဇ္ဇိတုံကာလော-မမေ့မလျော့ မပေါ့လေးစား သတိတရားဖြင့် မခြားမလပ် ရှုမှတ်နေရမည့် အခါကာလကြီး ပေတည်း။ ဣတိ-ဤသို့ မပြတ် ရှုမှတ်နေသော သတိသည်။ ဥဒပဇ္ဇထ- အမှန်အားဖြင့် ထင်ရှားမသေ့ ဖြစ်ပွားခဲ့လေပြီ၊

(ထေရဂါထာ ပါဠိတော်)

မှတ်ချက်။ ။မဟာစည် ဆရာတော်ဘုရားကြီး မကျန်းမာ၍ ဆေးရုံတက်နေစဉ် တောင်ဘီလူး ဆရာတော်ကြီးက ပေးသွားသော ဂါထာ ပေတည်း။

တောင်ဘီလူး ဆရာတော်ကြီး မမာမကျန်း ရှိနေစဉ် အခြား ဆရာတော်ကြီးတပါးက ပေးသွားသည်ဟု သိရ၏။

(နိုင်ငံကျော် ဆရာတော်ကြီး (၁၀)ပါး၏။
ဝိပဿနာ ရှုနည်းညွှန်ပေါင်း)

မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပေးတရား

မကျန်းမမာ ရောဂါဝေဒနာ တခုခုဖြစ်လာယင် အထက်ပါ ဂါထာလေး သတိရလာမယ်။ ငါ့မှာ မကျန်းမမာအနာရောဂါ တွေ ဖြစ်လာပြီ။ မေ့မေ့လျော့လျော့ ပေါ့ပေါ့နေဖို့ အခါ မဟုတ်တော့ဘူး။ မမေ့မလျော့ပဲ တရားထဲ၌အာရုံစွဲပြီး နေရမယ့် အခါကာလကြီးပဲလို့ ဆိုလိုတယ်။

ဤဂါထာလေးကို တခါ မကျဉ်းမကျယ် ဝေဖန်လို့ ပြောရမယ်ဆိုယင် မကျန်းမမာ အနာရောဂါ ဖြစ်တဲ့အခါမှာ သတိအမှတ်ရတယ် ဆိုတာဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်နိုင်တဲ့ အကြောင်းလို့ ဆိုနိုင်ပါတယ်။ သတိအမှတ်ရတာကလဲ နှစ်မျိုးရှိတယ်။ ငါ့မှာမကျန်းမမာ အနာရောဂါတွေ ဖြစ်လာပြီ။ ဒီရောဂါနှင့်ပဲ သေချင်လဲသေသွားနိုင်တယ်။ မသေခင်အတွင်း အားအင်ရှိနေတုန်းမှာ မြတ်စွာဘုရား အဆုံးအမတော်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတရားတွေကို ပြည့်စုံသင့်သမျှ ပြည့်စုံအောင်၊ ရသင့်သမျှ ရသွားအောင် အားထုတ်မှပဲလို့ အမှတ်ရတဲ့ သတိတရားက တမျိုး၊ အဲဒီသတိတရားကတော့ ကုသိုလ်တရား ဖြစ်ပွားအောင် တိုက်တွန်းနှိုးဆော်ပေးတတ်လို့ ကာရာပက သတိတရားလို့ ခေါ်တယ်။

အကြောင်းသတိတရားကလေး ဖြစ်ရုံနဲ့တော့ ကိစ္စက မပြီးသေးဘူး။ အကြောင်းသတိကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသတိကမှ အဖိုးမသိ ထိုက်တန်တယ်။အဲဒီသတိက တကယ်ကို အလုပ်လုပ်တဲ့ သတိပဲ။ ထိုသတိမျိုးကို ကာရကသတိ လို့ ခေါ်တယ်။ အလုပ်သမားသတိလို့ ဆိုလိုတယ်။ ဒီသတိရဲ့ ဖြစ်ပုံကတော့ မကျန်းမမာ ရောဂါဝေဒနာတွေ နှိပ်စက်တဲ့ အခါမှာ ရောဂါဝေဒနာမှ စပြီးသကာလထိုအခိုက်အတန့်ကာလအတွင်း ရှိနေတဲ့ ရုပ်တရားနာမ်တရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ခဏမစဲ အမြဲမပြတ် ရှုမှတ်နေတယ်။ ရောဂါဝေဒနာပဲ ဖြစ်ဖြစ် ကိုယ်အမူအရာ ရုပ်တရားတွေပဲဖြစ်ဖြစ်၊ စိတ်အမူအရာ နာမ်တရားတွေပဲဖြစ်ဖြစ် ဘာတခုမှ မမေ့မလျော့ပဲ ရှု–ရှုပြီး အမှတ်ရနေတယ်။

ဒီလို မပြတ်မစဲ အမြဲမှတ်နေတာကို ခုနကပြောခဲ့တဲ့ ကာရကသတိလို့ခေါ်တယ်၊ ဒီအကျိုးသတိကတော့ အစဉ်အတိုင်း ပွားများပြီး သွားမယ်ဆိုယင် မဂ်ဉာဏ်· ဖိုလ်ဉာဏ်· နိဗ္ဗာန်ထိ ဆိုက်ရောက် သွားနိုင်ပါတယ်။

(နိုင်ငံကျော် ဆရာတော်ကြီး (၁၀)ပါး၏
ဝိပဿနာ ရှုနည်း ညွှန်ပေါင်း)

## အသေတတ်ဖို့ အရေးကြီး၏

"အသေတတ်တယ်"ဆိုတဲ့သဘောကတော့၊ ဝိပဿနာ မဂ်တရားကို အစဉ်တစိုက် အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ မမာမကျန်းဖြစ်လာတဲ့အခါ သတိတရား ရလာတတ်တယ်။ ဘယ်လို ရသလဲဆိုယင် "ငါ့မှာတော့ မမာမကျန်းဖြစ်လာပြီ။ ယခု ခွဲကပ်နေတဲ့ ရောဂါနဲ့ သေမယ်ဆိုယင်လဲ သေသွားနိုင်တယ်။ ဒါကြောင့်မသေခင်အချိန်ရတုန်း ငါ့ရဲ့ အားထုတ်နေကျဖြစ်တဲ့ ရှုမှတ်မှု ကမ္မဋ္ဌာန်းတရားကို အားထုတ်မှပဲ"လို့ သတိရလာတယ်။ အဲဒီသတိဟာ ကုသိုလ်တရားတွေကို အားထုတ် ဖြစ်အောင် တိုက်တွန်းနှိုးဆော်တဲ့ သတိဖြစ်လို့ သူ့ကို ကာရာပက သတိလို့ခေါ်တယ်။

ဒီသတိတရားရရုံနဲ့တော့ ကိစ္စမပြီးသေးပါဘူး၊ ဒီသတိကို အကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ အကျိုးသတိကမှ ကိစ္စပြီးစေနိုင်တဲ့ လိုရင်းဖြစ်တယ်။ အဲဒီအကျိုးသတိဆိုတာ အခြားမဟုတ်ဘူး၊ မိမိသန္တာန်၌ ဖြစ်ဆဲဖြစ်ခိုက် ရုပ်- နာမ်- ခန္ဓာပေါ်မှာ တကယ်တမ်း အလုပ်ကမ္မဋ္ဌာန်းနဲ့ ရှုမှတ်နေတဲ့ ဝိပဿနာ သမ္မာသတိပဲ ဖြစ်တယ်။ ဒီအလုပ်သတိကို ကာရက သတိလို့ ခေါ်တယ်။ ဒီလိုအလုပ်သတိနဲ့ ဘဝကူးသွားခဲ့ယင် စာက ဘယ်လို ဆိုထားသလဲဆိုတော့—

> ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊ မရှိပဲလျက်၊ သေလဲတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာ တန်ခိုးတည်း။

ဒီဝိပဿနာရဲ့ အကျိုးဟာ ဒီဘဝမှာပင် ဒီလောက် အကျိုးကျေးဇူးများပါတယ်။ အားထုတ်ဖို့လဲ အလွန်ဘရာ ထိုက်ပါတယ်။

ဒီသတိကို ဘယ်အပေါ်မှာကပ်ပြီး ရှုရမလဲဆိုတော့ ရုပ်-နာမ်လို့ ခေါ်တဲ့ ခန္ဓာငါးပါးပေါ်မှာ ရှုရပါတယ်။

ဝိပဿနာတရားကို အားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်တွေဟာ မိမိသန္တာန်မှာ ဖြစ်ပေါ်တဲ့ ခန္ဓာငါးပါးကို ကွဲကွဲ ပြားပြား သိဖို့လိုတယ်။ ဒီခန္ဓာငါးပါးကိုမှ မသိယင် အမှန်တရားဆိုတဲ့ **သစ္စာလေးပါးကို ဘယ်လို သိနိုင်မလဲ။**

ဦးဘချစ်တင်ရေး-(သစ္စာလေးချက် ခမ္မစက်-၂၇)

## အနေတတ်-အသေတတ်

ဝိပဿနာ ရှုမှတ်မှု အလုပ်တရားဟာ လောကမှာ အသေတတ်၊ အနေတတ်တဲ့ တရားဆိုယင် မမှားပါဘူး။

အနေတတ်ဆိုတာက အလွန်တရာမှ တိုတောင်း လှတဲ့ လူ့ဘဝ မသေခင် အချိန်ကလေးမှာ အပါယ်လေးပါး က လွတ်အောင် ကြိုးစားအားထုတ်နေခြင်းကို ဆိုတယ်။

အသေတတ်ဆိုတာကတော့ လူမှန်ယင် တနေ့ကျတော့မရဏ ဘေးကြီးက ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ သို့ ပမယ့် ဝိပဿနာ ယောဂီမှာတော့ သေခါနီးဆဲဆဲ အချိန်ကလေးမှာ ဘဝ ကူး ပြောင်းတဲ့ နေရာမှာ အာရုံ ယူတတ်တာကို ဆိုဘယ်။

(သစ္စာလေးချက် ခမ္မစက်)

## အသေတတ်ဘိ ပညာရှိ

ယောဟိ မရဏ မုခံ အပတွာ ကာတုံ သမတ္ထကာ-
လေယေဝ ကုသလံ ကရောတိ၊ သော ပဏ္ဍိတောနာမ၊
တာဒိသော ဘဝ မာ အန္ဓဗာလော။

ဟိ—အသေတတ်နည်းကို ဆိုအံ့။ ယော—အကြင်သူသည်။
မရဏမုခံ— သေမင်း၏ ခံတွင်းဝသို့။ အပတွာ— မရောက်မီ။
ကာတုံ— ပြုခြင်းငှာ။ သမတ္ထကာလေယေဝ— စွမ်းနိုင်သော
ကာလ၌သာလျှင်။ ကုသလံ—ကုသိုလ်ကို။ ကရောတိ—ပြု၏။
သောသော— ၎င်းသူသည်။ ပဏ္ဍိတောနာမ— ပညာရှိမည်၏။
တာဒိသော— ထိုသို့ သဘောရှိသည်။ ဘဝ— ဖြစ်လော။
အန္ဓဗာလော—အလွန်မိုက်သည်။ မာဘဝ—မဖြစ်လင့်။

(ဓမ္မပဒ အဋ္ဌကထာ)

× × ×

## သေခါနိုး အကျိုးကြီးအောင်

သေခါနိုး၌ ဝိပဿနာဉာဏ်ကို ရုတ်တရက် ရှောင်တခင်
သတိရစေ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပွားများနိုင်ပါက
သိန်းထီ ပထမဆုကြီးကို အကြိမ်တရာ ပေါက်သည် ထက်
ကောင်းလှပေတော့၏။

ထို့ကြောင့် သေခါနီးတွင် သမာဓိရရှိရေးအတွက် သေမည့်ဆဲဆဲတွင် အခြားစိတ်များ ဝင်မလာနိုင်စေရန်၊ ဝါ— မကောင်းသော အာသန္နကံ ဝင်ရောက် မလာနိုင်ရန် ယခုမှစ၍ ဝိပဿနာ ဉာဏ်စခန်းကို အာသေဝန ပစ္စည်း ရထားအောင် အထူး ကြိုးစားထားရမည်။ သို့မှသာလျှင် သေခါနီး ဆဲဆဲတွင် အခြား အကုသိုလ်စိတ်များ မဝင်ရောက်စေပဲ ဝိပဿနာစိတ်သာလျှင် ကိန်းအောင်းကာ သေရလိမ့်မည်။

ဤသို့ ကုသိုလ်စိတ်ဖြင့် သေသူတို့သာလျှင် တမဂ် တဖိုလ် မရသေးသော်လည်း အပါယ်လေးပါးတံခါး ပိတ် နိုင် လေသည်။

သာမန် လူတို့မှာကား သေခါနီး၌ သားစိတ်၊မယားစိတ်၊ လင်စိတ်၊ ဥစ္စာပစ္စည်းစိတ် စသည့် အကုသိုလ်စိတ်တို့နှင့် သေသည်သာ များကြ၏။ ယင်းသို့ အကုသိုလ်ဇောနှင့် သေလျှင် အပါယ်လေးပါးသို့သာ လားရာဂတိ ရှိ၏။

ဤ သေခါနီး စိတ်ထားကို အများအားဖြင့် သတိ မပြုကြ။ ထို့ကြောင့် အရေးကြီးလှသည့် သေခါနီး စိတ်ထားကို လေးနက်စွာ သတိပြုကြပါကုန်။

(ဝိပဿနာ အခြေခံနှင့် အဖြေမှန်–၂၇၃)

သေခါနီးတွင် အကုသိုလ်စိတ်၊ ဝါ—လောဘစိတ်၊ဒေါသစိတ်၊ မောဟစိတ် မဝင်နိုင်အောင်၊ ဝါ—လင်စိတ်၊ သားစိတ်၊ မိဘ ဆွေမျိုးစိတ်၊ မယားစိတ်၊ သားသမီးစိတ်၊ ဥစ္စာပစ္စည်း

စိတ်၊ မကောင်းမှုများကို ပြုလုပ်ခဲ့မိ၍ ကြောက်ရွံ့သောစိတ် (ဧကပတ္တနဂါး ဝတ္ထုကိုထောက်)စသည့် စိတ်တို့ကို လက်သင့်မခံပဲ ဝိပဿနာစိတ်ကိုသာ အာရုံပြုနိုင်ရန် ယခုကာလ၌ အာသေဝနပစ္စည်း ရရှိနေအောင်၊ ဝါ— အရှိန်ပြင်းထန်၊ သတ္တိပြင်းထန်နေအောင်၊ ဝိပဿနာ ဘာဝနာကို နေ့စဉ်နေ့တိုင်း ပွားများအားထုတ် နေရာသည်။

(ဝိပဿနာ အခြေခံနှင့် အမြင်မှန် – ၂၉၀)

## စုတေခါနီး စိတ်ထားတတ်ဖို့

လူတယောက် စုတေဖို့ရာ နီးကပ်လာလျှင်၊ မစုတေမီ နာရီဝက်လောက် စိတ်ကောင်း ဇောကောင်းရဖို့ရာ အရေးကြီးလှ၏။ စုတေခါနီး စိတ်ကောင်း မကောင်းမှာလည်း ထင်လာသောအာရုံနှင့် သက်ဆိုင်လေသည်။

(အရှင်ဇနကာဘိဝံသ)

## သတိထားစရာ တရပ်

လူမမာအနီးအနားသို့သွားချင်းဆွေမျိုးနှင့်တကွမိတ်သင်္ဂဟများ လာရောက်ပြီး "လူမမာမေး" လာတတ်ကြ၏။ ထိုကဲ့သို့ မေးလာကြသော အချို့သူတို့ လူမမာအဖို့ အကျိုးကျေးဇူး မများသည့် ပေါက်ကရ စကားတွေ ပြောလိုပြော၊ လူမမာ

အတွက် အကျိုးမများ အကျိုးပင်ယုတ်စေတတ်သော စကားမျိုးတွေ ပြောလိုပြော လုပ်တတ်ကြသည်။

ထို့ကြောင့် လူ့မမာမေးနည်း အရေးကြီးသည့် အလျောက် အောက်ပါ "လူမမာမေးနည်း"ကို ရေးသားတင်ပြလိုက်ပါသည်။

## လူမမာ မေးနည်း

လူမမာ နောက်ဆုံးအချိန်သို့ ရောက်နေသည့်အခါဆွေမျိုးသားချင်း ရောင်းရင်းမိတ်ဆွေတို့က "အို-အဖေ, အို-အမေ, အို-ဦးကြီး, အို ဦးလေး။သားသမီးများက အဖေအတွက်,အမေအတွက်။ အခြားသူများက ဦးကြီးအတွက်, ဦးလေးအတွက်, ဟော ဒီ (ဘုရားပုံတော် မြင်အောင်ပြပြီး) မြတ်စွာဘုရားကို ပူဇော်ကြပါတယ်၊ကြည်ညိုလိုက်စမ်းပါ၊ ဟောဒီမှာ ပန်းတံခွန်ကုက္ကား, မုလေးပွားပါ၊ ဟော-ကြားလား၊ ကြေးစည်သံ၊ ခေါင်းလောင်းသံတွေ၊ တရားနာရအောင်၊ ဟော–ကြားလား ပရိတ်တရားအသံတွေ၊ ဟော–အမွှေးတိုင်နံ့တွေ, ရေမွှေးနံ့တွေ ဘုရားကို ပူဇော်ထားတယ်၊ မွှေးတယ်မဟုတ်လား၊ အခု အဲဒီ အမွှေးနံ့တွေနဲ့အဖေ့အတွက် အမေ့အတွက် ပူဇော်ထားတာ သိဘယ်နော်၊ ဟောဒီမှာ အချိုအချဉ်ပွဲ၊ အသီးအနှံတွေ ရော ဘုရားကိုလှူမယ်နော်၊ဟောဒါက သင်္ကန်းကလေး၊ ကိုင်ကြည့်ပါအုံး၊ အခုပဲ အဖေအတွက်, အမေအတွက် ဘုရားကို လှူလိုက်မယ်၊ ဘယ်လောက် နုနုညံ့ညံ့ ရှိသလဲ အကောင်းစား

အချောစား အကောင်းဆုံး သက်န်းပဲ အဖေရဲ့၊ အမေရဲ့၊ ရူပါရုံ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး လုံးနှင့် ဆိုင်သော ဒါနများဖြင့် လူမမာ၏ မျက်စိ, နား, နှာ, လျှာ, ကိုယ် အတွေ့များကို ကြည်လင်ရွှင်လန်း သွားအောင် ပြုရမည်ဟု ဝိသုဒ္ဓိမဂ်၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ တို့၌ အဆိုရှိပေသည်။

## ဒုတိယနည်း

ထို့ပြင်—ဦးကြီး ကြောက်နေသလား၊ မကြောက်နဲ့နော်- သက်သက်သာသာကလေးနေပါ။ ဦးကြီးဟာ ဘုရား, တရား, သံဃာ, ရတနာ မြတ်သုံးပါးကို ယုံကြည်သူပဲ၊ ဥပုသ်သီလ အမြဲဆောက်တည်ထားသူပဲ၊ ဘာမှ ကြောက်စရာ မရှိပါဘူး၊ ဘာမှလဲ ငဲ့ကွက်မနေပါနဲ့။ ဦးကြီး ·တူသားမောင်မယ်တွေ ငဲ့နေသလား၊ ငဲ့မနေပါနဲ့၊ ငဲ့သည်ဖြစ်စေ၊ မငဲ့သည် ဖြစ်စေ သေရမည့်သူချည်းပဲ၊ သား-မယား ကိုကော ငဲ့နေသလား၊ ငဲ့မနေနဲ့၊ ဘယ်သူမဆိုသေရမှာချည်းပဲ၊ ဦးကြီးရဲ့စည်းစိမ် ဥစ္စာ ကလေးတွေများ ငဲ့နေသလား၊ မငဲ့နဲ့ ဦးကြီး၊ လူ့စည်းစိမ် လူ့ဥစ္စာဆိုတာ နတ်စည်းစိမ်နဲ့စာယင် တံတွေး ပေါက်လောက် တောင် နှိုင်းသက်စရာ မရှိပါဘူး။ ဦးကြီးမှာ ရှိတဲ့ လူ့စည်းစိမ် ထက် နတ်စည်းစိမ် ဆိုတာကိုသာ ညွတ်စေပါ။

အို—နတ်စည်းစိမ်ဆိုတာကလဲ စတုမဟာရာဇ်ထက် တာဝတိံသာက အဆပေါင်းများစွာ သာတယ်၊ တာဝတိံသာ

ထက် ယာမာ၊ယာမာထက် တုသိတာ၊ ပြီးတော့ နိမ္မာနရတိ၊ ပြီးတော့ ပရနိမ္မိတ ဝသဝတ္တီပေါ့၊ တဆင့်ထက်တဆင့် အဆပေါင်းများစွာ သာတာမျိုးဆိုတော့ အဆက်အထက် နတ်ပြည်မျိုးကိုသာ မှန်းလိုက်ပါ ဦးကြီး။

နတ်စည်းစိမ်ဆိုတာကလဲ ဗြဟ္မာ့စည်းစိမ်၊ ဗြဟ္မာချမ်းသာနဲ့ဆိုယင် အနုပ်စုတ် ဂုတ်စုတ် ဖြစ်သွားဘာမို့ ဗြဟ္မာ့စည်းစိမ် ဗြဟ္မာ့ချမ်းသာက အကောင်းဆုံးပေါ့။

ဒါပေမယ့်ဗြဟ္မာ့ဘဝဟာလဲဘကယ်တော့မမြဲဘူးဦးကြီးရှေ၊ ခန္ဓာမကင်းသေးတော့ တနေ့ ပျက်ရဦးမှာပဲ။

ဒီတော့ခန္ဓာငါးပါးချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ သာလျှင် သန္တိသုခ အမတ အစစ်ပဲ။

အဲဒီတော့ နိဗ္ဗာန်ချမ်းသာကိုသာ စိတ်ညွတ်လိုက် စမ်းပါ ဦးကြီးရယ်။

မြတ်စွာဘုရားက မဟာနာမ်မင်းကြီးအား ဟောပြထားသည့် နောက်ဆုံးအချိန်ရောက်နေသည့် လူမမာအား ကယ်တင်နည်းကို- မဟာဝဂ္ဂသံယုတ် (သံ ၃၊ ၃၅၇)တွင်ဖော်ပြထားလေသည်။

ဤနှစ်နည်းတွင် ပထမနည်းမှာ လူမမာ၏ အိမ်သူ အိမ်သားများက ပြုလုပ်ရန် သင့်လျော်သောနည်းဖြစ်ပေ၏။ လူမမာ၏ အခြေအနေကို ကြည့်၍၊ အိမ်သူအိမ်သားများအား အလုပ်ခိုင်းရပေမည်။

နောက်နည်းမှာ မိမိတို့ကဲ့သို့ ဓမ္မမိတ်ဆွေများက ပြုလုပ်သင့်သော နည်းဖြစ်၍ ဦးကြီးအနားရောက်လျှင်၊ ဤနည်းဖြင့် သက်သာရာ ရစေမည်။

"လောကေ သတ္တနာမ မရဏာ သန္တကာလေ အတိဝိယ ရောဒန္တိ" ဆိုသော သာရသင်္ဂဟ စကားအတိုင်း လူတို့သည် တယောက်ယောက်သေတော့မည်ဟု သိလျှင် ဝိုင်းအုံ ငိုကြွေးတတ်ကြသည်။ သေမည့်သူသည် သူ့အတွက် အိမ်သူ အိမ်သားတို့၏ ငိုးကြွေးသံကြားရလျှင် ငဲ့ကွက်မှု ဝင်သွားသဖြင့် ထိုငဲ့ကွက်မှုတန်းလန်းနှင့် သေဆုံးသွားပါက ထိုအိမ်မှာပင် ခွေး၊ ဆိတ်၊ ကြွက်၊ ငှက်၊ မှ စ၍ စွဲလမ်းဖြစ်သွားတတ်ကြောင်းကျမ်း (ဒိဋ္ဌ ၂-၂-၂၆) ရှိပေသည်။ အိမ်သားတို့ကို မငိုမကြွေးရန် နားချဖို့လည်း လိုပေသေးသည်။

(ရဝေထွန်း)

## ဂတိများလို့ ဒုဂ္ဂတိဘဝ မရောက်နိုင်ရန်

လတ်တလော ရုတ်တရက် ရှောင်တခင် ဘေး အန္တရာယ် များနဲ့ ကြုံတွေ့ရလို့ သေများသွားခဲ့ရယင် အယူမှားတဲ့ ဘဝ တပါးသို့ မကောင်းတဲ့ အာရုံကိုပြုပြီး ဒုဂ္ဂတိ ဘုံဘဝသို့များ ရောက်ရမည်ဆိုတဲ့ ယုံမှားသံသယ ဝင်နေတဲ့မဟာနာမ်က တနေ့ သောအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို လျှောက် ထားဘူးပါတယ်။

ဘယ်လိုများ မေးလျှောက်သလဲ ဆိုတော့ "ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့် တော် တို့ဟာ ဘုရား‌ရဲ့ ဂုဏ်တော်၊ တရားရဲ့ ဂုဏ်တော်၊ သံဃာ‌ရဲ့ ဂုဏ်တော် တွေကို အမြဲမပြတ် အောက်မေ့အမှတ်ရပြီး နေပါတယ်ဘုရား။

"ဒါပေမယ့်လောကမှာ အင်မတန် ဆိုးသွမ်းတဲ့ ဆင်ဘေး၊ မြင်းရိုင်းဘေး (ယခုခေတ်လိုတော့ ကား၊ရထား)စတဲ့တစုံတခု သော ဘေးအန္တရာယ်များနဲ့ ကြုံတိုးပြီး အမှတ်တမဲ့သေသွားခဲ့ ပါယင် မကောင်းတဲ့ဒုဂ္ဂတိဘဝသို့များ ရောက်ရှိ သွားနိုင်ပါ သလား ဘုရား"လို့ လျှောက်ထားသတဲ့။

ဟုတ်တယ်နော်—လျှောက်ထားမယ်ဆိုယင်လဲလျှောက်ထား နိုင်စရာပါပဲ။ အမြဲသတိရှိနေတဲ့ သူများရဲ့ သန္တာန်မှာတော့

ဒီလိုဖြစ်ခဲ့ကျမြဲပါ။ သတိမရ မအောက်မေ့ သူများသာ သေခြင်းတရားကို အမှတ်တမဲ့နဲ့ နေကြတာကိုး။

သေခြင်းဆိုတဲ့အရာဟာ အချိန်မရွေး၊ အခါမရွေး ကြုံတွေ့နိုင်တာပဲ။ ကြီးသူတွေလဲ သေနိုင်တာပဲ၊ ငယ်သူတွေလဲ သေနိုင်တာပဲ၊ သေခြင်းတရားဟာ ကြီးသူ၊ ရွယ်တူ၊ ငယ်သူ မဟူ အချိန်မရွေးသေနိုင် ပျောက်နိုင်တာပဲ။

ဒါကြောင့် "မရဏံ မေ ဘဝိဿတိ" ငါဟာ သေရလိမ့်ဦးမယ် လို့ပါတကားဟု သေခြင်းတရားကို ခြင်ဆင် အောက်မေ့အမှတ်ရပြီး နှလုံးသွင်းနေရမယ်။ အဲဒီလိုနှလုံးသွင်းမှု ရှိနေတဲ့သူဟာ တစုံတခုအန္တရာယ်နှင့် ကြုံတိုးလို့ ဆွေမျိုးညာတိစသူတို့ သေကြေပျက်စီးစေကာမူ၊ စိတ်သက်သာမှု ရစေနိုင်ပါတယ်။

ဒီလိုအန္တရာယ်မျိုးနဲ့ မကြုံတိုးခင် မိမိတို့ဟာလဲ မိမိတို့ရဲ့ ဝိဘ်ခါတ်တွေကို အမြဲမပြတ် ဖြူစင်သန့်ရှင်းနေအောင် ပြုလုပ်ထားရပါမယ်။ ပွတ်တိုက်ထားရပါမယ်။ ဖြူစင် သည်ထက် ဖြူစင်အောင် ပြုပြင်ထားဖို့ လိုပါတယ်။

ဒါန၊ သီလ၊ မေတ္တာ ကမ္မဋ္ဌာန်းဘာဝနာ စသော ကုသိုလ်ကောင်းမှုတရားတွေနဲ့ အမြဲမပြတ် မိမိစိတ်ကို ပြုပြင်ပြီး ထားရပါမည်။ အဲဒီလို မမေ့မလျော့ပဲ သွားသတိ၊ လာသတိ၊ စားသတိ၊ ထိုင်သတိ၊ အိပ်သတိ စတဲ့ အရာရာမှာ သတိတရား ရှိနေရမည်—ဟု ဆိုလိုပါတယ်။

ဒါမှသာလျှင် သေမင်းတမန်ရဲ့ အချိန်မရွေး လာခေါ်တဲ့ အခါမှာ မရှုံ့ မကြောက်ပဲ လိုက်သွားနိုင်ပါမယ်။ အဲဒီလို

များလာခေါ်ခဲ့ယင် အဆင်သင့်လိုက်သွားနိုင်အောင် ပြင်ဆင်ထားပြီးသား ဖြစ်နေရပါမယ်။ မိမိဘက်က ပြည့်စုံပြီးသားအားလုံးဖြစ်နေခဲ့ယင် ဘယ်သူ့ကိုမှ ငဲ့ကွက်နေစရာလဲ မလိုတော့ပါ။

ဒါကြောင့်မို့ အခုနေက ကုသိုလ် ကောင်းမှု ဘက်မှာ စိတ်ကောင်းကလေးများထားပြီး ကြိုးစားနိုင် ကြပါစေလို့ တိုက်တွန်းယင်း မဟာနာမ်ရဲ့အမေးကို ဆက်ကြဦးစို့ရဲ့။

မဟာနာမ်ရဲ့အမေးကို ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ဘယ်လိုများအမိန့်ရှိ ဖြေဆိုလိုက်သလဲဆိုတော့—

"ချစ်သားမဟာနာမ်၊ အဲဒီလိုင်ါဘုရားရဲ့ဂုဏ်တော်၊ တရားတော်ရဲ့ ဂုဏ်တော်၊သံဃာတော်ရဲ့ ဂုဏ်တော်တို့ကို အမြဲမပြတ် အမှတ်ရ အောက်မေ့နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ် ဘေးဒုက္ခအန္တရာယ်တွေနဲ့ တွေ့ကြုံလို့ သေလွန် ခဲ့ရစေကာမူ အယူမှားတဲ့ ဘဝတပါးသို့ မရောက်နိုင်ပါ။

"မဟာနာမ်၊ သင် မကြောက် ပါနှင့်၊ မစိုးရိမ် ပါနှင့်၊ သင့်အား မယုတ်သော သေခြင်းဖြစ်လတ္တံ့။"

"မဟာနာမ်၊ ရှည်မြင့်စွာသော ကာလပတ်လုံး ယုံကြည်သဒ္ဓါဖြင့် ထုံအပ်သောစိတ်၊ ဆောက်တည်မှုသီလ၊ အကြားအမြင်သုတ၊စွန့်ကြဲမှုစာဂ၊ အသိဉာဏ်ပညာတို့ဖြင့် ထုံအပ်သောစိတ်ရှိသူ၏ ခန္ဓာရုပ်သည် မဟာဘုတ် လေးပါး အစု အဝေးဖြစ်၏၊ထမင်း,မုန့်,စသောအာဟာရတို့ဖြင့် ကြီးပွားရ၏။ ပွတ်ပြင်ထိန်းမတ်ပေးရခြင်းသဘောရှိ၏။ မတည်မြဲခြင်း၊ပြိုကွဲပျက် စီး

ခြင်းသအောရှိ၏။ ထို့နောက် ကိုယ်ရုပ်ကို ကျိုးငှက်တို့လည်း ထိုးဆိတ်ကုန်၏။ တောခွေး, အိမ်ခွေးနှင့် ပိုးလောက်တို့လည်း ခဲစားကြကုန်၏။ သို့သော် မဟာနာမ်၊ ထိုသူ၏ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ဖြင့် ထုံအပ်သော စိတ်သည်ကား အထက်သို့သာ တက်လေ့ရှိ၏။ ထူးခြားစွာ သွားလေ့ရှိ၏။

## အားကြီးရာသို့ ကိုင်းညွတ်ခြင်း

“မဟာနာမ်၊ ဥပမာအားဖြင့် ထောပတ်အိုးကို ရေအိုင်ထဲ၌ ရိုက်ခွဲလိုက်သော အခါ အိုးခြမ်းကွဲတို့သည် ရေအောက်သို့ ကျရောက်၍၊ ထောပတ်တို့သည် ရေပေါ်သို့ တက်ရောက် သကဲ့သို့တည်း။

“မဟာနာမ်၊ အရှေ့အရပ်သို့ ကိုင်းညွတ်လျက် ရှိသော သစ်ပင်ကို အရင်းမှ ပိုင်းဖြတ်သော် ထိုသစ်ပင်သည် အဘယ် အရပ်သို့ လဲကျလေမည်နည်း။ မဟာနာမ်၊ ထိုသစ်ပင် သည် အရှေ့အရပ်သို့သာလျှင် လဲကျမည်မဟုတ်လော။

“အဲဒီလိုပဲ၊ မိမိရဲ့ စိတ်ဓာတ်ဟာလဲ အချိန်မရွေး၊ အခါမရွေး ဖြူစင် သန့်ရှင်းနေမယ်ဆိုယင် ဘယ်ဘေးဒုက္ခရန်စွယ် အန္တရာယ် မျိုးနဲ့ တွေ့ကြုံရစေကာမူ အဲဒီပုဂ္ဂိုလ်များဟာ ဂတိမှားတဲ့ ဘဝ တပါးသို့ မလားနိုင် မရောက်နိုင်ပါ”ဟူ၍ ဖြေကြားအမိန့် ရှိလိုက်ပါတယ်”။

(အရှင် တေဇဝန္တ၊ ဓမ္မာစရိယ)

## မိတ်ကောင်း ဆွေကောင်း လိုသည်

လူမမာကို အကဲခတ်လိုက်ပါ၊ နဲနဲလေး မျက်နှာညှိုးနေယင် သူ တယ်တော့ ဟန်မကျဘူး။ အကုသိုလ် ကမ္မနိမိတ် ထင်နေပုံ ပေါ်တယ်။ အဲဒီ အချိန် ပြောင်းပေးယင် ရတယ်။ ဒီ အချိန်မှာ ဒီလို နိမိတ်တွေ ထင်ပြီးတော့ လာလို့ရှိယင် သူလုပ်ခဲ့ဘူးတဲ့ ကုသိုလ်လေးတွေကို ဖော်ပေးရမယ်။ အနီးအနားမှာ မိတ်ကောင်း ဆွေကောင်း လိုတယ်။ "တို့ဟော့၊ ဘယ်တုန်းက ရိပ်သာထဲသွားပြီး တရားနာကြတာလေ၊ ဘာတွေလှူတာလေ၊ မင့်အလှူတုန်းက ဘယ် ဆရာတော် တရား ဟောတာကိုးကွ၊ သင်္ကန်းက ဘယ်လို လှူလိုက်ဘာ"ဆိုယင် ဒါလေး ပြန်သတိရတယ်။ ခုနတုန်းက သင်္ကန်းတွေ၊ ထီးတွေ၊ ဖိနပ်တွေ သူ လှူခဲ့တာတွေ၊ တရား နာခဲ့တာတွေ၊ တရား ရှုမှတ်ခဲ့တာတွေ ဒါလေးတွေ သတိရလာလို့ရှိယင်၊ ဒါလေးတွေ ပေါ်လာယင် ခုနက အကုသိုလ် ရှိသေးလား၊ (မရှိပါဘုရား)။ ဘာပေါ်လာတုန်း၊ ကုသိုလ်ကမ္မနိမိတ်တွေ ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။ ကုသိုလ် ကမ္မနိမိတ်လဲ ပေါ်လာရော ဟိုဘက်က နေပြီး မောင်မင်း မြင့်ရဲ့လားလို့ ဆက်သွယ် ပေးတယ်။ ဟောဟို နတ်သမီး ဥယျာဉ်ဗိမာန်ရေကန်တွေကို ပြထားတယ်။ ဒီက မသေသေးဘူး။ နောက်ဆုံး စုတိစိတ်လဲကျရော အဲဒီ ရောက်တာပဲ။ ဒါကြောင့်မို့ သေခါနီးမှာ အကယ်၍ ကုသိုလ် အကျိုးပေးဖို့ရာ ကုသိုလ်ကံက ပေါ်လာပြီဆိုယင် မိမိလှူထားတဲ့ လှူရံတွေကို ကံခေါ်သလား၊ ကမ္မနိမိတ် ခေါ်သလား၊

(ကမ္မနိမိတ်ပါဘုရား)။ ကောင်းသလား၊ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ ကုသိုလ်လား၊ အကုသိုလ်လား၊ (ကုသိုလ်ပါဘုရား)။ ကုသိုလ် ကမ္မနိမိတ်တွေပေါ်၊ ကျောင်း ဒကာမှာ ကျောင်းဆိုတဲ့ ကမ္မနိမိတ်၊ ဘုရားဒကာမှာ ဘုရား ဆိုတဲ့ ကုသိုလ်ကမ္မနိမိတ်၊ အလှူဒကာမှာ ထီး၊ ဖိနပ်၊ သင်္ကန်း ဆိုတဲ့ ကုသိုလ် ကမ္မနိမိတ်တွေ ပေါ်လာယင် ဟိုဘက်က ဘာ ပြမတုန်း၊ နတ်သမီး၊ ဥယျာဉ်၊ ရေကန်၊ ဗိမာန်တွေပေါ်ပြီး ဒီကလဲ စုတိစိတ်ကျရော တခါထဲ (နတ်ပြည်) ရောက်သွား ဘာပဲ။

(ဟံလင်းဆရာတော်)

## နေဝင်ခါနီး ခရီးသည်တွေ

ချစ်ခင် တွယ်တာမှု သမုဒယဟာ အတော် [illegible]ါတယ်။ အဘိုးအို၊ အဘွားအိုကြီးများဟာ ထို ချစ်ခင်တွ[illegible]မှု သမု ဒယကြောင့် သတိမထား တရားမရှာ နိုင်ကြပဲ၊ ပုတီးကိုချပြီး မြေး မြစ်များကို ချီမနေကြရပါတယ်။

## သားငန်ရေနောက် ဇတ်တိုင်းသောက်သို့

သေချိန်နီးကြတဲ့ အဘိုးကြီး၊ အဘွားကြီးများဟာ လူလား မြောက်လာတဲ့အချိန်ကစပြီးချစ်ခင်တွယ်တာမှု သမုဒယကြောင့် ဇနီး မောင်နှံ ဖြစ်လာကြပါတယ်။ အဲဒီ အချိန်က စပြီး

"ငယ်ကချစ်တော့ အနှစ်တရာမမေ့သာ" ဟူ၍လည်းကောင်း၊ "ငယ်ကပေါင်းတော့ အနှစ်တသောင်း မမေ့ကောင်း" ဟူ၍ လည်းကောင်း ပြောဆို ချစ်ခင်ကြပါတယ်။ သား သမီး မြေး မြစ်တွေ ဖြစ်ပေါ် လာပြန်တော့လဲ "သားသမီးမှာတော့ အချစ်၊ မြေးမှာတော့ အနှစ်" ဟုပြောဆိုကာ ချစ်ခင် တွယ် တာ ကြပြန်ပါတယ်။ ဆားငန်ရေနေ့ကောက်ကို သောက်မိသူဟာ သောက်လေ သောက်လေ ငတ်မပြေ ဖြစ်သလို ချစ်ခင်တွယ်တာမှု သမုဒယ ရှိနေသူ များဟာလဲ ချစ်လေ ချစ်လေ ချစ်မပြေ ဖြစ်ကာ ချစ်ခင်လို့ မဝသေးပဲ ရှိနေကြပါတယ်။ ဒါကြောင့် ရှေးပညာရှိများက "အချစ်၊ အချစ်၊ ချစ်တိုင်းချစ်၍၊ ချစ်လေ ချစ်လေ၊ ချစ်မပြေတည့်၊ ဆားငန် ရေနေ့ကေ၊ ငတ်တိုင်း သောက်က၊ သောက်လေ သောက်လေ၊ ငတ်မပြေသို့၊ ပေမ အရာ၊ တဏှာမြေးရစ်၊ ထိုအချစ်လည်း၊ ချင်လျှင် ပျော်နိုး၊ ချစ်စပျိုးသည်၊ ချစ်ရိုး ချစ်စဉ် ချစ်လမ်းတည်း" ဟု စပ်ဆို ထားကြပါတယ်။

## တရားပျက်ချော် ပါယ်လားဖော်

သေချိန် နီးကပ်နေကြတဲ့ အဘိုးကြီး၊ အဘွားကြီးများဟာ သတိမထား တရားမရှာနိုင်ကြပဲ သားသမီး တွေနှင့်ပျော်၊ မြေး မြစ်တွေနှင့်ပျော်၊ အခြွေ အရံတွေနှင့် ပျော်လျက် ကိုယ် ကျင့်တရား ပျက်ချော်၍ နေကြပါက သေသွားကြတဲ့အခါမှာ အပါယ်လေးပါး လားရမည့် အကြောင်းကို "ခြွေရံပေါများ၊

သားမယားနှင့်၊ စီးပွားဥစ္စာ၊ ရတနာကား၊ တရားပျက်ချော် ပါယ်လား ဖော်တည်း” ဟု သတိပေးစကား ရေးသားစပ်ဆို ထားကြပါတယ်။

## တရားသံဝေ ရကြစေဖို့

သေချိန် နီးနေကြတဲ့ အဘိုးကြီး၊ အဘွားကြီး များဟာ မိမိတို့ခေါင်းမှာ ရှိတဲ့ သေမင်းတမန် ဆံပင်ဖြူများကို ကြည့် ကြည့်ပြီး သတိ သံဝေဂရကာ တရားရှာနိုင်ကြဖို့ရာ မာန်လည် ဆရာတော် ဘုရားကြီးက– “တရားရေးပုံ၊ ယူတံမှတ်ဘိ၊ ရသတိ ဖြင့်၊ မိမိခေါင်းတွင်၊ ဆံဖြူမြင်သော်၊ ငါလျှင်အပြီး၊ သေချိန် နီးခဲ့၊ သမီးနှင့် သား၊ မယားနှင့် လင်၊ သက်နှယ်ကြင်လည်း၊ အရှင်သေမင်း၊ မကြာ ခွင်းလိမ့်၊ သေခြင်းနီးစွ၊ ရောက်သော ငါကား၊ အိမ်မှာ ပျော်ကျူး၊ ဘယ်ရှိနိုးအံ့၊ နေ့ကိုးနေ့ကြား၊ ကျင့်ပြောက်ကျားနှင့်၊ လေးပါး ပါယ်ထဲ၊ မီး ငရဲမှ၊ လွတ်မြဲ မဟူ၊ သတိမူလေ့၊ ငယ်သူတကာ၊ နုသေးစွာက၊ ခိဋ္ဌာဒသ၊ မန္ဒာစသား၊ ပတ်လျစိုးရှင်၊ လုလင်သမဲ၊ လုံမည်နှင့်၊ ဉာဏ်မဲ့ တုံးခပ၊ မိုက်မူး ဝေသည့်၊ လူလေ လူဝါး၊ လူပြိန်းများသို့၊ ပျော်ပါးစိတ်ကြိုက်၊ ဝသီလိုက်၍၊ စရိုက်ယုတ်မာ၊ ဝါသနာ ဆိုးဝါး၊တမားမားဖြင့်၊ တရားလက်စွဲ၊မရှိပဲလျှင်၊ မကွဲစုဝေး၊ အိမ်သား မြေး နှင့်၊ သေ ရေး မလှ မ လုံ တည်း” ဟူ၍ လည်းကောင်း။

ဒါကြောင့် နေဝင်ခါနီးခရီးသည်များဖြစ်ကြတဲ့အဘိုးကြီး၊ အဘွားကြီးများဟာ သတိထားပြီး၊ အချိန်မီ တရားရှာနိုင်ကြဖို့ရာ စေတနာကောင်းကောင်းဖြင့် တင်ပြအပ်ပါသတည်း။

နေဝင်ခါနီး ခရီးသည်တွေ၊
အချိန်ရှိခိုက် အားစိုက်ကာလေ၊
သတိထားလို့ အမှားရှောင်သွေ၊
တရားလုပ် အားထုတ်နိုင်ကြစေ။

ကြံခင်း–အရှင်ဣန္ဒက
ဓမ္မာစရိယ

## နေရစ်တော့ ဒီခန္ဓာ

ပဋိစ္စသမုပ္ပါဒ် ယန္တရားကို ဉာဏ်ပညာနဲ့ ဖြတ်တောက်တဲ့ အမှုကို ပြုကြပေတော့။ ဤသို့ပြုခြင်းဖြင့် နောက်ဆုံးသေခြင်းတရားနဲ့ ရင်ဆိုင်တဲ့အခါမှာ ငြိမ်းငြိမ်းအေးအေးနဲ့ ပြုံးပြုံးနဲ့ လက်ခံနိုင်ပါတယ်။ အော်-မင်းသေခြင်းတရားကလာပြီ၊ ငါတို့ သိပြီးသားပဲ၊ တနေ့သေမယ်ဆိုတာ သိပြီးသား၊ ကဲ-အခုသေမင်းလက် ဝကွက်အပ်လိုက်ပြီ၊ ဘာပူစရာရှိတုန်း၊ မိမိက သိပြီးသား၊ ပဋိစ္စသမုပ္ပါဒ် ယန္တရားကိုလဲ ဖြတ်ပြီးသား၊ ငြိမ်းအေးတဲ့ ဓာတ်နဲ့ ဆင်ခြင်နေတယ်၊ မိမိရဲ့ဘဝင်ဟာဒယ နှလုံးမှာလဲ အနိစ္စ ရှုထားတော့ ဖြစ်စရာတွေ ပေါ်မလာတော့ဘူး၊သမုဒယ

အကြောင်းမခံတော့ ဒုက္ခဘယ်ဖြစ်မတုန်း၊ နဂိုကဒုက္ခလေးတွေ သတ်ခဲ့ပြီ၊ အခုလဲ ဒုက္ခမလိုချင်လို့ သမုဒယအကြောင်း မခံတော့ဘူး၊ ဒီလိုအကြောင်းမခံတော့ဘူး၊ ဒီလိုအကြောင်း မခံတော့လဲ အကျိုးဒုက္ခက မပေါ်တော့ဘူး၊ မပေါ် တော့ ဘာရှိလဲဆိုတော့ ဒုက္ခမှမဖြစ်ပေါ်ပဲ၊သုခပဲဖြစ်ပြီး ငြိမ်းနေတယ်ပေါ့၊ ငြိမ်းငြိမ်းအေးအေးနဲ့ပဲ သေမင်းလက် ဝကွက်အပ်ပြီး ဒီရုပ်နာမ်ကြီးမှတော့ တော်ပြီ။ ရုပ် နာမ် တရား အစုအဝေးဟာ ရင်ဝယ်သိမ်းပိုက်နေယင် ဆက်လက် ခေါင်း ပြောင်း ပြီး တဲ့ နောက် အို နာ သေဘေးနဲ့လဲမလွတ်၊ အပူသောကနဲ့လဲ မလွတ် နေတော့မှာမို့ ကဲ-ဒီဘဝ ဒီမျှနဲ့ပဲ ဒီရုပ်နာမ် နေခဲ့ပေတော့၊ (၃၁)ဘုံကြီးလဲ နေခဲ့ပေတော့၊ တဏှာ အဝိဇ္ဇာ ကိလေသာ တွေလဲ ကျန်ခဲ့ပေတော့။

မိမိကတော့ တဏှာကိုစွန့်တဲ့ဉာဏ်နဲ့ပဲ နိဗ္ဗာန်ဆီသို့ ဦးတည် ရည်မှန်းပြီးတဲ့နောက် ငြိမ်းချမ်းစွာ မျက်မှောက် ပြုယင်းနဲ့ နိဗ္ဗာန်ဓာတ်ကို ကိုယ်တိုင်ပဲသက်ဝင်ပြီး မျက်မှောက် ပြုယင်းနဲ့ စံမြန်းတော့မယ်၊ ဒီခန္ဓာကိုယ်နဲ့ သံသရာကို ခြေကန် နိုင်တဲ့ စွမ်းရည်ရအောင် ကြိုးစားရမယ်။

ဦးနန္ဒဝံသ–မဟာဝိဇ္ဇာ ၏
(ဝိပဿနာလက်တွေ့ကျင့်စဉ် လုပ်ငန်းခွင်တရားတော်များ)

## မုချ ချမ်းသာ သေသောခါ

ဆင်းရဲဒုက္ခ၊ ပယ်နိုင်က၊ မုချ ချမ်းသာ၏။
သေခါနီးက၊ မြတ်ပုညာ၊ မုချ ချမ်းသာ၏။
ရရသမျှ၊ ရောင့်ရဲက၊ မုချ ချမ်းသာ၏။
အမှုကိစ္စ၊ ဖြစ်ပေါ်က၊ မိတ္တာရှိမှ ချမ်းသာ၏။
(ဓမ္မပဒ ပါဠိတော် ၃၃၁)

## သေခါနီး ချမ်းသာ ရရန်

ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏။

သေချိန်နီးလျှင်၊ ကောင်းမှုရှင်၊ ကြည်လင်ချမ်းသာမည်။

အိုသည်ရှိလျှင်၊ သီလစင်၊ ကြည်လင်ချမ်းသာမည်။
သဒ္ဒါကြည်လင်၊ စွဲမိလျှင်၊ ကြည်လင်ချမ်းသာမည်။
မကောင်းမှုကြဉ်၊ မပြုလျှင်၊ ကြည်လင် ချမ်းသာမည်။
(ဓမ္မပဒပါဠိတော် မြန်မာပြန်၊ မာရဝဂ္ဂ)

# သေခါနီး မိတ်ဆွေကောင်း လိုသည်

## အပြစ်မှ စင်ကြယ်အောင် နည်းလမ်းရှာပါ

အကုသိုလ် ဒုစရိုက်မှုကို ပြုလေ့ရှိသော အချို့သော သူတို့သည် သတိဘရား၊ နောင်တ တရားတို့ကို ရတတ်ကြပေသည်။ သို့သော်လည်း မိမိပြုခဲ့သော မကောင်းမှုက ကြီးလေးများပြားနေသဖြင့် စင်ကြယ် လွတ်မြောက်ဖို့ရာ လမ်းမရှိ တော့ ဟု သဘောပိုက်ကာ၊ ပေါက်တဲ့နဖူး မထူးဘူး ဟူသော စိတ်ထားဖြင့် ဆက်လက်၍ မိုက်မှားနေတတ်ကြသည်။ အမှန်ကတော့ သတိတရားရသည့် အချိန်မှာ ပညာရှိ သူတော်ကောင်းတို့ထံ ချဉ်းကပ်ပြီး အပြစ်မှ စင်ကြယ်အောင် နည်းလမ်းကို မေးမြန်းကာ၊ အပါယ်ဘေး၊ ဝဋ်ဆင်းရဲဘေးတို့မှ လွတ်မြောက်အောင် ကုသိုလ် သုစရိုက်တရားတို့ကို အားထုတ်ရန်လိုပေသည်။

## ကျောက်ခဲ နှင့် လှေပမာ

အကုသိုလ်တရားသည် ကျောက်ခဲနှင့်တူ၏။ ကုသိုလ် တရားသည် လှေနှင့်တူ၏။ ကျောက်ခဲငယ်လျှင် လှေငယ်ဖြင့် တင်၍

ကူးသော် မနစ်မမြုပ်နိုင်၊ ကျောက်ခဲကြီးလျှင်လည်း လှေကြီးဖြင့် တင်၍ကူးသော် မနစ်မမြုပ်နိုင်၊ ထို့အတူ အကုသိုလ်နည်းပါး၍ ကုသိုလ်တရားများကို ပွားများ အားထုတ်ပါက အပါယ်သို့ မနစ် မမြုပ်နိုင်။

## ရွှံ့ပေက ရေနှင့်ဆေး

ရွှံ့ညွန်သည်ရေကြောင့်ဖြစ်၏။ ထိုရေကြောင့်ဖြစ်သောရွှံ့ညွန်ပေလျှင် ထိုရေနှင့် ဆေးကြောက ကင်းဝေးစင်ကြယ်ပေသည်။ ထိုနည်းတူစွာ ပါဏာတိပါတ စသော ဒုစရိုက်တရားတို့သည် စိတ်ကပြုပြင်စီမံသောကြောင့် ဖြစ်ကြပေသည်။ ထိုစိတ်ကြောင့်ဖြစ်သော ဒုစရိုက်တရားအပေါင်းတို့ကို ကောင်းသော စိတ်ဟုဆိုအပ်သော ရေကြည် ရေသန့်ဖြင့် ဆေးကြောလျှင် အညစ်အကြေး ကင်း၍ စင်ကြယ်နိုင်ပေသည်။

## ငရဲနိမိတ် ထင်သောရဟန်းကြီး

သောဏဂိရိခေါ်တောင်ပေါ်ကျောင်း၌ နေသော ရဟန္တာအရှင်သောဏ၏ ဖခင်ကြီးသည်၊ သူ့ အသက်များစွာတို့ကိုသတ်ဖြတ်လျက်အသက်မွေးသောမုဆိုးကြီးဖြစ်ပေသည်။ ထိုမုဆိုးကြီးသည် အိုမင်းမစွမ်းအရွယ်သို့ ရောက်သော် သား ရဟန်းထံ ရဟန်းကြီး ပြုလုပ် နေပေသည်။ ဖျားနာခြင်း နှိပ်စက်၍ သေခါနီးသော် မိမိ ပြုလုပ်ခဲ့သော အကုသိုလ် ကံ ကြောင့်

တောင်ခြေမှ များစွာသောခွေးအပေါင်းတို့သည် မောင်းနှင်၍ မရ ဝိုင်းဝန်းကြ၍ ကိုက်မလိုအာနေဖြင့် ငရဲဂတိနိမိတ် အရိပ် အရောင်များ ထင်လာပေသည်။ ထိုသို့ ထင်သောကြောင့် "ခြောက်ပါဟဲ့ သားရဲ့"ဟု ပြောဆို ယောင်ယမ်း နေလေ သည်။

## သေခါနီး မိတ်ကောင်းတယောက်

ထိုအခါ သောဏမထေရ်က "ဘာလဲ ဦးဥ္ဇင်းကြီး" ဟု မေးရာ "ခွေးကြီးတွေ ခွေးကြီးတွေ ငါ့ကိုကိုက်စားရန် လာ နေတယ်" ဟု ပြောလေသော်၊ ငရဲဂတိနိမိတ် ထင်လာ ကြောင်းကိုသိ၍ "ငါကဲ့သို့သော သားရှိပါလျက် ငရဲသို့ ဘာကြောင့် ကျရမှာလဲ"ဟု စိတ်ထားကာ သာမဏေများကို ပန်းရှာခိုင်းလေသည်။ ရှာလာသော ပန်းများကို ဘုရားရှေ့မှာ ပန်းမွေ့ရာ ခင်းပြီးသော် ဦးပဥ္ဇင်းကြီးကို ညောင်စောင်းနှင့် တကွရွေ့၍ ရုပ်ပွားတော်ရှေ့မှာ ချထားလေသည်။ ထို့နောက် "ဦးပဥ္ဇင်းကြီးအတွက် ပန်းပူဇော်ထားသည် ကြည်ညိုပါ"ဟု တိုက်တွန်း ဟောပြောသဖြင့် ကြည်ညိုဝမ်းမြောက်သည့် ခဏ၌ ခွေးတွေ မထင်တော့ပဲ နတ်သမီးတွေ ထင်လာရာ "ဟဲ့သားရဲ့ ဖယ်ပေးပါ၊ ဖယ်ပေးပါ သားရဲ့ မိထွေးများ လာကြသည်" ဟု ယောင်ယမ်း ပြောဆိုနေစဉ် စုတိကျ၍ နတ်ပြည်သို့ ရောက် ရလေသတည်း။

ကျွန်ုပ် လက်တွေ့ သာဓကများကို ပြလိုပေသည်။ မကွေး ခရိုင် မြို့သစ်နယ် အင်တောကျေးရွာမှ ဦးညွှာဟူသော လူကြီး သည် ယုန်လိုက် ဝါသနာပါသဖြင့် သေခါနီးမှာ "ဝင်ခဲ့ဟေ့" ဟု ယောင်ယမ်းလေသည်။ ၎င်းရွာမှာပင် ချိုးတို့ကို ထောင် တတ်သော ကျောင်းသားကလေး တယောက်သည် သေခါ နီးမှာ "ဂူင်းပြင်ပါရစေအုံး" ဟု ယောင်ယမ်းသည်။ ကိုရင် ဦးပဥ္စင်းတို့က ပြောဟောသဖြင့် ပရိတ်ကြီး ရွတ်၍ စုတိကျေ၏။ ဤ သာဓကဖြင့် သေခါနီး မိတ်ဆွေကောင်း တယောက် လိုကြောင်း မှတ်သားသင့်သည်။

[နတ်မောက် အရှင်သုစိတ္တ (စာချ)]

## သေခါနီး ပြုလုပ်ကြရမည့် တာဝန်

သေခါနီးမှာ မသေခင်က ပြုလုပ်ထားခဲ့ကြတဲ့ ကုသိုလ်ရေး ဘာခုတည်းကိုသာ တွေး။

(ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ သရဏံ ဂစ္ဆာမိ) ဟု သရဏာဂုံ ဆောက်တည်၍ နေသော်လည်း နေပါ။ သို့မဟုတ် (ပဉ္စသီလံ သမာဒိယာမိ၊ ဥပေါသထသီလံ သမာဒိယာမိ) ဟူ၍ ငါးပါး သီလ၊ ရှစ်ပါးသီလ ကိုသော်လည်း ဆောက်တည်၍ နေပါ။ သို့မဟုတ် ဦးခေါင်းကို စိတ်ပြောင်းကာ၊ ဆံပင်ကို ဉာဏ်နှင့် မြင်အောင် ကြည့်၍ ဆံပင်သည် ဒုက္ခသစ္စာ စသည်ဖြင့် ရှေ့က လေ့လာခဲ့ဖူးတဲ့အတိုင်း သစ္စာ ဖွဲ့၍ ဖွဲ့၍ နေပါ။

ပြီးလျှင် ဆံပင်ကို ဒုက္ခသစ္စာ၊ တဏှာကို သမုဒယသစ္စာ။ (ဒု–သ) နှစ်ပါးတို့၏ တဖန်အသစ် မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာ။ နိရောဓသစ္စာသို့ ဆိုက်ရောက်ရန် အဆင့်မြတ် မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာ၊ ဟုသိ၍၊ ဤသို့ တဏှာခန္ဓာအသစ် မဖြစ်ပဲ အမြဲ ငြိမ်းအေးနေတဲ့ နိဗ္ဗာန် တရားတော်မြတ်ကြီးသည် ငြိမ်းအေး ပါပေသည်ဟု နိဗ္ဗာန်အာရုံ တခုတည်းကိုသာ အာရုံပြု၍ ပြု၍ နေပါ။ သေပါလေ။

ဤလို ညွှန်ကြားထားတဲ့ အတိုင်း နေတတ် သေတတ်ပါလျှင် သစ္စာဉာဏ် လက်ကိုင်ရှိနေတဲ့ အတွက် အကုသိုလ်ကမ္မနိမိတ်၊ ဒုဂ္ဂတိနိမိတ်များလဲဝင်ခွင့် ထင်ခွင့် မရနိုင်သည့်ပြင်။ ကုသိုလ်ကမ္မနိမိတ်။ သုဂတိ နိမိတ်တို့သာ ဝင်ခွင့်ထင်ခွင့် ရရှိနေပါသောကြောင့်၊ ထိုအချိန် ထိုအခါတွင် စုတိစိတ်ကျပါက ဘယ်နည်းနှင့်မျှ အပါယ်သို့ မကျနိုင်တော့ပဲ သုဂတိအလားမြဲသည်သာမက၊ သေခါနီး ကာလလေးတွင် တတိယ သစ္စာခေါ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်သွားတဲ့ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လက်ကိုင် ရှိရှိကလေးနှင့် စုတိစိတ် ကျသွားပါက သောတာပန်စသော အရိယာများ ဖြစ်သွားပြီးမှပင် သေကြရပေလိမ့်မည် ဟူ၍ သစ္စာအလင်းပြကျမ်းမှာ ပါရှိပါ၏။

[သစ္စာအလင်းပြကျမ်း]

## သေခါနီး နောက်ဆံမတင်းပါစေနှင့်

ဘုရားလက်ထက်တော်အခါ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေသကဠာ မည်သောတော၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ်၊ ထိုမြို့နေ နကုလပိတာမည်သော သူကြွယ်သည် အပြင်းအထန် မကျန်းမမာ ဖြစ်လေရာ၊ ဇနီးဖြစ်သူ သူကြွယ်မက—

(၁) အို—သူကြွယ်၊ သင်သည် နောက်ဆံတင်းကာ ငဲ့ကွက်ခြင်းရှိပြီး မကွယ်လွန်ပါလင့်။ နောက်ဆံတင်းကာ ကွယ်လွန်ရခြင်းသည် ဆင်းရဲလှပါသည်။ ဤသို့ ကွယ်လွန်ခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါသည်။ သူကြွယ်၊ သင့်အတွက် "နကုလမာတာ သူကြွယ်မဖြင့် ငါမရှိသောအခါ သားသမီးငယ်များကို ကျွေးမွေး ပြုစုနိုင်မှာ မဟုတ်ဘူး၊ အိမ်ထောင်မှုကိုလည်း ကောင်းစွာ ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး"ဟု အကြံဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ အို—သူကြွယ်၊ ဤအရာမှာ ဤသို့ မမှတ်သင့်ပါ၊ အကျွန်ုပ်သည် မိန်းမတို့ဆိုင်ရာ ဗိုင်းငင်ရန် သိုးမွေးတို့ကို ဖြေရှင်းသုတ်သင်ပြီး အခင်းပြုလုပ်ရန် တတ်ကျွမ်းပါသည်။ အကျွန်ုပ်သည် သင် ကွယ်လွန် သွားသော အခါ သားငယ် သမီးငယ် တို့ကို မွေးမြူရန် အိမ်ထောင် မှုကို ကောင်းစွာ ထိန်းသိမ်းရန် တတ်နိုင်ပါသည်။ ထို့ကြောင့်

နောက်ဆံတင်းကာ ငှဲကွက်ခြင်း ရှိပြီး မကွယ်လွန် ပါနှင့်၊ နောက်ဆံတင်းကာ ကွယ်လွန်ရခြင်းသည် ဆင်းရဲလှပါသည်။ မြတ်စွာဘုရား ကဲ့ရဲ့တော်မူသော ကွယ်လွန်ခြင်း မျိုး ဖြစ်ပါသည်။

(၂)သူကြွယ်၊ သင့်အတွက် “နကုလမာတာ သူကြွယ်မဖြင့် ငါ ကွယ်လွန်သောအခါ အိမ်ထောင်သစ် ဆက်လက်ပြုရစ်လိမ့်မည်” ဟု အကြံ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ အိုသူကြွယ်၊ ဤအရာမှာ ဤသို့ မမှတ်သင့်ပါ။ အကျွန်ုပ်သည် တဆဲ့ခြောက်နှစ်ပတ်လုံး လူတို့ စောင့်ထိန်းသင့်သော မြတ်သော အကျင့် (ဂဟဋ္ဌဗြဟ္မစရိယ သီလ) ကို ကောင်းစွာ ကျင့်သုံးပြီးပါပြီ။ ထိုအကြောင်းကို သင်သူကြွယ်လည်း သိပြီးပင်ဖြစ်၏။ အကျွန်ုပ်လည်း သိပါ၏ သူကြွယ်။ ထို့ကြောင့်—

(၃) သူကြွယ်၊ သင့်အတွက် “နကုလမာတာ သူကြွယ်မသည် ငါ ကွယ်လွန် သွားသောအခါ မြတ်စွာဘုရားအား ဖူးမြော်လိုခြင်း၊ ရဟန်းသံဃာအား ဖူးမြော်လိုခြင်း ရှိတော့မည်မဟုတ်”ဟု အကြံဖြစ်ကောင်းဖြစ်ပေလိမ့်မည်။အို-သူကြွယ်၊ ဤအရာမှာ ဤသို့ မမှတ်သင့်ပါ။ သူကြွယ်၊ အကျွန်ုပ်သည် သင် ကွယ်လွန်သောအခါ မြတ်စွာဘုရားနှင့် ရဟန်း သံဃာတော်အား သာလွန်၍ ဖူးမြော်လိုသူ ဖြစ်ပါမည် သူကြွယ်။ ထို့ကြောင့်-

(၄)သူကြွယ်၊ သင့်အတွက် "နကုလမာတာ သူကြွယ်မသည် ငါကွယ်လွန်သောအခါ ကိုယ်ကျင့်သီလတို့၌ ဖြည့်ကျင့်ဆည်းပူးခြင်း ပြုလိမ့်မည် မဟုတ်" ဟု အကြံ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ အို-သူကြွယ်၊ ဤအရာမှာ ဤသို့မမှတ်သင့်ပါ။ သူကြွယ်၊ မြတ်စွာဘုရား၏ တပည့်ဖြစ်၍ ကိုယ်ကျင့်သီလတို့၌ ဖြည့်ကျင့် ဆည်းပူး ကြသည့် အဝတ်ဖြူဝတ် ဥပါသိကာ (မိန်းမ)ဟူသမျှတို့တွင် အကျွန်ုပ်လည်း တယောက်အပါအဝင် ဖြစ်ပါသည်။ ဤအရာ၌ ယုံမှားမှု၊ တွေးတောမှု ဖြစ်သူရှိခဲ့လျှင် ပူဇော်အထူးကို ခံယူတော် မူထိုက်သော၊ တရား အလုံးစုံကို သိတော်မူသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့၊ ဘေသကဠာတော၌ သီတင်းသုံး နေတော်မူပါ၏။ ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး မေးလျှောက် နိုင်ပါသည် သူကြွယ်။ ထို့ကြောင့်—

(၅) သူကြွယ်၊ သင့်အတွက် "နကုလမာတာ သူကြွယ်မသည် ကိုယ်တွင်းသန္တာန်၌ စိတ်၏ငြိမ်းမှု သမာဓိ ကမ္မဋ္ဌာန်းကို ရရှိသူမဟုတ်"ဟု အကြံဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သူကြွယ်၊ ဤအရာမှာ ဤသို့မမှတ်သင့်ပါ။ သူကြွယ်၊ မြတ်စွာ ဘုရား၏ တပည့်ဖြစ်၍ ကိုယ်တွင်းသန္တာန်၌ စိတ်၏ငြိမ်းအေးမှု သမာဓိ ကမ္မဋ္ဌာန်းကို ရရှိကြသည့် အဝတ်ဖြူဝတ် ဥပါသိကာ (မိန်းမ) ဟူသမျှတို့တွင် အကျွန်ုပ် သည်လည်း တယောက် အပါအဝင် ဖြစ်ပါသည်။ ယုံမှား တွေးတောမှုဖြစ်သူရှိခဲ့လျှင် ပူဇော်ထူးကို ခံတော်မူထိုက်သော၊တရားအလုံးစုံကို သိတော်မူသော မြတ်စွာ

ဘုရားသည် ဘဂ္ဂဝတ်းသုသုမာရဂိရိမြို့၊ ဘေသကဠာဝနေတော၌ သီတင်းသုံးတော်မူပါ၏။ ထိုမြတ်စွာ ဘုရားထံသို့ ချဉ်း ကပ်၍ မေးလျှောက်နိုင်ပါသည် သူကြွယ်။ ထို့ကြောင့်—

(၆) သူကြွယ်—သင့်အတွက် "နကုလမာတာ သူကြွယ်မ သည် ဤသာသနာတော်၌ သက်ဝင်ရာ၊ ဆောက်တည်ရာ၊ သက်သာရာကို ရသူ၊ ဝိစိကိစ္ဆာကို လွန်မြောက်သူ။ သို့လော သို့လော တွေးတောမှု ကင်းရှင်းသူ၊ ရဲရင့်ခြင်းသို့ ရောက်သူ၊ မြတ်စွာဘုရားမှတပါး အားထားရာ မရှိသည်ဖြစ်၍ သာသနာ တော်၌ နေသူမဟုတ်တော့ပြီ"ဟု အကြံ ဖြစ်ကောင်း ဖြစ်ပေ လိမ့်မည်။သူကြွယ်၊ဤအရာမှာ ဤသို့မမှတ်သင့်ပါ။ သူကြွယ်၊ မြတ်စွာဘုရား၏ တပည့်ဖြစ်၍ သာသနာတော်၌ သက်ဝင်ရာ၊ ဆောက်တည်ရာ၊ သက်သာရာကိုရသူ၊ ဝိစိကိစ္ဆာကို လွန်မြောက် သူ၊ သို့လော သို့လော တွေးတောမှု ကင်းရှင်းသူ၊ရဲရင့်ခြင်းသို့ ရောက်သူ၊ မြတ်စွာဘုရားမှတပါး အားထားရာမရှိသည်ဖြစ်၍ ဘုရားသာသနာတော်၌ နေကြသူ၊ အဝတ်ဖြူဝတ် ဥပါသိကာ (မိန်းမ)ဟူသမျှတို့တွင် အကျုံးဝင်သည် တယောက်အပါအဝင် ဖြစ်ပါသည်။ ယုံမှားတွေးတောမှု ရှိသူ ဖြစ်ခဲ့လျှင် ပူဇော် အထူးကို ခံထိုက်သော တရားအလုံးစုံကို သိတော်မူသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့၊ ဘေသကဠ ဝနေတော၌ သီတင်းသုံးနေတော်မူပါ၏။ ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မေးလျှောက်နိုင်ပါသည် သူကြွယ်။

ထိုအခါနကုလပိတာ သူကြွယ်အား ဇနီးဖြစ်သူသူကြွယ်မက ဤသို့ သန့်သင်အပ်သည်ရှိသော် စွဲကပ်နေသော ထိုရောဂါမှ ခဏချင်းငြိမ်းအေး ပျောက်ကင်းလေ၏။နကုလပိတာ သူကြွယ်သည် ပျောက်ကင်း ကျန်းမာ၍ မကြာမီပင် တောင်ဝှေး ထောက်ကာ မြတ်စွာဘုရား ရှိရာသို့ သွားရောက် ဆည်းကပ်လေလျှင်—

မြတ်စွာ ဘုရားက သူကြွယ်၊ သင့်အား နကုလမာတာ သူကြွယ်မသည် အစဉ်စောင့်ရှောက်၏။ အကျိုး စီးပွားကို အလိုရှိ၏။ သန့်သင်တတ်၏၊ ဆုံးမတတ်၏။ သူကြွယ်၊သင့်အား အရတော်ပေစွ၊ သင် လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပေ၏။ သူကြွယ်၊ ငါ၏တပည့် ဖြစ်ကုန်သော သီလတို့၌ ဖြည့်ကျင့် ဆည်းပူးကြသည့် အဝတ်ဖြူဝတ် ဥပသိကာ (မိန်းမ) ဟူသမျှ တို့တွင် နကုလမာတာ သူကြွယ်မသည် တယောက်အပါအဝင် ဖြစ်၏။

သူကြွယ်၊ငါ၏ တပည့်ဖြစ်ကုန်သော ကိုယ်တွင်း သန္တာန်၌ စိတ်၏ ငြိမ်းအေးခြင်း သမာဓိ ကမ္မဋ္ဌာန်းကို ရရှိ ကြသည့် အဝတ်ဖြူဝတ် ဥပါသိကာ(မိန်းမ) ဟူသမျှ တို့တွင် နကုလ မာတာ သူကြွယ်မသည် တယောက်အပါအဝင် ဖြစ်၏။

သူကြွယ်၊ ငါ၏တပည့်ဖြစ်ကုန်သော ဤသာသနာတော်၌ သက်ဝင်ရာ၊ ဆောက်တည်ရာ၊ သက်သာရာ ရသူ၊ သို့လော သို့လော တွေးတောမှု ကင်းရှင်းသူ၊ ရဲရင့်ခြင်းသို့ ရောက်သူ၊ မြတ်စွာဘုရားမှတပါး အားထားရာ မရှိသည် ဖြစ်၍ ဘုရား

သာသနာ၌ နေကြသည့် အဝတ်ဖြူဝတ် ဥပါသိကာ(မိန်းမ) ဟူသမျှ တို့တွင် နကုလမာတာ သူကြွယ်မသည် တယောက် အပါအဝင်ဖြစ်၏။

သူကြွယ်၊ သင့်အား နကုလမာတာ သူကြွယ်မသည် အစဉ် စောင့်ရှောက်၏။ အကျိုးစီးပွားကိုအလိုရှိ၏၊ သွန်သင်တတ်၏၊ ဆုံးမတတ်၏။ သူကြွယ်၊ သင့်အား အရတော်ပေစွ။ သင်သည် လူ့အဖြစ်ကိုကောင်းစွာရအပ်ပေစွဟု ချီးမွမ်းစကား မိန့်ကြား တော်မူ၏။

ဤနကုလပိတုသုတ်ကို အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ပထမ ပဏ္ဏာသက သာရဏီယဝဂ်တွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်။ မည်သူမဆို တနေ့တွင် သေကြရမည်ဖြစ်၍ သေခါနီးတွင် ကျန်ရစ်သူများ အတွက် ငဲ့ကွက်ပူပန် နောက်ဆံတင်းခြင်း မရှိပဲ ရဲရဲ ဝံ့ဝံ့ လွတ်လွတ် ကျွတ်ကျွတ် သေနိုင်ကြရန် အကျဉ်းချုပ် အားဖြင့် ဖော်ပြ အပ်ပါသတည်း။

(ဗုဒ္ဓ ဓမ္မ လောက အတွဲ(၄)၊ အမှတ် ၄၄)

# သေခါနီး တရားထူး ရရန် ဆင်ခြင် နှလုံးသွင်းနည်း

မြတ်စွာဘုရား သခင်သည် သတ္တဝါများ အပေါ် လွန်ကဲ မြင့်မြတ်သော ကရုဏာတော်ဖြင့် မသေမီစိတ်ချရသော တရား ထူးကိုဟောကြားရုံမက၊ အတယ်၍ အဆင်မပြေလို့ အကြောင်း အမျိုးမျိုးတို့ကြောင့် စိတ်မချရသေးသော်၊ သေခါနီး နှလုံး သွင်း ဆင်ခြင်၍ သေနည်းကို မိန့်မြွက်ဟောကြားတော် မူခဲ့ ပါတယ်။

ဘယ်လို ဟောကြားတော်မူသလဲဆိုတော့—

(က) မကျန်းမာသောအခါဖြစ်စေ၊ သေခါနီးယင်ဖြင်စေ၊ ရောဂါ ဝေဒနာ (ဒုက္ခဒဏ်ချက်တခုခု)ပေါ်လာမယ်။ အဲဒီပေါ်လာတဲ့ ဒုက္ခဝေဒနာကို (ဖြစ်,ပျက်ရှုပေး)။

(ခ) အော်—နှိပ်စက်တဲ့ တရားပါကလား၊ နှိပ်စက်တာကြောင့် ဖြစ်လို့ ဘဝရဲ့ ဒုက္ခတရား (ဒုက္ခကြီးပါပဲ)။

(ဂ) ဒီဒုက္ခတရား၊ ဒုက္ခသစ္စာဟာလဲ မမြဲပါဘူး (ဖြစ်ပြီး ပျက်သွားတာပဲ)။

(ဃ) အားလုံး ဖြစ်ပေါ်လာသမျှ တရားတွေဟာ ပျက်ကြ ရတာချည်းပဲ။

( င ) ဘာပဲဖြစ်လာလာ ပျက်မှာချည်းပဲ၊အဖြစ်နဲ့ အပျက်က လွဲယင် ဘာမှ မရှိပါကလား၊ ဖြစ်ပျက်,ဖြစ်ပျက်လို့ ရှုနေရမယ်။

( စ ) ဖြစ်ပြီးပျက်သွားတဲ့ ဖြစ်ပျက်အစဉ်မှာ (ဉာဏ် ရောက်နေရမယ်)။

(ဆ) ဒီလို ဉာဏ်နဲ့နေတော့ ဝေဒနာချုပ်သွားတယ်၊ (ဝေဒနာချုပ်တာ ဒုက္ခချုပ်တာပဲ) "ဝေဒနာ နိရောဓော တဏှာနိရောဓော"။

( ဇ ) ဝေဒနာချုပ်တဲ့နောက် (တဏှာ အလိုလို သေတယ်)။ ဒီတော့ ပဋိစ္စ သမုပ္ပါဒ် ဒီတွင်ပဲ ပြတ်၊ ပြတ် တော့ "ဒုက္ခနိရောဓော နိဗ္ဗာန်" လာတာပဲ။

( ဈ) ဒုက္ခ ဝေဒနာ လာသမျှ (ဖြစ်ပျက်သာရှု)၊ ဖြစ်ပျက်အနိစ္စ၊ နောက် မဂ်ဉာဏ် လိုက်ရမယ်။ ဒီလိုဖြစ်ပျက်နဲ့ မဂ် မပြတ်အောင် ဉာဏ်လိုက်သွားနိုင်ယင်၊ မသေခင် ကလေးမှာ (သုံးမဂ်ကျအောင်) ရနိုင်တယ်။

သတိ။ ။အားမကိုးဆိုက်ကြဘူးလား။

အနိစ္စ-ဒုက္ခ-အနတ္တ

နာမ် ရုပ် တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏ ဖြစ်လျက်၊ ခဏ ပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါငြား၊ သဘာဝအား၊ ဤသုံးပါးကြောင့်၊ ဖြစ်ပွား သမျှ၊ အနိစ္စနှင့်၊ ဒုက္ခ-အနတ္တ ချည်းသာတည်း။

# ဖဂ္ဂုဏာ မထေရ် အကြောင်း

## သာဓက

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံး နေတော်မူတဲ့အခါ၊ ဇေတဝန် ကျောင်းတော်နှင့် မနီးမဝေးမှာရှိတဲ့ ကျောင်းတဆောင်မှာ ဖဂ္ဂုဏာ အမည်ရှိတဲ့ ရဟန်းတော်တပါး နေထိုင်လျက်ရှိတယ်။

အဲဒီ ဖဂ္ဂုဏာ ရဟန်းတော်ဟာ တနေ့ကျတော့ မကျန်းမမာ ဖြစ်လာတယ်။ တော်တော်ကြာတော့ ဝေဒနာဟာ မသက်သာပဲ အသည်းအသန် ဖိစီးလာတယ်။ အဲဒါနဲ့ အရှင်အာနန္ဒာ မထေရ်က အကဲခတ်ပြီး "ဒီ ဖဂ္ဂုဏာ မထေရ်ဟာဖြင့် အခုအနေမှာ အားကိုး အားထားစရာ ဘာတခုမျှ မရသေးဘူး၊ မရဏာသန္န အသေဝကလဲ နီးနေပြီ။ ဒီတော့ကာ မိတ်ဆွေကောင်း အဖြစ်နဲ့ ဆောင်ရွက်ဦးမှပဲ" လို့ စဉ်းစားပြီး ဘုရားသခင်ထံ သွားပြီး အကြောင်းစုံ လျှောက်ထားတယ်။

ဒီတော့ မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင် ဖဂ္ဂုဏာထံသို့ ကြွရောက်ပြီး "ချစ်သား၊ ဝေဒနာဟာ ဘယ်လိုများ နေသလဲ" လို့ မေးတော့၊ ဖဂ္ဂုဏာ

ရဟန်းက "မှန်လှပါ—၊ဝေဒနာတိုးပါတယ်ဘုရား" လို့လျှောက်တယ်။ ဒီတော့—ဘုရားရှင်က တရားအချက်ကို ဟောကြားမိန့်မြွက်တော်မူတယ်။

(က) "ချစ်သားဖဂ္ဂုဏ၊ ခန္ဓာရှိလို့သာ ဝေဒနာ လာနိုင်တာပဲ။ ခန္ဓာနေရှိယင် ဝေဒနာ လာနိုင်မယ်၊ နှိပ်စက်နိုင်မယ်၊ ခန္ဓာသာမရှိယင် ဝေဒနာမလာနိုင်ဘူး၊ ခန္ဓာချုပ်ယင် ဝေဒနာချုပ်တာပဲ။

(ခ) ခန္ဓာဟာ ဒုက္ခဟူသမျှကို ခံယူတတ်တဲ့ သဘောရှိတယ်။ ခန္ဓာဟာ ဒုက္ခရဲ့ စုဝေးရာပဲ။ ခန္ဓာဟာ ဒုက္ခစုရာဆင်းရဲအမှန် ဖြစ်တဲ့ (ဒုက္ခသစ္စာ)ပဲလို့ သိရမယ်။

(ဂ) အဲဒီ ဒုက္ခအချက် ဆင်းရဲနက်ကို မပြတ်ရှု၊ နှလုံးသွင်း၊ ဉာဏ်နဲ့ ရှင်းအောင် ကြည့်လေလော့။

(ဃ) ချစ်သား၊ ခန္ဓာမရှိလျှင် ဒုက္ခဟူသမျှ မလာနိုင်၊ ခန္ဓာချုပ်ယင် ဒုက္ခအစု ချုပ်တာပဲ။ ခန္ဓာရှိနေသမျှ ဒုက္ခရမှာပဲ။ (ရုပ်- ဝေဒနာ- သညာ-သင်္ခါရ ဝိညာဏ်)ဆိုတဲ့ ခန္ဓာအပြစ်ကို မပြတ်ရှု ဆင်ခြင်လော့။

ထို့နောက် ဆက်လက်၍ ဟောတော်မူပြန်တယ်။

(က) ချစ်သား ဖဂ္ဂုဏ၊ ကောင်းစွာနှလုံးထားလော့၊ ဒီခန္ဓာအစုဟာ အပူကပေးတဲ့ ဒုက္ခကိုလဲ ခံယူ တတ်တယ်။

အအေးက ပေးလဲ ခံယူတတ်တယ်။ အခါးကပေး၊ အစပ်
က ပေး- ပေးသမျှဒုက္ခစုကို သူက ခံယူတတ်တယ်။

(ခ) ဒါကြောင့် ဒိခန္ဓာကို ဆင်းရဲအမှန်တရား(ဒုက္ခသစ္စာ)လို့
ခေါ်ဆိုရတယ်။ မိမိက မကြိုက်ထာ မနှစ်သက်ထာ
ဟူသရွေ့ သူက အကုန်လက်ခံတတ်တဲ့ သဘောရှိတယ်။
သူနဲ့ ကြာရှည်နေရလေ မကောင်းလေပဲ ဆိုတဲ့ အချက်
ကို ဉာဏ်သက်အောင် အမြဲနှလုံး သွင်းလေလော့။

(ဂ) ခန္ဓာချုပ်ရာ နိဗ္ဗာန်တရားဟာ အချမ်းသာဆုံး ဖြစ်ပေ
တယ်။ ခန္ဓာချုပ်ရာ၊ ဒုက္ခအပေါင်း၏ ချုပ်ဆုံးရာ ဖြစ်တဲ့
အတွက် နိဗ္ဗာန်ဟာ အလွန်လျှင် အေးမြ ချမ်းသာ
လှပေတယ်။ ချမ်းသာစစ်၊ ချမ်းသာမှန် ကောန် မှန်လှ
ပေတယ်။ သန္တိသုခနဲ့ ပြည့်စုံပါပေတယ် ချစ်သား။

စသည် အားဖြင့် ဟောကြား ဆုံးမ တော် မူတယ်။ ဒီလို
ဟောကြားပြီး အတန်လောက်ကြာယင်ပဲ ဖဂ္ဂုဏမထေရ်ဟာ
စုတိကမ္မဇရုပ် ချုပ်သွားရှာတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက ကြည့်ရှုအကဲခတ်ပြီး၊ ဘုရား
ရှင်ထံ ပြောဆိုလျှောက်ထားသည်မှာ "အရှင်ဘုရား၊ ဖဂ္ဂုဏ
မထေရ်ဟာ ဣန္ဒြေကြည်လင်လှပါတယ်။ ဣန္ဒြေ ကြည် လင်
သလောက် ချီယွင်းဖောက်ပြန်ချက်မတွေ့ရပဲ၊ ချီယွင်း ဖောက်
ပြန်ခြင်း လုံးဝကင်းပြီး အေးဆေးတည်ငြိမ်တဲ့ အသွင်လက္ခဏာ
ရှိပါတယ် ဘုရား"လို့ လျှောက်ထားတယ်။ ဒီလိုလျှောက်ထား
တော့ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ဖဂ္ဂုဏဟာ ဣန္ဒြေ

အမူအရာကြည်လင်မှာပေါ့။ ဘာကြောင့်လဲဆိုတော့–၈ါဘုရား တရားတော်ကို အစ၊ အလယ်၊ အဆုံး ကောင်းခြင်း သုံးရပ်နဲ့ ညီညွတ်တဲ့တရားတော်ကို ကောင်းမွန်စွာ နာကြားရပေတယ်။ ဒါကြောင့်မို့လဲ ဖဂ္ဂုဏဟာ အောက်မဂ်သုံးပါးကို မျက်မှောက် ပြု၍ သွားနိုင်ခဲ့ပေတယ် အာနန္ဒာ”လို့ ဖွင့်ဟ မိန့်ကြား တော်မူလိုက်တယ်။

“ဒါကြောင့် ဖဂ္ဂုဏဟာ ကောင်းမြတ်သော သေခြင်းနဲ့ သေသွားတယ်လို့ ဆိုရတယ်။ ဒီနည်းနဲ့ သေယင် ချို့ယွင်း ဖောက်ပြန်ရိုး ထုံးစံမရှိပေဘူး။ ကြည်လင် သန့်ရှင်းစွာ ဣန္ဒြေ အမူအရာချိုးရှိစမြဲမှတာပေပဲ ချစ်သားအာနန္ဒာ”လို့မိန့်ကြား ဖြေကြားတော်မူတယ်။

သို့ဖြစ်ပါ၍ မြတ်စွာဘုရား ဟောကြားတော်မူသော“သဒ္ဓမ္မ သဝန အတိဒုလ္လဘ” တရားထူးကြီးကိုမသေမီ စိတ်ချရလေ အောင် ကျန်းမာသည့်အခိုက် ကြိုးစား၍ ကျင့်ကြံ ပွားများကြ စေလိုကြောင်း။ အကယ်၍ အဆင်မပြေလို့ မဂ်အခြေ၊ ဖိုလ်အခြေ မဆိုက်နိုင် ခဲ့သေးယင်၊ သေခါနီးအချိန်မှာ “အပ္ပမာဒေန သမ္ပာဒေထ”ဆိုသည့်အတိုင်း မမေ့ မလျော့သော သတိဖြင့် ဖဂ္ဂုဏ မထေရ်အား မြတ်စွာဘုရား ဟောကြားတော် မူသော တရားထူးကို ကြိုးစားဆင်ခြင်နှလုံးသွင်းကြပါရန် တိုက်တွန်း အပ်ပါကြောင်း။ ဗုဒ္ဓ၏တရားတော်ကို ကိုယ်တိုင် ကျင့်ပြီး၊ တရားနဲ့ပူဇော်နိုင်၊ တရားနဲ့ကျေးဇူးဆပ်နိုင်တဲ့ အကျိုးတရား

"ဒုလ္လဘငါးပါး"နှင့်လဲ ပြည့်စုံနေကြသဖြင့် မြတ်စွာ ဘုရား၏ ကျေးဇူးတော်ကို ကိုယ်တိုင်ကျင့်ပြီး ဆပ်ကြ စေလိုကြောင်း ထပ်လောင်း၍ စေတနာကောင်းဖြင့် တိုက်တွန်း နှိုးဆော်အပ် ပါကြောင်း သူတော်ကောင်းအပေါင်းတို့ခင်ဗျား။

ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

ဝဏ္ဏကျော်ထင်-ဦးဘိုးစိန်
အငြိမ်းစား နိုင်ငံဝန်ထမ်း (အကြီးတန်း)
အုပ်ချုပ်ရေးအရာရှိဟောင်း
ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့။

# သေခါနီး ကုသိုလ်

မိလိန္ဒ မင်းကြီး မေး။ ။အရှင် နာဂသိန်၊ အကြင်သူသည် အနှစ်တရာမျှ မကောင်းမှုပြု၍ သေခါနီး ကာလ၌ ဘုရားဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း စသော ကုသိုလ်ကံကို ပြု၏။ ထိုသူသည် ထို အာသန္နကံကြောင့် နတ်ပြည်၌ ဖြစ်ရ၏ ဟူသော စကားကို အကျွန်ုပ် မယုံနိုင်ပါ— ဟုလျှောက်ထားရာ-

အရှင် နာဂသိန်က — မင်းကြီး၊ အနည်းငယ်သော ကျောက်ခဲ၊ သံခဲသည် ရေ၌ပေါ်သလော —ဟုမေးရာ-

မိလိန္ဒမင်းကြီးက— အရှင်ဘုရား၊ လှေနှင့်ကင်း၍ မပေါ်နိုင်ပါ— ဟု ပြန်လည်လျှောက်ထား၏။

အရှင် နာဂသိန်က— မင်းကြီး၊ လှေကား ကုသိုလ်ကံနှင့် တူ၏။ ကျောက်ခဲကား အကုသိုလ်ကံနှင့် တူ၏။ တစင်းတည်းသောလှေသည် ကျောက်ခဲ အများကို ဆောင်နိုင် သကဲ့သို့ ကုသိုလ်ကံ တခုသည် များစွာသော အကုသိုလ်ကံတို့ကို တားနိုင်၏။ ထို့ကြောင့် ကြာမြင့်စွာသော အကုသိုလ်ကို သေခါနီး၌ဖြစ်သော ကုသိုလ်ကံသည် အောင်နိုင်၏။

(မိလိန္ဒပဉှာ)

# မုဆိုး နတ်ပြည် ရောက်သွားပုံ

သံဃာတော် တပါး၏ ခမည်းတော် မုဆိုး တယောက်၊ သေပေါက်သေဝ အခရောက်တွင်၊ ခွေးတွေ မိမိထံ လာနေသည်ကို နိမိတ်ထင်မြင်လာ၍၊ သား၃ရဟန်းကို ပြောပြရာ သားက ပန်းများ စေတီဘုရားအား လှူဒါန်းပြီး အာရုံပြုဖို့ သတိပေးသည့် အားလျော်စွာ၊ ပန်းလှူသည့် စေတနာဖြင့် ခန္ဓာကိုယ် အနိစ္စသဘော ရွေ့လျောသွားသည့်အခါ နတ်ပြည်သို့ ရောက်သွားရသော ဟူ၏။

တောဝမြိုင်ခြေ၊ ပန်းခထွေထွေကို၊ ရစေပြီးမှ၊ မွေးသည့်ဖကို၊ ခေတ်လှုမွေတော်၊ ကျိန်းဝပ်ပျော်သား၊ ကျောင်းတော်စေတီ၊ သို့လျှင်ချီ၍၊ ရှုအိမ်သွယ်ရာ၊ ပန်းများစွာနှင့်၊ ပူဇာရဟာ။ မွေးဖအိုပင်၊ ဖန့်စီရင်၍၊ စိတ်တွင်ကြည်စေ၊ ငါ့ဖအေဟု၊ ဆိုလေသောခါ၊ ဘပိတာလည်း၊ ချမ်းသာ အားရ၊ ကြည်ဆွဆွလျှင်၊ ဖြစ်စေချင်သော်၊ ခွေးလျှင် ငါးရာ၊ မလာ တော့ပဲ၊ ရှောင်ကြဉ်ဖဲ၍၊ လဲသည့်ဘဝ၊ စုတေရလျှင်၊ နတ်ပြည်ခွင်သို့၊ ဖခင်စံရလေသတည်း။

(ပုတ္တောဝါဒ– ဆုံးမစာ။)

အရှင်ဣန္ဒာစာရ–မကျည်းဖြူရွာ။

# အခန်း ၉

## သေမင်းနိုင်သူ

သေမင်း၏ ဆိုးရွားပုံ၊ ရက်စက်ပုံ၊ မည်သူ့ကိုမှ မညှာတာ မထောက်ထား၊ လူမှတပါး နတ် ဗြဟ္မာ တွေကိုလည်း မရှောင်၊ အမောင်လာခဲ့၊ ဘယ်သူ့အလှည့်၊တကဲ့ အာဏာရှင်ကြီးဖြစ်ကြောင်း ` တင်ပြ ပြီးခဲ့ပေပြီ။

သူက အများသတ္တဝါတွေကိုအနိုင်ယူလျက်ရှိရာ "ငါမနိုင်-နိုင်တဲ့သူ ပေါ်ပါစေ" ဆိုတဲ့ ကျိုန်ဆဲနည်းအရ၊ သူ့ကိုကော နိုင်သူ မရှိတော့ဘူးလား ဟု မေး ခဲ့ သော်၊ ဥပတိဿ နှင့် ကောလိတတို့ မသေဆေးရှာခဲ့ရာတွင် အောင်ပွဲခံနိုင်သည့် အတိုင်း နိုင်တဲ့သူ ရှိသေးကြောင်း၊ သေမင်း မမြင် သူလည်း ရှိသေးကြောင်း၊ သူ့ကို နိုင်အောင် လုပ်နည်း လုပ်ထုံး များပါ ဤအခန်းတွင် ပါရှိရာ၊ သေချာစွာ ဖတ်ရှုပြီး အကြီးအကျယ် အနိုင်ယူကြပါဟု တိုက်တွန်းစကား ရေးသားလိုက်ရပေသတည်း။

## သေရမှာ မကြောက်သူ

သောဟံ ကိဿ နုဘာယိဿံ၊
ယဿ မေ နတ္ထိ ဒုက္ကတံ
ကာယေန ဝါစာ မနသာ၊
ယေန ဂစ္ဆေယျ ဒုဂ္ဂတိံ၊

ကာယေန- ကိုယ်ဖြင့်လည်းကောင်း။ ဝါစာ- နှုတ်ဖြင့်လည်းကောင်း။ မနသာ- စိတ်ဖြင့်လည်းကောင်း။ ယေန- အကြင်ပြုအပ်သော မကောင်းမှုဖြင့်။ ဒုဂ္ဂတိံ- အပါယ်လေးပါး ဒုဂ္ဂတိဘဝသို့။ ဂစ္ဆေယျ- ရောက်ရာ၏။

ယဿ မေ—အကြင်ငါ့အား။ ဒုက္ကတံ— မကောင်းသဖြင့်ပြုအပ်သောအမှုသည်။ နတ္ထိ— မရှိ။

သောဟံ— ထိုငါသည်။ ကိဿ— အဘယ် အကြောင်းကြောင့်။ ဘာယိဿံနု— သေမှာကို ကြောက်ရအံ့နည်း။

(ဝိဓုရ ဇာတ် ပါဠိတော်)

## သေမင်းကို စစ်ခင်းချေမှုန်းသူ

အာရဗ္ဘထ နိက္ကမထ
ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနောသေနံ၊
နဠာဂါရံဝ ကုဉ္ဇရော။

ဗုဒ္ဓသာသနေ— မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ သာသနာ၌။ အာရဗ္ဘထ- ကြိုးစား အားထုတ် ကြကုန်လော့။ နိက္ကမထ— တဆင့်တက်၍ ကြိုးစား အားထုတ်ကြကုန်လော့။ ယုဉ္ဇထ — တဆင့်ထက် တဆင့်တက်၍ ကြိုးစားကြကုန်လော့။ ကုဉ္ဇရော— ဆင်ပြောင်ကြီးသည်။ နဠာဂါရံ— ကျူအိမ်ငယ်ကို။ ဓုနာတိ ဣဝ— မှုန့်မှုန့်ညက်ညက် ချေမှုန်းသကဲ့သို့။ မစ္စုနောသေနံ— သေမင်း၏ စစ်သည်ကို။ ဓမ္မေန— မြတ်စွာဘုရား ဟောကြားတော်မူသော သူတော်ကောင်း တရားလက်နက်ဖြင့်။ ဓုနာထ— ချေမှုန်းကြ ကုန်လော့။

(သံယုတ်ပါဠိတော်–၁၅၀–၉)

# ဘက်မလိုက်သူ

## ဗုဒ္ဓကျမ်း စာစဉ်အမှတ်- ၄၉

“ရန်ကုန်မြို့၊ တရုတ်တန်းမှ ပလက်စတစ်တို့၊ စက္ကူစုတ်တို့ ကောက်တဲ့ ဘိန်းစား ဘိုးထင် လာခဲ့”

“ဟုတ်ကဲ့ခင်ဗျာ့၊ လာပါပြီ”

“မီးရထားလမ်းဘေး တဲစုတ်ကလေး အတွင်းမှာ နေတဲ့ မယ်ပု လာခဲ့”

ဟုတ်ကဲ့၊ လာပါပြီရှင့်။

အလုံ ကန္နားလမ်း၊ ပျဉ်ထောင်အိမ် အငယ်စားမှ ကိုဘပု ထွက်လာခဲ့ပါ။

“မှန်ပါ၊ ကျွန်တော် လာပါပြီ”

“မင်္ဂလမ်းက စိန်ဘာဘူ မစ္စတာပတေး ခင်ဗျား၊ လာခဲ့ပါအုံး”

“တောင်းပါပြီ ပရားဆပ်၊ ကျွန်တော် လာပါပြီ”

“တရုတ်တန်းမှ ဝမ်းစိန်ပွဲရုံက ပွဲစားကြီး ‘ဦးဝမ်းစိန်’ အမြန် ကြွခဲ့ပါ”

“ဟုတ်ကဲ့၊ ကျွန်တော် လာပါပြီ”

"မောင်ဘုတ္တိုအိမ်က သုံးလသားကလေး 'မောင်ခွေး' လည်း လိုက်ခဲ့"

မောင်ခွေးသည် လိုက်ပါမည်ဟူသော ဟန်အမူအရာကို ပြသကဲ့သို့ တအဲအဲငိုပြီး ညည်းနေကာ လိုက်ပါလာလေသည်။

"တပ်ရင်း ၃၀၀၇-မှ တပ်ရင်းမှူးကြီးကိုလည်း အလိုရှိနေပါသည်၊ အသင့်ပြင်ထားပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်အသင့်ပါ"

ပင်လုံဒေါ်နုယဉ်၊ဟသ်ာတဦးမြ၊စိန်ဘရားသားဦးထွန်းစိန်၊ သူတို့လည်း ပိုက်ဆံချမ်းသာသွားပဲ၊ ဘာဖြစ်လို့ သူ့စကားနားထောင်သွားရသလဲ။

ဘိလပ်ပြန်ဆရာဝန်ကြီးကလည်း ဆေးကုသရာမှာ ပါရဂူဘွဲ့ ရတဲ့ ပုဂ္ဂိုလ်ပဲမဟုတ်လား၊ သူကော သူ့စကားနားမထောင်ပဲ နေရစ်ခဲ့လို့ ရသလား။

နောက်ဆုံးမှာတော့ လမ်းဘေးက ဆင်ခြေထောက်ရောဂါ ဖြစ်ပြီး သေတဲ့ ဂေါရင်ဂျီ "ရန်ကနား"တို့ သွားရာလမ်းကိုပဲ သူတို့တတွေပါ ညီညာဖြဖြ လိုက်ရတယ် မဟုတ်လား။

ရွှေတိဂုံတောင်ဘက်မုခ်အနီးမှာ ဂူသွင်းထားတဲ့ သီပေါမင်းတရားကြီး၏ မိဖုရားခေါင်ကြီး စုဘုရားလတ်ဆိုတာ တချိန်တုန်းကတော့ လျှမ်းလျှမ်း တောက်ပေါ့။ အခု လျှမ်းလျှမ်း တောက်နိုင်သေးရဲ့လား။

သူဟာ ဘယ်သူ့ကိုမှ ဘက်မလိုက်ဘူး ဆိုတာ လက်တွေ့ မြင်ပြီ မဟုတ်လား။

ဒီနေရာမှာ ရာထူးကြီးငယ်မရွေး၊ ဇာတ်မြင့်၊ ဇာတ်နိမ့် မရွေး၊ ဆင်းရဲ- ချမ်းသာမရွေး၊ ကြီးတယ်- ငယ်တယ်မရွေး၊ ဘယ်သူ့မျက်နှာကိုမှမထောက်ပဲ ဘက်မလိုက်တဲ့စနစ်ကိုကျင့်သုံးသူ ကတော့ မရဏာသန္တခေါ်တဲ့ ရှင်သေမင်း ပါပဲ။

သူ့လက်တွင်းက လွတ်တဲ့နည်း ရှိပါတယ်။

စေတနာရှင် ယောဂီ ရေး ဗုဒ္ဓကျမ်းစာပါ ဝိပဿနာတရား အားထုတ်နည်းကို ဖြစ်စေ၊ မိမိကြိုက်နှစ်သက်ရာ အခြား ဝိပဿနာ အားထုတ်နည်းကို ဖြစ်စေ ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့ပါလျှင် ထိုသေမင်း၏ လက်မှ လုံးဝလွတ်နိုင်ပါ ကြောင်း တာဝန်ယူပါသည်။

သာဓု....သာဓု....သာဓု....

(စေတနာရှင် ယောဂီ)

## သေမင်းနိုင်သူ ဖြစ်ရာ၏

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော၊
အတ္တာနု ဒိဋ္ဌိံ ဥဟစ္စ၊
ဧဝံ မစ္စု ကံရော သိယာ။

မောဃရာဇ-ချစ်သား မောဃရာဇ။ အတ္တာနု ဒိဋ္ဌိ-အတ္တဒိဋ္ဌိကြီးကို။ ဥဟစ္စ-စွန့်ခွာပယ်လော့။ သဒါ-နေ့ရော ညဉ့်ပါ အခါခါပ်သိမ်း။ သတော-သတိနှင့် ယှဉ်သည်ဖြစ်၍။ လောကံ-ယတ္တ လောကကြီးကို။ သုညတော-ဆိတ်သုဉ်းသွားအောင်။ အဝေက္ခဿု-ငမြင် မြင်အောင်ရှုလော့။ ဧဝံ-ဤသို့သတ္တလောကကြီးကိုဆိတ်သုဉ်းအောင်ရှုသည်ရှိသော်။ မစ္စု ကရော-သေမင်းကို နိုင်သူ။ သိယာ-ဖြစ်ရာ၏။ ။

(မောဃရာဇသုတ်)

## သေမင်း ရှာမတွေ့သူ

ရုပ်-နာမ် ဓမ္မ သင်္ခါရလောကသည် ဖြစ်-ပျက်၊ ဖြစ်-ပျက် သာလျှင် နေသည်။ ဘယ်အခါမှ ဖြစ် ပျက် ရပ်စဲခြင်း မရှိပါ။

မစ္စု-သေ၊ ရာဇာ-မင်း။ မစ္စု ရာဇာ-သေမင်း။

အဘယ်ကြောင့် "မစ္စု" ဆိုသနည်း ဟူမူ (ဘင်-မရဏ) ပျက်ခြင်း၊ သေခြင်းကြောင့် "မစ္စု" ဆိုသည်။

အဘယ်ကြောင့် "ရာဇာ" ဆိုသနည်း ဟူမူ အလုံးစုံ ဖြစ်ဖြစ်သမျှကို လွှမ်းမိုး အုပ်စိုးသောကြောင့် "ရာဇာ" ဟူ၍ ဆိုသည်။

အဘယ်ကြောင့် "မစ္စု-ရာဇာ" ဟူ၍ ဆိုသနည်း ဟူမူ သေခြင်း ပျက်ခြင်း သဘောရှိသော အလုံးစုံ ဖြစ်ပျက်သမျှ

ရုပ်-နာမ်-ဓမ္မ သင်္ခါရတို့ကို ပျက်စီးအောင် လှမ်းမိုး နှိပ်စက် ဖျက်ဆီးတတ်သောကြောင့် "မစ္စု ရာဇာ" ဟု ဆိုသည်။

ဘာဖြစ်ချင်သလဲ၊ ဖြစ်ချင်ရာ ဖြစ်ခဲ့ပါ။ ဖြစ်လာသမျှကို အလုံးစုံ လှမ်းမိုး သိမ်းယူ၍ ပျက်ခြင်းသို့ ရောက်အောင် အုပ်စိုးနိုင်လေသည်။ ပျက်ခြင်းကို သေမင်းဟူ၍ ဆိုသည်။ (ခဏိကမရဏ-ခဏတိုင်း ပျက်၍နေသည်)။ ဖြစ်လာသမျှကို အကုန်နှိပ်စက် ဖျက်ဆီး၍ ဖြစ်လာတိုင်း ပျက်ရလေသော ကြောင့် ဖြစ်-ပျက်၊ ဖြစ်-ပျက် နှိပ်စက်၍သာလျှင် နေလေ သည်။ ထို့ကြောင့် "မစ္စုရာဇာ" ဟု ဆိုလေသည်။

ထို ဘင် မရဏ မစ္စုရာဇာ သေမင်းက ဘယ်လိုလူကို နှိပ်စက် ဖျက်ဆီးပါသနည်း။ ဖြစ်ပျက်၊ ဖြစ်ပျက်နေသည်ကို မမြင်၍ ဖြစ်ချင်သောကြောင့် ဖြစ်လာသော သူကိုသာလျှင် နှိပ်စက် ဖျက်ဆီးနိုင်လေသည်။ ဖြစ်-ပျက်၊ ဖြစ်-ပျက် နေသည် ကို (ရေပွက်-တံလျှပ်ကို မြင်သလို) မြင်၍ မဖြစ်ချင်သော ကြောင့် မဖြစ်သောသူကို "မစ္စုရာဇာ" သေမင်းက ပျက်စီး အောင် ဖျက်ဆီး နှိပ်စက်လို၍ ရှာဖွေ ကြည့်ရှုသော်လည်း (နပဿတိ) မမြင်နိုင်၊ မဖျက်ဆီးနိုင်။ ပျက်ခြင်းမရှိ။

ဖြစ်ခြင်း မရှိပါပဲနှင့် အဘယ်မှာပျက်ခြင်းရှိ၊တော့မည်နည်း။ ဖြစ်ခြင်း ရှိမှသာလျှင် ပျက်ခြင်း ရှိသည်။ ထို့ကြောင့် ရေပွက် တံလျှပ်ကို မြင်သလို ဖြစ်-ပျက်၊ ဖြစ်-ပျက် နေသော သင်္ခါရ လောကကို မြင်၍ မဖြစ်ချင်သောကြောင့် မဖြစ် သို့ ရောက် သော သူသည် ပျက်ခြင်းမရှိပဲ ငြိမ်းအေး ချမ်းသာစွာ နေရ

သဖြင့် (ဘင်္ဂမရဏ မစ္စုရာဇာ) သေမင်း၏ နှိပ်စက် ဖျက်ဆီးခြင်းမှ လွတ်ကင်းလေတော့သည်။ ဤအဓိပ္ပာယ်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "ယထာ ပုဗ္ဗုဠ္ဌကံပဿ (လ) မစ္စုရာဇာ နပဿတိ" ဟူသော ဂါထာကို ဟောတော်မူသည်။

အနိစ္စ၊ အနိစ္စ လက္ခဏာ၊ ဒုက္ခ၊ ဒုက္ခ လက္ခဏာ၊ ဤလေးချက်၌ "အနိစ္စာဝတ သင်္ခါရာ" ဟူသော ပါဒဖြင့် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စဟူ၍ ပြတော်မူသည်။

"ဉပ္ပါဒ ဝယ ဓမ္မိနော၊ ဉပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ" ဟူသော နှစ်ပါဒဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို အနိစ္စ လက္ခဏာဟူ၍ ပြတော်မူသည်။

"တေသံ ဝူပ သမောသုခေါ" ဟူသော ပါဒဖြင့် သုခ၏ ဆန့်ကျင်ဘက် ပြောင်းပြန်ကန့်လန့် သမသတ်ကျသော ဒုက္ခ၏ ငြိမ်းအေးရာကို ပြတော်မူသည်။

ပြပုံကား—"တေသံ ဝူပ သမော သုခေါ" ဟူသော ပါဒ၌ တေသံ တပုဒ်၊ ဝူပသမော တပုဒ်၊ သုခေါ တပုဒ်၊ ဤသုံးပုဒ်တွင် "သုခေါ" ဟူသော ပုဒ်ဖြင့် နိဗ္ဗာန်ကို သုခဟူ၍ ပြတော်မူသည်။

"ဝူပသမော" ဟူသော ပုဒ်ဖြင့် မဖြစ်—အေး၊ မဖြစ်—ငြိမ်း၊ အေးငြိမ်းခြင်းကို သုခလက္ခဏာ (သန္တိဂုဏ်) ဟူ၍ ပြတော်မူသည်။

"တေသံ" ဟူသော (အနု ဘူဘ ဝိသယ) ပုဒ်ဖြင့် ပြဆိုခဲ့ပြီးသော ခန္ဓာငါးပါး သင်္ခါရ တရားတို့ကိုပင် ဒုက္ခဟူ၍လည်းကောင်း၊ ပြဆိုခဲ့ပြီးသော ဖြစ်ခြင်း ပျက်ခြင်းကိုပင် ဒုက္ခ

လက္ခဏာဟာရ၍ လည်းကောင်း ဗျတိရေကပဋိပက္ခ—ပဋိဘာဂ နည်းတို့ဖြင့် ပြတော်မူသည်။

(မြို့မိဆရာတော်)

(ဝိပဿနာ ခေတ်ပညာကျမ်း၊ ပထမတွဲ–၁၁၆)

## သေမင်းမပိုင်

သေမင်းအပိုင်၊ ဘုံသုံးဆိုင်၊ ခရိုင်သုံးဆယ့်တစ်။

သေမင်းမပိုင်၊ မဆွဲနိုင်၊ မြဲခိုင် နိဗ္ဗာန်တစ်။

(ရန်ကုန်ဆရာတော်)

## မသေဆေး

အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊

ယေကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။

ဘိက္ခဝေ—သံသရာဘေး၊ လာမည့်ရေးကို၊ မျှော်တွေး ပါငြား၊ အို-ချစ်သား-ချစ်သမီးတို့—

ယေ—အကြင်သူတို့သည်။ ကာယဂတာသတိံ—ကာယဂတာ သတိ ကမ္မဋ္ဌာန်းကို။ ပရိဘုဉ္ဇန္တိ—အားထုတ်ခြင်းဖြင့် သုံးဆောင် ကုန်၏။ တေ—ထိုသူတို့သည်။ အမတံ—မသေရာမှန် နိဗ္ဗာန် အမြိုက်ခေတ်ကို။ ပရိဘုဉ္ဇန္တိ—သုံးဆောင်ကြရကုန်၏။

(ဝိသုဒ္ဓိမဂ္ဂ–ပထမ)

## မသေသူနှင့် သေသူ

အပ္ပမာဒေါ အမတံ ပဒံ၊
ပမာဒေါ မစ္စုနော ပဒံ။

အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ—မမေ့မလျော့ မပေါ့မဆခြင်းသတိ ရှိနေခြင်းသည်။ အမတံ ပဒံ—မသေခြင်း၏ အကြောင်းတည်း။ ပမာဒေါ-ပေါ့ပေါ့ဆဆ သတိလွတ်ကင်း မေ့လျော့ခြင်းသည်။ မစ္စုနော ပဒံ—သေခြင်း၏ အကြောင်းတည်း။ အပ္ပမတ္တာ—မမေ့မလျော့ မပေါ့မဆ သတိရှိနေသမျှသော သူတို့သည်။ နမီယန္တိ-မသေနိုင်ကုန်။ သေသူ မမည်ကုန်။ ယေပမတ္တာ- အကြင် မေ့လျော့ပေါ့ဆသူတို့သည်။ မတာယထာ-သေသူနှင့် တူကုန်၏။ သေသူ မည်ကုန်၏။

(ဓမ္မပဒ ပါဠိတော်)

## သေသူ ပမာ

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်၏။
မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းဖြစ်၏။
မမေ့မလျော့သော သူတို့သည် သေကုန်သော်လည်း သေသည် မမည်ကုန်။
မေ့လျော့သော သူတို့သည် မသေသော်လည်း သေသူနှင့် တူကုန်၏။

(ဓမ္မပဒ-ဌ၊ ၁-၁၄၅)

## ကောင်းသော သေခြင်း

ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ မပျက်စီးသော သူ၏ သေခြင်းသည် ကောင်းသော သေခြင်း ဖြစ်၏။

တိကအင်္ဂုတ္တိုရ်၊ တတိယပဏ္ဏာသက၊
(၁) သမောဝဂ်၊ (၈) ဗျာပန္နသုတ်။

## သေသောအခါ ချမ်းသာရာ

ဤမျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ရှင်နေစဉ်ကောင်းမှုကို ပြုခြင်းသည်လည်းကောင်း တမလွန် ဘဝသို့ ပြောင်းသွားသောအခါ ချမ်းသာရန် ဖြစ်၏။

(အင်္ဂုတ္တရနိကာယ်၊ ဗြာဟ္မဏဝဂ်၊ ဒွေဗြာဟ္မဏသုတ်)

## သေရမှာ ကြောက်သူ လေးဦး

၁။ သား သမီးနှင့် ပစ္စည်းဥစ္စာ၊ ကာမဂုဏ် အာရုံတို့ကို ခင်မင် ငြိတွယ်နေသူ။
၂။ မိမိကိုယ်ကို ခင်တွယ်နေသူ။
၃။ ကုသိုလ်ကောင်းမှုတွေ မလုပ်ပဲ အကုသိုလ်တွေကိုသာ လုပ်ခဲ့သူ။
၄။ ပဋိစ္စသမုပ္ပာဒ်တရားတော်ကို အစ, အလယ်, အဆုံး မသိသူ။

သေရမှာ မကြောက်သူ လေးဦး

၁။ သား သမီးနှင့် ပစ္စည်းဥစ္စာတွေဟာ ဒုက္ခသစ္စာပဲဟု သိပြီး ခင်မင်စွဲလမ်းမှု မရှိသူ။

၂။ မိမိကိုယ်ကို မခင်ပဲ ဖြစ်ပျက် သဘောကို ပိုင်ပိုင် နိုင်နိုင် သိသူ။

၃။ ဝိပဿနာအလုပ်ကို အားထုတ်ကြိုးစားမှု ရှိသူ။

၄။ ပဋိစ္စသမုပ္ပာဒ် တရားတော်ကို နားလည်၍ ဝိစိကိစ္ဆာ ကင်းကွာသူ။

(စတုကနိပါတ်၊ အင်္ဂုတ္တိုရ်)

သေရမည့်ဘေးကို မကြောက်သူ ငါးဦး

သေရမှာမကြောက်ကြသည့် ပုဂ္ဂိုလ် သတ္တဝါဟူ၍ လောကမှာ မရှိတော့ဘူးလောဟု မေးဖွယ် ရှိပါသည်။ ရှိပါသေးသည်ဟု ဖြေရပါမည်။

၎င်းတို့သည်ကား-

၁။ ဆင်အာဇာနည်၊

၂။ မြင်းအာဇာနည်၊

၃။ ဥသဘအာဇာနည်၊

၄။ ယောကျ်ားအာဇာနည်များနှင့်

၅။ အနာဂါမ် ရဟန္တာတို့ပေတည်း။

(အရှင်တိလောကသီရိ–မြောင်းမြ)

## သေမင်းမမြင်ရာ တူတူပုန်း ဂါထာတော်ကြီး

ယထာ ပုဗ္ဗုဠကံ ပဿေ၊
ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ နပဿတိ။

(ဓမ္မပဒ လောကဝဂ်၊
ပဉ္စသတ ဝိပဿက ဘိက္ခုဝတ္ထု)

### မြန်မာပြန်

"ရေပွက်ကို ရှုသကဲ့သို့လည်းကောင်း၊ တံလျှပ်ကိုရှုသကဲ့သို့ လည်းကောင်း၊ မိမိကိုယ်ခန္ဓာ တည်းဟူသော လောကကို စေ့စေ့ငုငု ရှုမြင်နေသော သူကို သေမင်းသည် မမြင်နိုင်" ဤသို့ ဟောတော်မူလေသည်။

မိမိ ကိုယ်ခန္ဓာ အတွင်း၌ ကျရောက် ပေါ်ပေါက် နေသော ဝေဒနာ ဓာတ်တို့၏ ရေပွက်ပမာ မရပ်မစဲ တသဲသဲ ဖြစ်ပေါ် ချုပ်ကွယ်ပုံကိုလည်းကောင်း၊ တံလျှပ်ပမာ တလျှပ် လျှပ် ထွက်ပေါ်နေပုံကိုလည်းကောင်း ရှုမြင်ခြင်းဖြင့် သေမင်း နှင့် တူသော ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ချုပ် ပျောက်

ခြင်း မရဏာသေမင်းကို ထင်လင်းစွာ သိမြင်အောင် သတိ မပြုနိုင်လျှင် သေမင်း၏ စစ်ဗိုလ်ချုပ် မဟာသမုဒယ တဏှာကို အရှုံးပေးသည် မည်ပေလိမ့်မည်။

ရုပ်နာမ်နှစ်ပါး စုပေါင်းလျက် အကြောင်းအားလျော်စွာ အာဂန္တုက အဖြစ်အပျက် ရုပ်နာမ် နှစ်ပါးကို လောက ဟု ခေါ်ဆိုရ၏။ ဤလောကကြီးကသည် ပင်လျှင် ပျက်တတ်သော အနိစ္စ လက္ခဏာကို ဆောင်သဖြင့် မရဏ ဟူသော သေမင်းကြီး မည်လေတော့၏။ ဤသေမင်းကြီး၏ အကျိုးဆောင်ဖြစ်သော ဝိပ္ပလ္လာသသုံးပါး ပေါက်ပြန်ရေး သမားတို့၏ လိမ်လည်မှုဖြင့် ရင်ဆိုင် နေရသော အန္တရာယ်များကို ဖယ်ရှားလျက် ပုန်းကွယ်နေသော သေမင်းကို အ တပ် မြင်သာအောင် (ဝါ) မျက်ကွယ်မပြုနိုင်အောင် ဗုဒ္ဓ၏ ဓမ္မအသိဉာဏ် မှန်ဘီလူးဖြင့် ပြူးပြူးစိစိ မြင်အောင် ကြည့်နိုင်ပါလျှင် ရုပ်နာမ်တို့အလယ် သန္တတိ အကွယ်တွင် လွယ်ကူစွာ ပယ်ရှင်းလျက် သေမင်းကို ဘွင်းဘွင်းကြီး တွေ့မြင်နိုင်လေသည်။ ဤသို့ ချက်ချင်း ရှင်သေမင်းနှင့် ပက်ပင်း တွေ့ဆိုင် အနိုင်ရသူတို့မှာ သေမင်း မမြင်ရာ မဟာအသင်္ခတ အမတဓာတ်နန်း၌ ပျော်ရွှင်စွာ စံမြန်း နိုင်ကြပေ လိမ့်မည် ဖြစ်သတည်း။

ထို့ကြောင့် ရုပ်နာမ်ဓမ္မတို့၏ ဥပါဒ်စွန်းဖြစ်ဓမ္မနှင့် ဘင်ဂွန်းပျက်ဓမ္မတို့ကို ဤလောကကြီး တခုလုံး၌ ချုံ၍ ဝိပဿနာရှုရန်မှာ တကယ့်ဝိပဿနာ ဘာဝနာမဖြစ်နိုင်ပေရာ။ တခုစီ-တခုစီ

သော ရုပ်နာမ်တို့၏ သဘာဝ လက္ခဏာနှင့် တကွ သာမည လက္ခဏာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသို့ တိုင်အောင် ရုပ်နာမ်တို့၏ အပေါင်း သမူဟဃနမှ လိုရာသဘာဝကို ထုတ်ယူ၍ ရှုမှတ်ရန် လိုအပ်ပေသည်။ ဒုက္ခ သစ္စာ ထိုက် သော ရုပ်နာမ်တခုခုကို ပရိညာကိစ္စ အပိုင်ရအောင် အထူး အရေး ကြီးလှသည့် အတိုင်း အောက်ဖော်ပြရာပါ ခန္ဓာငါးပါးတို့၏ အလားအလာကို အခြေခံပြု၍ ရှုမှတ်လျှင် သဘာဝ ကျနိုင်မည်ဟု အယူရှိပါသည်။

ကျွန်ုပ်တို့၏ လောကကြီးသည် အချုပ်အားဖြင့် ရုပ်နာမ် နှစ်ပါးသာလျှင် ထင်ရှားရှိလေရာ၊ သတ္တလောက ကြီး၏ ဓမ္မတာအတိုင်း သင်္ခတ ဓမ္မတို့သည် ညီညာဖြဖြ ဝေစုချလျက် မိမိတို့၏ ဓမ္မ သဘာဝစွမ်းပကား အတိုင်း ငါးဌာနဖွဲ့လျက် သံသရာ အလုပ်တာဝန်ကို ထမ်းဆောင်ကြပုံမှာ—

ငါးစု ငါးပုံ ဥဒါဟရဏ်

(၁) ရူပက္ခန္ဓာခေါ် ဤခန္ဓာကိုယ်ကြီးသည်၊ သင်္ဘောကြီး တစင်းနှင့် တူလေသည်။

(၂) သညာစေတသိက်– သညာက္ခန္ဓာသည် သင်္ဘောတွင် အုပ်ချုပ်သော ကပ္ပိတန်နှင့် တူလေသည်။

(၃) ဝေဒနာစေတသိက်-ဝေဒနက္ခန္ဓာသည် သဘောဖြင့် သယ်ယူပို့ဆောင်ရရှိသော အရှုံး အမြတ်ကို ခံ့စံ မှုနှင့် တူ၏။

(၄) ကျန် စေတသိက်(၄၆)ပါး ဟူသော သင်္ခါရက္ခန္ဓာသည် သဘောတွင် အလုပ်သမားများနှင့် တူ၏။

(၅) စိတ်တခုယုတ် ကိုးဆယ် ဟူသော ဝိညာဏက္ခန္ဓာသည် ရေကြောင်းပြ မာလိန်မှူးနှင့် တူ၏။

ထို့ပြင်—

လောဘ တဏှာသည် သဘောပိုင်ရှင်သဌေးကြီးနှင့်တူ၏။ ဤသံသရာ လောကကြီးသည် မဟာ သမုဒ္ဒရာကြီးနှင့် ပမာ တူ၏။

ဤသို့လျှင် ငါးစု ငါးဌာန ဝေစုချလျက် အလုပ်သဘာဝ အားဖြင့် ထင်ရှားဖြစ်ပေါ်နေပုံ ဥပမာဟရဏ်အရ၊ စိတ်, စေ တသိက်, ရုပ်ဟူသောပရမတ် သဘောတရားကို ဤသို့အလား ရှိကြောင်းဖြင့် ရှင်တော်ဘုရားက ခန္ဓာ ငါးပါး ခွဲခြား၍ ဟောကြားတော်မူလေသည်။

အထက်ဖော်ပြရာပါ အတိုင်း သမုဒယ သစ္စာ လောဘကို ချန်လှပ်၍ ဒုက္ခသစ္စာ ထိုက်သော ရုပ်-နာမ် အသီးသီးတို့ကို

သိုက်သည်အားလျော်စွာ သမူဟ ဃန တခုခုမှ ထုတ်ယူလျက် မူလခါတ်တို့၏ သဘောရင်း ဖြစ်သော သဘာဝ လက္ခဏာ ကို လည်း ကောင်း၊ ၎င်းသ ဘော တရား၏ ဥပါဒ်စွန်း၊ ဘင်စွန်းတို့၏ အပြောင်းအလဲဖြင့် မှတ် အပ် သော မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အလိုမလိုက်ခြင်း အနတ္တ အချက် တို့ကို ကွက် ကွက် ကွင်း ကွင်း အလင်း ပေါက် အောင် ဖောက်ချလျက် သိမြင်နိုင်သော ဉာဏ်ကို အရယူရန် ဖြစ်ပေ သည်။ ခန္ဓာငါးပါးတွင် မည်သည့် ရုပ်-နာမ်မဆို ပရိညာကိစ္စ အားဖြင့် ပိုင်းခြားသိရာတွင် လျှပ်တပြက်တွင် ကုဋေ တသိန်း မက ဖြစ်ချုပ်နိုင်သော တရားများကို ပဋိစ္စသမုပ္ပာဒ် နည်းအရ ဤပစ္စုပ္ပန် အစွန့်၏ဖလ- ဟေတုအစပ်တွင် ဝေဒနာမှ ခြေ ကုတ်ယူ၍ တဏှာမှလွတ်ထွက်အောင် အလုပ်လုပ်ရာ၌ အရေးပါ အရာရောက်လေသည်။ ၎င်းဝေဒနာမှာ နောက်ထပ် တဏှာ အသစ် ဖြစ်ပေါ်ရန်အကြောင်းခံသော ကွင်းဆက် အစပ်တခု ဖြစ်ချေသည်။ ဤခန္ဓာကိုယ်တွင် ဝေဒနာဖြစ်ပေါ်ရာနယ်ပယ် အကျယ်ဝန်းဆုံးမှာ ဤခန္ဓာကိုယ် တကောင်လုံးတွင် ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းကို ချပ်လှပ်၍ တွင်းပြင် တကောင်လုံး၏ ကာယဝတ္ထု အကြည်ရုပ်- ဒွါရတွင် ဝေဒနာ ခါတ် ပေါ်ပေါက်နိုင်သဖြင့် ဝေဒနာခါတ်ကို သတိပဋ္ဌာန် နည်းဖြင့် ရှုမှတ်ရန်မှာ သာ၍သင့်လျော်သည် ဖြစ်ပေသည်။

ထို့ကြောင့် ဝေဒနာဖြစ်ပေါ်ပုံ အာဂမယုတ္တိမှာ-အောက် ပါအတိုင်းဖြစ်ပါသည်။ (ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ

ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ဖဿပစ္စယာ– ဝေဒနာ၊ ဝေဒနာပစ္စယာ·တဏှာ)ဟူ၏။ (သဠာယတနသုတ်။)

ကာယဉ္စ· ကိုယ်အကြည်ရုပ်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ· အတွေ့အာရုံ ရုပ်ကို လည်း ကောင်း၊ ပဋိစ္စ·အကြောင်းပြု၍၊ ကာယဝိညာဏံ· ကိုယ်တွင်းကိုယ်ပြင်၌ သိမှုသည်၊ ဥပ္ပဇ္ဇတိ· ဖြစ်ပေါ်၏။ တိဏ္ဏံ·ကိုယ်အကြည်ရုပ်နှင့် ; အတွေ့ရုပ် သိမှုဟူသောသုံးမျိုးသောတရားတို့၏။ သင်္ဂတိ· စုဝေါင်းမိခြင်းသည်၊ ဖဿော· အတွေ့ဖဿ မည်၏။ ဖဿပစ္စယာ· ဖဿကြောင့်၊ ဝေဒနာ· ခံစားမှုသည်၊ ဥပ္ပဇ္ဇတိ· ဖြစ်ပေါ်၏၊ ဝေဒနာပစ္စယာ· ခံစားမှုကြောင့်၊ တဏှာ· တပ်မက် သာယာမှုသည်၊ ဥပ္ပဇ္ဇတိ· ဖြစ်ပေါ်၏။

ဤပါဠိတော်အရ ဝေဒနာခံတတ်၏ ဖြစ်ပေါ်ပုံကို သတိပဋ္ဌာန်နည်းအရ သတိဖြင့်ရှုမှတ်ရန် အထောက် အထား ပါဠိတော်ကြီးမှာ....

## မဟာသတိပဋ္ဌာန်ပါဠိတော်

ကထဉ္စဘိက္ခဝေဘိက္ခု၊ဝေဒနာသု· ဝေဒနာ နုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု၊ သုခံဝါ ဝေဒနံ· ဝေဒယ မာနော သုခံ ဝေဒနံ ဝေဒယာမိဘိ ပဇာနာတိ· ဒုက္ခံဝေဒနံ၊ (ပ)—

မြန်မာပြန်ကား။ ။ရဟန်းတို့၊ ရဟန်းသည်ခံစားမှု၌အဘယ်ကဲ့သို့ အဖန်တလဲလဲ ရှုဆင်ခြင်၍ နေသနည်း။ ဤသာသနာတော်၌ ရဟန်းသည် သုခ ဝေဒနာကိုလည်းကောင်း၊ ဒုက္ခ ဝေဒနာကိုလည်း ကောင်း ခံစားသည်ရှိသော်- ခံစား၏ဟူ၍ သတိဖြင့် အောက်မေ့ ဆင်ခြင် နှလုံးသွင်း၍ သိရာ၏၊ (၀၁)အသိဉာဏ်ပေါ်အောင် ရှုကြည့်ရာ၏။ အနိဋ္ဌာရုံကို ခံစားရာ၌လည်း—။

ဤပါဠိတော်ကြီးအရ၊ကိုယ်ခန္ဓာတွင်ပေါ်သော ဝေဒနာကို သတိပဋ္ဌာန်နည်းအရ ရှုမှတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိ၏စိတ် နှာသီးဝ၏ အတွင်းသား၌ စူးစိုက်စွာ ချထားရာ၏။ ထွက်လေဝင်လေ၏ တိုးထိရာတွင်ထိ-ထိ-ထိ ဟူ၍ မှတ်နေရပါမည်။ မိမိ၏ကိုယ်ကာယ တွင်းပြင် တကိုယ်လုံးတွင် ဒုက္ခဖြစ်စေ၊သုခဖြစ်စေ ဝေဒနာမှု ထူးထွေစွာ ပေါ်ရာသို့ ရှေးရှု၍ နှာဝတွင်သာ (ထိသိ) နှင့်သာ မှတ်မြဲ မှတ်နေပါ။ အကြင်အခါ၌ ကိုယ်တွင်း ပု-ဇ- ဓာတ်မီးနှစ်ပါးတို့၏ ဝိရောဓိ ပစ္စယသတ္တိဖြင့် ဥဏှဓာတ်မီး လွန်ကဲသော ပူရုပ်ကလာပ်၏ ညောင်းရုပ်၊ ညာရုပ်အသင်း၊ အပူဓာတ်မီးဆွသဖြင့် လေဓာတ် လွန်ကဲသော တုန်ရုပ်အသင်း၊ ကျဉ်ရုပ်အသင်းပေါ်လာ ရာတွင် ဝမ်းတွင်း ရင်တွင်းရှိ အတွင်းဖေဋ္ဌဗ္ဗာရုံကြောင့် အနိဋ္ဌ ကာယ သမ္ဖဿနှင့် ကာယိက ဒုက္ခ ဝေဒနာပေါ်လာသည် ရှိသော် မိမိ၏မူလ နှာဝမှ စိတ်ကို ချက်ချင်း ရွှေ့ပြောင်း၍ သတိဖြင့် သိလိုက်ရာ၏။

"အော်....ခံလို့မကောင်းဘူး-မကောင်းဘူး" ဟု မှတ်ပါ၊ ဖြစ်ပေါ်ရာရင်တွင်း၌သာနတွင် စိတ်ကို တိကျစွာချ၍"မကောင်း-မကောင်း" ဟု အထပ်တလဲလဲ မှတ်၍နေပါ။ ဝေဒနာ ဒဏ်ချက်သည် ပြင်းထန်၍ မခံသာလှပဲ ဆတ်တိုက် ကြာခြောင်းစွာ ပေါ်နေသလောက် အလစ်မပေးပဲ တလစပ် မှတ်၍ မှတ်၍သာ နေပါ။ မှတ်နေစဉ်အတွင်း၌လည်း ပြင်ပမှ ကြားဖြတ် ဝင်၍လာသော အခြားသော အသံ၊ အနံ့ အစရှိသော အာရုံတို့ကိုလည်း ဂရု မစိုက်ပါနှင့်၊ အမှတ်မဲ့ လစ်လျူရှုသားလိုက်ပါ။ အခြားသော အဇ္ဈတ္တဖောဋ္ဌဗ္ဗာရုံများ၏ အတွေ့ ဒဏ်ကြောင့် ရုတ်တရက် ပေါ်ပြန်ကလည်း ဤနည်းနှင်နှင် ဆွဲဆောင်ရာသို့ မလိုက်ပဲ ရှုမြဲတိုင်းသော မူလနေရာတွင်သာ မဲ၍မှတ်နေ့လျက် အမှတ်နာလာသောအခါတွင် သမာဓိ အရှိန် ရလာတတ်ပါသည်။ ဤသို့ ဝေဒနာ၏ ဒဏ်ချက်ကို မခံသာပဲ စိတ်ကို တခြားသို့ ထွက်မသွ`းစေရန် ဇွဲနဘဲနှင့် အားခဲ ရှုနေစဉ် အမှတ်တိုင်း အမှတ်တိုင်း၌ (ယောဂီ၏ အတိတ်ဘဝ အဆက်ဆက်က အနမတဂ္ဂ အစမထင်သောသံသရာက ငုပ်လျှိုးစွဲကပ်၍ အကျပ်အတည်း ခိုင်မြဲစွာ ပါနေသော တဏှာဘိနိဝေသ တရားနှင့် ဒိဋ္ဌာဘိနိဝေသ တရားကို မှီရာပြုလျက် ဝေဒနာ ပေါ်ရာ၌သာနနှင့် ဝေဒနာအာရုံပေါ်တွင် အတ္တနိမိတ် ပညာ အရိပ်မကင်းပဲ (ငါ) သုံးမျိုး ပယောဂ အဖမ်းခံရသဖြင့် မှတ်ယင်း မှတ်ယင်း မခံသာမှုထဲမှာ (ငါခံ၍မကောင်းဘူး၊ မခံချိဘူး) ဟု (အတ္တ ငါ) (တဏှာ ငါ)တို့သည် တွဲ၍ပါ ဝင်နေ၏)။

"ဤသို့ မှတ်သော စိတ်ဝိထိအစဉ်၌" ဘယ်က (ငါ)လဲ၊ ဝေဒနာဆိုတဲ့ ဒဏ်ချက်ဟာ (ငါ)လား၊အခြားက (ငါ)လား ဟူ၍လည်း အမေးသဘောကြောင့် ဆင်ခြင်တုံ နှေး ပြီးလျှင် တဲ့ဖက် ဝိညာဏာနုပဿနာ ဝိထိများလည်း ပါဝင်နေ၏။ ဤသို့ သတိပြု၍ ရှုမှတ်ခြင်းတွင် ဤမေးခွန်းများဖြင့် သမ္မာသက်ပ္ပ သဘောအတိုင်း မေးခွန်းပုစ္ဆာများ၏အဖြေမှန်ဖြင့် (ငါ) ရှာ မတွေ့ခြင်းဟူသော အနတ္တသမ္မာဒိဋ္ဌိအမြင်ဉာဏ်သည် တစ တစ ရှိ၍ အတ္တလည်း ပါး၍ လာလေတော့၏။ မှတ်သားသော အာရုံတွင် ပညတ်အရိပ်အရောင်များ မှေးမှိန်လျက် ဝေဒနာ၏ သဘာဝလက္ခဏာ ဟူသော သဘောရင်းအတိုင်း ထင်မြင်၍ လာတတ်၏။ မခံသာမှု ဝေဒနာ ပရမတ်အရိပ်တွင် ဦးစွာ တစဉ်တည်း တစပ်တည်း တချောင်းတည်းဟု မြင်နေရာမှ ခံစားမှုဒဏ်ချက် သံပတ်လျော့၍ အပိုင်းအပိုင်း အဘာစ်အရစ် အားဖြင့် အပိုင်းပိုင်း ပြတ်၍ ဝေဒနာကို ခံစားနေရသည်ဟု ထင်မြင်လာတတ်လေသည်။

နောက်ဆုံး၌ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ ညီမျှသဖြင့် အလွန်မခံချိလှသော ဒုက္ခဝေဒနာသည် ရပ်စဲလျက် ခံသာမှုကို အပြင်းအထန် အလိုရှိခဲ့သော တဏှာ၊ လောဘနှင့် မခံသာမှု ဒေါသပဋိဃတို့သည် မပျော်လင့်ပဲ ရင်တွင်း၌ ရှင်းရှင်းကြီး ပျောက်ကွယ်ပြီး လျှင် အတ္တ ဒိဋ္ဌိ ကိလေသာ (ငါ) သည် စည်းကမ်းသဝပ်စွာ နောက်ဆုတ် အရှုံးပေး၍၊ တဏှာတည်း ဟူသော ဂျင်နရယ် ဗိုလ်ချုပ်ကြီးလည်း အလားတူ လက်

မြှောက် အရှုံးပေးခြင်းဖြင့် လက်နက်ချကာ ပရိယုဋ္ဌာန်ဗျူမက် အနုသယမျိုး အဆက်ပြတ်သည် အထိ (၄) လုံးပျောက် ကွယ်ချုပ်ဆုံး၍ သွားတတ်၏။ (ဝါ) တနည်းသော်ကား ကျင်နာခံခက်ဖြစ်သော ကာယိကဒုက္ခဝေဒနာ အဆင့်မှ ပညာ ရှေ့သွား သဘ်နောက်လိုက်သော အားဖြင့် နိရာမိသ၊ ဥပေက္ခာ ဝေဒနာအအောင့်အတန်းသို့ ဆက်လက် ဖြောင့်တက် ပေါ်ထွက် ပြီးလျှင် ဝေဒနာ၏ ဇာပျက်နိမိတ်နှင့် ရှုစိတ် နှစ်ပါးတို့သည် ငှက်ပျောတုံးကို ထက်လှစွာသောဓားဖြင့် တအား ပိုင်းလိုက် သကဲ့သို့ ရုပ်ကနဲ ပြတ်လျက်နောက်သဖြင့် လေးရပ် ကိစ္စ အပိုင် ရလျက် မရဏလက်တွင်းမှ လွတ်ကင်းနိုင်သောဟူ၏။

ဤသို့ ဝိပဿနာ အလုပ်စခန်းကို ဖော်ပြ ရေး သား ရခြင်းသည် ညကမက်သော အိပ်မက်ကို ပြန်၍မှတ်မိသမျှ ပြောရသည်နှင့်လည်း တူလှ၏။ လုပ်ဇာတ် ခင်းရသည်နှင့်လည်း တူလှ၏။ မဂ ထဲမှ ဟိုက်အိမ်ဆောက်သည်နှင့်လည်း တူ၏။ အဘယ်ကြောင့်ဆိုသော် မိမိ၏ ပစ္စတ္တပစ္စက္ခ ကိုယ်တွေ့ကို စိန္တာမယ ဉာဏ်မျိုးဖြင့် ဇာတ်ကြောင်း ပြန်ခြင်းမျိုး ဖြစ်၍ မူလ ပုံရင်းကို ပုံတူ ရေးကူးခြင်းမျှ ဖြစ်သောကြောင့်တည်း။ မည်သို့ပင် ဖြစ်စေ ပေဖန်လိုသူတို့သည် မိမိ သိတင်လျှင် သူတပါး၏ သိ မသိကို သိနိုင်၏။ မသိလျှင် သိနိုင်မည် မဟုတ်ပေ။ သင့်တင့်သော နှလုံးသွင်းခြင်းဖြင့် အာရုံ ပြုနိုင်ကြပါစေသတည်း။

သမ္မာဒဝ သမ္မာစရေ။

(ယိဿာသော်)

# သေမင်းကို တော်လှန်ကြလော့

သေမင်းသည် ကျွန်ုပ်တို့ နောက်က တကောက်ကောက် လိုက်၍နေသည်။ နတ်ပြည်သို့ ရောက်သော အခါ၌ လည်း လိုက်သည်။ ဗြဟ္မာပြည်သို့လည်း လိုက်၍ ချောင်း သည်။ အပါယ်ဘုံသို့လည်း လိုက်၍သတ်ပေသည်။ ဘယ်ဘုံ၊ ဘယ်ဘဝ ဘယ်ဌာန၌ နေနေ သေမင်းအမြဲ လိုက်၍ ချောင်းလေသည်။ ထိုသေမင်းကို ကောင်းကင်၌ ပုန်းအောင်းသော်လည်းမလွတ်၊ တောင်ခေါင်း၌ ခိုအောင်းသော်လည်း မရ၊ သမုဒ္ဒရာသို့ပြေး ဝင်သော်လည်း တွေ့ရမည်သာ ဖြစ်သည်။ ထိုသို့ သေဘေးမှ မလွတ်သည့်အတွက် ၁ တ္တဝါတို့သည် သေရမည်ကို အလွန်ပင် ထိတ်လန့် ကြောက်ရွံ့ကြလေသည်။ သေဘေးမှ မကြောက် သောသူဟူ၍ ဝ ဦးတယောက်မျှ မရှိပေ။

လောက၌ အမှောင်ရှိလျှင် အလင်းလည်း ရှိရပေမည်။ အနိမ့်ရှိလျှင် မြင့်သော နေရာလည်း ရှိရပေမည်။ အသေရှိ လျှင်လည်း မသေသော နေရာကား ရှိရမည် ကေန်ဖြစ် လေသည်။ ဆန့်ကျင်ဘက် တရားတို့သည် ဘယ်အခါမှ မဆိတ်သုဉ်းကြပေ။ ထိုသေမင်း၏ ဆန့်ကျင်ဘက်ကား မသေ ရာပင် ဖြစ်သည်။ ထိုမသေရာကို ရောက်မှသာလျှင် သေမင်း၏ လက်မှ လွတ်မြောက်ကြပေမည်။ ဤကဲ့သို့ သေမင်း၏လက်မှ

လှုတ်မြောက်ရန် ရှေးဦးစွာ သေမင်းကို တော်လှန်ရန် အရေးကြီးသည်။ သေမင်းကို တော်လှန်ရ၌ လက်နက် သည် အရေးပါ အရာရောက်သည်။ ထို့ကြောင့် လက်နက်ကောင်းကို စွဲကိုင်၍ သေမင်းကို တော်လှန်ကြရ ပေလိမ့်မည်။

စာရှုသူ အဆွေ၊ သေမင်းကို တော်လှန်ရန် လက်နက်ကောင်းကို ပေးပါမည်။ ထိုလက်နက်ဖြင့် သေမင်းကိုပြင်းပြင်းထန်ထန် တော်လှန်ပါလော့။ ထိုလက်နက်ကား မိမိတို့ ရရှိနေကြသော ရုပ်တရား၊ နာမ်တရားများကို ဆင်ခြင် ရန်ပင်ဖြစ်သည်။

## ဤသို့ ရှုလော့

အတယ်ကဲ့သို့ ဆင်ခြင်ရပါမည်နည်း။ ရုပ်တရားကြီးသည် အခိုင်အမာ အနှစ်သာရ ဟူ၍ လုံးဝမရှိပေ။ အကာမျိုး၊ အနှစ်မဲ့သည့် အမျိုးသာ ဖြစ်သည်၊ စာရှုသူများသည် မိုးရွာသောအခါ၌ ရေပူဖေါင်း များသည် အခိုင်အမာ အနှစ်သာရ ဟူ၍ သိတ်မရှိပေ၊ ကြည့်နေစဉ်အတွင်း တခု ပေါ်လိုက်၊ တခုက ချုပ်ပျောက်သွားလိုက်ဖြင့် တသုတ်သုတ် တဖြုတ်ဖြုတ် ပျက်စီး ပျောက်ကွယ် သုညနယ် အတွင်းသို့ သက်ဆင်းကျရောက်၍ နေကြလေသည်။

ထိုရေပွက်ကို ကိုင်တွယ်၍ မရသကဲ့သို့ ကျွန်ုပ်တို့၏ ရုပ်တရားကြီးသည်လည်း ရေပွက်ပမာ ခဏခဏ ချုပ်ပျောက်ပျက်စီး၍

နေလေသည်။ ရွှေရုပ်က ပေါ်လိုက်၊ ပေါ်သော ရုပ်သည် ချုပ်လိုက်ဖြင့် ခဏမစဲ တဖွဲဖွဲ ဟသဲသဲ ဖြစ်ပျက်၍ နေသေသည်။ အကျူမြူတချွန်းစာမျှ မချုပ်ဆိုးပဲ ကြွင်းကျန်ရစ်သော ရုပ်ဟူ၍ အလျဉ်းမရှိပေ။

စာရှုသူများသည် ဇနွေအခါ သောင်ပြင်၌ တံလျှပ်ကို မြင်ဘူးကြပေလိမ့်မည်။ ထိုတံလျှပ်သည်တရွှန်းရွှန်း၊ တဖြုတ်ဖြုတ်၊ တဖြုတ်ဖြုတ်နှင့်ကွယ်ပျောက်နေသည်ကိုတွေ့ရသည်။ မည်သည့် အခါမှ ရပ်နားနေသည် ဟူ၍ မရှိပေ။ တရှိန်ရှိန် တသုတ်သုတ် ဖြင့်သာ ဖြစ်ချုပ်လျက် ရှိပေသည်။ ၎င်းတံလျှပ်ကို ဖမ်း၍မမိ၊ စမ်း၍မတွေ့ရပေ။ အကိုင် ခံနိုင် လောက်အောင် ခိုင်ခံ့သော အင်အားသည် တံလျှပ်၌ မရှိပေ။

ဤကဲ့သို့ပင် ကျွန်ုပ်တို့၏ သညာနာမ်ဓာတ်သည် ကြည့်နေစဉ်ပင် တရှိန်ရှိန် တသုတ်သုတ်၊ တဖြုတ်ဖြုတ်ဖြင့် ဖြစ်ပြီး ချုပ်၍နေလေသည်။ မချုပ်သောအခါ မပျက်စီးသောအခါ ဟူ၍ မရှိပေ။ အမြဲဘမ်း ပျက်စီး၍နေလေသည်။ လွန်ခဲ့သော နှစ်ပေါင်းလက နာမ်ရုပ်သည် ယခုအခါ တတိုဘစမှ ရှာမတွေ့၊ ဖမ်းမရပေ။ လွန်ခဲ့သော နှစ်ပေါင်းလကပင် ချုပ်ဆုံးခဲ့လေသည်။

ဤကဲ့သို့ ရှုမှတ်ပါလျှင် သေမင်းသည် ကျွန်ုပ်တို့ကို မမြင်တော့ပေ။ သေခင်းကို တော်လှန်ပြီးသား ဖြစ်၍နေလေသည်။ သေမင်းမမြင်နိုင်ရန် ထိုလက်နက်ဖြင့် သေမင်းကို တော်လှန်ကြရန် သတိပေး နှိုးဆော်လိုက်ပါသတည်း။

ရေးစကြို– ဦးသီလာစာရ

# အခန်း ၁၀

## ဆောင်းပါး အတွေတွေ

ဤ အခန်းတွင် ပညာရှင်အသ္ဗပါင်းတို့၏ သေခြင်းတရားနှင့် သက်ဆိုင်သည့် မှတ်သားစရာ၊ ပညာယူစရာ၊ လိုက်နာ ကျင့်ကြံ စရာ အချက် အလက်များ ပါရှိပေရာ၊ သေသေချာချာ ဖတ်ကြား လိုက်နာခြင်း အားဖြင့် အသေတတ်နည်း နိဿရည်းများ ရရှိနိုင်ပါကြောင်း။

## နေ့တိုင်း အိုနေသော ဇရာ

ရေစစ်၌ သွန်းလောင်းအပ်သော ရေသည် တဖြည်းဖြည်း ယိုတ်ယွင်းလျော့သည်။ တိုးပွား၍ မလာ။ မှန်လှသည်။ လူ့ပြည်၌ သတ္တဝါတို့သည် အသက်ဖြင့် လည်းကောင်း၊ အဆင်းဖြင့် လည်းကောင်း၊ စက္ခုပသာဒ စသည်ဖြင့် လည်းကောင်း နေ့တိုင်း နေ့တိုင်း ယုတ်လျော့သည်သာတည်း။ တိုးပွား၍ မလာ။

အထက်ပါ ဒေသနာတော်လာ စကားအတိုင်းပင် ရေအိုး၏ မျက်နှာ၌ ပုဝါဖြင့် ရေစစ်သည်ရှိသော် ပုဝါပေါ်၌ လောင်းသော ရေသည် ကြာရှည်မနေ။ လျော့ပါး ဆုတ်ယုတ်ကာ ကုန်သွားသကဲ့သို့ လူများစွာတို့၏ အသက်သည် တရက်မျှ မဆိုင်း နေ့တိုင်းကြီးရင့်၍ ရှည်မြင့်မကြာ အင်္ဂါအဆင်း ပျက်စီးခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း စသည်ဖြင့် ယိုယွင်း ဆုတ်ယုတ်ချေသည်။

### သံဝေဂယူစရာ သာဓက

ကာသိကရာဇ်တိုင်း သုရုန္ဓနပြည်၌ ကာသိကရာဇ်မင်း၏ သမီးတော် ဥဒယဘဒ္ဒါ မင်းသမီးကို ရွှေဘဝက လင်သား

ကြင်ယာတော်ဖြစ်ခဲ့ဘူးသောသိကြားမင်းသည် တရားသဘော သံဝေဂ ရစိမ့်သောငှာ ကာလသား လူပျိုယောင်ဆောင်လျက် လက်ဆောင်ပဏ္ဏာနှင့် ဆိုက်ရောက်လာသည်။

ရှေးဦးစွာ ပထမ လာရောက်သော ညဥ့်၌ ရွှေခွက်ကို လက်ဆောင်ယူလာသည်။ ဒုတိယအကြိမ် လာရောက်သော ညဥ့်၌ ငွေခွက်ကို လက်ဆောင်အဖြစ် ယူလာသည်၊ တတိယ အကြိမ် လာရောက်သော ညဥ့်၌ကား ကြေးခွက်ကို လက်ဆောင် အဖြစ် ယူလာသည်။

သုံးညဥ့်မြောက် ရှိလတ်သော် ဥဒယဘဒ္ဒါ မင်းသမီးက သံသယ မကင်းသဖြင့် မေးသည်မှာ...."တိုင်းပြည်တပါးက ပျိုမောင်ရယ်၊ ကျမကို အလိုရှိ၍ လက်ဆောင် ပစ္စည်းနှင့် ဖျားယောင်းသော် တညဥ့်ထက် တညဥ့်၊ တရက်ထက် တရက် တိုးတက်ကာ မြတ်သည်ထက် မြတ်သော လက်ဆောင်ပစ္စည်းကို ယူခဲ့ရမည် မဟုတ်ပါလား။ တနေ့တပါး ညံ့သောအားဖြင့် လက်ဆောင် ပစ္စည်းများကို ဆုတ်ယုတ်၍ ယူခဲ့သည်ကား မည်သို့သော အကြောင်း ရှိပါသနည်း" ဟု ဥဒယဘဒ္ဒါ မင်းသမီးက မေးလေလျှင်၊ ထိုအချိန်၌ လူပျိုယောင်ဆောင် သော သိကြားမင်းက "နှမရယ်၊ မောင်သည် ကုန်စည်ဘဏ္ဍာ၏ အဖိုးကို သိသော ကုန်သည်ကဲ့သို့ ဖြစ်သည်။ ကုန်သည်လိမ္မာ တို့၏ သဘောမှာ အဟောင်းနှင့် အသစ်ကို စိစစ်၍ အဖိုးဖြတ် သည်။ အသစ်ကိုလည်း အသစ်အလျောက်၊ အဟောင်းကိုလည်း အဟောင်း အလျောက် ချင့်ထောက်၍ အဖိုး ပေးသည်။

ထိုသဘောအတိုင်းပင် ကျုပ်နှမ၏ အဆင်းအင်္ဂါသည် ရှေးဦးစွာ လာရောက်သော ညဥ့်ထက် ယခု အသက် ရှင့်ယော်ခြင်းဇရာတာသို့ ရောက်ချေပြီ။ ယမန်နေ့ကထက် ယနေ့ရင်၍ အရွယ်နှင့် သင့်တော်အောင် လက်ဆောင်ပစ္စည်းကို ဆုတ်ယုတ်၍ ယူခဲ့ခြင်း ဖြစ်ပါသည်။ နားလည်ပါ ကျုပ်နှမ" ဟု ဆိုသည်။

ဥဒယဘဒ္ဒါခင်းသမီးလည်း သံဝေဂ အကြီးအကျယ်ရလျက် ပရိဗိုဇ် ရဟန်းမဘောင်သို့ ဝင်ရောက်ရှာလေသည်။

ဤသည်ကို ထောက်စာသော် ဤစာရေးသူနှင့် ဓမ္မမိတ်ဆွေစာရှုသူတို့ အမြဲဖြစ် တရားနှင့် စစ်လိုက်လျှင် မြစ်ရေဟုန်သည့်တသုန်သုန် စီးသွားရှိမ ားမားထုတ်ချောက်ခရီးရောက်သကဲ့သို့၊ ထိုနေ့ာက်တချက် နေမင်းထွက်၍ လျင်လျားဝင်၍ သွားသကဲ့သို့၊ ဤအတူသာလျှင် အိပ်၍ရပ်သည်။ ရှင့်ရော်ခြင်း ဇရာတာကား တနာရီမျှ မရပ်။ တရစပ် သွားနေသည်။ ရှေ့သို့ရောက်၍ နောက်သို့ တဖန်ပြန်၍ မပျို၊ အိုခြင်းသို့သာ ရောက်ရသည်ကို စာရှုသူ ဓမ္မမိတ်ဆွေများ သံဝေဂ ယူနိုင်ကြပါစေသတည်း။

(အရှင်ကောသရ-ပခုက္ကူ)

## သေမင်းခေါ်ရာ စိုက်စိုက်ပါ

သုံးဆဲ့တဘုံ၊ ဇာတ်ပွဲရုံ၌၊ ကခုန်ပျော်မွေ့၊ တမေ့မေ့နှင့်၊ ယနေ့သို့တိုင်၊ ဒုက္ခလှိုင်၍၊ ကြုံမှိုင်ညည်းတွား၊ အိုလူများတို့၊ ငြိုးစွားချင့်မြော်၊ တုံ့ဖြစ်သော်ကား၊ မလျော်ကြဘူး၊ သိကြဦးတော့၊ ကိုယ့်ရှုးကိုယ်ပတ်၊ ကြုံတွေ့ဇာတ်ဟု၊ ဆိုလတ်ထင်ရှား၊ ရွေးကေားတည့်၊ ငါပါးခန္ဓာ၊ မီးလောင်စာကို၊ ခါခါမှမ်းတင်၊ နှင်ပြုပြင်လျက်၊ ပျော်ရွှင်ပြုံးပြုံး၊ တအုံးအုံးဖြင့်၊ စုရုံးသင်းပင်း၊ နေထိုင်လျှင်းပင်၊ သေမင်းခေါ်ရာ၊ စိုက်စိုက်ပါသည်၊ သူငါမငြင်း နိုင်သောကြောင့်။

ပရိဇိဏ္ဏမိဒံ ရူပံ၊
ရောဂနိဍ္ဍံ ပဘင်္ဂုနံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊
မရဏန္တံ ဟိ ဇီဝိတံ။

ဘောဒ္နတ္ထ—နိဗ္ဗာန်ကိုခင် မဂ်လမ်းထွင်၍ တွင်တွင်ကြိုးစား အိုလူများတို့။ လောကေ—ကိလေသာမီး ထိန်ထိန်ညီး၍ ကြက်သီးထဖွယ် လောကအလယ်၌။ ဣဒံရူပံ—တင့်တယ်လေ

အောင် သင့်လျော်အောင်ဟု ကြံဆောင်ထိုထို ဤရုပ်ကိုယ်သည်။ ပရိဇ္ဇကာ—တနေ့တနေ့ ချိန်ပြောင်းရွှေလို ဆွေးမြေ့ရုပ်ရေအိုရလေ၏။ ရောဂနိဋ္ဌံ—ကိုးဆဲ့ခြောက်ပါး၊ ရဲမကိသားတို့၊ နေနားခိုအိမ်၊ တည်ရာဆိပ်လည်း ဖြစ်၏။ ပဘင်္ဂုနံ—သာရနှစ်ကင်း ဖြစ်လေခြင်းမို့၊ ယိုယွင်းမလတ်၊ ပျက်စီးတတ်၏။ ပူတိသံ—သုံးဆဲ့နှစ်သွယ် ရုပ်အထည်မို့ ရှုံဖွယ်စင်စစ် ပုပ်သည်ဖြစ်၍။ ဒေဟော—ရုပ်နာမ်နှစ်ဖြာ ဟုတ်မှန်ပါသည်၊ ခန္ဓာမည်သော၊ အတ္တဘောသည်။ ဘိဇ္ဇတိ—မခိုင်မမြဲ၊ ယိုယိုင်လဲ၍ ပြိုကွဲမှုချ၊ ပျက်စီးရလတ္တံ့။ ဟိ—ဆူဆူကျမ်းဂန်၊လမ်းအမှန်မို့၊ ကောန်မိန့်ချေ ဆိုသင့်ပေ၏။ ဇီဝိတံ—သုံးကောင်း နှစ်အင်၊ ကျိုးကြောင်းယှဉ်၍၊ မြော်မြင်နိုင်းချိန်၊ နာမ်ဇီဝိန်သည်။ မရဏန္တံ-ရုပ်ခန္ဓာအိမ် တည်မငြိမ်လို့ ဇီဝိန်ပျက်ကြွေ အသက်သေခြင်းလျှင် အဆုံးရှိချေ၏။ မရဏန္တံ-နေခင်းပျော်ရာထိုက်ထလိုက် တွေနှင့် ကွေးကွင်းဖော်သဟာ၊ ကတိုက်ကရိုက်ငဲ့ပြင်၊ ခြေယွင်းလော်မာ၊ အမိုက်မိုက်တွေကြောင့်၊ သွေမငြင်းသော်ဘာ တသိုက်သိုက်နှင့် လိုက်ရရှာသဖြင့်၊ သြော်—သေမင်းခေါ်ရာ စိုက်စိုက်ပါကြရလေတော့သတည်း။

အထူးမှတ်သားဖွယ် ကောင်းသည့်အတွက် ပိယကထာ·ဓမ္မဒေသနာမှ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

(ဦးအေးမင်း–ညောင်ဦး)

# သန်ါရပင် သံဝေတင် နေ့မြင် ညမှာပျောက်

သာယမေက နဒိဿန္တိ၊
ပါတော ဒိဋ္ဌာ ဗဟူဇနာ။
ပါတောဇကေ နဒိဿန္တိ၊
သာယံ ဒိဋ္ဌာ ဗဟူဇနာ၊

## မြန်မာပြန်

မနက် ခင်းတုန်းက တပျော် တပါး တ ဟား ဟား ဖြင့် စားလား၊ သွားလား၊ လုပ်ရှား လုပ်ကိုင် နေထိုင်ကြ ကဲ့ မိတ်ဆွေသင်္ဂဟ သောင်းပြောင်း လူအပေါင်းတို့ကို လူရှင် လတ်လတ်အားဖြင့် ထင်ရှားတွေ့မြင် ကြရပါကုန် သေး၏။ ညချမ်းအချိန်ကျတော့ မနက်ကလို တချို့လူရှင်အဖြစ်နဲ့ မတွေ့ မြင်ကြရတော့။

ညချမ်း အချိန် တုန်းက တပျော် တပါးဖြင့် များလှ ကဲ့ မိတ်သင်္ဂဟဖြစ်သူ လူရှင်အပေါင်း တို့ကို အကြောင်းအား လျော်စွာ အရှင် လတ်သတ်ဖြင့် အား၃်မပြတ် တွေ့မြင်ကြပါ ကုန်သေး၏။ ဝါ၊ တွေ့မြင်ပြီး၊ မနက်ခင်း ကျတော့ တချို့တလေ သေရွာလိုက်ကြရသဖြင့် ညချမ်းတုန်းကလို လူရှင် ဘဝနဲ့ မတွေ့မမြင်ကြရတော့။

## သံပေါက်

နံနက်ခင်းတွင်၊ တွေ့ကာမြင်၊ အရှင်လတ်လတ်ပါ။
ညနေခင်းကျ၊ ချိုလူကာ၊ ပြောင်းကြွမရှာ။
ညနေခင်းတွင်၊ တွေ့ကာမြင်၊ အရှင်လတ်လတ်ပါ။
နံနက်ခင်းကျ၊ ချိုလူကာ၊ ပြောင်းကြွမှရှာ။

[မင်္ဂလာ- ဦးဘဆွေ၊ မအုပ်]

# သင်သေလျှင် ဘယ်သွားမလဲ

## မိမိလားရာဂတိကို ကြိုတင်သိဖို့ရာ နည်းလမ်းမှာ

တခံရောအခါ ဗုဒ္ဓသည် ညီတော် အရှင်အာနန္ဒာ အပါ အဝင် များစွာသော ရဟန်း သံဃာတော်များနှင့် နာတိကရွာ အုတ်ကျောင်း၌ ခေတ္တသီတင်းသုံး နေတော်မူ၏။ ထိုအခါ ညီတော် အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဘုရား — ဤ နာကတိရွာ၌ သီတင်းသုံးတော်မူသော အရှင်သာဠှသည် ပျံလွန်တော် မူခဲ့ပါပြီ၊ ဘယ်ဘုံကြွသွား၍ ဘယ်လို ပုဂ္ဂိုလ် ဖြစ်နေပါသလဲ ဘုရား။ နန္ဒာအမည်ရှိသော ရဟန်းမိန်းမကြီး လဲ ပျံလွန်တော် မူခဲ့ပါပြီ၊ ဘယ်ဘုံမှာ ဘာဖြစ်နေပါသလဲ။ သုဒတ္တ အမည်ရှိသော ကျောင်းတကာ ကြီးလည်း ဘယ်ဘုံ မှာ ဘာဖြစ်နေပါသလဲ။ သုဇာတာ အမည်ရှိသော ကျောင်း တကာမကြီးလဲ ဘယ်ဘုံသွား၍ ဘယ်လိုပုဂ္ဂိုလ် ဖြစ်နေပါ သလဲဘုရား" စသည်ဖြင့် သိချင်လှ၍ မေးလျှောက်လေ၏။

ထိုအခါ ဗုဒ္ဓက "ချစ်သား အာနန္ဒာ၊ ဤ နာတိကရွာ၌ သီတင်းသုံး နေထိုင်သော အရှင်သာဠှသည် ရဟန္တာ ဖြစ်၍ ပရိနိဗ္ဗာန် ပြုလေပြီ။ နန္ဒာမည်သော ရဟန်း မိန်းမလည်း အနာဂါမ် ဖြစ်၍ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာကြီးဖြစ်လေပြီ၊ သုဒတ္တ မည်သော ကျောင်းတကာ ကြီးကား သကဒါဂါမ် ဖြစ်၍ လူ့ပြည်သို့ တခါလာလိမ့်အုံးမည်။ သုဇာတာ အမည်ရှိသော

ကျောင်းအမကြီးကား သောတာပန် ဖြစ်၍ အပါယ်လေးပါး တံခါးပိတ်ပြီ" စသည်ဖြင့် ဖြေကြားတော်မူ၏။

ထိုနောက် ဗုဒ္ဓက "ချစ်သားအာနန္ဒာ၊ လူဖြစ်လျှင် သေရမည်မှာ ဓမ္မတာဖြစ်ချေသည်။ သေတိုင်း သေတိုင်း သောလူတွေအတွက် (ကျွဲပျောက်နွားပျောက်ဗေဒင်နှင့် နတ်ကတော်မေးသလို) မေးကြလျှင် ငါဘုရား ပင်ပန်းတော် မူလိမ့်မည်။ သို့အတွက် တရားမှန် ငါဘုရားဟောထားမည်။ ရုပ်လှ၊မလှကို မှန်ထဲမှာ ကြည့်ကြသကဲ့သို့ သတ္တဝါသေလျှင် ဘယ်ဘုံ ဘယ်ဘဝသွားသင့်၊ ဖြစ်သင့်သည်ကို တရားမှန်ထဲ ကြည့်၍ သိကြလေတော့" ဟု တရားတည်းဟူသော မှန်ကို ဟောကြားတော်မူခဲ့လေသည်။

ဓမ္မာဒါသ ဓမ္မပရိယာယ သုတ္တန်တရားမှန်

၁။ အကြင် သူသည် ဂုဏ်တော် (၉) ပါးကို သိ၍၊ ယုံကြည်၍ ဘုရား၌ မတုန်မလှုပ်ကြည်ညို၏။
၂။ ဂုဏ်တော် (၆) ပါးကို သိ၍၊ ယုံကြည်၍ တရားတော်၌ မတုန်မလှုပ် ကြည်ညို၏။
၃။ ဂုဏ်တော် (၉) ပါးကိုသိ၍၊ ယုံကြည်၍ သံဃာတော်၌ မတုန်မလှုပ် ကြည်ညို၏။
၄။ အရိယာတို့ မြတ်နိုးသော ငါးပါးသီလ၌ မပြတ်၊ မပေါက်၊ မပြောက် မကျား ရအောင် ထိန်းသိမ်းစောင့်စည်း၏။

ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံလျှင် အပါယ်တံခါးပိတ်ပြီး လားရာဂတိ မြဲပြီဟု သိလေဟူသတည်း။

အို—တိုင်းသူပြည်သား ရှင်လူအများတို့၊ မိမိတို့၏ တမလွန် လားရာဂတိကို ကြိုတင်၍ သိထားကြရန် ဗုဒ္ဓ၏ တရားမှန်ကို ကြည့်၍ ဘဝ အသုကို ပြင်ဆင်ထားကြပါကုန်လော့။

ပြည်ထောင်စု မြန်မာ နိုင်ငံတော်ကြီး သည်လည်း မြို့ရော တောပါ နာတိကရွာ ဆရာဒကာတို့ကဲ့သို့ အရိယာတွေဖြစ်ကြ ပါစေသတည်း။

(ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော်၊ မဟာပရိနိဗ္ဗာန သုတ် အစကို အကျဉ်းချုံး၍ ထုတ်ပြသည်)။

(ကလေးမြို့၊ ဒီပင်္ကရာကျောင်းသစ်၊ အရှင်ပဒုမ)

## သေ၍ ငိုခြင်းဖြင့် အကျိုး မဖြစ်ထွန်း

ဂေါတမ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတုန်းက သာဝတ္ထိပြည်မှာ ရဟန်းတပါးရှိ၏။ ရဟန်းကြီးသည် ကလေးငယ်တယောက်ကို ရှင်ပြုပေးထား၏။ ထိုရှင်သာမဏေသည် လိမ်မာရေးခြားရှိ၏။ ရဟန်းကြီး၏ ဝေယျာဝစ္စကိုပြုပေးသည်။ ရှင်သာမဏေသည် ရဟန်းကြီး၏ လက်ကတိုး တောင်ဝှေးသဖွယ် ဖြစ်သည်။ ရဟန်းကြီးသည် ရှင်သာမဏေကို အလွန် ကျေးဇူးများသည် ဖြစ်၍ ခင်မင်စွဲလမ်းလျက်ရှိသည်။ ရှင်သာမဏေသည် ကုသိုလ်ကံနည်းပါးသည်ဖြစ်၍ ငယ်ငယ် ရွယ်ရွယ်ဖြင့် ကွယ်လွန် အနိစ္စရောက်ရှာသည်။

ရှင်သာမဏေ ကွယ်လွန်မှုနှင့် ပတ်သက်ပြီး ရဟန်းကြီးမှာ ဆောက်တည်ရာ မရနိုင်ပဲ လွန်လွန်ကဲကဲ စိုးရိမ်သောက ဖြစ်နေသည်။ နေ့ရော ညဉ့်ပါ သေသူ ကိုရင်ကို တမ်းတပြီးငိုကြွေး၍သာ နေသည်။ အခြား ရဟန်းများက မြင်သောအခါ ဤရဟန်းကြီးသည် သာမဏေ ကွယ်လွန်ခြင်းကြောင့် ငိုကြွေးမြည်တမ်းလျက် သွား၏။ ရဟန်းဖြစ်ပါလျက် သေခြင်းတရားကို ဆင်ခြင်မှု နည်းပါးလေစွတကား ဟု စကားမြွက်ဆိုကြသည်။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြသည်။

## သောမဒတ်ဆင်

ဗုဒ္ဓမြတ်စွာသည် အတိတ်မှ အရိပ်သဖွယ်ဖြစ်ရပ်ကို ဟော ကြားတော်မူသည်။ "ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း ထီးနန်းအုပ်ချုပ် မင်းလုပ် နေသည်။ ဘုရား အလောင်းတော်သည် တာဝတိံသာနတ်ပြည်မှာ သိကြားမင်း ဖြစ်နေသည်။ ကာသိနိဂုံးရွာ၌ ပုဏ္ဏားတယောက်သည် ပစ္စည်း ဉစ္စာချမ်းသာကို စွန့်ခွါ၍ ဟိမဝန္တာ တောဂနိုင်၌ ရသေ့ ရဟန်းပြုသည်။ တခါခါတွင် ဆွမ်းခံစားသည်။ တခါတခါ တောသစ်မြစ် သစ်သီးတို့ဖြင့် မျှတလျက် နေထိုင်သည်။ တခု သောနေ့မှာ သစ်သီးသစ်မြစ်ရှာယင်း တောမြိုင်ထဲမှာ ဆင်ငယ် တကောင်ကို တွေ့၍ မိမိသခ်မ်းကျောင်းသို့ ခေါ်ဆောင်လာ သည်၊ သားအရာ၌ ထား၍ မွေးမြူသည်။ သောမဒတ်ဟူသော အမည်ကိုမှည့်၍ မြက်,သစ်ရွက် တို့ဖြင့် ကျွေးမွေးစောင့်ရှောက် သည်။ သောမဒတ် ဆင်ငယ်သည် အလွန် လိမ္မာရေးခြား ရှိသည်။ သောမဒတ်ဆင်သည် အရွယ်ရောက်သောအခါ ခန္ဓာ ကိုယ် ကြီးမားသည်ဖြစ်၍ ရသေ့က သဘောခွေ့ကာ အလွန် အားရ ကျေနပ်သည်။ အလွန်ငင်မင် ပီတိတွေဖြစ်နေသည်။ တနေ့သ၌ အစာစားမှုများသွား၍ အစာမကျေ မအီမလယ် ဖြစ်ကာ အပြင်းအထန် နေထိုင်မကောင်း ဖြစ်သည်။ ရသေ့က တတ်သမျှ မှတ်သမျှကြိုးစားကုသသည်။ အစာရေစာ မစားး၍ အားနည်းလာသည်။ ကျောင်းမှာ ဆင်ငယ်ကို ထား၍ သစ်သီး

ကြီးငယ် အရှာသွားသည်။ ရသေ့ပြန် မရောက်မီ ဆင်ငယ်သည် ကွယ်လွန်အနိစ္စ ရောက်ရှာသည်။

ရသေ့သည် သစ်သီး ကြီးငယ်ကိုယူ၍ လာလတ်သော် ကြိုဆိုနေကျနေရာရောက်၍ ဆင်ငယ်ကို မတွေ့ရသောကြောင့် သေမျှား သေလေရော့သလားဟု ငိုကြွေးလိုရကား အလုံးအရပ်နှင့် ပြည့်စုံသော သောမဒတ် ဆင်ငယ်သည် ရှေးကငါပြန်လာသောအခါ ခရီးဦး ကြိုဆို၏။ ထိုဆင်ငယ်သည် ယခု မတွေ့၊ ဘယ်သွားပါလိမ့်မယ်ဟု မျက်ရည်ယိုစီး ငိုကြွေးပြီး လာလတ်သော်၊ စင်္ကြံဦး၌ လဲနေသော ဆင်ငယ်ကို မြင်၍ ဆင်ငယ်၏ လည်ကို ဖက်လျက်၊ တုံးလုံး လဲနေသော ဆင်သည် သောမဒတ်ဆင် ဖြစ်လေသော်၏။ တပါးသောဆင်ဟုတ်ပုံမရ၊ မာလာနွယ်၏ ကြီးသော အညွန့်ကို လက်သဲဖြင့်ဖြတ် မြေ၌ ချသကဲ့သို့ ထို့အတူ သောမဒတ်ဆင်သည် မြေ၌ အိပ်၏။ အော်–သေရှာလေပြီတကားဟု ငိုကြွေးသည်။

သိကြားမင်းသည် ရသေ့ငိုသည်ကို မြင်၍ ဤရသေ့သည် သားမယားကို စွန့်ခွာခဲ့ပြီးမှ ဆင်ငယ်ကို ဖက်၍ ငိုနေ၏။ ထိုရသေ့ကို သတိ သံဝေဂ ရစေအံ့ဟု ရသေ့၏ သင်္ခမ်းကျောင်းသို့ သွား၍ ကောင်းကင်၌ တည်လျက် ''သေသောသတ္တဝါကို စိုးရိမ်ငိုကြွေးခြင်းသည် ရဟန်းအဖြစ်နှင့် ပြည့်စုံသော၊ လူ့အဖြစ်မှ လွတ်သော ရဟန်းဖြစ်သော အရှင်ဘုရားအား မကောင်းပါ''ဟု ဆို၏။

''သိကြားမင်း၊ စင်စစ် လူ၏လည်းကောင်း၊ တိရစ္ဆာန်၏လည်းကောင်း၊ ပေါင်းဖော်ခြင်းကြောင့် နှလုံး၌ ချစ်ခြင်း

သည်ဖြစ်၏။ ထိုချစ်သော သတ္တဝါကို မစိုးရိမ်ပဲ မဖြစ်ပါဘူး”
ဟု ရသေ့က ပြောသည်။

“အရှင်ရသေ့၊ သတ္တဝါတို့ဘဝတွေမှာ သေဆဲ့သောပြီးသူ
ကိုလည်းကောင်း၊ သေမည့်သူကိုလည်းကောင်း တမ်းတ၍
ငိုကုန်၏။ မျက်ရည်ယိုကုန်၏။ မြည်တမ်းကုန်၏။ ထိုသူတို့မှာ
မျက်ရည်ပြတ်သောနေ့မည်သည် မရှိနိုင်တော့ချေ။ ငိုခြင်းကို
အကျိုးမရှိ ဟူ၍ သူတော်ကောင်းတို့ ဆိုကုန်၏။ သို့အတွက်
မငိုပါနှင့်” ဟု သိကြားမင်းက ဆို၏။

ရသေ့သည် သိကြားမင်း၏ စကားကိုကြား၍ သတိရကာ
ကင်းသော သောကရှိသည်ဖြစ်ပြီး မျက်ရည်တို့ကို သုတ်လျက်
သိကြားမင်းအား ချီးမွမ်းသည်။ သိကြားမင်းသည် ရသေ့
အား ဆုံးမစကားပြော၍ ပြန်သွားသည်။

သာမဏေသည် ဆင်ငယ်ဖြစ်၍၊ ရဟန်းကြီးသည် ရသေ့
ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာသည် သိကြားဖြစ်ကြောင်း ဇာတ်
ပေါင်းပြသည်။

ဇာတက–ဋ္ဌ၊ ၃။ ၃၆၇၊ ၃၆၈၊ ၃၆၉။
(ပဓုက္ကျ အရှင်ကေသရ)

# ဂိတ်ကြေး ပါရဲ့လား

အဘိုးအိုတယောက်သည် တောင်ဝှေးကို ထောက်၍ တလှုပ်လှုပ်ဖြင့် လမ်းလျှောက်နေပါသည်။ ယခုအခါ လမ်းဆုံ လမ်းမလမ်းနှစ်ခုသို့ ရောက်လေပြီ။ တသွယ်သော လမ်းသည် အရိပ်အာဝါသဖြင့် ဖြောင့်ဖြူးသာယာ၏။ တသွယ်သောလမ်းမှာမူ အရိပ်အာဝါသ ကင်း၏။ ဖြောင့်ဖြူးညီညာခြင်း မရှိသည့်ပြင် ဆူးအပြည့်နှင့် ဖြစ်၏။

အဘိုးအိုသည် လမ်းသာယာသို့ လိုက်ရန် ဟန်ပြင်လိုက်၏။ ထိုအခိုက် သေမင်းတမန်နတ်သားသည် ဘွားကနဲ ပေါ်လာပြီးလျှင်-

"အို-လူသားအဖိုးအို၊ လမ်းကောင်းကိုသွားရန် ဂိတ်ကြေးပါရဲ့လား"

"ဘာကိုဆိုလိုပါသလဲ အသင်နတ်သား"

"ကောင်းပြီ အဖိုးအို၊ နားထောင်ပါလော့။ သင်ဟာ ရတနာသုံးပါးကို ဆည်းကပ်ခဲ့ပါရဲ့လား"

"မေ့လျော့နေ၍ မဆည်းကပ်ခဲ့မိပါ"

"သင်ဟာ မိဘတို့ကို လုပ်ကျွေးခဲ့ပါရဲ့လား"

"မေ့လျော့နေ၍ မလုပ်ကျွေးခဲ့ပါ"

"ရှိစေဦးတော့၊ ဒါနဝတ် တခုခု နေ့စဉ် ပြုခဲ့ပါရဲ့လား"

"မေ့လျော့နေ၍ မပြုခဲ့မိပါ"

"သင်ဟာ သီတင်းသီလကိုကော စောင့်သုံးခဲ့ပါရဲ့လား"

"မေ့လျော့နေ၍ မစောင့်သုံးခဲ့ပါ"

"ရှိစေဦးတော့၊ ဘာဝနာ တခုခုကိုကော ပွားရှုခဲ့ပါ ရဲ့လား"

"မေ့လျော့နေ၍ မပွားရှုခဲ့မိပါ"

"အို-လူသားအဖိုးအို၊ သင့်မှာ ဂိတ်ကြေးမပါ၍ ဤလမ်း ကောင်းပေါ်မှာ သွားခွင့်မရှိပါ။ ဆူးအပြည့်ရှိသော လမ်း ကိုသာ သွားပါလေလော့"

သံသရာခရီးသည်တို့သည် ဂိတ်ကြေးတည်းဟူသော ရိက္ခာ ပါရန် လို၏။ မျက်မှောက်အကျိုး၊ တမလွန်အကျိုး လိုလား သူသည် ကုသိုလ်ကောင်းမှုကို မမေ့မလျော့ ပြုရာ၏။

(သဂါထာဝဂ္ဂ၊ ကောသလသံယုတ်၊ ဒု-အပ္ပမာဒသုတ်ကို မှီးသည်)

(ဦးစိန်ဝင်း၊ ပင်စင်စား၊ မြင်းခြံ)

## တောင်ပုလု ထူးတွင်း ဆရာတော်
## ဦးဇာဝန၏ ဩဝါဒများ

(၁) အို-တို့လူများ၊ ရှေးကုသိုလ် အခွင့်အရေးသာ၍ ဘုရား မြတ်စွာ သာသနာဝယ် လူ ဖြစ် လာ ဆဲ မှာ မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် အချိန်ကုန် ခံလျက် သေရမည့်ရက်ကို စောင့်ကြိုငံ့လင့်၍ မနေသင့်၊ မနေ ထိုက်ပါ။ 'ရေမြင့်လျှင် ကြာမြင့်' ဆိုသလိုမှ တင့်တယ် ကြမယ်။ ရေမြုပ်ပြီး ကြာပုပ်သွားမယ်။ သတိ ကြပ် ကြပ်ထားကြ။

နေဝင်မိုးချုပ်၊ တကုပ်ကုပ်နှင့်၊ အလုပ်လုပ်ယင်း၊
တေးဆိုယင်းဖြင့်၊ သေမင်းခေါ်ချိန်၊ စောင့်ကြသူ၊

(၂) တနေ့ကွယ် သေနယ်သို့ တခါကူးဖို့ ကိုယ့်ကိုယ်ကို သေဘူးထင်ပါနဲ့၊ နေ့ကွယ်တာ အကြိမ်များယင် ဖြင့်၊ သေနယ်ကို တချိန်သွားရပါလိမ့် တားမရဘူး။

(၃) မနုဿလူသားအပေါင်းတို့၊ ကြီး၊ ငယ်၊ လတ် မကျန် သေမင်းခံတွင်း အမှန်မုချ ဆင်းရမည်။

အသက်ငယ်လဲ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
အသက်ကြီးလဲ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
အဆင်းလှလဲ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ပစ္စည်းရှိလဲ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ရာထူးရှိလဲ သေတာပဲ၊ မမြဲခန္ဓာ ကြောက်စရာ၊
ဂုဏ်အသရေရှိလဲ သေတာပဲ၊မမြဲခန္ဓာကြောက်စရာ၊

(၄) ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊
ကြီးသူသေကြ၊ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဘက်နီးခဲ့ပြီ။
မသေရမီ၊ ပါရမီ၊ ငါသည်ဖြည့်မှ သင့်ဘော့မည်။

(၅) မနေရလို့၊ သေရသောခါ၊
ကိုယ့်နောက်ကိုများ၊ ဘာများပါမှာ။
ပစ္စည်းစုစု၊ တခုမပါ၊
ကိုယ်ပြုခြား ကံများ ကိုယ်သို့ပါ။
ပုညံ့ပသုခံ ဇနေတိ၊အပုညံ ဒုက္ခံဇနေတိ၊
သုကတ ဒုက္ကရဏမ္မံ၊ ဆာယာဝ အနုပါယိနီ၊
ကောင်းမှုဒ္ဓ စုစုက၊ ချမ်းသာရေး ပေးမယ်။
မကောင်းမှုအဝဝက၊ ဆင်းရဲရေး ပေးမယ်။
မိမိတို့ ပြုခဲ့တဲ့ ကောင်းမှုကံ၊ မကောင်းမှုကံသည်
သာလျှင် သွားလေရာရာ၊ ရောက်လေရာရာ အရိပ်ပမာ
အကျိုးပေးမည်။

(၆) သေခြင်း တရားကို အနန္တ ဂုဏ်ရှင် မိဘတို့လဲ မကယ်နိုင်၊
အိုဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်၊
နာဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်၊
သေဘေးဒုက္ခ၊ တွေ့ကြုံက၊ မိဘ မကယ်နိုင်၊
မဂ္ဂင်တရားရှုမှတ်ပွား၊ တရား သူကယ်နိုင်၊
အသေမျိုးကိုလူဘုရင်၊စကြာမင်းသော်မှမတတ်နိုင်၊

(၇) လေတပ်ရေတပ်၊ ခြေလျင်တပ်နှင့်၊ မြင်းတပ်တဖြာ၊ သံချပ် ကာ၍၊ ဗိုလ်ပေါ ထပ်ထပ်၊ စက်သေနတ်နှင့်၊ ခံတပ်များစွာ၊အဖြာဖြာဖြင့်၊ ကမ္ဘာစိုးမိုး၊ တန်ခိုးနိုးသို့၊ မျိုးမျိုးစီရင်၊ ဗျူဟာဆင်လျက်၊ ဘုရင်တမင်း၊ ဖြစ်တုံ လျှင်းလည်း၊ သေမင်းရာဇာ၊ သူ့တပ် လာသော်၊ အင်ပါရာရှင်၊ ကူငင်မရ၊ လက်နက်ချ၍၊ အပ်ရခန္ဓာ-အနိစ္စာ။

(၈) ငါတို့ရဲ့ အားထားရာ အမှန် ဖြစ်သော ဆရာ မိဘ ဦးလေး ဦးကြီး၊ အကိုအမ စသည်တို့သည်၊ ပျိုရာမှအို၊ အိုရာမှနာ-နာရာမှသေ၊ သေဘေးကြီးနဲ့ ကြုံ တွေ့ ရ ဦးမည်။

(၉) သေဘေးကြီးမှ ကင်းဝေးအောင် ရှောင်တိမ်း ပုန်း ကွယ်ရာ နေရာဌာနမရှိ၊ မြေထဲခနေနေ၊ ရေထဲ ငုပ်ငုပ်၊

တောအုပ်ထဲ ဝင်ဝင်၊ ကောင်းကင်သို့ သွားသွား၊ တောင်ကြား၌ ပုန်းပုန်း၊ အဆုံးတနေ့ကျတော့၊ သူငါ မကြွင်း၊ သေမင်း၏လက်တွင်းသို့ သက်ဆင်းရမည်ဟု ဘုရားရှင် ဟောတော်မူသည်။

သေမင်းလက်တွင်း၊ လွတ်ကင်းဖို့ရာ၊
ကောင်းကင်ပျံဝဲ၊ ရေထဲ သမုဒ္ဒရာ၊
မဲမှောင်တောင်ခေါင်း၊ ခိုအောင်းပုန်းပါ၊
ဘယ်လိုပြေး—လွတ်ရေးမရှာ——။

### အရွယ်သုံးပါး၌ သေဘေး မလွတ်ပုံ

(၁၀) ၁။ ကိုယ့်ထက်ကြီးသူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
၂။ ကိုယ့်ထက်ငယ်သူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
၃။ ကိုယ်နှင့်ရွယ်တူ၊ များဗိုလ်လူ၊ သေသူများလှပြီ၊
တနေ့နေ့မှာ၊ ကိုယ်လဲပါ၊ မကွာသေရမည်၊

### ရှောင်လွှဲမရ- ဤငါးဝ

(၁၁) ၁။ အိုရသည်ကို၊ မအိုလို၊ ငိုယိုတမ်းတ သင်မရ၊
၂။ နာရမည်ကို၊ မနာလို၊ ငိုယိုတမ်းတ သင်မရ၊
၃။ သေရမည်ကို၊ မသေလို၊ ငိုယိုတမ်းတ သင်မရ၊

၄။ ကုန်ရမည်ကို၊ မကုန်လို၊ ငိုယိုတမ်းတ သင်မရ၊

၅။ ပျက်ရမည်ကို၊ မပျက်လို၊ ငိုယိုတမ်းတ သင်မရ၊

ကုန်ဆုံး တတ်ငြား၊ ထိုတရား၊ ဆီးတားမရ၊ ကုန်ဆုံးကြ၊

ပျက်စီး တတ် ငြား၊ ထိုတရား၊ ဆီးတားမရ ပျက်စီးကြ၊

လူနတ်ပြဟ္မာ- ဤငါး ဖြာ- ရှောင် ခွာ မရ- တွေ့ကြုံကြ။

သံဝေဂယူရန် မှတ်သားဖွယ်တရပ်

(၁၂) မသေခင်ချစ်၊ သေလျှင်ပစ်၊ ဆိုးညစ် နာမ်ရုပ် ပါတကား။

မသေခင်လှ၊ သေလျှင်ပွ၊ ဆိုးစွ နာမ်ရုပ်ပါတကား။ မသေခင်ကောင်း၊ သေလျှင်ဖောင်း၊ မကောင်းနာမ်ရုပ် ပါတကား။

မသေခင်ဟုတ်၊ သေလျှင်ပုပ်၊ စက်ဆုပ် နာမ်ရုပ် ပါတကား။

မရဏာလက်တွင်းမှ ၃၁ ဘုံသားတို့ မလွတ်နိုင်ပုံ

(၁၃) မိုးပုံမြေလျှိုး (ရှိုး)၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခိုး မသေလို၍၊ ဤကိုယ်မှုချ၊ မနေရဘူး။ ကြီးလှတေဇာ၊ ဘုံသုံးရွာ၌၊ မဟာဝိသယံ၊ နိုင်ငံကျယ်ဝန်း၊ အာဏာပြင်းသိ၊ သေမင်းမရဏာ၊ ခံတွင်းဝသို့၊ ဆင်းရဲနည့်ပင်၌ မချွတ်တည်း။

(၁၄) မြေနိုက်ဖြစ်လာ၊ မြေရသာကို၊ နေ့ညရှာမှီး၊ စားသောက်ပြီး၍၊ မြေကြီးသြဇာ၊ ပွားစေပါလျက်၊ ယူဇနာဆင့်ဆင့်၊ ကပ်တိုင်းမြင့်အောင်၊ သေမင်းအစာ၊ ဖြစ်၍သာလျှင်၊ သတ္တဝါခပင်း၊ ကုန်မကြွင်းသည်၊ သေတွင်း-ငုတ်တုတ်ဝင်သတည်း။

ကျေးဇူးရှင်မိဘနှင့် ချစ်လှစွာသော
သားသမီး မြေး၊ မြစ်တို့ မုချကွဲကြရမည်

(၁၅) သန္ဓေကလလ၊ တည်နေစက၊ လင်နှံမယား၊ သားနှံ့သမီး၊ မြေးမြီးဥစ္စာ၊ ဆွေမျိုးညာနှင့်၊ မကွာမကွေ၊ မသေရပဲ၊ အတူမြဲ၍၊ မကွဲတစိ၊ ဘယ်မှာရှိလိမ့်။

(၁၆) တနည်း—

မခါကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊ မိုးဘေးရေဘေး၊
ပြည်ပျက် ဘေးလည်း၊ ဆယ်ရေးတရေး၊ ကယ်နိုင်
သေး၏၊ အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊ ဤဘေး
သုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိ
လည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်
ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။

ကာယကံ· ကိုယ်တွေ့ မျက်မြင် ဆင်ခြင်ရန်

မမြဲ- ဆင်းရဲ- အစိုးမရ- အသုဘ ကြိမ်ဖန် များစွာ နေ့၊ ည ပွားပါ။

မမြဲတာက· အနိစ္စ၊ ဆင်းရဲတာက- ဒုက္ခ၊ အစိုးမရတာက- အနတ္တ၊ မတင့်တယ်တာက- အသုဘ။

ဤရုပ် ဤနာမ်၊ ရှိနေလျှင် တနေ့ပျက်စီးရမှာ အမှန်ပဲ၊ ဘုရားရှင်နှင့် ရဟန္တာများပင်၊ ရှောင်မလွတ်နိုင်ကြပါလား၊ အကြိမ်ကြိမ်ပင်၊ အသုဘ ရုပ်အလောင်းကို ပြူးပြူးစေ့စေ့ မြင်အောင်ကြည့်၍ အထူးသံဝေဂထင်ပြီး တနေ့နေ့ ငါ့အလှည့် ရောက်တော့မယ်၊ ရောက်တော့မယ်၊ အမှန်မုချ ရောက်ရမယ်၊ ရောက်ရမယ်၊ ဘာဝိတာ ဗဟုလိကတာ ကြိမ်ဖန်များစွာ ရှုပွားပါ။

အမှာစကား။ ။ယနေ့ ယခု ရေးသားလျက် ပါရမီ ကူညီ လိုက်တဲ့ သေခြင်းလမ်းဆုံးဖြစ်တဲ့ ဩဝါဒကထာရပ်များကို ပြီးပြီး ပျောက်ပျောက် သဘော မထားပဲ သုံးကြိမ်ဆက် မနည်း ဖတ်ရှုပြီးလျှင် ကိုယ်ပေါ် အရောက် ကာယကံမြောက် လက်တွေ့ကျင့်သုံးခြင်း၊ နှုတ်ပေါ်အရောက် ဝစီကံမြောက် နှုတ်တွေ့ ကျင့်သုံးခြင်း၊ စိတ်ပေါ် အရောက် မနောကံမြောက် စိတ်တွေ့ကျင့်သုံးခြင်း၊ ကံသုံးလီဖြင့် နေ့စဉ်ညတိုင်း မမေ့ မပျောက်ပဲ အမှတ်တရ ကျင့်သုံးကြဖို့ အထူးပဲ သတိပေး မေတ္တာရပ်ပါသည် သူတော်ကောင်းအပေါင်းတို့။

## သတိပေး ဆုံးမစာများ

အောက်ပါ အချက်အလက်များသည် မသေမီ နှလုံးသွင်းခြင်း၊ လိုက်နာခြင်း၊ ကျင့်ကြံလုပ်ကိုင်ရမည့် အချက်များဖြစ်၍ တင်ပြလိုက်ပါကြောင်း။

၁။ မိမိရခဲ့တဲ့လူ့ဘဝကို အလဲသုံးစားအချိန်တွေနဲ့ မဖြုန်းလိုက်ပါနှင့်။

၂။ ခန္ဓာကိုယ်ဟာ မွေးကထဲက အသေဘက်သို့ ပြေးနေတယ်။

၃။ ဘယ်ဗေဒင်မှ မယုံကြနဲ့၊ ခန္ဓာက သူ့လမ်း သူ ပြေးနေတော့ မနေ့ကထက် ယနေ့ သေဖို့ တရက်နီးသွားပြီ ဆိုတာသာ ယုံလိုက်ပါ။

၄။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ ဝတ္တရားက အသေရှောင်တာ။

၅။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မည်။

၆။ အပြေး မရပ်ပဲ ခန္ဓာကိုယ် သုသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။

၇။ အသက်တမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခို လုပ်နေမယ်ဆိုယင်၊ အသေစောသွားက ကိုယ်ကျိုးနည်းလိမ့်မယ်။

၈။ သာသနာနဲ့ ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေး တရား ပေါ်တယ်။

၉။ ယခု အချိန် ဟာ အားလုံး အဘက်ဘက်မှ ကြုံရ ကျွတ်တမ်း ဝင်ရမယ့် ဘဝပဲလို့ ဆုံးဖြတ်ချက် ချပြီး အလုပ်သာ လုပ်ပါ။

၁၀။ ယခု အချိန်ကာလကလေးသည် အိုဘေး၊ နာဘေး၊ သေဘေးတွေကို တားနိုင်တဲ့ကာလ၊ ဒီ အဖိုးတန်လှတဲ့ အချိန်ကာလကလေးကို သားရေး သမီးရေး၊ စီးပွားရေးတွေနဲ့ချည်း အချိန် မကုန်လွန်ပါစေနှင့်။

၁၁။ တဏှာ(လောဘ)ခိုင်းတိုင်းလုပ်တာသည် အရှက်မရှိလို့၊ ခိုင်းတိုင်းလုပ်လို့ သေလျှင် အပါယ် လေးပါး ရောက်မယ်ဆိုတာလဲ မကြောက်။

၁၂။ အဝိဇ္ဇာ တဏှာ ကိန်းလာယင် ဟိရိ ဩတ္တပ္ပ(အရှက်၊ အကြောက်)မရှိတော့ဘူး၊ တဏှာကို အဖော်မလုပ်နဲ့၊ ဉာဏ်ကို အဖော်လုပ်ပါ။

၁၃။ အလကားနေသရွေ့၊ အအားနေသရွေ့ အမှားနေခြင်းလို့သာ မှတ်ပါ။

၁၄။ ယခု သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ ပစ္စည်း ဥစ္စာတွေနဲ့ မသိပြုံး ပြုံးနေသလောက်၊ မသိပျော် ပျော်နေသလောက် နောင် သေခါနီး အိပ်ရာညောင်စောင်းမှာ မျက်ရည် ကျရပါလိမ့်မယ်။

၁၅။ ကိုယ့်ကိုယ်ကို သနားယင် ဝိပဿနာ လုပ်ကြ။

၁၆။ ကိုယ့်ကိုယ်ကို မသနားယင် သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ကြ၊ သည်လိုဂရုစိုက်လုပ်နေယင် အချိန်အလွဲသုံးစား လုပ်တာပဲ၊ လူမိုက်အချိန်ပဲဆိုတာ မှတ်။

(ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက်တရား)

(ဦးထွန်းလှိုင်၊ မော်လမြိုင်မြို့)

## အသေ၊ သေ၊ မသေ

လောကဥ္စဆန့်ကျင်ဘက်တရားဟူသည်ထင်ရှားရှိ၏။ အမည်းရှိလျှင် အဖြူရှိရသည်။ အမှောင်ရှိလျှင် အလင်းရှိရသည်။ အနာရှိလျှင် အနာပျောက်ငြိမ်းမှုလည်း ရှိရသည်။ အပူရှိလျှင် အအေးရှိရသည်။ ဆင်းရဲရှိလျှင် ချမ်းသာလည်း ရှိရသည်။ ထိုနည်းတူ သေမှုရှိလျှင် မသေမှုလည်းမုချပင် ရှိရပေမည်။

ဤ၌ သေမှုနှင့်မသေမှုကို အခိကထားရ၍ စဉ်းစားနိုင်သည်။ သေမှုသည် မသေမှုနှင့် ဘယ်နည်းဘယ်ပုံ ခြားနားသနည်း။ ဆက်နွယ်သနည်း။ သေမှုကိုသတ်လို့ရ- မရ။ သေမှုသည်သေ-မသေ။ သေမှုကိုသဘ်နည်း ရှိ-မရှိ သေမှုကို လက်တွေ့သတ်ဘူးသူများအောင်မြင်မှု ရ-မရစသည် စသည့်ဖြင့်ဉာဏ်ပထျော့ဖြန့်နိုင်ပါသည်။ (ဝါ)"အသေ သတေသန" ပြုနိုင်ပါသည်။

အသေသံကြားရလျှင် လူတိုင်း ကျော့ချမ်းတတ်ကြသည်။ "သဗ္ဗေဘယန္တိမစ္စုနော" ဟု ကျမ်းဂန်၌ ဆိုသည်ကိုလည်း တွေးမိကြပါလိမ့်မည်။ သို့သော် ရှောင်တိမ်းမရသော လူဖြစ်စဉ်ဓမ္မတာ သဘာဝအား အရှိကို အရှိအတိုင်း မြင်သိ ထားနိုင်ခြင်းသည် လူသား ဉာဏ်နှင့် လိုက်လျော ညီထွေ ဖြစ်သော လူဆန်သော ကြံယူပွားများမှုပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

လူအကြောင်းကို လူကိုယ်တိုင် လေ့လာရခြင်းသည် အလွန် စိတ်ပါဝင်စားဖွယ်ရာ ကောင်းပါသည်။

ဗုဒ္ဓရှင်တော်မြတ်က "ဝယမ္မော သင်္ခါရာ"ဟု ညွှန်ပြတော်မူခဲ့ပါသည်။ ရုပ် နာမ် သင်္ခါရတရားတို့သည် ဝယ သဘော ကြီးစိုးသဖြင့် အပျက်မျိုးစုတို့သာ ဖြစ်ကြသည်ဟု ဆိုလိုယင်း ဖြစ်ပါသည်။

ဝယ-ပျက်သည်ဆိုရာမှာ ခဏငယ် သုံးပါး (ခဏတ္တယ) ဥပါဒ်၊ ဌီ၊ ဘင် တို့တွင် ဘင်စွန်းအပျက်ကို ညွှန်ပြခြင်းပင်ဖြစ်သည်။ ယင်းဘင်စွန်း အပျက်မျိုးတို့သည်လည်း ခဏဘင်စွန်း၊ သန္တတိဘင်စွန်း၊ သမုတိမရဏဘင်စွန်း (ဝါ) ဥပပ္ပာဒနိရောဓ ဘင်စွန်း၊ အနုပ္ပာဒနိရောဓ ဘင်စွန်း စသည်ဖြင့် ခွဲခြားနိုင်ပေသည်။ သို့သော် အဘယ်ဘင်စွန်းပင် ဖြစ်စေ 'ဝယ ဓမ္မာ'က ညွှန်းသော ပျက်မျိုး ဘင်စွန်းတို့သာ ဖြစ်ကြသည်။

ပျက်သည်ကို မြန်မာလို မမြဲ။ ပါဠိလို-အနိစ္စဟု ခေါ်သည်။ လူတယောက်ပျက်စီးသည်ကို "အနိစ္စရောက်သည်"ဟု ဆိုကြသည်။ ပုဂ္ဂိုလ်လိုက်၍ ဘုရား၊ အရိယာများ၌ ပရိနိဗ္ဗာန်ပြုသည်။ ရှင်ဘုရင်များ၌ နတ်ရွာလားသည်။ ဘုန်းတော်ကြီးများ၌ ဘဝ နတ်ထံ ပျံလွန်တော်မူသည်။ လူ၌ စုတေသည်၊ ကံကုန်သည်။ သေသည်စသည်ဖြင့် မြန်မာ့ဝေါဟာရတွင် သုံးနှုန်းကြသည်။ စင်စစ်'ဝယ ဓမ္မ' ဖြစ်သဖြင့် အနိစ္စဖြစ်ရသည်။ အနိစ္စ အချက် ကြောင့်ဒုက္ခအချက်၊ အနတ္တအချက်တို့လည်းထင်ရှား ဖော်ပြနေပေသည်။ လိုရင်းမှာ လူသည်သေသောအမျိုးအစား ပင် ဖြစ်သည်။

ရုပ်ဓာတ်ဘာဝနာမ်ဓာတ်သဘောတို့၏ ခဏမစဲဖြစ်ပေါ်ရာမှ ပျက်စီးရာသို့ ရွေ့လျော့နေမှုကို မြင်သိသော အသိဉာဏ်သည် တဆားရှုကွက်၌ အခြေခံ အံဆင့်မြင့်သော ဝိပဿနာဉာဏ်ပင်ဖြစ်သည်။ ဓာတ်သဘောတို့၏ ဖြစ်ပျက်မှု အခြင်းအရာတို့ကို တိကျမှန်ကန်စွာ သိမြင် လာသော အခါ မဖြစ်၊ မပျက်ကိုလည်း ဆန့်ကျင်ဘက်အားဖြင့် ရိပ်စားနိုင်ပါလိမ့်မည်။ (ခန္ဓာကိုယ်တွေ့ဘာရား၌ သဘာဝအနက်တို့သည်၊ အပြောခက်လှပါသည်။ ကျမ်းဂန်နှင့်ညီသော ကြောင်းကျိုး ကွင်း ဆက်တရားများ တွေ့ရှိနိုင်သည်ကို သတိပြုနိုင်ပါသည်)။

ရုပ်နာမ်တို့၏ တဖွားဖွားဖြစ်ရာမှ ကြွေပျက်- သေလျက်ကုန်ဆုံးသည်ကို မပြတ်မြင်ရခြင်းသည် မရဏာ နုဿတိပင်ဖြစ်သည်။ ရှင်-သေ နှစ်ထွေ အလောင်းကောင်တို့ ခေါင်းမထောင်နိုင်အောင် ရှုထိုး ပျက်ကျ နေသည်တို့ကို မြင်တွေ့ရှုသွားရခြင်းသည်သည်း ၎င်းကမ္မဋ္ဌာန်း အဝင် အပါပင် ဖြစ်သည်၊ တဖန်မဖြစ်မပျက် ငြိမ်းအေးမှု အာရုံဇော၌ သက်ဝင်တည်ငြိမ်ခြင်းသည် ဥပသမာ နုဿတိပင်ဖြစ်သည်။ ဖြစ် ပျက်မှုက သေမှုရှိသည်၊ မဖြစ် မပျက်မှုက သေမှု မရှိပေ။

## သေ- မသေ

ပရမတ္ထသဘာဝ၌ သေမှု မသေမှုဟူ၍ ၂-မျိုး ရှိသည်။ သေလျှင်သံသရာ လည်၏။ မသေလျှင် သံသရာ ပြတ်တော့၏။ ဤတွင်အသေ-မသေဤနှစ်ထွေ ယ်အသေကိုပင်ကြိုက်သလော

မသေကိုပင်-ကြိုက်သလော။ အသေကြိုက်လျှင် လူအန္ဓ၊ မသေ ကြိုက်လျှင် လူကလျာဏ၊ အသေလမ်း လိုက်လျှင် လူဗာလ၊ မသေလမ်း လိုက်မှ လူပဏ္ဍိတ။

အသေကိုလည်း မကြိုက်အပ်။ ခေတ္တခဏ အသေရပ်ရုံလမ်း သို့လည်း မလိုက်အပ်။ အသေ လုံးဝပြတ်ပြီး နောက်ထပ်တဖန် မသေတော့ပဲ အသေစဲကာ အမြဲချမ်းသာ နေသည် ကို သာ ကြိုက်နှစ်သက်ရပေမည်။

ရုပ်နာမ်ဟူသည် ဆင်းရဲသောသေမျိုး၊ သံသရာလည်သည့် အမျိုး။ ခန္ဓာမှလွတ်ကင်းသော နိဗ္ဗာန်တွင် သန္တိသုခ နိဗ္ဗာန ဓာတ်သည် ချမ်းသာသောမသေမျိုး။ သံသရာပြတ်ပြီး အလည် ရပ်သောအမျိုးဖြစ်သည်။

ထို့ကြောင့်အသေမပြတ်ပဲ သံသရာလည်ပတ်မှုကို မရဏာ နုဿတိ၊ ဥပသမာ နုဿတိ စသောကမ္မဋ္ဌာန်း လုပ်ရပ်ဖြင့် သေမှုကို အသေသတ်ပြီးပါက အလည်ဓာတ်ကြီး အလည် ရပ်ကာ အသေပြတ်ပြီး မသေဓာတ်ကြီးကို အပိုင် ဆိုက် ၍ ရတော့သည်။

## သေမှုငြိမ်း၍ မသေမှု အပိုင်ဆိုက်သူ

ဗုဒ္ဓရှင်တော်မြတ်က ''သင်္ချိုနောပတိဝေဒဂူ''ဟု မိန့်တော် မူသော စကားတော်ရှိ၏။ ဝေဒဂူ–ပရိနိဗ္ဗာန် ဝင်စံမည့်ရဟန္တာ ပုဂ္ဂိုလ်သည်၊ သင်္ချံ- လူပဲ နတ်ပဲ ဗြဟ္မာပဲဟု ခေါ်ဆိုခြင်းသို့။ နဥပေတိ မရောက်။

လူ့နတ်ပြဟ္မာ ပုံသဏ္ဍာန် ခန္ဓာ နိမိတ်ရှိမှုသည်သနိမိတ္တ ပရမတ် မည်၏၊

လူ့နတ်ပြဟ္မာ ပုံသဏ္ဍာန်ခန္ဓာနိမိတ်မရှိမှုသည် အနိမိတ္တ ပရမတ် မည်၏။

ခန္ဓာနိမိတ်ရှိသော သနိမိတ္တ ပရမတ်သည် ပုဂ္ဂိုလ်မဟုတ်ပေ။ သို့သော်ပုဂ္ဂိုလ်ဟုပင် ခေါ်ရပေသည်။ သမုတိနယ်၌ ခေါ်လည်း ခေါ်ကြ၏။ ခန္ဓာနိမိတ်မရှိသော အနိမိတ္တ ပရမတ်သည်လည်း ပုဂ္ဂိုလ်မဟုတ်ပေ။ သို့သော်ခန္ဓာနိမိတ်ကို ပုဂ္ဂိုလ်ခေါ်သကဲ့သို့ အနိမိတ္တပရမတ်ကိုလည်း 'ပုဂ္ဂိုလ်'ဟု ခေါ်လိုက ခေါ်နိုင်သည် ဟု ဆရာမြတ်တို့ မိန့်ကြလေသည်၊ထိုတွင် အနိမိတ္တပရမတ်သည် အနိမိတ္တခန္ဓာဒလာကမှ လွတ်မြောက်သောကြောင့် နိဿရဏ ဓာတ်ဟုအမည်ထူး ရခဲ့သည်။ ၎င်းနိဿရဏ ဓာတ်သို့ ဆိုက် ရောက် ရရှိသောပုဂ္ဂိုလ်သည်မသေသောသူပင်ဖြစ်သည်။ အသေ သတ်နည်းကို အတိအကျကျင့်သုံးခဲ့သဖြင့်၊ မသေသောဓာတ်ကို အပိုင်ရသူပင် ဖြစ်တော့၏။

ချောင်းဦး–မောင်စန္ဒာ

# မတွေ့မဓဝ သေရခြင်း

ကျွန်တော်၏ ဓမ္မမိတ်ဆွေတဦးသည် ဝါဆိုလပြည့် နေ့ထူးနေ့မြတ်ဖြစ်၍ သွားနေကျ ဘုန်းကြီး ကျောင်းသို့ ဥပုသ်ဆောက်တည်ရန်အသွား ဘတ်(စ်) ကားပေါ်တွင် မူးမေ့သွားပြီး ဆေးရုံသို့ ချက်ချင်းပို့လိုက်ရသည်။ ထိုနေ့ ညဦးပိုင်းတွင် ကွယ်လွန်သွားကြောင်း အိမ်သို့ သတင်းလာပို့သည်။ ကွယ်လွန်သူမှာ ဓမ္မကထိက ဖြစ်ပြီး၊ အကျင့်သီလ ပြည့်စုံသဖြင့် အများ၏ ကြည်ညိုလေးစားခြင်းကို ခံရသူဖြစ်သည်။ ဆေးရုံတင်သည့်နေ့က စာရေးသူမှာ ဥပုသ် ဆောက်တည်ထားသဖြင့်၊ နောက်တနေ့မှ သွားမေးမည်ဟု ဆုံးဖြတ်ထားရာ သေမင်းက လက်ဦးသွားသဖြင့် အသက်မမီခဲ့ပေ။ ထူးခြားသည့်သတင်းကို ထိုပုဂ္ဂိုလ်အား ပြုစုနေသော မြေးများနှင့် ဇနီး၏ ပြောပြချက်အရ၊ ကြည်ညိုဖွယ် ကြားသိခဲ့ရသည်။ သေဆုံးခါနီးအချိန်တွင် လှုပ်ရှားနိုင်သော လက်တဘက်ဖြင့်စိတ်ပုတီးစိပ်ဟန် လက်ချောင်း ကလေးများ လှုပ်ရှား လာပြီး၊ ခါတိုင်း စာအုပ် ကြည့်၍ ပရိတ် ရွတ်နေပုံ ကဲ့သို့ လက်ကို ပင့်မြှောက်၍ မျက်နှာဘက်သို့ ရှေးရှူထားပြီး၊ နှုတ်ကလည်း ရွတ်ဆိုနေပုံ၊ ဇနီးနှင့် မြေးတို့က ဘာကို ပြောလိုသည် ဖြစ်ကြောင်း သိလိုကြသဖြင့် မျက်နှာအနီးသို့ အပ်ပြီးနားထောင်ရာ

နူတ်မှ ရေမွှေးနံ့များ ပျံ့သင်း နေပုံနှင့် အချိန်ပိုင်း အတွင်းမှာပင် ငြိမ်သက်စွာ ကွယ်လွန် သွားကြောင်း ကြားသိခဲ့ရသည်၊ ထိုသူကား အနေကောင်းသကဲ့သို့ အသေကောင်းသူဖြစ်ကြောင်း ထင်ရှားလှပေသည်။

ကျွန်တော်၏မိခင် ပြောပြချက်အရ ၎င်း၏ဖခင် ကျွန်တော့်အဘိုး ကွယ်လွန်ပုံမှာလည်း အားကျစရာ ကောင်းလှသည်။ အဘိုးသည် ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ခံယူဆောက်တည်ပြီးနံနက်တိုင်းပင် သံဃာတော်များကို ကိုယ်တိုင် ဆွမ်းလောင်းလေ့ရှိသည်။ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးနှင့်အဖွဲ့ အောက် မြန်မာနိုင်ငံတော်သို့ ကြွချီသည့်အခါ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့အတွက် သီးသန့်ရထားတွဲ လှူခဲ့သူဖြစ်သည်။ ရတနာသုံးပါး၌ အထူး ကြည်ညို လေးစားရကား သားသမီးများကိုပင် တတ်နိုင်ပါလျက် ထိုခေတ်က နာမည်ကြီးခရစ်ယာန် သာသနာပြုကျောင်းများသို့ မထားပဲ ဗုဒ္ဓဘာသာမြန်မာစာသင် ကျောင်း၌သာ သင်ကြားစေခဲ့သည်။ ဤကဲ့သို့သာသနာတော်ကို လွန်စွာလေးစား ကြည်ညိုသူ ဖြစ်ပေရာအများ၏ ကြည်ညို လေးစားခြင်းကို ခံခဲ့ရပေသည်။

အဘိုး ကွယ်လွန်ခါနီးတွင် ကျွန်တော်၏ အမေနှင့် အမညီအစ်မ နှစ်ယောက်ကို အနားခေါ်၍ ဗောဇ္ဈင်္ဂသုတ် ရွတ်ဖတ်စေသည်။ မေမေတို့ မောင်နှမသည် ငယ်စဉ်ကပင် ပရိတ်ကြီး (၁၁)သုတ် အကုန် အလွတ်ရကြသူများ ဖြစ်သည်။ အဘိုးသည် သမီးများ ရွတ်ဖတ်သည်ကို ရိုသေစွာနာယူလျက် ခေတ္တ

အနားယူရန် တဘက်သို့ စောင်းလိုက်ပြီး နှစ်ချိုက်စွာ အိပ်ပျော်သွားသကဲ့သို့ ငြိမ်သက်လျက် ရှိသည်။ အမေတို့ညီအစ်မလည်း ဖခင်ကြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီ အထင်ဖြင့် အနားမှ ဖယ်ခဲ့ကြသည်။ ဖခင်ကြီးကား မထသောအိပ်ခြင်းဖြင့် ဘဝတပါးသို့ ပြောင်းသွားခြင်း ကိုမူ နောက်တနေ့ နံနက်တွင်မှ သိကြရတော့သည်။ မတွေ့မဝေ မပင်မပန်း သေခြင်းဆိုသည်ကား ဤကဲ့သို့ သေခြင်းမျိုးပင် ဖြစ်မည်ဟု ယူဆမိပါသည်။

ကျွန်တော်နှင့် ရင်းနှီးသော နိုင်ငံကျော် စာရေးဆရာကြီး တဦး၏ ပြောပြချက်အရ သူ၏မိခင် ကွယ်လွန် ခါနီး တွင် အနား၌ ပြုစုနေကြသော တပည့်သားချင်းကို ခေတ္တဖယ်ရှားစေရန် "ငါ့အဖို့ အရေးကြီးဆုံးအချိန် ရောက်နေပြီ၊ ဒီစစ်ပွဲကို ငါအနိုင် တိုက်ဖို့လိုတယ်၊ မင်းတို့ ခဏထွက်ပေးကြပါ" ဟု ပြောသဖြင့် အခန်းအပြင်သို့ ခေတ္တ ထွက်ပေး ကြရသည်။ မကြာမီ အခန်းတွင်းသို့ ပြန်၍ကြည့်ကြရာ လူမမာမှာ ပြုံးရွှင်သောမျက်နှာထားဖြင့် ကွယ်လွန်အနိစ္စ ရောက်နေပုံကို အံ့အားသင့်စွာ မြင်ကြရလေသည်။

ကွယ်လွန်သူမှာ တရားမပြတ် အားထုတ်သူဖြစ်ပြီး၊ သူ့ထံလာသူ အားလုံးကို တရား စကားသာ ဆွေးနွေး ကြောင်း၊ တရားထိုင်ပုံ ထိုင်နည်းကိုလည်း ကိုယ်တိုင် ပြပေးသဖြင့် တရားထိုင်ခြင်း၌ ဝါသနာထုံသူတို့ များစွာ အားကိုး အားထား

ပြုရကြောင်း၊ မကွယ်လွန်မီ အချိန်က တရား တပည့်များ၊ ဝိုင်းဝန်းပြုရလျက် ရှိပုံများကို တဆင့်စကားဖြင့် ကြည်ညို လေးစားဖွယ် ကြားသိရပေသည်။

အို– စာရှုသူ သူတော်ကောင်း၊ သင်နှင့် ကျွန်ုပ်တို့ သည်လည်း တနေ့တွင် ထိုစင်ပွဲမျိုးနှင့် မလွဲမသွေ ရင်ဆိုင်ကြ ရပေတော့မည်။ ထိုအခါ၌ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ ကဲ့သို့ မတွေမဝေ သေရခြင်းဖြင့် အောင်နိုင်သော စစ်သည် တော်များ ဖြစ်ရန် အခုကပင် ပြင်ဆင်သင့်ပေပြီ။

"အပ္ပမာဒေန သမ္ပာဒေထ" ဆိုသည့် ဘုရားစကားကို အလေးအနက် လက်ကိုင်ပြု၍ ကုသိုလ်တရား၌ မမေ့မလျော့ ပြုကျင့်ကြရန် အချိန်ကျရောက် နေပြီ။ ဒီအချိန် မနှောင်းမီ သေခြင်းတရားအတွက် ယခုကပင် ပြင်ဆင်သင့်လှပေ၏။

အနေကောင်း မှုလည်း အသေကောင်းမည်ကို သဘော ပေါက်ရန် လိုအပ်ပေသည်။ မတွေမဝေ သေရခြင်း တည်းဟူ သော အကျိုးတရားကို မြတ်စွာဘုရားရှင်သည် သီလ အကျိုး တရားများ ဖော်ပြရာ၌ လည်းကောင်း၊ မေတ္တာဘာဝနာ၏ အကျိုး တရားများ ဖော်ပြရာ၌ လည်းကောင်း ရရှိနိုင်မည့် အကျိုးတရားတခုအဖြစ် ဟောတော်မူခဲ့လေသည်။ ထို့ကြောင့် သင် သူတော်ကောင်းသည် မတွေမဝေ သေရခြင်းတည်း ဟူသော အကျိုးကို ယခုဘဝ မျက်မှောက်ပြုနိုင်ရန် ငါးပါး၊

ရှစ်ပါး၊ ဆယ်ပါး အစရှိသည့် သီလ၌ ပျော်မွေ့ နိုင်ပါစေ၊ မိမိ စောင့်ထိန်းသော သီလသိက္ခာပုဒ် များကို လေးလေး စားစား ကျင့်သုံးပြီး သီလာနုဿတိ ဖြစ်နိုင်ပါစေ၊ အခါအား လျော်စွာ မရဏာ နုဿတိကို ဆင်ခြင်ပွားများပြီး မေတ္တာ တရား လက်ကိုင် ထားနိုင်ပါစေ။ ဤတရားများနှင့် ပြည့်စုံ နေလျှင် သင် သူတော်ကောင်း အဖို့ သေခြင်း တရားကို ကြောက်စရာ မလိုပါ။ မတွေမဝေ သေရခြင်းတည်းဟူသော အကျိုးကို ကိုယ်တိုင်မျက်မှောက် ခံစားရမည် ဖြစ်၍ ကြိုတင်၍ ဝမ်းမြောက်ခြင်းပင် ဖြစ်နိုင်ကြောင်း ရေးသား ဖော်ပြအပ် ပါသည်။

ဦးသန်းထွဋ် (မဟာဝိဇ္ဇာ) ပ–သ–မ

# အသုဘ ပို့နည်း

အသုဘ ဟူသော သဒ္ဒါမှာ "မတင့်တယ် ရွံရှာဖွယ်" ဟူသော အဓိပ္ပာယ် ရပါသည်။ မှန်လှ၏။ လူ၏ ခန္ဓာကိုယ်သည် ဇီဝိတိန္ဒြေ ချုပ်ပျောက်ကြွေ၍ သေသည်မှအထက် (၂) ရက်၊ (၃)ရက်လွန်လျှင် ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ အတိသာ ဖြစ်ပါတော့၏။

အသက်ရှင်ဆဲကာလ ပေါင်းသင်း၍ နေကြရသော်လည်း သေပြီးလျှင်မူကား အတူတကွ ပေါင်းသင်း၍ မရတော့ပေ။ ဇီဝိတိန္ဒြေပျက်ပြီဖြစ်၍သေပြီးသည်မှအထက်၌ ဖူးဖူးရောင်ရောင် ဖြစ်လာသည်။ ညှီမဲ ပုပ်ပွလာတော့၏။ အရေမှာ တရွဲရွဲကျ လာ၍ အနံ့မှာခံနိုင်စရာမရှိတော့ပေ။ ထို့ကြောင့် သေလွန်ပြီး လျှင် (၅)ရက် သို့မဟုတ် အလွန်ဆုံး(၇)ရက်ထား၍ သုသာန် ထုတ် မြေမြှုပ်ကြစမြဲဖြစ်၏။

ကျွန်ုပ်တို့သည် ကြီးကြီးငယ်ငယ် ရွယ်ရွယ်မရွေး သေနေစေ လျှင် သေကြရကုန်၏။ သေလည်းသေခဲ့ပေါင်းများလှလေပြီ။ သေသူတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ပေါင်းလည်း များလှ လေပြီ။ သို့သော် ကျွန်ုပ်တို့သည် သေသောသူကို နမူနာထား၍ ဘယ်နှစ်ခါများ အမြတ် ထွက်ခဲ့ပါသနည်း။

စင်စစ်မှာမူ သေသောသူကို နမူနာထား၍ တရားသံဝေဂ ပွားများခြင်းတည်းဟူသော အမြတ်တော့ မည်မျှထွက်ပြီနည်းဟု မေးလိုရင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဇာတိ ပဋိသန္ဓေ တည် လာကတည်းက တနေ့ကျလျှင် မရဏလက်တွင်းသို့ အသက်နှင်း ရမည်ဟု ကမ္ပည်းတင်ပြီးသား ဖြစ်နေသည်။ သေပြီးမှ စိုးရိမ် ပူဆွေး ငိုကြွေးနေစရာအလုပ်မဟုတ်၊ မိမိတို့က တတမ်းတတနှင့် ဟစ်အော်၍ ခေါ်နေသော်လည်း သေသူကား အသက်ရှင် မလာနိုင်ပေ။ မသေမီက ချစ်ချစ်ခင်ခင် နေထိုင် စားသောက် ကြ၍ ရောဂါဖြစ်လာလျှင်ဝိုင်းဝန်းကူညီ မ,စဖို့အကြောင်းသာ ရှိပေသည်။

သေပြီးလျှင်ကား စွန့်ပစ်ရမည် မှချောင်။ သို့သော် ကျွန်ုပ် တို့သည် ဆွေမျိုးသားချင်းတယောက် အသက်ခန္ဓာ ဆုံး၍ အရှုံးနှင့်ရင်ဆိုင်ကြရငြားသော်လည်း ထိုအရှုံးထဲမှ အမြတ်ကို ထုတ်ယူရပေမည်။ မည်သို့အမြတ်ထွက်အောင် လုပ်မည်နည်း'။ သေပြီးသည့်အချိန်ကာလမှ စ၍ ဆိုင်းအတွက်၊ လောက်စပီကာ အတွက် ငွေကုန်ကြေးကျ ခံရန် မလိုပေ။ရဟန်းသံဃာတော်ကို ပင့်၍ သရဏဂုံတင်ပါ။ (အချို့သော ပုဂ္ဂိုလ်တို့၏ အယူမှာ သရဏဂုံတင်ခြင်းမှာ သေသောသူအတွက် ဖြစ်သည်ဟု အယူ ရှိကြသည်။ သို့သော်သရဏဂုံဆိုသည်မှာ ရှတ်ဆိုသော သူမှသာ သရဏဂုံ တည်နိုင်ကြောင်း သတိချပ်စေလို၏။)

သေသူကိုရည်မှန်း၍ မိမိခန္ဓာကိုယ်ကို သရဏဂုံ တင်ရခြင်း အမြတ်တပါး၊ ရဟန်း သံဃာ မတော် များ မဟာ ကြား

သော တရားတော်ကို နာကြား ရခြင်း အမြတ် တပါး၊ သေသူကိုရည်မှန်း၍ လှူဒါန်းရခြင်းအမြတ် တပါး၊ ခန္ဓာကိုယ်ကြီးကို ငါ, သူ, လူ ပြုဘ်အောင် တခုစီ ဖြုတ်သော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်း ရွတ်ပွားခြင်း အမြတ် တပါး၊ ဤကဲ့သို့ သေတိုင်း သေတိုင်း သေသူကို ကြည့်ကာ သံဝေဂ တရားရလျက် ကမ္မဋ္ဌာန်းတရားပွားလျှင် အရှုံးထဲမှ အမြတ် ရရှိခြင်းပင် ဖြစ်တော့၏။

အသုဘပို့ရာတွင် နည်းစံနစ် ကျသော ဂိုဏ်း တဂိုဏ်းကို တွေ့ဘူး၏။ ထိုဂိုဏ်းကား သေလေပြီးသော အလောင်းကို (၃)ရက်ထားရသည်။ သေပြီး ပြီးချင်း ချလိုလျှင်လည်း ချနိုင်သည်။ ရက်အလွန်ဆုံး (၅)ရက်သာ ထားရသည်။ ရက်စေ့၍ အသုဘကို သုသာန်သို့ ပို့မည်ဆိုလျှင် အလောင်းကို ထမ်းသည် နှင့် တပြိုင်နက် အားလုံးသော ဂိုဏ်းသူ ဂိုဏ်းသားများက—

ဣမသ္မိံ ကာယေ- ဤရုပကာယ ခန္ဓာကိုယ်အကောင်ပုပ်၌။ ကေသာ- ဆံပင်၊ လောမာ- မွေးညှင်း။ နခါ- ခြေသည်း၊ လက်သည်း။ ဒန္တာ-သွား။ တစော- အရေထူ၊ အရေပါး- စသောဒွတ္တိံသာကာရခေါ် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ တရားကို ရွတ်ပွားလျက် တရားသံဝေဂယူကာ အသုဘပို့ဆောင်ကြသည်။ သုသာန်သို့ရောက်လျှင် ကြည့်လိုသော သူများ ကြည့်နိုင်ရန်၊ သံဝေဂ ယူလိုသောသူများ သံဝေဂယူနိုင်ရန် ခေါင်းကို ဖွင့်လိုက်သည်။

ထို့နောက် သံဃာတော် အရှင်မြတ်များက အသုဘ၏ ဦးခေါင်းဘက်မှနေလျက် သရဏဂုံတင်ပြီး ရေစက်ချသည်။ ပြီးမှ တဖန်တရားသံဝေဂဂါထာနှင့်သံဝေဂလင်္ကာကိုရွတ် ဖတ်သည်။ ထိုသို့သံဝေဂရရန် ဂါထာ၊ လင်္ကာတို့ကိုရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ "ဣမသ္မိံ ကာယေ ဣမေ ကေသာ နာမ အနိစ္စာ ခယ ဌေနှ၊ ဒုက္ခာဘယ ဌေနှ၊ အနတ္တာ အသာရကဌေနှ" စသောအားဖြင့် သုံးဆယ့် နှစ်ကောဋ္ဌာသ တိုင်အောင် ဝိပဿနာ လုပ်ငန်း ရွတ်ပွားပြီး အသုဘ အလောင်းကောင်ကို မီးလောင်စင်သို့ တင်လေသည်။

အို–စာရှုသူ ဓမ္မမိတ်ဆွေ– သင်ဟော အသုဘကို မည်သို့ ပို့မည်နည်း။ ငိုတဲ့သူကငိုပြီး ဆိုင်းတီးတဲ့လူကတီးလို့ သည်လို အကျိုး မပြီး အချည်းနှီး အသုဘပို့မလား၊ ဒါမှမဟုတ် တရားသံဝေဂရအောင် ကမ္မဋ္ဌာန်းစီးဖြန်းပြီးတော့အသုဘပို့နည်းကိုပဲ ပို့မလား၊ သင်စဉ်းစားပါ ဓမ္မမိတ်ဆွေ။ ဘာပဲ ဖြစ်ဖြစ်လေ လူသေဆုံးလို့ အရှုံးနဲ့ရင်ဆိုင်ရပေမယ့် အရှုံးထဲက အမြတ်ရအောင်တော့ ယူစေချင်တာပဲ ဓမ္မမိတ်ဆွေ။

(လေးအိမ်စုံ–အရှင်ပဏ္ဍိတာ လင်္ကာရ)

## အတုယူဖွယ်ရာ တောကျေးရွာ အသုဘရှုတခု

အောက်မြန်မာနိုင်ငံတောကျေးရွာများ၌ အများအားဖြင့် လူတယောက် ကွယ်လွန်အနိစ္စရောက်လျှင် (၅)ရက်၊ (၇)ရက် ထား၍ သင်္ဂြိုဟ်တတ်ကြသည်။ ရက်မလည်မချင်း အသုဘ အိမ်က ဒိုင်လုပ်၍ လူကြီးလူငယ် ဝါသနာပါသူတွေစုပေါင်းပြီး ဖဲရိုက်ကစားကြသည်။ အရက်ကိုလည်း အလွန်အကျွံ သောက် ကြသည်။ ကျေးရွာ လူကြီးများကလည်း ခွင့်ပြုထားရသော သဘောရှိသည်။ အချို့ ရာ၊ ထောင် ချီပြီး ရှုံးကြသည်။ အသုဘ ရှင်များမှာတော့ ငွေ အတော်များများ အကောက် ရလိုက် ကြသည်။ ထိုငွေဖြင့်ပင် အသုဘ အသုံးစရိတ် လုပ်ကြသည်။

### ဆင်ခြင် စဉ်းစားကြဖို့

ဤကဲ့သို့ ပြုလုပ်နေခြင်းသည် ကောင်းသောအလုပ် ဟုတ် လောက်သည်၊ မဟုတ်လောက်သည်ကို ဆင်ခြင် စဉ်းစားသင့် သော ကိစ္စတခု ဖြစ်နေသည်။ လူ တဦးတယောက် ကွယ်လွန်မှု အတွက် ဖဲကစားသော သူများနှင့် အရက်သောက်သော သူ များမှာ ပစ္စက္ခသံသရာ၌ အပြစ်တွေဖြစ်နေသည်။ ပစ္စက္ခ၌ လူ့ ကိုယ်ကျင့် စာရိတ္တ ပျက်ပြားကြရသည်။ စီးပွားဥစ္စာ ဆုံးရှုံး

ကြရသည်။ သံသရာ၌လည်း ထိုအပြစ်အတွက် ဒုက္ခတွေ ပင်လယ်ဝေအောင် ခံကြရဦးမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်တွေ ပစ္စက္ခ, သံသရာ အပြစ်ရအောင် မည်သူတွေက ပြုလုပ်သနည်း။ ရှင်းလှသည်။ အသုဘရှင်များက ပြုလုပ်ရာရောက်နေသည်။ အသုဘရှင်များ ထိုကိစ္စများကို ပြုပြင်သင့်ကြသည်။

## ကျိုက်မဲကျေးရွာ ဒေါ်လှဒွန်း

ကျိုက် မဲ ကျေး ရွာ သည် သနပ်ပင် မြို့ နယ် ဖြစ် သည်။ ဒေါ်လှဒွန်းသည် အသက် (၇၇)နှစ် ရှိ၍ အညာဒေသ၊ ဤဆောင်းပါးရှင်တို့ ဇာတိဌာနေ၊ စည်သာကျေးရွာ ဇာတိ ဖြစ်သည်။ ဤ ဆောင်းပါးရှင်ကို အလွန်အကဲ ကြည်ညိုသည်။ ဆွေမျိုးလည်း တော်စပ်သည်။ မကွယ်လွန်ခင်က ပဲခူးမြို့၌နေသော ညီမ ဒေါ်လှချိုကို "ဤကိုယ်တော်ကို ငါ့ကိုယ်စား ကိုးကွယ်ရစ်" ဟု မှာကြားခဲ့သည်ဟု သိရသည်။

ဒေါ်လှဒွန်းသည် ၁၃၃၇-ခုနှစ်၊ နယုန်လဆုတ်(၇)ရက်နေ့ ကွယ်လွန်သည်။ (၁၀)ရက်နေ့ အသုဘချသည်။ (၉)ရက်နေ့ ရဟန်း ဝတ်တုန်းက တပည့်ဖြစ်သူ မောင်အောင်ခင် လာ၍ ပင့်သည်။ (၁၀)ရက်နေ့ မီးရထားစီး၍ သွားသည်။ မောင်ချစ်လှ၊ မောင်ချစ်မြတို့နှင့်အတူ မီးရထားစီးရသည်။ ထိုနေ့က မီးရထားစီးရာ အထူး မှတ်တမ်း တင်လောက်သည်။ ဘူတာတာဝ သည် မဝေးကွာလှသော်လည်း ခရီး အဆင်မပြေ၍ ရန်ကုန်ဘူတာကြီးမှာ တနေ့လုံး အချိန်ကုန်အောင် နေရသည်။

ခရီးသွားရာ၌ လုံ့လဝီရိယ အထူးလေးစားသူ ဖြစ်သည့်အားလျော်စွာ နံနက် (၆)နာရီ မိနစ်(၃၀) ဘူဘာ ရောက်သည်။ (၇)နာရီ မိနစ်(၃၀) အချိန် ပျဉ်းမနား လော် ၁ယ်မီးရထားအတွက် လက်မှတ် ရောင်းသည်။ ညနေ (၃)နာရီ မိနစ်(၃၀) အချိန်ရောက်မှ မီးရထားထွက်သည်။ ညဉ့် (၇) နာရီ မိနစ် (၃၀) အချိန်မှာ ကျိုက်မဲကျေးရွာ ရောက်သည်။ အမှန်ရောက်သင့်သောအချိန်ကား နံနက် (၁၀)နာရီ၊ (၁၁) နာရီ အချိန်ပင် ဖြစ်သည်။ သက်ဆိုင်သူတွေ အစီအစဉ် ညံ့ဖျင်းမှုကြောင့် ခရီးသည်တွေ ဒုက္ခရောက်ကြရသည်။

## မကောင်းသော အစဉ်အလာ

ကျိုက်မဲကျေးရွာ၌ အသုဘကိစ္စကြုံလာပြီဆိုလျှင် ဖဲဒိုင်ခံ၍ မိုးလင်းသည်အထိ ဖဲပွဲကျင်းပပေးရသည်။ အရက်တိုက်ရသည်။ ဝက်သားနှဲ့ ထမင်းကျွေးရသည်။ တခါတခါ အသံချဲ့စက်ဖြင့် တရွာလုံးကြားအောင် ဖဲရိုက်သူလူငယ်များကို ဖိတ်ကြားသည်။ ဝက်သားဆိုလျှင် ရွာတွင် ဖြစ်နေသည်။ ကွယ်လွန်သူအတွက် ဝက်တွေကို ရွာထဲမှာပဲ သတ်ဖြတ်ကြသည်။ ဤ အစဉ်အလာများသည် ရင်နှင့်ဖွယ်ရာ ကောင်းလှသော အစဉ်အလာများ ဖြစ်နေသည်။ ဗုဒ္ဓ သာသနာဝင်တွေ ဖြစ်ပါလျက် ဗုဒ္ဓမြတ်စွာ မကြိုက်သော အလုပ်များကို ပြုလုပ်နေသူများ ဖြစ်ကြသည်။

## တော်လှန်သော အသုဘတခု

ဒေါ်လှဖွန်း အသုဘ၌ ဤကဲ့သို့ စည်းမျဉ်းဆွဲထားသည်။ အသုဘကိစ္စ၌ ဖဲမကစားကြရ။ အရက်မသောက်ကြရ။ ဝက်သား မကျွေးရ။ ဖဲမကစားကြရသဖြင့် (၁၀)ကျပ်ရှုံးမှု၊ (၁၀၀) ကျပ်ရှုံးမှု၊ (၁၀၀၀) ကျပ် ရှုံးမှု စသည် မဖြစ်တော့ချေ။ အခြေအနေရှိ-မရှိသော လူကြီးလူငယ် ဖဲသမားတို့၏ငွေဆုံးရှုံး မှုကို ကာကွယ်ပေးရာ ရောက်သည်။ အရက်မသောက်ရသဖြင့် ခိုက်ရန်ဒေါသ ဖြစ်မှု နည်းပါးသည်။ ပိုက်ဆံကြေးငွေ အကုန် အကျ သက်သာခွင့်ရသည်။ အကျင့်စာရိတ္တ ထူထောင်ပြီးသား ဖြစ်ရသည်။

ဝက်သားမကျွေးသဖြင့် ရှာရှိ ဝက်တွေ သက်သာခွင့် ရရှိ သည်။ ထမင်းကျွေးရာ၌ သန့်ရှင်းမှု ရှိသည်။ အသုဘရှင်များ ကုသိုလ် တိုးရသည်။ စီစဉ်ပေးသောသူများ၏ သတ္တိကို ချီးကျူး ရသည်။ မကောင်းသော အစဉ်အလာကို တော်လှန်သင့်က တော်လှန်ကြရသည်။ ဤကဲ့သို့ အစဉ်အလာဟောင်း တခုကို ဖန်တီးလိုက်ခြင်းဖြင့် ရပ်သူ ရွာသား လယ်သမား ဦးကြီး များမှာ ကုသိုလ်တွေ တိုးကြရသည်။

ဤအသုဘကို စံနမူနာယူ၍ ကောင်းသော အစဉ်အလာကို လက်ခံ ကျင့်သုံး အကောင်အထည် ဖော်နိုင်ကြလျှင် သေသူ၊ ကျန်ရစ်သူ နှစ်ဦးနှစ်ဝ အကျိုးဖြစ်ထွန်းလာနိုင်သည်။ အကျိုး

ဖြစ်ထွန်းနိုင်သော လုပ်ငန်းကို လုပ်နိုင်ကြလျှင်သာ ဗုဒ္ဓသာသနာ၀င် အမည်ခံရကျိုး နပ်ဖွယ်ရာ ရှိသည်၊ မကောင်းသော အသုံးအစွဲအလာကို ပယ်၍ ကောင်းသော အသုံး အစွဲအလာကို လုပ်ကိုင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းရေးသားလိုက်ရသည်။ ။

(ပခုက္ကူ အရှင်ကေသရ)

## ငယ်ခါမသေ အသက်ရှေ

လူသားသတ္တဝါတိုင်း ငယ်ငယ်ကမသေလို၊ အသက် ရှည်ရှည် နေလိုကြ၏။ အသက်ရှည်စေနိုင်သော အလုပ်ကို ပြုလုပ်ကြပါရဲ့လား။ ပြုလုပ်သည့်က များသည်။ ငယ်ခါမသေ အသက်ရှည်စေနိုင်သော အလုပ်ကား အခြားမဟုတ်၊ လူတိုင်း သိရှိနေပါလျက် လူတိုင်းမကျင့်နိုင်သော ငါးပါးသီလ လုံခြုံမှုပင် ဖြစ်သည်။

### ဓမ္မပါလ

တရားစောင့်ခြင်းကို ဓမ္မပါလ ဆိုသည်။ ဓမ္မပါလဆိုတာ ကျေးရွာတရွာ၏ နာမည်ဖြစ်၏။ တက္ကသိုလ်တိုင်းမှာ ပါဝင်သော ရွာတရွာဖြစ်၏။ အုပ်ချုပ်သူမှာ ဗြဟ္မဒတ္တ မင်းကြီး ဖြစ်၏။ ဓမ္မပါလအမျိုးတွေ နေသောကြောင့် ဓမ္မပါလရွာဟု ခေါ်ဝေါ်နေကြသည်။ ထိုကျေးရွာ၌ ထင်ရှားသော အမျိုးသားကား ဓမ္မပါလပုဏ္ဏား ဖြစ်၏။ သူ့မှာ သားတယောက် ထွန်းကား၏။ ဓမ္မပါလဟုပင် အမည် တွင်သည်။ ထိုခေတ်က ပညာသင်ရာဌာနမှာ တက္ကသိုလ်ပြည်ဖြစ်သည်။

## တက္ကသိုလ်ပြည်

တက္ကသိုလ်ပြည်မှာ ဒိသာပါမောက္ခ=အရပ် ရှစ်မျက်နှာ၌ ပညာကြီးသူဟု ကျော်ကြားသောဆရာကြီးသည် အတတ်ပညာ သင်ကြားပြသလျက် ရှိသည်။ မင်းညီမင်းသားမှ စပြီး အတတ် ပညာ လိုချင်သူတိုင်း တက္ကသိုလ်ဆရာကြီးထံ သွားရောက်ပြီး သင်ကြားကြရသည်။ ကာသိတိုင်း ဓမ္မပါလ ကျေးရွာသား ဓမ္မပါလ သူငယ်သည် ငွေကျပ်တထောင်ကို ဆရာပူဇော်ဖို့ ယူငင်ပြီး တက္ကသိုလ်ပြည်သို့ အတတ်ပညာသင်ဖို့ ထွက်လာသည်။

## ငါးပါးသီလ

ထိုခေတ်က ကာသိတိုင်း ဓမ္မပါလကျေးရွာမှာ လူသားတိုင်း ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းကြသည်။ ဥပုသ်နေ့တို့၌ ရှစ်ပါးသီလကို ကျင့်သုံးဆောက်တည်ကြသည်။ အလှူဒါန မပြတ်မလပ် ပြုလုပ်ကြသည်။ သူတော်ကောင်း ပီသအောင် နေထိုင်ကြသည်။ သူတို့ဒေသမှာ အသက်ရှည်ကြသည်။ ငယ်ငယ်က သေဆုံးခြင်း အလျဉ်းမရှိသော ထူးခြားချက်တရပ် ဖြစ်သည်။ ထူးထူးခြားခြား ကျင့်သုံး နေထိုင်ကြသောကြောင့် ထူးခြားသော အကျိုးကို ရရှိခြင်း ဖြစ်သည်။ အတုယူ နေထိုင်ကြလျှင် ဖြစ်နိုင်သော အထောက်အထားတခု ဖြစ်သည်။

တက္ကသိုလ်ပြည်၌ လူသားများကား ငါးပါးသီလ စောင့်ထိန်းကြဟန် မရှိချေ။ ရှစ်ပါးသီလဆိုတာ ဘယ်လိုစောင့်ထိန်းရသည်ဟူ၍ပင် နားလည် သဘောပေါက်သူ ရှားပါးနေဟန်ရှိ၏။ လူမှု တမ်းမှုဆိုသည်ကိုလည်း သဘာဝကျအောင်၊ ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်အောင် လုပ်တတ်သူ နည်းပါးလောက်ပါ၏။ သာကီတမ်းမစေ့ပဲ ငယ်ရွယ်သူတွေ ကွယ်လွန် အနိစ္စရောက်နေခြင်းက ထိုဒေသ သဘောကို မီးမောင်း ထိုးပြသကဲ့သို့ ရှိသည်။

## တက္ကသိုလ် ပညာသင်

တက္ကသိုလ် ဒိသာပါမောက္ခ ဆရာကြီးထံမှာ ဓမ္မပါလလုငယ်အပါအဝင် ပညာသင် တပည့်ပေါင်း ၅၀၀ ရှိသည်။ အားလုံး ညီညီညွတ်ညွတ် ပညာသင်ကြားလျက် ရှိကြသည်။ ဆရာကြီးကို ရိုသေလေးစား ကြသည်၊ ချစ်ကြောက် ရိုသေမှုရှိသည်။ ဆရာကြီး၏ မိသားစုနှင့်လည်း ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံကြသည်။ မိမိအိမ်လို သဘော ထားကာ စားကြ၊ သောက်ကြ၊ ပညာသင်ကြား ကြသည်။

## ဆရာကြီး၏ သားကြီး

ထိုအရပ်ဒေသ၏ မထူးဆန်းသော ဖြစ်ရိုး ဖြစ်စဉ်အတိုင်း ဆရာကြီး၏ သားကြီးသည် ကွယ်လွန်အနိစ္စရောက်ရှာသည်။

ဆရာကြီး မိသားစုနှင့်အတူ တပည့်ငါးရာတို့ မျက်နှာမကောင်းကြပဲ စိုးရိမ်ပူဆွေးမှု သောကဖြစ်နေကြသည်။ ဆရာကြီး၏သားကြီး ဖြစ်သည်က တကြောင်း၊ ငယ်ရွယ်သူ ဖြစ်သည်ကတကြောင်း၊ လိမ္မာရေးခြားရှိ၍ ဆက်ဆံရေး ကောင်းသူဖြစ်သည်ကတကြောင်းတို့ကြောင့် အကြီးအကျယ် သောကမီးတောက်လောင်ကြသည်။သူသာန်မှာ သဂြိုဟ်သောနေ့ကဆိုလျှင် တပည့်ငါးရာ အပါအဝင် အသုဘ လိုက်ပါပို့ဆောင်သူတိုင်း မျက်ရည် မဆည်နိုင်အောင် ရှိကြသည်။

## မပူဆွေးသူတယောက်

ဓမ္မပါလ ကျေးရွာသား ဓမ္မပါလ လူငယ်တယောက်သာ ဤအသုဘ ကျင်းပရာမှာ မငိုသူ၊မပူဆွေးသူ ရှိသည်၊ အခြားသူငယ်ချင်းတွေက "မင်းဘယ့်နှယ်ကြောင့် မပူဆွေး၊ မစိုးရိမ်တာလဲ" ဟု မေးကြ၏။

"ဒီအရပ်ဒေသရဲ့ သဘောကို ငါတော့ နားကိုမလည်ဘူး" ဟု ဓမ္မပါလက ပြော၏။

"မင်းလဲအသိပဲ၊ ယခု ဆရာကြီး၏သား ငယ်ရွယ် နုပျိုသူ တယောက် သေနေတယ်။ နှမြောစရာပဲ၊ မင်း မနှမြောဘူးသား"

"ငါတော့ သဘောကို မပေါက်ဘူးဟေ့၊ တို့အရပ်၊ တို့ဒေသမှာ ငယ်ငယ်ရွယ်ရွယ် သေဆုံးတယ်ဆိုတာ ရှိကိုမရှိဘူးကွ။ ငါ့အဖို့တော့ ဒီအတွေ့အကြုံဟာ-ဒါ ပထမပဲ"

"ဟော့ ဓမ္မပါလ၊ မင်းများ ရူးနေတာလား၊တကယ်လား၊ မင်းတို့ ဒေသမှာ ငယ်ရွယ်သူ မသေဘူးဆိုတာ တကယ်လား ကွ"

"တကယ့်ကို တို့အရပ်ဒေသမှာ ငယ်ရွယ်စဉ်မသေပဲအသက် ကြီးမှသာ သေတာအမှန်ကို ပြောတာပါကွ"

အခြား တပည့်များက ဓမ္မပါလ ပြောသော စကားကို ဆရာကြီးအား ပြောပြကြသည်။ ဆရာကြီးက ဓမ္မပါလ လုလင်ကို ခေါ်၍မေးမြန်းရာ ဟုတ်မှန်တိုင်း ဝန်ခံပြောဆို သည်။

## ဆရာကြီး အကြံ

ဆရာကြီးသည် စဉ်းစား၏။ "ဓမ္မပါလ အမျိုးဟာငယ်ငယ် ရွယ်ရွယ်မသေဘူးတဲ့၊ အသက်ကြီးမှသာ သေသတဲ့၊ အဆန်းပဲ၊ မှန်–မမှန် စုံစမ်းမယ်" ဆိုပြီး တပည့်တွေကို ပညာသင်ပေးဖို့ ဓမ္မပါလအား လွှဲအပ်ခဲ့ပြီး ဆိတ်ရိုးတွေကို ယူဆောင်၍ဓမ္မပါလ ကျေးရွာသို့ ငယ်ရွယ်သူတွေ မသေသောဆေးနည်း အရှာ စနည်းနာ ထွက်လာခဲ့သည်။

## သင်တိုသား သေပြီ

ဆရာကြီးသည် လွယ်အိတ်မှာ ဆိတ်ရိုးတို့ကို ထည့်လျက် နောက်ပါတပည့်တယောက်ဖြင့် ဓမ္မပါလကျေးရွာသို့ရောက်၏။

ဓမ္မပါလပုဏ္ဏားကြီးက သူ့သားဆရာကြီးမှန်းသိ၍ ရိုသေစွာ ညွှတ်ခံပြုစုသည်။ အိမ်သို့ရောက်၍ အနည်းငယ် ကြာသောအခါ ဆရာကြီးက ပြောပြသည်။ "မိတ်ဆွေ၊ မိတ်ဆွေရဲ့သား ဓမ္မပါလဟာဖြင့် သဘောပြည့်ဝလှပါ၏။ အတတ်ပညာများလဲ ထူးချွန်တတ်မြောက်ပါ၏။ လူချစ်လူခင်လဲများ၏။ ယခုသင်၏ သား ဓမ္မပါလသေရှာပြီ။ ဤအရိုးဟာဖြင့်သင့်ရဲ့သားဓမ္မပါလရဲ့ အရိုးပဲ" ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

ဓမ္မပါလပုဏ္ဏားကြီးက ဟက်ဟက်ပက်ပက်အသံထွက်အောင် ရယ်၏။ "ဆရာကြီး ကျွန်တော်ကိုမညာပါနဲ့၊ ကျွန်တော့်တို့ သား မသေပါဘူး။ အရိုးဟာလဲဆိတ်ရိုး၊ ခွေးရိုး တခုခု ဖြစ် မှာပဲ။ ကျွန်တော်တို့တမျိုးလုံး ငယ်ရွယ်သူများ သေရိုးထုံးစံ မရှိပါ။ ဆရာကြီးမုသာဝါဒကို ထိုက်နေပါမယ်"ဟု ဓမ္မပါလ ပုဏ္ဏားက ပြောလိုက်သည်။

## ငယ်သူ ဘာကြောင့်မသေ

ဆရာကြီးသည် ဓမ္မပါလပုဏ္ဏား၏စကားကိုကြား၍ အံ့အား သင့်နေသည်။ သူသိချင်သောအကြောင်းကို ဤသို့ မေးသည်။ "မိတ်ဆွေဓမ္မပါလ၊ အသင်တို့အမျိုးမှာ ဘယ်အတွက်ကြောင့် ငယ်ရွယ်သူတွေ မသေတာလဲ၊ကျွန်တော်အား ပြောပြစမ်းပါ။ ငယ်ရွယ်သူတွေ မသေနိုင်သော အကျင့်ကို ကျွန်တော် သိရှိ မှတ်သားလိုပါတယ်"ဟု ဆရာကြီးက တိုက်တွန်း ပြောကြား သည်။

## ယဉ်သူ မသေသောအကျင့်

“ဆရာ၊ ကျွန်တော်တို့ဟာ ဒါန၊ သီလစသော ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ကျင့်ကြပါတယ်။ မဟုတ် မမှန်သော စကားကို မပြောကြားကြပါ။ မကောင်းသော အလုပ်ကို ရှောင်ကြဉ်ကြပါတယ်။ လူယုတ်မာတို့၏အလုပ်ကို တသက်လုံး ရှောင်ကြဉ်ပါတယ်။ ထို့ကြောင့် ငယ်ရွယ် သူ တွေ မသေခြင်းပါ။

“သူတော်မဟုတ်သူယုတ်မာတို့၏ မကောင်းသောတရားဆိုးကိုလည်းကောင်း၊ သူတော်ကောင်းတို့၏တရားကောင်း တရားမှန်ကိုလည်းကောင်း နာကြား မှတ်သားကြပါတယ်။ ထိုသို့ နာကြားသော်လဲ မကောင်းသောတရားဆိုးများကို မနှစ်သက်ကြပါ။ သူယုတ်မာတို့ကို စွန့်ပယ်၍ သူတော်ကောင်းတို့ကို ဆည်းကပ်ကြပါတယ်၊ ဒါလဲအကြောင်း းတခုပါ။

“အလှူဒါန ပြုလုပ်ရာမှာ မလှူခင်လဲ ဝမ်း မြောက် ကြပါတယ်။ လှူဆဲမှာလဲ ဝမ်းမြောက်ကြပါတယ်။ လှူပြီးတော့လဲ နောင်တပူပန်မှု မရှိကြပါ။ စေတနာသုံးတန် ပြတ်ပြီး လှူဒါန်းလေ့ရှိကြပါတယ်၊ ဒါလဲ တခုသောအကြောင်းပါပဲ။

“ကိလေသာငြိမ်းပြီးသော ပစ္စေကဗုဒ္ဓါ အရှင် မြတ်တို့ကိုလည်းကောင်း၊ မကောင်းမှုကို စွန့် ခွာ ပြီး သော အရိယာသူတော်စင် တို့ကို လည်း ကောင်း၊ ခရီးသွား ဧည့်သည်တို့ကိုလည်းကောင်း၊ သီချင်းဆို၍ တောင်းခံသူတို့ကိုလည်းကောင်း၊ ရိုးရိုးတောင်းခံသူတို့ကိုလည်းကောင်း၊ ဆင်းရဲနွမ်းပါး သူတို့ကို

လည်းကောင်း ထမင်းအဖျော်တို့ဖြင့် ရောင့်ရဲစေကြပါတယ်။ ဒါလဲ တခုသော အကြောင်းရင်းပါပဲ။

"အမျိုးသားများက အမျိုးသမီးများကို ဖောက်ဖောက်ပြားပြား မကျင့်ကြပါ။ အမျိုးသမီးများကလဲ အမျိုးသားများကို ဖောက်ဖောက် ပြားပြား လော်လီ မကျင့်ကြပါ။ သူ့လင်၊ သူ့မယား ပယ်ရှောင်ရှား၍ မြတ်သောအကျင့်ကိုသာ ကျင့်ကြပါတယ်။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်းဟာလဲ အကြောင်းရပ်တခုပါပဲ" ဤသို့ပြောကြား၏။

ဆရာကြီးသည် ငါ၏လာခြင်းသည် အကျိုးရှိပါ၏။ တန်ပိုးဖြတ်၍ မရနိုင်သောအကျိုးကို ရ၏ဟု ငမ်းမြောက် ဝမ်းသာပြောဆိုပြီး ဓမ္မပါလ သူငယ်ကျန်းမာကြောင်း၊ မသေကြောင်းကို ပြောပြသည်။ စုံစမ်း စနည်းနာ လာကြောင်းကိုလဲ ပြောပြသည်။ ငါးပါးသီလကိုလဲ မှတ်သား ရေးကူး သွားသည်။ ဤအတိုင်းကျင့်ကြသည်။ သာယာသော တက္ကသိုလ်ပြည် ဖြစ်လာသည်။

ဓမ္မပါလကျေးရွာကဲ့သို့ ကျင့်ကြံအားထုတ် နေထိုင်ကြလျှင် ငယ်ရွယ်သူတွေ မသေရုံမျှ မက ကပ်သုံးပါး လွတ်ကင်း၍ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေ တက်နေလို့ တိုးတက်ပြီး မိုးမှန်လေမှန် ဆန်စပါး ပေါများ လာနိုင်ကြောင်းကို ရေးသားလိုက်ရပါသတည်း။

(ပခုက္ကူ–အရှင်ကေသရ)

## စဉ်းစဉ်းစားစားနှင့်
## အကြိမ်ကလေးတော်တော်များအောင်ဖတ်ကြပါ

(၁) ငါမှတပါး— တခြားသူတွေ သေကြ လေကုန်ပြီ။ ထို့အတူပဲ ငါလဲ သေရမှာပါတကား။

(၂) သေရမည့်နေ့ရက် အချိန်းအချက် မရှိပါတကား။

(၃) မကြာမီပင် သေမင်းငင်တော့ မှာပါတကား။

(၄) သေရမည့် အခကြောင်းတရားကား အထောင်မကမျှားပြားလှပါ တကား။

(၅) ကြောင်တထောင် တို့၏ အလယ် ကြွက် သူငယ် တကောင်လို ခိုကိုးရာမရ မုချသေရမှာပါတကား။

(၆) ထွက်ပေါ်လာသော နေမင်းသည် ရပ်နားခြင်းမရှိ၊ ဝင်ရမည့်စခန်းသို့ တန်းလန်းကြီး သွားနေရသလို၊ ထို့အတူပဲ သေရမည့် လမ်းသို့ တန်းလန်းကြီး သွားနေရသော ငါသည် မကြာမီပင် သေပွဲဝင်ရမှာပါ တကား။

(၇) မိဘ - ဆွေမျိုး - ဒီအိုးဒီအိမ်၊ ဒီစည်းစိမ်နှင့် ဂုဏ်သိန် ထင်ရှား ဤဟာများကား သေရာမပါ ဗလာ ချည်းနှီး တကိုယ်တည်းသာ သေရမှာပါတကား။

(၈) ဒီရုပ်– ဒီနာမ်–ဒီသဏ္ဌာန်နှင့် နိုင်ငံအများ၊ မြို့ရွာ များပါ၊ ရတနာရွှေငွေ ထွေထွေလာလာ ကိုယ့် ဥစ္စာဟု စုကြ–ဆောင်းကြ စွဲလမ်းကြလည်း သေရာ မပါ ဗလာချည်းနှီး တကိုယ်တည်းသာ ကျင်လည် ကြရမှာပါ တကား။

(၉) ပါရမီမျိုး ကုသိုလ်တိုးဖို့ ကြိုးကြိုးစားစား မအား နေ့ည ရင်ဝလုံကြီး စူးသောနည်းသို့ ဖြည့်ဆည်း ကြမှ ဘဝ သံသ ရာ ချမ်း သာ လေ ကြောင်း၊ တကြောင်းထိုမှ ဒုက္ခလုံးစုံ ကုန်ရာအမှန် မြတ်နိဗ္ဗာန် သို့ ကောန်မျက်မှောက်ရောက်နိုင်ကြရမှာပါတကား။

၁၃၃၅ခု၊ နယုန်လဆန်း (၁၃)ရက်
[၈–၆–၆၈]

မြဟ္မစိုရ် ရွှေ့ထားလျက်
ဦးအာဒိစ္စ– ဦးစီးနာယက ဆရာတော်
သိမ်တော်ကျောင်းတိုက်၊ ကလောမြို့
ရှမ်းပြည်တောင်ပိုင်း။




၂၆၊ ၅၊ ၇၄ နေ့ထုတ် ကြေးမုံသတင်းစာ

# နိဂုံး

စာဖတ် ပရိသတ်များအား တင်ပြခဲ့ပြီးသော အခန်းပေါင်း (၁၈)ခန်းတွင်၊ သေခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ၊ အို–နာ–သေရေး၊ သေခြင်းအမျိုးမျိုး၊ အသေတတ်နည်း နိဿရည်းများ၊ မသေခင် ပြုပြင် လုပ်ကိုင် နေထိုင်သွားရန် နည်းအထွေထွေ။ မရဏာနုဿတိ ပွားပုံပွားနည်းနှင့် အကျိုးကျေးဇူးများ၊ သေရာ ညောင်စောင်း လဲလျောင်းသည့်အခါ အရေးကြီးပုံ၊ မည်ကဲ့သို့ နှလုံးသွင်းရပုံ၊ သတိပြုရပုံ အဖုံဖုံ။ သေမင်းကို မည်ကဲ့သို့သော နည်းဖြင့်၊ အနိုင်ယူရမည့်အကြောင်း၊ သေခြင်းတရားနှင့် ပတ်သက်၍ ဗဟုသုတရဖွယ်ရာ အဖြာဖြာသော ပညာရှင်အပေါင်းတို့၏ ဆောင်းပါးများပါရှိ သွားပေပြီ။

ထိုစာတွေကို ဖတ်ရှုရခြင်း အားဖြင့် ရှင်တော် ဘုရား မှာကြားတော် မူခဲ့သည့် "မရဏာနုဿတိ" ကို ပွားများပြီး ဖြစ်ပေရကား၊ အခေါက်ပေါင်းများစွာ ဖတ်ရှုလေ အကျိုး ကျေးဇူးများလေပင် ဖြစ်ပါသည်။

သို့ဖြစ်ရကား နိဒါန်းတွင် ဖော်ပြခဲ့သော ဆရာဦးသုခ၊ ဆရာတက်တိုး၊ ဖရန်ဆစ်(စ)ဗေးကွန်းတို့၏ "စာအုပ်ဖတ်နည်း" အတိုင်း ဖတ်ကြား မှတ်သားကြပြီး အကျိုး ကြီးလှသော ဝိပဿနာ အလုပ်ကို အပတ်တကုတ် ကြိုးစားအားထုတ်တော် မူကြရန် တိုက်တွန်းလိုက်ပါကြောင်း။

## မြတ်ဘုရား၏ နောက်ဆုံး အမှာစကား

ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တ၊ ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော် မူသော သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေနေယျ သတ္တဝါ အပေါင်းတို့အပေါ် ကြီးမားတော်မူသော မဟာ ကရုဏာဖြင့် လေးဆယ့်ငါးဝါပတ်လုံး တရားရေအေး အမြိုက် ဆေးကို တိုက်ကျွေးတော်မူပြီးလျှင်၊ နောက်ဆုံး အမှာစကား မိန့်ကြား တော်မူချက်ကို ဓမ္မမိတ်ဆွေ အားလုံးတို့အား နိဂုံး အသွင် အောက်တွင်ဖော်ပြ လိုက်ပါဦးအံ့။

ထို အရေးပါ အရာရောက်သော အဆုံးအမ ဩဝါဒကို ဆရာကြီး ဦးမြင့်သိန်း၏ ထပ်ကွန့် မှာကြားချက်နှင့် အညီ

မမေ့မလျော့ မပေါ့ကြပဲ သတိတရားရှေ့ထားပြီး မွန်နှဲမနှား ဝိပဿနာ အလုပ်တရားများကို ကြိုးစား အားထုတ်နိုင်ကြပါစေဟု ထပ်လောင်းကာ တိုက်တွန်းလိုက်ပေါကြောင်း။

## ပစ္ဆိမ ဗုဒ္ဓဒေသနာ

အရှည်တွင် သံသရာ၊ အချည်ကတော့ တဏှာ၊ သံသရာ ဘိုအောင်ဖြတ်၊ တဏှာ သေအောင်သတ်။

တောင်တွင်လည်း မြင်းမိုရ်၊ မြင်းတွင်လည်း အဿထိုရ်၊ ဂုဏ်ရှိရာဆိုခဲ့မည်။ မြင်းမိုရ်ကို ပုံပြု၊ ကုသိုလ် များအောင်စု၊ ကောင်းမှု များအောင် ကြံ၊ သတ္တဝါ ကောင်း-မကောင်း၊ အကြောင်းကသာစီမံတော့သည်။ 'ကံသာလျှင် အမိ၊ ကံသာလျှင် အဘ' ဆိုတာက လောကစကား။ 'ဉာဏ်သာလျှင် အမိ၊ ဉာဏ်သာလျှင် အဘ' ဆိုတာက ဂေါတမ မြတ်စွာဘုရားရဲ့ တရား။ ဟောပြလို့ထားတာက—

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ—အစစ်ပါးနပ်တဲ့ ချစ်သားမြတ်တို့။ ဒါနိဣဒါနိ—ယခုအခါကာလ၌။ ဟန္ဒ—သက်တော်ရှစ်ဆယ်၊ ဝါလေးဆယ့်

ငါး၊ မရပ်မနားပဲ၊တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ရသဖြင့် ခန္ဓာတော်ရိန္တမ်းပြီး ငါကိုယ်တော်မြတ် ပင်ပန်းခဲ့လှလေပြီ။

(၀၇) ကုဿိန္နာရုံ ပင်မျိုးစုံသည့် ရဂုံသာမော အင်ကြင်းတော၌၊ မြောက်သို့ဦးခေါင်းမြို့တော လျောင်း၍ ထေရ်သံဃာ အပေါင်း ခြံရံ နန်းနိဗ္ဗာန်သို့ စင်စံမည့်ဆဲဆဲ ချိန်ခါထဲ၌။ ဝေါ—ရင်သွေးရတနာ သားသက်လျာကို။အာမန္တယာမိ-သတိတရား အသိမမှားရအောင် ထင်ထင်ရှားရှားကြီး မိန့်ကြားသိစေတော်မူခဲ့အံ့။

သင်္ခါရာ—အစဥ်ထာဝရ ဘင်မှာကျတော့ ခင်စရာမရနိုင်တဲ့ ဟောဒီ ဖြစ်,ပျက်ဆိုတဲ့ ဓမ္မာရုံအဘိသင်္ခါရတို့သည်။ ဝယဓမ္မာ—လှစ်ခနဲ့-လှစ်ခနဲ့ လှစ်ခနဲ့-လှစ်ခနဲ့ အဖြစ်ကလဲမစဲ၊ အပျက်ကလဲ မစဲနိုင်ပဲ ထိတ်စရာတမျှ အဝိဇ္ဇာ စတာကြောင့် ဟော-စိတ်သာ ချပေတော့ အနိစ္စာဝတတို့ပါတကား၊ ဒုက္ခာဝတတို့ပါတကား၊ အနတ္တာဝတ တို့ပါ တကား။

အပ္ပမာဒေန—မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် မနေခြင်းဖြင့်။ သမ္ပာဒေထ—ပြည့်စုံရစ်ကြပါကုန်လော့။

အပ္ပမာဒေန—မြင်ရာမှာလဲ မမေ့နဲ့၊ ကြားရာမှာလဲ မမေ့နဲ့၊ နံရာမှာလဲ မမေ့နဲ့၊ စားရာမှာလဲ မမေ့နဲ့၊ ထိရာ၊ တွေ့ရာ၊သိရာ

တို့မှာလဲ မမေ့လိုက်ကြပါနဲ့၊ မေ့တတ်တဲ့ ငါ့ဝါသနာကို တနေ့ မကြာမကြာ အမြဲသတိ ထုံရစ်ကြပေတော့၊ အောင်...တကာတဲ့ ပြည့်စုံရစ်ကြပါကုန်လော။

(ဆရာကြီး ဦးမြင့်သိန်း)

ရှစ်လုံးဘွဲ့ကဗျာ

နောက်ဆုံးစကား မှာကြားပါမည်၊
သင်္ခါရများ ပျက်ပြားမတည်၊
သတိစွဲလို့ ခိုင်မြဲတည်ကြည်၊
ပြည့်စုံကြ ဗုဒ္ဓမိန့်မှာသည်။

# ကန်တော့ပန်း

ရတနာသုံးပါး၊ ကျေးဇူးအားဖြင့် ဆပ်ငြား၍ မကုန်နိုင်သော မိဘနှစ်ပါးနှင့် ဤစာအုပ်တွင်ပါဝင်သော ဆောင်းပါးရှင်များအပြင် အနန္တဂိုဏ်းဝင် ဆရာသခင်အရှင်သူမြတ်တို့အား ဤ စာအုပ်ဖြင့် ရှိခိုးကော်ရော် ပူဇော် ကန်တော့အပ်ပါသတည်း။

# ဆုတောင်း

သံဃာတော် အရှင်သူမြတ်များနှင့် ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်း သူမြတ်လောင်းတို့အား အသေ တတ်ကာ ကောင်းရာသုဂတိ လားကြရုံမက၊ နိဗ္ဗာန သုခကို ရကြပါစေ ဟူသော စိတ်ဓာတ်ဖြင့် ဤ "အသေတတ်နည်း၊ နိဿရည်း" ကို ရေးသားရသော ကုသိုလ်ကံ အဟုန်ကြောင့် ယခုဘဝ အဖျင်းဆုံး တမဂ်တဖိုလ်ရပြီး၊ သက်တောင့်သက်သာနှင့် ဇီဝိန် ချုပ်ကာ ဆောလျင်စွာ နိဗ္ဗာန်သို့ မျက်မှောက် ပြုရပါစေ သတည်း။

မင်္ဂလာ ဦးသိန်းမောင

အငြိမ်းစား စက်ရှင်တရားသူကြီး

(၁၁) လက်ပံလမ်း၊ ငမ်းချောင်းရပ်

ရန်ကုန်မြို့။

၁၃၄၀ ခု၊

သီတင်းကျွတ်လကွယ်နေ့။

(၃၀-၁၀-၇၈)

# အသေတတ်နည်း

## နိဿရည်း



အဘယမုဒြာ
ဗုဒ္ဓ၏မစိုးရိမ်
မကြောက်ရွံ့ရန်
မိန့်ကြားတော်မူဟန်

မင်္ဂလာ-ဦးသိန်းမောင်
အငြိမ်းစားစက်ရှင်တရားသူကြီး
ပြုစုသည်